# JOURNAL OF THE MYANMAR ACADEMY OF ARTS AND SCIENCE

## Myanmar (Language)

Vol. XVI, No.6B, December 2018

Myanmar Academy of Arts and Science

## Journal of the Myanmar Academy of Arts and Science

## Vol. XVI, No.6B

## Contents

## Myanmar (Language)


| Sr. No. | Title | Page |
| --- | --- | --- |
| 1 | **စိုးစိုးနိုင်**, *ခရမ်းနွားလှည်းနှင့် လှည်းလုပ်ငန်းဆိုင်ရာ ဥပစာအသုံးများ | 1 |
| 2 | **ညိမ်းညိမ်း**, ပုဂံခေတ်ဦး ဗုဒ္ဓဝင် မွန်မင်စာများ လေ့လာချက် | 27 |
| 3 | **ဒေါက်တာမောင်မောင်ဆွေ**, ပျူစာအရေးအသားများတွင် တွေ့ရသော ဗျည်းယှဉ်သရ "အုအူ" အရေးအသားများ လေ့လာချက် | 57 |
| 4 | **စန္ဒာဝင်း**, ဘုရားနီဘုရားခေါင်းလောင်း (၃)လုံးမှ ခေါင်းလောင်းစာရေးဟန် | 81 |
| 5 | **အေးမိအောင်**, မြန်မာ့လူမှုနယ်ပယ်အတွင်းရှိ အလေးထား ညွှန်းဆိုမှု ပုံစံများ | 107 |
| 6 | **ခင်စန္ဒာတိုး**, နောင်ချိုဒေသရှိ ဓနုဒေသိယစကားမှ နေ့စဉ်သုံးစကားများ လေ့လာချက် | 125 |
| 7 | **မွန်မွန်အောင်**, မျက်မှောက်ခေတ် မြန်မာဂျာနယ်များတွင် အင်္ဂလိပ်စကားသင်္ကေတ ရောသုံးမှုကို လူမှုဘာသာဗေဒ ရှုထောင့်မှ လေ့လာချက် | 143 |
| 8 | **ဝင်းမာဦး**, ဦးပုည၏ ဝတ္ထုငါးပုဒ်ကို လူမှုဘာသာဗေဒ အမြင်ဖြင့်လေ့လာချက် | 163 |
| 9 | **မောင်မောင်ဦး**, မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယ စကားသံ | 187 |
| 10 | **တင်မျိုးဟန်**, ရှင်ပင်စာကြီးဘုရားရှိ ဝိဓုရဇာတ် မင်စာ လေ့လာချက် | 221 |
| 11 | **မိနွယ်သန်း**, ခေတ်မွန်ဘာသာစကားရှိ အပြောနှင့် အရေးတွင် စကားသံကွာခြားမှု | 245 |
| 12 | **လွင်နီနီနိုင်**, မြန်မာလူနာမည်နှင့် စကားလုံးပွားခြင်း | 265 |
| 13 | **မိုးစံပယ်သင်း**, ဒိုင်းနက်လူမျိုး ဖြစ်စဉ်သမိုင်းနှင့် ဘာသာစကားမျိုးရိုး | 281 |

| Sr. No. | Title | Page |
|---|---|---|
| 14 | **ကျော်ဦးလွင်**, ပုဂံခေတ်ထိုး အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်ကမ္ဗည်းစာပေများ | 303 |
| 15 | **မိုးမိုးစံ**, မြို့ပြ ထားဝယ်ဒေသိယစကားနှင့် ကျေးလက် ထားဝယ်ဒေသိယစကား ပြောင်းလဲလာမှု | 327 |
| 16 | **သန်းသန်းအေး**, အမျိုးသားနှင့်အမျိုးသမီးဆိုင်ရာ မြန်မာ စကားပုံဆိုရိုးများ | 347 |
| 17 | **ဥမ္မာခင်**, စုမင်ဒူဂါဒေဝီမွန်ကျောက်စာလေ့လာချက် | 361 |
| 18 | **ဖြူဖြူငြိမ်းသွယ်**, အိုင်ချင်းကဗျာများတွင် ထင်ဟပ် နေသော ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်း ဆိုင်ရာဝေါဟာရများ | 393 |
| 19 | **ရွှေရည်မြတ်မွန်**, နေဝင်းမြင့်၏ ဝတ္ထုတိုများမှ စကား အသုံးအနှုန်းဟန် | 415 |
| 20 | **ခင်မြတ်သွယ်**, ဓမ္မစကားပြေလာ ပုံစံတူအပြိုင်အဖွဲ့များ | 437 |
| 21 | **သန်းသန်းအေး**, ခေတ်ပေါ်သီချင်းများ၏ အနက် ချဲ့ထွင်မှု | 455 |

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# ခရမ်းနွားလှည်းနှင့် လှည်းလုပ်ငန်းဆိုင်ရာ ဥပစာအသုံးများ*

စိုးစိုးနိုင်

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာ့လယ်ယာသုံး နွားလှည်းတစ်မျိုး ဖြစ်သော ခရမ်းလှည်းနှင့်အတူ လှည်းလုပ်ငန်းနှင့် သက်ဆိုင်သော ဥပစာအသုံးများကို သုတေသန အင်္ဂါရပ်များနှင့်အညီ လေ့လာထားသည့် စာတမ်း ဖြစ်ပါသည်။ စာတမ်းတွင် ခရမ်းနွားလှည်းကို စတင်တီထွင်သူနှင့် ခရမ်းနွားလှည်း ဖြစ်ပေါ်လာပုံ၊ လှည်း ဟူသော စကားရင်းမြစ်တို့ကို တင်ပြထားပါသည်။ ထို့နောက် ဥပစာ၏ အဓိပ္ပာယ်နှင့် ဖွင့်ဆိုချက်များကို ဖော်ပြပြီး ခရမ်းနွားလှည်းနှင့် လှည်းလုပ်ငန်းဆိုင်ရာတွင် တွေ့ရသော ဥပစာစကားများကို မြန်မာ့အမွေအနှစ် ထိန်းသိမ်းမှုတစ်ရပ်အနေဖြင့် လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ခရမ်းနွားလှည်း၊ စကားရင်းမြစ်၊ တင်စားမှု၊ တူညီမှု ဆက်စပ်မှု၊ အနက်အဓိပ္ပာယ်၊ ဓလေ့သုံး၊ ဥပစာစကား***

## နိဒါန်း

ဤစာတမ်းသည် မြန်မာ့အမွေအနှစ်ဖြစ်သော လက်မှုပညာတစ်ရပ်နှင့်အတူ ခရမ်းနွားလှည်းဆိုင်ရာ ဝေါဟာရအသုံးများကို မပျောက်ပျက်စေရန် ဘာသာစကား ရှုထောင့်မှ သုတေသနပြုကာ စနစ်တကျ လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး စသည့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် အသုံးပြုခဲ့ကြသော မြန်မာ့နွားလှည်းတစ်မျိုး ဖြစ်သည့် ခရမ်းလှည်းနှင့် ပတ်သက်သော ပြုလုပ်ပုံ ပြုလုပ်နည်းနှင့် အတိုင်းအတာများ၊ ဥပစာ အသုံးများကို ကိုယ်တိုင်ကွင်းဆင်း လေ့လာပြီး အသစ်တွေ့ရှိမှု တစ်ရပ်အနေဖြင့် ဗဟုသုတ ဖြစ်ဖွယ် တင်ပြခြင်း ဖြစ်ပါသည်။ ဤသို့ လေ့လာခြင်းဖြင့် မြန်မာ့အမွေအနှစ် ထိန်းသိမ်းမှု၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘာသာစကားအကျိုး ဖြစ်ထွန်းမှုတို့ကို ရည်ရွယ်ပါသည်။

---

ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်

* Best Paper Award Winning Paper in Myanmar (Language) (2017)

## ၁။ **သုတေသနအင်္ဂါရပ်များ**

ဤစာတမ်းကို ပြုစုရာတွင် သုတေသနအင်္ဂါရပ်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိစေရန်အတွက် အောက်ပါ သုတေသနဆိုင်ရာ အချက်အလက်များနှင့်အညီ ပြုစုထားပါသည်။

(က) ရှေ့မှလေ့လာခဲ့ကြသူများ

(ခ) ပြုစုရခြင်း၏ ရည်ရွယ်ချက်

(ဂ) လေ့လာမှုနယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်များ

(ဃ) အချက်အလက် ကောက်ယူစုဆောင်းခြင်း

(င) သုတေသနပြုစုပုံ အဆင့်ဆင့်

(စ) သုတေသနအစီအစဉ်

## **(က) ရှေ့ကလေ့လာခဲ့ကြသူများ**

မြန်မာ့နွားလှည်းနှင့်ပတ်သက်၍ ရှေ့ကလေ့လာခဲ့ကြသူများနှင့် လေ့လာခဲ့ကြသော အချက်အလက်များကို စာတမ်းတစ်စောင်၏ အင်္ဂါရပ်နှင့်အညီ အကျဉ်းမျှ တင်ပြပါမည်။

- စိတြ။ (၁၉၉၁)။ ***မြန်မာ့လှည်း***။ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ (တတိယဆု)။ စာပေဗိမာန်၊ ရန်ကုန်။
  **လေ့လာမှု။ ။ မြန်မာ့လှည်းသမိုင်းကြောင်း၊ လှည်းတစ်စီးအကြောင်း။**
- မိုးမြေ၊ **မောင်**။ ***လယ်ယာမြေ တစ်ခေတ်ဆန်းစေမည့် တူရွင်းတောင်ဆည်လုပ်ငန်း*** (ဆောင်းပါး)၊ ရှေ့သို့စာစောင်၊ အတွဲ ၆၊ အမှတ် ၁၀။
  **လေ့လာမှု။ ။ လှည်းကို အသုံးပြုခဲ့ကြပုံ။**
- မင်းညွှန့်နှင့် ထွန်းဖေ၊ **ဦး**(ရွှေဘို)။ (၁၉၇၂)။ ***လှည်းယာဉ်ကြော့***၊ ဂုဏ်ရည်စာအုပ်တိုက်၊ ရန်ကုန်။
  **လေ့လာမှု။ ။ နွားလှည်းသမိုင်း၊ လှည်းယာဉ်အကြောင်း။**
- မြန်မာစာအဖွဲ့ဦးစီးဌာန။ (၁၉၉၂)။ မြန်မာ့လှည်း ဝေါဟာရမှတ်စု (ကွင်းဆင်းလေ့လာချက်)၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ စာပေ သုတေသန ဌာနစု။

**လေ့လာမှု။ ။ မြန်မာ့လှည်းဝေါဟာရများနှင့်ပတ်သက်ပြီး ကွင်းဆင်း လေ့လာမှုများ။**

– ယဉ်နိုင် (မြစ်ကြီးနား)။ ***လှည်း*** (ဆောင်းပါး)၊ ယဉ်ကျေးမှုစာစောင်၊ အတွဲ(၃)၊ အမှတ်(၂)။

**လေ့လာမှု။ ။ နွားလှည်းကို အသုံးပြုကြပုံ။**

မြန်မာ့လှည်းဆိုင်ရာအထောက်အထားများ၊ အချက်အလက်များကို အထက်ပါ စာအုပ်အချို့တွင် လေ့လာဖော်ပြထားသော်လည်း မြန်မာ့နွားလှည်း တစ်မျိုးဖြစ်သည့် ခရမ်းနွားလှည်းဆိုင်ရာ အထောက်အထားများနှင့် ဥပစာအသုံးများကို မည်သူတစ်ဦး တစ်ယောက်မျှ လေ့လာထားသည်ကို မတွေ့ရပါ။

## (ခ) ပြုစုရသော ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင် ယခုကာလသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းလာချိန် ဖြစ်သောကြောင့် နွားလှည်းလုပ်ငန်းနှင့်အတူ နွားလှည်းဆိုင်ရာ ဝေါဟာရတို့လည်း တဖြည်းဖြည်း မှေးမှိန်လာကြောင်း တွေ့ရပါသည်။ မြန်မာ့အမွေအနှစ်ဖြစ်သည့် လက်မှုပညာတစ်ရပ်ဖြစ်သော နွားလှည်း လုပ်ငန်းများအနက် ခရမ်းနွားလှည်းလုပ်ငန်းနှင့် ဝေါဟာရများကို မပျောက်ပျက် စေရန် သုတေသနပြု မှတ်တမ်းတင်ရန် လိုအပ်နေပါသည်။ ထိုလိုအပ်ချက်ကို အဓိက ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ရပ်အနေဖြင့် "ခရမ်းနွားလှည်းနှင့် လှည်းလုပ်ငန်းဆိုင်ရာ ဥပစာ အသုံးများ" ဟူသော သုတေသနစာတမ်းကို ပြုစုခြင်း ဖြစ်ပါသည်။

ဤသို့ လေ့လာခြင်းဖြင့် မြန်မာ့အမွေအနှစ် ထိန်းသိမ်းမှု၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာဘာသာစကား အကျိုးဖြစ်ထွန်းမှုတို့အတွက် ရည်ရွယ် ပါသည်။

## (ဂ) လေ့လာမှုနယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်များ

စာတမ်းရှင်သည် ခရမ်းမြို့ဇာတိဖြစ်ပြီး ငယ်စဉ်ကပင် ခရမ်းနွားလှည်း လုပ်ငန်းနှင့် ပတ်သက်ပြီး ရင်းနှီးခဲ့သူဖြစ်သော်လည်း နွားလှည်းနှင့်ပတ်သက်၍ သုတေသနပြုရန် ရည်ရွယ်ချက် မရှိခဲ့ပါ။ သို့ရာတွင် ၂၀၁၀ ခုနှစ် လောက်ကစပြီး ခရမ်းနွားလှည်းများကို လယ်ယာလုပ်ငန်း၌ အသုံးပြုခြင်း မရှိတော့သည့်အတွက် ခရမ်းလှည်းလုပ်ငန်းနှင့် ခရမ်းလှည်းဆိုင်ရာ ဝေါဟာရများ ပျောက်ပျက်မသွားစေရန်

သုတေသနပြုရန် လိုအပ်နေပါသည်။ ထိုလိုအပ်ချက်အရ သုတေသနစာတမ်းကို ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ယခုစာတမ်းတွင် တင်ပြထားသော ခရမ်းနွားလှည်း မှတ်တမ်းပုံမှာ ၁၉၈၅ ခုနှစ်တွင် ပန်းပဲဆရာ ဦးခင်ရွှေ (ခရမ်းလှည်းကို တီထွင်သူ ဆရာကြီးမောင်၏ တပည့်ရင်းဖြစ်ပြီး ၁၉၆၂ ခုနှစ်၊ ခရမ်းမြို့၌ ကျင်းပသော ခရမ်းလှည်းလုပ်ပြိုင်ပွဲတွင် ပထမဆု ရခဲ့သူတစ်ဦး ဖြစ်သည်။) ပြုလုပ်ထားသည့် သုံးခွမြို့နယ် ကြံကြိုတ်ကျေးရွာတွင်တွေ့ရပြီး တစ်စီးတည်းသာ ကျန်တော့သည့် နောက်ဆုံး ခရမ်းနွားလှည်း ဖြစ်သည်။ ထို့ကြောင့် ဤနွားလှည်းကို သုတေသနပြုရန် နယ်ပယ် ကန့်သတ်ခဲ့ပါသည်။

ဦးစွာ ခရမ်းနွားလှည်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးက လှည်းပန်းပဲဆရာများ ဖြစ်ကြသော ဆရာထိန်ဝင်း (၇၅ နှစ်)၊ မှတ်ပုံတင်အမှတ် (၁၂/ခရန(နိုင်) ဝ၂၄၄၃၆)၊ အမှတ်(၇)ရပ်ကွက်၊ သပြေကုန်းကျောင်းလမ်း၊ ခရမ်းမြို့၊ ဆရာခင်ရွှေ (၈ဝ နှစ်)၊ မှတ်ပုံတင်အမှတ် (၁၂/သခန(နိုင်) ဝဝ၄၇၉၁)၊ အမှတ်(၁၁၁)၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ သုံးခွမြို့၊ ဆရာအောင်ကျော် (၅၅ နှစ်)၊ မှတ်ပုံတင်အမှတ် (၁၂/သခန(နိုင်) ဝဝ၂၃၉၈)၊ အမှတ်(၃)ရပ်ကွက်၊ သုံးခွမြို့ တို့အားလည်းကောင်း၊ ခရမ်းလှည်းကို အသုံးပြုကြသော လယ်ယာ ဦးကြီးများဖြစ်သည့် ဦးမောင် (၈၇ နှစ်)၊ မှတ်ပုံတင်အမှတ် (၁၂/သခန(နိုင်) ဝဝ၁၄၆၃)၊ ကြံကြိုတ်ကျေးရွာ၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ ဦးသောင်းလှိုင် (၈ဝ နှစ်)၊ မှတ်ပုံတင်အမှတ် (၁၂/သခန(နိုင်) ဝဝ၂၄၂၈) ကြံကြိုတ်ကျေးရွာ၊ သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီးတို့အား ခရမ်းလှည်းဘီး တစ်ဘီး၏ ပြုလုပ်ပုံ အဆင့်ဆင့်၊ အခေါ်အဝေါ်နှင့် အတိုင်းအတာများကို ဆွေးနွေးမေးမြန်းခဲ့သည်။

## (ဃ) အချက်အလက်များ ကောက်ယူစုဆောင်းခြင်း

အချက်အလက်ကုန်ကြမ်းများ ရရှိရေးအတွက် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ အပါအဝင် ပဲခူး၊ သုံးခွ၊ ကျောက်တန်း၊ သံလျင်မြို့နယ်များရှိ ခရမ်းလှည်း အသုံးပြုသော ကျေးရွာများသို့ ကွင်းဆင်းလေ့လာခဲ့ပါသည်။ ဓာတ်ပုံ အထောက်အထားများအဖြစ်လည်း Mega Pixels ၁၆ . ၁ ရှိသော Sony cyber short camera ဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ ဆွေးနွေးမေးမြန်းခဲ့သော နှုတ်ပြောစကား အထောက်အထားများကို အသံသွင်းယူခဲ့သော်လည်း ပြေပြစ်ဆီလျော်မှု ရှိစေရန်၊ အချိတ်အဆက်မိစေရန် စကားပြေဖြင့် ဖော်ပြထားပါသည်။ ထို့ပြင် စာလုံးပေါင်း သတ်ပုံကျမ်း၊

အဘိဓာန်ကျမ်း စိစစ်ပြီး ဝေါဟာရများ၏ ရေးထုံး အမှန်အတိုင်း မှတ်တမ်းတင်ထား ပါသည်။

## ( င) ပြုစုပုံအဆင့်ဆင့်

ခရမ်းလှည်းပြုလုပ်ပုံနှင့် ပတ်သက်၍ လုပ်ငန်းခွင်တွင် လက်တွေ့လေ့လာ လိုသော်လည်း နွားလှည်းများကို အသုံးမပြုကြတော့သည့်အတွက် လှည်းအလုပ်ရုံ များနှင့်အတူ လှည်းလုပ်ငန်းများ ကွယ်ပျောက်နေပြီ ဖြစ်သည်။ ထို့ကြောင့် သက်ရှိထင်ရှား ကျန်ရှိနေသေးသော ခရမ်းနွားလှည်းလုပ်ငန်း ပညာရှင်အချို့ထံ သွားရောက်ပြီး ကွင်းဆင်းလေ့လာမှု၊ ဆွေးနွေးမေးမြန်းမှု၊ အသံသွင်းယူမှု၊ ဓာတ်ပုံ အထောက်အထားများရယူမှုတို့ဖြင့် ခရမ်းနွားလှည်းဆိုင်ရာ နေ့စဉ်သုံးစကား အချက် အလက်များကို စုဆောင်းခဲ့ပါသည်။ ခရမ်းနွားလှည်းနှင့် ပတ်သက်၍လည်း ဆရာ ကြီးမောင် ပြုလုပ်ခဲ့သည့် လှည်းကို ရှာဖွေသော်လည်း မတွေ့ရှိခဲ့ပါ။ ထို့ကြောင့် ဓာတ်ပုံ အထောက်အထားများနှင့်တကွ တင်ပြနိုင်ရန်အတွက် ဆရာကြီးမောင်၏ တပည့် ဆရာခင်ရွှေ ပြုလုပ်ထားသည့် သုံးခွမြို့၊ ကြုံကျိတ် ကျေးရွာရှိ နောက်ဆုံး ကျန်ရှိနေသော ခရမ်းလှည်းကိုသာ အထောက်အထားအဖြစ် အသုံးပြုခဲ့ပါသည်။ ထို့ပြင် အစိတ်အပိုင်းတစ်ခုချင်းကို အသေးစိတ် တင်ပြနိုင်ရန်အတွက် ဓာတ်ပုံ ပြုလုပ်နည်းပညာကို အသုံးပြုထားပါသည်။ ကောက်ယူထားသော စစ်တမ်းများကို လေ့လာကြည့်ရာ တင်စားသုံးစွဲကြသော ဥပစာစကားလုံး အသစ်များကို တွေ့ရှိ ရသည်။ ထိုတွေ့ရှိချက်များကို စာတမ်းတစ်စောင်အဖြစ် အားထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။

## (စ) သုတေသနအစီအစဉ်

မြန်မာ့လယ်ယာသုံး နွားလှည်းတစ်မျိုးဖြစ်သော ခရမ်းလှည်းနှင့် လှည်း လုပ်ငန်းဆိုင်ရာ ဥပစာစကားများကို လေ့လာရာတွင်

- လှည်းဟူသောဝေါဟာ၏ စကားရင်းမြစ်
- ခရမ်းနွားလှည်းနှင့် စတင်တီထွင်သူ
- ဥပစာစကား
- ခရမ်းနွားလှည်းတစ်စီး ပြုလုပ်ပုံအဆင့်ဆင့်နှင့် ဥပစာစကားများ
- ခြုံငုံသုံးသပ်ချက်

ဟူ၍ ခွဲခြားတင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ လှည်းဟူသောဝေါဟာရ၏ စကားရင်းမြစ်

မြန်မာ့ကျေးလက်တောရွာ မင်္ဂလာဆောင်များ၌ လက်ဖွဲ့ရာတွင် "လယ်တစ်ပွဲ၊ လှည်းတစ်စီး၊ နွားတစ်ရှဉ်း" စသည်တို့ ပါလာခြင်းကို ထောက်ခြင်းဖြင့် မြန်မာလူမျိုးများ လှည်းကို တန်ဖိုးထားကြပုံကို သိသာနိုင်သည်။ မြန်မာလူမျိုးတို့ အစဉ်အဆက် အသုံးပြုခဲ့ကြသော လှည်းများတွင် (၁) လှည်းယဉ်၊ (၂) ခြံအိမ်လှည်း၊ (၃) ပေါင်းမိုးလှည်း၊ (၄) လှည်းမြီးတို၊ (၅) ရေစည်လှည်း၊ (၆) ဘုံလျှိုလှည်းနှင့် (၇) မယားကန်လှည်း ဟူ၍ အသုံးပြုပုံကိုလိုက်ပြီး အကြမ်းအားဖြင့် ခုနစ်မျိုး ရှိလေသည်။[၁] ထိုလှည်းခုနစ်မျိုးအနက် ခရမ်းနွားလှည်းသည် "ခြံအိမ်လှည်းခေါ် လှည်းအိမ်ပါသည့်လှည်း" အမျိုးအစား ဖြစ်ပါသည်။

"လှည်း" ဟူသော ဝေါဟာရ၏ စကားရင်းမြစ်နှင့် ပတ်သက်၍ ပညာရှင်တို့ အမျိုးမျိုး ကြံဆခဲ့ကြပါသည်။ "လှည်း"၏ ရင်းမြစ်အနက်ကို ဗြဟ္မနိရုတ္တိနယသင်္ဂဟ ကျမ်းတွင် "လှည်-လိမ့်-လှည့် = လည်စေသည်၊ လိမ့်သည်၊ ပတ်ရစ်သည်။" ဟူ၍ လည်းကောင်း၊ "လိမ့်-လှည်-လှည်း = လိမ့်၍ လည်၍ သွားသောယာဉ်။"[၂] ဟူ၍ လည်းကောင်း ဖွင့်ပြထားပါသည်။ မြန်မာဘာသာစကားတွင်လည်း "လှည်း" ဟူသော ဝေါဟာရကို ပုဂံခေတ်ကပင် သုံးစွဲခဲ့ကြောင်း ရွှေပေါင်လောင်ဘုရား ကျောက်စာ (မျက်နှာဘက်)၌ "ဝက်ကွံ တလှည်ကိုဝ် မိဖုတ်သော အကျွံမရ သကယ်သိုဝ် ပျက်စိသေစေသတေ"[၃] ဟူသည့် အထောက်အထားအရ သိနိုင်ပါသည်။

ထို့ကြောင့် လှည်းဟူသော ဝေါဟာရမှာ ပုဂံခေတ်မှသည် ယနေ့ခေတ်တိုင် တည်တံ့ခိုင်မာနေသော ဝေါဟာရတစ်ခု ဖြစ်ပါသည်။

## ၂။ ခရမ်းနွားလှည်းနှင့် စတင်တီထွင်သူ

ပန်းပဲဆရာကြီး ဦးကြီးမောင်ကို မော်လမြိုင်မြို့နယ် ငန်းတေးအရပ်တွင် ၁၉၂၅ ခုနှစ်၌ မွေးဖွားခဲ့သည်။ ငယ်အမည်မှာ မောင်ကြင်အောင် ဖြစ်ပြီး အဖအမည်မှာ နန်းတွင်းပန်းပဲဝန် ဦးထုံ၏မြေး ပန်းပဲဆရာကြီး ဦးဖေခင် ဖြစ်သည်။ အမိ၏ အမည်ကိုမူ မသိရပေ။ မွေးချင်း ၄ ယောက်အနက် တတိယမြောက်သား

---

[၁] စိတ္တ၊ ၁၉၉၁၊ စာ-၈၀။

[၂] ကောသလ္လ၊ ဦး(ဆရာတော်-)၊ ၁၉၈၅၊ စာ-၇၄၅။

[၃] *စာကိုးအဘိဓာန်*၊ ၂၀၀၉၊ စာ-၇၇။

ဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် ခရမ်းမြို့ အမှတ် ၁၂ ရပ်ကွက် ချဉ်မောင်ခြံကျေးရွာနေ အဖ ဦးမောင်ညွှန့်နှင့် အမိ ဒေါ်စိန်ရင်တို့၏ သမီးကြီး ဒေါ်ကြင်နုနှင့် အိမ်ထောင်ကျခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် လုည်းပန်းပဲ အလုပ်ရုံကို စတင်တည်ထောင်ခဲ့သည်။ နောက်ပိုင်းတွင် ဦးအေးကြိုင်၊ ဦးမောင်ညွှန့်၊ ဦးတင်ငွေ၊ ဦးထိန်ဝင်း၊ ဦးလှရွှေ စသော ခရမ်းလှည်းလုပ်ငန်းကို လုပ်ကိုင်သည့် ပန်းပဲဆရာများ ပေါ်ထွန်းလာခဲ့သည်။

ခရမ်းလှည်း ဖြစ်ပေါ်လာပုံမှာ ၁၉၄၉ ခုနှစ်တွင် ရဲဘော်ဖြူများ စခန်းချခဲ့သော ခရမ်းမြို့ အမှတ် ၃ ရပ်ကွက် မြေနီလမ်းတွင်ရှိသည့် ကျွန်းသားအိမ်ကြီးကို မြန်မာငွေ ၄၅ ကျပ်ဖြင့် ဝယ်ယူခဲ့သည်။ ထို့နောက် မွန်ပြည်နယ်ရှိ သထုံလှည်းနှင့် ပုံသဏ္ဍာန်ချင်း ဆင်သော ခရမ်းလှည်းကို စတင်တီထွင်ခဲ့သည်။ ခရမ်းလှည်းကို စတင်တီထွင်စဉ်က ခရမ်းလှည်းအိမ်၏ ပုံသဏ္ဍာန်မှာ အိမ်တန်း ဖြစ်သည်။ နောက်ပိုင်းတွင် လှည်းအိမ်၏လက်တန်းမှာ အပေါ်သို့ ကော့လာသည်။ ကျွန်းအိမ်ကြီးကို ဖျက်၍ လှည်းလုပ်ရာ လှည်းသုံးစီး ရသည်။ အိမ်တန်းလှည်း သုံးစီးအနက် ပထမဦးဆုံး လှည်းကို ချဉ်မောင်ခြံကျေးရွာနေ ဦးကုလားအား ၃၅၀ ကျပ်ဖြင့် ရောင်းချခဲ့သည်။ ဒုတိယတစ်စီးကို ဆေးလုံးကြီး ချောင်းစောက်ရွာသို့ ရောင်းချခဲ့ပြီး နောက်ဆုံးတစ်စီးကို သက်ကယ်ကုန်းကျေးရွာသို့ ရောင်းချခဲ့သည်။ ထိုရွာများသည် ခရမ်းမြို့နယ်၂င့် ကျောက်တန်းမြို့နယ်အပိုင် ရွာများ ဖြစ်ကြသည်။

ခရမ်းနွားလှည်းကို လှည်းပန်းပဲဆရာများက သထုံလှည်းဟု အမည်တပ်ကြသော်လည်း သထုံလှည်းနှင့် မတူပေ။ ဘီးအရွယ်အစားမှာ အနည်းငယ် ကြီးသည်။ ထို့ကြောင့် သုံးစွဲကြသူ လယ်ယာဦးကြီးများက "ခရမ်းလှည်း" ဟုသာ ခေါ်ကြသည်။ "ခရမ်းလှည်း" ဟူသော အမည်ကို "ခရမ်းမြို့နယ်" တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင်သာ အသုံးများပြီး အခြားဒေသများတွင် "လှည်းကြီး၊ ခြံအိမ်လှည်း" ဟု ခေါ်ဝေါ်ကြသည်။

## ၃။ ဥပစာစကား

ဘာသာစကားနယ်ပယ်တွင် များပြားလှသော လူမှုကိစ္စများ၊ လုပ်ငန်းဆောင်တာများအတွက် စကားလုံးအသစ်များ ချဲ့ထွင်သုံးစွဲပါက စကားလုံးများ ဖောင်းပွလာနိုင်သည်။ သို့ဖြစ်၍ ရှိရင်းစွဲ စကားလုံးကိုပင် တင်စားသုံးစွဲလာကြသည်။ ယင်းသို့ တင်စားခြင်းကိုပင် "ဥပစာစကား" ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ မည်သည့် ဘာသာစကားတွင်မဆို ဥပစာတင်စားမှုသည် ဘာသာ၏ သုံးပုံ နှစ်ပုံ ရှိသည်ဟု

ပညာရှင်တို့ ခန့်မှန်းကြသည်။[၁] ထို့ကြောင့် ဥပစာတင်စားမှုသည် ဘာသာစကား နယ်ပယ်တွင် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက် ရှိပါသည်။

ဥပစာဆိုသည်မှာ ပါဠိစကား ဥပစာရမှ ဆင်းသက်လာပြီး တင်စားခြင်း ဟူ၍ အဓိပ္ပာယ်ရသည်။ ဥပစာဟူသော ဝေါဟာရနှင့်ပတ်သက်၍ ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်က မြန်မာကဗျာဖွဲ့နည်းကျမ်းတွင်

> "အနက်ရင်း အနက်မှန်၌ မဆိုဘဲ တစ်ပါးသော အနက်၌ တင်စား၍ ခေါ်ဆိုသော စကားကို တင်စားစကား၊ တင်စားသဒ္ဒါ၊ ဥပစာစကား၊ ဥပစာသဒ္ဒါဟူ၍ လေးမည် ခေါ်ဆိုကောင်းသည်"[၂]

ဟူ၍ ဖော်ပြထားပါသည်။ တင်စားခြင်းနှင့် ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ) ကလည်း

> "တင်စားခြင်းဆိုသည်မှာ တစ်စုံတစ်ခုကို ရည်ညွှန်းခေါ်ဝေါ်သော စကားလုံးကို ထိုတစ်စုံတစ်ခုနှင့်တူသော သို့မဟုတ် ဆက်စပ်မှု ရှိသော အခြားတစ်စုံတစ်ခုအတွက် ပြောင်းရွှေ့အသုံးပြုနေခြင်း ဖြစ်သည်။ တစ်နည်းဆိုရလျှင် ပထမ အကြောင်းအရာအတွက် သုံးသော စကားလုံးကို အခြားအကြောင်းအရာနှင့် တူညီမှု ဆက်စပ်မှုရှိသော ဒုတိယ အကြောင်းအရာအတွက် ပြောင်းရွှေ့ အသုံးပြုခြင်း ဖြစ်သည်"[၃]

ဟု ဖော်ပြထားပါသည်။ အထက်ပါ ဥပစာဖွင့်ဆိုချက်များကို ခြုံကြည့်လျှင် ဥပစာ ဟူသည် တင်စားမှုပင် ဖြစ်သည်။ တင်စားခြင်းဆိုသည်မှာ အကြောင်းအရာတစ်ခု အတွက် အသုံးပြုသော စကားလုံးကို ထိုအကြောင်းအရာနှင့် တူညီမှု၊ ဆက်စပ်မှု ရှိသော အခြားအကြောင်းအရာ အသစ်တစ်ခုအတွက် ပြောင်းလဲအသုံးပြုခြင်းပင် ဖြစ်ပါသည်။

## ၃၊၁။ ဥပစာအမျိုးအစား

ဥပစာအမျိုးအစားနှင့် ပတ်သက်၍ ဖွင့်ဆိုမှုများမှာ ကွဲလွဲချက် ရှိပါသည်။ စိတ္တကျော်သူ ဦးသြ၏ သြဝါဒထူးပို့တွင်

[၁] http://en.wikipedia.org/wiki/Metonymy

[၂] ဖိုးစိန်၊ ဦး(ဝဇီရဗုဒ္ဓိ–)၊ ခုနှစ်မပါ၊ ၂၈၅။

[၃] ခင်မင်၊ မောင်(ဓနုဖြူ) ၊ ၂၀၁၅၊ ၉။

"ရုံဋ္ဌိရောရု၊ ဆယ်ဥပစာ။ နည်းနာလေးဆယ်"[၁]

ဟု လည်းကောင်း၊ ကဝိလက္ခဏာ သတ်ပုံသံပေါက်တွင်

"ဆန်းဆန်းကြယ်ကြယ်၊ ပညာကျယ်၊ တစ်ဆယ်ဥပစာ"[၂]

ဟူ၍ လည်းကောင်း ရေးဖွဲ့ထားသည်ကို ထောက်လျှင် ဥပစာ (၁၀)ပါး ဟု ယေဘုယျ ဆိုနိုင်ပါသည်။ ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်ကမူ ဥပစာ (၁၅)ပါး ရှိသည်ဟု ဖွင့်ဆိုထားသည်။

အမျိုးမျိုးသော ဥပစာတို့ကို ခြုံ၍ လေ့လာကြည့်ပါက အခြေခံအားဖြင့် ဥပစာ တင်စားမှု နှစ်မျိုးသာ ရှိသည်ကို တွေ့ရပါသည်။ ယင်းတို့မှာ

၁။ တူညီမှုကို အခြေခံသောဥပစာ[၃]

၂။ ဆက်စပ်မှုကို အခြေခံသောဥပစာ[၄]

ဟူ၍ ဖြစ်ပါသည်။

တူညီမှုကို အခြေခံသော ဥပစာဟူသည် ပထမ အကြောင်းအရာအား ရည်ညွှန်းသည့် ဝေါဟာရကို တစ်နည်းနည်းနှင့် တူညီမှုရှိသော ဒုတိယ အကြောင်း အရာအတွက် တင်စားခေါ်ဝေါ်သုံးစွဲခြင်း ဖြစ်သည်။ ဆက်စပ်မှုကို အခြေခံသော ဥပစာများမှာ အနှိုင်းခံနှင့် အနှိုင်းတို့၏ အပြန်အလှန် ဆက်စပ်ပုံကို အခြေခံ၍ တင်စားသော ဥပစာ ဖြစ်သည်။

ဥပစာစကားလုံးများ၏ အရင်းခံအနက်နှင့်ဆိုင်သည့် အကြောင်းအရာနယ်ကို အမျိုးအစား ထပ်မံခွဲခြားလျှင် (၄)မျိုး တွေ့နိုင်ပါသည်။ ယင်းတို့မှာ

လူကိုအခြေပြုသောဥပစာ[၅]

တိရစ္ဆာန်ကို အခြေပြုသောဥပစာ[၆]

ဒြပ်မဲ့သဘောကို ဒြပ်ရှိဖြင့်တင်စားသောဥပစာ[၇]

အာရုံခံစားမှု လွှဲပြောင်းတင်စားသောဥပစာ[၈]

---

[၁] ဩ၊ ဦး(စိန္တကျော်သူ-)၊ ၁၉၂၆၊ ၄၁။

[၂] ဩ၊ ဦး(စိန္တကျော်သူ-)၊ ၁၉၆၅၊ ၁၆။

[၃] metaphor

[၄] metonymy

[၅] anthropomotphie metaphor

[၆] animal metaphor

[၇] from concrete to abstract

ဟူ၍ ဖြစ်ပါသည်။[၂] ထိုသို့ ဥပစာတင်စားမှု အမျိုးမျိုးရှိသော်လည်း ခရမ်းနွားလှည်းဆိုင်ရာ ဥပစာစကားလုံးများတွင်မူ လူကိုအခြေပြုသော ဥပစာစကားလုံးများနှင့် တိရစ္ဆာန်ကိုအခြေပြုသော ဥပစာစကားလုံးများကိုသာ အများဆုံး တွေ့ရှိရသည်။

## ၄။ ခရမ်းနွားလှည်းတစ်စီး ပြုလုပ်ပုံအဆင့်ဆင့်နှင့် ဥပစာစကားလုံးများ

ဤစာတမ်းသည် ခရမ်းနွားလှည်းနှင့် ပတ်သက်သော ဥပစာအသုံးများကို လေ့လာထားသော စာတမ်းတစ်စောင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆွေးနွေးမေးမြန်းခဲ့သော သုတေသနကုန်ကြမ်းများအနက် ဥပစာအသုံးနှင့်ဆိုင်သော ဝေါဟာရများကိုသာ ကောက်နုတ်တင်ပြသွားမည် ဖြစ်ပါသည်။

ခရမ်းနွားလှည်းဆိုင်ရာ ဥပစာစကားများကို တင်ပြရာတွင် ဦးစွာ လှည်းတစ်စီးလုံး၏ ပြုလုပ်ပုံ အဆင့်ဆင့်နှင့်အတူ တင်စားသုံးစွဲကြသော စကားလုံးများကို လေ့လာဖော်ထုတ်ထားပါသည်။ ခရမ်းလှည်းတွင် အဓိကပါဝင်သော အစိတ်အပိုင်းများမှာ လှည်းဘီး၊ ဝင်ရိုး၊ ဇင်တုံး၊ လှည်းတံ၊ ထမ်းပိုးတုံးနှင့် လှည်းအိမ်တို့ ဖြစ်ကြသည်။ ယင်းအစိတ်အပိုင်းတို့ကို ပေါင်းစပ်ပြီး လှည်းတစ်စီးအဖြစ် ရုပ်လုံးကြွလာစေရန်အတွက် တစ်ဆင့်ချင်း ပြုလုပ်ရာမှ လှည်းလုပ်ငန်းတွင် တင်စားသုံးစွဲကြသော ဥပစာစကားများ ဖြစ်ပေါ်လာသည်။

### ၄၊၁။ လှည်းဘီး ပြုလုပ်ပုံအဆင့်ဆင့်နှင့် ဥပစာစကားလုံးများ

လှည်းဘီးသည် လှည်းတစ်စီးလုံးတွင် အဓိကကျသော အင်္ဂါအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ လှည်းဘီးတစ်ဘီးတွင် ပါဝင်သော အစိတ်အပိုင်းများမှာ ပုံတောင်း၊ ပုစွန်မျက်စိ၊ နန်းရင်း၊ နန်းဖျား၊ ထောက်၊ တံကူနှင့် လှည်းဖိနောင့်သံတို့ ဖြစ်သည်။ ဦးစွာ လှည်းဘီးပြုလုပ်ပုံ အဆင့်ဆင့်နှင့် တင်စားသုံးစွဲသော ဥပစာစကားလုံးများကို တင်ပြပါမည်။

---

[၁] synaesthetic metaphor

[၂] http://geoffmcdonald.com/branch - metaphor




ပုံ (၁) လှည်းဘီး

"ပုံတောင်း" ဆိုသည်မှာ ဝင်ရိုးစွပ်ရာ ဘီးအစိတ်အပိုင်း[၁] ပင် ဖြစ်သည်။ ဂျက်ဆင်အဘိဓာန်တွင်လည်း "ပုံတောင်း= (pron. ပဒေါင်း) n, the box of a wheel in which the axletree turns. ပုံတောင်းခြမ်း၊ ပုံတောင်းခွေ၊ ပုံတောင်းသပ်၊ ပုံတောင်းခတ်သည်။"[၂] ဟူ၍ ဖော်ပြထားပါသည်။ "ပုံတောင်း" ဟု ခေါ်ဆိုခြင်းမှာ ပုံတောင်းခြမ်း၏ ပုံသဏ္ဌာန်ကို ကြည့်ပါက တင်းတောင်းတစ်ခု၏ ပုံနှင့်တူသောကြောင့် တင်စားသုံးစွဲခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် "ပုံတောင်း" ဆိုသည်မှာ "တောင်းပုံ" ကို တင်စားသုံးစွဲထားခြင်းပင် ဖြစ်သည်။ "လှည်းခတ်သံ" ကောင်းစေရန် အတွက် ပုံတောင်းကို အတွင်းဘက်သို့ လှိုင်ပြီး ထွင်းရသည်။ လှည်းတစ်စီး အလိုက် ကောင်း မကောင်းကို ပုံတောင်းခတ်သံ ကြားရုံဖြင့် ဆုံးဖြတ်နိုင်သည်။

ပုံတောင်းကို ပြုလုပ်ရာတွင် ပိတောက်ပင်၏ ကိုင်းသားကို အသုံးပြုရသည်။ ပန်းပိတောက် မဟုတ်။ တောင်ပေါ်ပိတောက် ဖြစ်သည်။ ဖြူး၊ ကညွတ်ကွင်းဒေသများတွင် အထွက်များသည်။ ပိတောက်သည် အကြောအယှက်များပြီး ပျဉ်းတွဲသော အသားရှိသောကြောင့် ပုံတောင်း ပြုလုပ်ရာတွင် အကောင်းဆုံး ဖြစ်သည်။ ပိတောက်သား အရိုင်းတုံးကို ပုံတောင်းပုံသဏ္ဌာန် ပေါ်လာအောင် ပွတ်စင်ပေါ်သို့ တင်၍ ပန်းပွတ်ပညာဖြင့် ပွတ်ထိုးရသေးသည်။ ပွတ်ထိုးခြင်းဖြင့် ဖောင်းရစ် အကြီး၊ အသေး၊ အခုံး၊ အခွက်များဖြင့် အလှဖန်တီးကြသည်။ ထို့နောက် ပုံတောင်းကို ဘီးထောက်တပ်ရန် ထောင်ဆောက် (စရွေးဆောက်)ဖြင့် ထုတ်ချင်းခပ် ပေါက်အောင် စရွေးပေါက် ထွင်းရသည်။ လှည်းဘီးတစ်ဘီးတွင် ထောက် ၁၄ ချောင်း၊ ၁၆ ချောင်း ပါရှိကြရာ၊

---

[၁] ခရီးဆောင်မြန်မာအဘိဓာန်၊ ၂၀၀၆၊ စာ– ၁၉၇။

[၂] Judson's Burmese-English Dictionary, 1953, p - 643.

စရွေးပေါက်ကိုလည်း မိမိ အသုံးပြုလိုသလောက် ဖောက်ကြသည်။ (လှည်းယဉ်တွင် ထောက် ၁၆ ချောင်း၊ ၁၈ ချောင်း မှ ၂၀ အထိ ရှိသည်။) ခရမ်းလှည်းပုံတောင်း၏ အတိုင်းအတာမှာ လုံးပတ် ၂၇ လက်မ၊ အချင်း ၉ လက်မ၊ အလျား ၁၉ လက်မ ရှိသည်။ လှည်းဘီးထောက် အရေအတွက် အနည်းအများအပေါ် မူတည်၍လည်း (၁၆ ထောက် ဖြစ်ပါက ပုံတောင်းလုံးပတ် ၃၀ လက်မ) ကွဲပြားကြသည်။ ပုံတောင်း၏ အစွန်းနှစ်ဖက်ကို ၅ လက်မ၊ ၆ လက်မ ထားလေ့ရှိသည်။

ပုံတောင်းကို ပုံဖော်ပြီးပါက ဘီးထောက်များ တပ်ဆင်ရန်အတွက် ဦးစွာ နန်းရင်းခွေကို တပ်ဆင်ရသည်။ နန်းရင်းခွေဆိုသည်မှာ လှည်းပုံတောင်း အရင်း တစ်ဖက်တစ်ချက်တွင် စွပ်ထားသော သံခွေ[၁] ဖြစ်သည်။ ယင်းသံခွေမှာ လိုသောပုံ ဖြစ်ပေါ်စေရန် နန်းပေါက်တွင်ထည့်ပြီး ဆွဲထားသော သံပြားဖြင့် ပြုလုပ်ထား သောကြောင့် "နန်း"ဟု အမည်ပေးကြပြီး လှည်းပုံတောင်း၏အရင်းပိုင်းတွင် တပ်ဆင် ရသောကြောင့် "နန်းရင်း"ဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။ ယင်း နန်းရင်းခွေကို "လက်ရင်းခွေ" ဟု တင်စားခေါ်ဆိုကြသည်။ နန်းရင်းခွေသည် ဘီးထောက်များ ရိုက်သွင်းသည့်အခါ မကွဲစေရန် ထိန်းချုပ်ပေးရသည့်အရာ ဖြစ်သောကြောင့် ၎င်းကို ခိုင်ခန့်စေရန် ဂဟေဆက်ပေးရသည်။ နန်းရင်းသည် အလျား ၂၇ လက်မ ရှိပြီး ၅ မတ် ၁ မတ် ထု ရှိသော သံနန်းပြားဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ အညာဒေသတွင်လည်း အချို့အရပ်၌ "လက်ရင်းခွေ" ဟု ခေါ်သည်။ "လက်ရင်းနန်းဖျား" ဟုလည်း ခေါ်သေးကြောင်း သိရသည်။[၂]

နန်းဖျားခွေသည် နန်းရင်းခွေကဲ့သို့ပင် လုပ်ဆောင်ပုံ အဆင့်ဆင့် တူသော်လည်း ကွာခြားချက်မှာ လှည်းပုံတောင်း၏ အဖျားတစ်ဖက်တစ်ချက်တွင် စွပ်ထား ရခြင်းဖြစ်သည်။ ခရမ်းလှည်းများတွင် နန်းဖျားခွေနှစ်ခု၏ အစွန်းဘက်၌ ပုံတောင်းကို အလှဆင် ပုံဖော်ပေးရန် ၃ လက်မခွဲ ချန်ထားရသည်။ နန်းရင်းခွေသည် ဘီးထောက်များ ရိုက်သွင်းသည့်အခါ ပုံတောင်း မကွဲစေရန် တာဝန်ယူရသကဲ့သို့ နန်းဖျားခွေသည်လည်း လှည်းပုံတောင်း၏ ထိပ်နှစ်ဖက်တွင် တပ်ဆင်ထားသော "ပုစွန်မျက်စိ (ဆိတ်မျက်လုံး)"ကို ပိုမိုခိုင်မြဲစေရန် တာဝန်ယူရသည်။ နန်းဖျားခွေသည် အလျား ၁၈ လက်မ ရှိပြီး ၅ မတ် ၁ မတ် ထုရှိသော သံနန်းပြားဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ နန်းဖျားခွေကို "လက်ဖျားခွေ၊ လက်ဖျားနန်းဖျား" ဟုလည်း တင်စား

---

[၁] မြန်မာအဘိဓာန်အကျဉ်းချုပ်၊ ၂၀၀၆၊ တွဲ- ၂။

[၂] မင်းညွန့်နှင့် ထွန်းဖေ၊ ဦး (ရွှေဘို-)၊ ၁၉၇၂၊ စာ-၁၁။

ခေါ်ကြသည်။ ပုံတောင်းကို နန်းရင်းခွေ၊ နန်းဖျားခွေများ တပ်ဆင်ပြီးလျှင် ဘီးထောက်များ ရိုက်သွင်းနိုင်ပြီ ဖြစ်သည်။

ပုံတောင်းကို နန်းရင်းခွေ၊ နန်းဖျားခွေများ တပ်ဆင်ပြီးလျှင် ဘီးထောက်များ ရိုက်သွင်းနိုင်ပြီ ဖြစ်သည်။ ဘီးထောက်ကို ပိတောက်၊ ပျဉ်းကတိုး၊ ကျွန်း စသော သစ်များဖြင့် ပြုလုပ်ရသည်။ များသောအားဖြင့် ကျွန်းသစ်ဖြင့်သာ လုပ်ကြသည်။ ခရမ်းလှည်းများတွင် ဘီးထောက်တစ်ခု ပြုလုပ်ရန်အတွက် ၃ × ၁ — အရွယ်ရှိသော ကျွန်းသားကို အသုံးပြုရသည်။ ဘီးထောက်တစ်ချောင်း၏ အရှည်မှာ ၂ ပေ ၁ လက်မ ရှိသည်။ ပုံတောင်းအတွင်းသို့ သွင်းသော အရင်းပိုင်း စရွေးမှာ ၅ လက်မ ရှိပြီး တံကူအတွင်းသို့သွင်းသော အပေါ်စရွေးမှာ ၃ လက်မ ရှိသည်။ အလယ်ခွင် အရှည်မှာ ၁၇ လက်မ၊ ၁၇ လက်မခွဲ ချန်လေ့ရှိသည်။ ဘီးထောက်၏ ပုံသဏ္ဍာန်မှာ အရင်းပိုင်းမှ အဖျားသို့ သွယ်သွားသည်။ အရင်းပိုင်းတွင် စရွေး လှီးထားရသော်လည်း အဖျားပိုင်းတွင်မူ စရွေး မလှီးရသေးပေ။ ဘီးထောက်ကို ပုံတောင်းအတွင်းသို့ စိုက်ပြီးမှသာ စရွေးလှီးရသည်။ ထို့နောက် ဘီးထောက်၏ အလယ်ခွင် ၁၀ လက်မ ခန့်ကို အလှဆင်ကြပြန်သည်။ ခရမ်းလှည်းများတွင် ဘီးထောက်၏ စောင်းလေးခုကို ဦးစွာ ပုံဖော်ပေးရသည်။ ယင်းကို "မှန်ကွက်ဖော်သည်" ဟု တင်စားသုံးစွဲကြသည်။ တစ်ဖန် ဘီးထောက်၏ အရင်းပိုင်းနှင့် အဖျားပိုင်းရှိ မှန်ကွက်ဖော်ထားသော အစနေရာကို အလှဆင်ကြပြန်သည်။ ယင်းကို "နှာချိုးသည်၊ နှာဖော်သည်" ဟူ၍ ခေါ်ကြသည်။ လူဦးခေါင်းရှိ အနံ့ခံအင်္ဂါ အစိတ်အပိုင်းတစ်ခုဖြစ်သော နှာရိုးပုံသဏ္ဍာန် ပုံဖော်ခြင်းကို တင်စားပြီး "နှာဖော်သည်၊ နှာချိုးသည်" ဟု သုံးစွဲကြခြင်း ဖြစ်သည်။ အညာဒေသရှိ လှည်းအချို့တွင်မူ ဘီးထောက်တွင် မျှော့ကြောင်းများ ထိုးခြင်း၊ ကြေးမှိုများ ရိုက်ခြင်းဖြင့် အလှဆင်လေ့ ရှိပါသည်။ ဘီးထောက်များကို အချောသတ်ပြီးသောအခါ ဘီးထောက်အရင်းပိုင်းကို အသင့်ပြုလုပ်ထားသော လှည်းပုံတောင်း၏ စရွေးပေါက် အတွင်းသို့ တူဖြင့် ရိုက်ထည့်ရသည်။ ထိုသို့ ရိုက်ရာတွင် အသာအယာ မဟုတ်ပေ။ ဘီးထောက် စွပ်ထားသော ပုံတောင်းကို ထောက်ရိုက်ခုံပေါ်တွင် တင်၍ ငါးပေါင် သံတူဖြင့် အချက်ပေါင်းများစွာ ထုရခြင်း ဖြစ်သည်။ ယင်းသို့ ထုရိုက်သွင်းရသော ကြောင့် စရွေးပေါက်နှင့် စရွေးတံ တင်းတင်းကျပ်ကျပ် ရှိနေမှုကို "စရွေး ကျသည်၊ စရွေး ကောင်းသည်" ဟု ခေါ်ကြသည်။ ထိုအသုံးကို လူမှုကိစ္စနယ်ပယ်တွင် "စနစ် ကျသည်။ စေ့စပ်သေချာသည်" ဟူသော အနက်ဖြင့် တင်စားသုံးလေ့ ရှိပါသည်။ ပုံတောင်းတွင် ဘီးထောက်များ ပတ်လည်ရိုက်ထည့်ပြီးပါက ဘီးထောက်များ၏ အဖျားဘက်ကို တံကူစွပ်ရန်အတွက် စရွေးလှီးရပါသည်။

"တံကူ" ဆိုသည်မှာ လှည်းဘီးသစ်သားခွေ[၁] ဖြစ်သည်။ ဘီးထောက် ၁၄ ချောင်း ပါရှိသော ခရမ်းလှည်းဘီး ပြုလုပ်ရန်အတွက် အမြင့် ၇ လက်မ ထု ၃ လက်မ ရှိသော ကျွန်းသစ်တုံး ၇ တုံး ရှိရန် လိုအပ်ပါသည်။ ဦးစွာ သစ်ရိုင်းတုံးကို မျက်နှာပြင်ချောစေရန် လက်သမားသုံးကိရိယာတစ်ခုဖြစ်သော ရွှေပေါ်ဖြင့်ထိုးရသည်။ ထို့နောက် သစ်သားကို အပိုင်းအခွေအဖြစ် ပြုလုပ်နိုင်ရန် အမြင့် ၇ လက်မ ကို ၅ လက်မ ကျန်အောင် ၂ လက်မ ဝိုက်ပြီး လှီးရသည်။ ၎င်းကို "တံကူ ဝမ်းလှီးသည်" ဟုသုံးစွဲကြသည်။ တံကူဝမ်းလှီးရာမှရရှိသော သစ်သားအခုံးကို "တံကူဝမ်းဗိုက်သား" ဟုတင်စားကြသည်။ "ဝမ်း" ဆိုသည်မှာ လူ၊ တိရစ္ဆာန်တို့၏ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခု ဖြစ်ပါသည်။ ထိုသဘောကို လှည်းဘီးဆိုင်ရာ ဝေါဟာရတစ်ခုဖြစ်သော တံကူတွင် တင်စား ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။ တံကူ၏ ဝမ်းလှီးထားသော မျက်နှာပြင်တွင် စရွေးပေါက် ဖောက်နိုင်ရန်အတွက် ဝမ်းရွှေပေါ်ဖြင့် အချောကိုင် ပေးရသည်ကိုလည်း "ဝမ်းဆေးသည်" ဟု တင်စားကြသည်။ တံကူကို ဝမ်းဆေးပြီး ပါက ဘီးထောက်များတပ်ရန် ၅ မတ် ပတ်လည်ရှိသော စရွေးပေါက် နှစ်ပေါက်ကို ထုတ်ချင်းခပ် ဖောက်ရသည်။ စရွေးပေါက်များကို အချောကိုင်ပြီးပါက ပုံတောင်းတွင် တပ်ထားသော ဘီးများကို စွပ်နိုင်ပါသည်။ တံကူတစ်ခုလျှင် ထောက် ၂ ချောင်း စရွေးတပ်နိုင်သည်။ ဘီးထောက် ၁၄ ချောင်း၊ ၁၆ ချောင်း၊ ၁၈ ချောင်း စသည်ဖြင့် ကွာခြားနိုင်သကဲ့သို့ တံကူ၏အရေအတွက်နှင့် အလျားမှာလည်း ကွာခြားနိုင်ပါသည်။

တံကူအားလုံး ညီညီညာညာ ဝင်နိုင်ရန်နှင့် လှည်းဘီးပုံသဏ္ဍာန် ဝိုင်းဝန်း နေရန်အတွက် လွှဖြင့် စေ့ကောက်ရသည်။ တံကူ တစ်ခုနှင့်တစ်ခု ညီညာမှုရှိစေရန် အတွက် တစ်ကွင်းနှင့်တစ်ကွင်းကို စေ့အောင် လွှဖြင့် ကောက်ပေးရသောကြောင့် "စေ့ကောက်သည်" ဟု ခေါ်ပါသည်။ ထို့အတူ စေ့ကောက်ရာတွင် သုံးသော လွှ ကိုလည်း "စေ့ကောက်လွှ" ဟု အမည်ပေးကြခြင်း ဖြစ်ပါသည်။ စေ့ကောက် ထားသော တံကူနှစ်ကွင်းကို အတက်အကျ မရှိစေရန် (အံမလွဲစေရန်) တံကူ၏ ကျောဘက်မှ စောင်းစို့ထိုးပြီး တွဲပေးရသည်။ ၎င်းစို့ကို "သီတံ၊ စောင်းစို့၊ စောင်းသပ်" ဟု ခေါ်ကြသည်။ အချို့လှည်းများတွင် တံကူနှစ်ကွင်း ထိစပ်နေသည့် ကျောဘက်နေရာကို ထောင်ဆောက်ဖြင့် ကြက်လျှာပုံသဏ္ဍာန် ထွင်းကာ သစ်သားစို့ ရိုက်ထည့်လေ့ရှိသည်။ ယင်းစို့ကို "စွန်မြီးစို့" ဟု တင်စားခေါ်ကြသည်။ တံကူ ၇ ကွင်း တစ်ခုနှင့်တစ်ခု ဆက်မိသွားလျှင် အဝန်းအဝိုင်း ပုံသဏ္ဍာန်ရှိ လှည်းဘီးပုံ ပေါ်လာ မည် ဖြစ်သည်။ ထို့နောက် တံကူ၏ ဘေးနှစ်ဖက်ကို ရွှေပေါ်ဖြင့် ထိုးပေးရသည်။ အချောကိုင်ခြင်း မဟုတ် အကြမ်းမျှသာ ဖြစ်သည်။

---

[၁] ***ခရီးဆောင်မြန်မာအဘိဓာန်***၊ ၂၀၀၆၊ စာ– ၁၂၆။

ဘီးထောက်၊ တံကူတို့ဖြင့် စက်ဝိုင်းပုံသဏ္ဍာန် ပြုလုပ်ထားသော ဘီးတစ်ဘီးမှာ အသုံးပြု၍ မရသေးပါ။ ခိုင်မာတောင့်တင်းမှု ဖြစ်စေရေးအတွက် သံပတ်ပတ်ပေးရပါသည်။ ယင်းသံပတ်ကို "လှည်းဖနောင့်သံ၊ လှည်းဖိနပ်၊ သံဖိနပ်" စသည်ဖြင့် အမျိုးမျိုး တင်စားခေါ်ကြသည်။ ခရမ်းလှည်းတစ်စီး၏ လှည်းသံပတ် အရှည်မှာ ၁၄ ပေ ၂ လက်မ ရှိပြီး ဗြက် ၂ လက်မ၊ ထု ၅ မူး ရှိသည်။ လှည်းဖနောင့်သံကို တူဖြင့်ထုပြီး အဝိုင်းပုံသဏ္ဍာန် ပြုလုပ်ရသည်။ ဝိုင်းနေပြီဖြစ်သော လှည်းသံခွေကို လှည်းဘီးပတ်လည် အရှည်နှင့် ၂ လက်မခန့် တိုဖြတ်ပြီး ထိပ်ချင်းတေ့ကာ ဂဟေဖြင့်ဆက်ရသည်။ ယင်းကို လူမှုကိစ္စနယ်ပယ်တွင် သတို့သားနှင့် သတို့သမီးတို့ ထိမ်းမြားလက်ထပ်သည် "ဂဟေဆက်သည်" ဟူသော အနက်ဖြင့် ဆက်စပ်မှုအရ ဥပစာစကားအဖြစ် သုံးလေ့ရှိသည်။ ဂဟေဆော်သည့်အခါ ဂဟေသားများ တစ်ခုနှင့်တစ်ခု ထပ်ပြီး အကွက်အကွက်ကလေးများ ဖြစ်နေသည်ကို "ငါးကြင်းကွက် ထသည်" ဟုလည်း တင်စားခေါ်ကြသည်။ ငါးကြင်း၏ အကြေးခွံနှင့် တူသည့် အခြေအနေကို လိုက်ပြီး တင်စားခြင်း ဖြစ်သည်။ ဂဟေဆရာ၏ လက်ရာကောင်း မကောင်းကို ငါးကြင်းကွက်ထခြင်း၊ မထခြင်းကို ကြည့်ခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။ ဂဟေမရှိပါက ဖားဖိုတွင် ပန်းပဲမီးဖြင့် အရည်ဖျော်ပြီး ဆက်ရသည်။ သံပတ်၏အစနှစ်ဖက်ကို တစ်လက်မခန့် ထပ်ပြီး အရည်ပျော်သည်အထိ မီးအပူပေးရသည်။ မီးအားကောင်းလာသည်နှင့်အမျှ မီးပန်းများ ဖြာထွက်လာပြီး သံပြား၏ အစနှစ်ခု ရောယှက်သွားသည်။ ထို့နောက် ပန်းပဲဆရာက တူဖြင့် ထုညှိပေးရသည်။ ဤသို့ ပြုလုပ်သည်ကို "မီးစားတိုက်သည်" ဟု ခေါ်သည်။

မီးစားတိုက်ပြီးသွားသော သံပတ်ခွေကို အထက်အောက် နှစ်ခွေထပ်ပြီး ထင်း၊ ကောက်ရိုး၊ စပါးခွံ စသည်တို့ဖြင့် အုပ်ပြီး မီးရှို့ကာ အပူပေးရသည်။ သံပတ်ခွေများ နီရဲလာသည့်အခါ ညှပ်ဖြင့်ယူ၍ မီးချခုံပေါ်တွင် တင်ထားသော လှည်းဘီးကို စွပ်ပေးရသည်။ အံဝင်ခွင်ကျ ဖြစ်စေရန် သံကုပ်ဖြင့်ကုပ်ပြီး ညှိပေးရသည်။ တံကူတစ်ခုနှင့်တစ်ခု အတက်အကျမညီဘဲ ဖြစ်နေခြင်းကို "အံလွဲသည်၊ မေးလွဲသည်" ဟု တင်စားကြသည်။ တံကူ တစ်ခုနှင့်တစ်ခု အံလွဲနေလျှင် တူဖြင့် ထုညှိပေးရသည်။ လှည်းဘီးနှင့် သံပတ်ခွေ အနေအထားကျသွားသည့်အချိန်တွင် ရေဖြင့်လောင်းရသည်။ ထိုသို့ ပြုလုပ်သည်ကို "လှည်းမီးချ" သည်ဟု ဆိုကြသည်။[၁] ဘီလူးကျွန်းဒေသတွင် "လှည်းလွန်းတင်" သည်ဟု ခေါ်ကြသည်။ လှည်းမီးချပေးသူများမှာ များသောအားဖြင့် ပန်းပဲဆရာများ ဖြစ်ကြသည်။ ခရမ်းလှည်း ပြုလုပ်သူများအနက် အများစုမှာ ပန်းပဲဆရာများ ဖြစ်ကြသည်။

---

[၁] မှတ်ကျောက်၊ ၂၀၀၄ ၊ စာ – ၁၁၄။

တစ်မီးပြန်ပြီးသော တစ်ပတ်ရစ်လှည်းများကို "တစ်ရေစီးလှည်း၊ တစ်မီးချလှည်း" ဟု တင်စားခေါ်ဝေါ်ကြသည်။ လှည်းဘီးတစ်ဘီးသည်လည်း မီးလိုလာသည့်အခါ (မီးတောင်းသည့်အခါ) လှည်းသံပတ်မှာ ချောင်လာပါသည်။ ထိုသို့ လှည်းသံပတ် ချောင်လာသော်လည်း မီးမချဘဲထားပါက လှည်းတံကူနှင့် သံပတ်အကြားတွင် သံချေးများ တဖြည်းဖြည်း ပြည့်လာမည်ဖြစ်သည်။ ယင်းကို "သံသပ်ခုသည်" ဟု ဆိုကြသည်။ သံသပ်များ တဖြည်းဖြည်း များလာသည်နှင့်အမျှ လှည်းသံပတ်သည် ညစ်အားများလာပါသည်။ ထို့နောက် ပုံတောင်းတွင် စွပ်ထားသော ဘီးထောက်များ စရွေးချောင်ကာ အခြေယိုင်လာပါသည်။ ဘီးထောက်များ အခြေယိုင်ကာ လှည်းဘီး ခွက်သွားသည်ကို ရေ၌ပေါက်သော ကြာရွက်၏ ခွက်နေပုံနှင့် ခိုင်းနှိုင်းကာ "ကြာလိုက်သည်၊ ကြာခွက်သည်" ဟု တင်စားခေါ်ဝေါ်ကြသည်။

မီးချပြီးသော လှည်းဘီးကို အချောကိုင်ရန် လိုပါသေးသည်။ တံကူ၏ ဘေးသားအပိုများကို ဖြောင့်တန်းနေသော လှည်းသံပတ်နှင့် ညီစေရန် ရွှေပေါ်ထိုး ပေးရသည်။ တံကူ၏ မျက်နှာပြင်နှစ်ဖက်စလုံး ချောသွားပါက ဝမ်းဗိုက်နေရာကို ပတ်ပတ်လည် ကြိုးထိုးပေးရသည်။ ယင်းကို "မျှော့ကြိုး" ဟု ခေါ်ဝေါ်ကြသည်။ "မျှော့" ဆိုသည်မှာ သတ္တဝါကို တွယ်ကပ်၍ သွေးစုပ်တတ်သော ရေနေကျောရိုးမဲ့ အကောင်တစ်မျိုး [၁] ဖြစ်ပါသည်။ ယင်းမျှော့သတ္တဝါနှင့် ပုံသဏ္ဍာန်ချင်းဆင်သည့် တံကူ၏ အတွင်းဝိုင်းတွင် ကြိုးရွှေပေါ်ဖြင့် ပုံဖော်အလှဆင်ထားသော အရာ "မျှော့ကြိုး" ဟု တင်စားသုံးစွဲကြခြင်း ဖြစ်ပါသည်။ ဝမ်းဗိုက် မျှော့ကြိုးထိုးပြီး အချောကိုင် ထားသော်လည်း လည်းဘီးအဖြစ် အသုံးပြု၍ မရသေးပေ။ အဓိက အချက် ကျန်ပါသေးသည်။ ထိုအချက်မှာ ဝင်ရိုးတပ်ရန် လှည်းပုံတောင်း၏ထိပ် နှစ်ဖက်ကို အချင်း ၂ လက်မ ရှိသော (သစ်သားဝင်ရိုး တပ်သော အညာလှည်းများ အတွက် ၃ လက်မ) အပေါက်ကို ထုတ်ချင်းခပ် ဖောက်ပေးရသည်။ (လှည်းခုံ ပေါ်တွင် ဘီးကိုတင်ပြီး ပုံတောင်းထိပ် အလယ်ကို ၅ မတ်လွန်ဖြင့် ဟိုဘက် သည်ဘက် ထုတ်ချင်းခပ် ဖောက်ရသည်။ ထို့နောက် ၁ လက်မ ဆောက်ခုံးအရှည်ဖြင့် ပုံတောင်းအတွင်းရှိ အစာများကို ထွင်းထုတ်ရသည်။ ယင်းကို "အူနှိုက်" သည်ဟု တင်စားကြသည်။) အူနှိုက်ရာတွင် လှည်းခတ်သည့်အခါ အသံကောင်းစေရန်အတွက် လှည်းပုံတောင်း၏ အတွင်းပိုင်းကို အနည်းငယ် လိုဏ်ပြီး ထွင်းရသည်။ ဖောက်ထား သော ပုံတောင်းပေါက်၏ ထိပ်နှစ်ဖက် (နန်းဖျားခွေ နှစ်ခု၏ အစွန်းဘက်၌ ပုံတောင်းကို အလှဆင်ရန် မုန့်ပေါင်းဖော်ရန်အတွက် ချန်ထားသော အစွန်း ၃ လက်မခွဲ) အတွင်း၌ ပြက် ၂ လက်မ၊ ထု ငါးမူးရှိ သံပတ်ခွေ (သို့မဟုတ်)

---

[၁] ***ခရီးဆောင်မြန်မာအဘိဓာန်၊*** ၂၀၀၆၊ စာ – ၂၅၈။

ပုံလောင်းအခွေကို ထည့်ရသည်။ ယင်းကို "ပုစွန်မျက်စိ၊ ဆိတ်မျက်လုံး" ဟု ခေါ်ကြသည်။ ပုစွန်မျက်စိတပ်ဆင်ရာတွင် ချုပ်ခွေထည့်ပြီး ၁၀ ပေါင် တူဖြင့် အချက်ပေါင်းများစွာ ရိုက်ထည့်ရသည်။ ပုစွန်မျက်စိ တပ်ဆင်ပြီးသောအခါ ချုပ်ခွေ အတွင်းပိုင်း ပုစွန်မျက်စိ ဘေးဝန်းကျင်ရှိ ပုံတောင်းသားများကို တူဖြင့်ထုပြီး တေရပြန်သည်။ သို့မှသာလျှင် လှည်းပုံတောင်းကို စားသော ဝင်ရိုးဖုံး၏ဒဏ်မှ ကာကွယ်နိုင်မည့် အပြင် တာရှည်ခိုင်ခံ့ပြီး စိတ်ချရပေမည်။ ထို့နောက် နန်းဖျားခွေ၏ အပြင်ဘက် ပုစွန်မျက်စိတပ်ထားသည့် အပိုင်းကို ဖောင်းမို့သော ပုံသဏ္ဌာန်ဖော်ပြီး အလှဆင်ကြသည်။ ယင်းကို "မုန့်ပေါင်း" ဟု တင်စားခေါ်ကြသည်။ "မုန့်ပေါင်း" ဆိုသည်မှာ ရေအနည်းငယ်နှင့် ရောသိပ်ထားသော ဆန်မှုန့်ကို ခြစ်ယူ၍ ပေါင်းသော မုန့်တစ်မျိုး[၁] ဖြစ်သည်။ ယင်းမုန့်၏ ပုံသဏ္ဌာန်နှင့်တူသော ပုံတောင်း၏အစွန်း နှစ်ဖက်ကို "မုန့်ပေါင်း" ဟု တင်စား ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

## ၄၊၂။ ဝင်ရိုးနှင့် ဝင်ရိုးဖုံးဆိုင်ရာ ဥပစာစကားများ

ဝင်ရိုးသည် လှည်း၏ တစ်ဖက်တစ်ချက်ရှိ အတိုင်ဘီးနှင့် အလှည့်ဘီးကို ထုတ်ချင်းခပ် ထိုးလျှိုထားသော အရှည် ၇ ပေနှင့် ၄ လက်မ ရှိသည့် ၂ လက်မ မတ်တင်းသံလုံး ဖြစ်သည်။ ဝင်ရိုး၏ အဖျားတစ်ဖက်တစ်ချက်တွင် ၃ လက်မ ချန်ပြီး ၂ လက်မအရွယ် နားစောင့်ပေါက် ဖောက်လေ့ရှိသည်။ လှည်းဘီးများ ကျွတ်မထွက်သွားစေရန် ယင်းနားစောင့်ပေါက်တွင် သံဖြင့် ပြုလုပ်ထားသော အရှည် ၄ လက်မ အရွယ် "နားစောင့်" ကို တပ်ဆင်ရသည်။ "နားစောင့်" ဟူသော အမည်မှာ လှည်းဝင်ရိုး၏ တစ်ဖက်တစ်ချက်တွင် နားကဲ့သို့ တည်ရှိပြီး လှည်းဘီးကို ဝင်ရိုးမှ ကျွတ်ထွက်မသွားစေရန် စောင့်ကြပ်ကာကွယ်ပေးရသော အရာအဖြစ် တင်စားထားခြင်း ဖြစ်သည်။ ထို့ပြင် ဝင်ရိုးကို လည်မသွားစေရန်နှင့် ရွေ့လျားမှု မရှိစေရန် အတွက် ဝင်ရိုး၏ အလယ်တည့်တည့်တွင် ဝင်ရိုးနှင့်ဝင်ရိုးဖုံးကို ထုတ်ချင်းခပ်ဖောက်ပြီး သံချောင်းဖြင့် ချုပ်ထားရသည်။ ယင်းသံချောင်းကို "ပင်လယ်ကူး" ဟု တင်စား ခေါ်ဝေါ်ကြသည်။

---

[၁] ***ခရီးဆောင်မြန်မာအဘိဓာန်၊*** ၂၀၀၆၊ စာ – ၂၄၄။




**ပုံ (၂) ဝင်ရိုးနှင့် ဝင်ရိုးဖုံး**

ဝင်ရိုးဖုံးဆိုသည်မှာ ဝင်ရိုးကို ဖုံးအုပ်ထားသော ၅ လက်မ ပတ်လည် ပျဉ်းကတိုးတုံး ဖြစ်သည်။ အရှည် ၄ ပေ ၈ လက်မ ရှိပြီး ဝင်ရိုးကို ဖုံးအုပ်နိုင်ရန် အတွက် သစ်တုံးကို အလယ်မှ အလျားလိုက် ၂ လက်မ အကျယ်ခန့် ထုတ်ချင်းခပ် မြောင်းထွင်းပေးရသည်။ ဝင်ရိုးဖုံး၏ ရှေ့ဘက်နှင့် နောက်ဘက်တွင် ဝက်စွယ်စိုက် နိုင်ရန်အတွက် အကျယ် ၃ မတ် ရှိသော မြောင်း ၄ ခု ကို အနည်းငယ် ဆိုင်းပြီး ထောင်လိုက် ထွင်းရသည်။ ယင်းကို "ဝက်စွယ်ခွင်" ဟု ခေါ်သည်။ ဝင်ရိုးဖုံး၏ အစွန်းနှစ်ဖက်တွင် ဝင်ရိုးကို ထိန်းချုပ်ထားနိုင်ရန် သံဆိုင်းဆွဲခွေ နှစ်ခု တပ်ဆင် ထားသည်။ ယင်းဆိုင်းဆွဲခွေကို "ဝင်ရိုးထိန်း" ဟုလည်း ခေါ်ကြသည်။ ဝင်ရိုးဖုံး၏ ထိပ်နှစ်ဖက်ရှိ ဆိုင်းဆွဲခွေ အတွင်းဖက် ၁ လက်မ အကွာတွင် ဝင်ရိုးဖုံးကို ၂ လက်မ အနက် ၄ လက်မ အကျယ် ဝိုက်ပြီး ထွင်းထားသော နေရာရှိသည်။ ထိုပုံမှာ ငါး တစ်ကောင်၏ ပါးဟပ်နှင့် တူသောကြောင့် ယင်းကို "ပါးဟပ်" ဟု တင်စားခေါ် ကြသည်။ ယင်းပါးဟပ် နေရာနှင့် ဝက်စွယ်၏ရှေ့ လှည်းသန် အပေါ်တွင် ရှိသော "ဝန်ခံတုတ်" ကို ကြိုးဖြင့် ဆက်သွယ်ပြီး ခိုင်မြဲစွာတုပ်ရသည်။ သို့မှသာ လှည်းသန် နှင့်ဝင်ရိုးဖုံး ပြုတ်မထွက်ဘဲ မြဲမြံနိုင်မည် ဖြစ်သည်။ အထက်ပါ ဝန်ခံတုတ်ကို "ခါးတောင်းကျိုက်တုတ်" ဟုလည်း တင်စားခေါ်ကြသည်။ ယင်းတုတ်တွင် ချည်နှောင် ထားသော ကြိုးပြုတ်သွားပါက လှည်းသန်နှင့်ဝင်ရိုးဖုံး တစ်ခုနှင့်တစ်ခု ကျွတ်ထွက် သွားပြီး လှည်းပြိုသွားနိုင်သည်။ ထို့ကြောင့် ယင်းတုတ်ကို ကြိုး ချည်နှောင်ရာတွင် ခါးတောင်းကျိုက်ပြီး ခွန်အားစိုက်ထုတ်ကာ ဖွဲ့ဖြင့် တုပ်နှောင်ရသောကြောင့် "ခါးတောင်း ကျိုက်တုတ်" ဟု အခြေအနေဆက်စပ်မှုအရ တင်စားသုံးစွဲခြင်း ဖြစ်သည်။

### ၄၊၃။ လှည်းသန်ပြုလုပ်ပုံအဆင့်ဆင့်နှင့်ဥပစာစကားများ

လှည်းသန်ဆိုသည်မှာ လှည်းထမ်းပိုးတုံးတွင် မြားဦးသဏ္ဌာန် ဆုံသော

လှည်းအိမ်အောက်ခံ သစ်ချောင်းအစုံ [၁] ဖြစ်သည်။ လှည်းသန်သည် ဝင်ရိုးဖုံး၏ အထက်တွင် တည်ရှိပြီး ဦးပိုင်းတွင် တစ်ပေခွဲခန့် ချန်ကာ နောက်မြီးပိုင်းမှစ၍ ထက်ခြမ်းခွဲထားသော အရှည် ၁၂ ပေရှိ ၄ လက်မ ပတ်လည် သစ်ရိုင်းတုံးဖြစ်သည်။ လှည်းသန်ကို ဦးဘက်တွင် ၁ ပေခွဲခန့် ချန်ထားပြီး "ခေါင်းစို့" အတွက် ၁ လက်မ ပတ်လည်အရွယ်ရှိသော အပေါက်နှစ်ပေါက်ကို တစ်ပေါက်နှင့်တစ်ပေါက် ၃ လက်မခန့် ခြားပြီး ဖောက်ထားသည်။ ကျန်အပိုင်းမှာ အလယ်တည့်တည့်မှ ခွဲထားသော နှစ်ခြမ်းခွဲ ခွထောက်ပုံ ဖြစ်သည်။ လှည်းသန်၏ဦးပိုင်း ခေါင်းစို့ တည်ရှိရာနေရာကို **"ဦးပွတ်"** ဟု တင်စားခေါ်ကြသည်။




ပုံ (၃)

**လှည်းသန်**

လှည်းသန်၏ နောက်ပိုင်း ၂ ပေခွဲခန့်တွင် ၂ လက်မ အရွယ် ရှိသော အပေါက် ၄ ပေါက်ကို တစ်ပေါက်နှင့်တစ်ပေါက် ၃ လက်မ ခြားပြီး ထုတ်ချင်းခပ် ဖောက်ရသည်။ ယင်းကို "ဝက်စွယ်ပေါက်" ဟု ခေါ်သည်။ ယင်းဝက်စွယ်ပေါက်တွင် ထိုးစိုက်ပြီး ဝင်ရိုးဖုံး၊ လှည်းသန်နှင့် ဇင်တုံး သုံးခုကို မရွေ့အောင် တွဲစပ်ထားသည့် အလျား ၁ ပေခွဲ၊ အနံ ၃ လက်မ ရှိသော သစ်သားပြားကို အပေါက်ခွင် နေရာတွင် ၂ လက်မ လှီးပြီး ထည့်ထားသော သစ်သားငုတ်မှာ ဝက်တစ်ကောင်၏ အစွယ်နှင့် တူသောကြောင့် ယင်းကို "ဝက်စွယ်" ဟု တင်စားခေါ်ကြသည်။

## ၄၊၄။ ဇင်တုံးပြုလုပ်ပုံ

ဇင်တုံးဆိုသည်မှာ လှည်းသန်ပေါ်တွင် ကန့်လန့်တင်ထားသော တုံး [၂] ဖြစ်သည်။ ပျပ် ၈ လက်မ အနံ ၄ လက်မနှင့် အလျား ၄ ပေ ၈ လက်မ ရှိသော သစ်ရိုင်းတုံး ဖြစ်သည်။ များသောအားဖြင့် အင်၊ ကညင်၊ ကောင်းမှူ စသည့် သစ်အမျိုးအစားများဖြင့် ပြုလုပ်လေ့ရှိသည်။ ဇင်တုံးတွင် ဝက်စွယ် ၄ ချောင်း စိုက်ရန်

[၁] ***ခရီးဆောင်မြန်မာအဘိဓာန်၊*** ၂၀၀၆၊ စာ– ၃၀၅။

[၂] ***ခရီးဆောင်မြန်မာအဘိဓာန်၊*** ၂၀၀၆၊ စာ– ၁၁၃။

အနည်းငယ်တိမ်သော မြောင်း ၄ ခု ထွင်းထားရသည်။ ယင်းမြောင်း ၄ ခုကို ဝင်ရိုးဖုံးတွင် ထွင်းထားသော ဝက်စွယ်ခွင်နှင့်တူအောင် ထွင်းရသည်။ ဇင်တုံး၏ အပေါ်ဘက်တွင် လှည်းအိမ်ကို ထိန်းထားသောဝန် ကော်တင်နိုင်ရန်အတွက် **"ဝန်ကော်ထိုင်"** ထွင်းထားရသည်။




**ပုံ (၄) ဇင်တုံး**

### ၄၊၅။ ဆောင်ပန်းပြုလုပ်ပုံအဆင့်ဆင့်နှင့် ဥပစာစကားလုံးများ

ဆောင်ပန်းဆိုသည်မှာ "လှည်းဦးရှိ ထိုင်ရန်နေရာ။"[၁] ဖြစ်သည်။ နွားလှည်းများတွင် လှည်းမောင်းသူ ထိုင်ရသော ဆောင်ပန်း အမျိုးအစားပေါင်း များစွာရှိသော်လည်း ခရမ်းလှည်းများတွင် ပြုလုပ်သုံးစွဲကြသော ဆောင်ပန်းပုံသဏ္ဌာန်မှာ အခြားလှည်းများနှင့်မတူပေ။




**ပုံ (၅) ဆောင်ပန်း**

ခရမ်းလှည်းတွင် လှည်းဆရာ ထိုင်ရသော ဆောင်ပန်း၏ အောက်ခြေတွင် ကျား၏ ဦးခေါင်းပုံနှင့်တူသော ကကြီးပုံ အဝိုက်လေးကို ထွင်းထားသောကြောင့် "ကျားခေါင်းဆောင်ပန်း"ဟု တင်စားခေါ်ကြသည်။ ခရမ်းလှည်းလုပ်ငန်း တွင်ကျယ်လာသောအခါ ယင်းကျားခေါင်းဆောင်ပန်းကိုပင် အတွင်းဘက်၌ သေတ္တာပုံသဏ္ဌာန် ပြုလုပ်ပြီး သုံးစွဲလာကြသည့်အတွက် "သေတ္တာဆောင်ပန်း" ဟုလည်း ခေါ်ကြသည်။ ယင်းဆောင်ပန်း၏ ရှေ့ဦးပိုင်းတွင် စွယ်ရန်းထိုးလျှိုနိုင်ရန် ပြုလုပ်ထားသော

---

[၁] ***ခရီးဆောင်မြန်မာအဘိဓာန်၊*** ၂၀၀၆၊ ဗ၁ – ၁၀၅။

ပုံသဏ္ဍာန်မှာ မိချောင်းတစ်ကောင်၏ ဦးခေါင်းနှင့် ဆင်တူလှသောကြောင့် ယင်းကို "မိချောင်းပါးစပ်၊ မိချောင်းခေါင်း" ဟု တင်စားခေါ်ကြသည်။

## ၄၊၆။ ထမ်းပိုးတုံး

ထမ်းပိုးတုံးမှာ လှည်းသန်၏ ဦးပွတ်ပေါ်တွင် ကန့်လန့်ဖြတ် တည်ရှိပြီး အရှည် ၇ ပေ ရှိသည့် ၄ လက်မ ပတ်လည် ပွတ်လုံးဖြစ်သည်။ ထမ်းပိုးတုံး၏ အစွန်းနှစ်ဖက်ရှိ ကျွဲ၊ နွားတို့ ပခုံးဖြင့်ထမ်းရန်နေရာတွင် ၁ လက်မ ပတ်လည် ထုတ်ချင်းခပ် အပေါက် ၄ ပေါက် ဖောက်ထားသည်။ ယင်းအပေါက်တွင် စိုက်ထောင်ရသော တုတ်ကို "ထမ်းပိုးကြီးတုတ်" ဟု ခေါ်သည်။

## ၄၊၇။ လှည်းအိမ် ပြုလုပ်ပုံအဆင့်ဆင့်နှင့် ဉပစာစကားလုံးများ

လှည်းအိမ်ဆိုသည်မှာ ဇင်တုံးနှင့် ဆောင်ပန်းပေါ်တွင် တည်ရှိပြီး ဆန်စပါး စသည်တို့ကို သယ်ရန်နှင့် လူစီးနိုင်ရန် သစ်သားဖြင့် ပြုလုပ်ထားသော ကတ်အိမ် ဖြစ်သည်။ လှည်းအိမ်တွင် ကတ်နှစ်ခုနှင့် ရှေ့နောက် ထုတ်နှစ်ချောင်းနှင့် ဆင့်တန်း ၅ ခု ပါဝင်သည်။ ကတ်တစ်ခုလျှင် ၇ ပေ အရှည် ရှိသော အောက်ပေါင်၊ "လက်မိုးတန်း" နှင့် အမြင့် ၂ ပေခန့် ရှိသော ရုံတိုင် ၁၂ ချောင်း ရှိသည်။ ယင်း "ရုံတိုင်ခေါင်း"များကို ခေါင်းချိုးပြီး အလှဆင်ပေးကြသည်။ လှည်းအိမ်၏ အကျယ်မှာ အလျား ၇ ပေ ရှိပြီး အနံ ၄ ပေခွဲ ရှိသည်။ လှည်းအိမ်၏ နောက်ပိုင်းကို "လှည်းနောက်မြီး" ဟု တင်စားခေါ်ကြသည်။




**ပုံ (၆) လှည်းအိမ်**

လှည်းအိမ်ပေါ်သို့ ဝန်တင်သည့်အခါ ရှေ့နောက် အလေးချိန် ညီမျှအောင် တင်ရသည်။ လှည်းနောက်ပိုင်းတွင် ဝန်အလေးချိန်များသွားပါက "လှည်းဦးထောင်" လာပြီး "နောက်မြီးလန်" တတ်သည်။ လှည်းဆောင်ပန်းဘေး တစ်ဖက်တစ်ချက်တွင်

ရှေ့သို့ ကော့ထောင်နေပြီး လှည်းအိမ်နှင့် ချိတ်ဆက်ထားသော သစ်သားချောင်း[၁] ကို "စွယ်ရန်း"ဟု ခေါ်ကြသည်။ အချို့က ကြိမ်များ၊ ဝါးများဖြင့်လည်း ပြုလုပ်ကြသည်။ သစ်များ၊ ဝါးများ တင်ရန်အတွက် လှည်းအိမ်နှင့် ဆောင်ပန်းကို ဖြုတ်ထားသော လှည်းကို "လှည်းငုံးတို၊ လှည်းမြီးတို၊ လှည်းခေါင်းတုံး" ဟူ၍ တင်စားခေါ်ကြသည်။

**ပုံ (၇) လှည်းခေါင်းတုံး**





**ပုံ (၈) ခရမ်းနွားလှည်း**

ထိုသို့ လှည်းတစ်စီးတွင် အင်္ဂါအစိတ်အပိုင်းများ အားလုံးတပ်ဆင်ပြီးပါက လှပသပ်ရပ်ပြီး အသုံးဝင်သော လှည်းတစ်စီး ဖြစ်လာပေမည်။ လှည်းဟု လွယ်လွယ်ကူကူ ခေါ်ကြသော်လည်း ဤကဲ့သို့ လှည်းတစ်စီး အသေးစိတ် ပြုလုပ်ရပုံနှင့် ထူးခြားသော ဝေါဟာရအသုံးများကို သိရှိထားမှသာ မြန်မာ့နွားလှည်း၏ တန်ဖိုးမှာ ပိုမိုမြင့်မားလာနိုင်မည် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ခရမ်းနွားလှည်းဆိုင်ရာ ဝေါဟာရများကို ဘာသာစကားရှုထောင့်မှ လေ့လာခဲ့ခြင်း ဖြစ်ပါသည်။ လက်တွေ့ ကွင်းဆင်းလေ့လာကြည့်သည့်အခါ ခရမ်းနွားလှည်းကို စတင်တီထွင်ခဲ့သူနှင့် သမိုင်းအထောက်အထားအချို့ကို စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။ ထို့ပြင် ဒေသတစ်ခုနှင့်တစ်ခု လူမှုအခြေအနေကိုလိုက်ပြီး အခေါ်အဝေါ်များ ကွဲပြားကြပုံ၊ လှည်းလုပ်ငန်းဆောင်တာအသုံးများကို လူမှုအခြေအနေတွင် အကြောင်းအရာ ဆက်စပ်မှုအရ ဥပစာစကားအဖြစ် တင်စားကြပုံ၊ တင်စားရာတွင်လည်း တူညီမှုကိုလိုက်ပြီး တင်စားခေါ်ဝေါ်ကြပုံနှင့် ဆက်စပ်မှုကိုလိုက်ပြီး တင်စားကြပုံများကို တွေ့ရှိရပါသည်။

## ၁။ တူညီမှုကို အခြေခံသော ဥပစာများ

---

[၁] ခရီးဆောင်မြန်မာအဘိဓာန်၊ ၂၀၀၆၊ စာ – ၉၈။

အကြောင်းအရာတစ်ခုကို ရည်ညွှန်းသော စကားလုံးကို ထိုအကြောင်းအရာနှင့် တူသော သို့မဟုတ် ဆက်စပ်သော နောက်ထပ် အကြောင်းအရာအတွက် ပြောင်းရွှေ့ အသုံးပြုခြင်းကို "ဥပစာတင်စားသုံးခြင်း" ဟု ခေါ်ပါသည်။[၁] ခရမ်း နွားလှည်းဆိုင်ရာ ဝေါဟာရများကို လေ့လာကြည့်ပါက အခြားအကြောင်းအရာအတွက် မှည့်ခေါ်ထားသောအမည်ကို ထိုအကြောင်းအရာနှင့် တူညီမှုအပေါ် အခြေခံပြီး ဥပစာစကားများအဖြစ် သုံးစွဲကြကြောင်း တွေ့ရှိရသည်။ ယင်းစကားလုံး များမှာ "ကြာလိုက်သည်၊ ကြာခွက်သည်၊ အံလွဲသည်၊ မေးလွဲသည်၊ ငါးကြင်းကွက်၊ စွန်မြီး၊ ဆိတ်မျက်လုံး၊ ဆိတ်မျက်စိ၊ ပုစွန်မျက်စိ၊ မုန့်ပေါင်း၊ မျှော့ကြိုး၊ တံကူဗိုက်သား၊ တံကူဝမ်းလိုး၊ တံကူဝမ်းဆေး၊ ပုံတောင်း၊ ပါးဟပ်၊ ခေါင်းစို့၊ ဦးပွတ်၊ ဝက်စွယ်၊ ကျားခေါင်းဆောင်ပန်း၊ မိချောင်းပါးစပ်၊ မိချောင်းခေါင်း၊ လက်တန်း၊ လှည်းဦးထောင်၊ လှည်းနောက်မြီးလန်၊ စွယ်ရန်း" တို့ဖြစ်ကြသည်။ ထိုသို့ မူလရှိနေသောအသုံးကိုပင် အခြားအကြောင်းအရာ တစ်ရပ်၌ တူညီမှုကို အခြေခံပြီး တင်စားသုံးစွဲကြခြင်းဖြင့် ဘာသာစကား ဖောင်းပွမှု လျော့နည်းလာနိုင်မည် ဖြစ်သည်။

## ၂။ ဆက်စပ်မှုကို အခြေခံသော ဥပစာစကားများ

အကြောင်းအရာ တစ်ခုနှင့်တစ်ခု တူညီမှုအပေါ် အခြေခံပြီး တင်စားသော ဥပစာအသုံးများ ရှိသကဲ့သို့ အကြောင်းအရာ တစ်ခုနှင့်တစ်ခု လုံးဝတူညီမှု မရှိသော်လည်း အခြေအနေအရ ဆက်စပ်မှုရှိသည့်အတွက် တင်စားသုံးစွဲကြသော စကားလုံးများလည်း ရှိပါသည်။ ခရမ်းလှည်းလုပ်ငန်းဆိုင်ရာ စကားလုံးများကို လေ့လာကြည့်သောအခါ ဆက်စပ်မှုကို အခြေခံပြီး တင်စားသုံးစွဲသော စကားလုံးများအဖြစ် "ဂဟေဆက်၊ စရွေးကျ၊ လှည်းဖနောင့်သံ၊ လှည်းခတ်သံ၊ တစ်ရေစီးလှည်း၊ အူနိုက်၊ ပင်လယ်ကူး၊ ဝန်ခံတုတ်၊ ခါးတောင်းကျိုက်တုတ်၊ လှည်းငုံးတို၊ လှည်းမြီးတို၊ လှည်းခေါင်းတုံး" စသည်တို့ကို တွေ့ရှိရသည်။ ထိုသို့ အကြောင်းအရာ တစ်ခုနှင့် တစ်ခု မတူညီသော်လည်း အခြေအနေ ဆက်စပ်မှုအပေါ် အခြေခံပြီး တင်စားသုံးစွဲကြကြောင်း တွေ့ရသည်။

## ၃။ လူကိုအခြေပြုသော ဥပစာနှင့် တိရစ္ဆာန်ကို အခြေပြုသော ဥပစာစကားများ

ခရမ်းနွားလှည်းဆိုင်ရာ ဥပစာစကားများကို လေ့လာကြည့်ပါက လူနှင့် တိရစ္ဆာန်တို့၏ ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် အသွင်တူသည့် ဥပစာတင်စားမှု များကိုသာ အများဆုံး တွေ့ရသည်။ လူကို အခြေပြုသော ဥပစာစကားများမှာ

---

[၁] ခင်အေး၊ ဒေါက်တာ၊ ၂၀၀၄၊ စာ-၁၃၉။

“အံလွဲသည်၊ မေးလွဲသည်၊ တံကူဗိုက်သား၊ တံကူဝမ်းဆေး၊ အူနိုက်၊ ခေါင်းစို့၊ ဦးပွတ်၊ ခါးတောင်းကျိုက်တုတ်၊ လက်တန်း၊ လှည်းကတုံး၊ လှည်းဦးထောင်” စသည်တို့ဖြစ်ပြီး တိရစ္ဆာန်ကို အခြေပြုတင်စားသော ဥပစာစကားများမှာ “ငါးကြင်းကွက်၊ စွန်မြီး၊ ဆိတ်မျက်လုံး၊ ဆိတ်မျက်စိ၊ ပုစွန်မျက်စိ၊ မျှော့ကြိုး၊ ပါးဟပ်၊ ဝက်စွယ်၊ ကျားခေါင်းဆောင်ပန်း၊ မိချောင်းပါးစပ်၊ မိချောင်းခေါင်း၊ စွယ်ရန်း၊ လှည်းမြီးတို၊ လှည်းနောက်မြီးလန်” စသည်တို့ ဖြစ်သည်။ အခြားလုပ်ငန်းဆောင်တာတို့မှ တင်စားသုံးစွဲထားသော စကားလုံးများ ရှိသော်လည်း အရေအတွက် မများလှပေ။

**နိဂုံး**

ခရမ်းနွားလှည်းဆိုင်ရာ ဝေါဟာရများသည် ကျယ်ဝန်းနက်ရှိုင်းလှပါသည်။ နွားလှည်းတစ်စီးလုံးကို မဆိုထားနှင့် လှည်းဘီးတစ်ဘီးနှင့်ဆိုင်သော ဝေါဟာရများကိုပင် စာတမ်းတစ်စောင်အနေဖြင့် ကုန်စင်အောင် လေ့လာနိုင်မည် မဟုတ်ပါ။ နွားလှည်းနှင့်ဆိုင်သော ဝေါဟာရများကို ကျမ်းတစ်စောင်အဖြစ် ဖော်ပြမှသာလျှင် ပြည့်စုံနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထောက်အထား၊ အချက်အလက်နှင့် ခရမ်းနွားလှည်းနှင့် လှည်းလုပ်ငန်းဆိုင်ရာ ဝေါဟာရစာရင်းပေါင်းများစွာ ရှိသော်လည်း ဥပစာစကားများကိုသာ ရွေးချယ်ပြီး သုတေသနအင်္ဂါရပ်များနှင့်အညီ စာတမ်းတစ်စောင်အဖြစ် အားထုတ်ထားခြင်း ဖြစ်ပါသည်။

ဤသို့ လေ့လာခြင်းဖြင့် မြန်မာ့ရိုးရာ အမွေအနှစ်ဖြစ်သော ခရမ်းနွားလှည်းကို နှောင်းလူတို့ တန်ဖိုးထားပြီး သုတေသနပြုနိုင်စေရန်၊ မြန်မာ့နွားလှည်းဆိုင်ရာ ဝေါဟာရများ မပျောက်ပျက်စေရန် ရည်ရွယ်ပါသည်။ အထူးသဖြင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့ရိုးရာ အမွေအနှစ်များ ထိန်းသိမ်းမှု တစ်ရပ်အနေဖြင့် ဤစာတမ်းကို ပြုစုခြင်း ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ကောသလ္လ၊ **ဦး**(ဆရာတော်-)။ (၁၉၈၅)။ ***ဖြဟ္မနိရုတ္တိနယသင်္ဂဟခေါ် မြန်မာစကားလုံးပြောင်းထုံးကျမ်း*။** ရန်ကုန်၊ စာပေပေါင်းကူး။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၅)။ ***ဥပစာကမ္ဘာကြီးထဲမှာ*။** ရန်ကုန်၊ ဇွန်ပွင့် စာအုပ်တိုက်။

ခင်အေး၊ (ဒေါက်တာ)။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ စန်းရောင်ရှိန်ပုံနှိပ်တိုက်။

စိတ္တ။ (၁၉၉၁)။ ***မြန်မာ့လှည်း***။ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ(တတိယဆု)။ စာပေဗိမာန်၊ ရန်ကုန်။

ဖိုးစိန်၊ **ဦး**(ဝဇီရဗုဒ္ဓိ-)။ (ခုနှစ်မပါ)။ ***အထက်တန်း မြန်မာကဗျာဖွဲ့နည်းကျမ်း***။ ရန်ကုန်၊ တိုးစာပုံနှိပ်တိုက်။

မင်းညွန့်နှင့် ထွန်းဖေ၊ ဦး (ရွှေဘို)။ (၁၉၇၂)။ ***လှည်းယာဉ်ကြော့***၊ ဂုဏ်ရည်စာအုပ်တိုက်၊ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၁၉၈၀)။ ***မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၂)*။** ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၉)။ ***စာကိုးအဘိဓာန်*။** ရန်ကုန်မြို့၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၀၆)။ ***ခရီးဆောင်မြန်မာအဘိဓာန်၊ ဒု-ကြိမ်။*** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မှတ်ကျောက်။ (၂၀၀၄)။ ***မြန်မာ့ပန်းပဲ။*** ရန်ကုန်၊ စာပေဗိမာန်။

ဩ၊ **ဦး**(စိန္တကျော်သူ-)။ (၁၉၂၆)။ ***ဩဝါဒထူးပျို့***။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်။

### အင်္ဂလိပ်ဘာသာ

***Judson's Burmese-English Dictionary***.(1953).Baptist Board of Publications, Yangoon.

### အင်တာနက်အကိုးအကား

Wikipedia. (2017).***Metaphor.*** May 23th,2017, from http://en-wikipedia.org/wiki/Metaphor

Wikipedia. (2017).***Metonymy.*** May 23th,2017, from http://en.wikipedia.org/wiki/Metonymy

Wikipedia.(2016). ***branch - metaphor.***June 23th,2016, From http://geoffmcdonald.com/branch - metaphor

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# ပုဂံခေတ်ဦး ဗုဒ္ဓဝင် မွန်မင်စာများ လေ့လာချက်

ညိမ်းညိမ်း*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ပုဂံခေတ်ဦးက ရေးထိုးခဲ့သော ဗုဒ္ဓဝင် မွန်မင်စာများကို စုစည်းတင်ပြထားပါသည်။ နဂါးရုံဘုရား၊ ပုထိုးသားများဘုရားနှင့် ရာဇကုမာရ် ဂူပြောက်ကြီးဘုရားမှ ဗုဒ္ဓဝင် မွန်မင်စာများကို ဆက်စပ်ကာ တင်ပြထားခြင်း ဖြစ်ပါသည်။ ပုဂံခေတ်ဦးကာလက ဗုဒ္ဓဝင်လာ အကြောင်းအရာတို့ကို နှစ်သက် ရာရာ ရွေးနုတ်ပြီး စိတ်ပါဝင်စားစွာ မှတ်တမ်းတင်ခဲ့ကြပုံတို့ကို လေ့လာထား ပါသည်။ ပုဂံသားတို့ နှစ်သက်ခဲ့သော ဗုဒ္ဓဝင်မှတ်တမ်းများနှင့် မျက်မှောက်ခေတ် ဗုဒ္ဓဝင် မှတ်တမ်းများကို ဆက်စပ်လေ့လာနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ–** ***ပုဂံခေတ်ဦး ဗုဒ္ဓဝင် မွန်မင်စာများ၊ အကြောင်းအရာပိုင်း၊ မှတ်တမ်းတင်ပုံ၊ အနှစ်ချုပ်စွမ်းရည်။***

## နိဒါန်း

စာပေသည် လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ ဘာသာရေးတို့ကို သမိုင်းမှတ်တမ်းတင်ရာတွင် အဓိက ကျသည်။ ပုဂံခေတ်တွင် ဗုဒ္ဓစာပေကို အခြေခံကာ မွန်စာပေအရေးအသား စတင် ပေါ်ပေါက်ခဲ့သဖြင့် ဘာသာနှင့်စာပေသည် အတူယှဉ်လျက် တိုးတက်ဖွံ့ဖြိုး စည်ပင် လာသည်။ ဗုဒ္ဓစာပေကို မှတ်တမ်းပြုရာမှ အခြားသော စာပေအရေးအသားများလည်း တိုးတက်လာခဲ့သည်၊ အခြေကျလာခဲ့သည်။ ပုဂံခေတ်ဦးတွင် ကျောက်စာ ရေးထိုးကာ အလှူမှတ်တမ်းတင်ခြင်း အလေ့အထ ပေါ်ပေါက်ခဲ့သည်။ ထို့ပြင် ဘုရား ဂူ ကျောင်း တို့ကို လှူဒါန်းရာ၌ ဗုဒ္ဓဝင်မှတ်တမ်းများ ရေးဆွဲရာမှ ထိုပန်းချီပုံတို့ကို ညွှန်းသော ပုံညွှန်းစာများလည်း ပေါ်ပေါက်လာသည်။

ထိုသို့ ဘုရား၊ ဂူ၊ ကျောင်း နံရံတို့တွင် မင်ဖြင့် ရေးသားထားသော စာများကို မင်စာဟု ခေါ်သည်။ ဘုရားတည်၊ ကျောင်းဆောက်၊ ကုသိုလ်ကောင်းမှု ပြုသူ များသည် မိမိတို့ လှူဒါန်းထားသော သာသနိကအဆောက်အအုံများတွင် ဗုဒ္ဓဝင်၊ ဒီပဝင်၊ မဟာဝင်နှင့် ငါးရာ့ငါးဆယ်ဇာတ်နိပါတ် ပန်းချီများကို ဘုရားနံရံများ၊ မျက်နှာကြက်များ၊ မုခ်ခုံးများတွင် ရေးဆွဲကြသည်။ ထိုရုပ်ပုံများမှ အကြောင်း အရာတို့ကို ဖော်ညွှန်းပြသော ပုံညွှန်းစာများကို မင်ဖြင့် ရေးသားကြသည်။ ပုဂံ

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ခေတ်ဦးကာလတွင် မင်စာတို့ကို မွန်ဘာသာဖြင့် ရေးထိုးပြီး ပုဂံခေတ်လယ်ကာလတွင် မြန်မာဘာသာဖြင့် ရေးသားမှတ်တမ်းတင်လာကြသည်ကို လောကထိပ်ပန်မင်စာတွင် တွေ့ရှိနိုင်သည်။

ပုဂံခေတ်ဦးအခါက ကျောက်စာတို့သည် အလှူမှတ်တမ်းတို့ အသွင်ကိုဆောင်ပြီး မင်စာတို့ကမူ ပိဋကတ်တော်ဆိုင်ရာ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကိုဖော်ပြသော မှတ်တမ်းအသွင်ကို ဆောင်ပါသည်။ ဗုဒ္ဓဝင်ကို မွန်ဘာသာဖြင့် မှတ်တမ်းတင်နိုင်ရန် ပိဋကတ်စာပေကို ကျွမ်းကျင်နှံ့စပ်ရန် လိုအပ်သည့်အပြင် မွန်ဘာသာကိုတတ်ကျွမ်းပိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

ထို့အပြင် ပုံညွှန်းစာအဖြစ် လိုရင်းအချက်ကို ရေးသားနိုင်ရန် အနှစ်ချုပ်စွမ်းရည်ရှိရန်လည်း လိုအပ်ပါသည်။ မူရင်းဗုဒ္ဓဝင်လာ အကြောင်းအရာကို ပိုင်ပိုင်နိုင်နိုင် သိထားမှသာ မှတ်တမ်းတင်ရာတွင် အနှစ်ချုပ်နိုင်မည် ဖြစ်သည်။ ဗုဒ္ဓဝင်မင်စာရေးထိုးသူတို့သည် မည်သည့်အချက်ကို ဗုဒ္ဓဘာသာဝင်တို့ နှစ်ခြိုက်ကြောင်း၊ မည်သို့ အနှစ်ချုပ်သင့်ကြောင်း သိရှိသူများ ဖြစ်သည့်အလျောက် သူတို့ရေးသားခဲ့သော မွန်မင်စာတို့သည် ပုဂံခေတ်ဦး ဗုဒ္ဓဝင်စာပေများအဖြစ် ရပ်တည်နေပေသည်။

ဤစာတမ်းတွင် နဂါးရုံဘုရား၊ ပုထိုးသားများဘုရားနှင့် ရာဇကုမာရ်ဂူပြောက်ကြီးဘုရားတို့မှ ဗုဒ္ဓဝင်မင်စာများကို ဆက်စပ်တင်ပြလျက် ဗုဒ္ဓဝင်မှတ်တမ်းတစ်ခုအသွင်ဖြင့် လေ့လာတင်ပြထားပါသည်။ ပုဂံခေတ်ဦးကာလက ဗုဒ္ဓစာပေကိုမှတ်တမ်းတင်သူတို့ ရွေးချယ်တင်ပြသော အကြောင်းအရာ အသီးသီးတို့ကို နှိုင်းယှဉ်လေ့လာထားပါသည်။

နဂါးရုံလိုဏ်ဂူဘုရားသည် မြင်းကပါဒေသ နန်းဘုရား၏ တောင်ဘက်တွင်တည်ရှိပြီး ကျန်စစ်သားမင်း (၁၀၈၄-၁၁၁၃)၏ ခေတ်ဦးပိုင်း ကောင်းမှုကုသိုလ်ဖြစ်သည်။ မွန်တို့၏လက်ရာဖြစ်ပြီး အာနန္ဒာစေတီနှင့် ဆင်သည်။ စောလူးမင်း၏ရန်မှ ရှောင်ရှားနေစဉ်ကာလက ခိုလှုံရာနေရာအဖြစ် တည်ခဲ့သော ဘုရား ဖြစ်သည်ဟုဆိုကြသည်။ နဂါးရုံလိုဏ်ဂူဘုရားအတွင်း ဗုဒ္ဓရုပ်ပွားတော်တို့ကို နဂါးရုံအသွင်တည်ထားခဲ့ပြီး ကော်ရစ်တာတွင် ဆေးရေးပန်းချီများ တည်ရှိသည်။

ပုထိုးသားများ ဂူဘုရားသည် ၁၁ ရာစု အစောပိုင်းက တည်ထားသည့် စေတီဖြစ်သည်။ နတ်လှောင်ကျောင်း၏ အနောက်ဘက်တွင် တည်ရှိသည်။ တောင်သူကြီးမင်း(သို့မဟုတ်) ညောင်ဦး စောရဟန်းမင်း၏ ကောင်းမှုဟု အစဉ်အလာအားဖြင့် မှတ်ယူခဲ့သော စေတီပေါက် ဂူဘုရားတစ်ဆူ ဖြစ်သည်။ သို့ရာတွင် ဂူဘုရားပုံသဏ္ဍာန်နှင့်အတွင်းနံရံရှိ မွန်မင်စာတို့အရ ၁၁ ရာစု ခေတ်နှောင်း ဖြစ်မည်ဟု သတ်မှတ်ကြသည်။

စောလူးမင်းလက်ထက် တည်ထားခဲ့သည်ဟုလည်း သတ်မှတ်ကြသည်။ ဤဘုရား၏ ထူးခြားချက်မှာ သထုံဒေသရှိ မွန်လက်ရာစေတီတို့နှင့် တူနေခြင်း ဖြစ်သည်။ ပန်းချီ ဆေးရေးများသည်လည်း မွန်တို့၏ဟန်ပင် ဖြစ်သည်။ ကျန်စစ်သားမင်းလက်ထက်တွင် ပြုပြင်ထိန်းသိမ်းသည့် အထောက်အထားများတွေ့ရပြီး ဗုဒ္ဓဝင် အကြောင်းအရာတို့ကို မွန်မင်စာတို့ဖြင့် စေ့စေ့စုံစုံ မှတ်တမ်းတင်ထားသည်။

မြင်းကပါ ဂူပြောက်ကြီးဘုရားကို မြင်းကပါအရပ်၏ မြောက်ဘက်တွင် ရာဇကုမာရ် တည်ထားခဲ့သည်။ အေဒီ ၁၁၁၃ ခုနှစ်တွင် တည်ထားခဲ့ပြီး အိန္ဒိယဟန် ဖြစ်သည်၊ အလင်းရောင် ရယူသည့် ပုံစံမှာမူ မွန်လက်ရာများတွင် စံနမူနာပင် ဖြစ်သည်။ နံရံဆေးရေးပန်းချီများစွာ တွေ့ရှိရသည်။

စာတမ်းရှင်အနေဖြင့် မြတ်စွာဘုရား၏ ဖြစ်တော်စဉ်ကို အခြေခံကာ ဗုဒ္ဓဝင် မွန်မင်စာ တို့ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ဗုဒ္ဓဖြစ်တော်စဉ်များကို ဟောကြားရခြင်းအကြောင်း

ဂေါတမမြတ်စွာဘုရားလောင်းသည် ဒီပင်္ကရာမြတ်စွာဘုရားထံပါးတွင် သုမေဓာ ရသေ့အဖြစ် ဗျာဒိတ်ခံယူပြီး လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်ကျင့် ခဲ့သည်။ ဘုရားအဖြစ်ကို ရရှိပြီးနောက် ပရိနိဗ္ဗာန်စံဝင်သည်အထိ ဖြစ်ပျက်ခဲ့သော ဖြစ်တော်စဉ် အစုံအလင် တို့ကို ဗုဒ္ဓဝင်အဖြစ် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။

ဗုဒ္ဓဝင်အကြောင်းအရာတို့ကို ဟောကြားတော်မူခြင်း၏ အကြောင်းရင်းမှာ မြတ်စွာဘုရားသည် ကပိလဝတ်ပြည်၊ နိဂြောဓာရုံ ဥယျာဉ်တော်တွင် သာကီဝင် ဆွေတော်မျိုးတော် အပေါင်းတို့ကို ရေအစုံ မီးအစုံ ယမိုက်ပြာဋိဟာ ပြပြီးနောက် ရတနာစင်္ကြံဖန်တီးကာ လူးလာစုန်ဆန်ကြွ၍ တရားဟောကြားသည်။ ထိုအချိန်တွင် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးနေသော ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်က မြတ်စွာဘုရား၏ ဖြစ်စဉ်ကျင့်ထုံး အားလုံးကို ဟောကြားပါရန် တောင်းပန်လျှင် ကောင်းမည်ဟု စိတ်အကြံရသဖြင့် ကောင်းကင်ခရီးမှ နောက်ပါ ရဟန်းငါးရာတို့ဖြင့် ကြွလာသည်။ ရောက်လျှင် မြတ်စွာဘုရားအား ရှိခိုးလျက် ဘုရား ဆုတောင်းပုံ၊ ပါရမီဖြည့်တော်မူပုံ စသည်တို့ကို ဟောကြားရန် တောင်းပန် လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကို သက်သေပြုကာ လူပရိသတ်အပေါင်းနှင့်တကွ စကြာဝဠာ တိုက်တစ်သောင်းရှိ နတ်ဗြဟ္မာတို့အား ကိုယ်တော်မြတ်၏ ဗုဒ္ဓါနုဘာဝတရားအာနုဘော်ကိုပြကာ ဗုဒ္ဓဝံသ မဟာသမိုင်း

တော်ကြီးကို ဂါထာပေါင်း (၁၄၅၈) ဂါထာဖြင့် ဟောကြားခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓဝင်ကို မှတ်တမ်းတင်ခဲ့သော ပုဂံသားတို့၏ စိတ်ကူးစိတ်သန်းတို့ကို ဗုဒ္ဓဝင်မင်စာများအဖြစ် ပေါင်းစည်းကာ ဤစာတမ်းတွင် တင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော ဗုဒ္ဓဝင်မွန်မင်စာတို့ကို အောက်ခြေမှတ်စုဖြင့် သီးခြားဖော်ပြခြင်း မပြုဘဲ သက်ဆိုင်ရာဘုရား၏ အမည်နှင့်ကြောင်းရေ သတ်မှတ်ချက်အလိုက် ဖော်ပြသွားမည် ဖြစ်ပါသည်။

## ၁။ သုမေဓာရသေ့ ဗျာဒိတ်ခံယူပုံ

နဂါးရုံဘုရားတွင် ဒီပင်္ကရာမြတ်စွာဘုရားလက်ထက် သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံပုံကို မှတ်တမ်းပြုထားသည်။

> "ဝေါအ် ကာလ် ကျာက် ဗုဒ္ဓ တိလ်ပေါယ် ဒိပင်္ကိရ် ကု အရဟန် ပန် စွသ် လိမ် လောပ် ရမ္မနဂိရ် ရိသိ သုမေဓပဏ္ဍိတ် ကေတ် သ္ဇလ် သာလ် အန္ဒုလ် လ္ဟုက် ဗ္ဘး ဒ ဂေါး အဗာရ် ကာလ် ဂေါး ဝေါအ် မနုသ် မ အာရ် ဗိဗော်ယ် ကျာက် တြေယ် ဝေါအ် မနုသ် မ ပ ပုဇာဝ် ကျာက် တြေယ်။" (နဂါး– ၂၂)
>
> ဤကား ငါတို့အရှင် ဒီပင်္ကရာနှင့် ရဟန္တာလေးသောင်း ရမ္မာနဂရပြည် ဝင်သည်။ သုမေဓာ ပညာရှိရသေ့ ရွှံ့အပေါ် အခင်း ခင်းသည်။ ထိုပြီးနောက် အလျားမှောက်သည်။ ထိုအခါ ဤကား မြတ်ဘုရားရှေ့ သွားသောသူများ၊ မြတ်ဘုရားကို ပူဇော်သော လူများ။

ဒီပင်္ကရာမြတ်စွာဘုရားသည် ကျောက်အတိပြီးသော သုဒဿနတောင်တွင် သီတင်းသုံးနေစဉ် ပစ္စန္တဒေသ အရပ်သားတို့သည် ဆွမ်းလုပ်ကျွေးရန် ပင့်ဖိတ်သည်။ ဘုရားကြွတော်မူမည့်လမ်းတွင် ရေနှင့် ရွှံ့နွံများရှိသော အရပ်တို့ကို ပြင်ဆင်ကြ၏။ ထိုအခိုက် ဂေါတမ မြတ်စွာဘုရားလောင်း သုမေဓာရှင်ရသေ့သည် ကောင်းကင်မှ ဈာန်ခရီးဖြင့် ကြွလာစဉ် လမ်းပြင်နေသူတို့ကို မြင်သည်။ ကောင်းကင်မှ ဆင်းသက်လာပြီး အကြောင်းရင်းကို သိသောအခါ လမ်းပြင်ပေးရမည့်နေရာကို တောင်းလေသည်။ ထို့နောက် ခရီးလမ်းကို ရှင်းလင်းသုတ်သင်နေစဉ်တွင် ဒီပင်္ကရာမြတ်စွာဘုရားနှင့် ရဟန္တာလေးသောင်းတို့ ကြွလာသည်။ သုမေဓာရသေ့သည် ရွှံ့နွံတို့ပေါ်တွင် သစ်နက်ရေအခင်းကို ခင်းပြီး အလျားမှောက် အိပ်သည်။ ထို့နောက် သူ၏ခန္ဓာကိုယ်ပေါ်မှ ဖြတ်လျှောက်သွားပါရန် ပန်ကြားသည်။ ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာ

ရှင်ရသေ့ကို နောင်တစ်ချိန်တွင် ဘုရားဖြစ်မည့်အကြောင်း ဗျာဒိတ်စကား မြွက်ကြားသည်။ ထိုအခါ နတ်လူ အပေါင်းတို့သည် သုမေဓာ ရှင်ရသေ့ကား ဂေါတမ မြတ်စွာဘုရားလောင်း ဖြစ်သည်ဟု သိမြင်ကြပြီး ဝမ်းသာအားရ ဟစ်အော်ကြသည်။

> "ဝေါအ် ကာလ် ညး ရမ္မနဂိရ် ဇုကာလ် ကျာက်တြေယ် ကု အရဟာန် ပန် စွသ် လိုမ် ဗ္ဂောင် ဂေါး ကုံ ရိသိ သုမေဓပဏ္ဍိတ် သမ္ဗဿနာ ဓရ်၊ တိ ကိဝ် တြောင် တုံဗာယ် ပါက် မနုသ် တ ဂေါး လောတ် လောက် ဂုံလင် တ္လုင် သ္ဒာသည် ကျာက်တြေယ် ဟိမောအ် မ သ္ဒသ် ဟာန် လောက် ဝေါအ် ယော တြေယ် ဂး သက် ဟိမောအ် မ သ္ဒသ် ရိသိ ဗ္ဂောင်" (နဂါး– ၂၃)

မြန်မာပြန်။ ။ဤကား ရမ္မာနဂရ ပြည်သူများ မြတ်ဘုရားနှင့် ရဟန္တာ လေးသောင်းကို ကြိုဆိုသောအခါ၊ ထိုအခိုက်ပင် သုမေဓာ ပညာရှိရသေ့ တရား ဆင်ခြင်သည်။ မြေကြီး လှုပ်သည်။ ကရား၊ အိုး အက်ကွဲသည်။ ထိုလူတို့ ပြိုလဲသည်။ လောက (သား)အများလာ၍ ဤလောကဝယ် ဖြစ်အံ့သော (အကြောင်း) မည်သည် အဘယ်နည်း ဟူ၍ မြတ်ဘုရားကို မေးသည်။ မြတ်ဘုရားက ရသေ့သည် (ဘုရား) ဖြစ်လာမည့် အကြောင်း ပြောသည်။

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ဗျာဒိတ်စကားကိုကြားလျှင် နှစ်လိုသောစိတ် ရှိသည်ဖြစ်၍ ဘုရားဖြစ်စေတတ်သော ပါရမီ ဆယ်ပါး တရားတို့ကို ဆင်ခြင်သည်။ တရား၏ တန်ခိုးအာနုဘော်ကြောင့် တစ်သောင်းသော စကြဝဠာ မြေကြီးသည် ပြင်းစွာ တုန်လှုပ်သည်။ ဒီပင်္ကရာမြတ်စွာဘုရားအား လုပ်ကျွေးနေကြ သူများ တုန်လှုပ်ပြီး မြေတွင်ပြိုလဲကြသည်။ ရေအိုးတို့သည် အချင်းချင်း ထိခတ်မိကာ ကွဲကြေကုန်သည်။ လူအများလည်း ထိတ်လန့်သဖြင့် ဒီပင်္ကရာမြတ်စွာဘုရားထံ မေးမြန်းကာ အကြောင်းချင်းရာကို မေးသည်။ ဒီပင်္ကရာမြတ်စွာဘုရားက သုမေဓာ ရသေ့သည် ဘုရားဖြစ်လာမည့်အကြောင်း ဗျာဒိတ်စကားကို ပြောကြားသည်။

ထိုမှတ်တမ်းတို့တွင် ဒီပင်္ကရာမြတ်စွာဘုရားနှင့် ဂေါတမဘုရား ဖြစ်လာမည့် သုမေဓာ ရှင်ရသေ့တို့ တွေ့ဆုံပုံကို ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။ သုမေဓာ ရှင်ရသေ့က ကိုယ်ကိုအလျားမှောက်ကာ တံတားခင်းသည်မှအစ ဗျာဒိတ်ရသည်အဆုံး

နတ် ဗြဟ္မာ အပေါင်းက သုမေဓာရသေ့အား ဆုတောင်းပေးပုံတို့ကိုပါ ပြည့်စုံစွာ ရေးသားထားသည်။ ထို့ပြင် သုမေဓာရသေ့၏ တရားဆင်ခြင်မှုကြောင့် မြေကြီးများ လှုပ်ကာ အိုးများ အက်ကွဲပုံ၊ လူအများ ပြိုလဲပုံ အထိပါ စေ့စေ့စပ်စပ် မှတ်တမ်းတင် ခဲ့သည်။

## ၂။ ဗုဒ္ဓကောလာဟလဖြစ်ပေါ်ခြင်း

ရာဇကုမာရ် ဂူပြောက်ကြီးဘုရားသည် ဗုဒ္ဓဝင်မှတ်တမ်း မင်စာများကို ပြည့်ပြည့်စုံစုံ တွေ့ရသည်။ ထို့ပြင် အခြားသူများ မှတ်တမ်းတင်လေ့ မရှိသော အကြောင်းအရာများကိုလည်း မှတ်တမ်းတင်လေ့ရှိကြောင်း တွေ့ရသည်။ အလှူရှင် ရာဇကုမာရ်၏ ထူးခြားသော စိတ်ကူးစိတ်သန်းကို ဖော်ပြနေသော မှတ်တမ်းများဟု ဆိုနိုင်သည်။ မြတ်စွာဘုရား၏ ဖြစ်တော်စဉ်သာမက ဘုရားရှင် အနီးအပါးတွင် ရှိနေသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏ အကြောင်းကိုပါ စိတ်ဝင်စားဖွယ် ရေးသား ခဲ့သည်။

ဗုဒ္ဓဝင်ကို ရေးထိုးရာတွင် ဗုဒ္ဓကောလာဟလ ဖြစ်ပေါ်ခဲ့ပုံမှ စတင်ကာ မှတ်တမ်းတင်ထားသည်မှာ ထူးခြားသည်။ နှောင်းခေတ်များတွင် ထိုအကြောင်း အရာကို မှတ်တမ်းတင်ခြင်းမျိုး မတွေ့ရပေ။

အလောင်းတော် သေတကေတုနတ်သားသည် တုသိတာနတ်ပြည်တွင် နတ်တို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်း (၅၇၆၀၀၀၀၀) ကြာအောင် နတ်တို့၏ စည်းစိမ်ကို ခံစားပြီးနောက် နတ်သက်တမ်း စေ့ရန် လူတို့အရေအတွက်အားဖြင့် နှစ်ပေါင်းတစ်ထောင် စေ့ရောက်သောအခါ "အို– အချင်းတို့ ယနေ့မှ နောက်နှစ်ပေါင်း တစ်ထောင် စေ့ရောက်သောအခါ ဤလူ့ပြည် လောက၌ သဗ္ဗညုတ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူလိမ့်မည်"ဟု သုဒ္ဓါဝါသ ဗြဟ္မာကြီးတို့သည် ကောင်းကင်မှ ဟစ်အော်ကြွေးကြော်ကြသောကြောင့် ဤလူ့ပြည်တွင် "ဘုရားပွင့်တော်မူမည်တဲ့" ဟူသော ဗုဒ္ဓကောလာဟလသည် နှစ်ပေါင်းတစ်ထောင် ကပင် ကြိုတင်၍ ဖြစ်နှင့်လေသည်။ ထိုအကြောင်းကို နတ်များ အုတ်အုတ်ကျက်ကျက် ပြောဆိုနေပုံကို ဗုဒ္ဓကောလာဟလအဖြစ် ဖော်ပြထားသည်။

> "ဒေဝတာဝ် ဂုံလောင် ပ ကောလာဟလ် သ္ဓာည် ရင်သ္ဒောအ်
> ကြံမင်ဂလ် ဒေဝတာဝ် တ္လုင် သ္ဓာည် စတုရလောကပါလ်
> ကြံမင်ဂလ်" (၇–၇၅–၇၆)

မြန်မာပြန်။ ။ နတ်များ ဘုရားပွင့်လာမည့်အကြောင်း အချင်းချင်း မေးသည်။ နတ်များ လာ၍ လောကပါလ နတ်မင်း လေး(ပါး)ကို (ဘုရား) ပွင့်လာမည့် အကြောင်း မေးသည်။

ဗုဒ္ဓကောလာဟာလ ပေါ်ပေါက်လာလျှင် နတ်များ အချင်းချင်း မေးကြသည်။ ထို့နောက် လောကပါလ နတ်မင်းကြီးလေးပါးတို့အား သွား၍ မေးကြပြန်သည်။ တဖန် နတ်များနှင့် လောကပါလ နတ်မင်းလေးပါးတို့ စုဝေးကာ သိကြားမင်းထံ သွားပြီး မေးကြပြန်သည်။ ဘုရားပွင့်လာမည်ဖြစ်၍ နတ်ဗြဟ္မာတို့ စိတ်လှုပ်ရှား နေပုံကို ဖော်ပြထားသည်မှာ အလွန်ကြည်နူးဖွယ် ဖြစ်ပါသည်။ ဗုဒ္ဓဝင်မှတ်တမ်း များကို မှတ်တမ်းတင်ရာတွင် အခြားဖြစ်တော်စဉ်များကို ခေတ်အဆက်ဆက် ရွေးချယ် မှတ်တမ်းတင်ကြပုံခြင်း တူညီသော်လည်း ဗုဒ္ဓကောလာဟလကို မှတ်တမ်းတင်ခြင်းမှာ ရှားပါးလှသည်ဟု ဆိုချင်ပါသည်။

## ၃။ မယ်တော်မာယာ အိပ်မက်ခန်း

ရာဇကုမာရ် ဂူပြောက်ကြီးဘုရားတွင် ဘုရားလောင်း ပဋိသန္ဓေယူပုံ၊ မယ်တော် အိပ်မက်ပုံတို့ကစ၍ အသေးစိတ် ရေးဖွဲ့ခဲ့သည်။ မယ်တော်အား လောကပါလနတ်မင်းကြီး လေးပါးတို့၏ဇနီး နတ်မိဖုရားများက အနောဝတတ်အိုင်တွင် ရေချိုးပေးပုံကို အသေးစိတ် ရေးဖွဲ့ထားသည်။

"(အန္တလ်) တွော်အာ် မနဝ်သိလာ ကိန္ဒရ် လောကပါလ် ဒိန္ဒိင် ဂ္ဋကျောက် အာရ် ဖ္ဟုမ် ဟန် က္လည္တအ် အနဝတတ္တ ---- ဝိမာန် ထရ် အ္တန္တု ---- နောရ် တွော်အာ် လောကပါလ် ပန် မင် ဂ္ဋကျောက် ရပ် ကု သ္ဒေက်" (ဂူ– ၁၊ ၃)

မြန်မာပြန်။ ။ မနောသီလာ ကျောက်ထက် လောကပါလ နတ်မင်း (တို့)၏ ဇနီး (များ) မိဖုရားကို သယ်ဆောင်၍သွားသည်။ အနောဝတတ်ကန်ဝယ် ရေချိုး (ပေး) သည်။ ရွှေဗိမာန် အပေါ် ---- ကျောက်ထက် ---- လောကပါလ နတ်မင်း လေးပါး မိဖုရားကို သံလျက်ကိုင်စွဲ၍ စောင့်ရှောက် သည်။

စတုမဟာရာဇ် နတ်မင်းလေးပါးတို့သည် မိဖုရားကို အိပ်ရာသလွန်နှင့်တကွ ချီ၍ ဟိမဝန္တာသို့ ဆောင်ပြီးလျှင် ယူဇနာခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာ၏တည်ရာ အင်ကြင်းပင်ကြီး၏အောက်၌ ချထား၏။ ထိုအခါ နတ်မိဖုရား လေးဦးတို့သည် လာ၍ ဘုရားလောင်းမယ်တော်အား သီတာနဝတတ်ရေကို ချိုးစေ ပြီးလျှင် နတ်တို့၏ ပန်းနံ့သာတန်ဆာကို ဆင်ယင်လျက် ငွေတောင်ထွတ်အထက်၌ ရှိသော ရွှေဗိမာန်သို့ဆောင်၍ အိပ်စေပြန်၏။ ထိုအခါ ငွေသာခွာတောင် သို့သော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှ လာ၍ မိဖုရား၏ နံပါးကို လှစ်၍ ဝင်သည်။ စတုမဟာရာဇ် နတ်မင်းလေးပါးတို့သည် သံလျက်ကို ကိုင်စွဲလျက် စောင့်ရှောက် သည်ဟု ဘုရားလောင်း၏ မယ်တော်သည် အိပ်မက်မက်လေသည်။ လောကသုံးပါး၌ အထွတ်အမြတ်ဖြစ်သော မြတ်စွာဘုရား လူ့ပြည်၌ မွေးဖွားသန့်စင် မလာမီ ထူးခြားသော ဘုန်းကံရှင်ပီပီ ထူးခြားစွာ ပဋိသန္ဓေယူပုံ၊ ဘုရားလောင်းကို ဖွားမြင် ပေးမည့် မိခင်အား နတ်တို့က ကူညီမှုိင်းမပုံကို မှတ်တမ်းတင်ထားသည်။

## ၄။ ဖွားတော်မူခန်း

ရာဇကုမာရ် ဂူပြောက်ကြီးဘုရား မင်စာတွင် ဖွားတော်မူခန်းကို မှတ်တမ်း တင်ရာတွင် မိဖုရားက အိပ်မက်ကို ပြောပြခန်းမှ အစချီသည်။

> "ဂ္ဍကျောက် ကိန်ကာလ် အပွေါအ်၊ ဂ္ဍကျောက် အာရ်၊ ဂ္ဍကျောက် ပရ်သုတ် ဍေယ်၊ ဇောခိသတ် ကုတ ဇောယ် ဥတ္တရ် တွေက် ဒံပေါး တဝေါက်" (ဂူ-၄-၇)
>
> မြန်မာပြန်။ ။ မိဖုရား အိပ်မက်ပြောသည်။ မိဖုရား သွားသည်။ မိဖုရား --- တွင် မွေးဖွားသည်။ ဘုရားလောင်း မြောက်ဘက်သို့ မျက်နှာမူ၍ ခြေလှမ်း ခုနစ်လှမ်း လျှောက်သည်။

ဘုရားလောင်းသည် ဖွားမြင်ကာစ၌ပင် အရှေ့အရပ်မှ မြောက်ဖက်သို့ လှည့်တော်မူလျက် ခုနစ်ဖဝါး သွား၍ မတ်မတ်ရပ်တန့်ပြီးသော် -

> "အဂ္ဂေါဟ မသ္မိ လောကဿ ဇေဋ္ဌောဟ မသ္မိ လောကဿ သေဋ္ဌောဟ မသ္မိ လောကဿ"

ဟူသော သုံးခွန်းသော စကားဖြင့် ကြုံးဝါးတော်မူသည်။

"သို်င် မွအ် ဂွကျော်က် ပိန္ဒောင် ဂွကျောက် စောဝ် တုန် ဟန် ဍုင်
သို်င် ညီသီဒွေါဟ်" (ဂူ–၈)

မြန်မာပြန်။ ။ မိဖုရား ဖခင်မင်းသည် သုဒ္ဓေါဓနမင်းပြည်သို့
တစ်ဖန် အပြန် စောင့်ရှောက်သည်။

အလောင်းမင်းသားကို မဖွားမီ မယ်တော်သည် ဖခင်၏ တိုင်းပြည်သို့ ပြန်လိုသော ဆန္ဒဖြစ်ပုံနှင့် လမ်းခရီးတွင် ဘုရားလောင်းကို ဖွားမြင်တော်မူပုံ၊ ပြည်ကြီး နှစ်ပြည်မှ ရောက်လာကြသော ဆွေမျိုးအပေါင်းတို့သည် ကောင်းစွာ ဝန်းညီ၍ ကပိလဝတ်ပြည်သို့ ပြန်ပို့ကြပုံကို ဖော်ပြထားသည်။

## ၅။ ကာလဒေဝိလရသေ့ ရှိခိုးခန်းနှင့် နိမိတ်ဖတ်ခန်း

ပုထိုးသားများ ဘုရားတွင် ကာဠဒေဝိလရသေ့က ဘုရားလောင်းအား ရှိခိုးပုံကို မှတ်တမ်းတင်ထားသည်။ ကာဠဒေဝိလရသေ့သည် တာဝတိံသာတွင် နတ်များက ဘုရား ကပိလဝတ်ပြည်တွင် ဘုရားလောင်း ဖွားမြင်ပြီဖြစ်၍ တရားနာရတော့မည်၊ ဘုရားဖူးရတော့မည်ဟု အချင်းချင်း ပြောဆိုနေကြသည်ကို ကြားသဖြင့် ကပိလဝတ် နန်းတော်သို့ ကြွချီလာသည်။ ထို့နောက် သုဒ္ဓေါဓနမင်းကြီးအား ဘုရားလောင်းကို ဖူးတွေ့လိုကြောင်း ပြောသည်။ မင်းကြီးလည်း သားတော်အား ရင်ခွင်တွင် ထားပြီး ရသေ့ကြီးကို ရှိခိုးရန် လက်ယှက်ပေးလိုက်သည်။ ထိုအခိုက် ဘုရားလောင်းသည် ပျံတက်၍ ရသေ့ကြီး၏ ဦးထိပ်ပြင်တွင် တည်လေသည်။

"ဝေါအ် ကာလ် ရိသိ ကာလဒေဝိလ လောရ် ဗောဓိသတ်
တိလေဲယ် ဗျာဒေဿ် သ္ဒသ် ကျောက်" (ပုထိုး–၅)

မြန်မာပြန်။ ။ ဤကား ကာလဒေဝိလရသေ့သည် ဘုရားလောင်း
အား ရှိခိုးသည်၊ ဘုရားဖြစ်မည်ဟု အရှင် ဗျာဒိတ်
ပေးသည်။

"ဝေါအ် ကာလ် ဗုံနး က္ဍံ ဒိဉ္ဍာမ် မေဃ် လက် အန် ဗောဓိသတ်
တိလေဲယ်" (ပုထိုး–၆)

မြန်မာပြန်။ ။ ဤကား ပုဏ္ဏား တစ်ရာ့ရှစ်ယောက်
ဘုရားလောင်း၏ လက္ခဏာ ကြည့်သည်။

ဘုရားလောင်း၏ ထူးခြားသော အပြုအမူကို မြင်လျှင် ဘုရားစင်စစ် ဖြစ်လိမ့်မည်ဟု ကာဠဒေဝိလရသေ့က ပြောကြားသည်။ ထို့နောက် အမည်မှည့်ရန်

ပုဏ္ဏား တစ်ရာ့ရှစ်ယောက်တို့ကို ပင့်၍ အလှူပြုကာ လက္ခဏာဖတ်စေသည့် အကြောင်းကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

## ၆။ လယ်ထွန်မင်္ဂလာနှင့် လေးတင်ခန်း

ဘုရားလောင်းသည် ဖခင်မင်းကြီး လယ်ထွန်မင်္ဂလာပြုနေစဉ် သပြေပင်ရင်းတွင် ထိုင်ကာ ကမ္မဋ္ဌာန်း စီးဖြန်းနေပုံ၊ အရွယ်ရောက်ချိန်တွင် လေးပစ်အစွမ်းပြပုံ တို့ကို ရာဇကုမာရ် ဂူပြောက်ကြီးနှင့် ပုထိုးသားများဘုရားတို့တွင် မှတ်တမ်းတင်ထားသည်။

"သို့မိင်ညြိသိဒ္ဓေါပ်ာ် တိတ်စဝ်တိ ---- ဗောဓိသတ် တာဝ် ထဝါယ် ဟန် တံ တြေ ----" (ဂူ-၁၄-၁၅)

မြန်မာပြန်။ ။ သုဒ္ဓေါဓနမင်း မြေသို့ထွက်သည်။ ဘုရားလောင်း (ဇမ္ဗူသပြေ) ပင်ရင်းဝယ် ထက်ဝယ် ဖွဲ့ခွေ ထိုင်သည်။

"ဝေါအ် ကာလ် ဗောဓိသတ် တြေယ် ပ ပြာတိဟာ ဍေယ် တံ ကြေင် ဇံမ္ဗူ" (ပုထိုး-၇)

မြန်မာပြန်။ ။ ဤကား မြတ်ဘုရားလောင်း ဇမ္ဗူသပြေပင် အရင်းတွင် ပြာဋိဟာ ပြသည်။

"ဗောဓိသတ် တု၏ ကွတ် ကြမ် ပည် တုအ်" (ဂူ-၁၆)

မြန်မာပြန်။ ။ဘုရားလောင်း လေးပစ် အစွမ်းပြသည်။

လေးတင်ခန်းကို ရာဇကုမာရ် ဂူပြောက်ကြီးတွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

## ၇။ ဥယျာဉ်ထွက်ခန်းနှင့်တောထွက်ခန်း

ဘုရားလောင်းသည် ဥယျာဉ်သို့ ထွက်တော်မူရာ သူအို၊ သူနာ၊ သူသေ၊ ရဟန်း စသော နိမိတ်ကြီး လေးပါးကို မြင်တော်မူသည်။ သားတော် ရာဟုလာ မွေးဖွားသည့် အကြောင်းကိုလည်း ကြားသိခဲ့၏။ ဥယျာဉ်မှ ပြန်လာသောအခါ ကိသာဂေါတမီ၏ သီကြူးသံကို ကြားရ၍ တရားသံဝေဂရပြီး ဆရာစားပြုသည့် အနေဖြင့် တန်ဖိုး တစ်သိန်းထိုက်သော ပုလဲသွယ်ကို ကိသာဂေါတမီထံ ပို့စေသည့်

အကြောင်းကို ရာဇကုမာရ် ဂူပြောက်ကြီးနှင့် ပုထိုးသားများဘုရားရှိ မင်စာတို့တွင် ပြည့်ပြည့်စုံစုံ ရေးသည်။

"ဗောဓိသတ် တိတ် ဉယျာဉ် ညာစ် ညး ပ္ဍအ် စောဝ်တုန်" (ဂူ–၁၉)

မြန်မာပြန်။ ။ ဘုရားလောင်း ဥယျာဉ် ထွက်သည်။ သူအို မြင်သည်။ တစ်ဖန် ပြန်သည်။

"ဝေါအ် ကာလ် တြေယ် တိတ် ဝိည် ဥယျာန် တြေယ် ညာစ် ပါဗနိမိတ် ပန်" (ပုထိုး–၁၁)

မြန်မာပြန်။ ။ ဤကား အရှင်မြတ် ဥယျာဉ် ထွက်သည်။ အရှင် နိမိတ် လေးပါး မြင်သည်။

ကိသာဂေါတမီသည် သိဒ္ဓတ္ထမင်းသား ပြန်လာသည်ကို မြင်လျှင် လှပ တင့်တယ်သော မင်းသား၏အဆင်းကို နှစ်သက်ခြင်း ဖြစ်သောကြောင့် ထိုမင်းသား ကဲ့သို့သော သားမျိုး၊ ခင်ပွန်းမျိုးကို ပိုင်ဆိုင်ရသည့် မိဘနှင့်ဇနီးသည်တို့သည်ကား ကံထူးသည်ဟု အနက်ရသော ဂါထာကို သီကျူးလေသည်။

"---- ပိန္ဒောင်ကိလ် သုဝဏ္ဏမာလ် ကုကိသာဂေါ----" (ဂူ–၂၂)

မြန်မာပြန်။ ။ ကိသာဂေါတမီအား ရွှေပန်းကုံး ပို့ပေးသည်။

"ဝေါအ် ကာလ် ကောန် ဗြောဝ် သ္ဒိုင် မ ဟိမောအ် ကိသာဂေါတမိ ဝနိနာ တိလ္လဲယ် တိလ္လဲယ် ပိန္ဒောင် ကိလ် ဍ္ဍေယ်" (ပုထိုး–၁၄)

မြန်မာပြန်။ ။ ဤကား ကိသာဂေါတမီမည်သော မင်းသမီး အရှိအသေပြုသည်။ အရှင် လည်ဆွဲ ပို့ပေးသည်။

ထိုသို့ သီကျူးသံကို ကြားလျှင် သိဒ္ဓတ္ထမင်းသားသည် အသိဝင်လာသည်။ မမြဲသော ရုပ်နာမ်တို့ကို တွယ်တာနေပါက အကျိုးမဲ့ပင် ဖြစ်သည်။ ယနေ့ပင် တောအရပ်ဝင်ကာ ရဟန်းပြု၍ နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာမှီးတော့မည်ဟု အကြံဖြစ်သောကြောင့် ဆရာစားပေးသည့် အနေဖြင့် ပုလဲသွယ်ကို ပေးပို့ခြင်း ဖြစ်သည်။ ထိုအကြောင်းအရာကို ထူးထူးခြားခြား ရွေးနုတ်မှတ်တမ်းတင်သည်ကို တွေ့ရသည်။

ဘုရားလောင်းသည် နန်းတော်အတွင်း စံနေစဉ် ကချေသည်တို့က တီးမှုတ် ကပြ ဖျော်ဖြေကြသည်။ ဘုရားလောင်းသည် ငြီးငွေ့သည်ဖြစ်၍ ထိုအာရုံတို့ကို

မပျော်ပိုက်ဘဲ အိပ်ပျော်သွား၏။ ညဥ့်ဦးယံလွန်သော် နိုးလာပြီး အိပ်ပျော်နေသော ကချေသည်တို့၏ ပုံပန်းကို တွေ့မြင်ရပုံကို အောက်ပါအတိုင်း မှတ်တမ်းတင်သည်။

"---- ဝါယ် မေယ် ဇိည်ဖေး ရိန္ဒေး မ သ္တိတ် ႄွာယ်သောက်" (ဂူ-၂၄)

မြန်မာပြန်။ ။ (ထက်ဝယ်ဖွဲ့ခွေထိုင်သည်) ဆံပင်ဖရိုဖရဲ(နှင့်) အိပ်ပျော်နေသော သီဆိုကခုန် (သူများ)ကို ကြည့်သည်။

ဘုရားလောင်း တောထွက်ခြင်းသည် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရှာဖွေခြင်းဖြစ်၍ နတ်ပြဟ္မာများက ကူညီဆောင်ရွက်ကြသည်။ သာခု ခေါ်ကြသည်။

"ဝေါအ်ကာလ် တြေယ် ချက် ကေ္ဓး-- ဒေဝတာဝ် ဂုံလိင် ပ သာခု ကာရ်" (ပုထိုး- ၁၆)

မြန်မာပြန်။ ။ ဤကား မြတ်ဘုရား၊ မြင်း(စီး) ---- နတ် အပေါင်း သာခုခေါ်သည်။

ဘုရားလောင်းသည် အနော်မာမြစ်ကို ဖြတ်ကူးသည်။ စန္ဒအမတ်နှင့် ကဏ္ဍက မြင်းတော်ကို နေပြည်တော်သို့ ပြန်လွှတ်ကာ ဆံပယ်သည်။ ရဟန်းပြုပြီးနောက် အနုပိယ သရက်တောတွင် ခုနစ်ရက် နေပြီးလေသော် ယူဇနာ သုံးဆယ် ရှိသော ခရီးကို နေ့ချင်းသွား၍ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်လေသည်။

"တလဲာယ် တာဝ် ဍေယ် အနုပိယ အမ္ဗ -- ဗဗောင် သ္လောင် ချင် ရာဇဂြိုး" (ဂူ - ၂၈)

မြန်မာပြန်။ ။ ငါ့ရှင် အနုပိယ သရက် (တော)တွင် နေသည် --- ရာဇဂြိုဟ်ပြည်သို့ ဝင်မည်။

ရာဇဂြိုဟ်ပြည်သို့ ဘုရားလောင်း ဆွမ်းခံကြွလာသည်ကို ဗိမ္ဗိသာရမင်းကြီး မြင်သောအခါ အလွန်နှစ်သက်ခြင်း ဖြစ်၏။ ဗိမ္ဗိသာရမင်းကြီးသည် ဘုရားလောင်း ကြွသွားရာသို့ မင်းချင်း တစ်ဦးအား လိုက်လံကြည့်ရှုစေသည်။

"ဍေယ် သံဒိုင် တွေ္ဓာအ် ပံစပဏ္ဍော ဗောဓိသတ် ႄစ္ဓာလ် ပိဏ္ဍပါတ် ႄဗ္ဓး သ္မိင် ဗိမ္ဗိသာရ် မောယ် သိကော်အ် ကု ဗုံနး ဂဟပတိ ဂုံလိင်

တ္လုင် နိမန် ဗောဓိသတ် န ကိရ်မိန် ဗောဓိသတ် သက် မိစ်”
(နဂါး– ၁၀)

မြန်မာပြန်။ ။ ပဥ္စပဏ္ဏာဝတောင် အရိပ်တွင် ဘုရားလောင်း ပိဏ္ဍပါတ် ဆွမ်းစားသည်။ ပြီးသော် ဗိမ္ဗိသာရမင်း တစ်(ပါး) အခြွေအရံများနှင့် ဂဟပတိပုဏ္ဏားများ လာ၍ ဘုရားလောင်းကို အုပ်ချုပ် (မင်းပြု)ရန် ဖိတ်ကြားသည်၊ ဘုရားလောင်း ငြင်းပယ်သည်။

ဘုရားလောင်းသည် ဆွမ်းဘုဉ်း ပေးနေစဉ် ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားလောင်းထံလာ၍ တိုင်းပြည်ကို ထက်ဝက်ပေးအပ်ကာ မင်းပြုပါရန် တိုက်တွန်းသော်လည်း ဘုရားလောင်းက ငြင်းပယ်လေသည်။ ထိုအခါ မင်းကြီးက ဘုရားဖြစ်လျှင် ရာဇဂြိုဟ်ပြည်သို့ လာရောက်ကာ တရားဟောပါမည့်အကြောင်း တောင်းပန်ရာ ဘုရားလောင်းက ဝန်ခံကတိပေးခဲ့သည်။ ထို့နောက် ဘုရားလောင်းသည် ဥရုဝေလတောသို့ ဝင်ကာ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်လေသည်။ သို့သော် ထိုအကျင့်သည် ဘုရားအဖြစ်ကို မရနိုင်မှန်းသိ၍ ထိုအကျင့်တို့ကို ပယ်ကာ ဆွမ်း အလို့ငှာ သေနနိဂုံးအနီး ညောင်ပင်ရင်း၌ ဆွမ်းခံချိန်ကို စောင့်ဆိုင်းကာ နေတော်မူ၏။ ထိုအခါ သုဇာတာ သူဌေးသမီးသည် ဘုရားလောင်းအား ညောင်ပင်စောင့် ရက္ခစိုးနတ် အထင်ဖြင့် တစ်သိန်းသော ရွှေခွက်၌ ဃနာနို့ဆွမ်းကို ထည့်၍ လှူဒါန်းလေသည်။

“ဖြေယ် သုံဒုင် ပရမန် သုဇာတာ၊ –––– အာရ် ဒေဝတာဝ် ပ ပူဇာဝ်” (ဂူ–၃၂–၃၃)

မြန်မာပြန်။ ။ –––– ဗောဓိညောင်ပင်အောက် သုဇာတာ၏ နို့ဆွမ်း ခံယူသည်။ –––– သွားသည်။ နတ် ပူဇော်သည်။

ဘုရားလောင်းသည် နို့ဆွမ်းကို ဘုဉ်းပေးပြီးနောက် ဗောဓိပင်ရှိရာ အရပ်သို့ သွားစဉ် မြက်ရိတ်သမားက မြက်ရှစ်ဆုပ် ပေးပုံကိုလည်း မှတ်တမ်းတင်သည်။

“တြေယ် တွေက်အာရ် သောထိယော ကိလ် ကမ္ဗတ် ဒိညာ္ဒမ် ဍ္ကေမ်” (ဂူ–၃၄)

မြန်မာပြန်။ ။ အရှင်မြတ် လမ်းလျှောက်သွားသည်။ သောတ္ထိယ မြက်ရှစ်ဆုပ် ပေးသည်။

မြက်ရုစ်ဆုပ်ကို ဗောဓိပင်ရှိရာ အရပ်တွင် အဖျားမှ ကိုင်ပြီး ကြဲဖြန့်တော်မူလျှင် တစ်ဆယ့်လေးတောင် ကျယ်ဝန်းသော အပရာဇိတပလ္လင် ပေါ်ပေါက်လာသည်။ ထိုပလ္လင်ထက်တွင် ဘုရားအဖြစ်ကို ရခဲ့သည်ဖြစ်၍ မြက်ရှစ်ဆုပ်အလှူပြုခြင်း အကြောင်းကို မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ ဘုရားအဖြစ်ကို ရပြီးနောက် တရားဟောပုံတို့ကိုလည်း ဖော်ပြထားသည်ကို တွေ့ရသည်။

"တြေယ်အာရ် ဒသ် –––– မဟာ၊ ဗုဒ္ဓ တရ်လေယ် တောသ် –––
တရ်လေယ် တောသ် ခရ်" (၇–၃၅–၃၇)

မြန်မာပြန်။ ။ အရှင်မြတ် ဖြစ်သွားသည်။ –––– မဟာ၊ ဗုဒ္ဓ အရှင် တရားဟောသည်။ အရှင် တရားဟောသည်။

သိဒ္ဓတ္ထမင်းသား တောထွက်လာသည်မှ ဘုရားအဖြစ် ရောက်သည်အထိ ဖြစ်စဉ်များကို ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားကြောင်းကို တွေ့နိုင်ပါသည်။

## ၈။ ဓမ္မစကြာ တရားဟောခန်း

ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မိဂဒါဝုန်တောသို့ ဝင်၍ ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာ တရားဦးကို ဟောတော်မူသည့် အကြောင်းကို နဂါးရုံဘုရားတွင် မှတ်တမ်းတင်ထားသည်။

"ဍေယ် က္လသိပတန မိဂဒါဝန် ကျာက် ဗုဒ္ဓ တလေယ် –––
တောသ် ခရ် ခရ် မ ဝက် –––" (နဂါး– ၁၄)

မြန်မာပြန်။ ။ က္လသိပတန မိဂဒါဝုန်တွင် ငါ့ရှင် ဗုဒ္ဓဘုရား ဟောသည် –

ဓမ္မစကြာ တရားဟောသောအခါ ပဉ္စဝဂ္ဂီရဟန်းတို့ ဧဟိဘိက္ခု ရဟန်းဘဝသို့ ရောက်ကာ သောတာပန် တည်လေသည်။

ထို့အတူပင် ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ ရဟန်းအဖြစ်သို့ ရောက်တော်မူပုံကို ပုထိုးသားများ ဘုရားတွင် ဖော်ပြထားသည်။

"ဝေါအ် ကာလ် တိလပေါယ် တာဝ် ဍေယ် ဂြိပ် ကောလ် တိံသ
ဘဒဝဂ္ဂိကုမာရ် ဂေါအ် သောတာပန် သကဒါဂမိင် အနာဂါရိုန်
မောယ် သိကော်ာအ် ကု ပရိသတ် ဍေး (ပုထိုး– ၂၆)

မြန်မာပြန်။ ။ ဤကား ငါတို့အရှင် ကောလိယတွင် နေသော အခါ ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ် သောတာပန်၊ သကဒါဂမ်၊ အနာဂမ် ရသည်။ အပေါင်းအပါ တစ်(ဦး)နှင့် သင်းတို့ ပရိသတ်

ဥရုဝေလ၊ ကဿပ ညီနောင်တို့ကို ချေချွတ်ပုံအား နဂါးရုံဘုရားတွင် ပြည့်ပြည့်စုံစုံ ရေးသားထားသည်။ မြတ်စွာဘုရားသည် ဥရုဝေလတောအုပ်သို့ ဝင်၍ ဥရုဝေလ ကဿပ၊ ဂယာပဿပ ဟူသော ရသေ့ညီနောင် သုံးဦးတို့အား အယူအဆ လွဲမှားနေခြင်းမှ ကင်းလွတ်၍ ရဟန်းဘဝသို့ ရောက်စေခဲ့သည်။ ထို့နောက် ရာဇဂြိုဟ်ပြည်သို့ ကြွလာပြီး ထန်းတောဥယျာဉ်သို့ ဝင်၍ သီတင်းသုံးနေလေသည်။ ဗိမ္ဗိသာရမင်းကြီးကြားလျှင် တစ်သိန်းနှစ်သောင်း မျှလောက်သော မှူးမတ် သူဌေး၊ ပုဏ္ဏားတို့ ခြံရံလျက် မြတ်စွာဘုရားထံ လာ၏။ ထိုသူ အပေါင်းတို့သည် ငါတို့ဆရာ ကဿပသည် ဂေါတမ ရဟန်းကြီးထံ နည်းခံ၍ ကျင့်ရလေသလော သို့မဟုတ် ရဟန်းကြီး ဂေါတမသည်ပင်လျှင် ကဿပ ရသေ့တို့ထံ၌ နည်းခံ၍ ကျင့်လေ သလောဟု တွေးတောကြ၏။ ဘုရားသခင်လည်း ထိုသူတို့ အကြံကို သိတော်မူ၍ ဥရုဝေလ ကဿပကိုယ်တော်ကို ခေါ်ကာ မည်သည့်အတွက်ကြောင့် ယခင်က ကျင့်သုံးသော အယူဝါဒကို စွန့်သနည်းဟု မေးလေသည်။

"တြေယ် အရုဝေလ ကဿပ ကုလေင် တိန် ဟန္တုလ် အာကာသ် ပ ပြာဋိဟာရ် ဌး စိသ် လောရ် ကျာက် ဗုဒ္ဓ တလေိယ်" (နဂါး– ၇)

မြန်မာပြန်။ ။ (အရှင်)မြတ် ဥရုဝေလကဿပ အာကာသ အပေါ် တက်၍ လွင့်မျောသည်၊ (ဈာန်နှင့် သွားသည်) ပြာဋိဟာ ပြသည်။ ပြီးသော် ဆင်း၍ ငါ့ရှင် ဗုဒ္ဓဘုရားကို ရှိခိုးသည်။

ဥရုဝေလ ကဿပသည် ဘုရားအားရှိခိုး၍ အရှင်ဘုရားသည် ဆရာ ဖြစ်သည်။ ကျွန်ုပ်သည် တပည့်တည်းဟု လျှောက်တင်ကာ ထန်းတစ်ဖျားအမြင့်ရှိ ကောင်းကင်သို့ ပျံတက်သည်။ တစ်ဖန် ကောင်းကင်မှဆင်း၍ လျှောက်တင်ပြန်၏။ ထို့နောက် ထန်း ခုနှစ်ဖျားတိုင်အောင် တက်၍ တစ်ဖန် ဆင်း၍ "ရှင်ပင်ဘုရားသည် ဆရာတည်း၊ ကျွန်ုပ်သည် တပည့်တည်း" ဟု လျှောက်တင်ကာ လူအများ၏သံသယကို ပြေပျောက် စေခဲ့သည်။ ထိုအခါ ဘုရားရှင်သည် ဒိဋ္ဌိအယူ ရှိသော ဥရုဝေလကို ယခုသာ

ဆုံးမသည် မဟုတ်၊ ရှေး၌လည်း ဆုံးမဖူးပြီဟု မိန့်လျက် မဟာနာရဒဇာတ်တော်ကို ဟောလေသည်။

> "ကျာက် ဗုဒ္ဓ တလေဲယ် တာဝ် ဍေယ် လတ္တဝန ဥယျာန် သ္ငိုင် ဗိမ္ဗိသာရ် ကု ညး စသ် ဓါရ် လဟုတ် ဗုံနး ဂဟပတိ ဂုံလိင် မ ဒသ် သောတပန် စသ် မောယ် လဟုတ် မ ဒသ် ဥပါသ် မောယ် လဟုတ်" (နဂါး– ၇)
>
> မြန်မာပြန်။ ။ ငါ့ရှင် ဗုဒ္ဓဘုရား လဋ္ဌိဝန (ထန်းတော) ဥယျာဉ်တွင် နေသည်။ ဗိမ္ဗိသာရမင်းနှင့် တစ်သိန်း နှစ်သောင်း (သော) သူများ၊ သောတာပန် ဖြစ်သော တစ်သိန်း တစ်သောင်း (သော) (သူများ)၊ ဥပါသိကာ ဖြစ်သော တစ်သောင်း

မြတ်စွာဘုရားသည် မဟာနာရဒဇာတ်ကို ဟောတော်မူ၍ သစ္စာလေးပါးကို ပြတော်မူသော အဆုံး၌ ဗိမ္ဗိသာရမင်းနှင့် တစ်သိန်းနှစ်သောင်းသော ပုဂ္ဂိုလ်များ အနက် တစ်သိန်းတစ်သောင်းသော သူတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ တစ်သောင်းသော ပုဏ္ဏား သူကြွယ်တို့သည် သရဏဂုံ၌ တည်သူများ ဖြစ်လာသည်။

## ၉။ အဘိဓမ္မာ တရားဟောခန်း

မြတ်စွာဘုရားသည် အဘိဓမ္မာ တရားဟောရန် တာဝတိံသာ နတ်ပြည်သို့ မတက်မီ တိတ္ထိတို့အား တန်ခိုးပြာဋိဟာပြသည့် အကြောင်းကို မှတ်တမ်းတင်ထားသည်။ တိတ္ထိတို့သည် ပြာဋိဟာပြမည်ဟု ကြွေးကြော်ကာ မဏ္ဍပ်အသီးသီး ဆောက်လုပ်ကြသည်ကို ပသေနဒီကောသလမင်းကြီး မြင်လျှင် ဘုရားထံလာပြီး မြတ်စွာဘုရားအား မည်သည့်နေရာတွင် တန်ခိုးပြာဋိဟာ ပြမည်နည်းဟု မေးလျှောက်သည်။ သရက်ပင်ရင်းတွင် ပြမည်ဟု မြတ်စွာဘုရားက ဖြေကြားသည်ကို သိလျှင် တိတ္ထိတို့သည် သရက်ပင်များကို ခုတ်လှဲပစ်လေသည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည်သို့ ကြွချီလာချိန်တွင် ဂန္ဓ အမည်ရှိသော ဥယျာဉ်စောင့်သည် ခါချဉ်အုံအတွင်း ကြွင်းကျန်နေသော သရက်သီးတစ်လုံးကို မင်းကြီးအား ဆက်သရန် ယူလာသည်။ လမ်းတွင် မြတ်စွာဘုရားနှင့် ဆုံသောအခါ မြတ်စွာဘုရားအား လှူဒါန်းခြင်းက သံသရာအတွက် အကျိုးများသည်ဟု အတွေးဖြစ်ကာ ဘုရားရှင်အား သရက်သီးကို ဆက်ကပ်လှူဒါန်းလေသည်။

"ကျေက် ဗုဒ္ဓ တလေဲယ် ဏ္ဏာလ် သစ် တြုက် အဇေဂန်" (ဂူ–၁၃၃)

မြန်မာပြန်။ ။ အရှင် ဗုဒ္ဓဘုရား ဂန္ဓ၏ သရက်သီးကို လက်ခံသည်။

"ကျေက် ဗုဒ္ဓ တလေဲယ် ပ ပြာတိဟာရ် ဟန် တံ တြုက် အဇေဂန်" (ဂူ–၁၃၄)

မြန်မာပြန်။ ။ အရှင် ဗုဒ္ဓဘုရား ဂန္ဓ၏ သရက်ပင်ရင်းတွင် ပြာဋိဟာ ပြသည်။

ကျေက် ဗုဒ္ဓ တလေဲယ် တိန် တာဝတိန်" (ဂူ–၁၃၅)

မြန်မာပြန်။ ။ အရှင် ဗုဒ္ဓဘုရား တာဝတိံသာ တက်သည်။

မြတ်စွာဘုရားသည် သရက်သီးအား သုံးဆောင်ပြီးနောက် သရက်စေ့ကို ဥယျာဉ်စောင့်အား ပေးပြီး တွင်းတူးကာ စိုက်စေသည်။ စိုက်ရာမြေ အထက်တွင် ဘုရားရှင်က လက်ဆေးတော်မူရာ လက်ဆေးရေ မြေပေါ်သို့ ကျသည်နှင့် တပြိုင်နက် အရွက်၊ အသီး၊ အပွင့်တို့နှင့် ပြည့်စုံသော သရက်ပင်ကြီး ဖြစ်လာသည်။ မြတ်စွာဘုရားသည် ထိုသရက်ပင်ရင်းတွင် ပြာဋိဟာ ပြသည်။ သာဝတ္ထိတစ်ပြည်လုံး အုံးအုံးကျက်ကျက် လာရောက်ဖူးမြော်ကြပြီး မြတ်စွာဘုရား၏ သရက်ပင်မှရသော အသီးတို့ကို စားကာ သေသောက်ကြူးတို့က တိတ္ထိတို့အား သရက်စေ့တို့နှင့် ပစ်ပေါက်လေသည်။

"တိတ်ိ တောအ်ာ ပ ပြာဋိဟာရ်၊ တိတ်ိ တောအ်ာ တွ အာရ် တုလုမ် --- ကံမွာရ်" (ဂူ–၁၃၆–၁၃၇)

မြန်မာပြန်။ ။ တိတ္ထိတို့ ပြာဋိဟာ ပြသည်။ တိတ္ထိတို့ ရှက်ပြီး ရေထန်ထဲ ဆင်းသည်။

တိတ္ထိတို့သည် ရှက်ကြောက်ပြီး မိမိတို့ မဏ္ဍပ်အတွင်း စုဝေးနေစဉ် လေနတ်သား၊ မိုးနတ်သားတို့က တိတ္ထိတို့၏ မဏ္ဍပ်တို့ကို ဖျက်ဆီးလေသည်။ ပုရာဏကဿပ တိတ္ထိဆရာကြီးသည် ထွက်ပြေးလာစဉ် သူ့ကို တွေ့ရန်လာသော လယ်သမားမိတ်ဆွေထံမှ အိုးနှင့်ကြိုးကို တောင်းယူကာ မိမိလည်ပင်းတွင် ချည်နှောင်ပြီး ရေထဲသို့ ခုန်ချလေသည်။

တိတ္ထိတို့အား မြတ်စွာဘုရားက ချေချွတ်လိုက်ပုံကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ထို့နောက် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ တက်သွားလေသည်။

> "ဍေယ် တာဝတ္တိင်၊ ဟန် အနောဝတတ်၊ ဍေယ် ဆန္ဒနဝန ကျာက် တလေဲယ် တောသ် နေယ် အဘိဓရ်ေ ကု တလေဲယ် သာရိပုတ်" (ဂူ–၁၃၈–၁၄၀)
>
> မြန်မာပြန်။ ။ တာဝတိံသာတွင်၊ အနောဝတတ်ဝယ်၊ ဆန္ဒနဝန (စန္ဒကူးတော)တွင် အရှင်ဘုရားသည် ရှင်သာရိပုတ္တရာအား အဘိဓမ္မာ တရားဟောသည်။
>
> "ဍေယ် ဂုး တွော်အ် ဂုံဉ်ရ်ေ ဝါရ် စင်္ကြံ ကိလ် မုသုန် ဍ္လံ မ ရှေင်" (ဂူ–၁၄၂)
>
> မြန်မာပြန်။ ။ ကျောက်ဂူတွင် ရဟန်းနှစ်ပါး စင်္ကြံသွားသည်။ နားထောင်သော လင်းနို့ငါးရာ။

မြတ်စွာဘုရားသည် တာဝတိံသာ၌ ခုနစ်ဝါမြောက် ဝါဆိုပြီး မယ်တော်နှင့် နတ်များအား အဘိဓမ္မာ တရားတော်ကို ဟောကြားသည်။ ထိုသို့ ဟောကြားစဉ် အတိုင်း ရှင်သာရိပုတ္တရာကို အနောဝတတ် ရေကန်အနီး နေ့စဉ် ပြန်လည်ဟောသည်။ ရှင်သာရိပုတ္တရာက ၎င်း၏တပည့် ငါးရာကို ပြန်လည်ဟောကြားလေသည်။ ထိုတပည့် ငါးရာတို့ အဘိဓမ္မာတရားကို နာကြားခွင့်ရသည်မှာ ရှေးဘဝများက လင်းနို့ငါးရာ ဖြစ်စဉ် သူတို့နေထိုင်ရာ ဂူအတွင်းသို့ ရဟန္တာနှစ်ပါး မကြာခဏ ကြွရောက်ပြီး အဘိဓမ္မတရားပွားများ ရွတ်ဆိုခဲ့သည်ကို ကြားနာခဲ့သော အကျိုးကြောင့် ဖြစ်သည်။ ထိုအကြောင်းကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ မြတ်စွာဘုရားသည် သီတင်းကျွတ် လပြည့်နေ့၌ တာဝတိံသာမှ သင်္ကဿနဂိုလ်ပြည်သို့ သက်ဆင်းလေသည်။

> "ဍေယ် ပါင် တိန်ရင် ဍုင် သင်္ကသ် ကျေက် တလေဲယ် တောသ် ဓရ်ေ" (ဂူ–၁၄၄)
>
> မြန်မာပြန်။ ။ သင်္ကဿပြည် တံခါးဝတွင် ငါ့ရှင်ဘုရား တရားဟောသည်။

မြတ်စွာဘုရားသည် တာဝတိံသာပြည် သုဒဿနမြို့တော်တံခါးမှ သင်္ကဿနဂိုလ်ပြည် တောင်တံခါးဝတိုင်အောင် သိကြားမင်း ဖန်ဆင်းအပ်သော ပတ္တမြားစောင်းတန်းမှ ဆင်းသက်လာသည်။ ထို့နောက် ဘုရားကို ရှိခိုးဦးတိုက် ကြိုဆိုကြကုန်သော ရှင်သာရိပုတ္တရာ အမှူးပြုသော တပည့်သား သံဃာတို့အား တရားဟောလေသည်။

"ချာန်သမာပတ် ကျေးဇူးနှင့် ပြည့်စုံသော သတိရှိသော မြတ်စွာဘုရားအား နတ်ဗြဟ္မာတို့သည် ချစ်ခင်မြတ်နိုးအပ်ကုန်၏"ဟု မြတ်စွာဘုရားက ရှင်သာရိပုတ္တရာအား ဟောခဲ့သည့် အတိုင်းပင် မြတ်စွာဘုရားအား လူ၊ နတ်၊ ဗြဟ္မာအားလုံးက လေးစားကြည်ညိုပုံမှာ ပီတိဖြစ်ဖွယ် ကောင်းလှသည်။

## ၁၀။ မာရ်နတ်နှင့်ဒေဝဒတ်အကြောင်း

မြတ်စွာဘုရားသည် မဟာသမယသုတ်ကို ဟောကြားနေချိန်တွင် ဘုရားရှင်အား မနာလို မုန်းတီးကာ အမြဲတစေ နှောင့်ယှက်တတ်သော မာရ်နတ်အား နှိမ်နင်းသည့် အကြောင်းကို စိတ်ဝင်စားဖွယ် တွေ့ရသည်။

> "ဍေယ် မဟာဝန် ဗြိင် ကပိလဝသ် ကျာက် တြေယ် တာဝ် ကောမ်ကု ဂုံဍ်ရ် အရဟန် ဗျှန် ဂွံ၊ အုတ် ဗြံဟ္မ ဒေဝတာဝ် ကိန္ဒောက် ဂန္ဓရ် နါဂ် သုပရ် ကုမ္ဘန် စသ် လှိမ် စက်ဝါလ် တ္လုင် ကွေဒအ်၊ ကာလ် ဂေါဲ ကျာက် ဗုဒ္ဓ တလေဲယ် တောသ် မဟာသမယသုတ် ကန် ဂေါဲ ကုံ သမိင် မာရ် တ္လုင် မ ဥပဒြောဝ် စိ ကျာက် ဗုဒ္ဓ တလေဲယ် ကုယ ဍေး ဒေါဝ် အာရ်" (နဂါး– ၁)
>
> မြန်မာပြန်။ ။ ကပိလဝတ်ပြည် အနီး မဟာဝန်တောတွင် မြတ်စွာဘုရားနှင့်တကွ ရဟန်း၊ ရဟန္တာ ငါးရာ နေသည်။ ဗြဟ္မာ၊ နတ်၊ ဘီလူး၊ ဂန္ဓဗ္ဗ၊ နဂါး၊ ဂဠုန်၊ ကုမ္ဘန် အားလုံး စကြာဝဠာ တစ်သောင်း (ရှိ နတ် ဗြဟ္မာများ)လာ၍ အရိုအသေ ပေးသည်။ ထိုကာလ အရှင်ဗုဒ္ဓဘုရား မဟာသမယသုတ် ဟောသည်။ ထိုအခိုက် မာရ်နတ်မင်း လာ၍ အန္တရာယ် ပြုသည်။ အရှင်ဗုဒ္ဓဘုရား သင်းကို အောင်မြင်သည်။

မာရ်နတ်အား မြတ်စွာဘုရားက နှိမ်နင်းလိုက်ပုံကို ပီပီပြင်ပြင် ရေးဖွဲ့ထားသည်။ မာရ်နတ်ကဲ့သို့ပင် ဘုရားရှင်အား အန္တရာယ်ပြုတတ်သော ဒေဝဒတ်ကိုလည်း မေတ္တာထား ခွင့်လွှတ်ကြောင်း ဖော်ပြ၍ မြတ်ဘုရား၏ ထူးကဲသည့် မေတ္တာတော် အနန္တကို ဖော်ပြထားသည်။

"ဝေါအ် ကာလ် ကျာက် ဗုဒ္ဓ တလေဲယ် စံကြမ် ဍေယ် ဇုင် တွော်အ် ဒေဝဒတ် တိန် ဟန္တုလ် တွော်အ် ဍေး တုမန် တွော်အ် ဓါရ် တ္လုင် ဒုင် သိလ် သတိ ဍေး -- ဇုင် ကျေက် ကာလ် ဂေါး ဂုံဉ်ရ် ပိ ဒိန္နုင် ရင် စော ကု ဇောင် ကာလ် ဂေါး အာစာရ် ဇိဝ် တ္လုင် ပ္တိတ် ဆိမ်၊ တ္လုင် န လှော်ရ် ကိန္နောအ် တိလ စး --- ဇူစ်"
(နဂါး– ၈)

မြန်မာပြန်။ ။ ငါ့ရှင်ဗုဒ္ဓဘုရား တောင်ခြေတွင် စင်္ကြံလျှောက်သည့်အခါ ဒေဝဒတ် တောင်ပေါ် တက်သည်။ သင်း တွန်းသည်။ ကျောက်စွန်း နှစ်ခု လာ၍ ခံသည်။ သတိပေးသည်။ သင်း ဘုရား၏ ခြေထောက်၊ ထိုအခါ ရဟန်းသုံးပါး ထမ်းစင်ဖြင့် ပြန်သယ်သည်။ ထိုအခါ ဆရာဇီဝက လာသည်။ သွေးထွက် (အောင်) (ပြု) သည်၊ လာ၍ ရှိခိုးသည်။ ချမ်းသာ (ပေးရန် တောင်းပန်) သည်။ အရှင် ခွင့်လွှတ်သည်။

ဒေဝဒတ်သည် ဘုရားအားသတ်ရန် ကိုယ်တိုင်ကြံစည်ကာ ဂိဇ္ဈကုဋ်တောင်ပေါ် တက်၍ အရှေ့ဘက်တောင်ရိပ်မှ စင်္ကြံကြွနေသော မြတ်စွာဘုရားကို မြင်လျှင် ယန္တရားများဆင်ကာ ကြီးစွာသော ကျောက်တုံးကို လှိမ့်ချသည်။ ဘုရား အနီးသို့ ကျောက်တုံး ရောက်လာသောအခါ ကျောက်တောင်ထွတ် နှစ်ခုသည် မြေမှ ထွက်၍ ခံလာသည်။ ထိုကျောက်တုံးနှင့် ခိုက်မိ၍ ကွာထွက်လာသော ကျောက်ချပ်သည် ဘုရား၏ ခြေပေါ်သို့ ကျသဖြင့် ခြေမ ကွဲလေသည်။ ထိုအခါ ဆရာဇီဝက လာ၍ မကောင်းသော သွေးတို့ကို ထုတ်စေကာ ဆေးစည်းသဖြင့် နှစ်ရက်ခန့် ကြာလျှင် ပျောက်ကင်းလေသည်။ မြတ်စွာဘုရားသည် ဒေဝဒတ်၏ အပြစ်ကိုလည်း ခွင့်လွှတ်ခဲ့ သည်းခံခဲ့လေသည်။

## ၁၁။ အဇာတသတ် အကြောင်း

ဗုဒ္ဓသာသနာကို အထောက်အပံ့ပေးမည့် ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်သည့် အဇာတသတ်မင်းကြီးသည် အယူဝါဒ အမှားများကို ဆည်းကပ်နေရာမှ သရဏဂုံ တည်သူတစ်ဦး ဖြစ်လာကြောင်းကိုလည်း ဖော်ပြထားသည်။ အဇာတသတ်မင်းသည် ဒေဝဒတ် မြေမြိုသည်ကို ကြားလျှင် ခမည်းတော်ကို ပြစ်မှားမိသော ငါ့အားလည်း မည်သည့်အခါ မြေမြိုမည်နည်းဟု တွေးတောပူပန်ခြင်း ဖြစ်နေလေသည်။ ကြာ ခေါင်းလောင်း ပွင့်ချိန်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ ညဥ့်အခါ၌ မှူးမတ်များစွာတို့နှင့် ညီလာခံတွင် ရှိနေစဉ် မိမိပူပင်သောကရောက်ရသော အကြောင်း အရာကို ပြောပြလျက် ငါ၏ဒုက္ခဝေဒနာကို အဘယ်ပညာရှိတို့သည် ပြေပျောက် အောင် ကြံဆောင်နိုင်ပါအံ့နည်းဟု မေးလေသည်။

> "ပိရ်ပိည် ကရ်တိက် ဗိရ်တမ် ကိန္တ ယာသ် သိုင် အဇာတသတ္တု သ္ုာည် အမာတ်" (နဂါး– ၅)
>
> မြန်မာပြန်။ ။ ကြတ္တိကာ လပြည့်ည အလင်း မရောက်မီ အဇာတသတ်မင်း အမတ်ကို မေးသည်။
>
> "သ္မိင် အဇာတသတ္တုအြာ် ဗိရ်တမ် ကိန္တ ယာသ် တိတ် အာရ် ကျေက် ဗုဒ္ဓ တလေဲယ် တာဝ် ဍေယ် အမ္ဗဝန် ဥယာန်" (နဂါး– ၄)
>
> မြန်မာပြန်။ ။ အဇာတသတ်မင်း အလင်းမရောက်မီ ညထွက် သွားသည်။ အရှင်ဗုဒ္ဓဘုရား အမ္ဗဝန်ဥယျာဉ်တွင် နေသည်။

အဇာတသတ်မင်းကြီး၏ စကားကို ကြားလျှင် အမတ်တို့သည် မိမိတို့ ကိုးကွယ်သော ဂိုဏ်းဆရာကြီးများ၏ ဂုဏ်ကို ဖော်ထုတ်လျှက် ဆည်းကပ်ရန် ပြောလေသည်။ အဇာတသတ်မင်းလည်း မြတ်စွာဘုရားအား ကိုးကွယ်လိုသော ဆန္ဒသာ ရှိသည်ဖြစ်၍ ဆရာဇီဝကကို ကိုးကွယ်သင့်သောသူအား မေးလေသည်။ ဆရာဇီဝကက မြတ်စွာဘုရားထံ ဆည်းကပ်ရန် လျှောက်ထားလျှင် ညတွင်းချင်းပင် သွားလိုသော ဆန္ဒဖြစ်၍ မှူးမတ်ပရိသတ် အပေါင်းနှင့်တကွ ဘုရား သီတင်းသုံးရာ ဆရာဇီဝက၏ သရက်ဥယျာဉ်သို့ သွားလေသည်။

"ဝေါအ် ကာလ် ကျောက် ဗုဒ္ဓ တိလေဲယ် တာဝ် ဍေယ် အမ္ဗဝန်
သ္ဂိင် အဇာတသတြုအ် ကု အာစာရ် ဇိဝ် တ္လုင် သ္ဂာည်"
(နဂါး– ၃)

မြန်မာပြန်။ ။ ဤကား အရှင် ဗုဒ္ဓဘုရား အမ္ဗဝန်တွင်
နေသည်။ အဇာတသတ်မင်းနှင့် ဆရာဇီဝက
လာမေးသည်။

အဇာတသတ်မင်းသည် ငါးရာသော ဆင်မယဉ်သာတို့၌ တစ်ယောက် တစ်ယောက်သော မိဖုရား၊ မောင်းမတို့ကို တင်ပြီးလျှင် ကိုယ်တိုင်လည်း စီးတော်ဆင်ကို တက်စီး၍ ညအခါဝယ် မီးရှူးတန်ဆောင်တို့ စိုက်ထောင်လျက် ရာဇဂြိုဟ်ပြည်မှ ဇီဝက၏ သရက်ဥယျာဉ်သို့ သွားလေသည်။

ဘုရားရှင်အား အဇာတသတ်မင်းသည် မိမိ၏သောကကို ပယ်ဖျောက်နိုင်ရန် အယူဝါဒအသီးသီးမှ နည်းလမ်းတိုကြို စုံစမ်းမေးမြန်းခဲ့ပါသော်လည်း စိတ်မကျေနပ်သဖြင့် ဘုရားရှင်ထံ လာရောက်ခဲ့သည့် အကြောင်းကို လျှောက်ထားသည်။ ဘုရားရှင်လည်း ရဟန်းပြုရခြင်း အကျိုးကို ဖော်ပြသော သာမညဖလသုတ်ကို ဟော၍ တရားရေအေး တိုက်ကျွေးလေသည်။ ထိုအခါ အဇာတသတ်မင်းသည် ပိတုဃာတက ကံကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မရောက်ဘဲ ဥပါသိကာ မြောက်ရုံသာ သရဏဂုံ ပဉ္စသီလ၌ တည်လေသည်။ ဗုဒ္ဓမြတ်စွာသည် အယူဝါဒများတို့ကို ကျင့်သုံးနေသည့် သူတို့အား အမြင်မှန်ရအောင် ဆုံးမပေးရုံသာမက ဗုဒ္ဓသာသနာတွင် သက်ဝင်ယုံကြည် လာအောင် ဆောင်ရွက်ခဲ့လေသည်။ ဤအကြောင်းအရာတို့သည် ပုဂံခေတ်ဦးအခါက ကျင့်သုံးနေသော အယူဝါဒဟောင်းတို့သည် ပျောက်ကွယ်၍ ဗုဒ္ဓသာသနာ၌ သက်ဝင် ယုံကြည်လာအောင် အထောက်အကူ ပေးနေသည့် အကြောင်းအရာများဟု ဆိုနိုင်ပါသည်။

## ၁၂။ သမားတော် ဇီဝကအကြောင်း

မြတ်ဗုဒ္ဓရှိစဉ်ကာလက ပေါ်ပေါက်ခဲ့သော လူပုဂ္ဂိုလ်ထူးများ၏အကြောင်းကို ရာဇကုမာရ် ဂူပြောက်ကြီး မွန်မင်စာများတွင် စိတ်ဝင်စားဖွယ် အတုယူဖွယ် ဖြစ်အောင် မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ မြတ်စွာဘုရား ရှိစဉ်က ထင်ရှားခဲ့သည့် သမားတော်ကြီး ဇီဝကသည် စဏ္ဍပဇ္ဇောတမင်းအား ဆေးကုပုံကို ဖော်ပြထားသည်။

"အစာရ် ဇိဝ် ကု ကိန်ဥုယ် သ္ဂိင် စဏ္ဍပဇ္ဇောတ အာရ်"
(ဂူ– ၁၀၁)

မြန်မာပြန်။ ။ဆရာဇီဝက စဏ္ဍပဇ္ဇောတမင်းအား ထောပတ်
ဖြင့် ဆေးကုသည်၊ ပြီးသော် သွားသည်။

စဏ္ဍပဇ္ဇောတမင်းကြီး၏ ဝေဒနာသည် ထောပတ်နှင့်ကုမှ ပျောက်မည့် ဝေဒနာဖြစ်သည်။ ထိုမင်းသည် ထောပတ်အား အလွန်မုန်းသည်။ ဆရာဇီဝကသည် ထောပတ်ကို အနံ့ပျောက်အောင် ချက်၍ ဆေးတိုက်ပြီးနောက် ယူဇနာငါးဆယ် ရှိသော ခရီးကို နေ့ချင်းသွားနိုင်သော ဘဒ္ဒဝတီဆင်မအား စီး၍ ရာဇဂြိုဟ်ပြည်သို့ ပြေးလေသည်။ စဏ္ဍပဇ္ဇောတမင်းသည် သူ၏ဆေးတွင် ထောပတ်ပါမှန်း သိလျှင် အမျက်ထွက်ပြီး ဆရာဇီဝကကို ခေါ်လေရာ ထွက်ပြေးကြောင်း သိလျှင် တစ်နေ့လျှင် ယူဇနာ ခြောက်ဆယ် သွားနိုင်သော ကာကအမည်ရှိ ကျွန်ကို လိုက်စေသည်။

– ကိလ် စ သစ် တရ်လုယ် (ဂူ– ၁၀၂)

မြန်မာပြန်။ ။ သျှိသျှားသီး စား(ရန်) ပေးသည်။

ကာက မည်သောကျွန်သည် ဆရာဇီဝကကို ဖမ်းရန်လိုက်လာရာ ဆရာဇီဝကသည် ဆေးထည့်ထားသော သျှိသျှားသီးကို ကာကအား စားရန် ပေးလေသည်။ သျှိသျှားသီး စားပြီးနောက် ဝမ်းသွေးသွန်သောအခါ ဆရာဇီဝကသည် ကာကအား ဆေးတစ်မျိုး တိုက်ပြီးနောက် ပြန်လွှတ်လိုက်လေသည်။ ထိုအချိန်တွင် ဝေဒနာမှ သက်သာသွားသော စဏ္ဍပဇ္ဇောတမင်းသည် ဆရာဇီဝကအား အမျက်ပြေ၍ လက်ဆောင်များ ပို့ဆက်၏။ ဆရာဇီဝက၏ စွမ်းရည်နှင့် ဉာဏ်ပညာ ထက်မြက်ပုံကို မှတ်တမ်းတင်ထားခြင်း ဖြစ်လေသည်။

## ၁၃။ ပသေနဒီကောသလမင်း အကြောင်း

မြတ်စွာဘုရား၏ သာသနာကို အထောက်အပံ့ပြုခဲ့သော ပသေနဒီကောသလ မင်းကြီးသည် အစားကျူးသူ ဖြစ်သည်။ သူ၏ ဝဖြိုးသော ခန္ဓာကိုယ်ကြောင့် အထိုင် အထ လေးလံလျက် တရားဓမ္မ ကောင်းစွာနာယူခြင်း မပြုနိုင်။ ထိုအခါ မြတ်စွာဘုရားက နေ့စဉ် စားသောက်နေသော ထမင်းတို့ကို တစ်လုပ်စီ လျော့စေခြင်းဖြင့် အစာလျော့နိုင်သွားပုံကို ရာဇကုမာရ်က မှတ်တမ်းတင်ခဲ့ပါသည်။

"ဝေါအ် ဂလော်င် စနီ သွိင် ပသေန် မိမော်ယ် တေ့ယ်၊ ပြင် မောယ်၊ လွိက် ဒိညာမ်၊ တျာင် စသ် တုရောဝ်၊ ထဂတ် ပိ စွသ်၊ ကိပ် မုသုန် ကွံ သော့အ် ဒံပေါး ဒ္ဒာလ်" (ဂူ–၁၅၁)

မြန်မာပြန်။ ။ ဤစားနပ်ရိက္ခာ အားလုံး ပသေနဒီကောသလ မင်း၏ တစ်နေ့စာ၊ ကျွဲတစ်ကောင်၊ ဝက်ရှစ်ကောင်၊ ကြက် ဆယ့်ခြောက်ကောင် ငုံးသုံးဆယ်၊ ပုဇွန်ဆိတ် ငါးရာ၊ ဆန် ခုနစ်ပြည်

"ဝေါအ် အမွေါအ် စသ် တုရောဝ် ဂေါး သို့င် ပသေနဲ် တုန် ပွိဒ်စ် စနီ တုန် လွာစ် ဇြောဝ်" (ဂူ-၁၅၂)

မြန်မာပြန်။ ။ ဤကား ထိုအိပ်မက် ဆယ့်ခြောက်ချက်၊ ပသေနဒီကောသလမင်း အစား လျှော့သည်၊ အံ့ဩဖွယ် ပြန်လှလာသည်။

ပသေနဒီကောသလမင်းအကြောင်းကို ဖော်ပြရာ၌ ထိုမင်း၏ မင်းမှုရေးရာနှင့် သာသနာကို ချီးပင့်ပုံတို့ကို မှတ်တမ်းမတင်ဘဲ မြတ်စွာဘုရားက အစားလျှော့ခိုင်းပုံကို ထူးထူးခြားခြား မှတ်တမ်းတင်ထားသည်မှာ ကောင်းမှုရှင် ရာဇကုမာရ်၏ စိတ်ကူးစိတ်သန်းဟုပင် ဆိုချင်ပါသည်။

## ၁၄။ ပဇာပတိဂေါတမီ ဘိက္ခုနီအကြောင်း

ပုဂံခေတ်ဦးသူတို့ စိတ်ဝင်စားခဲ့သော အကြောင်းအရာများတွင် မြတ်စွာဘုရားလက်ထက်က ဘိက္ခုနီသာသနာ အကြောင်းလည်း အပါအဝင်ဖြစ်သည်။ ဘိက္ခုနီများ၏ ခေါင်းဆောင်ဖြစ်သော မြတ်စွာဘုရား၏မိထွေးတော် ပဇာပတိဂေါတမီသည် အမျိုးသမီးများ၏ အထွတ်အမြတ် ထားအပ်သော ထေရီတစ်ပါး ဖြစ်သည်။ ဘိက္ခုနီဘဝတွင် ဘုရားရှင်နှင့် ရဟန်းအပေါင်းက ကြည်ညိုလေးစားသော ထေရီ တစ်ဦး ဖြစ်ခဲ့ပုံကို မှတ်တမ်းတင်ထားသည်။

ပဇာပတိဂေါတမီ ပရိနိဗ္ဗာန်ပြုခန်းတွင် ပဇာပတိဂေါတမီသည် ပရိနိဗ္ဗာန်မပြုမီ မြတ်စွာဘုရားကို ပြာဋိဟာ အမျိုးမျိုးပြပြီးနောက် ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း လျှောက်ထားသည်။ ထို့နောက် ပထမဈာန်မှ စတုတ္ထဈာန်အထိ ဝင်စားကာ နိဗ္ဗာန်ယူပုံကို မှတ်တမ်းတင်ထားသည်။

"ဝေါအ် ကာလ် ယ ပဇာပတိဂေါတမီ တ္လုင် မုန် ဟန် ကျေက် တြယ် ပ ပြာဋိဟာ မ ကား မောယ် ပြကာရ် တုယ် ပရိနိဗ္ဗာန် ကာလ် ဂေါး အုတ် ကျေက် တြေယ် ကု ဒေဝတာဝ် မနုသ် ဂုံလေင် အာရ် စုအး တြေယ် အာနန် ကေတ် ခါတ် ယ

> ပဇာပတိဂေါတမီ ရင် ကေလ် ကု ကျော်က် ဗုဒ္ဓ တိလေဲယ်"
> (ဂူ– ၂၀၅)

မြန်မာပြန်။ ။ ဤကား ပဇာပတိဂေါတမီ လာ၍ မြတ်စွာဘုရားထံ တောင်းပန် (ခွင့်ပန်) သောအခါ တစ်မျိုး မကသော ပြာဋိဟာ ပြပြီးသော် ပရိနိဗ္ဗာန် (ပြု)သည်။ ထိုအခါ မြတ်စွာဘုရားနှင့် နတ်လူများ အားလုံးသွား၍ စင်ကြယ် (စေ) သည်။ အရှင်မြတ် အာနန္ဒာ ပဇာပတိဂေါတမီ၏ ဓာတ်တော်ကို ယူ၍ ငါ့ရှင် ဗုဒ္ဓဘုရားအား ပေးဆောင်သည်။

ပဇာပတိဂေါတမီ ပရိနိဗ္ဗာန် စံဝင်လျှင် ဘုရားရှင်ကိုယ်တိုင် ကြွလာပြီး ဝိသကြံနတ်သား ဖန်ဆင်းသော ရွှေသားအလောင်းစင်သို့ တင်သည်။ လူ၊ နတ်၊ နဂါးနှင့် ဗြဟ္မာ အပေါင်းတို့က ရှေ့ဆုံးမှ သွားလေသည်။ အလောင်းစင်ကို လောကပါလနတ်မင်း လေးပါးတို့က ထမ်း၍ နောက်မှလိုက်သည်။ ဘုရားနှင့်တကွ သံဃာတော်များက မြေလုပ်တိုင်း အရောက် လိုက်ပါပို့ဆောင်ကြလေသည်။

ပဇာပတိဂေါတမီ ပရိနိဗ္ဗာန်ပြုခန်းသည် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများအတွက် အထူးပင် ကြည်နူးဝမ်းမြောက်ဖွယ် ကောင်းလှသော မှတ်တမ်းပင် ဖြစ်သည်။

## ၁၅။ ဝိသာခါအကြောင်း

လျှုဒါန်းပေးကမ်းခြင်း၌ မွေ့လျော်သော အရာဝယ် ဧတဒဂ်ရသော ဝိသာခါ ကျောင်းအမကြီး အကြောင်းကိုလည်း အားကျဖွယ်ဖြစ်အောင် ရေးသားထားသည်။

> "ဝေါအ် ကာလ် မိဂါရ်သေဋ္ဌိ ဩရ် အဂိရ် မ နောမ် ပ––ကလျာန်
> ဂေါအ် ဝိသာခါ သ္မိင် ပသေန် ကောမ် သိဋ္ဌိ အုတ် ဗလ် ဝေင်
> ရင် စောဝ် ကိလ် ကု သိရိဝဍ္ဎိသေဋ္ဌိ ဂေါအ် ကောန် ဇါရ် စွသ်
> စောဝ် ပန် ဏ္ဍံ စဟ် ဒိဠ္ဌာမ် လိမ် ရပ် ဍေး ကုံစိ ရောဝ် လွုတ် စိ
> ဒိဟ်ာတ် စိင် သ္မိင် ဗုလး –– စိင် စိပ် ဍေး ဍေး ရင် ကု ရံပုသ်
> မောယ် စိင် လောတ် တာဝ် တိ" (ဂူ– ၂၁၆)

မြန်မာပြန်။ ။ ဤကား မိဂါရသူဌေး အဆင်းငါးပါးရှိသော အမျိုးသမီးကို ရှာဖွေစေသည့်အခါ –– ဝိသာခါ

> ရသည် ပသေနဒီမင်း (နှင့်) တကွ သူဌေး အားလုံး ဗိုလ်ပါတို့ ကြိုဆို သယ်ဆောင်ပြီး သိရိဝဒ္ဓိ သူဌေးအား ပြန်၍ ပေးသည်။ သား နှစ်ဆယ် မြေးလေးရာ မြစ်ရှစ်ထောင် ရသည်။ သူ၏ရုပ်လည်း အပျို ကဲ့သို့ (တူသည်) ဆင် (ကဲ့သို့) အင်အား ရှိသည်။ မင်း (ဆင်) လွှတ်သည်။ ဆင်ရောက်လျှင် လက်တစ်ချောင်း နှင့် တွန်းသည်။ မြေသို့ ဆင်လဲကျသည်။

မိဂါရသူဌေးကြီးသည် သားဖြစ်သူအတွက် သတို့သမီးရှာရန် သာဝတ္ထိပြည်သို့ စေလွှတ်သည်။ ထိုအခါ ဝိသာခါ သတို့သမီးကို ရှာဖွေတွေ့ရှိ၍ သွားရောက်ကြောင်းလမ်း ပြောဆိုသည်။ ဝိသာခါကို မဟာလတာတန်ဆာဖြင့် ဆင်ယင်စေ၍ သာဝတ္ထိပြည်သို့ အခြွေအရံများနှင့်တကွ စေလွှတ်ပို့ဆောင်စေသည်။ ဝိသာခါသည် အသက်တစ်ရာ့နှစ်ဆယ်ခန့် ရှိသော်လည်း တစ်ဆယ့်ခြောက်နှစ် သမီးကဲ့သို့ နုပျို၍ သားတစ်ကျိပ်၊ သမီးတစ်ကျိပ်၊ မြေးလေးရာ မြစ်ရှစ်ထောင်ခန့် ထွန်းကားလေသည်။ ဝိသာခါသည် ဆင်ပြောင်ငါးစီးအား ရှိသည်ဟု ဆိုသဖြင့် ကောသလမင်းကြီးက ဆင်ပြောင်ကြီးတစ်စီးကိုလွှတ်စေ၍ စုံစမ်းလေသည်။ ဝိသာခါသည် ထိုဆင်ပြောင်ကြီးကို လက်ချောင်း နှစ်ချောင်းဖြင့် နှာမောင်းမှ ညှပ်ကိုင်ကာ အသာအယာ တွန်းလှဲလိုက်လေသည်။ ထိုအခါ လူအပေါင်းက ကောင်းချီးပေးသည်။

ရာဇကုမာရ်သည် ဝိသာခါကျောင်းအမကြီး၏ တင့်တယ်ခန့်ညားပုံ၊ အရွယ်နုပျိုပုံ၊ ခွန်အားဗလနှင့် ပြည့်စုံပုံတို့ကို များစွာ နှစ်သက်ခဲ့ဟန်တူသည်။ ထို့ပြင် မိန်းမသားတစ်ဦး အနေနှင့်ပင် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဆောင်နိုင်သည့် အမျိုးသမီးများ ပေါ်ပေါက်လာစေရန် ရည်ရွယ် မှတ်တမ်းတင်ခဲ့ဟန် ရှိသည်။

ထိုသို့ သာသနာပြု အမျိုးသမီးတို့အကြောင်းကို ရွေးနုတ်ဖော်ပြခြင်းဖြင့် သာသနာစည်ပင်ရန် အထောက်အပံ့ပေးမည့် အမျိုးသမီးတို့ ပေါ်ပေါက်လာစေမည် ဖြစ်သည်။ ပုဂံခေတ်တွင် ပညာတတ် အမျိုးသမီးများ၊ အလှူပြုရာတွင် စနစ်တကျ ဆောင်ရွက်ခဲ့သော အလှူ့အမများ၊ ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ တံတိုင်းတည်ခြင်း၊ ကျွန်တို့ကို စီမံခန့်ခွဲရာတွင် လိမ္မာကျွမ်းကျင်သော အမျိုးသမီးများ စသည်ဖြင့် အမျိုးသမီးတို့၏ အခန်းကဏ္ဍမှာ ထင်ရှားလှသည်။ ရာဇကုမာရ် ရွေးချယ်တင်ပြခဲ့သော အကြောင်းအရာတို့သည် ပုဂံခေတ် အမျိုးသမီးများအတွက် စံပြုစရာပင် ဖြစ်သည်။ ထို့ပြင် မိခင် တြိလောကဝဋံသကာဒေဝီ၏ ဂုဏ်ကျေးဇူးကို အမှတ်ရသော

အားဖြင့် သာသနာပြု အမျိုးသမီးတို့ အကြောင်းကို ဖော်ပြခဲ့ခြင်း ဖြစ်ပေမည်ဟု ခန့်မှန်းမိပါသည်။

## ခြုံငုံသုံးသပ်ချက်

ဗုဒ္ဓဝင် မွန်မင်စာများမှ အကြောင်းအရာများကို လေ့လာဆန်းစစ်သောအခါ ပုဂံခေတ်ဦးသူတို့၏ ဗုဒ္ဓစာပေ လေ့လာမှုနှင့် အနှစ်ချုပ်စွမ်းရည်ကို ထင်ထင်ရှားရှား တွေ့နိုင်သည်။ သုမေဓာရသေ့ဘဝကို ဖော်ပြခြင်းသည် ဘုရားဖြစ်ရန် ဘုရားဆုတောင်းပုံ၊ ဗျာဒိတ်ခံပုံ၊ ဘုရားလောင်းဘဝတွင် ဖြည့်ကျင့်ရမည့် ပါရမီတို့ကို ဖော်ပြခြင်း ဖြစ်ပါသည်။ ဘုရား ပွင့်တော်မူခြင်းအတွက် လူ နတ် ဗြဟ္မာတို့ ဝမ်းမြောက်ကြရပုံကို ဗုဒ္ဓကောလဟလ ဖြစ်ပုံဖြင့် ထူးထူးခြားခြား ဖော်ပြသည်။

ဘုရားလောင်း၏ ဘဝဖြစ်စဉ်များကို ဖော်ပြရာတွင် အဓိကကျသော ဖွားတော်မူခန်း၊ လေးတင်ခန်း၊ တောထွက်ခန်း၊ ဓမ္မစကြာတရားဟောခန်း စသည်ဖြင့် ရွေးနှုတ်ဖော်ပြထားသည်မှာ ယနေ့တိုင် ကောင်းမှုပြု မှတ်တမ်းတင်သူများက အတုယူ ရေးသားဆဲပင် ဖြစ်သည်။ ဘုရားဖြစ်ပြီးနောက် တရားဟောပုံ၊ အယူဝါဒ အမှားတို့ကို ကျင့်ကြံသည့် ဥရုဝေလ ကဿပ ညီနောင်တို့အား ချေချွတ်ပုံ၊ ဘုရား၏ သာသနာတော်သို့ ဝင်ရောက်လာကြသော ဗုဒ္ဓအယူဝါဒနှင့် အတိုက်အခံ ဖြစ်လာသော ဒိဋ္ဌိအယူဝါဒအမှားတို့ကို ပယ်ဖျက်ပုံများ စသည့် အကြောင်းအရာတို့သည် ဗုဒ္ဓသာသနာ ပြန့်ပွားအောင် တည်တံ့အောင် ကြိုးပမ်း အားထုတ်ခဲ့ပုံများအား သိမြင်လာစေသည်။

နဂါးရုံဘုရားတွင် စာပိုဒ်ရှည်များဖြင့် စေ့စေ့စုံစုံ မှတ်တမ်းတင်သော်လည်း ပုထိုးသားများနှင့် ဂူပြောက်ကြီးဘုရားတို့တွင်မူ ဇာတ်ကွက် တစ်ကွက်ချင်းကို ပြသကာ စာတစ်ကြောင်းစီဖြင့် မှတ်တမ်းတင်ဟန်မျိုး တွေ့ရပါသည်။ ပုထိုးသားများနှင့် ဂူပြောက်ကြီးဘုရားတို့တွင် ရွေးချယ်တင်ပြထားသည့် ဇာတ်ကွက် အတော်များများက တူညီသည်ကိုလည်း တွေ့ရပါသည်။ ဂူပြောက်ကြီး ဘုရားတွင် ရာဇကုမာရ်၏ စိတ်ကူးစိတ်သန်းရှင်ပုံကို ဖော်ညွှန်းနေသော ဇာတ်ကွက်များကို တွေ့နိုင်ပါသည်။

ဘုရားရှင်၏ သာသနာကို ကိုးကွယ်ယုံကြည်သော သာသနာစည်ပင်ပြန့်ပွားအောင် ဆောင်ရွက်သော ပုဂ္ဂိုလ်ထူးများ အကြောင်းကိုလည်း မှတ်တမ်းတင်ထားသည်။ ဗိမ္ဗိသာရမင်းသည် ဝေဠုဝန်ဥယျာဉ်ကို အလှူပေးသည် စသည်ဖြင့် သာသနာကို ချီးမြှောက်သူများအကြောင်း ဖတ်ရှုရသဖြင့် ထိုသူများကဲ့သို့ သာသနာပြု

ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာအောင် ရည်ရွယ်ရေးသားခဲ့ဟန် ရှိသည်။ သာသနာ ဘောင်ကို ဝင်၍ ရဟန်းပြုကာ သာသနာအကျိုး မဆောင်ရွက်နိုင်သော်လည်း ရဟန်းသံဃာတို့အား ပစ္စည်းလေးပါး အထောက်အပံ့ပေးခြင်းဖြင့် သာသနာတော် စည်ပင်အောင် ဆောင်ရွက်သင့်ကြောင်း သတိပေးထားဟန်တူသည်။

အောင်ခြင်းရှစ်ပါးဟူ၍ ဗုဒ္ဓဘာသာဝင်တို့ ယနေ့တိုင် အလေးဂရုပြု ပြောဆို နေကြသည့် ဘုရားရှင်ကို မကောင်းကြံသူတို့အား ဘုရားရှင်က ချေချွတ်ခြင်း ရှစ်ပါးအကြောင်းသည် အလွန်စိတ်ဝင်စားဖွယ် ကောင်းသည်။ မေတ္တာ ရှေ့ထား၍ ခွင့်လွှတ်သည်းခံပုံမှာလည်း အံ့သြချီးကျူးဖွယ် ဖြစ်သည်။ ထိုအကြောင်းအရာတို့ကို မှတ်တမ်းတင်ခဲ့ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ၏ ကြီးမားသော မေတ္တာတန်ခိုးနှင့် ဘာသာ တရား၏ အစွမ်းသတ္တိကို လူအများ သက်ဝင်ယုံကြည်လာအောင် ဖန်တီးနိုင်သည်။

သာသနာပြု အမျိုးသမီးများ၊ ထေရီများအကြောင်းကို မှတ်တမ်းတင်ခြင်းဖြင့် အမျိုးသမီးထု၏သဒ္ဓါတရားကို နှိုးဆွခဲ့ဟန်တူသည်။ ထို့ကြောင့်လည်း ပုဂံခေတ်က ဘုရားတည်၊ ကျောင်းဆောက် အလှူပြုကြသူများတွင် အမျိုးသမီးများ ပါဝင်လာခြင်း ကို အလေးဂရုပြုရာ ရောက်ပါသည်။ အချုပ်အားဖြင့် ဗုဒ္ဓဝင် မွန်မင်စာများသည် ဗုဒ္ဓ၏ ဖြစ်စဉ်ကို သိရှိရသည် သာမက သာသနာတော် ပေါ်ပေါက်လာပုံ၊ သာသနာ စည်ပင်ပြန့်ပွားလာပုံ၊ သာသနာပြု ပုဂ္ဂိုလ်ထူးများနှင့် အတိုက်အခံ အယူဝါဒများ အားပြိုင်မှု၊ သာသနာတည်တံ့ရေးအတွက် ဘုရား အမှူးပြုသော ဗုဒ္ဓဘာသာဝင် အပေါင်းက ကြိုးပမ်းဆောင်ရွက်ကြပုံတို့ကို သိရှိလေ့လာရပါသည်။ ထို့ကြောင့် ဗုဒ္ဓဝင် မွန်မင်စာတို့၏တန်ဖိုး ကြီးမားလှသည်ဟု ဆိုချင်ပါသည်။

## နိဂုံး

ဤစာတမ်းသည် ပုဂံခေတ်ဦးကာလက မွန်မင်စာဖြင့် ရေးထိုးခဲ့သော ဗုဒ္ဓဝင် အကြောင်းအရာတို့ကို ဗုဒ္ဓဝင်မှတ်တမ်းအဖြစ် စီစဉ်တင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဗုဒ္ဓဝင်မှတ်တမ်းတို့ကို ခေတ်အစဉ်အဆက် အလှူရှင်တို့ စိတ်ဝင်တစား ရေးသားခဲ့ကြသည်။ ပုဂံခေတ်ကတည်းက ရွေးချယ်ခဲ့သော အကြောင်းအရာတို့ကိုပင် နှောင်းလူတို့က ဆက်လက်မှတ်တမ်းတင်ခဲ့ကြကြောင်း တွေ့နိုင်သည်။ ပုဂံခေတ်ဦး အခါက ရွေးချယ်မှုများက ပိုမိုပြည့်စုံသည်ဟု ဆိုနိုင်သည်။ ဗုဒ္ဓဝင်မွန်မင်စာတို့ကို လေ့လာခြင်းဖြင့် ပုဂံခေတ်ဦးကတည်းက ဗုဒ္ဓစာပေကို ပုဂံသားတို့ ကျွမ်းကျင်နှံ့စပ်ပုံအား တွေ့နိုင်သည်။ ဗုဒ္ဓဝင်တို့မှ ကောင်းနိုးရာရာ အချက်အလက်တို့ကို ထုတ်နုတ်ကာ ရိုးရိုးရှင်းရှင်း အနှစ်ချုပ် တင်ပြထားပုံမှာလည်း အလွန်အတုယူဖွယ် ဖြစ်သည်။

အဓိကကျသော အကြောင်းအရာတို့ကို ရွေးချယ်တင်ပြနိုင်စွမ်းနှင့်လည်း ပြည့်စုံပါသည်။ ဗုဒ္ဓဝင် မွန်မင်စာတို့သည် ရေးမွန်စာပေတစ်ရပ် အနေဖြင့် စံပြုစရာပင်ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ကျီးသဲလေးထပ်(ဆရာတော်)။ ။ ဇိနတ္ထပကာသနီကျမ်း၊ ရန်ကုန်၊ ဂန္ဓမာစာပုံနှိပ်တိုက်။

ကျော်ငြိမ်း၊ ဦး။ (၁၉၉၂)။ ပုဂံမြို့ဟောင်း မြင်းကပါ ဂူပြောက်ကြီးဘုရား၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ချစ်သိန်း၊ ဦး။ (၁၉၆၅) မွန်ကျောက်စာပေါင်းချုပ်၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ဖိုးလတ်၊ ဦး။ (၁၉၆၁)။ မွန်ယဉ်ကျေးမှု၊ ပုဂံရက်သတ္တပါတ် ဟောပြောချက်များ။ ရန်ကုန်၊ ပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန။

ဝိစိတ္တသာရာဘိဝံသ၊ ဦး။ (၁၉၆၆)။ မဟာဗုဒ္ဓဝင်၊ ဒု–တွဲ၊ ရန်ကုန်၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့။

ဝိစိတ္တသာရာဘိဝံသ၊ ဦး။ (၁၉၇၀)။ မဟာဗုဒ္ဓဝင်၊ တ–တွဲ၊ ရန်ကုန်၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့။

ဝိစိတ္တသာရာဘိဝံသ၊ ဦး။ (၁၉၇၁)။ မဟာဗုဒ္ဓဝင်၊ တ–တွဲ၊ ရန်ကုန်၊ မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့။

မြန်မာနိုင်ငံသုတေသနဂျာနယ်။ (၁၉၇၅၊ ဒီဇင်ဘာ)။ ရန်ကုန်၊ သမိုင်းသုတေသနအဖွဲ့။

သမိုင်းတံခွန်(၂)။ (၁၉၆၁)။ Rangoon, Burma Historical Commission.

ဟုတ်စိန်၊ ဦး။ (၁၉၅၉)။ ပါဠိ–မြန်မာအဘိဓာန်၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်။


### အင်္ဂလိပ်ဘာသာ


Ba Shin,Bohmu, (1962) The Lokahteikpan, Rangoon, Burma Historical Commission.

Shorto,H.L.(1971).A Dictionary of the Mon Inscriptions from the Sixth to the Sixteenth Centuries. Toronto, New York, Oxford University Press

# ပျူစာအရေးအသားများတွင် တွေ့ရသော ဗျည်းယှဉ်သရ "အုးအူ" အရေးအသားများ လေ့လာချက်

ဒေါက်တာမောင်မောင်ဆွေ *

## စာတမ်းအကျဉ်း

မြန်မာနိုင်ငံရှိ ပျူကျောက်စာများကို လေ့လာ၍ တွေ့ရှိရသော ပျူစာလုံးများကို စိစစ်ပြီး အမျိုးအစားခွဲကာ လေ့လာသောနည်းကို အသုံးပြု လေ့လာထားပါသည်။ လေ့လာတွေ့ရှိမှုအဖြစ် ပျူစာလုံးများတွင် နှစ်ချောင်းငင် ရေးဆွဲမှု စနစ် မရှိကြောင်း တွေ့ရပါသည်။ အကြောင်းမှာ ရှေးအိန္ဒိယ အရေးအသားရှိ နှစ်ချောင်းငင်အတွက် သုံးသောအသံကို ပျူစာတွင် အစက်သင်္ကေတအသုံးများနှင့်ယှဉ်တွဲကာ သုံးထားသည့်အတွက် ပျူစာ နှစ်ချောင်းငင် ရေးသားမှု မရှိကြောင်း တွေ့ရှိရပါသည်။ အက္ခရာပုံ၏ အနေအထားကို လိုက်၍လည်း တစ်ချောင်းငင် အရေးပုံ သုံးမျိုးရှိကြောင်းကိုလည်း ဖော်ပြနိုင်ပါသည်။ ပျူစာ လေ့လာမှု၊ သုတေသနပြုမှုနှင့် ပျူကမ္ပည်းစာများ ဖတ်ရှုမှုတို့အတွက် များစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်မှန်းပါသည်။

**သော့ချက်စကားလုံးများ** – ***ဗျည်းယှဉ်သရ၊ သရသင်္ကေတ၊ အက္ခရာပုံသွင်၊ အရေးပုံသွင်၊ တစ်ချောင်းငင်၊ နှစ်ချောင်းငင်၊ အစက်သင်္ကေတ၊ တက်ကျသ၊ အရေးစနစ်၊ အပြောကွယ်ဘာသာစကား။***

## နိဒါန်း

အပြောကွယ်အရေးအသားများကို လေ့လာရာတွင် အက္ခရာများကို တိကျစွာ ဖတ်ရှုနိုင်ရေးသည် အဓိကကျလှပါသည်။ အဖတ်မှန်မှ အနက်မှန် ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။ ထို့အတွက် ပျူအက္ခရာများကို တိကျစွာ ဖလှယ်နိုင်ရန် ပျူစာ အရေး သဘာဝ သုတေသနစာတမ်းများကို ပြုစုဖော်ထုတ်ခဲ့ပါသည်။ ယခု စာတမ်းသည် လည်း ပျူစာ အရေးသဘာဝကို ထုတ်ဖော်ထားသော စာတမ်းတစ်ခု ဖြစ်ပါသည်။

ပျူစာအရေးအသားများကို အိန္ဒိယအရေးအသားတို့မှ ရယူထားသည်ဆိုသော်လည်း သံရှည် (ဒီဃသရ) အရေးသင်္ကေတ အသုံးတွေ့ရှိမှု အားနည်းလှပါသည်။ ပျူစာ ဖတ်ရာတွင် အာ–သရနှင့်၊ အီ–သရ သင်္ကေတ ရေးသားမှုကို မတွေ့ရပါ။ ပထမ သံသယရှိဖွယ် အချက် ဖြစ်ပါသည်။ ဒုတိယ သံသယရှိဖွယ် အချက်မှာ အစဉ်အလာ ဆရာကြီးများ၏ အက္ခရာဖလှယ်မှုတွင် အူ–သရ အဖြစ် ညွှန်းဆိုအသံလှယ်သော

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်

အက္ခရာစာလုံးများတွင် အု–သရသံ အသုံးမရှိပါ။ ထို့အတူ အု–သရ အဖြစ် ညွှန်းဆို အသံလှယ်သော အက္ခရာများတွင် အူ–သရသံ အသုံးမရှိပါ။ ဒုတိယ သံသယရှိဖွယ် အချက်ဖြစ်ပါသည်။ ထိုအချက်တို့ကြောင့် ပျူကမ္ပည်းစာများတွင် တွေ့ရသော ဗျည်းယှဉ်သရ "အု၊အူ" ရေးသားမှုများ နှင့်ပတ်သက်သော သဘောသဘာဝများကို ဤစာတမ်းတွင် လေ့လာစိစစ်ဖော်ပြထားပါသည်။

## ဗြာဟာအရေးစနစ်မှ "အု၊အူ" အရေးပံသွင်များ

ဗြာဟ္မီ အရေးအသားကို ဘီစီငါးရာက အိန္ဒိယနိုင်ငံ ထူပရွာနှင့် ဗလီရွာမှ ရသော ပြာခရိုက်ဘာသာသုံး ဗုဒ္ဓဓာတ်တော်အိုး ကမ္ပည်းစာသည် အစောဆုံး တွေ့ရသော အထောက်အထားအဖြစ် ဖော်ပြကြသည်။[၁] ထိုအထောက်အထားနောက်တွင် ဗြာဟ္မီ အရေးအသား အထောက်အထား တွေ့လာရပြီး၊[၂] ဘီစီသုံးရာစု အသောက ကမ္ပည်းစာ ရေးထိုးမှုများသည် ဗြာဟ္မီ အရေးအသား၏ ထင်ရှားသော အထောက် အထားများအဖြစ် ဖော်ပြနိုင်ပါသည်။[၃]




**ပုံ (၁) အသောကကျောက်စာ ဗြာဟ္မီအက္ခရာ အရေးပုံသွင်**

ဗြာဟ္မီ အက္ခရာပုံသွင်[၄]နှင့် အရေးစနစ်[၅]တို့တွင် အု၊အူ–သရများကို ဗျည်းယှဉ်သရ သင်္ကေတ[၆]များအဖြစ် အရေးပုံသွင်ဖော်ပြရာတွင် အု–သရ အတွက် တစ်ချောင်းငင် အရေးပုံသွင်နှင့် အူ–သရအတွက် နှစ်ချောင်းငင်အရေးပုံသွင်တို့ကို အသုံးပြုကြောင်း တွေ့ရပါသည်။

---

[၁] သန်းထွန်း။ (၂၀၀၄)။ မြန်မာ့သမိုင်းပုံ။

[၂] Derenger, 1964, 321

[၃] Derenger, 1964, 321

[၄] Brahmi.

[၅] Brahmi.

[၆] Voweal Smoblay

ဤတွင် ဗြာဟ္မီ အက္ခရာ အရေးစနစ်ပုံသွင်များ၌ အက္ခရာ၏ ပုံသွင် အနေ အထားကို လိုက်၍ တစ်ချောင်းငင် ရေးဆွဲမှုနှင့် နှစ်ချောင်းငင် ရေးဆွဲမှုများတွင် အရေးပုံသွင် နှစ်မျိုးစီရှိကြောင်း တွေ့ရပါသည်။[၁] အောက်ပါဇယားကို ကြည့်ပါ။

**ပုံဇယား(၁)ဗြာဟ္မီ အု/အူ–သရ အရေးပုံသွင် နှစ်မျိုး**

| အလျားလိုက်အရေးပုံသွင် (အု၊အူ–သရ)စာလုံးသာဓက | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အက္ခရာစာလုံး | ကု | ဂု | စု | တု | ဒု | ဓု | ဗု | ဘု |
| ဗြာဟ္မီ(အု–သရ) အရေးပုံသွင် |  |  |  |  |  |  |  |  |
| အက္ခရာစာလုံး | ကူ | ဂူ | စူ | တူ | ဒူ | ဓူ | ဗူ | ဘူ |
| ဗြာဟ္မီ(အူ–သရ) အရေးပုံသွင် |  |  |  |  |  |  |  |  |
| **ဒေါင်လိုက်အရေးပုံသွင် (အု၊အူ–သရ) စာလုံးသာဓက** | | | | | | | | |
| အက္ခရာစာလုံး | ဇု | ထု | နု | ပု | မု | လု | သု | ဟု |
| ဗြာဟ္မီ(အု–သရ) အရေးပုံသွင် |  |  |  |  |  |  |  |  |
| အက္ခရာ | ဇူ | ထူ | နူ | ပူ | မူ | လူ | သူ | ဟူ |
| ဗြာဟ္မီ(အူ–သရ) အရေးပုံသွင် |  |  |  |  |  |  |  |  |

[၁] Buhler,1904, 37.

ဖော်ပြပါ တွေ့ရှိမှုအရ ဟူ၍ ဖြစ်ပါသည်။ အလျားလိုက်အသွင်[၁]နှင့် ဒေါင်လိုက်အသွင်[၂] ဟူ၍ နှစ်မျိုး ဖြစ်ပါသည်။

## ဗြာဟ္မီပွား အိန္ဒိယအရေးစနစ်များမှ “အု၊အူ” အရေးပုံသွင်များ ပြောင်းလဲ ဖွံ့ဖြိုးလာမှု

ဗြာဟ္မီ အရေးအသားများသည် အသောကခေတ်၏ နောက်ပိုင်းတွင် အသုံးပိုမိုတွင်ကျယ်ရုံမျှမက ဒေသအလိုက် လက်ရေးအသွင်ကွဲများ ဖြစ်လာသည်။[၃] သိသာသော အသွင်ကွဲများကို အေဒီ အစောပိုင်းကာလဟု ဖော်ပြကြပါသည်။ မြောက်ပိုင်းအသွင်ကွဲများ[၄] နှင့် တောင်ပိုင်းအသွင်ကွဲများ[၅] အဖြစ် ဖော်ပြကြပါသည်။[၆] ဇယားကို ကြည့်ပါ။

**ဇယား(၂) ဗြာဟ္မီအက္ခရာ မြောက်ပိုင်းအသွင်ကွဲများနှင့် တောင်ပိုင်းအသွင်ကွဲများ**

| စဉ် | မြောက်ပိုင်းအသွင်ကွဲများ | | | တောင်ပိုင်းအသွင်ကွဲများ | | |
|---|---|---|---|---|---|---|
| | ခန့်မှန်းကာလ | အက္ခရာအမည် | အရေးပုံသွင် | ခန့်မှန်းကာလ | အက္ခရာအမည် | အရေးပုံသွင် |
| ၁ | AD 100 | မထုရာ |  | AD 100 | အန္ဓရ |  |
| ၂ | AD 200 | ကရှာထရာပ |  | AD 200 | ဒက္ခိဏ |  |
| ၃ | AD 300 | ကနင်ရှက (ကုရှန်/ က္လခါကု) |  | AD 300 | ကလင်္က |  |

[၁] Buhler, 1904, 37.
[၂] Buhler, 1904, 37.
[၃] Diringer, 1919, 137.
[၄] Diringer, 1919, 137.
[၅] Diringer, 1919, 137.
[၆] Diringer, 1919, 137.

| | | | | | | |
|---|---|---|---|---|---|---|
| ၄ | AD 400 | ဂုပ္တ |  | AD 400 | ပလ္လဝ |  |
| ၅ | AD 500 | ဂုပ္တ(ရခိုင်) |  | AD 500 | ကဒံပ |  |
| ၆ | AD 600 | ပျူခေတိ ဂုပ္တ၊၊သက္ကတ |  | AD 600 | ပျူခေတ် ကဒံပ၊၊ပါဠိ |  |

အထက်ပါဇယားတွင် တွေ့ရှိမှုအရ အိန္ဒိယ ဗြာဟ္မီအက္ခရာ စာအရေးအသား တို့သည် အေဒီ တစ်ရာစုမှ လေးရာစုအတွင်း ပြောင်းလဲမှု အသွင်ကွဲများသည် သိသာစွာ ဖြစ်ပေါ်လာခဲ့ပါသည်။

အု၊အူ–ဗျည်းယှဉ်သရ အရေးအသွင်ကွဲများ ပြောင်းလဲမှုနှင့် ပတ်သက်၍ အလျားလိုက် ရေးသော ဗြာဟ္မီ ဗျည်းယှဉ်သရ – အု၊အူ၏ ပြောင်းလဲမှုသဘောကို ရှေးအိန္ဒိယ စာအရေးအသားတို့နှင့် တိုက်ဆိုင်စိစစ်မှုအရ အောက်ပါအတိုင်း ပြောင်းလဲ ကြောင်း တွေ့ရပါသည်။ ဇယားကိုကြည့်ပါ။

### ဇယား(၃) အလျားလိုက်ရေးသော ဗြာဟ္မီ ဗျည်းယှဉ်သရ–အု၊အူ ၏ ပြောင်းလဲမှုသဘော

| မြောက်ပိုင်းအသွင်ပြောင်းလဲမှု | | | | | | | |
|---|---|---|---|---|---|---|---|
| အရေးပုံသွင် | ဗြာဟ္မီ | မထုရာ | ကရှာထရာပ | ကုရှန် | ဂုပ္တ | ဂုပ္တ | ဂုပ္တ |
| မှန်းဆကာလ | BC300 | AD100 | AD200 | AD300 | AD400 | AD500 | AD600 |
| ကု |  |  |  |  |  |  |  |
| ကူ |  |  |  |  |  |  |  |

| တောင်ပိုင်းအသွင်ပြောင်းလဲမှု | | | | | | | |
|---|---|---|---|---|---|---|---|
| အရေးပုံသွင် | ဗြာဟ္မီ | အန္ဓရ | ဒက္ခိဏ | ကလင်္က | ပလ္လဝ | ကဒံပ | စာလုကျ |
| မှန်းဆကာလ | BC300 | AD100 | AD200 | AD300 | AD400 | AD500 | AD600 |
| ကု |  |  |  |  |  |  |  |
| ကူ |  |  |  |  |  |  |  |

ဟူ၍ တွေ့နိုင်ပါသည်။ လက်ရေးစရိုက်အရ ပြောင်းလဲနိုင်သော အခြေအနေများကို ဖော်ပြနိုင်ပါသည်။ ဒေါင်လိုက်ရေးသော ဗြာဟ္မီ ဗျည်းယှဉ်သရ– အု၊အူ၏ ပြောင်းလဲမှုသဘောကို ရေးအိန္ဒိယ စာအရေးအသားတို့နှင့် တိုက်ဆိုင်စိစစ်မှုအရ အောက်ပါအတိုင်း ပြောင်းလဲကြောင်း တွေ့ရပါသည်။ ဇယားကိုကြည့်ပါ။

**ဇယား(၄) ဒေါင်လိုက်ရေးသော ဗြာဟ္မီ ဗျည်းယှဉ်သရ–အု၊အူ ၏ ပြောင်းလဲမှုသဘော**

| မြောက်ပိုင်းအသွင်ပြောင်းလဲမှု | | | | | | | |
|---|---|---|---|---|---|---|---|
| အရေးပုံသွင် | ဗြာဟ္မီ | မထုရာ | ကရှာထရာပ | ကုရှန် | ဂုပ္တ | ဂုပ္တ | ဂုပ္တ |
| မှန်းဆကာလ | BC300 | AD100 | AD200 | AD300 | AD400 | AD500 | AD600 |
| မု |  |  |  |  |  |  |  |
| မူ |  |  |  |  |  |  |  |

| တောင်ပိုင်းအသွင်ပြောင်းလဲမှု | | | | | | | |
|---|---|---|---|---|---|---|---|
| အရေးပုံသွင် | ဗြာဟ္မီ | အန္ဓရ | ဒက္ခိဏ | ကလိင်္က | ပလ္လဝ | ကဒံပ | စာလုကျ |
| မှန်းဆကာလ | BC300 | AD100 | AD200 | AD300 | AD400 | AD500 | AD600 |
| မု |  | | | | | | |
| မူ |  | | | | | | |

လက်ရေးစရိုက် ပြောင်းလဲမှုများဖြင့် စိစစ် ကြည့်နိုင်ပါသည်။ အလျားလိုက် ရေးသော ဗြာဟ္မီ ဗျည်းယှဉ် သရ–အု၊အူ၏ ပြောင်းလဲမှု ကြံဆချက်များကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

## အလျားလိုက်ရေးသော အု–သရသင်္ကေတ (တစ်ချောင်းငင်)ပြောင်းလဲမှု

ဗြာဟ္မီတွင် “အလျားလိုက်ရေးသော အု–သရသင်္ကေတ (တစ်ချောင်းငင်)” သည် လက်ရေးစရိုက် သဘာဝအရ အောက်ပါအတိုင်း ပြောင်းလဲနိုင်ပါသည်။ အောက်ဖော်ပြပါပုံများသည် အက္ခရာစာလုံး၏ အောက်မှ ရေးဆွဲသော အသွင်မျှသာ ဖြစ်ပါသည်။ ပုံစံ(၁)သည် အိန္ဒိယမြောက်ပိုင်း အသွင်တွင် တွေ့နိုင်သည့် တစ်ချောင်းငင် အနေအထားမျိုး ဖြစ်ပါသည်။

ပုံစံ(၁)



ပုံစံ (၂) (၃)သည် အိန္ဒိယတောင်ပိုင်း အသွင်တွင် တွေ့နိုင်သည့် တစ်ချောင်းငင် အနေအထားမျိုး ဖြစ်ပါသည်။

ပုံစံ(၂)



ပုံစံ(၃)



ဖော်ပြပါပုံစံများသည် ဗြာဟ္မီ အက္ခရာ အရေးသွင်ပြင်တွင် တွေ့နိုင်သော အလျားလိုက်ရေးသည့် အု–သရသင်္ကေတ (တစ်ချောင်းငင်)၏ ပြောင်းလဲမှုပုံစံများပင် ဖြစ်ပါသည်။

**အလျားလိုက်ရေးသော အူ–သရသင်္ကေတ (နှစ်ချောင်းငင်) ပြောင်းလဲမှု**

ဗြာဟ္မီတွင် "အလျားလိုက်ရေးသော အူ–သရသင်္ကေတ (နှစ်ချောင်းငင်)" သည် လက်ရေးစရိုက်သဘာဝအရ အောက်ပါအတိုင်း ပြောင်းလဲနိုင်ပါသည်။ ဖော်ပြပါ ပုံစံ (၄) (၅)တို့သည် အိန္ဒိယမြောက်ပိုင်း အသွင်တွင် တွေ့နိုင်သည့် နှစ်ချောင်းငင် အနေအထားမျိုး ဖြစ်ပါသည်။

ပုံစံ(၄)



ပုံစံ(၅)



ပုံစံ (၆)သည် အိန္ဒိယတောင်ပိုင်း အသွင်တွင် တွေ့နိုင်သည့် နှစ်ချောင်းငင် အနေအထားမျိုး ဖြစ်ပါသည်။

ပုံစံ(၆)



ဖော်ပြပါ ပြောင်းလဲမှုများသည် အလျင်အမြန် ရေးဆွဲမှုကြောင့် [၁] ဖြစ်ပေါ်လာသော ပြောင်းလဲမှုသဘာဝများပင် ဖြစ်ပါသည်။ များသောအားဖြင့် အထက်အောက် ရှည်သော အက္ခရာပုံတို့တွင် အသုံးပြုလေ့ရှိပါသည်။ ဤသို့အားဖြင့် ဗြာဟ္မီ အက္ခရာ အရေးသွင်ပြင်တွင် တွေ့နိုင်သော အလျားလိုက်ရေးသည့် အူ–သရ သင်္ကေတ (နှစ်ချောင်းငင်)၏ ပြောင်းလဲမှုပုံစံများပင် ဖြစ်ပါသည်။

## ဒေါင်လိုက်ရေးသော အု–သရသင်္ကေတ (တစ်ချောင်းငင်) ပြောင်းလဲမှု

စာလုံးများကို စနစ်ကျအောင်၊ လှပအောင် ရေးဆွဲမှုများသည်လည်း ပြောင်းလဲတတ်သော သဘာဝရှိ[၂]သည်။ ဗြာဟ္မီ အက္ခရာ အရေးအသားတွင် ဒေါင်လိုက်ရေးသော အု–သရ သင်္ကေတ (တစ်ချောင်းငင်)သည် လှပအောင် ရေးဆွဲမှုများကြောင့် ပုံစံ (၇) နှင့် (၈)တွင် တွေ့ရသည့်အတိုင်း ပြောင်းလဲလာနိုင်သော တစ်ချောင်းငင် ပြောင်းလဲမှုသည် ပုံစံဖြစ်ပါသည်။ ပုံစံ (၇)သည် ပျူစာများတွင် တွေ့ရသော တစ်ချောင်းငင် အသွင် ဖြစ်ပါသည်။

ပုံစံ(၇)



ပုံစံ (၈)သည် အေဒီ (၂)ရာစု တောင်ပိုင်း ဒက္ခိဏစာလုံး၊ ကလင်္ဂစာလုံး တို့တွင် တွေ့ရသော တစ်ချောင်းငင် ရေးဆွဲမှုအသွင် ဖြစ်ပါသည်။



ပုံစံ(၈)

ဗြာဟ္မီ အက္ခရာ အရေးအသားတွင် “ဒေါင်လိုက်ရေးသော အု–သရ သင်္ကေတ (တစ်ချောင်းငင်)” သည် လက်ရေးစရိုက် သဘာဝအရ အောက်ပါအတိုင်း ပြောင်းလဲနိုင်ပါသည်။ ဖော်ပြပါ ပုံစံ (၉)သည် အိန္ဒိယတောင်ပိုင်း အသွင်တွင် တွေ့နိုင်သည့် တစ်ချောင်းငင် အနေအထားမျိုး ဖြစ်ပါသည်။

---

[၁] စံသာအောင်၊ ၁၉၇၄၊ ၆၈။

[၂] စံသာအောင်၊ ၁၉၇၄၊ ၆၈။



ပုံစံ(၉)

ပုံစံ(၁၀)သည် အိန္ဒိယမြောက်ပိုင်းအသွင်တွင် တွေ့နိုင်သည့် တစ်ချောင်းငင် အနေအထားမျိုး ဖြစ်ပါသည်။



ပုံစံ(၁၀)

ဖော်ပြပါ ပြောင်းလဲမှုပုံစံများသည် အလျှင်အမြန် ရေးဆွဲမှုကြောင့် ပြောင်းလဲသော တစ်ချောင်းငင် အရေးသွင်ပြင်များအဖြစ် တွေ့နိုင်ပါသည်။ ဤသည်တို့မှာလည်း ဗြာဟ္မီ အက္ခရာ အရေးသွင်ပြင်တွင် တွေ့နိုင်သော ဒေါင်လိုက်ရေးသည့် အု–သရ သင်္ကေတ(တစ်ချောင်းငင်)၏ ပြောင်းလဲမှုပုံစံများပင် ဖြစ်ပါသည်။

**ဒေါင်လိုက်ရေးသော အူ–သရ သင်္ကေတ (နှစ်ချောင်းငင်) ပြောင်းလဲမှု**

ဗြာဟ္မီအက္ခရာ အရေးအသားတွင် “ဒေါင်လိုက်ရေးသော အူ–သရ သင်္ကေတ (နှစ်ချောင်းငင်)” သည် လက်ရေးစရိုက်သဘာဝအရ အောက်ပါအတိုင်း ပြောင်းလဲနိုင်ပါသည်။ ဖော်ပြပါ ပုံစံ (၁၁)သည် အိန္ဒိယတောင်ပိုင်း အသွင်တွင် တွေ့နိုင်သည့် နှစ်ချောင်းငင် အနေအထားမျိုး ဖြစ်ပါသည်။



ပုံစံ(၁၁)

ပုံစံ(၁၁)

ပုံစံ(၁၂)သည် အိန္ဒိယမြောက်ပိုင်း အသွင်တွင် တွေ့နိုင်သည့် နှစ်ချောင်းငင် အနေအထားမျိုး ဖြစ်ပါသည်။



ပုံစံ(၁၂)

ဖော်ပြပါ ပြောင်းလဲမှုများသည်လည်း အလျင်အမြန် ရေးဆွဲမှုကြောင့်[၁] ဖြစ်ပေါ်လာသော ပြောင်းလဲမှုသဘာဝများပင် ဖြစ်ပါသည်။ များသောအားဖြင့် အထက်အောက် မရှည်သော ပုံမှန်အက္ခရာပုံတို့တွင် အသုံးပြုလေ့ ရှိပါသည်။ ဤအနေအထားသည်လည်း ဗြာဟ္မီအက္ခရာ အရေးသွင်ပြင်တွင် တွေ့နိုင်သော ဒေါင်လိုက်ရေးသည့် အူ–သရ သင်္ကေတ (နှစ်ချောင်းငင်)၏ ပြောင်းလဲမှုပုံစံများပင် ဖြစ်ပါသည်။

## ပျူစာများတွင် တွေ့ရသော “အု၊အူ” အရေးပုံသွင်များ

ပျူကမ္ပည်းများဟု ဆိုရာတွင် ပါဠိ၊ သက္ကတ စာပေများကို ရေးသား ထားသော ကမ္ပည်းစာများကို မဆိုလိုပါ။ ပါဠိ၊ သက္ကတ စာပေမဟုတ်သည့် ပျူဘာသာစကားဖြင့် ရေးထိုးထားသော စာများကိုသာ ဆိုလိုပါသည်။[၂] စုဆောင်း ရရှိသရွေ့ ပျူကမ္ပည်းစာများတွင် တွေ့ရသော အု၊ အူ အရေးပုံသွင်များကို ဖော်ပြ လိုပါသည်။

လေ့လာတွေ့ရှိမှု အနေအထားအရ ပျူဗျည်းယှဉ်သရ အု၊ အူ အရေး သွင်ပြင် သုံးမျိုး တွေ့ရပါသည်။ ပထမ ဖော်ပြလိုသော တစ်မျိုးမှာ “ဂု/ါက/” ရေးသားမှု အရေးသွင်ပြင် ဖြစ်ပါသည်။ အက္ခရာပုံတွေ့ရှိမှု အနေအထားအရ “  ” ဟူသော အရေးပုံသွင်မျိုး ဖြစ်ပါသည်။ စာလုံး၏အောက်မှ ယာဘက်သို့စောင်း၍ အဖျားတွင် အထက်သို့ အနည်းငယ်ကွေးသော မျဉ်းဖြောင့်ပုံ ဖြစ်ပါသည်။ ဖော်ပြပါ ဗျည်းယှဉ် သရ သင်္ကေတ (တစ်ချောင်းငင်) အသုံးကို ပျူ ဂ–ငယ် အက္ခရာ တစ်ခုတည်း တွင်သာ အသုံးပြုကြောင်း အေဒီ (၈)ရာစု မတိုင်မီ ပျူကမ္ပည်းစာတို့တွင် တွေ့ရ ပါသည်။ သာဓကအချို့ ကောက်နုတ်ဖော်ပြရသော် ဟန်လင်းဦးဆောင်းယာ ကျောက်စာ ကြောင်းရေ (၃)တွင်–

---

[၁] စံသာအောင်၊ ၁၉၇၄၊ ၆၈။

[၂] ကမ္ပည်းစာစာရင်းတွင်ကြည့်ပါ။

 = တိုး ဒ ပုဂ္ဂြိုဟ် ပိးန္ဒွး ကျွော ပြီး

ဘ ဝ တ ဝ ဍ ဝ

ဟူ၍ လည်းကောင်း၊ မင်တဲကုန်း ရှစ်မြှောက်ကျောက်စာတိုင် ကြောင်းရေ (၂၃)တွင်–

 = နိုး ᵏᵃ ဥပုံ့ ပမ

က ဒ

ဟူ၍လည်းကောင်း၊ သရေခေတ္တရာ ဘုရားထောင်အရိုးအိုးပျူစာ ကြောင်းရေ (၁)တွင်–

 = ဝုဂုဗံး န ဇုဗ နု

န ဍ န

ဟူ၍လည်းကောင်း တွေ့ရပါသည်။ ရှားပါးသောအရေးသွင်ပြင် ဖြစ်ပါသည်။ ပုဂံမြစေတီကျောက်စာတွင်လည်း တွေ့ရသည်။ ထို့ကြောင့် ပျူကမ္ပည်းစာတို့တွင် "ဂု"၏ အရေးသွင်ပြင်သည် တသမတ်တည်း ပြောင်းလဲမှုမရှိ တွေ့ရပါသည်။ ယင်းသို့ ရေးသားမှုမှအပ အု–သရ သင်္ကေတ (နှစ်ချောင်းငင်)အသုံး မတွေ့ရပါ။

ဖော်ပြပါ အု–သရ သင်္ကေတ (တစ်ချောင်းငင်) အသုံးကို ခင်ဘကုန်း ငွေကြုတ်အခြေအနားပျူစာတွင် မင်း၊ မိဖုရား ဘွဲ့ဖော်ပြမှု၌ " =ဘု" ဟူသော ရေးထိုးမှုကို တွေ့ရသည်။ ထိုမှတပါး အခြားပျူကမ္ပည်းများတွင် မတွေ့ရဘဲ၊ မြစေတီကျောက်စာ ပျူမျက်နှာတွင် " = တု"၊ " = မ္တု" ဟူသော အရေးသွင်ပြင်များကို တွေ့ရလေသည်။ သို့သော် ပျူစာပေခေတ် တလျှောက်လုံးတွင် " =ဘု"၊ " =တု" ဟုသာ ရေးသားလေ့ရှိကြောင်း တွေ့ရပါသည်။ ငွေကြုတ်အခြေအနား ပျူစာနှင့် မြစေတီကျောက်စာ ပျူမျက်နှာတို့ရှိ အရေးသွင်ပြင်မှာ အစဉ်အလာ အရေးအသားမှ သွေဖည်နေသော အရေးအသားဖြစ်၍ ထူးခြားမှုအဖြစ် မှတ်ယူပါသည်။

ဒုတိယ ဖော်ပြလိုသောတစ်မျိုးမှာ ပျူစာတွင် တွေ့ရသော ထက်အောက်ရှည်လျားသည့် ပျူစာလုံးများဖြစ်သည့်(က၊ ည၊ ရ၊ ြ=ရရစ်)တို့တွင် တွေ့ရသော " =ကု/ု က/၊ =ညု/ါညက/ =ရု/ ပက/ =ကြုု/ု ပက/ " ဟူသော အရေးသွင်ပြင်မျိုး ဖြစ်ပါသည်။ ပျူကျောက်စာတိုင်းတွင် တသမတ်တည်း သုံးသော အရေးသွင်ပြင် ဖြစ်ပါသည်။ သို့သော် " = ကူ၊ = ရူ၊ = ဋ္ဌူ" ဟူ၍ အူ–သရ သင်္ကေတ သုံးသော အရေးစနစ်သွင်ပြင်ကိုမူ မတွေ့ရပါ။ သို့သော် မြစေတီ ကျောက်စာ

တစ်ခုတည်းတွင်သာ “  =ဂိသြူး” ဟူသော အူ–သရ သင်္ကေတ (နှစ်ချောင်းငင်) အရေးသွင်ပြင် တစ်ခုတည်းကိုသာ တွေ့ရပါသည်။ ထို့ကြောင့် ပျူစာရေးသားမှုတွင် မြစေတီကျောက်စာပါ “သြူး” စကားလုံးမှအပ ပျူ “က၊ ည၊ ရ၊ ဋ” စာလုံးများတွင် အူ–သရ သင်္ကေတ(နှစ်ချောင်းငင်) အရေးသွင်ပြင် မရှိကြောင်း ဖော်ပြနိုင်ပါသည်။

ထိုအပြင် ထူးခြားမှုတစ်ရပ်အဖြစ် ပျူစာရေးသားမှုတို့တွင် “ဝု” ကို “  ” ဟူသော ထက်အောက် ရှည်လျားစွာရေးဆွဲသည့် အု–သရ သင်္ကေတ (တစ်ချောင်းငင်) စနစ်ကိုသာ သုံးလေ့ရှိပါသည်။ သို့သော် ဟရိဝိကြမ အရိုးအိုး ပတ်လည်ပျူစာတွင်– “  = တိံဖွုံ့တ္တော” ဟူ၍လည်းကောင်း၊ သီဟဝိကြမအရိုးအိုး ပတ်လည်ပျူစာတွင်– “ = တိံဖွုံ့ပွံး” ဟူ၍လည်းကောင်း ရေးထိုးမှုကို တွေ့ရပါသည်။ နေရာကြုံလို၍ ရေးခြင်းဟု ယူဆနိုင်ပါသည်။

တတိယ ဖော်ပြလိုသော တစ်မျိုးမှာ ပျူစာတွင် တွေ့ရသော ထက်အောက် ရှည်လျားသည့် အု–သရ သင်္ကေတ(တစ်ချောင်းငင်) ရေးသားမှု ဖြစ်ပါသည်။ ပျူစာလုံး “ဂ”၊ “က၊ ည၊ ရ၊ ဋ” တို့မှအပ ကျန်ပျူစာလုံးများအားလုံးတွင် အသုံးပြုပါသည်။ သက်ဆိုင်ရာ ပျူစာလုံး၏အခြေမှ စာကြောင်း၏ အခြေအထိတိုင်အောင် ရေးဆွဲရပြီး၊ အထက်သို့ လက်ယာရစ်လှည့်ကာ မူလမတ်မျဉ်းကို ပြန်ထိသည်အထိ ရေးဆွဲရသော အု–သရ သင်္ကေတ (တစ်ချောင်းငင်) ရေးသားမှု ဖြစ်ပါသည်။ သာဓကဆောင်ရသော် မိုင်းမောမြနုဒီကျောက်စာ၊ ကြောင်းရေ (၇)တွင်–

 = တ္လမ္ဝူး တိံ

ဍ ဍ သ

ဟူ၍လည်းကောင်း၊ သဲကုန်း ပျူကျောက်စာ ကြောင်းရေ (၄)တွင်–

 = ယံညးပ္ဍုနံ့ပံး

ဟူ၍လည်းကောင်း၊ သူရိယဝိကြမအရိုးအိုးအောက်ခံ မျက်နှာ ကြောင်းရေ(၅)တွင်–

 = ဠ္မေားဒေကန္ဒြိံတုးတ္ဒိံဍောနံ

ဟူ၍လည်းကောင်း ရေးသားဖော်ပြမှုတွင် ပါဝင်သည့် "မု၊ တ္လု၊ ပ္နု၊ တု" စာလုံးတို့၏ အု–သရ သင်္ကေတ (တစ်ချောင်းငင်) ရေးသားမှုမျိုး ဖြစ်ပါသည်။ ပျူစာလုံး "ခ၊ င၊ စ၊ ဆ၊ ဇ၊ ဌ၊ ဍ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ လ၊ ဝ၊ သ၊ ဟ" ဟူသော (၂၁)လုံးနှင့် ယှဉ်တွဲနိုင်ပါသည်။ ပျူစာအရေးအသား စတင်ချိန်မှ အေဒီ တစ်ဆယ့်နှစ်ရာစု အထိ တွေ့ရသော အု–သရ သင်္ကေတ (တစ်ချောင်းငင်) ရေးသားမှု သွင်ပြင် ဖြစ်ပါသည်။

## ပျူစာများတွင်တွေ့ရသော အစက်စနစ်များနှင့် အု–သရ သင်္ကေတ ယှဉ်တွဲမှု

ပျူစာရေးသားမှုများတွင် အစက်သင်္ကေတ ရေးသားမှုများ ပါဝင်နေသည်ကို တွေ့နိုင်ပါသည်။ ထိုအစက်စနစ်များတွင် စာလုံး၏အထက်မှ အစက်သင်္ကေတ မပါသော (–) အစက်သင်္ကေတ ရေးသားမှုစနစ်နှင့် စာလုံး၏အထက်မှ အစက်သင်္ကေတပါသော (–ံ) အစက်သင်္ကေတ ရေးသားမှုစနစ် ဟူ၍ တွေ့ရပါသည်။[၁]

ပျူစာ အရေးအသားမှ အစက်ဖော်ပြမှုတွင် –့ (အောက်တစ်စက်)၊ –း (ဘေးနှစ်စက်)၊ –့း (အောက်တစ်စက်နှင့် ဘေးနှစ်စက်)၊ –ံး (ဘေးသုံးစက်) တို့ ဖြစ်ပါသည်။[၂] ထိုသင်္ကေတများကို စာလုံးအထက် အစက်မပါသောစနစ်တွင် "အ–သရ၊ အိ–သရ၊ အု–သရ၊ အေ–သရ၊ အော–သရ" တို့နှင့် ယှဉ်တွဲကာ အသုံးပြုနိုင်ပါသည်။[၃] စာလုံးအထက် အစက်ပါသောစနစ်တွင် "(–ံ) အံ–သရ၊ (–ိံ) အိံ–သရ၊ (–ုံ) အုံ–သရ"တို့နှင့် ယှဉ်တွဲ အသုံးပြုနိုင်ကြောင်းလည်း တွေ့ရပါသည်။[၄] ထိုအခါ သရ တစ်ခုစီအတွက် သရသင်္ကေတ ယှဉ်တွဲနိုင်မှု အနေအထားများမှာ အောက်ပါအတိုင်း ရရှိပါသည်။[၅]

**ဇယား(၅) သရသင်္ကေတတစ်ခုစီတွင် အသံကွဲပြ အစက်သင်္ကေတ ယှဉ်တွဲနိုင်မှု**

---

[၁] မောင်မောင်ဆွေ၊ ၂၀၁၂၊ ၂။
[၂] မောင်မောင်ဆွေ၊ ၂၀၁၂၊ ၂။
[၃] မောင်မောင်ဆွေ၊ ၂၀၁၂၊ ၃–၅။
[၄] မောင်မောင်ဆွေ၊ ၂၀၁၂၊ ၆–၈။
[၅] မောင်မောင်ဆွေ၊ ၂၀၁၂၊ ၅၊ ၉။

| | နိမ့်မြင့်သံ(၁) | နိမ့်မြင့်သံ(၂) | နိမ့်မြင့်သံ(၃) | နိမ့်မြင့်သံ(၄) | နိမ့်မြင့်သံ(၅) |
|---|---|---|---|---|---|
| | ပျူ–သရ သင်္ကေတ | အောက် အစက်တစ်ခု | ယာဘေး အစက်(၂)ခု | အောက်(၁)စက် ယာဘေး(၂)စက် | ယာဘေး အစက်(၃)ခု |
| အ–သရသင်္ကေတ၏ အစက်ယှဉ်တွဲမှု |  | | | | |
| အိ–သရသင်္ကေတ၏ အစက်ယှဉ်တွဲမှု |  | | | | |
| အု–သရသင်္ကေတ၏ အစက်ယှဉ်တွဲမှု |  | | | | |
| |  | | | | |
| |  | | | | |
| အေ–သရသင်္ကေတ၏ အစက်ယှဉ်တွဲမှု |  | | | | |
| |  | | | | |
| အော–သရသင်္ကေတ၏အစက်ယှဉ်တွဲမှု |  | | | | |
| |  | | | | |
| |  | | | | |
| အံ–သရသင်္ကေတ၏ အစက်ယှဉ်တွဲမှု |  | | | | |
| အိံ–သရသင်္ကေတ၏ အစက်ယှဉ်တွဲမှု |  | | | | |
| အုံ–သရသင်္ကေတ၏ အစက်ယှဉ်တွဲမှု |  | | | | |
| |  | | | | |

ဖော်ပြပါ ယှဉ်တွဲနိုင်မှုစနစ်ကြောင့် ပျူစာများသည် အိန္ဒိယနိုင်ငံ ဒေသသုံး ဘာသာစကားများကဲ့သို့ အသံတိုး အသံရှည် စနစ်ကို ဖော်ပြသော တစ်ချောင်းငင် နှစ်ချောင်းငင် အရေးစနစ်အစား တစ်ချောင်းငင်စနစ်ကိုသာ သုံး၍ နှစ်ချောင်းငင် စနစ်သုံးသော အသံရှည်စနစ်မှ အသံသည် အစက်သင်္ကေတ အရေးစနစ်တွင် ပါပြီးဟန် ရှိသောကြောင့် သင်္ကေတ မထပ်စေရန် နှစ်ချောင်းငင်စနစ်ကို အသုံးပြုဟန် မတူပေ။ ထိုအချက်ကို အီ–သရ သင်္ကေတ (လုံးကြီးတင်ဆံခတ်) အရေး မရှိကြောင်း

ဆရာဦးသာမြတ်က ထောက်ပြဘူးပါသည်။[၁] အာ–သရ သင်္ကေတ အသုံးမှာလည်း ပြောပလောက်အောင် မတွေ့ရပါ။ ထို့ကြောင့် ပျူအရေးစနစ်တွင် သံရှည်ကိုပြသော “အာ၊ အီ၊ အူ” သရသင်္ကေတ ရေးသားမှုများ မရှိကြောင်း ဖော်ပြနိုင်ပါသည်။

[၁] သာမြတ်၊ ၁၉၆၂၊ အမှာစာ။

### ဇယား(၆) ဗျည်းယှဉ်သရ အု၊ အူ ပြောင်းလဲဖွံ့ဖြိုးလာမှု နှိုင်းယှဉ်ပြဇယား[၁]

| | | Horizontal Type Vowel symobols of "u" | | | | | | Vertical Type Vowel symbols of "u" | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | Ku | Kau | gu | gau | tu | tau | nu | nau | mu | mau |
| Brahmi Script | BC-3 | | | | | | | | | | |
| | BC-1 | | | | | | | | | | |
| Northern Indian Scripts | AD-2 | | | | | | | | | | |
| | AD-4 | | | | | | | | | | |
| | AD-7 | | | | | | | | | | |
| Southern Indian Scripts | AD-3 | | | | | | | | | | |
| | AD-4 | | | | | | | | | | |
| | AD-6 | | | | | | | | | | |
| | | Horizontal Type Vowel symobols of "u" | | | | | | Vertical Type Vowel symbols of "u" | | | |



[၁] PL Gupta Acient & Medieval Indian Alphabets Tables; ပုဂံ၊ ပင်းယ၊ အင်းဝ၊ မြန်မာကျောက်ထွင်း အက္ခရာပုံများ၊ ၁၉၇၉၊ နောက်ဆက်တွဲဇယားများ။ JG-Buhler, 1904, Indian Palaeography; D. Diringer, 1949, The Alphabets; B. Pandey, 1957, Indian Palaeography; ဦးသာမြတ်၊ ၁၉၆၃၊ ပျူဖတ်စာ။ ဦးမြ၊ ၁၉၆၁၊ မြန်မာ အက္ခရာ ဖြစ်ပေါ်လာပုံ။ ဦးသာမြတ်၊ ၁၉၅၆၊ မွန်မြန်မာ အက္ခရာသမိုင်း။ ဦးစံသာအောင်၊ ၁၉၇၄၊ ၆–ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံး အက္ခရာများနှင့်၊ ၁၉၇၅၊ အာနန္ဒစန္ဒြရှစ်ရာစု ရခိုင်ဝေသာလီမင်း၊ ဒေါ်သန်းဆွေ၊ ၁၉၉၂၊ ပျူစာခင် ရွှေပေလွှာ လေ့လာချက်။ ပျူကမ္ပည်းစာများ။ –တို့ရှိ စာလုံးများကိုညှိနှိုင်း ပြုစုထားသည်။




## ပျူစာများတွင် တစ်ချောင်းငင်(အု–သရ) အရေးသင်္ကေတသာရှိခြင်း

ဤတွင် ဖော်ပြပါ အု–သရ သင်္ကေတ (တစ်ချောင်းငင်) ရေးသားမှုနှင့် ပတ်သက်သော ဖတ်ရှုမှု ကွဲလွဲချက်အချို့ကို တွေ့ရပါသည်။ သာဓကအချို့ ကောက်နုတ်ပြရသော်– မြစေတီပျူစာ ကြောင်းရေ (၇)တွင်–  = ဥမ္ဗုဒ္ဓုကို ဆရာဦးသာမြတ်က (ဥမ္ဗုဒ္ဓူ) ဟူ၍ ဖတ်ထားပါသည်။[၁] ဒုတွင်ပါသော စာလုံး အခြေမှ “ ” ဥသင်္ကေတကို “မ္ဗု” မှ “တု” နှင့်ယှဉ်၍ အူ–သရသင်္ကေတ (နှစ်ချောင်းငင်)အဖြစ် ဖတ်ရှုထားခြင်း ဖြစ်ပါသည်။ ထို့အတူ မြစေတီပျူစာ ကြောင်းရေ (၂၂)တွင်လည်း

 = ဂေါ့ပုဧဝံတ္တု့ဗိးဆဲတဒ္ဒ
(သာမြတ်–ဂေါ့ပူဧဝံတ္တူ့ဗိးဆဲတဒ္ဒ)

ဟူ၍ ဖတ်ရှုထားပါသည်။[၂] ဤသို့ဖတ်သည့်အတွက် “ ” သင်္ကေတဖြင့်ရေးသော စာလုံးများတွင် “အု–သရ သင်္ကေတ (တစ်ချောင်းငင်)” ရေးထုံး မရှိရာရောက် ပါသည်။ အု–သရဖြင့် ဖတ်ပါက အူ–သရ သင်္ကေတ (နှစ်ချောင်းငင်) ရေးထုံး မရှိရာရောက်ပါသည်။ သတိပြုဖွယ် ဖြစ်ပါသည်။

[၁] သာမြတ်၊ ၁၉၆၃၊ ၅၇၊ ၅၈။
[၂] သာမြတ်၊ ၁၉၆၃၊ ၆၀၊ ၆၁။

မြစေတီ ပျူကျောက်စာ ရေးထိုးချိန်သည် ပျူယဉ်ကျေးမှု ကွယ်ပျောက်ပြီး ပါဠိ၊ သက္ကတ၊ မွန်၊ မြန်မာစာများ အားကောင်းသောကာလ ဖြစ်ပါသည်။ ထို့ကြောင့် မြစေတီပျူစာတွင် ကြောင်းရေ(၂၂)မှ "= ဆဲ" ရေးသားမှုမျိုး၊ ကြောင်းရေ (၂၄–၂၅)မှ = ဂိညြုးဋ္ဌော် (က)၊ = ဂိညြုးဋ္ဌော (ခ) ရေးသားမှုမှ "ညြုး" ရေးသားမှုမျိုးမှာ ပျူဖြတ်စာပါ (က–မ–ချ)စနစ်[၁] နှင့် ကွဲနေရုံသာမက သက္ကတ ဘာသာအတွက် ရေးသားလေ့ရှိသော ဂုပ္တ၊ နာဂရီ အက္ခရာအသွင်များ ဖြစ်ကြောင်း[၂] တွေ့ရသည်။ "ဋ္ဌော်" ရေးသားမှုမှာလည်း မြန်မာဘာသာတွင် သုံးသော "သဝေထိုး ရေးချရှေထိုး" စနစ်ကို သုံးထားသည် မြန်မာဟန် လွှမ်းနေသည်ဟု ယူဆနိုင်ပါသည်။ ထို့ကြောင့် မြစေတီပျူစာသည် ခေတ်ပြိုင်စာပေများ၏ လွှမ်းမိုးမှု များစွာခံနေရသော အခြေအနေရှိကြောင်း မှန်းဆနိုင်ပါသည်။

ဖော်ပြခဲ့သော ဗျည်းယှဉ်သရ "အု–သရ သင်္ကေတ (တစ်ချောင်းငင်)"ကို ကလ်ကစာလုံး ဇဂယပေထ အရေးအသား အမရဝတီကျောက်စာတွင်လည်း တွေ့ရ သည်။[၃] ဖော်ပြရသော်–

"= သိမ်ရညေမာပရိပုတသက္လခါကွံ"

ဟု ရေးထိုးမှုတွင် ဖြစ်ပါသည်။ "ပု"တွင် ရေးဆွဲသော အု–သရ သင်္ကေတ (တစ်ချောင်းငင်)သည် အစောပိုင်း ပျူစာလာ အု–သရ သင်္ကေတ (တစ်ချောင်းငင်) နှင့် ဆင်ပါသည်။ ဟန်လင်းသင်္ချိုင်း ပျူကျောက်စာ ကြောင်းရေ(၂)တွင် "လု" ဟူသော ရေးသားမှုတွင် "" "" အသွင်ကို တွေ့ရသည်။ ကလ်ကစာလုံးပါ တစ်ချောင်းငင် အသုံးနှင့် ဆင်တူလေသည်။ လက်ရေးစရိုက် ပြောင်းလဲမှု အနေအထားအရ–



ဟူ၍ ဖော်ပြနိုင်ပါသည်။ ဖော်ပြပါ ပြောင်းလဲမှုပုံစံအတိုင်း အောက်ခြေအကွေးသည် နောက်ပိုင်းတွင် ဆက်သွားဟန် ရှိလေသည်။ မိုင်းမောမြနဒီပျူကျောက်စာ ကြောင်းရေ

---

[၁] သာမြတ်၊ ၁၉၆၃၊ ၂–၃။

[၂] စံသာအောင်၊ ၁၉၇၅၊ ၆၆–၆၈။

[၃] သန်းထွန်း၊ ၂၀၀၄၊ ၉၅။

(၅)တွင် " =တ္ဘု "နှင့် ကြောင်းရေ (၆)တွင် " =တုမှ္မှု " ရေးသားမှုတို့မှာ ထိုသဘောကို သက်သေထူနေပါသည်။ ထို့ကြောင့် ပျူစာ အရေးအသားတွင် ဖော်ပြပါ တစ်ချောင်းငင်ပုံစံသာရှိ၍၊ ယင်းနှင့် အစက်သင်္ကေတ တစ်ခုခုယှဉ်တွဲကာ အူ–သရ အသံ ရရှိနိုင်သောကြောင့် ပျူစာ အရေးအသား စနစ်တွင် အု–သရ သင်္ကေတ (တစ်ချောင်းငင်) သာရှိ၍ အူ–သရ သင်္ကေတ (နှစ်ချောင်းငင်) ရေးထုံးမရှိကြောင်း ဖော်ပြနိုင်ပါသည်။

ပျူယဉ်ကျေးမှုကာလတွင် ခေတ်ပြိုင် အရေးအသားများဖြစ်သော သက္ကတ စာပေများကို ပျူအက္ခရာ ပျူစာလုံးဖြင့် အသံလှယ်ရေးလေ့မရှိပါ ဂုပ္တ အက္ခရာ၊ နာဂရီ အက္ခရာ တစ်ခုခုဖြင့် ရေးလေ့ရှိပါသည်။ ထို့အတူ ပါဠိစာပေကိုလည်း ပျူစာလုံးဖြင့် အသံလှယ်ရေးလေ့မရှိပါ အိန္ဒိယ တောင်ပိုင်းသုံး ပလ္လဝ အက္ခရာ၊ ကဒံပ အက္ခရာ တစ်ခုခုဖြင့်သာ ရေးလေ့ရှိပါသည်။ ခင်ဘဇွေပေလှ္ဘာသည် ထိုအမျိုးအစားတွင် ပါဝင်၍ အိန္ဒိယတောင်ပိုင်းသုံး အက္ခရာသာဖြစ်ပြီး ပျူစာ၊ ပျူအက္ခရာ ပျူအရေးအသား မဟုတ်ပါ။ ယင်း ပါဠိစာ၊ သက္ကတစာ တို့တွင် နှစ်ချောင်းငင်စနစ် တွေ့နိုင်ကောင်း သော်လည်း ပျူစာမဟုတ်၍ ချန်လှပ်ခဲ့ပါသည်။ ဘာသာစကား သဘာဝ ခြားနားနေ သည့်အတွက် ပျူတို့၏ စာအရေးစနစ်တွင် " "၊ " "၊ " " ဟူသော အု–သရ သင်္ကေတ (တစ်ချောင်းငင်) ပုံသွင် သုံးမျိုးသာ ဗျည်းအက္ခရာတို့၏ သဏ္ဌာန်ကို လိုက်၍ အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

ပျူစာအရေးအသားကို လေ့လာရာတွင် ရှေးအိန္ဒိယ အရေးအသားစနစ်များမှ ရယူထားသော်လည်း ပုံတူရယူထားခြင်း မဟုတ်ပေ။ ဘာသာစကားသွင်ပြင် ကွဲပြား သည့်အတွက် မိမိဘာသာစကားနှင့် ဆီလျော်အောင် ပြုပြင်မွမ်းမံ ဖန်တီးထားမှု များဖြင့် ရယူထားလေသည်။ ဤတွင် ရှေးအိန္ဒိယ အရေးအသားတွင် တွေ့ရခဲလှသော အစက်သင်္ကေတစနစ်များဖြင့် နိမ့်မြင့်သံများကို သင်္ကေတပြုထားရာ ပျူတို့အတွက် အပိုဖြစ်သွားသော ရှေးအိန္ဒိယဒေသသုံး သံရှည်သရသင်္ကေတ အရေးသွင်ပြင်များ ဖြစ်သော အာ၊ အီ၊ အူ သရသင်္ကေတစနစ်များကို ပျူတို့ အသုံးမပြုခဲ့ကြပေ။ ယင်း တို့ကို အိန္ဒိယတောင်ပိုင်းသုံး အက္ခရာဖြင့်ရေးသော ပျူခေတ် ဗုဒ္ဓစာပေ ကောက်နုတ်ချက် များတွင်သာ တွေ့နိုင်ပါသည်။ ဤသို့အားဖြင့် ပျူတို့၏ စာအရေး စနစ်တွင် " "၊ " "၊ " " ဟူသော အု–သရ သင်္ကေတ (တစ်ချောင်းငင်) ပုံသွင် သုံးမျိုးသာ ဗျည်းအက္ခရာတို့၏ သဏ္ဌာန်ကိုလိုက်၍ အသုံးပြုကြောင်း လေ့လာ တွေ့ရှိရပါသည်။



"" ပုံသွင်ကို ပျူ "ဂ" – ဗျည်းအက္ခရာ တစ်ခုတည်းအတွက်သာ သုံးပါသည်။ ""ပုံသွင်ကို အထက်အောက် ရှည်သော အသွင်ရှိသည့် ပျူ "က၊ ည၊ ရ၊ " ဗျည်းအက္ခရာတို့အတွက်သာ သုံးပါသည်။ "" ပုံသွင်ကို ကျန်ပျူ ဗျည်းအက္ခရာ အားလုံးအတွက် သုံးပါသည်။ အူ–သရ သင်္ကေတ (နှစ်ချောင်းငင်) အရေးစနစ် ပျူတွင် မရှိပါ။ ထို့ကြောင့် ပျူစာတွင် အု–သရ သင်္ကေတ အသွင် သုံးမျိုးသာ ရှိကြောင်း ဖော်ပြနိုင်ပါသည်။

**နိဂုံး**

ပျူစာအရေးအသားများကို လေ့လာရာတွင် အက္ခရာများကို တိကျစွာ ဖတ်ရှု နိုင်ရေးသည် အဓိကကျလှပါသည်။ ထို့အတွက် ပျူအက္ခရာများကို တိကျစွာ ဖလှယ် နိုင်ရန် ပျူအရေးစနစ် သဘောတရားများကို တစ်စိုက်မတ်မတ် လေ့လာဖော်ထုတ်ခဲ့ ပါသည်။ ဖော်ပြပါလေ့လာမှုတွင် ဖော်ပြခဲ့သော ပျူစာအရေးအသားမှ "အု၊အူ" သရသံ ရေးသားမှုသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ထိုလေ့လာဖော်ပြမှု များသည် ပျူအက္ခရာများကို မှန်ကန်စွာ ဖတ်ရှုနိုင်ရေးအတွက် စံသတ်မှတ်ချက်များ အဖြစ် မျှော်မှန်းပါသည်။ အပြောကွယ်ဘာသာစကားဖြစ်၍ လေ့လာရာတွင် လွယ်ကူသည် မဟုတ်ပါ။ သို့သော် စနစ်ကျလှသော ပျူကမ္ပည်းစာ အရေးသွင်ပြင် အထောက် အထားများအရ ပျူတို့၏ စာအရေးစနစ်သွင်ပြင်များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ *"အစက်သင်္ကေတ အသုံးပြုမှု၊ အိန္ဒိယသားတို့၏ သံရှည် သရအရေးစနစ် မပါဝင်မှု၊ စာကြောင်းအခြေ စာလုံးငယ်လေးများ ရေးသားမှု"* တို့သည် စိတ်ဝင်စားဖွယ်ကောင်း သော ပျူစာအရေးစနစ်၏ ဖန်တီးမှုများပင် ဖြစ်ပါသည်။ ထိုအခြေအနေများသည် ပျူတို့၏ တိကျသေချာရေရာသော စာအရေးစနစ် ဖန်တီးမှု ဆောင်ရွက်ချက်များပင် ဖြစ်ပါသည်။

**ကျမ်းကိုးစာရင်း**

## မြန်မာဘာသာ

စံသာအောင်၊ ဦး။ (၁၉၇၄)။ ***အေဒီခြောက်ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံး အက္ခရာ***။ ရန်ကုန်၊ ဥမ္မာအောင် စာပေ။

စံသာအောင်၊ ဦး။ ၁၉၇၅၊ ***အာနန္ဒစန္ဒြရှစ်ရာစုရခိုင်ဝေသာလီမင်း***။ ရန်ကုန်၊ ဥမ္မာအောင်စာပေ။

ဇော်ထွန်း၊ ဒေါက်တာ။ (၁၉၆၈)။ "အာရိယာန်အရေးအသားအနုပညာ"၊ ***တက္ကသိုလ်ပညာပဒေသာ စာစောင်၊ အတွဲ(၃)၊ အပိုင်း(၄)***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်။

***ပုဂံ၊ အင်းဝ၊ ကုန်းဘောင် ကျောက်ထွင်း မြန်မာအက္ခရာပုံ***။ (၁၉၆၁)။ PLGupta ၏ "ရှေးဟောင်း အိန္ဒိယ ကမ္ပည်းအက္ခရာပုံများ" ရန်ကုန်၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန၊ အထက်တန်းပညာဦးစီးဌာန။

**မောင်မောင်ဆွေ။ (၂၀၁၃)။** "ပျူစာအရေးသွင်ပြင်မှ အစက်သင်္ကေတ အသုံးများ လေ့လာချက်"၊ ***MAAS Research Journal 2013, Vol. 11; No. 7(B).***

မြ၊ ဦး(သီရိပျံချီ)။ (၁၉၆၁)။ ***ရှေးဟောင်းမြန်မာအက္ခရာစာတမ်း***။ ရန်ကုန်၊ မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန။

မြန်မာတိုင်းရင်းကျောက်စာများ၊ စတုတ္ထထုပ်။ (၁၉၅၆)။ လန်ဒန်၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်။

မြန်မာတိုင်းရင်းကျောက်စာများ၊ ပဥ္စမထုပ်။ (၁၉၅၆)။ လန်ဒန်၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်။

မွန်ဗိုလ်ကေ (ဗြဟ္မာစာရီ)။ (၁၉၅၆)။ သရေခေတ္တရာဆိုင်ရာ ရှေးဟောင်းပစ္စည်းတစ်ခု။ ***ပြည်ထောင်စုယဉ်ကျေးမှုစာစောင် အတွဲ(၁) အမှတ်(၉)***။ ရန်ကုန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန။

သာမြတ်၊ ဦး။ (၁၉၆၃)။ ***ပျူဖတ်စာ***။ ရန်ကုန်၊ နေရှင်နယ်ပုံနှိပ်တိုက်။

သန်းဆွေ၊ ဒေါ်။ (၁၉၉၂)။ ***ပျူခင်ဘရွှေပေချပ်လေ့လာချက်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့။

သန်းထွန်း၊ ဒေါက်တာ။ (၂၀၀၄)။ ***မြန်မာ့သမိုင်းပုံ***။ ရန်ကုန်၊ မုံရွေးစာပေ။

## အင်္ဂလိပ်ဘာသာ

Buhler, JG, Doctor. (1904). *Indian Palaeography* , Bombay, Bombay Education Socitey's press by culla.

Diringer, D, Doctor. (1919). *The Alphabet (Second Education)*. London, Hutchinson's Science and Techmincal Publication.

## ကောက်နုတ်ဖော်ပြထားသော ပျူစာလုံး၊ ပျူစကားစုတို့၏ ကျောက်စာပုံများစာရင်း

### (၁) မြန်မာတိုင်းရင်းကျောက်စာများ၊ စတုတ္ထတွဲမှ ထုတ်ယူ ဖော်ပြသော ကျောက်စာပုံများ။

ပုံ–၃၆၃(က) ပုဂံ၊ မြစေတီကျောက်စာတိုင်(က) ပျူစာ၊

ပုံ–၃၆၃(ခ) ပုဂံ မြစေတီကျောက်စာတိုင်(က) ပျူစာ၊

ပုံ–၃၅၄(က) သရေခေတ္တရာ၊ ဘုရားကြီး၊ ဟရိဝိက္ကြမမင်း အရိုးအိုး ပတ်လည်ပျူစာ။

ပုံ–၃၅၄(ခ) သရေခေတ္တရာ၊ ဘုရားကြီး၊ သီဟဝိက္ကြမမင်း အရိုးအိုးပတ်လည်ပျူစာ။

ပုံ–၃၅၄(ဂ) သရေခေတ္တရာ၊ ဘုရားကြီး၊ သူရိယဝိက္ကြမမင်း အရိုးအိုး ပတ်လည်ပျူစာ။

ပုံ–၃၅၄(ဃ) သရေခေတ္တရာ၊ ဘုရားကြီး၊ သူရိယဝိက္ကြမမင်း–မိဖုရားအရိုးအိုး ပတ်လည်ပျူစာ။

ပုံ–၃၅၅(က) သရေခေတ္တရာ၊ ဘုရားကြီး၊ သူရိယဝိက္ကြမမင်း–မိဖုရား အရိုးအိုး အောက်ခံမျက်နှာ ပျူစာ။

ပုံ–၃၅၆(က) သရေခေတ္တရာ၊ ကန်ဝက်ခေါင်းကုန်း၊ မဏ္ဍိတော်ကျိုးဆင်း တုပလွှင် ပတ်လည် သက္ကတ–ပျူ နိဿယစာ။

ပုံ–၃၅၆(ခ) သရေခေတ္တရာ၊ ခင်ဘကုန်း၊ မြေအရိုးအိုး ပတ်လည်ပျူစာ။

ပုံ–၃၅၇(က) ဟန်လင်း၊ သင်္ချိုင်း ပျူကျောက်စာ။

ပုံ–၃၅၇(ခ) ဟန်လင်း၊ နဂါးရုံကန်အနောက် ပျူကျောက်စာ။

### (၂) မြန်မာတိုင်းရင်းကျောက်စာများ၊ ပဉ္စမတွဲမှ ထုတ်ယူ ဖော်ပြသော ကျောက်စာပုံများ။

ပုံ–၅၅၅ ပုဂံ၊ သရပါတံခါးအနီး၊ ကျောဘက်တရုတ်စာပါ ပျူကျောက်စာ။

ပုံ–၅၆၉ သရေခေတ္တရာ၊ ကြာနီကန်ကုန်း၊ ဗုဒ္ဓနှင့် သာဝကနှစ်ပါးပုံပါ ပျူကျောက်စာ။

ပုံ–၅၇၀(က) မန္တလေး နန်းတော်အရှေ့၊ တောင်ဘက်ကျောက်စာရုံရှိ ပျူကျောက်စာ။

ပုံ–၅၇၀(ခ) သရေခေတ္တရာ၊ ဘုရားကြီး၊ မြေအရိုးအိုး ပတ်လည်ပျူစာ။

### (၃) စာအုပ်စာတမ်းများမှရယူထားသောပျူစာများ

မြန်မာနိုင်ငံသမိုင်းသုတေသနစာစောင် အမှတ်(၁၁)။ (၂၀၀၃)။

"သရေခေတ္တရာ၊ ဘုရားထောင် အရိုးအိုးပျူစာ။"

မြ၊ ဦး(သီရိပျံချီ)။ (၁၉၆၁)။ ရှေးဟောင်းအုတ်ခွက် ရုပ်ပွားဆင်းတုတော်များ။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

"သရေခေတ္တရာ၊ ခင်ဘကုန်း၊ ငွေဖောဓိပလင်ကြုတ်ပါဠိ၊ ပျူကမ္ပည်းစာများ။"

"ပုဂံ၊ ရွှေဆံတော်ဘုရား၊ ဌာပနာတိုက်ရ အုတ်ခွက်ဘုရားကျော ပျူစာ။"

စိန်မောင်ဦး၊ ဦး။ (၁၉၆၈)။ "သရေခေတ္တရာမြို့ဟောင်း"၊ တက္ကသိုလ်ပညာပဒေသာ စာစောင် အတွဲ(၃)၊ အပိုင်း(၁)။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်။

"သရေခေတ္တရာ၊ မော်ဇာ အမှတ် (၃)ကုန်း၊ ရွှေတံခါးမြို့ပေါက်၊ အုတ်ခွက်ဘုရား၊ ပါဠိကမ္ပည်းစာ။"

## (၄) မင်ကူးပုံများ

မြစ်သား(ဘုန်းကြီးကျောင်း)၊ မိုင်းမောမြနဒီကျောက်စာ

သရေခေတ္တရာ(ပြတိုက်)၊ ကြိုးကြာကန်ရွာ ပျူကမ္ပည်းစာ

သရေခေတ္တရာ(ပြတိုက်)၊ မြို့ဟောင်းတွင်းတွေ့ ပျူကျောက်စာ။

သရေခေတ္တရာ(ကျောက်ကာသိမ်)၊ မင်တဲကုန်း၊ ရှစ်မြှောင့် ပျူကျောက်စာတိုင်။

သရေခေတ္တရာ(ပြတိုက်)၊ သဲကုန်း ပျူကျောက်စာ။

သရေခေတ္တရာ(ပြတိုက်)၊ တွင်းပြဲမြို့ပေါက်ပါဠိ (ရတနာ့သုတ်ကောက်နုတ်ချက်)ကျောက်စာ။

ပဲခူး၊ (ကမ္ဘောဇသာဒီနန်းတော်၊ ပြတိုက်)၊ ကွန်းဆိပ်ပါဠိ (ဥဒါန်းပဋိစ္စ သမုပ္ပါဒ် ကောက်နုတ်ချက်)ကျောက်စာ။

# ဘုရားနီဘုရားခေါင်းလောင်း (၃)လုံးမှ ခေါင်းလောင်းစာရေးဟန်

စန္ဒာဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ဘုရားနီဘုရားရှိ ခေါင်းလောင်း (၃)လုံးမှ ခေါင်းလောင်းစာများကို လေ့လာတင်ပြထားပါသည်။ ခေါင်းလောင်းစာရေးဟန်ကို ဖော်ထုတ်လိုခြင်း ရည်ရွယ်ချက် ဖြစ်ပါသည်။ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်းရှိ ရှေးဟောင်းဘုရားဖြစ်သော ဘုရားနီ ဆုတောင်းပြည့်ဘုရားအတွင်းရှိ ခေါင်းလောင်း (၃)လုံးမှ ခေါင်းလောင်းစာများကို အလေ့လာခံအဖြစ် သတ်မှတ်လေ့လာထားပါသည်။ ထိုသို့လေ့လာရာတွင် ရေးဟန်ဆိုင်ရာနည်းစနစ်များကို အခြေခံ၍ ခေါင်းလောင်းစာရေးဟန်ကို ဖော်ထုတ်ထားပါသည်။ ဤစာတမ်းတွင် ဘုရားနီဘုရားသမိုင်း ခေါင်းလောင်းစာ ဝေါဟာရနှင့်သဘောသဘာဝ၊ ဘုရားနီဘုရား ခေါင်းလောင်းစာရေးဟန် ဟူ၍ အခန်းခွဲကာ လေ့လာထားပါသည်။ ခေါင်းလောင်းစာ ရေးဟန်ကို လေ့လာသည့်အတွက် ခေါင်းလောင်းစာများတွင် ပါဝင်သော သမိုင်းမှတ်တမ်း ယဉ်ကျေးမှုများကို သိရှိလာစေသည့်အပြင် ခေါင်းလောင်းစာ ရေးဟန်၏ တန်ဖိုးကို ချင့်တွက်မိပါသည်။

## နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့ (၁၇) ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲသို့ တင်သွင်းသော သုတေသနစာတမ်း ဖြစ်ပါသည်။ ဘုရားနီဘုရားခေါင်းလောင်းစာသည် မန္တလေးမြို့ ဘုရားနီဘုရား အတွင်းရှိသော ခေါင်းလောင်း (၃)လုံးမှ အလှူမှတ်တမ်း ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း (၃)ခန်း ခွဲ၍ လေ့လာတင်ပြထားပါသည်။ အခန်း (၁)တွင် ဘုရားနီဘုရားသမိုင်း၊ အခန်း (၂)တွင် ခေါင်းလောင်းစာ ဝေါဟာရ၊ သဘောသဘာဝနှင့် သမိုင်းအကျဉ်း၊ အခန်း (၃)တွင် ဘုရားနီဘုရား ခေါင်းလောင်း (၃)လုံးမှ ခေါင်းလောင်းစာရေးဟန်တို့ကို လေ့လာတင်ပြထားပါသည်။

## ၁။ ဘုရားနီဘုရားသမိုင်း

မန္တလေးမြို့ကို ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး တည်ထောင်ခဲ့ပြီး မင်းနေပြည်တော် တည်ရာမြို့ ဖြစ်ခဲ့သည်။ ထိုသို့ တည်ထောင်မှုရာတွင် ဝင်းများ၊ ရပ်ကွက်များ အသီးသီး သတ်မှတ်ခဲ့ပါသည်။ ထိုဝင်းများ၊ ရပ်ကွက်

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

များတွင် ဘုရားစေတီများလည်း တည်ထားကိုးကွယ်ပါသည်။ ရှေးဟောင်းဘုရားစေတီများကိုလည်း ထိန်းသိမ်းကာ တည်ထားကိုးကွယ်စေခဲ့ပါသည်။ ရှေးဟောင်းဘုရားစေတီများတွင် ဘုရားနီဘုရားသည်လည်း တစ်ဆူအပါအဝင် ဖြစ်ပါသည်။ ဘုရားနီဘုရားသမိုင်းနှင့် ပတ်သက်၍ ရွှေကိုင်းသား၏ အနှစ် ၁၀၀ပြည့် မန္တလေး စာအုပ်တွင်–

> "အနောက်ပြင် ပုလဲငွေရောင်ရပ်ရှိ ဘုရားနီဘုရားကို အမရပူရ ပဌမမြို့တည် ဘိုးတော်ဘုရား လက်ထက် ရွှေတိုက်ဝန် မောင်နှမက တည်ခဲ့သည်ဟု အမှတ်အသား တွေ့ရသည်။ အင်္ဂတေ မဖို့ မသုတ်ဘဲ အုတ်ရိုးနီနီအတိုင်း ကာလတာရှည်စွာ တည်ရှိနေသည့်အတွက် ဘုရားနီဟု ခေါ်ရကြခြင်း ဖြစ်သည်။ ဘွဲ့တော်မှာ ဆုတောင်းပြည့် ဖြစ်လေသည်။ မန္တလေးခေတ် ရောက်သောအခါ မင်းတုန်းမင်းတရားကြီး၏တောင်ဆောင်တော် မိဘုရားက ထပ်မံပြင်ဆင် ရွှေအပြည့်ထည့်၍ ကုသိုလ်ပြုပြန် လေသည်။ မြန်မာမင်းတို့လက်ထက် တရားမှု ဖြစ်ပွား၍ ကမ္ဘာကြီး ၄ရပ်သို့ ကျူလျှင် ဘုရားနီဘုရား ရင်ပြင်တော်၌ ကျမ်းသစ္စာ ကျိန်ဆိုကြသည်။"[၁]

ဟူ၍ ရေးသားဖော်ပြထားပါသည်။

ဘုရားနီဘုရားသည် မန္တလေးမြို့ ပုလဲငွေရောင်အရပ်တွင် တည်ရှိသည်။ ဘုရားနီဘုရားသမိုင်း နှင့်ပတ်သက်၍ နေထွတ်၏ မန္တလေးအဘိဓာန်စာအုပ်တွင်–

> "ဘုရားနီဘုရားသည် ရွှေကျီးမြင်ဘုရား မြောက်ဘက်ရှိ ထင်ရှားသော စေတီတော်ကြီးတစ်ဆူ ဖြစ်ပေသည်။ မန္တလေးမြို့ တွင် တည်ထားကိုးကွယ်သည်။ အမရပူရခေတ် ဘိုးတော် (ဗဒုံမင်း) လက်ထက် ရွှေတိုက်ဝန် မောင်နှမက တည်ထား ကိုးကွယ်ခဲ့သည်။ ဘွဲ့အမည်မှာ ဆုတောင်းပြည့်စေတီဖြစ်သည်။ နှစ်ကာလ အတန်ကြာသည်အထိ အင်္ဂတေ မကိုင်ဘဲ အုတ်ရိုးနီနီ ဖြစ်နေသဖြင့် ဘုရားနီဟု တွင်ခဲ့လေသည်။ ထို့နောက် မင်းတုန်းမင်း လက်ထက်တွင် အချောသတ်ခဲ့ပြီး ရွှေသင်္ကန်း ကပ်လှူခဲ့သည်။ မြန်မာမင်းများလက်ထက်တွင် ဘုရားနီ ရင်ပြင်တွင် အမှုစစ်ဆေးစီရင်ရာတွင် ကမ္ဘာလေးရပ် (ရေငုပ်၊

[၁] ရွှေကိုင်းသား၊ ၁၉၅၉၊ ၂၅၃။

> မီးထွန်း၊ ခဲတောက်၊ ဆန်ဝါး) ဖြင့် မစစ်ဆေးမီ ကျမ်းကျိန် သစ္စာပြုစေ အလေ့ရှိသဖြင့် သစ္စာတိုင်ဘုရားအဖြစ် ထင်ရှားခဲ့သည်။ ဘုရားတည်နေရာသည် ၂၁ လမ်းနှင့် ၂၂ လမ်း ကြား၊ ၈၁ နှင့် ၈၂ လမ်းကြား ပုလဲငွေရောင်ရပ်တွင် တည်ရှိသည်။"[၁]

ဟု ဖော်ပြထားပေသည်။

ဘုရားနီ ဆုတောင်းပြည့် မြတ်စွာဘုရားစေတီတော်ကြီးကို သစ္စနန္ဒ ရဟန္တာမထေရ် အရှင်သူမြတ်မှ ပန္နက်ချမင်္ဂလာ ချီးမြှင့်တော်မူပြီး တတိယသံဃာယနာတင်၊ အာသောကနရိန္ဒရာဇာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စေတီပေါင်း ရှစ်သောင်းလေးထောင်တွင် အနေကဇာတင် တစ်ဆူ အပါအဝင် ဖြစ်တော်မူသည်။ မူလ ဉာဏ်တော် (၁၂)တောင်၊ မွေသရီရ၊ ဓာတ်တော် (၁၂)ဆူ ကိန်းဝပ်စံပယ်တော်မူသည်။ ပုဂံ အနော်ရထာ၊ အင်းဝ သီဟသူမှစပြီး အဆက်ဆက်လှူဒါန်းခဲ့ရာ ရတနာပုံခေတ်တွင် သာသနာ့ဒါယကာ ပဥ္စမသံဃာယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါရာဇာ အထိ ထပ်မံဖြည့်မွမ်းမံကာ အဆင့်ဆင့် ရွှေဉာဏ်တော်မြှင့်ကာ တည်ထားကိုးကွယ်ခဲ့သည်။ ထိုမှတစ်ဆင့် ဘုရားနီဆုတောင်းပြည့် စေတီတော်ကြီးကို သက္ကရာဇ် (၁၂၆၃) ခုနှစ်တွင် လူအများ စုပေါင်းပြီး ထပ်မံဖြည့်စွမ်းကာ အဆင့်ဆင့် ရွှေဉာဏ်တော်မြှင့်ကာ တည်ထားကိုးကွယ်ခဲ့သည်။ ယခု ဉာဏ်တော်မှာ (၉၃)တောင်ရှိပြီ ဖြစ်ပေသည်။ ဘုရားနီဘုရား ဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ ဘုရားဝတ္တကမြေမှာ အရှေ့မျက်နှာ တောင်မြောက်အလား (၅၄၃)ပေ ရှိကြောင်း သိရပါသည်။

မန္တလေးမြို့ရှိ ဘုရားနီဘုရားသည် စတင်တည်ထားကိုးကွယ်သည့် သက္ကရာဇ် အခိုင်အမာ မသိရသော်လည်း ယနေ့တိုင် မန္တလေးမြို့တွင် ထင်ရှားကျော်ကြားလျက် ရှိပါသည်။

## ၂။ ခေါင်းလောင်းစာ ဝေါဟာရ၊ သဘောသဘာဝနှင့် သမိုင်းအကျဉ်း

ခေါင်းလောင်းဟူသော ဝေါဟာရကို ပုဂံခေတ် မတိုင်မီကတည်းက စတင် အသုံးပြုနိုင်ကြောင်း ပညာရှင်တို့ ယူဆကြပေသည်။

---

[၁] နေထွတ်၊ ၁၉၉၇၊ ၂၀၂။

ခေါင်းလောင်းစာဟူသည် ခေါင်းလောင်းပေါ်တွင် ရေးထိုးထားသောစာဟု အလွယ်မှတ်သားနိုင်ပေသည်။ ခေါင်းလောင်းစာနှင့်ပတ်သက်ပြီး ဆရာမောင်ခင်မင်၏ မြန်မာစကား မြန်မာရုပ်ပုံလွှာ စာအုပ်တွင်–

> "ခေါင်းလောင်းစာမှာ စေတီပုထိုးများတွင် သွန်းလုပ်လှူ ထားသော သတ္တုခေါင်းလောင်းများတွင် ရေးထိုးထားသော စာများ ဖြစ်သည်။"[၁]

ဟု ဖွင့်ဆိုထားသည်ကို တွေ့နိုင်ပေသည်။ ထို့အပြင် ခေါင်းလောင်းစာနှင့် ပတ်သက်ပြီး ဆရာလှိုင်ဝင်းဆွေက မြန်မာ့ခေါင်းလောင်းဟူသော စာအုပ်တွင်–

> "ခေါင်းလောင်းစာဟူသည်မှာ ခေါင်းလောင်း၏ ကိုယ်ထည်တွင် မော်ကွန်းတင် ကမ္ပည်းထိုးခဲ့သော မှတ်တမ်းစာဟု ဆိုနိုင်သည်။"[၂]

ဟု ဖွင့်ဆိုထားပေသည်။ ထိုအချက်များအရ ခေါင်းလောင်းစာသည် သတ္တုကြေး စသည်တို့ဖြင့် ပြုလုပ်ထားသော ခေါင်းလောင်းကိုယ်ထည်များပေါ်တွင် ရေးထိုးသော စာများ ဖြစ်ကြောင်းကို သိနိုင်ပေသည်။

ခေါင်းလောင်းစာ၏ သဘောသဘာဝနှင့် ပတ်သက်ပြီး ခေါင်းလောင်းစာများကို ယေဘုယျ (၂)မျိုး ခွဲခြားကြကြောင်း တွေ့ရသည်။ ၎င်းတို့မှာ မူရင်းခေါင်းလောင်းစာနှင့် ဆင့်ထိုးခေါင်းလောင်းစာပင် ဖြစ်သည်။ မူရင်းခေါင်းလောင်းစာတွင် ခေါင်းလောင်းသွန်းလုပ်လှူဒါန်းစဉ် ခေါင်းလောင်းကိုယ်ထည်တွင် ပတ်ဝိုက်ပြီးဖြစ်စေ အတန်းလိုက်ဖြစ်စေ ရေးထိုးသောစာများ ဖြစ်သည်။ ဆင့်ထိုး ခေါင်းလောင်းစာများတွင် ရှေးကရေးထိုးခဲ့သော ခေါင်းလောင်းစာများကို ပြုပြင်မွမ်းမံသူတို့ ဆင့်ထိုး ရေးသားခဲ့သော စာတန်းများဖြစ်ကြောင်း ပညာရှင်တို့က ဆိုကြသည်။ ထို့အပြင် အချို့ခေါင်းလောင်းများတွင် မူရင်းရော ဆင့်ထိုး အရေးအသားမျိုးပါ တွေ့ရတတ်ကြောင်းလည်း ဆိုကြသည်။

ခေါင်းလောင်းစာတွင် အလှူရှင်သည် မိမိအလှူကို နောင်အရှည်တည်တံ့စေအောင်၊ နောင်းလူတို့ သိရှိအောင် ရည်ရွယ်ပြီး ရေးထိုးတတ်ကြသည်။ ထိုသို့ ရေးထိုးရာတွင် အလှူရှင် စိတ်နေသဘောထားများလည်း တွေ့ရတတ်ပေသည်။ ခေါင်းလောင်းစာတွင် အလှူရှင်အမည်၊ အလှူပြုသော ခုနှစ်၊ ခေါင်းလောင်း အလေးချိန် စသည်တို့ ပါဝင်သည်ကို တွေ့နိုင်ပေသည်။ ထိုမှတစ်ဆင့် အလှူပြု

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၁၇။

[၂] လှိုင်ဝင်းဆွေ၊ ၁၉၈၆၊ ၂၅။

ရသည့် ရည်ရွယ်ချက်၊ ဆုတောင်း၊ အမှုဝေစကားများ ထည့်သွင်းရေးသား လာကြသည်။ ထို့အပြင် ညောင်ရမ်းခေတ် ခေါင်းလောင်းစာအချို့တွင် မိမိ အလှူကို မဖျက်ဆီးစေရန် ကျိန်စာရေးထိုးသော အလေ့အထရှိကြောင်းကိုလည်း သိနိုင်သည်။

ခေါင်းလောင်းစာအရေးအသားနှင့်ပတ်သက်ပြီး ဆရာလှိုင်ဝင်းဆွေက မြန်မာ့ ခေါင်းလောင်း စာအုပ်တွင်–

> "ခေါင်းလောင်းစာတွင် လက်ရေးလက်သား အမျိုးမျိုးကို လည်းကောင်း၊ ရေးသားစီကုံးပုံ အမျိုးမျိုးကို လည်းကောင်း တွေ့ရှိရ၏။ လေးထောင့် မန်ကျည်းစေ့လက်ရေး၊ လက်ရေးဝိုင်း စသည်ဖြင့် ခေတ်ကာလကို ခွဲခြားနိုင်သော အထောက်အထား ပြယုဂ်များ ဖြစ်လေသည်။"[၁]

ဟူ၍ ခေါင်းလောင်းစာများတွင် တွေ့ရတတ်သော ခေါင်းလောင်းစာ အရေးအသား သဘောကို ရှင်းလင်းဖော်ပြထားသည်ကို တွေ့နိုင်သည်။ ပညာရှင်တို့၏ အဆိုအရ မန်ကျည်းစေ့ အက္ခရာပုံစံသည် ညောင်ရမ်းခေတ် ရှေ့ပိုင်းကာလများ ဖြစ်နိုင်ကြောင်းနှင့် ညောင်ရမ်းခေတ်နှောင်းပိုင်း ရောက်သောအခါမှသာ တဖြည်းဖြည်း အဝိုင်း အက္ခရာသို့ ကူးပြောင်းလာကြောင်း ခန့်မှန်းကြသည်။ ခေါင်းလောင်းစာတွင် ပါဝင်သော အက္ခရာတို့၏ သဘောသဘာဝကို တွေ့ရပေသည်။

ပုဂံခေတ်တွင် ခေါင်းလောင်းစာများကို စကားပြေနှင့် ရေးသားခဲ့ပြီး နောက်ပိုင်းတွင် ကဗျာပုံစံ မှတ်တမ်းတင်လာကြသည်။ နဘေထပ် ရေးဟန်များဖြင့် မှတ်တမ်းတင်ကြောင်းကိုလည်း တွေ့နိုင်ပါသည်။ ထို့အပြင် စကားပြေနှင့် ကဗျာ နှစ်မျိုးရော၍ ရေးသားပုံကို တွေ့ရပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း ကျောက်စာ အချို့တွင် ဂဏန်းသင်္ကေတနှင့် ယှဉ်တွဲသော အရေးအသားနှင့် တွဲစပ်ပြီး ရေးသား ကြကြောင်း တွေ့ရပေသည်။

ခေါင်းလောင်းတွင် စာဖြင့် မှတ်တမ်းတင်သည်သာမက အင်းကွက်များ ဖြင့်လည်း မှတ်တမ်းတင်ကြပါသည်။ အင်းကွက်များအပြင် စာနှင့်တကွ အရုပ်များ ကိုလည်း ရေးဆွဲဖော်ပြတတ်ကြသည်။ ခေါင်းလောင်းစာနှင့်တကွ တွေ့ရတတ်သော အရုပ်ပုံများမှာ – ခြင်္သေ့ရုပ်၊ ကျားရုပ်၊ ဆင်ရုပ်၊ နဂါးရုပ်တို့အပြင် ဟင်္သာရုပ် များလည်း ပါဝင်ပေသည်။ တစ်ချို့ ခေါင်းလောင်းစာများတွင် ခေါင်းလောင်းသွန်း လောင်းပြီးသောအချိန်ကို ဇာတာခွင်ပုံစံနှင့် ရေးမှတ်ကြသည်။

---

[၁] လှိုင်ဝင်းဆွေ၊ ၁၉၈၆၊ ၂၇။

ခေါင်းလောင်းကို လွှန်ခဲ့သော နှစ်ပေါင်းလေးထောင်ကတည်းက တရုတ်ပြည်တွင် စတင်တီထွင်သုံးစွဲခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် ပျူနိုင်ငံတော်ကြီး ထွန်းကားခဲ့စဉ်က ပန်းတဉ်းလုပ်ငန်းများ ထွန်းကားလာသည်နှင့်အညီ ခေါင်းလောင်းများလည်း ပြုလုပ်သုံးစွဲလာခဲ့ကြကြောင်းကို ပျူယဉ်ကျေးမှု သမိုင်းများတွင် တွေ့ရပေသည်။ ခေါင်းလောင်းပေါ်တွင် အလှူပြုပုံကို မှတ်တမ်းတင်ရေးထိုးလေ့ ရှိကြောင်းကို လှိုင်ဝင်းဆွေ၏ ရှေးဟောင်းကမ္ဗည်းစာများ စာအုပ်တွင်–

> "ခေါင်းလောင်းစာကို အေဒီ ၅ ရာစု မှစတင်၍ ယခု ခေတ်ကာလအထိ ရေးသားခဲ့ကြသော အထောက်အထား ရှိပါသည်။ မြန်မာနိုင်ငံ ပဒေသရာဇ် မင်းအဆက်ဆက်တို့၏ ခေတ်အခေါ်အဝေါ်အားဖြင့် ပျူ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ်တို့တွင် ခေါင်းလောင်းစာများ ရေးထိုး မှတ်တမ်းတင်ခဲ့ကြသည်။"[၁]

ဟူ၍ ဖော်ပြထားပါသည်။ ရေးသားချက်အရ ခေါင်းလောင်းစာသည် အေဒီ (၅) ရာစု ပုဂံခေတ် မတိုင်ခင်က ပေါ်ထွန်းနေပြီဖြစ်ကြောင်း သိနိုင်သည်။ ခေတ်အဆက်ဆက် အလှူရှင် အဆက်ဆက် ရေးထိုးမှတ်တမ်းတင်ကြကြောင်းကိုလည်း တွေ့နိုင်ပေသည်။

မြန်မာ့ခေါင်းလောင်းစာသမိုင်းနှင့် ပတ်သက်ပြီး ဦးမောင်မောင်လေး၏ ခေါင်းလောင်းစာ နိဒါန်း စာတမ်းတွင်–

> "မြန်မာအက္ခရာဖြင့်ရေးထိုးသော အစောဆုံး ခေါင်းလောင်းစာကို ပုဂံ၊ မြင်းကပါ၊ တာမဏိကျေးရွာမှ ရရှိသော ခေါင်းလောင်းငယ်တွင် တွေ့ရှိနိုင်သည်။ (အမြင့် ၅.၅ လက်မ၊ အဝ ၅.၂၅ လက်မ) ဘာသာအားဖြင့် ပါဠိဘာသာ ဖြစ်သည်။"[၂]

ဟူ၍ ရေးသားဖော်ပြထားသည်။ ခေါင်းလောင်းစာ စတင်ရေးသားသည့် အက္ခရာအပြင် စတင်တွေ့ရှိသည့် ခေါင်းလောင်းကိုပါ သိရှိရပါသည်။

မြန်မာအက္ခရာ၊ မြန်မာဘာသာဖြင့် ရေးထိုးထားသော ရှေးအကျဆုံး ခေါင်းလောင်းမှာ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားအတွင်းရှိ သက္ကရာဇ် (၉၁၉) ခုနှစ်တွင် ရေးထိုးသော ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်း ဖြစ်ကြောင်း သုတေသီတို့က ဆိုကြသည်။

---

[၁] လှိုင်ဝင်းဆွေ၊ ၂၀၁၄၊ ၁၁၁။

[၂] မောင်မောင်လေး၊ ဦး၊ ၁၉၈၆၊ ၂။

ပုဂံခေတ် မတိုင်ခင်ကတည်းက စတင်ရေးသားလျက် ရှိနေပြီဖြစ်သော ခေါင်းလောင်းစာများသည် ပုဂံခေတ်နောက်ပိုင်း ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်အပြင် ယနေ့ထက် တိုင်အောင် ခေါင်းလောင်းများ သွန်းလုပ်လှူဒါန်းကြပြီး အလှူမှတ်တမ်းများလည်း ယခုထက်တိုင် ရေးထိုးလျက် ရှိကြပေသည်။

## ၃။ ဘုရားနီဘုရား ခေါင်းလောင်း(၃)လုံးမှ ခေါင်းလောင်းစာရေးဟန်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဘုရားနီဘုရားအတွင်းရှိ ခေါင်းလောင်းများမှာ ကုန်းဘောင်ခေတ်တွင် လှူဒါန်းထားသော ခေါင်းလောင်းများ ဖြစ်ပါသည်။ ခေါင်းလောင်း (၅)ခုရှိပြီး ခေါင်းလောင်း (၃)ခု၏ ရေးဟန်ကို လေ့လာတင်ပြထားပါသည်။

ယင်းတို့မှာ–

၁။ သက္ကရာဇ် (၁၂၂၈) ခုနှစ်၊ ကဆုန်လ၊ ဘုရားနီဘုရား မြောက်ဘက်ရှိ ခေါင်းလောင်းအမ မယ်မှို လှူခဲ့သော ခေါင်းလောင်းစာ

၂။ သက္ကရာဇ် (၁၂၂၉) ခုနှစ်၊ ဝါဆို လပြည့်ကျော် ၉ ရက်နေ့၊ ဘုရားနီဘုရား အနောက်မြောက်ဘက်ရှိ အလှူရှင် မောင်ကျုပ် လှူခဲ့သော ခေါင်းလောင်းစာ

၃။ သက္ကရာဇ် (၁၂၄၇) ခုနှစ်၊ ပထမ ဝါဆိုလ၊ ဘုရားနီဘုရား မြောက်ဘက်ရှိ အလှူရှင် ဆရာကျူး လှူခဲ့သော ခေါင်းလောင်းစာ

တို့ဖြစ်ပါသည်။ ထို့ကြောင့် ခေါင်းလောင်းစာရေးဟန်ကို စာပေရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ရေးဟန်ပညာကို ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က–

> "စာပေအရေးအဖွဲ့ တစ်ခုတွင် အသုံးပြုထားသော ဘာသာစကား၏ သွင်ပြင်လက္ခဏာများကို သရုပ်ဖော်ခြင်းနှင့် ထိုသရုပ်ဖော်ပြမှုကို အခြေပြုလျက် စာပေ၏ အရည်အသွေးကို တန်ဖိုးဖြတ်ခြင်း ဟူသော အလုပ်နှစ်ခုကို အဓိကဆောင်ရွက်ရသည်"[၁]

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၅။

ဟူ၍ ဆိုထားပါသည်။

အမမယ်မှို ခေါင်းလောင်းစာတွင် ရေးထိုးထားသော အကြောင်းအရာများမှာ ရှေးဦးစွာ မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်များကို အမွန်းတင်ကာ ရေးထိုး ဖော်ပြထားသည်။ ထို့နောက် ဘုရားရှင်၏သာသနာတော် အနှစ် (၂၄၁၀) ရောက်သော အခါတွင် ရတနာပုံ နေပြည်တော်ကြီးကို အုပ်ချုပ်တော်မူသော မင်းတုန်းမင်းတရား၏ ဘုန်းတော်တို့ကို ချီးကျူးဖွင့်ဆိုထားပေသည်။ ထို့နောက်တွင် ခေါင်းလောင်းကို လှူဒါန်းကြောင်း ရေးထိုးထားသည်။ သက္ကရာဇ် (၁၂၂၈) ခုနှစ် ကဆုန်လတွင် ခေါင်းလောင်းကို လှူဒါန်းခဲ့သည်။ ခေါင်းလောင်း၏ အလှူရှင်မှာ စည်ရှည်ရပ် (ယခုအခါ စက်ရှင်)ရပ်တွင် နေထိုင်သော မမယ်မှို ဖြစ်သည်။ ခေါင်းလောင်း အလှူရှင် နေသောအရပ်သည် သံရောင်းရာနေရာ ဖြစ်သည်။ ခေါင်းလောင်းကို လှူဒါန်းသည့် အခါ သားကြီး မောင်စ၊ သမီးကြီး မညိမ့်၊ သမီး အလတ် မရွှေအေး၊ သမီး အငယ် မခါတို့နှင့် တိုင်ပင်ပြီး လှူဒါန်းခဲ့ကြောင်း ရေးထိုးမှတ်တမ်းတင်ထားပါပေသည်။ ထို့နောက် မိမိလှူဒါန်းသော ခေါင်းလောင်း၏ ခမ်းနားကြီးကျယ်ပုံတို့ကို အမွှန်းတင် ရေးဖွဲ့ထားပါသည်။ ခေါင်းလောင်းကိုလှူရာတွင် ရေစက်ချ လှူဒါန်းခဲ့ပေသည်။ ထိုကောင်းမှုအကျိုးကြောင့် အသာဝေါတရားလေးပါးတို့၏ ကင်းရာကုန်ရာ ဖြစ်သော အရဟတ္တဖိုလ် အရဟတ္တမဂ် ရလိုကြောင်း ဆုတောင်းစကားတို့ဖြင့် မှတ်တမ်းတင် ထားခြင်း ဖြစ်ပေသည်။ ခေါင်းလောင်းပြုလုပ်သော အဖိုးအခငွေနှင့် ပိဿချိန် မပါဝင်ချေ။

အမမယ်မှို ခေါင်းလောင်းစာ၏ စီစဉ်တင်ပြပုံ ရေးဟန်မှာ ဘုရား၏ ဂုဏ်တော်၊ ရတနာပုံမြို့ တည်ထောင်ပုံ၊ မင်းတုန်းမင်း၏ ကြီးမြတ်ပုံ၊ အလှူပြု သည့်နေ့ရက်၊ အလှူရှင်၏ အမည်၊ နေရပ်၊ အလှူပစ္စည်း၊ အမျှဝေပုံတို့ကို ဖော်ပြ ထားပါသည်။

ဘုရားနီခေါင်းလောင်းစာများကို လေ့လာရာ၌ အလှူရှင်တို့သည် အလှူပြု ရာတွင် ဘုရားရှင်၏ ဂုဏ်တော်များကို ခေါင်းလောင်း၏အစမှာပင် ထည့်သွင်း ရေးသားသည်ကို တွေ့ရသည်။

မြတ်စွာဘုရားရှင်၏ ဂုဏ်တော် ဘုန်းတော်တို့ကို ဖွဲ့ရာ၌ ခေါင်းလောင်း အမ မယ်မှို ခေါင်းလောင်းစာတွင်–

> "အစိန္တေယျဂုဏာရပတာသ။ သေဌ္ဌဖွေ။ လောကနထာ။ ဒေဝါ
> ဒေဝ။ ဓမ္မသာမိ။ မုနိဘဂဝါ။ ဝိနာရကာ။ နာထစသည်။
> မကျူံစကောင်း။ ဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသော။ တဿ

> တာဒိသဿ။ ထိုသို့ သဘောရှိသော။ နာတဿ။ အကျွန်နုပ်တို့၏။ စီးပွားချမ်းသာကို မေတ္တာ၏အစွမ်းဖြင့် တောင့်တတော်မူတတ်သော မြတ်စွာဘုရား၏" (၁၂၂၈–က–၅)

ဟူ၍ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးစံအတိုင်း ဘုရားရှင်၏ ကြီးမားမြင့်မြတ်ပုံကို ဦးထိပ်ထားကာ ရေးသားထားကြောင်း တွေ့ရပေသည်။

ဘုရားနီဘုရား ခေါင်းလောင်းစာများတွင် မင်း၏ဘုန်းတော်ကို ဖွဲ့ဆိုခြင်းများလည်း ပါဝင်သည်။ မင်းတုန်းမင်းတရားလက်ထက် သက္ကရာဇ် (၁၂၂၈)ခုထိုး ခေါင်းလောင်းအမ မယ်မှိုခေါင်းလောင်းစာတွင်–

> "အာဒိစ္စဝံသ သမ္ဘဝေါ။ နေနတ်၏ အနွယ်တော် ဖြစ်တော်မူထသော" (၁၂၂၈–က–၁)

ဟူ၍ လည်းကောင်း

> "မဟာရဇ္ဇောနီမင်နေပြည်ကြီး၏ သွယ်ရာ အင်္ဂါ ကြီးငယ်နှင့်ပြည့်စုံစွာ တည်ထောင် အာဒိအစရှိ၍ မြို့တည်နန်းတည် မင်းတရားကြီး တမူလည်း ဖြစ်ထသော။ ဒိပါတလာနဝိတီဏောဇမ္ဗူ ကုန်းပြင် ထင်ရားပျံ့နှံ့သော အာဏာရှိတော်မူထသော။" (၁၂၂၈–က–၁)

ဟူ၍လည်းကောင်း ရှည်လျားခမ်းနားစွာ ရေးထိုးမှတ်တမ်းတင်ထားသည်ကို တွေ့နိုင်ပေသည်။ ရှေးဦးစွာ မင်းတရားကြီး၏ အနွယ်တော် မြင့်မြတ်ပုံကို ဖွဲ့ဆိုထားပြီး တစ်ဆက်တည်းပင် မြို့တည်နန်းတည် မင်းတစ်ပါး ဖြစ်သည့်အကြောင်း ရေးထိုးထားသည်ကို တွေ့ရပါသည်။

အလှူရှင်များသည် မိမိတို့ အလှူပြုသည့်အခါ အလှူပြုသည့်အချိန်တို့ကို ရေးထိုးဖော်ပြကြသည်ကို တွေ့ရသည်။ ခေါင်းလောင်းအမ မယ်မှိုခေါင်းလောင်းစာတွင်–

> "ကောဇာသက္ကရာဇ် ၁၂၂၈ ခု ဂိမှန္တေ။ နွေရတုဖြစ်သော။ ဝသာခေ။ ကဆုန်လနှိုက် သံနှုရေ။ ဂြိုနေ့လက်တတ်။ ကောင်မြတ်မြတ်မင်္ဂလာအခါနေရက်နှိုက်။" (၁၂၂၈–က–၁)

ဟု တွေ့ရပေသည်။ သို့သော် ဂြိုဟ်နက္ခတ် ကောင်းမွန်သောနေ့တွင် လှူဒါန်းမှုကို ဖော်ပြသည်ကို ကြည့်ခြင်းအားဖြင့် အလှူရှင်၏ ဗုဒ္ဓဘာသာဝင်တို့၏ အလှူပြု သည့်အတိုင်း နေ့ကောင်းရက်သာ ရွေးချယ်လေ့ရှိပုံကို တွေ့နိုင်ပေသည်။

ခေါင်းလောင်းစာများတွင် အလှူရှင်တို့သည် မိမိတို့နေထိုင်ရာ အရပ်ဒေသကို ဖော်ပြလေ့ ရှိကြပါသည်။ ခေါင်းလောင်းအမ မယ်မှိုခေါင်းလောင်းစာတွင် မိမိနေထိုင်ရာ အရပ်ဒေသကို–

> "စဥ်ရှည် တိဝ္ယဿ။ စဥ်ရှည်ဟူ၍ အမည်ရှိသော။ မြို့တော် ကြီ၏။ ဒွါရသ။ တံခါ၏။ ပဟိ။ အပဖြစ်သော။ အဃျက ဌာနေ။ သံရောင်ရာအရပ်၌။ ဝါ။ သံသဥ်တို့နေရာ။ သံတန်း အရပ်၌။" (၁၂၂၈–က–၁)

ဟူ၍ ဖော်ပြထားပါသည်။ သံရောင်း၊ သံထည်၊ သံတန်း ဟူ၍ နေထိုင်ရာအရပ်၊ အလုပ်အကိုင်၊ အရောင်းအဝယ် ပြုလုပ်သည့်နေရာများကို ပါဝင်အောင် ရေးသား ထားပါသည်။ စည်ရှည်တံခါးသည် ယခုထက်တိုင်အောင် ရှိသေးသော်လည်း စည်ရှည်အရပ်မှာမူ ယခုလက်ရှိတွင် စက်ရှင်အရပ်ဟု အမည်တွင်ပါသည်။ စက်ရှင် အရပ်ကို နတ်မောက်ထွန်းရှိန်က ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်တွင်–

> "အကွက် (၁၄၇) စက်ရှင်ဝင်းသည် စက်ရှင်တံတားကို အစွဲပြု၍ ခေါ်ဝေါ်ကြသည်။ ၈၀ လမ်းနှင့် ၈၁ လမ်းကြား၊ ၁၉ လမ်းနှင့် ၂၀ လမ်းကြား ရှိသည်။ အရှေ့ဘက်တွင် စက်ရှင်တံတား ပျက်ကြီးကို တွေ့နိုင်သည်။ ရှေးအမည်မှန်မှာ စည်ရှည်တံခါး ဖြစ်သည်။"[၁]

ဟု ရေးသားဖော်ပြထားပါသည်။ ထို့အပြင် သံသည်တို့၏နေရာ သံတန်းအရပ်တွင် နေထိုင်သည်ဟု ဆိုသည်ကို ကြည့်ခြင်းအားဖြင့် ကုန်းဘောင်ခေတ်က သံအရောင်း အဝယ်ပြုရာ နေရာဖြစ်ကြောင်းကိုလည်း သိနိုင်ပေသည်။

မမယ်မှို ခေါင်းလောင်းစာတွင် အလှူပစ္စည်းမှာ ခေါင်းလောင်းတစ်လုံး တည်းသာ ဖြစ်ပါသည်။ မိမိလှူသော အလှူပစ္စည်းဖြစ်သည့် ခေါင်းလောင်း၏ အကြောင်းကို အလင်္ကာ အဆင်တန်ဆာ ဥပမာများစွာဖြင့် ဖော်ကျူးကာ ခေါင်းလောင်း၏ ဂုဏ်အင်္ဂါရပ်တို့ကို ပေါ်လွင်အောင် ဖွဲ့ဆိုရေးသားထားသည်ကို–

---

[၁] ထွန်းရှိန်၊ နတ်မောက်၊ ၂၀၀၉၊ ၁၄၈

> "နိစ္စာဒါဒိရဂူပေတံ။ ပွဲတင်ထပ်ခြင် အစရှိသော အသံနှင့် ပြည့်စုံသော သုသု ဒွပဋ္ဌလောဟဇံ။ အလွန်သန့်စင်သော။ ဝဋ္ဋမဉ်သော ကျေဖြစ်သော။ ဝိစိတ္တ ရူပ လက်ိတံ။ ဆန်းကြယ်သော။ အရုပ်တို့ဖြင့် တဆာဆင်အပ်သော။ တိအသလယေ။ ဥပါသော အခိုက်အတန်ရှိသော နတ်တိုနေရာ တာဝတိံသာ နတ်ပြည်။ ဝသန္တေသ။ နေသော။ သက္ကဿ။ သကြာမင်၏။ ကရဝနေဝ။ တစ်ကြိမ်မှတ်လျှင်။ စတုမာ သတော။ ၄လ တိုင်မ။ ဘဒ္ဒနရှူဒံ။ အသံစဲးသော။. . ."

ဟူ၍ ခေါင်းလောင်း၏ ဂုဏ်ရည်ကို ပေါ်လွင်အောင် အသံနှင့်ပြည့်စုံသော၊ အလွန် သန့်စင်သော စသည့် နာမဝိသေသနများနှင့် ဝေဝေဆာဆာ ရေးထိုးထားပါသည်။

ဘုရားနီဘုရား ခေါင်းလောင်းစာများ၌ အလှူရှင်တို့သည် မိမိတို့၏ အလှူကို ရေးထိုးမှတ်တမ်းတင်ရာတွင် အလင်္ကာ အဆင်တန်ဆာများ သုံးထားကြောင်း တွေ့ရ ပေသည်။

ခေါင်းလောင်း၏ အသံသာပုံကို သာမန်မရေးဖွဲ့ဘဲ အသံသာပုံမှာ ကုဋ္ဌေ တစ်သောင်း ရှိပုံကို–

> "ချိမစ်တသောင်ခုတေ (အတိဿယဝုတ္တိအလင်္ကာ)" (၁၂၂၈–၁)

ဟူ၍ ခေါင်းလောင်း၏ ထူးခြားပုံကို အံ့သြဖွယ်ဖြစ်အောင် မှတ်တမ်းတင် ရေးထိုး ထားသည်။ ခေါင်းလောင်းသည် လေးလပြည့်မှ အသံစဲပြီး နတ်ခရုသင်းကဲ့သို့လည်း အသံသာသော ခေါင်းလောင်းဖြစ်သည်ဟု စာဖတ်သူ အံ့သြဖွယ်ဖြစ်အောင် ရေးထိုး ထားသည်။ ခေါင်းလောင်း၏ ကောင်းမွန်ပုံကိုလည်း ပေါ်လွင်လာစေသော ရေးဟန် ဖြစ်ပါသည်။

ခေါင်းလောင်းအမ မယ်မှီ ခေါင်းလောင်းစာတွင် အလှူရှင်သည် ခေါင်းလောင်းကို လှူဒါန်းရာတွင် အလွန်သန့်စင်သောစိတ်ဖြင့် လှူဒါန်းပုံ၊ သားသမီး မြေးမြစ် အပေါင်းနှင့် ရေစက်သွန်းချပြီး ကောင်းစွာ လှူဒါန်းပုံကို–

> "သုဒ္ဓဟာသထောသာ အလွန်သန့်စင် ရွှင်လန်သောစိတ်ဖြင့်။ ဒက္ခဏံ။ ရေစက်ကို ဒါတယိတွာန်။ ကျဇေ၍။ မယံ။ ခေါင်းလောင်း အမ မမယ်မှီနှင့်တကွ သာသ္မီ မြေ မြစ် တစု တိုသဉ် သိုပူဇိသုံ။ ကောါစွာလှူဒါန် ပူဇော်ကုန်၏" (၁၂၂၈–၁)

ဟု တွေ့ရပါသည်။

ခေါင်းလောင်းအမ မယ်မှိုခေါင်းလောင်းစာ၏ ဆုတောင်းပုံမှာ–

> "အမှာကာံ။ အကျွန်နုပ်တို့၏။ ကြဒ်ပုညံ။ ကောင်းမှုသည် အာသဝေါတရား ၄ ပါး တို့၏ ကုန်ရာ အရဟတ္တမဂ် အရဟတ္တ ဖိုလ်ကို ဆောင်စွပ်နိုင်သဉ်သောတုံ ဖြစ်စေသတည်း။" (၁၂၂၈–က–၁)

ဟူ၍ ရိုးရိုးရှင်းရှင်းနှင့်သာ ဆုတောင်းစကား ဆိုထားသည်ကို တွေ့နိုင်ပေသည်။ အရဟတ္တမဂ်ကိုသာ ရလိုသော အလှူရှင်၏ စိတ်နေသဘောထားကို တွေ့ရပေသည်။

ခေါင်းလောင်းအမ မယ်မှို ခေါင်းလောင်းစာတွင်မူ အမျှဝေခြင်း မပါရှိချေ။

အလှူရှင် မောင်ကျုပ်ခေါင်းလောင်းစာတွင် ရှေးဦးစွာ ဘုရားသခင်၏ သာသနာတော် နှစ်ထောင့်လေးရာအကျော်တွင် ရတနာပုံနေပြည်တော်ကြီးတွင် စိုးစံသော မင်းတုန်းမင်းအကြောင်းကို ချီးကျူးဖွဲ့ကာ မှတ်တမ်းတင်ထားသည်။ အလှူရှင်သည် စည်ရှည်အရပ် (ယခု စက်ရှင်) အရပ်တွင် နေထိုင်သူ ဖြစ်သည်။ အလှူရှင်အမည်မှာ မောင်ကျုပ် ဖြစ်သည်။ ဇနီးသည် အလှူ့ဒါယိကာမမှာ မဘီ ဖြစ်သည်။ လှူဒါန်းရသည့် ရည်ရွယ်ချက် ဆုတောင်းစကားမှာ ခန္ဓာချုပ်ငြိမ်းပြီး နိဗ္ဗာန်ကို လိုချင်သောကြောင့် ဖြစ်သည်။ အလှူရှင်သည် ရုပ်တော်မှုဘုရား တစ်ဆူ၊ အခန်း ကိုးခန်း ပါဝင်ဖွဲ့စည်းထားသော တန်ဆောင်းတို့အပြင် ခေါင်းလောင်းကိုပါ သွန်းလုပ်လှူဒါန်းခဲ့သည်။ ခေါင်းလောင်းအတွက် ကျသင့်ငွေ အဖိုးအခမှာ အသပြာ (၁၂၀၀၀) ဖြစ်သည်။ အလှူပြုသည့်အချိန်သည် သက္ကရာဇ် (၁၂၂၉) ဝါဆို လပြည့်ကျော် (၉)ရက်နေ့ ဖြစ်သည်။ နောက်ထပ် ဆုတောင်းတစ်ခုမှာ ထိုပြုရသော ကောင်းမှုကြောင့် တိုင်းပြည်ကို အုပ်ချုပ်စိုးစံလိုသော မင်းတစ်ပါး ဖြစ်ရလိုကြောင်း ဆုတောင်းထားပေသည်။ ထို့နောက် မိမိ၏အလှူကို မိဘ ဆွေမျိုးသားချင်းများ အပြင် နတ် လူ ဗိုလ်ပါ အစရှိသော သူများလည်း မိမိ၏ကုသိုလ်နှင့်တကွ ထပ်တူရ စေကြောင်း အမျှဝေထားပါသည်။ နောက်ဆုံးတွင် ဘုရားဆုကို ရလိုကြောင်း ဆုတောင်းထားပုံတို့ဖြင့် မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

အလှူရှင် မောင်ကျုပ် ခေါင်းလောင်းစာတွင် ဘုရား၏ဂုဏ်တော်ကို–

> "နရာနရ သမော သံရုံဏာ လောကဂုတံ ပတ္တဖြစ်တော်မူသော ဂေါတမ ဘုရားသခွင်" (၁၂၂၉ က–၂)

ဟု ပါဠိဘာသာနှင့်သာ ဘုန်းတော်ကို ဖွဲ့ဆိုထားပေသည်။

အလျှုရှင် မောင်ကျုပ် ခေါင်းလောင်းစာတွင် မင်းတုန်းမင်းတရားကြီး၏ ဘုန်းတော်ကို ဖွဲ့ဆိုရာတွင်–

> "မန္တလေးပြည်ကြီးကို။ တိုင်းသီဘန်ဆင်း။ အောင်မြေနင်းတော်မူသော ကုန်းဘောင်သမတ။ ဖလဝစကရတ်။ မြစ်တော်ဥဂါဠ် မန္တတ်ဘုရားသည်။ တလွှါးသပြေ မြေဇမ္ဗူခိပ်ကို။ ဘုန်းရပ်ပေး၍။"

ဟု ရေးထိုးမှတ်တမ်းတင်ထားသည်ကို တွေ့နိုင်သည်။ မန္တလေးမြို့ကို မန္တလေးပြည်ကြီး ဟူသော ကုန်းဘောင်ခေတ် ရေးဟန်ကိုလည်း တွေ့ရပါသည်။

အလျှုရှင်သည် မိသားတစ်စုနှင့် သိုင်းသိုင်းဝိုင်းဝိုင်း ကောင်းကောင်းမွန်မွန် လှူဒါန်းပုံကို ပေါ်လွင်စေသော ရေးဟန်ကို တွေ့ရပါသည်။

ထို့နောက် အလျှုရှင် မောင်ကျုပ် ခေါင်းလောင်းစာတွင် အလျှုပြုသည့် ရက်ကို–

> "၁၂၂၉–ခု ဝါဆိုလပြည်ကျော် ၉ ရက်နေ့" (၁၂၂၉–က–၂)

ဟူ၍ ရှိုးရှင်းစွာ ရေးထိုးထားပါသည်။

ဘုရားနီဘုရား ခေါင်းလောင်းစာများတွင် အလျှုရှင်တို့သည် မိမိတို့ အကြောင်းကို ရေးသားဖော်ပြသည်။ အလျှုရှင် မောင်ကျုပ် ခေါင်းလောင်းစာတွင် အလျှုရှင်သည် စည်ရှည်ရပ်တွင် နေထိုင်သူဖြစ်ကြောင်း၊ ဆွေစဉ်မျိုးဆက် ကုသိုလ် မပြတ်ပြုခဲ့သော မျိုးနွယ်မှလာသောသူ ဖြစ်ကြောင်း၊ နှလုံးသားဖြူစင်သူ ဖြစ်ကြောင်း၊ သတင်းကောင်းနှင့်သာ ပြည့်စုံသူဖြစ်သော လူမွန်လူရည် ဖြစ်ကြောင်းကို–

> "ဇာတန်းပြာသော စည်ရှည်ရပ်နေ၊ မျိုးဆွေစည်ဆက်။ မပြက်ကူလ။ သုဒ္ဓဇာတိ။ ကောင်းဘိ အယူ။ ကြည်မှုနှစ်လုံး၊ သုံးလေးသွင်း၊ စင်ကြယ်ခြင်းနှင့်ပြည့်စုံသော။ မောင်ကျုပ်တွင်မဉ်း လူမွန်ရည်သည်" (၁၂၂၉–က–၂)

ဟူ၍ ရေးထိုးမှတ်တမ်းတင်ထားသည်။ နေရပ်ကိုသာမက မျိုးရိုး၊ စိတ်နေ သဘောထား စသည်တို့ကိုပါ ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။

အလျှုရှင် မောင်ကျုပ် ခေါင်းလောင်းစာ၌ မိမိ၏ အလျှုပစ္စည်းကို ဖော်ပြရာတွင်–

"လက္ခဏာကြီးငယ် ခြောံသွယ်ရောင်ခြည်။ ပိတ်လည် ရေမီး ရိဝါးသွယ်ဖြာ။ ထက်နတ်ရွာမှ။ သဃ်သသို့။ ကြွလာအက။ ရွှေဆင်တုခသို့။ ရှုမညီသော ရွှေရုပ်တော်ဘုရား။ ၁။ ငုံပြင် တဝ။ သာသနောတမက။ မူလအရင် သုန့်ရှင်းကြည်လင်။ ရွှေမှင်ဇိဝါ။ မရာပြောင်ရွှန်း တိန်တိန်တွန်းသော ဇွခန်း ထမဝါ တစောင်း။ ။ သဒ္ဒါဒါန။ သဟာသသချ်ာ။ သပြာကျပ်ပေါင် တသောင်း နှစ်ထောင်။ ရေတွက်ဆောင်သား။ အသံဇငြိမ့်။ ကြေးကလိမ့်သည်။ နှစ်သိမ့်ဝေးနီး။ နါမငြီးသော ခေါင်းလောင်း ကြေးစင်။ ။ အသီးသီးအရပ်ရပ်" (၁၂၂၉–က–၂)

ဟု ရေးထိုးထားသည်ကို တွေ့ရပေသည်။ ရုပ်တော်မူရုပ်ပွားတော်ကို လှူဒါန်းရာ၌ ရုပ်တော်မူဘုရား၏ ပုံပန်းသဏ္ဌာန်ကို သရုပ်ဖော်ရာတွင် တာဝတိံသာနတ်ပြည်သို့ မယ်တော်မိနတ်သားအား တရားဟောအပြီး သင်္ကာသနဂိုရ်ပြည်သို့ ပြန်ဆင်းလာသည့်အခါ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးနေဟန်တို့နှင့် ခိုင်းနှိုင်းရေးထိုးထားသည်ကို တွေ့ရပေသည်။ ထို့အပြင် အလှူရှင်သည် တန်ဆောင်းနှင့် ခေါင်းလောင်းတို့ကိုပါ လှူဒါန်းကြောင်း စီစဉ်ဖော်ပြ ရေးထိုးထားပေသည်။ မိမိ၏အလှူကို ကာရန်ချိတ် စကားပြေဟန်ဖြင့် ဝေဝေဆာဆာ ရေးထိုးမှတ်တမ်းတင်ထားပုံကို တွေ့ရပေသည်။

အလှူရှင် မောင်ကျုပ် ခေါင်းလောင်းစာတွင် ဆုတောင်းစာကို –

"စက်သံသရာ ခန္ဓာလမ်းခး။ ခရီးမှတက်ဆန်ရွှေ့ နိဗ္ဗာန်ပြည်။ အောင်မြေစည်ကို ကပ်ဆည်း ခိုလုံရခြင်း အကျိုးငှါ" (၁၂၂၉–က–၂)

ဟူ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်ပြီးသည့်နောက်တွင် နိဗ္ဗာန်ကို ရောက်လိုကြောင်း ဆိုထားသည်။ နောက်ဆုံးတွင် ဘုရားဆုကို ရလိုသောသဘောကို –

"ပုဒိအာနှင့်ပြည်စုံပါလို၏" (၁၂၂၉–က–၂)

ဟု ရှေးက ရေးထိုးခဲ့သော ခေါင်းလောင်းစာများအတိုင်း သွယ်ဝိုက်သောနည်းဖြင့် ဘုရားဆုကို တောင်းထားသည့် ဝိဇ္ဇာ (၃)ပါး ရသော ဘုရားဖြစ်ရလိုသည့် အလှူရှင်၏ စိတ်နေသဘောထားကို တွေ့နိုင်ပေသည်။

အမျှဝေရာတွင် အလှူရှင် မောင်ကျုပ် ခေါင်းလောင်းစာတွင်–

> "ကောင်းမှု၏အဖိုကိုလည်း။ ရေမြေသနင်း မင်းနှင့်တကွ။ မိဘနှစ်ပါး သာမယားမျိုးဆွေ။ ဗိုလ်ချေ နတ် လူ သုံးဘုံသူတို့ထာနှင့်ရေသည်။ သက်သေဖြင့်ပိုထ အမျှဆက်ပါသည်။ ကျွန်နုပ်ကိုနှင့်။ ကုသိုလ်ထပ်မျှ ရကုံကြွ၍ သုခပြီးလော်င စေသော်ဝ်။"
> (၁၂၂၉-က-၃)

ဟူ၍ ပါရှိပေသည်။ အလှူရှင်သည် မင်း၊ မိဘ၊ သားမယား၊ ဆွေမျိုးနှင့် ဗိုလ်ပါများအပါအဝင် လူ နတ် သတ္တဝါ သုံးဘုံသားတို့ပါ သူ့ကုသိုလ်နှင့် ထပ်တူထပ်မျှ ရစေလိုသော ဆန္ဒဖြင့် အမျှဝေထားသည်မှာ မိဘအပေါ် တိုင်းပြည်အုပ်ချုပ်သော မင်းဘုရင်အပေါ် ဆွေမျိုးများအပေါ်တွင် အလေးထားတတ်သူတစ်ဦး ဖြစ်ကြောင်း၊ သူတစ်ပါးကိုပါ မိမိနှင့်ထပ်တူ ကုသိုလ်အကျိုး ရရှိခံစားစေလိုသူ ဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။

တတိယ ခေါင်းလောင်းမှာ ဆရာကျူး၏ ခေါင်းလောင်းစာ ဖြစ်သည်။ ထိုခေါင်းလောင်းစာသည်လည်း ရှေးဦးစွာ မင်းတုန်းမင်းတရားကြီး၏ ဘုန်းတော်ကို ရေးဖွဲ့ထားသည်။ အလှူရှင် ဆရာကျူးသည် ကြေးမုံတံခါးအတွင်းတွင် နေထိုင်သူဖြစ်သည်။ ဇနီးသည်၏အမည်မှာ မယ်ခိုင်ဖြစ်ကြောင်း ဆိုသည်။ အလှူပြုသည့်ခုနှစ်မှာ သက္ကရာဇ် (၁၂၄၇) ပထမဝါဆိုလ ဖြစ်သည်။ အလှူပစ္စည်းများမှာ ရုပ်ပွားတော်တစ်ဆူ၊ ပလ္လင်၊ အုတ်ဇရပ်၊ တံခွန်တိုင်၊ ခေါင်းလောင်းတို့အပြင် မျက်နှာကျက်လည်း ပြုလုပ်လှူဒါန်းခဲ့ပေသည်။ ထို့အပြင် ရေတွင်းလည်း လှူဒါန်းကြောင်း တွေ့ရသည်။ အလှူပြုသော အကျိုးအားကြောင့် ဘဝများစွာ ဖြစ်သော်လည်း အပါယ်လေးပါး ကပ်သုံးပါး ရန်ပြစ်ရှစ်ပါးမှ လွတ်သောသူ ဖြစ်ရလိုကြောင်း ဆုတောင်းထားသည်။ ထို့အပြင် မိမိ၏အလှူကို အမျှဝေရာတွင် လူ၊ နတ်တို့ သတ္တဝါအပေါင်း ရကြစေလိုကြောင်း ရေးထိုးထားသည်။ တစ်ဖန် မျက်နှာမြင်က ချစ်ခင်ပါစေ၊ အသံကြားက သနားပါစေ စသည့် ဆုတောင်းများအပြင် သစ္စာလေးပါးကိုလည်း သိမြင်လိုသောသူ၊ နောင်ပွင့်မည့် ဘုရားကိုလည်း ဖူးတွေ့ရလိုကြောင်းနှင့် တရားဓမ္မကို ဦးစွာနာကြားလိုသောသူ ဖြစ်ကြောင်း ဆုတောင်းထားသည်။ ထို့အပြင် မိမိ၏ ကုသိုလ်ကောင်းမှုအကျိုးကို မိဘ ဆရာ ဆွေမျိုးများအပြင် တိုင်းပြည်အုပ်ချုပ်သော မင်းနှင့် မိဖုရားကို လည်းကောင်း၊ သားသမီးများအပြင် မှူးမတ်ဗိုလ်ပါ နတ်သိကြား ဗြဟ္မာမင်း တို့မှအစ ယမမင်း အဆုံး ရစေလိုကြောင်း အမျှပေးဝေထားသည်။ ခေါင်းလောင်း အလေးချိန်မှာ ကြေးချိန် ၁၄၂၇၅၀ ချိန် ဖြစ်ကြောင်းနှင့် ခေါင်းလောင်း၏ ကျသင့်ငွေမှာ ကြေးပိသာ တသောင်းကျော် ကျကြောင်းတို့ကို ရေးထိုးမှတ်တမ်းတင်ထားခြင်း ဖြစ်သည်။

ဆရာကျူး ခေါင်းလောင်းစာတွင် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ဖွဲ့ဆိုခြင်း မပါရှိချေ။ သို့သော် မင်းတုန်းမင်းတရားကြီး၏ ဘုန်းတော်ဘွဲ့ကို ဦးစွာ ရေးသား ဖော်ပြထားပေသည်။ တိုင်းပြည်အုပ်ချုပ်သော မင်းဘုရင်အပေါ် အလေးထားသည့် သဘောမျိုး ဖြစ်သည်။

အလှူရှင် ဆရာကျူး ခေါင်းလောင်းစာတွင်-

"ဘုန်းမိုမန္ဓာတ်။ စကရပ်ဟု၊ ဥက္ကာ၍စောလှ။ ပြောမဝသာ။ ပဥ္စမ သင်္ဂါယနာတင်။ ဘနတ်ရှင်၏၊ ရွှေရင်တော်နှစ်။ သားတော် စစ်နှင့်။ ဦးသစ်ရွှေလှော်သမီးတော်။" (၁၂၄၇-က-၃)

ဟု ဘုန်းတော်ကို ဖွဲ့ဆိုထားသည်ကို တွေ့ရပေသည်။ မင်းတုန်းမင်းတရားကြီး၏ ဘုန်းတော်ကိုဖွဲ့ဆိုထားပြီး မင်းတုန်းမင်းတရားကြီးနောက် နန်းတက်သည့် သီပေါမင်း နှင့်စုဖုရားတို့၏အကြောင်းကို သွယ်ဝိုက်ဖော်ပြထားပေသည်။ မင်းတုန်းမင်းတရားကြီး သည် တိုင်းပြည်ကို အုပ်ချုပ်နေသော မင်းမဟုတ်သည့်တိုင်အောင် မင်းတရားကြီး၏ ဘုန်းတော်ကိုပါ ထည့်သွင်းရေးသားထားသည်ကို တွေ့ရပေသည်။ လက်ရှိအုပ်ချုပ် သော မင်းဘုရင်ကိုလည်း ပဥ္စမသင်္ဂါယနာတင် မင်းမျိုးမင်းနွယ် ဖြစ်ကြောင်းကို ပြဆိုလိုသည့် အလှူရှင်၏ စိတ်နေစိတ်ထားကိုပါ တွေ့ရပေသည်။

အလှူရှင် ဆရာကျူး ခေါင်းလောင်းစာတွင်-

"နှစ်ရေကောဇာ။ ထောင်နှစ်ရာက။ စွန်သာလေးဆယ်။ ခွန်နှစ် ကယ်၍။ ဆန်းကျယ်ပထမ။ ဝါဆိုလနိုက်။" (၁၂၇၄-က-၃)

ဟု တွေ့ရပေသည်။ အလှူပြုသည့်အချိန်ကို စာပေဟန်ဖြင့် မှတ်တမ်းတင်ထားပုံကို တွေ့ရပေသည်။

ခေါင်းလောင်းစာများမှ ခုနှစ် သက္ကရာဇ်များ ရေးထိုးပုံကို လေ့လာလျှင် အချို့ ခေါင်းလောင်းစာများတွင် ဂဏန်း သင်္ကေတများဖြင့် ရေးလေ့ရှိသော်လည်း အချို့တွင် အရေးအက္ခရာနှင့်လည်း မှတ်တမ်းတင်လေ့ရှိပုံကို လေ့လာရပါသည်။

အလှူရှင် ဆရာကျူးသည် မိမိ၏အလှူကို မှတ်တမ်းတင်ရာတွင် မြေကို အစိုးရသော နတ်သားကိုပါ တိုင်တည်ပြီး သက်သေပြုပြီး အလှူပြုပုံကို တွေ့ရသည်။ ခေါင်းလောင်းစာတွင်-

"သုန္ဒြေဒေဝါ။ သက်သေညာ၍" (၁၂၄၇-က-၃)

ဟု ရေးထိုးထားသည်။ ထိုသို့ ဝသုန္ဒရေကို သက်သေပြု လျှဒါန်းသည့်အလေ့ကို ရှေးခေတ်ကတည်းက ကျောက်စာများတွင် တွေ့နိုင်သည့်အတွက် ဗုဒ္ဓဘာသာဝင်တို့၏ တိုင်တည်သက်သေပြုခြင်း အလေ့အထတစ်ခုသည် ထွန်းကားလျက် ရှိကြောင်း သိနိုင်ပေသည်။

ခေါင်းလောင်းစာများသည် ခေါင်းလောင်းသွန်းလုပ် လှူဒါန်းပြီး ရေးထိုးထားသည့် စာများဖြစ်သည့်အတွက် သွန်းလုပ်လှူဒါန်းသည့် ခေါင်းလောင်း၏ အလေးချိန်၊ အရွယ်ပမာဏများကို အတိအကျ ဖော်ပြလေ့ရှိသည်။ ဘုရားနီဘုရား ခေါင်းလောင်းစာများတွင် ခေါင်းလောင်းအလေးချိန်ကို စာဟန်ဖြင့်သော် လည်းကောင်း၊ ဂဏန်းသင်္ကေတဖြင့်သော် လည်းကောင်း ရေးထိုးဖော်ပြထားသည်ကို တွေ့ရသည်။ အလှူပြုချိန်၊ အလှူပြုပုံ၊ အလှူပစ္စည်း၊ ဆုတောင်းနှင့် အမျှဝေစကားများ ပါဝင်နေသည်ကိုလည်း တွေ့ရပေသည်။ နေရပ်များကို အတိအကျ ဖော်ပြပေးခြင်းအားဖြင့်လည်း မန္တလေးခေတ်တွင် ခေါ်ဝေါ်နေသော အမည်များနှင့် ယနေ့ခေတ် ခေါ်ဝေါ်ကွဲပြားမှု ရှိသည်ကို တွေ့နိုင်ပါသည်။ ရပ်ကွက်၏ မူလအမည်ကို ရေးထိုးဖော်ပြထားသည့် အတွက်လည်း ခိုင်မာသည့် သမိုင်းအထောက်အထားများကို သိရှိနိုင်ပါသည်။

ထို့အတူပင် ဆရာကျူး ခေါင်းလောင်းစာတွင်–

> "ညာလက်ရုံးတူ၊ တအားမုလျက်၊ ကြည်ဖြူမြတ်လေး။ ခွင့်တော်ပေး၍၊ တင့်ရေးတင့်ဘွယ်။ အသွယ်သွယ်ကို ရှေ့ဝယ်တင်စေ။ လျှော့ပစေဟု။ မိန့်ရွှေဗျာသံ။ အထူးနှံ၍။ ကျော်လျှံသင်တုံ။ သ–င်ချုံလျက်။ ကြေးမှုံမည်ရင်း။ တံကားတွင်းဝယ်။ အိမ်ခင်းသာယာ။ နေထိုင်ပါသည်။ သညာမည်တူ။ ဆရာကျူးနှင့်"
> (၁၂၄၇–က–၃)

ဟူ၍ ရေးထိုးမှတ်တမ်းတင်ထားပါသည်။ အလှူရှင်၏ ရေးသားချက်အရ အလှူရှင်၏ အလုပ်အကိုင်ကိုပါ သိရှိခွင့်ရရှိသော ဘုရင်၏ ယုံကြည်အားထားခြင်း ခံရသူဖြစ်ပုံ ကောင်းမွန်ရာကို အကြံပေးရသည့် မှူးမတ်တစ်ဦး ဖြစ်ပုံတို့ကို ခန့်မှန်းနိုင်သည်။ နန်းတော်အတွင်းတွင် နေထိုင်သူတစ်ဦး ဖြစ်ကြောင်းကိုလည်း သိရသည်။ အလုပ်အကိုင်နှင့် နေထိုင်ရာအရပ်ကို အလှူမှတ်တမ်းတွင် ဖော်ပြရေးသားထားသည်။

ဘုရားနီဘုရား ခေါင်းလောင်းစာများအရ ခေါင်းလောင်းအလှူရှင်တို့သည် မိမိတို့၏ မျိုးရိုး အရပ်ဒေသနှင့် အလုပ်အကိုင်တို့ကိုပါ ဖော်ကျူးရေးသားထားသည်မှာ ခေါင်းလောင်းစာများ၏ ထူးခြားမှုတစ်ရပ်ဟု ဆိုနိုင်ပါသည်။

အလှူရှင် မောင်ကျူး ခေါင်းလောင်းစာတွင် မိမိလှူဒါန်းသော အလှူပစ္စည်းတို့ကို ဖော်ပြရာတွင်–

“တည်ထားစံရာန်။ ပလ္လင်ပြန်လည်။ စိန်မှန်တကဲး။ မုတ်ထွတ်
တွဲလျှက်။ တတွဲမုတ်ကြီး။ ဥက္ကာမီးသို့။ ရောင်ညီးပြောင်လက်။
မျက်နှာကျက်နှင့်။ စိန်ခက်ရောင်လျှပ်။ ဥဋ္ဌဇရပ်လည်း။ ပွင့်ချပ်
ပန်းမွန်။ ဆန်းအလွန်ရှင့်။ သုဝဏ်ရောင်ညီး။ သံခိုက်ထီးက။
ဝေးနီးထိန်တော်။ အရှိန်မော်လျက်။ စိန်ကျော်လျှံပြိုင်။ တံခွန်
တိုင်မူ။ ရောင်ဆိုင်နေလ။ ဆံရေသဍ်။ ဗုဒ္ဓသက်သေ။ ပြုလှူ
ပေသည်။ သုန္ဒေနတ်သား။ ရွှေရုပ်ပွားနှင့်။ ပတမြား
ရောင်မောင်း။ စိန်ခေါင်းလောင်းလည်း။ ငြိမ့်ညောင်းသံသာ။
ရေတွင်းမှာမူ။ ဒေဝါမာဃ။ ဖန်လှာရသို့ သင်းမြကြည်လင်။
ဇချိုလင်တည့်။” (၁၂၄၇–က–၃)

ဟု တွေ့ရပေသည်။ အလှူရှင်သည် မိမိ၏အလှူကို တိတိကျကျဖော်ပြထားကာ မိမိလှူသော အလှူပစ္စည်းများဖြစ်သော မျက်နှာကျက်၊ အုတ်ဇရပ်၊ တံခွန်တိုင်၊ ခေါင်းလောင်း၊ ရေတွင်း စသည်တို့ကို အသေးစိတ်လည်း ရေးဖွဲ့ထားပေသည်။

အလှူပစ္စည်းများကို လေ့လာကြည့်မည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်တို့ လှူဒါန်းလေ့ရှိသော၊ ဘုရား၊ တန်ဆောင်း၊ ရေတွင်းရေကန်၊ သိမ်များ ပါဝင်နေသည်ကို တွေ့ရပေသည်။ အလှူပစ္စည်းများကို ကြည့်ခြင်းအားဖြင့် အလှူရှင်တို့၏ ဥစ္စာစည်းစိမ် ကြွယ်ဝမှုကို ဖော်ပြနေပြီး၊ အလှူပစ္စည်းနှင့် ပတ်သက်၍ ရေးထိုးထားသည်တို့မှာလည်း အလှူရှင်၏ စိတ်နေစိတ်ထားကို ပေါ်လွင်စေပါသည်။

ခေါင်းလောင်းစာပါ အလှူပစ္စည်းများ၏ တန်ဖိုးအရ ဥစ္စာစည်းစိမ် ပြည့်စုံသူများဖြစ်ကြောင်း ခန့်မှန်းသိနိုင်ပေသည်။ အလှူရှင်၏ အမျိုးအနွယ်ကိုကြည့်လျှင် မင်းမှုထမ်းများလည်း ဖြစ်သကဲ့သို့၊ သာမန် အရပ်သားများလည်း ပါဝင်ပေသည်။ သာမန်အရပ်သားဖြစ်သော်လည်း ဥစ္စာစည်းစိမ်ပြည့်ဝသူ ဖြစ်ကြောင်း နေထိုင်ရာ အရပ်တို့ကိုကြည့်ပြီး သိနိုင်ပေသည်။ ဆုတောင်းပုံနှင့် အမှျဝေပုံများကို ကြည့်ခြင်းအားဖြင့် အလှူရှင်တို့၏ စိတ်ဆန္ဒသဘောကို တွေ့နိုင်စေသည်။

အလှူရှင် ဆရာကျူး ခေါင်းလောင်းစာတွင် အလှူရှင် ဆရာကျူး၏ ဆုတောင်းသည် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါးမှ လွတ်ပြီး မျက်နှာမြင် ချစ်ခင်ပါစေ အသံကြား သနားပါစေ ဟူသော လောကီဆုတောင်း သာမက တရားထူး ရလိုသော၊ နောင်ပွင့်မည့်ဘုရားကို ဖူးမြင်လိုသော လောကုတ္တရာဆုတို့ကိုပါ

ရည်ညွှန်းထားသူဖြစ်ကြောင်း ခန့်မှန်းနိုင်ပေသည်။ အလှူရှင်တို့၏ အချို့ ဆုတောင်းစကားများမှာ ဝေဝေဆာဆာ ရှည်ရှည်လျားလျား ရေးထိုးထားသည်ကို တွေ့နိုင်သကဲ့သို့ အချို့ဆုတောင်းစကားများမှာ တိုတိုရှင်းရှင်း ရှိသည်ကို တွေ့ရပေသည်။

ဆရာကျူး ခေါင်းလောင်းစာတွင်–

> "ထိုကုသလပြုသမျှကို။ နှိုင်းဆပုဟု။ ရွှေမေရှုသို့။ ကျေးဇူးအရှင်။ မွေးမိခင်နှင့်။ ဂုဏ်အင်ကြီးလှ မွေးသည်ဘဟု။ သင်ပြဆရာ။ ညာတကာနှင့်။ ရာဇာပြည့်ရှင် တို့သခင်တည့်။ တောင်တင်ညာတား။ မိဖုရားနှင့်။ ပတ္တမြားရွှေလှော်။ ရင်သွေးတော်တို့။ မှူးကျော်မတ်လှ ရာထူးရသည့်။ ပြည်မလက်ရုံး။ ပြည်ပခုံးနှင့်။ ပြည်းလုံးဗိုလ်မှူး။ ဝတိန်ငူဝယ်။ ထိန်ကျူးဘုန်သစ်။ ဒေဝရာဇ်တို့။ နတ်စစ်သကြား နတ်အများတို့။ နတ်သားဝသုံ။ မကျင်းတုံပဲ။ ရှစ်ဘုံရှစ်ထပ်။ ငရဲရပ်ကို။ မြကြပ်စောင်ခြင်း။ ယမမင်းမှ။ စသည်များလှဲ။ ဝေနေယကို။ သမတာဂေ။ အမျှဝေ၏" (၁၂၄၇–က–၃)

ဟု တွေ့ရပေသည်။ မိဘ၊ ဆရာသမားတို့အပြင် တိုင်းပြည်အုပ်ချုပ်သော မင်းနှင့် မိဖုရား သာမက သားတော် သမီးတော် တို့ကိုပါ အမျှပေးဝေထားသည်ကို ကြည့်ခြင်းအားဖြင့် မင်းနှင့်ဆက်ဆံနေရသူ ဖြစ်ကြောင်း ရာထူးရာခံရှိသူတစ်ဦး ဖြစ်ကြောင်း ခန့်မှန်းနိုင်သည်။ ထို့အပြင် မှူးမတ်ဗိုလ်ပါများနှင့် သိကြားမင်း နတ်တို့အပြင် ငရဲရှစ်ထပ်ကို အစိုးရသော ယမမင်းကိုပါ အမျှပေးဝေထားသည်ကို တွေ့ရပေသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးတွင် တွေ့ရတတ်သော အမျှအတန်း ပေးဝေသည့် အလေ့အထ တစ်ခုဟု ဆိုဖွယ်ရာ ဖြစ်ပေသည်။

ဘုရားနီဘုရားဝင်းအတွင်းရှိ ခေါင်းလောင်းစာများ၏ ဆုတောင်းပုံကို လေ့လာကြည့်လျှင် တစ်ချို့ အလှူရှင်များသည် အရဟတ္တဖိုလ်ကိုသာ ရည်သန်ပြီး ဆုတောင်းကြသည်။ တစ်ချို့မှာ ဘုရားဆုကို သွယ်ဝိုက်ပြီး ဆုပန်ကြသည်ကို တွေ့ရသည်။ နိဗ္ဗာန်ဆုကိုလည်း တောင်းကြသည်မှာ ရှေးအစဉ်အဆက်ကတည်းက ထွန်းကားလာသောအလေ့သည် ထိုအချိန်တွင်လည်း ထွန်းကားလျက် ရှိနေကြောင်း သိနိုင်ပေသည်။

အမျှဝေရာတွင် တိုတိုရှင်းရှင်း အမျှဝေသကဲ့သို့ ရှည်လျားစွာ အမျှဝေထားပုံတို့ကိုလည်း တွေ့နိုင်ပေသည်။ ဆုတောင်းနှင့် အမျှဝေပုံတို့ကို လေ့လာကြည့်လျှင် အလှူရှင်၏ စိတ်နေစိတ်ထားကို အကဲခတ်နိုင်သည်။

ခေါင်းလောင်းစာ၏ ရေးထုံးများမှာ အတိုကောက် ရေးထုံးများ၊ ဗျည်းပြောင်းလဲ ရေးထုံးများ၊ ယပင့်ရရစ် ရေးထုံးများ၊ ရေးချဝိုက်ချ ရေးထုံးများအပြင် အခြား ထူးခြားသော ရေးထုံးများကိုလည်း တွေ့ရပါသည်။

အတိုကောက်ရေးထုံးများကို ခေါင်းလောင်းစာများအပြင် ပေစာ ပုရပိုက်စာများတွင်လည်း တွေ့ရပါသည်။ အတိုကောက် ရေးထုံးများသည် ကုန်းဘောင်ခေတ် ရေးဟန်ပင် ဖြစ်သည်။ ဘုရားနီဘုရားတွင် တွေ့ရသော ခေါင်းလောင်းစာများမှ အတိုကောက် ရေးထုံးများမှာ–

| ယခုခေတ် | ရှေးခေတ် | |
|---|---|---|
| နှစ်ဖြာ | ၂ဖြာ | (၁၂၂၈–၁) |
| ကိုးခန်း | ၉ခန်း | (၁၂၂၈–၁) |
| သာသနာ | သာသ္နာ | (၁၂၂၈–၁) |
| ကထာ | က္ထာ | (၁၂၂၈–၁) |
| ကဆုန် | က္ဆု | (၁၂၂၈–၁) |
| သမီး | သ္မီး | (၁၂၂၈–၁) |
| လောက်င | လော်င | (၁၂၂၉–၂) |
| လျှောက် | လျှော် | (၁၂၄၇–၃) |

စသည်တို့ကို တွေ့ရပေသည်။ စကားလုံးများတွင် နှစ်ဖြာ (၂ဖြာ)၊ ကိုးခန်း (၉ခန်း) စသည်ဖြင့် ကိန်းဂဏန်း သင်္ကေတနှင့် ရောနှောရေးသားဟန်တို့ကို တွေ့ရပါသည်။ သာသနာ (သာသ္နာ)၊ ကထာ (က္ထာ) စသည့် စကားလုံးဆင့် ရေးဟန်မျိုးလည်း တွေ့ရပါသည်။ လောက်င (လော်င)၊ လျှောက် (လျှော်) စသည်ဖြင့် အသတ်အစား သေးသေးတင်သုံး၍ ရေးသားသည်ကိုလည်း တွေ့ရပါသည်။

ဘုရားနီဘုရား ခေါင်းလောင်းစာများတွင် ဗျည်းပြောင်းလဲ ရေးထုံးများကိုလည်း တွေ့ရပေသည်။ ဖ မှ ဘ သို့လည်းကောင်း၊ စ မှ ဇ သိုလည်းကောင်း၊ ဖ မှ ဘ သို့လည်းကောင်း၊ ထ မှ ဓ သို့လည်းကောင်း၊ က မှ ဂ သို့လည်းကောင်း၊ ဖ မှ ဗ သို့လည်းကောင်း ပြောင်းလဲကာ ရေးသားအသုံးပြုကြသည်ကို တွေ့နိုင်ပေသည်။ ဥပမာအားဖြင့်–

| ယခုခေတ် | ရှေးခေတ် | |
|---|---|---|
| ကျစေ | ကျဇေ | (၁၂၂၈–၁) |
| ဇမ္ဗူထိပ် | ဇမ္ဗူခိပ် | (၁၂၂၉–၂) |
| ပုဂ္ဂိုလ် | ပုက္ကိုလ် | (၁၂၂၉–၂) |
| မိတ်ဖက် | မိတ်ဘက် | (၁၂၄၇–၃) |
| ကြည်ဖြူ | ကြည်ဗြူ | (၁၂၄၇–၃) |

စသည်တို့ကို တွေ့ရပေသည်။ သံညွင်းကို သံပြင်းဖြင့် ရေးသားထားသည်ကို တွေ့ရပြီး အသံထွက်အတိုင်း ရေးသားခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဘုရားနီဘုရား ခေါင်းလောင်းစာများတွင် ယပင့်၊ ရရစ် ရေးထုံးများသည် မှားယွင်းရေးသားကြောင်းကို–

| ယခုခေတ် | ရှေးခေတ် | |
|---|---|---|
| ကြေး | ကျေ | (၁၂၂၈–၁) |
| ကြင်ဖော် | ကြင်ဘော် | (၁၂၄၇–၃) |
| သိမြင် | သိမျင် | (၁၂၄၇–၃) |
| ကြိုးပမ်း | ကျိုးပန်း | (၁၂၄၇–၃) |

လည်းတို့ကို တွေ့ရပါသည်။

ဘုရားနီဘုရားရှိ ခေါင်းလောင်းစာများတွင် ရေးချ၊ ဝိုက်ချ အသုံးများလည်း ယခုခေတ်နှင့် ကွဲပြားနေကြောင်း သိရသည်။ ဥပမာအားဖြင့်

| ယခုခေတ် | ရှေးခေတ် | |
|---|---|---|
| ခေါင်းလောင်း | ခေါင်းလေါင်း | (၁၂၂၈–၁) |
| ကောင်းစွာ | ကောင်းစွါ | (၁၂၂၉–၂) |
| ကြွလာ | ကြွလါ | (၁၂၂၉–၂) |
| ရုပ်တော်ပွား | ရုပ်တော်ပွါး | (၁၂၄၇–၃) |

စသည်တို့ကို တွေ့ရပါသည်။

အခြား ထူးခြားသော စကားလုံးများအနေဖြင့် ယခုခေတ် ရတနာပုံကို ထိုခေတ်က “ရတနာပုံမ်” ဟူ၍လည်းကောင်း၊ တစ်ဖန် နေရာပြပုဒ် “၌”ကို

ထိုခေတ်က "နိုက်"ဟု ရေးသားသုံးစွဲလျက် ရှိနေကြောင်း လေ့လာမှတ်သားရပေသည်။ ထို့အပြင် ယခုခေတ် စဲ ကို "စဲး" ဟူ၍ လည်းကောင်း၊ ယခုခေတ် သော ကို "သေား" ဟူ၍လည်းကောင်း၊ ကဲ ကို "ကဲး"၊ "အုတ်"ကို "ဥဋ္ဌ" ဟု လည်းကောင်း ရေးသားတတ်ကြကြောင်း လေ့လာတွေ့ရှိရပေသည်။

သွန်းလုပ် လျှုဒါန်းသော ရုပ်တော်မှုဘုရားသည် မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ တရားဟောအပြီး သင်္ကဿနဂိုရ်ပြည်သို့ ပြန်ကြွလာဟန်နှင့် ဥပမာပေးကာ–

"ကြွလါအက၊ ရွှေစင်တုခသို့ (ဥပမာအလင်္ကာ)" (၁၂၂၉–၂)

ဟူ၍ လည်းကောင်း၊ မိမိလှုဒါန်းသော အလှူကို ဝမ်းမြောက်ဝမ်းသာ ကျေနပ်ပီတိ ပွားရသော မိမိ၏စိတ်ကို ခိုင်းနှိုင်းရေးဖွဲ့ထားသော စကားအဖြစ်–

"ငွမ်းဆီထိသို့ (ဥပမာအလင်္ကာ)" (၁၂၄၇–၃)

ဟူ၍ လည်းကောင်း၊ အလှူရှင်က မိမိမွေးသော သားနှင့်သမီးမှာ ကောင်းကင်တွင် ထွန်းလင်းတောက်ပနေသည့် ကြယ်ပွင့်ကလေးများနှင့် ခိုင်းနှိုင်းကာ ရေးသားထားသော စကားအဖြစ်–

"ရောင်ဆိုင်ကြယ်ပွင့် သွယ်သွယ်ဆင့်သို့" (ဥပမာအလင်္ကာ) (၁၂၄၇–၃)

ဟူ၍ လည်းကောင်း၊ အလှူရှင်က ဘုရင့်သားတော် သမီးတော်တို့ကို ပတ္တမြား၊ ရွှေစင် ရွှေသန့်တို့နှင့် ထပ်တူပြု ရေးဖွဲ့ထားသည်ကို–

"ပတမြားရွှေလျော် ရင်သွေးတော် (ရူပကအလင်္ကာ)" (၁၂၄၇–၃)

ဟူ၍ တွေ့ရပေသည်။ အလင်္ကာ အဆင်တန်ဆာများဖြင့် လှပစွာ မှတ်တမ်းတင် ရေးထိုးထားသည်ကို တွေ့ရပေသည်။

(၁၂၄၇)ထိုး မောင်ကျုပ် ခေါင်းလောင်းစာတွင်–

"သုဝဏ်ရောင်ညီး၊ သံခိုက်ထီးက၊ ဝေးနီးထိန်တော်၊ အရှိန် မော်လျက်။ စိန်ကျော်လျှံပြိုင်။ တံခွံတိုင်မှု" (၁၂၄၇–၃)

ဟူ၍ ရေးထိုးထားပါသည်။ တံခွန်တိုင်၏ ထူးခြားစွာလှပပုံကို ရေးသားဖော်ကျူး ရာတွင် အသံချိုသာမှုရှိသည်ကို တွေ့ရသည်။ ကာရန်အသုံးများနှင့် ပြေပြစ်သော ရေးဟန်ကို တွေ့ရပါသည်။

ထို့ပြင် အလှူပစ္စည်းများကို ဖော်ပြရာတွင်–

"ပတမြားရောင်မောင်း။ စိန်ခေါင်းလောင်းလည်း။ ငြိမ့်ညောင်း
သံသာ။ ရေတွင်းမှာမူ။ ဒေဝါမာဃ။ ဖန်လှာရသို့ သင်းမြ
ကြည်လင်။ ချိုလင်တည့်။" (၁၂၄၇–၃)

ဟူ၍ ရေးထိုးထားသည်ကို တွေ့ရပေသည်။ ရှင်းရှင်းလင်းလင်း ရေးသားထားသည့် ရေးဟန်ကို တွေ့ရပါသည်။ လှူသော အလှူပစ္စည်းများမှာလည်း ပေါ်လွင်နေသည်ကို တွေ့ရပေသည်။

သက္ကရာဇ် (၁၂၂၉)ထိုး မောင်ကျုပ် ခေါင်းလောင်းစာ၌ အလှူရှင်သည် ဆုတောင်းစကားဆိုရာတွင်–

"လိုမတပဲ။ ဝဝစံ့ရှင်။ မျက်နှာမြင်က။ ချစ်ခင်ဆပွား။ အသံကြားက။
သနားပါစေ။ ဆုံးသဝေဝယ်။" (၁၂၂၉–၂)

ဟု တွေ့ရပေသည်။ အလှူရှင်၏ ဆုတောင်းစကားသည် ဖတ်ရှုရသူအပေါင်း ကြင်နာသနားဖွယ် ဖြစ်လာစေသည်။ သနားခြင်းနှင့်အတူ ချစ်ခင်နှစ်သက်မှုကို ပေါ်လွင်စေသော ဆုတောင်းကို ထင်ရှားစေသော ရေးဟန်ဖြစ်ပါသည်။

အလှူရှင်တို့သည် အလှူမှတ်တမ်းတင်ရာတွင် ခေါင်းလောင်းစာ အရေးအသားများသည် အလင်္ကာများဖြင့် တန်ဆာဆင်၍ လည်းကောင်း၊ ဂုဏ်တင်သည့် စကားလုံးများဖြင့် လည်းကောင်း၊ ရသကိုပါ ပေးစွမ်းသော အရေးအသားများ ဖြစ်ကြောင်း တွေ့ရပါသည်။ ။

## ခြုံငုံသုံးသပ်ချက်

ဘုရားနီဘုရားဝင်းအတွင်းရှိ ခေါင်းလောင်းစာများကို လေ့လာရာတွင် ခေါင်းလောင်းစာပါ သက္ကရာဇ်များအရ ခေါင်းလောင်းများသည် ကုန်းဘောင်ခေတ်တွင် လှူဒါန်းထားသော ခေါင်းလောင်းများဖြစ်ကြောင်း သိရပေသည်။

ဘုရားနီဘုရားရှိ ခေါင်းလောင်းစာများသည် အလှူမှတ်တမ်းများ ဖြစ်သောကြောင့် အလှူပြုချိန်၊ အလှူရှင်အမည်၊ အလှူပစ္စည်း၊ ဆုတောင်း၊ အမျှဝေ စသည်တို့ကိုသာ တွေ့ရပေသည်။ အလှူမှတ်တမ်းတွင် မိမိတို့၏ အလှူကို အချိန်အတိအကျ ဖော်ပြကာ ရေးထိုးမှတ်တမ်းတင်ကြသည်။ အလှူပစ္စည်းများကိုလည်း အတိအကျ ဖော်ပြလေ့ရှိသည်ကို သိနိုင်သည်။

ထို့အပြင် ဘုရားရှင်၏ ဂုဏ်တော်များ အုပ်ချုပ်သောမင်း၏ ဘုန်းတော်ဘွဲ့များကိုပါ ရေးထိုးမှတ်တမ်းတင်ကြသည်။ တစ်ချို့ ခေါင်းလောင်းစာများသည် မြတ်စွာဘုရားရှင်၏ဂုဏ်တော်ကို ဦးစွာရေးဖွဲ့ဖော်ပြလေ့ရှိကြသည်။ အချို့တွင် အုပ်ချုပ်သောမင်းဘုရင်၏ ဘုန်းတော်ကို ဦးစွာဖွဲ့ဆိုလေ့ရှိသည်ကို တွေ့ရပေသည်။ ဘုန်းတော်တို့ကို ဖွဲ့ဆိုရာတွင် ရှေးဦးစွာ တိုင်းပြည်အုပ်ချုပ်သော မင်းဘုရင်၏ အမျိုးအနွယ်တို့ကိုလည်း ဖွဲ့ဆိုသည်။

မြို့တည်နန်းတည်မင်းတစ်ပါး ဖြစ်သည့်အကြောင်းကိုလည်း ဖွဲ့ဆိုသည်ကို တွေ့ရသည်။ ဆုတောင်းရာတွင် လောကီအကျိုး၊ လောကုတ္တရာအကျိုးအတွက် ဆုတောင်းကြသည်။ ဘုရားအဖြစ် ရယူလိုသောဆုကိုလည်း တွေ့ရပါသည်။ အမျှဝေရာတွင် တစ်ချို့မှာ မိဘနှစ်ပါး ဦးစွာအမျှဝေသူ ရှိသကဲ့သို့ အုပ်ချုပ်သောမင်းဘုရင်ကို ဦးစွာ အမျှဝေထားသည်။ ဆရာ၊ မိတ်ဆွေ၊ ဗိုလ်မှူး၊ မှူးမတ်၊ နတ်သိကြားမင်းအပြင် ယမမင်းကိုပါ အမျှဝေထားပါသည်။ မင်း၊ မိဖုရား၊ မင်း၏ ရင်သွေး သားတော် သမီးတော်တို့ကိုပါ ထည့်သွင်းအမျှဝေထားသည်မှာ ထူးခြားမှုဖြစ်သည်။ ခေါင်းလောင်းစာများအရ အလှူရှင်တို့၏ ဆန္ဒနှင့် စိတ်သဘောထားများကို သိရပါသည်။

ထို့အပြင် ခေါင်းလောင်း စာအရေးအသားများကို ယနေ့ခေတ်နှင့်မတူကွဲပြားသော စာလုံးပေါင်းသတ်ပုံများကို တွေ့ရသည်။ ထိုခေတ် ထိုကာလက ရေးထုံးများဖြစ်သော ယပင့် ရရစ် အလဲအလှယ်ရေးထုံးများကို လေ့လာတွေ့ရှိပါသည်။ ပါဠိမူရင်းဝေါဟာရများ၊ ပါဠိသက် ဝေါဟာရများကိုလည်း တွေ့ရပါသည်။ အလင်္ကာအသုံးများဖြင့်လည်း ဝေဝေဆာဆာ ရေးထိုးထားသည်ကို တွေ့ရသည်။ အလှူမှတ်တမ်းတွင် စာဟန် ကဗျာဟန်များဖြင့် ရေးသားခြင်း၊ နိဿယပျစကားပြေ

ပုံသဏ္ဍာန်တို့ကို အသုံးပြုရေးသားထားခြင်းကို တွေ့ရပေသည်။ ဂဏန်းသင်္ကေတများနှင့် ရောနှောရေးသားခြင်းများ၊ ခြံ့ပြီးရေးသားခြင်းများကိုလည်း တွေ့ရပေသည်။ စာပေပုံသဏ္ဍာန်ကွဲပြားမှု၊ အချိန်ကာလကွဲပြားမှုတို့သည် ရေးဟန်ကွဲပြားရခြင်း၏ အကြောင်းအရာတစ်ခု ဖြစ်ပါသည်။ အကြောင်းအရာ အမျိုးမျိုး၏ သဘာဝကိုလိုက်၍ အသုံးဟူသော စကား၏ သဘာဝမှာလည်း အမျိုးမျိုး ကွဲပြားပါသည်။ အလှူရှင်၏ အလုပ်အကိုင် အခြေအနေကိုလိုက်၍ ရေးဟန် ပြောင်းလဲသွားသည်ကိုတွေ့ရပါသည်။ ဘုရားနီဘုရားရှိ ခေါင်းလောင်းစာများသည် မိမိ၏ အလှူမှတ်တမ်းတစ်ခုအတွက် သာမက သမိုင်းအထောက်အထားများလည်း ရရှိနေကြောင်း လေ့လာရပေသည်။

## နိဂုံး

အကြောင်းအရာအမျိုးမျိုး၏ သဘာဝကိုလိုက်၍ အသုံးပြုသော စကားများ၏ သဘာဝမှာလည်း ကွဲပြားပါသည်။ အလှူမှတ်တမ်း ခေါင်းလောင်းစာဖြစ်သောကြောင့် မှတ်တမ်းစကားပြေရေးဟန်ကို တွေ့ရပါသည်။ သမိုင်းသုတေသနပြုစုသူတို့အတွက်လည်း အထောက်အပံ့ရမည်ဟု ယုံကြည်မိပါသည်။ ရှေးဟောင်းသမိုင်းဝင် ဘုရားနီဘုရား ခေါင်းလောင်းစာများနည်းတူ အခြားသောရှေးဟောင်းဘုရားများရှိ ခေါင်းလောင်းစာများကိုလည်း ဆက်လက်လေ့လာ ဖော်ထုတ်နိုင်မည် ဖြစ်ပေသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၈၇)။ ***မြန်မာစကား မြန်မာရုပ်ပုံလွှာ။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း။*** ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ထွန်းရှိန်၊ နတ်မောက်။ (၂၀၀၉)။ ***ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည်၊ တတိယအကြိမ်။*** ရန်ကုန်၊ ကံ့ကော်မြိုင်စာပေ။

နေထွတ်။ (၁၉၉၇)။ ***မန္တလေးအဘိဓာန်၊ ၁၈၉၉ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။*** ရန်ကုန်မြို့၊ ဒီဒီစာအုပ်တိုက်။

မောင်မောင်လေး၊ ဦး။ (၁၉၈၆)။ ***ခေါင်းလောင်းစာနိဒါန်း၊ (လက်နှိပ်စက်မူ)။*** မန္တလေး၊ မြန်မာစာဌာန။ဘာသာစာပေကော်မတီစာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားစာတမ်း။

မြန်မာစာအဖွဲ့။ (၁၉၅၅)။ ***မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)၊ ပဌမအကြိမ်။*** ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ရွှေကိုင်းသား။ (၁၉၅၉)။ ***အနှစ်–၁၀၀ပြည့် မန္တလေး၊ ပထမအကြိမ်။*** ကြီးပွားရေး ပုံနှိပ်တိုက်။

လှိုင်ဝင်းဆွေ။ (၁၉၈၆)။ ***မြန်မာ့ခေါင်းလောင်း၊ ပထမအကြိမ်။*** ရန်ကုန်မြို့၊ စာပေဗိမာန် ပုံနှိပ်တိုက်။

လှိုင်ဝင်းဆွေ။ (၂၀၁၄)။ ***ရှေးဟောင်းကမ္ပည်းစာများ၊ ပထမအကြိမ်။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# မြန်မာ့လူမှုနယ်ပယ်အတွင်းရှိ အလေးထားညွှန်းဆိုမှု ပုံစံ[၁]များ

အေးမိအောင်[*]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာ့လူမှုနယ်ပယ်တွင်ရှိသော အလေးထားညွှန်းဆိုမှု ပုံစံများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ပြောသူ၊ နာသူ၊ အခြားသူနှင့် ရည်ညွှန်းခံရသည့် အရာတို့၏ လူမှုဆက်နွှယ်မှုသဘောတရား အပေါ်မူတည်၍ အလေးထားညွှန်းဆိုမှု ပုံစံများ၏ သက်ရောက်အနက်သည် အခြေအနေ အဆက်အစပ်၊ မျက်နှာဟန်အမူအရာ၊ လေသံ အဆက်အစပ်တို့ အပေါ်တွင် ကောင်းစွာမှီတည်နေပါသည်။ မြန်မာတို့၏ တစ်ဖက်သားအပေါ် တလေးတစား ဆက်ဆံလိုသည့်စိတ်၊ ဂါရဝတရား၊ နိဝါတတရားတို့ကို ရှေ့တန်းတင်လိုသည့်စိတ်၊ ယဉ်ကျေးချောင်စွာ ဆက်ဆံလိုသည့် စိတ်သဘော၊ ဖော်ဖော်ရွေရွေ ရင်းရင်းနှီးနှီး နေထိုင်ဆက်ဆံလိုသည့် စိတ်သဘော၊ စိတ်ဆန္ဒ ခံစားမှုတို့အလျောက် အလေးထားညွှန်းဆိုမှုပုံစံများကို ရွေးချယ် အသုံးပြုလေ့ရှိပါသည်။ လူမှုဆက်ဆံရေးနယ်ပယ် အဆင်ပြေ ချောမွေ့စေရန်အတွက် အလေးထားညွှန်းဆိုမှုပုံစံများ ရွေးချယ်အသုံးပြုမှုသည် လွန်စွာ အရေးပါကြောင်း ဖော်ထုတ်တင်ပြထားပါသည်။

**သော့ချက်စကားလုံး** – ***အလေးထားညွှန်းဆိုမှုပုံစံ၊ လူမှုညွှန်းအညွှန်းစကား၊ လူမှုဆက်နွှယ်မှု သဘောတရား၊ မျက်နှာဟန် အမူအရာ၊ လေသံအဆက်အစပ်။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာ့လူမှုနယ်ပယ်တွင်ရှိသော အလေးထားညွှန်းဆိုမှု ပုံစံများကို လက်တွေ့အတ္ထဗေဒရှုထောင့်[၂] မှ လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ လူမှုဆက်ဆံရေးနယ်ပယ်တွင် ပြောသူ၊ ကြားနာသူနှင့် အခြားသူ သို့မဟုတ် အခြားရည်ညွှန်းခံတို့အကြား ဆက်သွယ်ရေးလမ်းကြောင်း အောင်မြင် ချောမွေ့စေရေးအတွက် ပြောသူသည် အညွှန်းစကားများကို ရွေးချယ် အသုံးပြု ကြသည်။ ပြောသူ၊ ကြားနာသူ၊ အခြားသူတို့၏ ခင်မင်၊ ရင်းနှီးကျွမ်းဝင်မှု အတိုင်းအတာ၊ အလုပ်သဘော ဆက်ဆံမှု အခြေအနေ၊ ပုံစံတကျ အသုံးပြုမှု

---

[၁] Honorifics

[၂] Pragmatics

[*] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဟသ်ာတတက္ကသိုလ်

အခြေအနေတို့အပေါ် မူတည်၍ ပြောသူသည် မိမိ၏ စိတ်ခံစားမှုအလျောက် ညွှန်းဆိုတတ်ကြသည်။ အလေးထားညွှန်းဆိုမှုပုံစံသည် လူမှုညွှန်းအညွှန်းစကား၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

## ၁၊ ၁။ လူမှုညွှန်းအညွှန်းစကားဟူသည်

လူမှုညွှန်း အညွှန်းစကားနှင့်ပတ်သက်၍

> "ဤဝေါဟာရသည် ရည်ညွှန်းလိုသည့် ပါဝင်သူတို့၏ လူမှုလက္ခဏာများ သို့မဟုတ် ရည်ညွှန်းလိုသူနှင့် ပါဝင်သူတို့အကြား လူမှုဆက်နွယ်မှုများ သို့မဟုတ် ယင်းတို့ထဲမှ တစ်ယောက်နှင့် လူပုဂ္ဂိုလ်များ၊ အရာဝတ္ထုများကို ရည်ညွှန်းရန် အနက် ဖွဲ့ယှက်နေသည့် ဘာသာစကား တည်ဆောက်မှုလက္ခဏာများအတွက် ဝေါဟာရဟု သတ်မှတ်နိုင်သည်"[၁]

ဟူ၍ လည်းကောင်း၊

> "လူမှုညွှန်းအညွှန်းစကားသည် ဖြစ်ရပ်တစ်ခုအတွင်း ပါဝင်သူများ သို့မဟုတ် အညွှန်းခံများ၏ လူမှုလက္ခဏာသွင်ပြင် သို့မဟုတ် ယင်းတို့အကြား ထူးခြားချက်များအတွက် ညွှန်းဆိုမှု ဖြစ်သည်"[၂]

ဟူ၍ လည်းကောင်း၊

> "လူမှုညွှန်း အညွှန်းစကားဟူသည် ရည်ညွှန်းခံရသည့် ကြားနာသူ သို့မဟုတ် တစ်စုံတစ်ယောက်နှင့် ဆက်နွယ်မှုရှိသော ပြောသူ၏ လူမှုအခြေအနေကို ထင်ဟပ်စေသည့် ဝေါဟာရအသုံး ဖြစ်သည်"[၃]

ဟူ၍ လည်းကောင်း၊

> "ပြောသူနှင့်နာသူအကြား လူမှုဆက်ဆံရေးနှင့် သက်ဆိုင်သည့် အညွှန်းများဖြစ်သည်။ ပါဝင်သူများ၏ လူမှုရေးအရ ထင်ရှားသော လက္ခဏာများ ပါဝင်သည့် ဘာသာစကား တည်ဆောက်ပုံများ

---

[၁] Levinson,1983,89.

[၂] http://www.sil.org/linguistics/

[၃] Matthews, P.H, 2005, 344.

> ဖြစ်သည်။ ယဉ်ကျေးမှုအရ သုံးသည့် နာမ်စားများနှင့် အခေါ်အဝေါ်များ ဖြစ်သည်”[၁]

ဟူ၍ လည်းကောင်း အသီးသီး အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ခဲ့ကြသည်။

ထို့ကြောင့် “လူမှုညွှန်း အညွှန်းစကား ဆိုသည်မှာ ပြောသူနှင့် ဆက်နွယ်နေသည့် ကြားနာသူ သို့မဟုတ် အခြားသူ သို့မဟုတ် အခြားရည်ညွှန်းခံအရာ တစ်ခုခုကို ရည်ညွှန်းသည့် ပြောသူတစ်ဦး၏ လူမှုသဘောထားတို့ ထင်ဟပ်နေသော၊ လတ်တလော ဖြစ်ပေါ်နေသည့် စကားအဖြစ်အပျက် တစ်ခုအတွင်းမှ ဘာသာဗေဒ ပုံသဏ္ဍာန်ဖြစ်သည်”ဟု သတ်မှတ်နိုင်ပါသည်။

## ၁၊ ၂။ မြန်မာဘာသာစကားရှိ အလေးထားညွှန်းဆိုမှုပုံစံများ

ဘာသာစကားအများစုတွင် လူမှုညွှန်းအညွှန်းစကား၏ ထင်ရှားသော လက္ခဏာမှာ **အလေးထားညွှန်းဆိုမှုပုံစံ** သို့မဟုတ် **ဂုဏ်ပြုချီးမြှောက်ပုံစံ** ပင် ဖြစ်သည်။ အလေးထားညွှန်းဆိုမှုပုံစံ သို့မဟုတ် ဂုဏ်ပြုချီးမြှောက်ပုံစံသဘောနှင့် ပတ်သက်၍

> “တစ်စုံတစ်ယောက်အတွက် အလေးထားဖော်ပြမှုတွင် အသုံးပြုသည့် နာမ်စား သို့မဟုတ် ကြိယာပုံသဏ္ဍာန် ဖြစ်သည်”[၂]

ဟူ၍ လည်းကောင်း၊

> “လေးစားလောက်ဖွယ်ကောင်းသော အကြောင်းအရာ တစ်ခုနှင့် အတူ ပြောသူ ပြောဆိုနေသော ပုဂ္ဂိုလ်အတွက် လေးစားမှုကို ပြသခြင်း”[၃]

ဟူ၍ လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်ကို တွေ့နိုင်သည်။ မြန်မာဘာသာစကားတွင် ဤပုံစံသဘောကို

- ရှေးရှုခေါ်ဝေါ်သော အာလုပ်စကားဖြင့် ညွှန်းဆိုမှု
- ကြိယာအသုံးများဖြင့် ညွှန်းဆိုမှု
- ပစ္စည်းအသုံးများဖြင့် ညွှန်းဆိုမှု
- ကိုယ်ဟန်မူရာဖြင့် ညွှန်းဆိုမှု

---

[၁] စိုးစိုးမြင့်၊ မ၊ ၂၀၀၇၊ ၆၀။

[၂] Matthews, P.H, 2005, 164.

[၃] Oxford Learner's Dictionary, 2000, 624.

တို့တွင် အသုံးပြုလေ့ရှိသည်ကို တွေ့ရှိနိုင်သည်။

**၁၊၂၊၁။ ရှေးရှုခေါ်ဝေါ်သော အာလုပ်စကားများဖြင့် နှုတ်ဆိုမှု**

နာမ် သို့မဟုတ် နာမ်စား ပုံသဏ္ဌာန်များသည် ရှေးရှုခေါ်ဝေါ်သော အာလုပ်စကားများဖြင့် နှုတ်ဆိုမှု ဖြစ်သည်။ ယင်းသို့ နှုတ်ဆိုရာတွင်

- အမည်ဝေါဟာရများဖြင့် နှုတ်ဆိုခြင်း
- ဆွေမျိုးစပ်ဝေါဟာရများဖြင့် နှုတ်ဆိုခြင်း
- အမည်ပြောင်၊ အမည်ဝှက်ကို အသုံးပြု၍ နှုတ်ဆိုခြင်း
- အလုပ်အကိုင် ရာထူးကို အစွဲပြု၍ နှုတ်ဆိုခြင်း
- ဘွဲ့ထူးဂုဏ်ထူးကို အစွဲပြု၍ နှုတ်ဆိုခြင်း
- ဘန်းစကား အသုံးဝေါဟာရများဖြင့် နှုတ်ဆိုခြင်း
- ချစ်ကြည်ရင်းနှီးမှုကိုအခြေပြုသော ဝေါဟာရများဖြင့် နှုတ်ဆိုခြင်း
- အယဉ်သုံးစကားလုံးများဖြင့် နှုတ်ဆိုခြင်း
- အကြမ်းသုံးစကားလုံးများဖြင့် နှုတ်ဆိုခြင်း
- မွေးစားအသုံးဝေါဟာရများဖြင့် နှုတ်ဆိုခြင်း
- အချိန်၊ နေရာနှုတ်ဆက် အနှုတ်ဆက်စကားကို အသုံးပြုနှုတ်ဆိုခြင်း

စသည့် နှုတ်ဆိုမှု အမျိုးမျိုးကို အသုံးပြုကြကြောင်း တွေ့ရသည်။ ထို့အပြင် ထိုနှုတ်ဆိုမှုပုံစံ တစ်ခုတည်း သီးသန့်မသုံးဘဲ နှစ်မျိုး သုံးမျိုး ရောယှက်အသုံးပြုကြသည်ကိုလည်း သတိပြုနိုင်သည်။

**အမည်ဝေါဟာရဖြင့် နှုတ်ဆိုခြင်း**သည် ပြောသူ၊ ကြားနာသူ သို့မဟုတ် အခြားသူ တစ်ဦးတစ်ယောက်အတွက် မှည့်ခေါ်ထားသော အမည်ဝေါဟာရအတိုင်း နှုတ်ဆိုပုံမျိုး ဖြစ်သည်။

သာဓက

"**မြင့်မြတ်**ပါတဲ့ ကားဆို အရမ်းကြိုက်တယ်"

ဟူသော စကားခွန်းမျိုးတွင် ပါဝင်သော နှုတ်ဆိုမှုမျိုးသည် သာမန်နှုတ်ဆိုမှုသာ ဖြစ်သည်ကို သတိပြုနိုင်သည်။

**ဝေါဟာရအပြည့် နှုတ်ဆိုမှုမပြုဘဲ ရှေ့နောက်ဆစ်ပိုင်း၍ အဖျားဆွတ် နှုတ်ဆိုပုံ**မျိုး၊ **နှစ်ကြိမ်ထပ် နှုတ်ဆိုခြင်း**မျိုးသည် ပြောသူ၏ ကြားနာသူ သို့မဟုတ် အခြားသူအပေါ် အလေးအမြတ်ထားရှိသည့် သိမ်မွေ့သည့် လူမှုသဘောထား၊

ချစ်ခင်သည့် လူမှုသဘောထားကို ပေါ်လွင်စေသည့် သဘောထားကို သတိပြုနိုင်သည်။ သာဓကအားဖြင့် "ခင်မာဆွေ"ကို **"ဆွေ** … မေမေ နေကောင်းလား"၊ "နန်းမြင့်မြင့်ကြည်"ကို **"ကြည်ကြည်** … သံချောင်းလေးရောဘယ်နှတန်း ရောက်ပြီလဲ" ဟူသော စကားခွန်းတွင် ပါဝင်သည့် အသုံးမျိုး ဖြစ်သည်။

**ဆွေမျိုးစပ် ဝေါဟာရများ** ဖြင့် ညွှန်းဆိုခြင်းသည် မြန်မာ့လူမှုနယ်ပယ်ရှိ **အဖေ၊ အမေ၊ အစ်ကို၊ အစ်မ၊ အဒေါ်၊ အဘွား၊ အဘိုး၊ ညီ၊ ညီမ၊ ဦးလေး၊ ဦးကြီး** စသော ဝေါဟာရ များဖြင့် ညွှန်းဆိုမှု ဖြစ်သည်။ ယင်းသို့ညွှန်းဆိုရာတွင် မိမိ၏ ဆွေမျိုးအရင်းအချာများကို ဆွေမျိုးစပ် ဝေါဟာရများဖြင့် ညွှန်းဆိုသည်မှာ မထူးခြားသော်လည်း အခြားသူစိမ်းတစ်ဦးကို ဆွေမျိုးစပ်ဝေါဟာရများဖြင့် ညွှန်းဆိုမှု ပြုသည်မှာ ပြောသူ၏ ကြားနာသူ သို့မဟုတ် အခြားသူအပေါ် အလေးအမြတ်ထားရှိသည့် လူမှုသဘောထားကို ဖော်ကျူးနေသော အချက်ဖြစ်သည်။ ယင်းဝေါဟာရ များအနက် **"အမေ၊ အစ်ကို၊ အစ်မ၊ အဒေါ်၊ အဘွား၊ အဘိုး၊ ညီ၊ ညီမ၊ ဦးလေး၊ ဦးကြီး"** အသုံးတို့ကို နေရာအနှံ့ တွင်တွင်ကျယ်ကျယ် အသုံးပြုကြသော်လည်း အခြား သူစိမ်းယောကျ်ားတစ်ဦးကို ကြားနာသူညွှန်း အညွှန်းစကားအဖြစ် **"အဖေ"** ဟု လွယ်လွယ်ကူကူ မညွှန်းဆိုတတ်ကြပေ။ ဤအချက်မှာ မြန်မာ့လူမှုနယ်ပယ်ရှိ ယဉ်ကျေးမှုသဘောတရားတို့ ထင်ဟပ်နေသောကြောင့် ဖြစ်သည်။ ယင်းဝေါဟာရ များကို နှစ်ကြိမ်ထပ်၍ **"ဖေဖေ၊ မေမေ၊ ကိုကို၊ မမ၊ ဒေါ်ဒေါ်၊ ဘွားဘွား၊ ဘိုးဘိုး၊ ညီညီ၊ ဦးဦး"** စသည်ဖြင့် အသုံးပြု ညွှန်းဆိုကြပြန်သည်။ ယင်းသို့ ညွှန်းဆိုရာ တွင်လည်း မိရင်း၊ ဖရင်းကိုသာ **"ဖေဖေ၊ မေမေ"** ဟု ညွှန်းဆိုတတ်ကြသည့် သဘောကို တွေ့ရပြီး ကျန်ဝေါဟာရများကိုမူ အခြားသူစိမ်းများအား ညွှန်းဆိုရာ တွင်လည်း အသုံးပြုတတ်ကြကြောင်း တွေ့ရသည်။ **"ညီ၊ ညီမ"** ဟူသော ဝေါဟာရ နောက်တွင် **"လေး"** အသုံးထည့်ကာ **"ညီလေး၊ ညီမလေး"** ဟူသော အသုံးဖြင့် ညွှန်းဆိုမှု ပြုတတ်ကြသည်။ ယင်းသို့ နှစ်ကြိမ်ထပ် အသုံးပြုခြင်းနှင့် **"လေး"** အသုံးထည့်၍ အသုံးပြုခြင်းတို့သည်လည်း ပြောသူ၏ ချစ်ခင်မှု၊ ကြင်နာမှု၊ ယုယမှု စသော လူမှုသဘောထားများ၊ နာသူအပေါ် အလေးထားသော လူမှုသဘောထား များကို ပေါ်လွင်စေသည်။ သို့သော် မြန်မာအမျိုးသမီးတို့သည် မိမိတို့ထက် အသက်အရွယ်အားဖြင့်၊ ဂုဏ်အားဖြင့်ကြီးသော အခြားအမျိုးသမီးတစ်ဦးကို **"မမ"**ဟု တွင်တွင်ကျယ်ကျယ် အသုံးပြုညွှန်းဆိုလေ့ ရှိသော်လည်း သူစိမ်းယောကျ်ားတစ်ဦးဦးကို **"ကိုကို"**ဟု လွယ်လွယ်ကူကူ မညွှန်းဆို တတ်ကြပေ။ အမည်ဝေါဟာရတစ်ခုအနေဖြင့် သို့မဟုတ် မိမိ ခင်မင်ရင်းနှီးသော သူငယ်ချင်း မိန်းကလေး၏ အစ်ကိုကိုသာ သူငယ်ချင်း ခေါ်ဝေါ်ညွှန်းဆိုသည့် အတိုင်း ညွှန်းဆိုသည့်အနေဖြင့် အသုံးပြု ညွှန်းဆို

တတ်ကြသည်။ ဤသဘော မှာလည်း မြန်မာမိန်းကလေးတို့၏ ထိန်းသိမ်းမှုသဘော လက္ခဏာသိက္ခာ ကျင့်ဝတ် စောင့်စည်းမှုသဘောနှင့် ဆက်နွယ်နေသည်။

**အမည်ပြောင်ဖြင့် ညွှန်းဆိုခြင်း**သည် စကားဖြစ်စဉ်တစ်ခု၌ ပြောသူ ပြောဆိုနေသော အကြောင်းအရာနှင့် အဓိကသက်ဆိုင်သူ၏အမည်ကို မသိစေလိုသည့်အခါ သို့မဟုတ် အချင်းချင်း နောက်ပြောင်ကျီစယ်လိုသည့်အခါ၊ ငေါ့ပြောလိုသည့်အခါတွင် ရည်ညွှန်းသည့်အမည်ကို ဆိုလိုသည်။ နောက်ပြောင်ကျီစယ်သည့် အနေအထားတွင် နာသူ သို့မဟုတ် အခြားသူအပေါ် ခင်မင်ရင်းနှီးသည့် သဘော၊ ချစ်ခင်သည့် သဘောတို့ သက်ရောက်ပြီး ငေါ့ပြောသည့် အနေအထားသည် နာသူ သို့မဟုတ် အခြားသူအပေါ် မလိုလားသည့် ပြောသူ၏ စိတ်ခံစားချက်သဘောကို ပေါ်လွင်စေပါသည်။ လေသံအဆက်အစပ်၊ ဟန်အမူအရာ အဆက်အစပ်ပေါ် မူတည်၍ အညွှန်းကောက်ချက်ကို ကွဲပြားစွာ အနက်ကောက်ယူနိုင်သည်။

သာဓက

"ဟော့ ... **ချန်ဂင် ရောက်လာ**ပြီဆိုတော့ အူစိုပြီ"

ဟု ညွှန်းဆိုပုံမျိုးတွင် အဆက်အစပ်ပေါ် မူတည်၍ အနက်သက်ရောက်မှုသဘောကို ဆန်းစစ်နိုင်သည်။

**အလုပ်အကိုင်၊ ရာထူးကို အစွဲပြု၍ ညွှန်းဆိုခြင်း**သည် စကားဖြစ်စဉ်တစ်ခုတွင် ပါဝင်သော ပြောသူ၊ ကြားနာသူနှင့် အခြားသူတို့၏ အလုပ်အကိုင်၊ ရာထူးကို အစွဲပြု၍ ညွှန်းဆိုသည့်ပုံစံ ဖြစ်သည်။ အမည်ရင်းဖြင့် ရည်ညွှန်းရန် သို့မဟုတ် ရည်ညွှန်းနေကျ အညွှန်းစကားတစ်ခုဖြင့် မရည်ညွှန်းလိုသည့် အခြေအနေ၊ လုပ်ငန်းခွင်အတွင်း ပုံစံတကျ ပြောဆိုရမည့် အခြေအနေမျိုး တို့တွင် ညွှန်းဆိုလေ့ ရှိသည်။

သာဓက

**"ဗိုလ်မှူး ... ဗိုလ်မှူး** ခိုင်းလိုက်တဲ့ကိစ္စ လုပ်ပြီးတဲ့အကြောင်း လာသတင်းပို့တာပါ"

ဟူသော စကားခွန်းမျိုး ဖြစ်သည်။

**ဘွဲ့ထူးဂုဏ်ထူးကို အစွဲပြု၍ ညွှန်းဆိုခြင်း**သည် စကားဖြစ်စဉ်တစ်ခုတွင် ပါဝင်သော ပြောသူ၊ ကြားနာသူနှင့် အခြားသူတို့၏ ဘွဲ့ထူးဂုဏ်ထူးကို အစွဲပြု၍ ညွှန်းဆိုသည့်ပုံစံ ဖြစ်သည်။

သာဓက

"**ပုဂံဝန်ထောက်မင်း ဦးတင်**က ကဗျာဗန္ဓသာရကျမ်းကို ရေးခဲ့တယ် .."

ဟူသော စကားခွန်းတွင် ပါဝင်သော ညွှန်းဆိုမှုမျိုး ဖြစ်သည်။

**ဘန်းစကားအသုံးဝေါဟာရများဖြင့် ညွှန်းဆိုခြင်း**သည် စကားဖြစ်စဉ်တွင် ပါဝင်သူများ၏အမည်ကို အသုံးပြုညွှန်းဆိုခြင်းမရှိဘဲ ဘန်းစကားအသုံး ဝေါဟာရများဖြင့် ညွှန်းဆိုသည့်ပုံစံ ဖြစ်သည်။

သာဓက

"**ညလေး** ဆိုတာလည်း စိတ်ချည်းပဲ .."

"**သူငယ်** ဆို တို့က အကြိုက် .."

ဟူသော စကားခွန်းတွင် ပါဝင်သည့် ညွှန်းဆိုမှုမျိုး ဖြစ်သည်။

**ချစ်ကြည်ရင်းနှီးမှုကို အခြေပြုသော ဝေါဟာရများ**ဖြင့် ညွှန်းဆိုခြင်းသည် စကား အဖြစ်အပျက်အတွင်း ပါဝင်သူများအား ညွှန်းဆိုရာ၌ ၎င်းတို့၏ အမည်ရင်းဖြင့် မညွှန်းဆိုဘဲ ပြောသူ၏ ချစ်ကြင်နာမှုကို အရင်းခံသော ဝေါဟာရ အသုံးဖြင့် ညွှန်းဆိုမှုကို ဆိုလိုသည်။

သာဓက

"**ချစ်** တို့ရေ .. ၁ ရက်နေ့ကျ ဆုံကြမယ်နော်.."

ဟူသော စကားခွန်းတွင် ပါဝင်သည့် ညွှန်းဆိုမှုမျိုး ဖြစ်သည်။

"**သဲလေး**ကလည်း ... စိတ်မဆိုးတော့နဲ့နော်"

ဟူသော "**သဲ**" ဟူသော ချစ်ကြည်ရင်းနှီးမှုပြ ဝေါဟာရ၏ နောက်တွင် "**လေး**" ဝေါဟာရ ကပ်ပါလိုက်ခြင်းဖြင့် နာသူအပေါ် အလေးထားမှုသဘောကို ပေါ်လွင်စေပါသည်။

**အယဉ်သုံးစကားလုံးများဖြင့် ညွှန်းဆိုခြင်း**သည် စကားအဖြစ်အပျက်အတွင်း ပါဝင်သူများအား ညွှန်းဆိုရာ၌ ၎င်းတို့၏ အမည်ရင်းဖြင့်၊ ၎င်းတို့ကို ခေါ်ဝေါ် ပြုတတ်သော စကားလုံး ဝေါဟာရများဖြင့် မညွှန်းဆိုဘဲ ယဉ်ကျေးသိမ်မွေ့သော၊ ယဉ်ကျေးသိမ်မွေ့သည်ဟု ယူဆသော စကားလုံးဝေါဟာရများဖြင့် ညွှန်းဆိုမှုကို ဆိုလိုသည်။

သာဓက

"**ကားဆရာ** တွေကိုလည်း ကျွေးလိုက်ပါအုံး .."

ဟူသော စကားခွန်းမျိုးတွင် ပါဝင်သည့် ညွှန်းဆိုမှုမျိုး ဖြစ်သည်။

**အကြမ်းသုံးစကားလုံးများဖြင့် ညွှန်းဆိုခြင်း**သည် စကားအဖြစ်အပျက် အတွင်း ပါဝင်သူများအား ညွှန်းဆိုရာ၌ ၎င်းတို့၏ အမည်ရင်းဖြင့် မညွှန်းဆိုဘဲ ကြမ်းတမ်းသော စကားလုံးဝေါဟာရများဖြင့် ညွှန်းဆိုသည်ကို ဆိုလိုသည်။

သာဓက

"**ဟိုသေနာမ**ကိုပြောလိုက်အုံး ... ငါ့ဆီ ဖုန်းမဆက်တာ ဘာကြောင့်လဲလို့"

ဟူသော စကားခွန်းမျိုးတွင် ပါဝင်သည့် ညွှန်းဆိုမှုမျိုး ဖြစ်သည်။ အချင်းချင်း ရင်းနှီးလွန်းပြီး အကြမ်းသုံး စကားလုံးကို အသုံးပြုနေကျ ဖြစ်သည့်အတွက် ဆက်ဆံရေး လေးနက်မှုသဘောကိုဆောင်သော အသုံးများအဖြစ် ရှုမြင်နိုင်ပါသည်။

**မွေးစားအသုံးဝေါဟာရများဖြင့် ညွှန်းဆိုခြင်း**သည် စကားအဖြစ်အပျက် အတွင်း ပါဝင်သူများအား ညွှန်းဆိုရာ၌ ၎င်းတို့၏အမည်ရင်းဖြင့် မညွှန်းဆိုဘဲ တိုင်းရင်းသားဝေါဟာရ အသုံးတစ်ခု သို့မဟုတ် တိုင်းတစ်ပါးဝေါဟာရ အသုံး တစ်ခုဖြင့် ညွှန်းဆိုမှုကို ဆိုလိုသည်။

သာဓက

"**အမိုး**တို့ **ဖထီး**တို့ရော ဘယ်ရောက်သွားကြလဲမသိဘူး ... နှုတ်ဆက်ခဲ့တယ်လို့ ပြောပေးနော်"

ဟူသော စကားခွန်းမျိုး၊

"အိမ်ရောက်ရင် ... **နူးနူး**တို့ **ပါပါး**တို့ကို သေချာရှင်းပြလိုက်"

ဟူသော စကားခွန်းမျိုး၊

"ဟာ ဘယ်သွားကုန်တာလဲ ... **ဒက်ဒီဖားသားအဖေ**ရော"

ဟူသော စကားခွန်းမျိုး၊

"ဒီအချိန်မှ ပြန်ရောက်တော့ သားကို **ပါပါး**နဲ့ **မာမား**က မဆူဘူးလား"

ဟူသော စကားခွန်းမျိုးတို့တွင် ပါဝင်သော ညွှန်းဆိုမှုမျိုး ဖြစ်သည်။ မိမိဆက်ဆံရသည့် အနေအထားအလိုက် **လိုက်လျောညီထွေစွာ** အသုံးပြုခြင်းဖြင့် နာသူအပေါ် အလေးထားမှု သဘောသက်ရောက်မှုကို သတိပြုနိုင်ပါသည်။

ရှေးရှုခေါ်ဝေါ်သော အာလုပ်စကားများဖြင့် ညွှန်းဆိုမှုများကို သက်ရောက်မှုအနက်ပေါ် မူတည်၍ ပြန်လည်စုစည်းကြည့်လျှင် **ယဉ်ကျေးပုံစံ**[၁] အသုံး၊ **ငေါ့ပြော သည့်** သို့မဟုတ် **ရွဲ့ပြောသည့်အသုံး**[၂]၊ **ပုံစံတကျအသုံး**[၃] ဟူသည့် အသုံးများသာ ဖြစ်ကြောင်း တွေ့ရသည်။

**အချိန်၊ နေရာညွှန်း အညွှန်းစကားကို အသုံးပြုညွှန်းဆိုခြင်း**သည် အချိန်၊ နေရာညွှန်း အညွှန်းစကားလုံးဖြစ်သော "ဟို၊ဒီ" အသုံးများနှင့် သင်္ချာကိန်းဂဏန်းများ တွဲဖက်၍ ညွှန်းဆိုမှုကို ဆိုလိုသည်။

သာဓက

"**ဟို**တစ်ယောက်ရော .... တစ်ခါတည်းပြန်သွားပြီလား .."

ဟူသော စကားခွန်းတွင် ပါဝင်သော အသုံးမျိုး ဖြစ်သည်။ ယင်း၏ အနက်ကောက်ယူမှုသည် ပြောသူ၊ နာသူ နီးစပ်မှုပေါ်တွင် မူတည်နေသည်။ အခြားသူ အပေါ် အလေးမထားသည့် သဘောသက်ရောက်ပြီး "ဆရာမတစ်ယောက် အောက်မှာ ရောက်နေတယ်"ဟု ဆိုလျှင် ရောက်ရှိနေသူသည် မည်သူမည်ဝါ မသေချာ၊ မသဲကွဲသည့် အနက်သဘောဆောင်သည်ကို သတိပြုနိုင်သည်။ ယင်းတို့သည် လူမှုအခြေအနေ အဆက်အစပ်ပေါ် မူတည်၍ ဖြစ်ပေါ်လာကြောင်း ခန့်မှန်းနိုင်သည်။

## ၁၊၂၊၂။ ကြိယာအသုံးများဖြင့် ညွှန်းဆိုမှု

---

[၁] Polite form

[၂] ironic usage

[၃] formal

ယင်းညွှန်းဆိုမှုသည် ကြားနာသူ သို့မဟုတ် အညွှန်းခံအပေါ် ထားရှိသော လူမှုသဘောထားကို မသိမသာ ပေါ်လွင်စေသော ညွှန်းဆိုမှုနည်းလမ်း၊ ကြိယာအသုံးများဖြင့် ပြောသူက ဖော်ကျူးလိုက်သော ညွှန်းဆိုမှုပုံစံ ဖြစ်သည်။

သာဓက

"ဟောဒီက ... **မုန့်ဖက်ထုပ်** ပူပူလေး"

ဟူသော စကားခွန်းကို သတိပြုနိုင်သည်။ "မုန့်ဖက်ထုပ်" တည်းဟူသော အညွှန်းခံ၏ ဂုဏ်ရည်သဘောကို ကြိယာအသုံး (မြန်မာသဒ္ဒါ – ဂုဏ်ရည်ပြနာမဝိသေသန)ဖြင့် မြှင့်မြှောက်ညွှန်းဆိုသည်ကို တွေ့ရသည်။

သာဓက

"**ငါ့သားကြီး**က အရမ်း**လိမ္မာ**တာ ...ပြောစရာတစ်ခုမှ မလိုဘူး ... တကယ် **စာကြိုးစား**တယ်"

ဟူသော စကားခွန်းမျိုးတွင် "ငါ့သားကြီး"ဟူသော အခြားသူ၏ဂုဏ်ကို မြှင့်မြှောက်ညွှန်းဆိုထားခြင်းဖြင့် သားကြီးအပေါ် အလေးထားသော ပြောသူ၏သဘောထားကို ပေါ်လွင်စေခဲ့သည်။ အညွှန်းခံအား ဤဂုဏ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန် သွယ်ဝိုက်၍ ထိန်းချုပ်နိုင်စွမ်းရှိသည်ကို ဤသို့သော စကားခွန်းများတွင် တွေ့ရသည်။

သာဓက

"ဒီကိစ္စကို **နင်**ပဲ ဦးစီးပြီးလုပ် ... နင်က ဉာဏ်ကောင်းတယ်"

ဟူသော စကားခွန်းတွင်မူ "**နင်**" ဟူသော ကြားနာသူ၏ဂုဏ်ကို အလေးထား မြှင့်တင်ညွှန်းဆိုထားသည်ကို တွေ့နိုင်သည်။

သာဓက

"မဟော်သဓာက **သား**လောက်**မတော်**ပါဘူး ... **သား**က **ပိုတော်**တယ် ... သားက ကွန်ပျူတာလည်း ကျွမ်းတယ် ... ဂိမ်းလည်း ကစားတတ်တယ်"

ဟူသော စကားခွန်းမျိုးတွင် "**သား**"ဟူသော ပြောသူ၏ဂုဏ်ကို အလေးထား မြှင့်တင်ညွှန်းဆိုမှုလည်း ရှိသည်။

ထို့အပြင် အညွှန်းခံတစ်ခုတည်းကိုပင် ညွှန်းဆိုသည့် ကြိယာအသုံးကွဲပြားမှုသည် ထိုအညွှန်းခံအပေါ် ထားရှိသည့် ပြောသူ၏ လူမှုသဘောထား ကွဲပြားမှုကို ပေါ်လွင်စေသည်။

သာဓက

"အရှင်ဘုရား ... **ဆွမ်းကို အားရပါးရ ဘုဉ်းတော်မူပါဘုရား**"

"ဒါ ကျွန်မကိုယ်တိုင် လုပ်ထားတာပါ ... **သုံးဆောင်**ပါအုံး"

"ဒါက ကျွန်မကိုယ်တိုင် လုပ်ထားတာ ... **စား**ပါအုံး"

ဟူသော စကားခွန်းများကဲ့သို့သော စကားခွန်းများ ဖြစ်ကြသည်။ **"ဘုဉ်း"** "သုံးဆောင်" ဟူသော ကြိယာအသုံးကို အသုံးပြုခြင်းဖြင့် ကြားနာသူ သို့မဟုတ် တစ်ဖက်လူအပေါ် ရှိသေလေးစားသည့် အလေးအမြတ်ထားသည့် သဘောကို ဖော်ညွှန်းနိုင်သည်။ **"စား"** ဟူသော ကြိယာအသုံးကို အသုံးပြုခြင်းဖြင့် သာမန်သာ သဘောထားကြောင်း ပေါ်လွင်စေသည်။ ဤသည်မှာ အသုံးပြုသည့် ကြိယာအသုံး ကွဲပြားသည်နှင့် ပြောသူ၏ လူမှုသဘောထား ကွဲပြားမှုကို ပေါ်လွင်စေသည့် အချက်ပင် ဖြစ်သည်။

## ၁၊၂၊၃။ ပစ္စည်းအသုံးများဖြင့်ညွှန်းဆိုမှု

ယင်းညွှန်းဆိုမှုသည် ပြောသူသည် မိမိထုတ်လုပ်လိုက်သော စကားခွန်း အတွင်း၌ ဘာသာဗေဒပုံသဏ္ဌာန် အစိတ်အပိုင်း တစ်ခုဖြစ်သော ပစ္စည်း(မြန်မာသဒ္ဒါ– ပစ္စည်း) အသုံးကို ရွေးချယ်အသုံးပြုခြင်းဖြင့် ကြားနာသူနှင့် အညွှန်းခံ တို့အပေါ် ထားရှိသော ပြောသူ၏လူမှုသဘောထားကို ပေါ်လွင်စေသော ညွှန်းဆိုမှု ဖြစ်သည်။

မြန်မာဘာသာစကားတွင် မြန်မာသဒ္ဒါအရ သတ်မှတ်ထားသော ပစ္စည်း အသုံးများသည် အဆက်အစပ်ပေါ် မှီတည်၍ ပြောသူ၏ အညွှန်းခံအပေါ် ထားရှိသော အလေးထားမှု၊ လူမှုသဘောထားတို့ ထင်ဟပ်နေတတ်သည်။

သာဓက

"ဆရာမကြီး အပြင်မှာ ဧည့်သည်ရောက်နေ**ပါ**တယ်"

"ကမ္ဘာပေါ်မှာ မေမေ**သာ** အတော်ဆုံး"

ဟူသော စကားခွန်းပုံစံမျိုးတို့ ဖြစ်သည်။ ပထမစကားခွန်းတွင် ကြိယာ၏နောက် ကပ်လျက် ပါရှိသော **"ပါ"** ဟူသည့် ကြိယာထောက်ပစ္စည်းသည် ကြားနာသူ အပေါ်

ပြောသူ၏ တလေးတစား ဆက်ဆံမှုသဘောကို ပေါ်လွင်စေသည်။ ဒုတိယ စကားခွန်းတွင် နာမ်ပုဒ်နောက် ကပ်လျက်ပါရှိသော **"သာ"** ဟူသည့် နာမ်ထောက် ပစ္စည်းသည် အညွှန်းခံအပေါ် ပြောသူ၏ အလေးထားမှုသဘောကို တွေ့နိုင်သည်။

ထို့အတူ

"သူလား ... မနေ့က လေယာဉ်ပျက်ကျတဲ့အထဲ ပါသွား **ရှာ**တယ်"

ဟူသော စကားခွန်းမျိုးတွင် **"ရှာ"** ဟူသည့် ကြိယာထောက်ပစ္စည်းအသုံးသည် အခြားသူအပေါ် ပြောသူ၏ သနားကရုဏာသက် အလေးထားသည့်သဘောကို ထင်ရှားစေသည်။

ထို့အပြင်

"ဖေဖေ့**လောက်**တော့ သူက အပျော့ဘဲ"

ဟူသော စကားခွန်းမျိုးတွင်မှု **"လောက်တော့"** ဟူသည့် နာမ်ထောက်ပစ္စည်း အသုံးသည် အခြားသူ၏ ဂုဏ်ရည်ကို မြှင့်တင်သည့်သဘော ရှိပေသည်။

ဤကဲ့သို့သော ပစ္စည်းအသုံးအချို့ဖြင့် ပြောသူ၏ အညွှန်းခံ သို့မဟုတ် ကြားနာသူ သို့မဟုတ် အခြားသူအပေါ် ထားရှိသော မြှင့်မြှောက်မှု၊ စာနာမှု၊ အလေးထားမှု စသော လူမှုသဘောထားတို့ကို သိမ်မွေ့စွာ ညွှန်းဆိုနိုင်သည်ကို အထင်အရှား တွေ့နိုင်ပေသည်။

## ၁၊၂၊၄။ ကိုယ်ဟန်မူရာဖြင့် ညွှန်းဆိုမှု

ယင်းသို့ ညွှန်းဆိုမှုသည် တုံ့လှယ်စကားပြောမှု ဖြစ်စဉ်များတွင် ပြောသူ ထုတ်လုပ်လိုက်သော စကားခွန်းကို ကြားနာသူက ခေါင်းငြိမ့်ကာ အင်း လိုက်ခြင်း၊ ဟုတ်ကဲ့ လိုက်ခြင်း၊ နားစွင့်ကာ အာရုံစိုက်နားထောင်ခြင်း၊ စဉ်းစား တွေးခေါ်ဟန် ခေါင်းငြိမ့် နားစွင့်အမူအရာ ပြသခြင်း၊ လက်နှစ်ဖက်ရှေ့တွင် ယှက်ကာ ခပ်ရို့ရို့ အနေအထားပြုခြင်း၊ အပြုံးဖြင့် နှုတ်ဆက်ခြင်း စသည့် အနေအထားတို့သည် ကြားနာသူ သို့မဟုတ် အခြားသူအပေါ် အလေးထားမှုကို ညွှန်းဆိုပြသနေသော ပုံစံများပင် ဖြစ်သည်။

ဤသို့ သဒ္ဒါအရ အနက်ဖွဲ့ယှက်မှုတွင် လူမှုဆန်ဆန် အနက်ဖွဲ့ယှက်မှုပုံစံများ ရောယှက်နေသည်ကို သတိပြုနိုင်သည်။ ယင်းမှာ **ဆက်နွှယ်မှုပုံစံ**[၁] နှင့် **မှုပိုင်သုံးပုံစံ**[၂]တို့ ဖြစ်သည်။ ယင်းပုံစံနှစ်မျိုးအနက် ဆက်နွှယ်မှုပုံစံသည် ပို၍ အရေးပါထင်ရှားသည်ကို တွေ့ရသည်။ **ဆက်နွှယ်မှုပုံစံ** အနေဖြင့်

၁။ ပြောသူနှင့်အညွှန်းခံ ဆက်နွှယ်မှုပုံစံ[၃]
(ဥပမာ – အညွှန်းခံကို အလေးထားညွှန်းဆိုသောပုံစံ)

၂။ ပြောသူနှင့်ကြားနာသူ ဆက်နွှယ်မှုပုံစံ[၄]
(ဥပမာ – ကြားနာသူကို အလေးထားညွှန်းဆိုသောပုံစံ)

၃။ ပြောသူနှင့် ဘေးလူပရိသတ် ဆက်နွှယ်မှုပုံစံ[၅]
(ဥပမာ – ဘေးလူပရိသတ် သို့မဟုတ် ပွဲကြည့်ပရိသတ်ကို အလေးထား ညွှန်းဆိုသောပုံစံ)

၄။ ပြောသူနှင့် နောက်ခံဝန်းကျင်အခြေအနေ ဆက်နွှယ်မှုပုံစံ[၆]
(ဥပမာ – စကားခွန်းဖြစ်ပေါ်ရာတွင် နောက်ခံဝန်းကျင် အခြေအနေကို အလေးထား ညွှန်းဆိုသောပုံစံ)

များဟူ၍ ခွဲခြားသိမြင်နိုင်မည် ဖြစ်သည်။ ပုံစံ ၁ နှင့် ၂ သည် အလုပ်အကိုင်၊ **ရာထူးဂုဏ် အဆင့်အတန်း**[၇]၊ **ဆွေမျိုးတော်စပ်မှုများ**[၈]၊ **တလေးတစားဆက်ဆံရသည့် ဆက်နွှယ်မှုများ**[၉] နှင့် **မျိုးနွှယ်စုအဖွဲ့ဝင်များ**[၁၀] အားလုံး၏ဆက်နွှယ်မှုများ အကျုံးဝင်နေသည်ကို သတိပြုနိုင်သည်။

မြန်မာဘာသာစကားတွင် ပြောသူညွှန်း အညွှန်းစကားတစ်ခု ဖြစ်သည့် “ကျွန်မ”သည် မြန်မာအမျိုးသမီးများသာ ညွှန်းဆိုလေ့ရှိပြီး အမျိုးသား(ယောကျ်ား)များ သုံးစွဲညွှန်းဆိုလေ့ မရှိပေ။ ထို့အပြင် “တော်” ဟူသော ကြားနာသူညွှန်း

---

[၁] relational

[၂] absolute

[၃] speaker and referent

[၄] speaker and addressee

[၅] bystander

[၆] setting

[၇] rank or respect

[၈] kinship relations

[၉] totemic relations

[၁၀] clan membership

အညွှန်းစကားအတွက် အညွှန်းစကား ထုတ်လုပ်သူမှာလည်း အမျိုးသမီး(မိန်းမ) သာလျှင် ဖြစ်နိုင်သည်ကို တွေ့ရသည်။ "ကျွန်မ"သည် စကားခွန်း ထုတ်လုပ်သူ အမျိုးသမီးကသာ မိမိကိုယ်ကို ရည်ညွှန်းရန် အသုံးပြုနိုင်သော ပုံစံဖြစ်ပြီး "တော်" အညွှန်းစကားအတွက် ညွှန်းဆိုနိုင်သူမှာလည်း အမျိုးသမီးများသာ ဖြစ်သည်။ ထို့အတွက် ယင်းပုံစံအသုံးများကို **မူပိုင်သုံးပုံစံ** ဟု သတ်မှတ်နိုင်သည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာဘာသာစကားရှိ အလေးထားညွှန်းဆိုမှုပုံစံများသည် မြန်မာလူမျိုးတို့၏ လူမှုဓလေ့၊ ပြောသူ၏ စိတ်ကူးစိတ်သန်း၊ နောက်ခံလူမှုဝန်းကျင်၊ ပြောသူ၊ နာသူ၊ အခြားသူနှင့် အညွှန်းခံတို့၏ ဆက်နွှယ်မှုများပေါ်တွင် လုံးဝမှီတည်နေသည်ကို သတိပြုနိုင်ပါသည်။

ပြောသူ၊ နာသူနှင့် အခြားသူတို့၏ ဆက်နွှယ်နေသော ရာထူး၊ လုပ်ငန်း၊ ဂုဏ်၊ ချစ်ကြင်ရင်းနှီးမှု၊ တလေးတစားဆက်ဆံလိုမှု၊ ဆွေမျိုးတော်စပ်မှုများဟူသည့် အခြေအနေအဆက်အစပ်၊ လေသံအဆက်အစပ်ပေါ်တွင် မူတည်၍ အလေးထားညွှန်းဆိုမှုပုံစံများသည် ပြောင်းလဲနေသည်။ အညွှန်းခံတစ်ခုကို အလေးထားညွှန်းဆိုမှုပုံစံတစ်ခုတည်းဖြင့် ပုံသေသတ်မှတ်၍ မရနိုင်ကြောင်းလည်း တွေ့ရှိနိုင်သည်။

မြန်မာလူမျိုးတို့၏ ဂါရဝတရား၊ နိဝါတတရား၊ သိမ်မွေ့နူးညံ့သော စိတ်ထား၊ ခံစားမှုစသည့် တစ်ဖက်သားကို အလေးထားကြောင်း ဖော်ကျူးလိုသော စေတနာတရား၊ မေတ္တာတရားတို့သည် မြန်မာ့လူမှုညွှန်း အညွှန်းစကားများ ကြွယ်ဝလာရခြင်း၏ အကြောင်းရင်းများ ဖြစ်လေသည်။

ပြောသူ၊ ကြားနာသူ၊ အခြားသူတို့၏ လူမှုနောက်ခံဝန်းကျင် အခြေအနေသည် အလေးထား ညွှန်းဆိုမှုပုံစံများ ဖြစ်တည်မှုအတွက် အရေးပါလှသည်။

သဒ္ဒါဖွဲ့စည်းတည်ဆောက်ပုံအရလည်းကောင်း၊ ဆက်နွှယ်မှုအရလည်းကောင်း အလေးထားညွှန်းဆိုမှု ပုံစံများသည် သီးသန့်တည်ရှိနေကြခြင်း မဟုတ်ဘဲ သိမ်မွေ့စွာ ရောထွေးတည်ရှိနေတတ်ကြသည်ကိုလည်း သတိပြုနိုင်ပေသည်။

အလေးထားညွှန်းဆိုမှု ပုံစံများ၏ ဗဟိုသည် ပြောသူကိုယ်တိုင်ပင် ဖြစ်ပြီး ပြောသူ၏လူမှုဆိုင်ရာ ရပ်တည်မှုအနေအထားသည် စကားဖြစ်ရပ်တစ်ခုအတွင်း ပါဝင်သူ အားလုံးနှင့် နောက်ခံအခြေအနေများအကြား ခိုင်မြဲစွာ ဆက်နွှယ်နေသည့်

ဆက်နွှယ်မှုတစ်ခုပင် ဖြစ်သည်။ ယင်းဆက်နွှယ်မှုများကို ထင်ရှားစေသည့် ပုံစံသည်လည်း **အလေးထားညွှန်းဆိုမှုပုံစံ** ပင် ဖြစ်သည်။

ဘာသာစကားကို လက်တွေ့ အသုံးပြုသည့်အခါ အညွှန်းစကားများသည် ဘာသာစကားအတွင်း နည်းမျိုးစုံဖြင့် ဖွဲ့ယှက်နေရာယူနေပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ်ရာ၌ အညွှန်းစကား၏ အခန်းကဏ္ဍသည် မရှိမဖြစ် အရေးပါလှသကဲ့သို့ **အလေးထားညွှန်းဆိုမှုပုံစံ** သည်လည်း အရေးပါလှသော နေရာတွင် တည်ရှိနေသည်ကို ကောင်းစွာ တွေ့ရှိရမည်ဖြစ်သည်။

အညွှန်းစကားများသည် ဘာသာစကားအတွင်း နည်းမျိုးစုံဖြင့် ဖွဲ့ယှက်နေသော်လည်း ထင်ရာမြင်ရာ စည်းစနစ်မဲ့ ဖွဲ့ယှက်နေခြင်းမဟုတ်ဘဲ တိတိကျကျ သတ်သတ်မှတ်မှတ် ဖြစ်နေသော အညွှန်းဗဟိုစနစ်များအရ ဖြစ်ပေါ်နေကြသည်ကို တွေ့ရသည်။

အညွှန်းစကားစစ်စစ်၏ သဘောလက္ခဏာမှာ ဗဟိုတွင် တည်ရှိနေခြင်း၊ အဆက်အစပ်ပေါ် အမှီပြု၍ အနက်ကောက်ယူရခြင်း၊ လွတ်လပ်သည့် သဘာဝ ရှိခြင်းနှင့် တိုက်ရိုက်ညွှန်ပြသည့် သဘောရှိသည့်အလျောက် အလေးထားညွှန်းဆိုမှုပုံစံများတွင်လည်း ဤသဘောကို တွေ့ရှိရပါသည်။

မြန်မာဘာသာစကားတွင် အမျိုးသမီးများအတွက်၊ အမျိုးသားများအတွက် သီးသီးသန့်သန့် သတ်သတ်မှတ်မှတ် ဖြစ်နေသော အညွှန်းစကားများ ရှိသည်။ အမျိုးသမီးများအတွက် "ကျွန်မ"၊ အမျိုးသားများအတွက် "ကျွန်တော်" တို့ ဖြစ်သည်။ သို့သော် ဘာသာစကားကို လက်တွေ့ အသုံးပြုသည့်အခါ အမျိုးသမီး များသည် အမျိုးသားများအတွက် သတ်မှတ်ထားသော အညွှန်းစကားကိုပါ အသုံးပြုနေကြသည်။ အသုံးပြုနိုင်သည်။ အမျိုးသားများကမူ အမျိုးသမီးများ အတွက် ရည်ညွှန်းရန် သတ်မှတ်ထားသော အညွှန်းစကားကို အသုံးပြုလေ့ မရှိကြပေ။ ဤသည်မှာ မြန်မာတို့၏ ကျား၊ မ ကွဲပြားခြင်းအပေါ် ခံယူချက် သဘောထားအမြင်ကို ပေါ်လွင်စေသည့်အချက် ဖြစ်သည်။ မြန်မာ့အယူအဆတွင် အမျိုးသား ယောကျ်ားလေးများသည် အမျိုးသမီးများထက် ပို၍မြင့်မြတ်သည်။ ဘုန်းကံမြင့်သည်ဟု ယူဆထားရာ အမျိုးသမီးများက မိမိတို့ထက် မြတ်သော အမျိုးသားများအတွက် ညွှန်းဆိုပုံကို တုပ၍ ပြောနိုင်သော်လည်း ယောကျ်ားစစ်စစ်၊ ယောကျ်ားအရင့်အမာကြီး များသည် မိမိတို့ထက် ဘုန်းကံနိမ့်သည်ဟု ယူဆထားသော အမျိုးသမီးများ ညွှန်းဆိုပုံကို လက်ခံတုပ၍ ပြောလေ့မရှိကြသည်မှာ သဘာဝပင် ဖြစ်သည်။

မြန်မာဘာသာစကားရှိ အလေးထားညွှန်းဆိုမှုပုံစံများသည် ရိုင်းသည်၊ ယဉ်သည်၊ ကြမ်းတမ်းသည်၊ စိမ်းကားသည်၊ ရင်းနှီးသည်ဟု ပုံသေသတ်မှတ်၍မရ၊ ယင်းတို့၏ သက်ရောက်အနက်သည် အခြေအနေ အဆက်အစပ်၊ မျက်နှာဟန် အမူအရာ၊ လေသံအဆက်အစပ်တို့ အပေါ်တွင်လည်း ကောင်းစွာမှီတည်နေပါသည်။

အညွှန်းကောက်ချက်သည် စကားခွန်း ထုတ်လုပ်သည့်အချိန်၊ နေရာ၊ ပြောသူ၊ နာသူ၊ စကားခွန်းဖြစ်ပေါ်ရာ နောက်ခံအကြောင်းအရာ၊ စကားခွန်းဖြစ်ပေါ်ရာ ဝန်းကျင်၊ အဆက်အစပ်တို့အပေါ်တွင်သာမက ကြားနာသူ၏ အခြေခံ ဗီဇစိတ်ဓာတ်၊ သိမြင်ပိုင်းခြားနိုင်မှုဟူသော ပညာအခံတို့အပေါ်တွင်လည်း မူတည်နေကြောင်း လေ့လာတွေ့ရှိရသည်။

## နိဂုံး

ဤစာတမ်းသည် မြန်မာဘာသာစကားတွင် နက်ရှိုင်းစွာ စိမ့်ဝင်ပျံ့နှံ့နေသည့် အညွှန်းစကားများအနက် ပြောသူသည် ကြားနာသူ သို့မဟုတ် အခြားသူ အပေါ် အလေးထားလိုသည့်၊ မိမိဆိုလိုသည့်အနက်သို့ ရောက်ရှိစေရန် ရွေးချယ် သုံးနှုန်း ကြသည်ကို စူးစမ်းလေ့လာ တင်ပြထားပါသည်။

မည်သည့် အညွှန်းဖော်ပြချက်မျှ အညွှန်းစကားမပါဘဲ လိုရာခရီးမရောက်နိုင် ဟု ဆိုရလောက်အောင် အညွှန်းစကားများသည် ဆက်သွယ်မှု ဖြစ်ရပ်တိုင်းတွင် အရေးပါလှသည်။ လက်တွေ့လူမှုဆက်ဆံရေးနယ်ပယ်၌ ပြောသူ၊ နာသူ၊ အခြားသူ တို့အကြား မှန်ကန်သော စိတ်ရင်းကို အခြေတည်ကာ အပြန်အလှန် အလေးထား ဆက်ဆံကြခြင်းဖြင့် ပိုမိုကောင်းမွန်သော လူမှုဆက်ဆံရေးနယ်ပယ်ကို တည်ဆောက် နိုင်ကြမည် ဖြစ်ပါသည်။ ဘာသာစကားကို လက်တွေ့အသုံးပြုရာ၌ အလေးထား ညွှန်းဆိုသည့် ပုံစံများ၏ အရေးပါမှု၊ အဆက်အစပ်အပေါ် မှီတည်၍ သက်ရောက် အနက် ပြောင်းလဲမှု၊ ပြောသူဗဟိုပေါ် မူတည်၍ ဘာသာစကားအတွင်း နက်ရှိုင်းစွာ စိမ့်ဝင်ပျံ့နှံ့နေမှု သဘောကို သိရှိလာစေပါသည်။ နေ့စဉ်သုံး အပြောစကားများတွင် အလေးထားညွှန်းဆိုသည့် ပုံစံများ၏ အသုံးအာနိသင်သည် လူမှုဆက်ဆံရေး နယ်ပယ်၌ တာသွားလှသည်။ ထိရောက်လှသည်ကို တွေ့မြင်နိုင်ပါသည်။ မြန်မာ ဘာသာစကားရှိ အလေးထားညွှန်းဆိုမှုပုံစံများတွင် မြန်မာတို့၏ နှုတ်ထွက်စကားကို အလေးထားသည့်သဘော၊ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်စေလိုသည့်ဆန္ဒ၊ လိုရင်းကို ထိထိမိမိသိစေလိုသည့် စေတနာ၊ တစ်ဖက်သားကို အလေးထား ဆက်ဆံတတ်သည့် စိတ်ထား၊ ဂါရဝတရား၊ နိဝါတတရား အရင်းခံ၍ စိတ်ရှည် သည်းခံ ရင်းနှီး ပွင့်လင်းစွာ ပြောဆိုတတ်သည့်၊ စာနာထောက်ထားမှု စသော ခံစားမှုကို ဖော်ကျူး

တတ်သည့် ခလေ့စရိုက်များ ထင်ဟပ်နေပါသည်။ ဤစာတမ်းသည် မြန်မာဘာသာစကားကို လေ့လာလိုသူများ၊ လေ့လာနေသူများ၊ လူမှုဆက်ဆံရေး နယ်ပယ်ကောင်းဖြစ်စေရန် အားထုတ်နေသူများအတွက် အထောက်အကူ ဖြစ်မည်ဟု ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၇)။ ***မိန်းမယောကျ်ားထိုစကား***။ ရန်ကုန်၊ သီဟရတနာစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၀)။ ***လက်တွေ့အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ဒေါင်းစာပေ။

ခင်အေး၊ **ဒေါက်တာ**။ (၂၀၀၄) ။ ***အတ္ထဗေဒနိဒါန်း***၊ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

ခင်အေး၊ **ဒေါက်တာ** နှင့် အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၈)။ ***သုတေသန အခြေခံ သုတေသနပုံစံ***၊ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

စိုးစိုးမြင့်၊ **မ**။ (၂၀၀၇)။ ***မြန်မာဘာသာစကားရှိ အပြန်အလှန် အပြောစကား ပုံစံများကို လက်တွေ့ အတ္ထဗေဒအမြင်ဖြင့် လေ့လာချက်***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***ခရီးဆောင်မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ ***မြန်မာသဒ္ဒါ***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၀၆)။ ***အင်္ဂလိပ်မြန်မာအဘိဓာန်***။ ရန်ကုန်၊ တက္ကသိုလ်များ ပုံနှိပ်တိုက်။

ဝင်းဖေ၊ **ဦး** နှင့် အခြား။ (၂၀၀၈)။ ***ဘာသာပြန်ရည်ညွှန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချို။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၅)။ ***လူမှုဘာသာဗေဒသဘောတရား***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၉)။ ***ဘာသာပြန်သဘောတရား ဘာသာပြန် လက်တွေ့***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

### အင်္ဂလိပ်ဘာသာ

Finch,Geoffrey. (2000). ***Linguistics Terms and Concept.*** New York: Palgrave.

Finegan, Edward. (1999). ***Language It's Structure and Use***. Third Edition.Orlando: Harcourt Brace College Publishers.

Levinson, Stephen. C. (1983). ***Pragmatics***. Cambridge: Cambridge University Press.

Methews, P.H.(2005). ***Concise Dictionary of Linguistics,*** Oxford : Oxford University Press.

***Oxford Learner's Dictionary.***(2000).Oxford: Oxford University Press.

Yule,George .(1996). ***Pragmatics***. Oxford: Oxford University Press.

### အင်တာနက်အကိုးအထောက်များ

http://www.sil.org/linguistics/Glossary of linguistic terms

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# နောင်ချိုဒေသရှိ ဓနုဒေသိယစကားမှ နေ့စဉ်သုံးစကားများ လေ့လာချက်

ခင်စန္ဒာတိုး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နောင်ချိုဒေသရှိ ဓနုလူမျိုးတို့ ပြောဆိုသုံးနှုန်းနေသော နေ့စဉ်သုံးစကားများကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ အလေ့လာခံ ဓနုလူမျိုးတို့သည် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတွင် အများဆုံး နေထိုင်ကြသည်။ နောင်ချိုဒေသရှိ ဓနုလူမျိုးတို့သည် ရှမ်းလူမျိုးတို့နှင့် ရောနှော နေထိုင်ကြပါသည်။ နောင်ချိုဒေသ မြောက်ဘက်ရှိ ဓနုလူမျိုးတို့သည် ရှမ်းလူမျိုးတို့နှင့် ရောနှောနေထိုင်ကြပြီး တောင်ဘက်ရှိ ဓနုလူမျိုးတို့သည် သီးခြားနေထိုင်ကြပြီး ရွာပေါင်း (၅၈)ရွာ ရှိပါသည်။ ရည်ရွယ်ချက်မှာ ဓနု ဘာသာစကားကို မှတ်တမ်းတင်လိုခြင်း ဖြစ်ပါသည်။ ဤစာတမ်းအတွက် အလေ့လာခံစကားလုံးတို့ကို နောင်ချိုဒေသရှိ ဓနုလူမျိုးများ ပြောဆိုသော ဘာသာစကားမှ လေ့လာတင်ပြထားပါသည်။ ဤစာတမ်းကို ဘာသာဗေဒ နည်းဖြင့် လေ့လာတင်ပြထားပါသည်။

**သော့ချက်စကားလုံးများ** – ***ဆွေမျိုးစပ်၊ အစားအသောက်၊ အသီးအနှံ၊ အသုံးအဆောင်၊ တိရစ္ဆာန်၊ လယ်လုပ်ငန်း၊ နေ့စဉ်သုံးအပြောစကား***

## နိဒါန်း

ဒေသိယစကားများသည် ဒေသကွဲပြားမှုကြောင့် အသံထွက်၊ သဒ္ဒါနှင့် ဝေါဟာရအသုံးအနှုန်းများ ကွဲပြားသော ဘာသာစကားတစ်ခု၏ အသွင်ကွဲစကားများ ဖြစ်ပါသည်။ မြန်မာဘာသာစကားတွင် ပြောဆိုသူတို့၏ နေရာဒေသကိုလိုက်၍ မြင်းခြံဒေသိယစကား၊ ပခုက္ကူဒေသိယစကား၊ မန္တလေးဒေသိယစကား၊ ယောဒေသိယ စကား၊ မော်လမြိုင်ဒေသိယစကား၊ အင်းလေးဒေသိယစကား၊ ဓနုဒေသိယစကား စသည်ဖြင့် ဒေသိယစကား အမျိုးမျိုး ကွဲပြားပါသည်။ မြန်မာဘာသာစကားရှိ ဒေသိယစကားများတွင် ဓနုဒေသိယစကားသည် ထင်ရှားသည့် ဒေသိယစကား တစ်မျိုး ဖြစ်ပါသည်။ ဒေသိယစကားများသည် စံစကားနှင့် အသံထွက်၊ သဒ္ဒါ၊ ဝေါဟာရတို့ ကွဲပြားကြသည်။ ဓနုဒေသိယစကားသည်လည်း စံစကားနှင့် အသံထွက်၊ သဒ္ဒါ၊ ဝေါဟာရ ကွဲပြားမှု ရှိပါသည်။ ဤစာတမ်းတွင် ဓနုဒေသိယ စကား၏ ဘာသာစကား

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ မန္တလာဒီဂရီကောလိပ်

မျိုးရိုး၊ နောက်ခံအချက်အလက်၊ ဒေသိယစကား သတ်မှတ်ချက်နှင့် နောင်ချိုဒေသရှိ ဓနုနေ့စဉ်သုံးစကားများမှ အပြောစကားတို့ကို လေ့လာတင်ပြထားပါသည်။ နောင်ချို ဒေသရှိ ဓနုဒေသိယစကားမှ အသံထွက်တို့ကို အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒ အက္ခရာဖြင့် ဖော်ပြထားပါသည်။

## ၁။ ဓနုလူမျိုးတို့၏ ဘာသာစကားနှင့် နောက်ခံသမိုင်း

ဓနုလူမျိုးတို့သည် မြန်မာဘာသာစကားကို ပြောဆိုသော မြန်မာတိုင်းရင်းသား လူမျိုးများ ဖြစ်ပါသည်။ ဓနုဘာသာစကားသည် တိဗက်–မြန်မာ မျိုးနွယ်ခွဲတွင် ပါဝင်သော မြန်မာအစုဝင် ဘာသာစကား ဖြစ်ပါသည်။

**တိဗက်–မြန်မာမျိုးရိုးဝင်ဘာသာများ[၁] ပြပုံ**




ဦးဖေမောင်တင်၏ ဘာသာလောကကျမ်းတွင် အာသံ–မြန်မာနွယ်ဝင်များသည်

(၁) နဂါးအစု
(၂) ကုကိ–ချင်းအစု
(၃) ဆက် (ဝါ–သက်)အစု
(၄) ကချင်အစု
(၅) မြန်မာအစု

---

[၁] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၁၂။

(၆) လိုလိုအစု[၁]

တို့ ဖြစ်ကြသည်ဟု ဖော်ပြထားပါသည်။

ဘာသာလောကကျမ်းအရ ခနုလူမျိုးတို့သည် မြန်မာအစုတွင် ပါဝင်ပါသည်။ ခနုလူမျိုးတို့သည် မြန်မာအစုတွင် ပါဝင်ကြောင်း အောက်ပါအတိုင်း ဇယားချနိုင်ပါသည်။

**မြန်မာအစုဝင် ဘာသာစကားဖြစ်ကြောင်းပြပုံ**

- မရူ – ဝါ လောင်းဝါ
- လရှိ – ဝါ လချိကွော
- အတ်စိ၊ တဇိ – ဝါ– တဆဲဝါ
- မိုင်သာ (မန်ဆာ) – ဝါ– အချန် (ချိန်)
- ဖွန်
- ဒနု
- အင်းသား
- တောင်ရိုး – ဝါ– တိုရု
- ထားဝယ်
- ရခိုင်[၂]

ခနုလူမျိုးတို့သည် ရှမ်းပြည်နယ် မြေလတ်ဒေသနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် အများဆုံး နေထိုင်ကြသည်။ ရှမ်းပြည်နယ် မြောက်ပိုင်းတွင်မူ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ ပြင်ဦးလွင် အနီးတစ်ဝိုက်တွင် နေထိုင်ကြသည်။ မိုးကုတ်၊ မိုးမိတ်ဒေသတို့တွင်လည်း နေထိုင်ကြပါသည်။ တောင်ရိုးလူမျိုး ရောနှောနေထိုင်ကြသဖြင့် တောင်ရိုးခနု၊ ရှမ်းတို့နှင့် ရောနှောနေထိုင်ကြသဖြင့် ရှမ်းခနုဟူ၍ ခေါ်ဆိုကြပါသည်။

ခနုအမည်သည်

"ခနု [ခနုသံ] (န) လေး"[၃]

---

[၁] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၁၂။

[၂] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၁၂။

ဟူ၍ အခိပ္ပာယ်ရပါသည်။

ခနုလူမျိုးတို့တွင် မိရိုးဖလာ အစဉ်အဆက် ပြောဆိုလျက်ရှိကြသော ပါးစပ်သမိုင်းကြောင်းများ ရှိပါသည်။ ထိုပါးစပ်သမိုင်းများအရ

> "မိမိတို့ မြန်မာဘုရင်၏ လေးသည်တော် အဆက်အနွယ်များ ဟုလည်းကောင်း မြန်မာဘုရင်မှ ရှမ်းပြည်နယ်သို့ စေလွှတ်သော အမှုတော်ထမ်းများဖြစ်သည့် ရွှေခွန်မှူး၊ ငွေခွန်မှူး အဆက်အနွယ်များနှင့် ရှမ်းအမျိုးသားတို့ သွေးစပ်ပြီး ဆင်းသက်လာသော အနွယ်များ ဖြစ်သည်"[၂]

ဟု ယူဆကြသည်။

ဦးဖေမောင်တင်၏ ဘာသာလောကကျမ်းတွင်

> "နန်ချောင်း ရှမ်းတို့ထဲမှ ခွဲထွက်ခဲ့ကြသော မူလမြန်မာတို့သည် ခရစ်နှစ် ကိုးရာစုနှစ်တွင် အနောက်ပိုင်း ယူနန်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်ကို ဖြတ်၍ လွင်ပြင်များကို ကျောက်ဆည်မှ ဝင်ရောက်လာကြဟန်တူ၏။ ခနုတို့သည် သူတို့နှင့် လမ်းလွှဲ၍ ကျန်ရစ်သူများ ဖြစ်ပြီး တောင်တန်း အနောက်စွန်းတစ်လျှောက် နေထိုင်ကြ၏။ သူတို့၏စကားသည် မြန်မာပေါရာဏနှင့်တူ၏"[၃]

ဟု ဖော်ပြထားသည်။

ထို့ပြင်

> "ပုဂံခေတ်တွင် ပုဂံဘုရင်များသည် မြေပြန့် ကျောက်ဆည် မြစ်သား မှတစ်ဆင့် ယခု မြေလတ်ပိုင်း အနောက်တောင်တန်း လွင်ပြင်များဆီသို့ တောကစားထွက်လေ့ရှိသည်။ ဘုရင်များ ထိုသို့ တောကစားထွက်သည့်အခါတိုင်း နောက်တော်ပါးမှ လေးမြားကိုင် စစ်သည်တော်များ လိုက်ပါလာကြသည်။ ဘုရင် တောကစားပြီး၍ နေပြည်တော်သို့ ပြန်သည့်အခါ စစ်သည်တော် အချို့သည် သားကောင်ပေါသော တောင်တန်းလွင်ပြင်တွင် ဘုရင့်ထံ ခွင့်ပန်ပြီး ကျန်နေရစ်ခဲ့သည်။ ထိုစစ်သည်တော်တို့

---

[၁] ဟုတ်စိန်၊ ဦး၊ ၁၉၅၄၊ ၄၉၄။
[၂] ဟုတ်စိန်၊ ဦး၊ ၁၉၅၄၊ ၄၉၄။
[၃] တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ရှမ်း)၊ ၁၉၈၄၊ ၈၄။

> ကိုင်ဆောင်သော လေးနှင့် ယင်းတို့ ကျွမ်းကျင်သည့် လေးအတတ်ပညာကို ပါဠိဘာသာ ဓနုဟုခေါ်ရာမှ ထိုလေးသည်တော်တို့ကို ဓနုဟူ၍ ခေါ်ကြောင်း ပြောစမှတ် ရှိကြသည်။ အချို့က အလောင်းစည်သူမင်း တိုင်းခန်းလှည့်လည်စဉ် ပါလာသည့် ဘုရင့်အမှုထမ်းသည့် လေးသည်တော်များ ဤနယ်မြေအတွင်း ချန်ရစ်နေခဲ့ရာမှ ၎င်းတို့မှ နွယ်လာသူများကို ဓနုလူမျိုးဟု ခေါ်ကြောင်း ဆိုစမှတ်ပြုကြလေသည်”[၁]

ဟု ယူဆကြသည်။

ဓနုလူမျိုးတို့သည် ဘာသာရေးနှင့်ပတ်သက်၍

(၁) တာတက်ပွဲ

(၂) တန်ဆောင်တိုင်ပွဲတော်နှင့် ကထိန်ပွဲတော်

(၃) စာပြန်ပွဲတော်

(၄) ရှင်ပြုပွဲတော်[၂]

တို့ ကျင်းပပြုလုပ်ကြသည်။ တာတက်ပွဲသည် ထင်ရှားသည့် ဓနုရိုးရာပွဲတော် ဖြစ်ပါသည်။

ဓနုလူမျိုးတို့သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဓနုအမျိုးသားများသည် ဦးခေါင်းတွင် တဘက်ပေါင်းကြသည်။ ရှပ်အင်္ကျီ၊ တိုက်ပုံအင်္ကျီနှင့် ဘောင်းဘီအပွ (ရှမ်း၊ ပအိုဝ်း၊ အင်းသားတို့ ဘောင်းဘီနှင့် ပုံစံတူသည်)တို့ကို ဝတ်ဆင်ကြသည်။ ဓနုအမျိုးသမီးတို့သည် ဦးခေါင်းတွင် တဘက်ပေါင်းလေ့ ရှိသည်။ ရင်ဖုံးအင်္ကျီနှင့် ထဘီကို ဝတ်ဆင်ကြသည်။ ထဘီကနဲ့လနဲ့စင်း ဝတ်ဆင်လေ့ရှိကြသည်။ ဓနုလူမျိုးတို့သည်

> “ရေးအခါက နားပေါက်ဖောက်ခြင်း၊ ထိုးကွင်းမင်ကြောင်ထိုးခြင်းများ ပြုလုပ်ခဲ့သည်”[၃]

ကိုလည်း တွေ့ရပါသည်။

---

[၁] မြင့်မောင်၊ ဒါရိုက်တာ၊ ၁၉၈၆၊ ၃၈။

[၂] ကောသလ္လ၊ အရှင်၊ ၂၀၁၂၊ ၉၂။

[၃] မြမောင်၊ ဦး၊ ခုနှစ်မပါ၊ ၂။

ပညာရှင်တို့၏ အထောက်အထားများအရ ဓနုဘာသာစကားသည် တိဗက်–တရုတ် မျိုးနွယ်မှ ဆင်းသက်လာသော မြန်မာအစုဝင် ဘာသာစကား ဖြစ်သည်။ အသံကွဲ မြန်မာစကားကို ပြောဆိုသူများ ဖြစ်ကြသည်။ ဓနုလူမျိုးတို့သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ကိုယ်ပိုင်စကားထာပုံပြင်၊ မော်အေး စသည့် စာပေပုံသဏ္ဌာန်များ ရှိပါသည်။

## ၂။ ဒေသိယဝေါဟာရဖွင့်ဆိုချက်

လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် ဘာသာစကားသည် အရေးပါသော ဆက်သွယ်မှု ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၌ ဘာသာစကားအသီးသီး ရှိကြပြီး ဘာသာစကားတိုင်း၌ ဒေသိယစကားများ ရှိပါသည်။ ဘာသာစကားတစ်ခုတွင် ဒေသိယစကား မြောက်မြားစွာ ရှိနိုင်ပါသည်။ ဒေသိယနှင့်ပတ်သက်၍ ပညာရှင်တို့က အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားကြပါသည်။

မြန်မာအဘိဓာန်၌

> "ဒေသိယဝေါဟာရ /ဒေသိယာ့ဝေါဟာရာ့/ န–ဒေသအလိုက် ပြောဆို သုံးနှုန်းသောစကား [ပါ–ဒေသိယ+ဝေါဟာရ]"[၁]

ဟူ၍ လည်းကောင်း၊ မောင်ခင်မင်(ဓနုဖြူ)က

> "နေရာဒေသလိုက်ပြီး အသွင်ကွဲသွားသော စကားမျိုးကို ဘာသာစကား လေ့လာသည့် ပညာရှင်များက ဒေသိယစကား (Dialect) ဟု ခေါ်ကြသည်"[၂]

ဟူ၍ လည်းကောင်း၊ ဒေါက်တာအောင်မြင့်ဦးက

> "ဘာသာစကားတစ်ခုကို အသုံးပြုသူတို့သည် နေရာဒေသချင်း ဝေးကွာသွားသည့်အခါ အသုံးပြုသည့် ဘာသာစကားမှာလည်း တစ်နေရာနှင့် တစ်နေရာ ပြောင်းလဲကွဲပြား သွားတတ်ပါသည်။ ထိုသို့ ဒေသကွာခြားမှုကြောင့် ပြောင်းလဲသွားသော ဘာသာစကား တစ်ခု၏ အသွင်ကွဲကို ဒေသိယစကားဟုခေါ်ပါသည်"[၃]

ဟူ၍ လည်းကောင်း ဖွင့်ဆိုထားပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၁၇၈။
[၂] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၅၊ ၄၁–၄၂။
[၃] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၁၅၊ ၉။

ထို့ပြင်

"ဒေသိယစကားကို ဝေါဟာရ၊ သဒ္ဒါနှင့် အသံထွက် (စကားသံ ဖွဲ့ပုံ၊ ဒေသသံ လေယူလေသိမ်း အပါအဝင်) အရ ခွဲခြားနိုင် ပါသည်။ ထိုကွဲပြားခြားနားမှုများကို (အသံထွက်အရ ဒေသသံ လေယူလေသိမ်း အပါအဝင် သို့မဟုတ် ရှိရင်းစွဲ ဒေသသံ အနိမ့်အမြင့်) လေသံအရ သိရှိနိုင်ပါသည်"[၁]

ဟု လည်းကောင်း၊ လောင်းမန်းက

"ဒေသိယစကား ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ဒေသတစ်ခု ပြောဆိုသော ဘာသာစကားတစ်ခု၏ မျိုးကွဲစကား (ဒေသိယ စကား) (သို့မဟုတ်) သီးခြားလူ့အဖွဲ့အစည်းတစ်ခုက ပြောဆိုသော ဘာသာစကားတစ်ခု၏ အသွင်ကွဲစကား (လူမှုဒေသိယ) ဖြစ်ပြီး ၎င်းဘာသာစကားသည် အခြားမျိုးတူ ဘာသာစကား ပုံသဏ္ဌာန် များနှင့် အသံထွက်၊ သဒ္ဒါနှင့် အချို့ဝေါဟာရ စကားသုံးတို့ ကွဲပြားခြားနားသည့် ဘာသာစကား ဖြစ်သည်"[၂]

ဟု လည်းကောင်း ဖွင့်ဆိုထားပါသည်။

ပညာရှင်အသီးသီးတို့၏ ဖွင့်ဆိုချက်အရ ဒေသိယစကားဟူသည် နေရာဒေသ လိုက်ပြီး စကားအသုံးအနှုန်း၊ အသံထွက်နှင့် သဒ္ဒါကွဲပြားသည့် စကားမျိုးကို ဒေသိယ စကားဟု သတ်မှတ်နိုင်ပါသည်။ ထို့ပြင် ဒေသသွင်ပြင်နှင့် လူမှုသွင်ပြင် လွှမ်းမိုးမှု နည်းသော စံဘာသာစကားနှင့်မတူဘဲ ကွဲပြားသွားသော စကားများကို ဒေသိယ စကားဟု သတ်မှတ်နိုင်ပါသည်။

## ၃။ နောင်ချိုဒေသရှိ ဓနုဒေသိယစကားမှ နေ့စဉ်သုံးစကားများ

နောင်ချိုဒေသ ဓနုလူမျိုးများ နေ့စဉ်သုံးစွဲနေသော စကားများကို

(က) ဆွေမျိုးစပ်ဆိုင်ရာစကားများ

(ခ) အစားအသောက်ဆိုင်ရာစကားများ

(ဂ) အသီးအနှံဆိုင်ရာစကားများ

---

၁ www. Wikipedia wrg dialect/

၂ Longman, 1999, 107/

(ဃ) အသုံးအဆောင်ဆိုင်ရာစကားများ

(င) တိရစ္ဆာန်ဆိုင်ရာစကားများ

(စ) လယ်လုပ်ငန်းဆိုင်ရာစကားများ

(ဆ) နေ့စဉ်သုံးအပြောစကားများ

ဟူ၍ ခွဲခြားတင်ပြထားပါသည်။

## (က) ဆွေမျိုးစပ်ဆိုင်ရာ စကားများ

| စံဘာသာစကား | မနေဒေသိယစကား | မနေဒေသိယအသံထွက် |
|---|---|---|
| ကိုရင်၏ခမည်းတော် | ရှင်ဖ | / -ɕĩ phá / |
| ကိုရင်၏မယ်တော် | ရှင်မွေ့ | / -ɕĩ mwé / |
| ခဲအို | အနောင် | / ə –naũ / |
| မိထွေး | အဒေါ် | / ə dɔ̄ / |
| ရဟန်း၏ခမည်းတော် | ပုစဉ်းဖ | / bə ʑ̀ĩ phá / |
| ရဟန်း၏မယ်တော် | ပုစဉ်းမွေ့ | / bə ʑ̀ĩ mwé / |
| အဖေ | အဘ | / ə bá / |
| အဘိုး | ဘကြီး | / bá tɕ̀ɪ/ |
| အဘွား | မေကြီး | / mē tɕ̀ɪ / |
| အမေ | အမေ | / ə mē / |
| အစ်ကို | ကိုရင် | / kō - j ĩ / |
| အစ်ကိုကြီး | ကိုရင်ကြီး | / kō - j ĩ tɕ̀ɪ / |
| အစ်ကိုငယ် | ကိုရင်ငယ် | / kō - j ĩ ŋɛ̄ / |
| အစ်မ | မမ | /má má / |
| အစ်မကြီး | မကြီး | / má tɕ̀ɪ / |
| အစ်မငယ် | မငယ် | / má ŋɛ̄ / |
| ဦးလေး | အမင်း | / ə mɪ̀ / |

ဆွေမျိုးစပ်ဆိုင်ရာ ဝေါဟာရများတွင် စံဘာသာစကားနှင့် ခေါ်ဝေါ်သော ဝေါဟာရများ ကွဲပြားသည်ကို တွေ့ရပါသည်။

## (ခ) **အစားအသောက်ဆိုင်ရာစကားများ**

| **စံဘာသာစကား** | **ဓနုဒေသိယစကား** | **ဓနုဒေသိယအသံထွက်** |
|---|---|---|
| ကောက်ညှင်း | ကောက်ညင်းထမင်း | / kau ʔ ɲì ĩ thə mì ĩ / |
| ကောက်ညှင်းကျည်တောက် | ဝါးကျဉ်တောက် | / wà tɕī tauʔ / |
| ခေါက်ဆွဲ | ခွားပုတ် | / khwà pouʔ / |
| ငရုံ့ခြောက် | ငပိကောင် | / ŋə pɪ´ -kaũ / |
| ထမင်း | ထမန်း | / thə mà̃ / |
| ဖရုံယို | ဖြုံယို | / -phjoũ jō / |
| ဟင်း | ချင်း | / tɕhì ĩ / |

အထက်ပါ သာဓကများအရ စံဘာသာစကားနှင့် ဝေါဟာရတူသော်လည်း စကားသံကွဲပြားသည်ကို တွေ့ရပါသည်။

## (ဂ) **အသီးအနှံဆိုင်ရာ စကားများ**

| **စံဘာသာစကား** | **ဓနုဒေသိယစကား** | **ဓနုဒေသိယအသံထွက်** |
|---|---|---|
| ကျောက်ဖရုံသီး | ကျောက်ဖြုံဝဲသီး | / tɕauʔ -phjoũ wɛ̀ θɪ / |
| ကြက်ဟင်းခါးသီး | ဟင်းခါးသီး | / hì ĩ khà θɪ / |
| ခရမ်းချဉ်သီး | ချမ်းချဉ်သီး | / tɕhì ã -tɕhì ĩ θɪ / |
| ဂေါ်ရခါးညွန့် | ဂေါ်ရခါးညော့ | / gō jə khà ɲɔ́ / |
| ငရုတ်သီး | စပ်သီး | / saʔ θɪ / |
| ဆီးဖြူသီး | ဆီစားသီး | / shī sà θɪ / |
| နံနံပင် | မဆေး | / mə sè / |
| ပူဒီနာ | ပူစီနံ၊ ဇီယာ | / pū sī nã / zī jā / |
| ပန်းမုန်လာ | မုန်လာခဲ | / -moũ lā khɛ̀ / |
| မက်မွန်သီး | မျက်မွန်သီး | / mjɛʔ -mū θɪ / |
| သခွားသီး | ခွားသီး | / khwà θɪ / |
| သပျစ်သီး | သဖျက်သီး | / θə phɛʔ θɪ / |

| | | |
|---|---|---|
| အာဒါလွတ်ဥ | အာလာယု | / ā lā jú / |

နောင်ချိုဒေသရှိ ဓနုဒေသိယစကားတွင် “ရ”ကို သီးခြားသံမထွက်ဘဲ ျ၊ ြ သံပြု၍ ကျောက်ဖရုံသီးကို ကျောက်ဖြုံဝဲသီး / tɕauʔ -phjoũ wɛ̀ θɪ /၊ ခရမ်းချဉ်သီးကို ချမ်းချဉ်သီး / tɕ hì ã -tɕhì ĩ θɪ / ဟု အသံထွက်သည်ကို တွေ့ရပါသည်။

## (ဃ) အသုံးအဆောင်ဆိုင်ရာ စကားများ

| စံဘာသာစကား | ဓနုဒေသိယစကား | ဓနုဒေသိယအသံထွက် |
|---|---|---|
| ကျပ်ခိုးစင် | ကျက်စင် | / tɕɛʔ -sĩ / |
| ခေါင်းအုံး(ဂေါင်းအုံး) | ခေါန်းအုံး | / khɔ̀n òũ / |
| ချိန်ခွင် | ယာစူ | / jā sū / |
| ခွက်ငယ် | ခွက်သငယ် | / khwɛʔ θə ŋɛ̄ / |
| ငရုတ်ကျည်ပွေ့ | ဇဘွေ့ | / zə bwé / |
| ငရုတ်ဆုံ | ဆုံ | / -shoũ / |
| တံမြက်စည်း | တဘက်ဆဲ | / tə bɛʔ shɛ̀ / |
| ထင်းရှူးဆီ | ထင်းဆူးဆီ | / thì ĩ shù shī / |
| ထွေးခံ | ထွေးအင် | / thwè - ĩ / |
| ဒယ်အိုး | ဒယ်ဗိုင်း | / dɛ̄ bì aĩ / |
| ဘောင်းဘီ | ဖောင်းဖိ | / phì aũ phɪ́ / |
| မီပုံးပုံ | မီးအုံ | / mɪ̀ - oũ / |
| ရှူးဖိနပ် | ခြေနင်း | / tɕhē nì ĩ / |
| ရုပ်အင်္ကျီ(အပေါ်ဝတ်) | ဖလန်ထည် | / phə -lã dɛ̄ / |
| လေးခွ | ဘတ်ခွ | / baʔ khwá / |
| လက်နှိပ်ဓာတ်မီး | ဒုတ်မီး | / douʔ mɪ̀ / |
| သံ | သံမန | / -θã mə ná / |
| သံချွန် | သံချောင်းချွန် | / -θã tɕhàũ -tɕhũ / |
| အသံချဲ့စက် | ချလံ | / tɕhə -lã / |
| ဦးထုပ် | ခေါန်းနုပ် | / khì ɔn nouʔ / |

နောင်ချိုဒေသရှိ ဓနုဒေသိယစကားတွင် ရှေးသုံးပေါရာဏစကားဖြစ်သော "သံ"ကို "မယ်န" ဟု မသုံးဘဲ "သံမန"ဟု ခေါ်ဝေါ်သုံးစွဲသည်ကို တွေ့ရပါသည်။

## (ဃ) တိရစ္ဆာန်ဆိုင်ရာ စကားများ

| စံဘာသာစကား | ဓနုဒေသိယစကား | ဓနုဒေသိယအသံထွက် |
|---|---|---|
| ကြောင် | မိညော် | / mì ɲɔ̄ / |
| စာကလေး | စာပတီး/ အိုင်ဇာ | / sā bə dɪ/ - / -aĩ zā / |
| တီတီတွတ် | တဲ့တဲ့တူး | / tɛ́ tɛ́ tù / |
| နွားချေးပိုး | နွားချေးပိုး/ ပိုးစီဇု | / nwà tɕhè pò / |
| | | / pò sī zú / |
| ပုရစ် | ပလစ်မ | / pə liʔ má / |
| ပုရွက်ဆိတ် | ပလွက်ဆိတ် | / pə lwɛʔ sheɪʔ / |
| ပိုးစုန်းကြူး | ပိုးစုန်းပြူး | / pò s̀oũ pjù / |
| ယင်ကောင် | ယင်မဇိမ်း | / -jĩ má z̀eĩ / |
| အိမ်မြှောင် | အိမ်မြှောင် | / -eĩ -mjaũ / |

နောင်ချိုဒေသရှိ ဓနုဒေသိယစကားတွင် "ရ" ဗျည်းကို "လ" ဗျည်းသံဖြင့် "ပုရစ်"ကို "ပလစ်မ" / pə liʔ má / ဟု သုံးစွဲသည်ကို တွေ့ရသည်။ "ကြောင်" ကို "မိညော်" / mì ɲɔ̄ / ဟု မြည်သံကို အစွဲပြု ခေါ်ဝေါ်သုံးစွဲကြသည်ကို တွေ့ရသည်။

## (စ) လယ်လုပ်ငန်းဆိုင်ရာ စကားများ

| စံဘာသာစကား | ဓနုဒေသိယစကား | ဓနုဒေသိယအသံထွက် |
|---|---|---|
| ကောက်လှိုင်း | ကောက်ရိုးလှိုင်း | / kauʔ jò hlàĩ / |
| ကောက်လှိုင်းရိုက် | စပါးခက် | / zə bà khɛʔ / |
| ဂျုတ် (လယ်သမားသုံး) | စောဂူ | / sɔ̄ gū / |
| တူရွင်း | တဇော်ဂျီ | / tə zɔ̄ dʒ̄j / |
| ပေါက်တူး | ထလွင်း/ ပေါ့ငေါင်း | / thə lẁĩ / / pɔ́ ŋàũ/ |
| ပေါက်ပြား | ပေါ့ပြား | / pɔ́ pjà / |

| | | |
|---|---|---|
| ပုတ် | ပုတ်ကျီ | / pouʔ tɕī / |
| အိတ်ကြီး ၁အိတ် | ဒတင် | / də -t̃ɪ / |

လယ်ယာလုပ်ငန်းမှ ထွက်ရှိသော စပါး၊ ပဲတို့ ထည့်ရန် ကျီများ ဆောက်လုပ်ကြသည်။ ထို့ကြောင့် ကျီသည် စပါး၊ ပဲ စသည်တို့ သိုလှောင်ထားသည့် အဆောက်အဦး ဖြစ်သည်။ ပုတ်သည် အတန်ငယ် များပြားသော စပါး၊ ပဲတို့ ထည့်နိုင်သည့် ဝါးနှင့်ယက်လုပ်ပြီး သစ်ဆေး (သို့မဟုတ်) နွားချေး သုတ်ထားသည့် ထည့်စရာ ဖြစ်သည်။ စပါး၊ ပဲ အတန်ငယ် ထည့်နိုင်သည့် ပုတ်ကို များပြားသော စပါး၊ ပဲ သိုလှောင်နိုင်သည့် ကျီနှင့်တွဲ၍ ပုတ်ကျီဟု တွဲ၍သုံးစွဲခေါ်ဝေါ်ကြသည်ကို တွေ့ရပါသည်။ (၃)တင်း ထည့်သည့် အိတ်ကို နောင်ချိုဒေသရှိ ဓနုလူမျိုးတို့က ဒတင်ဟု ခေါ်ဝေါ်သုံးစွဲကြသည်။

## (ဆ) နေ့စဉ်သုံး အပြောစကားများ

| **စံဘာသာစကား** | **ဓနုဒေသိယစကား** | **ဓနုဒေသိယအသံထွက်** |
|---|---|---|
| ကွ်ု | ကွာ | / kwā / |
| ကျကွဲ | ကွဲကျ | / kwɛ̀ tɕá / |
| ခဏလေး | တအားလေး | / tə à lè / |
| ခက်ခဲ | အားခက်ရီး | / à khɛʔ j`ɪ / |
| ခြောက် | ခြောက်ချမ်း | / tɕhauʔ tɕh̀ ã / |
| ချေး (ပိုက်ဆံ) | ငန်း (ပိုက်ဆံ) | / ŋ̀ã / |
| ချစ် | အားချစ်ရီး | / à tɕhiʔ j`ɪ / |
| ငိုင် | မိန်း | / mèĩ / |
| စီစဉ် | ရင်စီ | / -j ĩ sī / |
| စိတ်ညစ် | စိတ်အားရီးညစ် | / seiʔ à j`ɪ ɲiʔ / |
| စေ့စပ် | မေး | / mè / |
| တွေး | ငေး | / ŋè / |
| ထုတ် | ဆယ် | / shɛ̄ / |
| နှေး (အလုပ်) | သွေးလေးမွေးလေး | / θwè lè mwè lè / |
| နှေး (လမ်းလျှောက်) | နှံ့တုံ့နှံ့တုံ့ | / noũ´ toũ´ noũ´ toũ´ / |

| | | |
|---|---|---|
| ပုပ် | သိုး | / θò / |
| မှန်း | အားမှန်းကြီး | / à mòũ tɕèɪ / |
| ဘယ်သူ | ဖယ်သူ | / phɛ̄ θū / |
| မြိန် | စားချို | / sà tɕhō / |
| ရိုင်း | စိုး | / sò / |
| ရှေ့ | တော | / tɔ̀ / |
| လိမ် | လိုင် | / -lẽɪ / |
| လွှင့်ပစ် | လော | / lɔ̀ / |
| ဝေး | တအားဝေးတယ် | / tə à wè tɛ̄ / |
| သေချာ | ဟောက်ကလား | / hauʔ kə là / |
| သေး | တောခဲ့ | / tɔ̀ kh̀ɛ́ / |
| အကျွေးထား | ငံ့ | / ŋã´ / |
| အလုပ်ကြိုးစား | ကဲ | / kɛ̀ / |
| အေး | ချမ်း | / tɕh̀ ã / |
| အော်ခေါ် | အော် | / ɔ̄ / |
| အိုက် | အိုက်ရေးကြီး | / eiʔ jè tɕèɪ / |
| အိမ်ထောင်ကျ | အိုသွားတာ | / ō θwà dā / |
| အားပါးတရစား | နင်းဖိစား | / ǹĩ phi´ sà / |

နောင်ချိုဒေသရှိ ဓနုလူမျိုးများ ပြောဆိုသော ဓနုဒေသိယစကားများတွင် "တယ်" / tɛ̄ / ၊ "မို့" / mó / ၊ "တုံး" / tòũ / ၊ "အုံးမယ်" / -oũ mɛ̄ / စသည့် ဝါကျအဆုံးသတ်စကားများ တွေ့ရပါသည်။ စံဘာသာစကားတွင် သုံးသော "မလား" / mə là / ကို နောင်ချို ဓနုဒေသိယစကားတွင် "မို့" / mó / ဟု သုံးသည်ကို တွေ့ရပါသည်။ စားမလား / sà mə là / ကို စားမို့ / sà mó / ဟု သုံးနှုန်းကြသည်။

## ခြုံငုံသုံးသပ်ချက်

နောင်ချိုဒေသရှိ ဓနုလူမျိုးတို့ ပြောဆိုသော ဓနုဒေသိယစကားများသည် စံဘာသာစကားတွင် အသုံးပြုသော "ရ"ကို သီးခြားသံမထွက်ဘဲ ြ၊ ျ သံပြု၍လည်းကောင်း၊ "ရ"သံ ဖြုတ်၍လည်းကောင်း အသုံးပြုကြသည်။ ကျောက်ဖရုံသီးကို ကျောက်ဖြုံသီး / tɕauʔ -phjoũ θɪ /၊ ခရမ်းချဉ်သီးကို ခမ်းချဉ်သီး / khì ã -tɕhĩ θɪ / ဟု အသံထွက် သုံးစွဲသည်ကို တွေ့ရပါသည်။ ထို့ပြင် မုန်လာထုပ်၏ ခဲခဲထုပ်ထုပ် ပုံသဏ္ဍာန်ကို စွဲ၍ မုန်လာခဲ / -moũ lā khɛ̀ /၊ ကောက်ညှင်းသည် ထမင်းနှင့် ပုံသဏ္ဍာန်တူသည်ကို စွဲ၍ ကောက်ညှင်းကျည်တောက်ကို ကောက်ညှင်းထမင်း / kau ʔ ɲì ĩ thə mì ĩ / ဟု ပုံသဏ္ဍာန်ကို အစွဲပြုခေါ်ဆိုသည်ကို တွေ့ရပါသည်။

စံဘာသာစကားရှိ သံပြင်းသံကို နောင်ချိုဒေသရှိ ဓနုလူမျိုးတို့သည် သံညှင်းသံနှင့် အသံထွက်သည်ကို တွေ့ရပါသည်။ ခေါင်းအုံး / gàũ òũ / ကို ခေါန်းအုံး / khɔ̀n òũ /၊ ဘယ်သူ bɛ̄ ðū / ကို ဖယ်သူ / phɛ̄ θū / ဟု ပြောဆိုကြပါသည်။

သာမဏေဘောင်သို့ သွတ်သွင်းပေးကြသည်။ သာမဏေဘောင်မှ ထွက်လာသော "ကိုရင်" လူထွက်များကို အမည်ရှေ့တွင် "ကိုရင်" ထည့်၍ ခေါ်လေ့ရှိကြသည်။ ရှေးမြန်မာတို့၏ ဓလေ့အတိုင်း နောင်ချိုဒေသရှိ ဓနုလူမျိုးများသည် သာမဏေဘောင် သွတ်သွင်းပြီးသူများ၏ အမည်ရှေ့တွင် "ကို" အစား ကိုရင် / kō -jĩ / ထည့်၍ ခေါ်ဆိုလေ့ ရှိကြသည်။ အစ်ကိုကြီးကို ကိုရင်ကြီး / kō -jĩ tɕì /၊ အစ်ကိုငယ်ကို ကိုရင်ငယ် / kō -jĩ ŋɛ̄ / အမည်ရှေ့တွင် ကိုရင် / kō -jĩ / ထည့်၍ ခေါ်ဆိုလေ့ ရှိကြသည်။ သာမဏေဘောင်မဝင်သော သူများ၏ အမည်ရှေ့တွင်မူ "ကို" / kō / ထည့်၍ ခေါ်ဆိုလေ့ ရှိကြသည်။ မိမိထက် အသက်ကြီးသော အမျိုးသမီးများကို အစ်မ၊ မမဟု ခေါ်လေ့ရှိသော်လည်း နောင်ချိုဓနုလူမျိုးများမှာမူ "မမ" / má má / ဟုခေါ်ဆိုကြသည်။ "အစ်မ"ဟု ခေါ်ဆိုလေ့ မရှိကြပေ။ အစ်မကြီးကို မကြီး / má tɕì /၊ အစ်မငယ်ကို မငယ် / má ŋɛ̄ / ဟု ခေါ်ဆိုကြသည်။

ဓနုလူမျိုးများသည် ရှမ်းပြည်နယ် မြေလတ်ဒေသနှင့် ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ ပြင်ဦးလွင် အနီးတစ်ဝိုက်နှင့် မိုးကုတ်၊ မိုးမိတ်ဒေသတို့တွင် နေထိုင်ကြပါသည်။ နေရာဒေသ ကွဲပြားသည့် အလျောက် ပြောဆိုသော စကားများ ကွဲပြားသည်ကိုလည်း တွေ့ရပါသည်။ လုံးဝကွဲပြားသည့် ဝေါဟာရများ၊ စကားသံကွဲပြားသည့် ဝေါဟာရများ တွေ့ရပါသည်။ ရွာင်ဒေသရှိ ဓနုလူမျိုးများ ပြောဆိုသော ဓနုဒေသိယစကားနှင့် နောင်ချိုဒေသရှိ ဓနုလူမျိုးတို့ ပြောဆိုသော ဓနုဒေသိယစကားများတွင် လုံးဝကွဲပြားသည့် ဝေါဟာရများကို

တွေ့ရပါသည်။ နံနံကို မဆေး / má sè / (နောင်ချို)၊ ဖျက်ဆီး / phjɛʔ shì / (ရှာငံ)၊ ပူဒီနာကို ပူစီနံ / ဇီယာ / pū sī -nã /၊ / zī jā / (နောင်ချို)၊ ယုန်နံ / -joũ –nã / (ရှာငံ)၊ အာတာလွတ်ဥကို အာလာယု / ā lā jú / (နောင်ချို)၊ တောင်စင်ဥ / -taũ -sĩ ú / (ရှာငံ)၊ ထင်းရှူးဆီကို ထင်းဆူးဆီ / th ĩ shù sī / (နောင်ချို)၊ မီးထလူစ / mì thə lū sá / (ရှာငံ) စသည့် လုံးဝကွဲပြားသည့် ဝေါဟာရများ တွေ့ရပါသည်။

စကားသံကွဲပြားသည့် ဝေါဟာရများကိုလည်း တွေ့ရပါသည်။ ချိန်ခွင်ကို ယာစူ / jā sū / (နောင်ချို)၊ ယာဇူ / jā zù / (ရှာငံ)၊ ခရမ်းချဉ်သီးကို ခမ်းချဉ်သီး / kh ã tɕhĩ θɪ / (နောင်ချို)၊ ချမ်းချဉ်သီး / tɕh ã tɕĩ θɪ / (ရှာငံ)၊ မက်မွန်သီးကို မျက်မွန်သီး / mjɛʔ -mũ θɪ / (နောင်ချို)၊ မျက်မုံသီး / mjɛʔ -moũ θɪ / (ရှာငံ)၊ ဦးထုပ်ကို ခေါန်းနုတ် / kɔ̀n nouʔ / (နောင်ချို)၊ ခေါန်းထုတ် / kɔ̀n thouʔ / (ရှာငံ) စသည့် စကားသံကွဲပြားသည့် ဝေါဟာရများ တွေ့ရပါသည်။ ထို့ပြင် စံဘာသာစကားရှိ ထွေးခံကို နောင်ချိုဒေသရှိ ဓနုတို့က အင်တုံ၏ပုံသဏ္ဌာန်ကိုစွဲ၍ ထွေးအင် / thwè -ĩ /၊ ရှာငံဒေသရှိ ဓနုတို့က အိုး၏ပုံသဏ္ဌာန်ကို အစွဲပြု၍ ထွေးအိုး / thwè ò / ဟု မိမိတို့ စိတ်ကူးထင်ရာ ပုံသဏ္ဌာန်ကို အစွဲပြု ခေါ်ဆိုကြသည်။

နောင်ချိုဒေသရှိ ဓနုလူမျိုး ပြောဆိုသော စကားများတွင် ရှေးသုံးပေါရာဏ စကားများ တွေ့ရပါသည်။ ချိန်ခွင်ကို ယာစူ / jā zù /၊ သံကို သံမန / -θã mə ná /၊ ငရုတ်သီးကို စပ်သီး / saʔ θ`ɪ /၊ စွန့်ပစ်သည်ကို လော / lɔ̄ /၊ အခွံနွှာသည်ကို နွှေး / hnwè / စသည့် ရှေးသုံးအတိုင်း ပြောဆိုကြသော်လည်း အနည်းငယ် အသံ ပြောင်းလဲ ပြောဆိုသည်ကို တွေ့ရပါသည်။

နောင်ချို ဓနုဒေသိယစကားများတွင် တွင်တွင်ကျယ်ကျယ် ပြောဆိုသော ဝေါဟာရများ ရှိပါသည်။ အလုပ်ကြိုးစားသည်ကို ကဲ / kɛ̀ / ဟု သုံးစွဲကြသည်။ ပြည်ကြီးသူများနှင့် ပြောဆိုပါက လွဲမှားသည့် အဓိပ္ပာယ် ဖြစ်စေနိုင်ပါသည်။ ချစ်သည်ကို အားရီးချစ် / à jɪ tɕhiʔ /၊ ကိုက်ခဲသည်ကို အားရီးကိုက် /à j`ɪ kaiʔ /၊ ခက်ခဲသည်ကို အားခက်ရီး / à kɛʔ j`ɪ /စသည့် အသုံးများတွင် တွေ့ရသည်။ ပိုလွန်သည့် သဘောဆောင်သည့် အဓိပ္ပာယ်များတွင် အားရီး / à j`ɪ / ထည့်၍ တွင်တွင်ကျယ်ကျယ် အသုံးပြုသည်ကို တွေ့ရပါသည်။ မပြောချင်၊ မလုပ်ချင် စသည့် ငြင်းပယ်သည့် သဘောဆောင်လျှင် အားသေးဘူးဘဲ / à θè bù bɛ̀ /ဟု တွင်တွင် ကျယ်ကျယ် အသုံးပြုကြသည်။

ဝါကျနောက်ဆက်စကားများတွင် စံစကားနှင့် အများဆုံးတူညီပြီး "မလား"၊ "မလဲ" အမေးဝါကျ အဆုံးသတ်ကိုမူ "မို့" / mó / နှင့်သုံးသည်ကို တွေ့ရပါသည်။

အငြင်းစကားများတွင် အငြင်းစကား "မ"နှင့် ကြိယာထောက် "ချင်"ကိုတွဲ၍ သုံးလေ့ရှိကြသည်။ မစားနဲ့ဟုဆိုလျှင် မစားချင်နဲ့ / mə sà -tɕhĩ nɛ́ / ဟု သုံးစွဲပြောဆိုခြင်းမျိုး ဖြစ်ပါသည်။

## နိဂုံး

နောင်ချိုဒေသရှိ ဓနုဒေသိယနေ့စဉ်သုံးစကားများ စာတမ်းသည် နောင်ချိုမြို့ ပတ်ဝန်းကျင်တွင် နေထိုင်ကြသော ဓနုလူမျိုးများ၏ နေ့စဉ်သုံး အပြောစကားများကို အခြေခံကာ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဓနုဒေသိယစကားတွင်ပင် နေထိုင်ရာဒေသ မတူညီမှုကြောင့် ဓနုဒေသိယစကားများ ကွဲပြားနိုင်ပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ကောသလ္လ၊ အရှင် (မြို့ကြီးတောရ)။ (၂၀၁၂)။ ***သမိုင်းကပြောသောဓနု ဓနုကပြောသော သမိုင်း***။ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၀၅)။ ***စကားသမုဒ္ဒရာ စာသမုဒ္ဒရာ***။ ရန်ကုန်၊ မြမြဝင်းပုံနှိပ်တိုက်။

***တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့များ(ရှမ်း)***။ (၁၉၆၈)။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၅၈)။ ***ဘာသာလောကကျမ်း***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

မြမောင် (ပင်းတယ)။ (ခုနှစ်မပါ)။ ***ဓနုစကား***။ တောင်ကြီး။ ဓနုစာပေယဉ်ကျေးမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသင်း။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ။

ဟုတ်စိန်၊ ဦး။ (၁၉၅၄)။ ***ပါဠိ–မြန်မာအဘိဓာန်***။ ရန်ကုန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ စာပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၅)။ ***အင်းလေးဒေသိယစကား***။ ရန်ကုန်၊ ဧရာဝဏ်ပုံနှိပ်လုပ်ငန်း။


### အင်္ဂလိပ်ဘာသာ


Jack. C. Richards, John Platt, Heidi Platt. (1999). ***Longman Dictionary of LANGUAGE TEACHING AND APPLIED LINGUISTICS***.


### အင်တာနက်ကျမ်းကိုးစာရင်း


http; www. Wikipedia org dialect.

**နောက်ဆက်တွဲ**

| စဉ် | ကိုးကားသည့်ကောက်နုတ်ချက်မူရင်းများ | ကိုးကားသည့် စာမျက်နှာ |
|---|---|---|
| ၁ | A dialect is distinguished by its vocabulary, grammar, and pronunciation ( phonology, including prosody ), where a distinction can be made only in terms of pronunciation (including prosody, or just prosody it self). (www. Wikipedia org dialect) | ၆ |
| ၂ | A variety of a language, spoken in one part of a country (regional dialect), or by people belonging to a particular social class (social dialect or SOCIOLECT), which is different in some words, grammar, and/ or pronunciation from other forms of the same language. (Long man, 1999, 107) | ၆ |

**တွေ့ဆုံမေးမြန်းသည့်ပုဂ္ဂိုလ်များစာရင်း**

| စဉ် | အမည် | အသက် | အလုပ်အကိုင် | နေရပ် |
|---|---|---|---|---|
| ၁ | ဦးပစ္စယန | ၅၂ နှစ် | သာသနာ့ ဝန်ထမ်း | နောင်ချိုမြို့နယ်၊ မဲမော်ရွာ |
| ၂ | ဦးဝိလာသဂ္ဂ | ၃၁ နှစ် | သာသနာ့ ဝန်ထမ်း | နောင်ချိုမြို့နယ်၊ ဈေးကုန်းရွာ |
| ၃ | ဒေါ်ညွန့်ရီ | ၆၀ နှစ် | တောင်သူ | နောင်ချိုမြို့နယ်၊ မက်မန်းတောရွာ |
| ၄ | ဦးဟန်ငွေး | ၄၁ နှစ် | တောင်သူ | နောင်ချိုမြို့နယ်၊ မက်မန်းတောရွာ |
| ၅ | မစုမြတ်နောင် | ၁၇ နှစ် | ပထမနှစ် | နောင်ချိုမြို့နယ်၊ ဈေးကုန်းရွာ |

# မျက်မှောက်ခေတ် မြန်မာဂျာနယ်များတွင် အင်္ဂလိပ်စကားသင်္ကေတ ရောသုံးမှုကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာချက်

မွန်မွန်အောင်*


## စာတမ်းအကျဉ်း

ဤစာတမ်းတွင် မျက်မှောက်ခေတ် မြန်မာဂျာနယ်များ၌ အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုကို လူမှုဘာသာဗေဒ (Sociolinguistics) ရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ မျက်မှောက်ခေတ် မြန်မာဂျာနယ်များတွင် အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုကို လေ့လာရာ၌ (၁) မြန်မာစကားတွင် အင်္ဂလိပ်စကား သင်္ကေတ မူရင်းအတိုင်း ရောသုံးမှု နှင့် (၂) မြန်မာစကားတွင် အင်္ဂလိပ်စကား သင်္ကေတကို မြန်မာအသံလှယ်၍ ရောသုံးမှုဟု အပိုင်းနှစ်ပိုင်း ခွဲ၍ လေ့လာတင်ပြပါမည်။ ထိုသို့ လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာခြင်းဖြင့် အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုသည် မြန်မာဘာသာစကားအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း ထုတ်ဖော်တင်ပြထားပါသည်။


**သော့ချက်စကားလုံးများ – *လူမှုဘာသာဗေဒ၊ လူမှုဆက်ဆံရေး၊ စကား သင်္ကေတ ရောသုံးမှု။***

## နိဒါန်း

ဤစာတမ်းတွင် မျက်မှောက်ခေတ်ဂျာနယ်များ၌ တွေ့ရသော အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ မျက်မှောက်ခေတ်သည် နည်းပညာများ တိုးတက်လျက် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ အသွင် ဖြစ်လာပါသည်။ ထိုသို့ဖြစ်တည်ရာမှ ဘာသာစကားတစ်ခုတွင် အခြား ဘာသာစကားတစ်ခု၏ စကားသင်္ကေတရောသုံးမှုကို တွေ့ရပါသည်။ မြန်မာစကား တွင်လည်း အင်္ဂလိပ်စကားသင်္ကေတ ရောသုံးမှုကို တွေ့နိုင်ပါသည်။

## ၁။ ရည်ရွယ်ချက်နှင့် အသုံးပြုသောနည်းလမ်း

မြန်မာစကားတွင် အင်္ဂလိပ်စကားသင်္ကေတ ရောသုံးမှုသည် မြန်မာစကား ဖွံ့ဖြိုးမှုကို အကျိုးသက်ရောက်မှုရှိကြောင်း သိစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ဤစာတမ်းကို လူမှုဘာသာဗေဒရှုထောင့်မှ Descriptive Research Method နည်းလမ်းကို အသုံးပြုလေ့လာတင်ပြပါမည်။

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁.၁။ သုတေသနပြဿနာ

ဤစာတမ်းကိုပြုစုရခြင်း၏ သုတေသနပြဿနာမှာ

(၁) မျက်မှောက်ခေတ် မြန်မာဂျာနယ်များတွင် အင်္ဂလိပ်စကား သင်္ကေတ ရောသုံးရာတွင် သဒ္ဒါပုံစံ စနစ်ကျမှု ရှိ/မရှိ

(၂) ထိုသို့ အသုံးပြုခြင်းဖြင့် မြန်မာ့လူမှုဆက်သွယ်ရေးကို အထောက်အပံ့ ပေးနိုင်/မပေးနိုင်

တို့ဖြစ်သည်။

## ၁.၂။ လူမှုဘာသာဗေဒမှ စကားသင်္ကေတ ရောသုံးမှု

လူမှုဘာသာဗေဒဟူသည် ဘာသာဗေဒ၏ ပညာရပ်ခွဲ တစ်ခု ဖြစ်ပြီး၊ ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်နွှယ်မှု သွင်ပြင်လက္ခဏာအားလုံးကို လေ့လာသော ပညာဖြစ်သည်။[၁]

လူမှုအချက်အလက်များဖြစ်သော လူမှုအဆင့်အတန်း၊ ပညာရေးအမျိုးအစား၊ အသက်၊ လိင်၊ လူမျိုးစုနှင့်ဆိုင်သော အရင်းအမြစ် စသည်တို့နှင့် ဘာသာစကား၏ ဆက်စပ်မှုကို လေ့လာပါသည်။[၂]

လူမှုဘာသာဗေဒဟူသော ဝေါဟာရကို ပထမဦးဆုံး သုံးခဲ့သူမှာ သောမတ်[၃] ဖြစ်ပြီး ၁၉၃၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မန်းပုံနှိပ်တိုက်မှ ထုတ်သော "အိန္ဒိယနိုင်ငံအတွင်းရှိ လူမှုဘာသာဗေဒ"[၄] စာအုပ်တွင် တွေ့ရပါသည်။[၅]

လူမှုဘာသာဗေဒဟူသော ဝေါဟာရကို ပညာရပ်ဆိုင်ရာဝေါဟာရအဖြစ် စတင်အသုံးပြုခဲ့သူမှာ ကဗျာဆရာနှင့် ဒဿနိကဗေဒပညာရှင်တစ်ဦးဖြစ်သူ ဟားဗား[၆] ဖြစ်ပြီး၊ ၁၉၅၂ ခုနှစ်တွင် အသုံးပြုခဲ့ပါသည်။[၇] ၁၉၆၀ ပြည့်နှစ် အစောပိုင်းကာလတွင် ပထမဆုံး လူမှုဘာသာဗေဒဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ပါသည်။ ထိုအချိန်မှစ၍ လူမှု

[၁] Crystal, 2003, 422.

[၂] Richards, 1992, 339.

[၃] Thomas Callan Hadson

[၄] Sociolinguistics in India

[၅] http://en.m.wikipedia.org>wiki>Sociolinguistics.htm

[၆] Harver C. Curie

[၇] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၉။

အဖွဲ့အစည်းများ၏ ဘာသာစကား အပြုအမူဆိုင်ရာ သုတေသနစာအုပ်စာတမ်းများ ရာပေါင်းများစွာ ပေါ်ထွက်လာခဲ့သည်။[၁]

လူမှုဘာသာဗေဒတွင် "စကားသင်္ကေတ"ဟူသည်မှာ ဘာသာစကား သို့မဟုတ် ဘာသာစကား တစ်ခု၏ အသွင်ကွဲကို ဆိုလိုပါသည်။ အချက်အလက်တစ်ခုကို ပြောသူက နာသူထံရောက်အောင် ပေးပို့ရာတွင် စကားသင်္ကေတ တစ်ခုခုကို အသုံးပြုရသည်။[၂]

စကားသင်္ကေတရောသုံးမှုဆိုသည်မှာ စကားပြောဆိုရာတွင် ဘာသာစကားနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဘာသာစကားများကို ရောနှောအသုံးပြုခြင်းပင် ဖြစ်သည်။ အချို့ပညာရှင်များက **စကားသင်္ကေတရောသုံးခြင်း**[၃] နှင့် **စကားသင်္ကေတ ကူးပြောင်းခြင်း**[၄] ဟူသော ပညာရပ်ဝေါဟာရကို အပြန်အလှန် လဲလှယ်အသုံးပြုကြသည်။ အချို့ လူမှုဘာသာဗေဒပညာရှင်အချို့က စကားသင်္ကေတ ရောသုံးခြင်းနှင့် စကားသင်္ကေတ ကူးပြောင်းခြင်းတို့၏ ကွဲပြားမှုကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ပြပါသည်။ အဆိုပါ ပညာရှင်များက စကားသင်္ကေတကူးပြောင်းခြင်းသည် ထပ်တူကျသော ဘာသာစကားအုပ်စုရှိ ကြိုတင်အနက်သက်ရောက်မှု၊ စကားစဉ်စိစစ်မှုတို့နှင့် ဆက်စပ်နီးနွယ်နေပြီး၊ စကားသင်္ကေတရောသုံးခြင်းကို ကြိုတင်အနက်သက်ရောက်မှု အကျိုးမရှိဘဲ အသုံးပြုသည့် အမျိုးစုံသော ဘာသာစကားများ၏ ပိုမိုတည်ငြိမ်သော အခြေအနေများကို ဖော်ပြရန် အသုံးပြုခဲ့ကြပါသည်။[၅]

မည်သို့ပင်ဆိုစေ စကားသင်္ကေတ ရောနှောအသုံးပြုခြင်းသည် ဘာသာစကား တစ်ခုတွင် အခြားဘာသာစကား၏ သင်္ကေတတစ်ခုကို ချေးငှား[၆] အသုံးပြုခြင်းပင် ဖြစ်သည်။

ထို့ကြောင့် လူမှုဘာသာဗေဒတွင် စကားသင်္ကေတ ရောသုံးမှုသည် စကားပြောဆိုရာတွင် ဘာသာစကား နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ဘာသာစကားများ၏ သင်္ကေတများကို ရောနှောအသုံးပြုခြင်းဟု ဆိုရပါမည်။

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၅၊ ၂။

[၂] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၁၄၈။

[၃] Code Mixing

[၄] Code Switching

[၅] http://en.m.wikipedia.org>wiki>Code.htm

[၆] Brrowing

## **၁.၃။ စကားသင်္ကေတရောသုံးမှုနှင့်ဆိုင်သောသုတေသနနှင့်ဆောင်းပါးများ**

စကားသင်္ကေတရောသုံးမှုနှင့်ပတ်သက်၍ ဒေါက်တာအောင်မြင့်ဦး၏ "ဘာသာစကား ရောသုံးခြင်း" ဆောင်းပါးတွင်

> "ဘာသာစကားရောသုံးခြင်း ဟူသည် မိခင်ဘာသာစကားထဲတွင် အခြားဘာသာစကားကို ရောသုံးခြင်း ဖြစ်သည်"[၁]

ဟု ဖော်ပြထားပါသည်။

ထို့ပြင် ပညာရေးစုံညီပွဲတော် (၂၀၀၄–၂၀၀၅) စာတမ်းဖတ်ပွဲတွင် ဒေါက်တာအောင်မြင့်ဦး (တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)က "မြန်မာဘာသာစကားတွင် စကားသင်္ကေတရောသုံးခြင်း" စာတမ်းကို ဖတ်ကြားခဲ့ပါသည်။ ယင်းစာတမ်းတွင် မြန်မာစကား အပြောနှင့်အရေးတွင် စကားသင်္ကေတရောသုံးခြင်းဖြစ်စဉ်နှင့် စကားသင်္ကေတရောသုံးခြင်း၏ ကောင်းကျိုးနှင့်ဆိုးပြစ်များကို ဖော်ထုတ်တင်ပြထားပါသည်။

၂၀၁၄ ခုနှစ် မောင်ဝင်းမင်းအောင်၏ ပါရဂူဘွဲ့အတွက် တင်သွင်းသော "မျက်မှောက်ခေတ် မြန်မာစကားများတွင် ဘာသာစကား ရောသုံးခြင်း" ကျမ်းတွင် ဘာသာစကား ရောသုံးခြင်း သဘောတရားများဖြစ်သော စကားသင်္ကေတရောသုံးခြင်း၊ အသံလှယ်ချေးငှားခြင်း၊ မွေးစားစကားလုံးများဟု ခွဲခြား၍ လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

သို့ဖြစ်၍ အင်္ဂလိပ်စကား သင်္ကေတ ရောသုံးရာတွင် သဒ္ဒါပုံစံ စနစ်ကျမှု ရှိ မရှိကို ဖော်ထုတ်သုတေသနပြုမှု မရှိသေးသဖြင့် ဤစာတမ်းတွင် ၂၀၁၆ ခုနှစ် မှ ၂၀၁၇ ခုနှစ်အတွင်း ထွက်သော မျက်မှောက်ခေတ် မြန်မာဂျာနယ်များတွင် တွေ့ရသည့် အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြပါမည်။

## **၂။ မျက်မှောက်ခေတ် မြန်မာဂျာနယ်များတွင် တွေ့ရသော အင်္ဂလိပ်စကား သင်္ကေတရောသုံးမှုကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာချက်**

မျက်မှောက်ခေတ်မြန်မာဂျာနယ်ဟု ဆိုရာ၌ ၂၀၁၆ မှ ၂၀၁၇ ခုနှစ် အတွင်း ထုတ်ဝေခဲ့သည့် မြန်မာဂျာနယ်များကို ဆိုလိုပါသည်။ မျက်မှောက်ခေတ် မြန်မာ

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၁၀၊ ၃၀။

ဂျာနယ်များတွင် တွေ့ရသော အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုကို လူမှုဘာသာ ဗေဒရှုထောင့်မှ လေ့လာရာတွင် Descriptive Research Method နည်းလမ်းကို အသုံးပြု လေ့လာတင်ပြသွားပါမည်။

## ၂.၁။ မြန်မာစကားတွင် အင်္ဂလိပ်စကားသင်္ကေတ မူရင်းအတိုင်းရောသုံးမှု

မြန်မာစကားတွင် အင်္ဂလိပ်စကား သင်္ကေတ မူရင်းအတိုင်း ရောသုံးမှုကို မြန်မာဂျာနယ်များတွင် တွေ့ရပါသည်။

### (၁) News Watch weekly ဂျာနယ်တွင်

"Huawei Consumer Business Group မှ ၄င်း၏ ၂၀၁၇ ခုနှစ် ပထမနှစ်ဝက် စီးပွားရေးရလဒ်ကို ကြေညာလိုက်သည်။"[၁]

အဆိုပါသတင်းတွင် မြန်မာစကားအတွင်း အင်္ဂလိပ်စကား သင်္ကေတ ရောနှော အသုံးပြုသည်ကို တွေ့ရပါသည်။

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = Huawei Consumer Business Group
  အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်ပုဒ်စု
  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = စီးပွားရေးလုပ်ငန်းအုပ်စု အမည်
  ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

မူရင်းအင်္ဂလိပ်စကားအတိုင်း Huawei Consumer Business Group ဟု စီးပွားရေးလုပ်ငန်းအုပ်စု အမည်ကို မြန်မာစကားတွင် ရောနှောသုံးခြင်းဖြင့် မူရင်း အမည်ကို သိရှိရပါသည်။ မြန်မာဝါကျအစနေရာမှ သဒ္ဒါအနေအထား မှန်ကန်စွာ အင်္ဂလိပ်စကား သင်္ကေတ အသုံးပြုသည်ကို တွေ့ရပါသည်။

---

[၁] News Watch weekly ဂျာနယ်၊၁၂.၈.၂၀၁၇၊ ၁၅။

## (၂) ပြည်မြန်မာဂျာနယ်တွင်

"အမေရိကန်နိုင်ငံ အနောက်ပိုင်းမှ နာမည်ကျော် ဧရာမသစ်နီပင်တွေ ဖြစ်တဲ့ Giant Sequoia သစ်ပင်တွေရဲ့ ပင်စည်ထဲမှာ မိုးမျှော် တိုက်တွေ ဆောက်မယ့် ဒီဇိုင်းကို တောင်ကိုရီးယား ဒီဇိုင်နာ အဖွဲ့က ထုတ်ဖော်ပြသလိုက်ပါတယ်။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = Giant Sequoia

  အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်

  အင်္ဂလိပ်စကား သင်္ကေတအဖြစ် အသုံးပြုပုံ = သစ်ပင်အမည်

  ဝါကျတွင် အင်္ဂလိပ်စကားကို သုံးသောနေရာ= နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

ဤဝါကျတွင် မူရင်းအင်္ဂလိပ်စကားအတိုင်း သစ်ပင်အမည်ကို မြန်မာစကားတွင် ရောနှောသုံးထားသည်ကို တွေ့ရပါသည်။ မြန်မာဝါကျအတွင်း ဝါကျအလယ်နေရာမှ သဒ္ဒါအနေအထား မှန်ကန်စွာ အင်္ဂလိပ်စကားသင်္ကေတ အသုံးပြုထားသည်ကို တွေ့ရပါသည်။

## (၃) News Watch ဂျာနယ်တွင်

"မော်တော်ယာဉ်တင်သွင်းခွင့် ပေါ်လစီများ ပြောင်းလဲခြင်းသည် ၂၀၁၈ ခုနှစ်တွင် စတင် အကောင်အထည်ဖော်မည့် အာဆီယံ စီးပွားရေး အသိုက်အဝန်း Asean Economic Community (AEC) အတွက် ကြိုတင်ပြင်ဆင်ခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုသင်တန်းကျောင်းမှ သင်ကြားရေး တာဝန်ခံ ဦးသိန်းမြင့်ဝေက ပြောကြားသည်။"[၂]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = Asean Economic Community (AEC)

---

[၁] ပြည်မြန်မာ၊ ၁၁.၅.၂၀၁၇၊ ၂၄။

[၂] News Watch Weekly ၊၂၄.၁၂.၂၀၁၆၊ အချပ်ပို(ခ)။

အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသောသဒ္ဒါ အမျိုးအစား = နာမ်

အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = အဖွဲ့အစည်းအမည်

ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

ဤဝါကျတွင် မူရင်းအင်္ဂလိပ်စကားအတိုင်း အဖွဲ့အစည်းအမည်ကို မြန်မာစကားတွင် ရောနှောသုံးထားသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်း Asean Economic Community (AEC) ဟု မြန်မာဘာသာပြန်နှင့် အင်္ဂလိပ် ယှဉ်တွဲသုံးထားသဖြင့် ရှင်းလင်းမှုရှိကြောင်း တွေ့ရသည်။ အင်္ဂလိပ်စကား သင်္ကေတကို ဝါကျ၏ အလယ်နေရာတွင် သုံးထားသည်ကို တွေ့ရသည်။

## (၄) ပေါ်ပြူလာဂျာနယ်တွင်

"မြန်မာပြည်သိန်းတန်က Myanmar Idol ပြိုင်ပွဲ တစ်လျှောက် အကဲဖြတ်ဒိုင် အဖြစ် ဆောင်ရွက်ချိန်အတွင်း "အန်ကယ်ကတော့ No ပါ" ဆိုတဲ့ သူ့ရဲ့စကားလုံးဟာ ပရိသတ်အကြား အထူး ရေပန်းစားခဲ့ပါတယ်။"[၁]

**(က) ဝါကျတွင်သုံးသောအင်္ဂလိပ်စကား သင်္ကေတ** = Myanmar Idol

အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်

အင်္ဂလိပ်စကားသင်္ကေတအဖြစ် အသုံးပြုပုံ = ပြိုင်ပွဲအမည်

ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = ကတ္တားပုဒ်

**(ခ) ဒုတိယသုံးသောအင်္ဂလိပ်စကားသင်္ကေတ** = No

အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = ကြိယာဝိသေသန

အင်္ဂလိပ်စကားသင်္ကေတအဖြစ် အသုံးပြုပုံ = ပြိုင်ပွဲတွင် မြန်မာပြည်သိန်းတန်၏အပြောစကား

---

[၁] ပေါ်ပြူလာဂျာနယ်၊ ၂၄.၁.၂၀၁၇၊ အချပ်ပို။

ဒုတိယအင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

ဤဝါကျတွင် မူရင်းအင်္ဂလိပ်စကားအတိုင်း ပြိုင်ပွဲအမည်ကို မြန်မာစကားတွင် ရောနှောအသုံးပြုထားပြီး မြန်မာပြည်သိန်းတန်၏ "အန်ကယ်ကတော့ No ပါ"ဟူသော စကားသည် လူမှုဝန်းကျင်တွင် လူကြိုက်များပြီး အသုံးများသော စကားတစ်ခု ဖြစ်ကြောင်း တွေ့ရပါသည်။ ယင်းအင်္ဂလိပ်စကားလုံးများကို ဝါကျ၏ အလယ် နေရာတွင် သုံးပြီး ရှင်းလင်းပြေပြစ်သော ဝါကျဟု ဆိုရပါမည်။

**(၅) မြန်မာသံတော်ဆင့်ဂျာနယ်တွင် ရွှေကူမေနှင်း ရေးသားသော "သူ့ရဲကောင်းတို့ လဲလျောင်းရာမြေ" ဆောင်းပါး၌**

" Fall ရောက်ပြီဆိုသော ရာသီကို ဆောင်းတွင်း နှင်းကျချိန်ကို ယခင်က တွေ့ခဲ့ဖူး၏။ အမှန်မှာ သစ်ရွက်ကြွေချိန်ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ကျွန်မတို့ အမေရိကရောက်ချိန်က နိုဝင်ဘာနှင့် ဒီဇင်ဘာ ဖြစ်၏။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = Fall
  အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = ကြိယာ
  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = ဆောင်းရာသီ ရောက်ကြောင်း ပြောရာတွင် သုံး
  ပထမဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသော နေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

မူရင်းအင်္ဂလိပ်စကားအတိုင်း ဆောင်းရာသီကျရောက်ကြောင်း Fall ကို မြန်မာ စကားတွင် ရောနှောအသုံးပြုထားသည်ကို တွေ့ရသည်။ ဝါကျ၏အစတွင် အင်္ဂလိပ် စကား ရောသုံးသည်ကို တွေ့ရပြီး၊ ကံပုဒ်ကို နှစ်ကြိမ်ထပ်၍ စာဖတ်သူများ ရှင်းလင်း စေရန် သုံးထားကြောင်း တွေ့ရပါသည်။

---

[၁] မြန်မာသံတော်ဆင့်၊ ၂၄–၃၀.၁၂.၂၀၁၆၊၂၅။

## (၆) ကုမုဒြာသတင်းဂျာနယ်တွင်

"ခေါ်ယူအပ်ငွေ (call deposit) တွေကို လျှော့ချဖို့ ပြီးခဲ့တဲ့ စက်တင်ဘာလက မြန်မာနိုင်ငံဘဏ်အသင်းမှာ ညှိနှိုင်းခဲ့ကြပြီး၊ ပြည်တွင်းဘဏ်တချို့က သည်အောက်တိုဘာလကစပြီး အတိုးနှုန်းတွေကို နှစ်ရာခိုင်နှုန်းစီ လျှော့ချပါတယ်။"[၁]

- ဝါကျတွင်သုံးသော အင်္ဂလိပ်စကားသင်္ကေတ = call deposit
  အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်
  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = ခေါ်ယူအပ်ငွေ (call deposit) ဟု မြန်မာ–အင်္ဂလိပ် ယှဉ်တွဲသုံး
  ပထမဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသော နေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

မြန်မာစကား "ခေါ်ယူအပ်ငွေ"တွင် ကွင်းဖြင့် အင်္ဂလိပ်စကား (call deposit) ကို ဆက်၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏အစတွင် မြန်မာနှင့် အင်္ဂလိပ်စကား ရောသုံးသည်ကိုတွေ့ရပြီး အဓိပ္ပာယ်ရှင်းလင်းမြင်သာစေရန် ယှဉ်တွဲရေးသားသည်ဟု ဆိုရပါမည်။

## (၇) ပြည်မြန်မာဂျာနယ်တွင်

"၂၀၁၇–၂၀၁၈ ပညာသင်နှစ်အတွက် အဝေးသင်တက္ကသိုလ်များတွင် ကျောင်းအပ်ပြီး ကျောင်းသား ကျောင်းသူများ Assignment လုံလောက်စွာ မရရှိသဖြင့် အခက်တွေ့နေကြောင်း ရန်ကုန်တိုင်းဒေသကြီး အဝေးသင်တက္ကသိုလ် ဌာနမှ ပါမောက္ခတစ်ဦးထံမှ ဇွန်လ ၉ ရက်က စုံစမ်းသိရသည်။"[၂]

---

[၁] ကုမုဒြာသတင်းဂျာနယ်၊ ၄.၁၀.၂၀၁၆၊ ၃။

[၂] ပြည်မြန်မာ၊၁၅.၆.၂၀၁၇၊ ၁၆။

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = Assignment
  အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်
  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = အဝေးသင် ကျောင်းသားများ ဖြေဆိုတင်သွင်းရသည့် စာရွက်
  ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

မြန်မာစကားတွင်အင်္ဂလိပ်စကား Assignment ကို ရောနှော၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏အလယ်တွင် မြန်မာနှင့် အင်္ဂလိပ်စကား ရောသုံးသည်ကို တွေ့ရပြီး အဓိပ္ပာယ် ရှင်းလင်းစေရန် ရေးသားသည်ဟု ဆိုရပါမည်။

**(၈) The Politics ဂျာနယ်တွင် မောင်သိန်းလွင်ရေးသားသော "လူ့အခွင့်အရေးနှင့်မြန်မာနိုင်ငံ" ဆောင်းပါး၌**

"ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights)ကို ကုလသမဂ္ဂ အထွေထွေညီလာခံက ထုတ်ပြန်ကြေညာခဲ့ပါတယ်။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = Universal Declaration of Human Rights
  အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်
  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအမည်
  ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

---

[၁] The Politics, ၂၈.၁၀.၂၀၁၆၊၁၉။

မြန်မာစကား ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် ကွင်းဖြင့် အင်္ဂလိပ်စကား Universal Declaration of Human Rights ကို ယှဉ်တွဲရောနှော၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏အစတွင် မြန်မာနှင့်အင်္ဂလိပ် စကားရောသုံးသည်ကို တွေ့ရပြီး အဓိပ္ပာယ် ရှင်းလင်းပြေပြစ်စေပါသည်။

## ၂.၂။ မြန်မာစကားတွင် အင်္ဂလိပ်စကားသင်္ကေတကို မြန်မာအသံလှယ်၍ ရောသုံးမှု

မြန်မာစကားတွင် အင်္ဂလိပ်စကား သင်္ကေတကို မြန်မာအသံ လှယ်၍ ရောသုံးမှုကို မြန်မာဂျာနယ်များတွင် တွေ့ရပါသည်။

### (၁) မြန်မာသံတော်ဆင့်ဂျာနယ်တွင်

"အီလက်ထရွန်နစ် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ)အား ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်းများ ပြုလုပ်ရန် လက်ရှိအချိန်ထိ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုတင်သွင်းခြင်းများ ပြုလုပ်ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် မရှိသေးကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = အီလက်ထရွန်နစ်
  အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသောသဒ္ဒါ = နာမ်
  အမျိုးအစား
  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = အီလက်ထရွန်နစ် ဆက်သွယ်ရေးဥပဒေ အမည်
  ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ မြန်မာစကားနှင့်တွဲကာ "အီလက်ထရွန်နစ် ဆက်သွယ်ရေးဥပဒေ" ဟု ယှဉ်တွဲရောနှော၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏ အစနေရာတွင် အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ မြန်မာစကားနှင့် တွဲဖက်သုံးထားသဖြင့် ရှင်းလင်းပြေပြစ်စေပါသည်။

---

[၁] မြန်မာသံတော်ဆင့်၊ ၂၄–၃၀.၁၂.၂၀၁၆၊ ၁၃။

## (၂) မြန်မာတိုင်းမ်ဂျာနယ်တွင်

"ယူနီကုတ်ကို အသုံးပြုတဲ့အတွက် မြန်မာဘာသာနဲ့ အချက်အလက်တွေ ရှာဖွေတဲ့အခါမှာ လျင်မြန်တိကျစွာ ပိုမိုပြုလုပ်လာနိုင်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားဘာသာနဲ့ အချက်အလက်တွေကို ပိုမိုအဆင်ပြေအောင် စိစစ်ပြင်ဆင် ဆောင်ရွက်လာနိုင်ပါတယ်။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = ယူနီကုတ်
  အင်္ဂလိပ်စကား သင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်
  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = စာရေးသားရာတွင် သုံးသော အမျိုးအစား
  ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ "ယူနီကုတ်" ဟု မြန်မာစကားနှင့် ရောနှော၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏ အစနေရာတွင် အင်္ဂလိပ်စကားကို မြန်မာအသံ လှယ်၍ သုံးထားသဖြင့် မြန်မာဝေါဟာရအသစ်တစ်ခု တိုးပွားလာသည် ဟု ဆိုရပါမည်။

## (၃) 7 Day News ဂျာနယ်တွင်

"ပရီးမီးယားလိဂ် တစ်နှစ်တာ အကောင်းဆုံးကစားသမား ဆန်ခါတင် ရှစ်ဦးစာရင်းတွင် ချယ်လ်ဆီးနှင့်စပါးမှ သုံးဦးစီ ပါဝင်လာပြီး တစ်နှစ်တာ အကောင်းဆုံး နည်းပြစာရင်းတွင် ယင်းနှစ်သင်း၏ နည်းပြများ ပါဝင်နေသည်။"[၂]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = ပရီးမီးယားလိဂ်၊ ချယ်လ်ဆီး၊ စပါး

---

၁ မြန်မာတိုင်းမ်၊ ၂၅.၂–၂.၃.၂၀၁၆၊၂၂။

၂ 7 Days News, ၁၇.၅.၂၀၁၇၊ A ၁၆။

| | | |
|---|---|---|
| အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား | = | နာမ် |
| အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ | = | ဘောလုံးကစားပွဲအမည်နှင့်ဘောလုံးအသင်းအမည် |
| ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ | = | ပရီးမီးယားလိဂ်(နာမ်ပုဒ်) နှင့် ချယ်လ်ဆီး၊ စပါး (နာမ်ပုဒ်) |

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ "ပရီးမီးယားလိဂ်"၊ "ချယ်လ်ဆီး"၊ "စပါး" ဟု မြန်မာစကားနှင့် ရောနှော၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏ အစနှင့် အလယ်နေရာတွင် အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ သုံးထားသဖြင့် ရှင်းလင်းပြေပြစ်စေပါသည်။

## (၄) 7 Day News ဂျာနယ်တွင်

"လိုက်ထရပ်ကဲ့သို့ နောက်ပွင့်ကားများဖြင့် ကျောင်းကား ပြေးဆွဲခြင်းကို ခွင့်ပြုမည်မဟုတ်ဘဲ လုံခြုံမှုရှိမည့် မှန်လုံယာဉ်များကို စိစစ်၍ ဆက်လက် အသုံးပြုခွင့်ပေးမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = လိုက်ထရပ်

| | | |
|---|---|---|
| အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား | = | နာမ် |
| အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ | = | ကားအမည် |
| ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ | = | နာမ်ပုဒ် |

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

---

[၁] 7 Days News, ၁၇.၅.၂၀၁၇၊၁၁။

အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ "လိုက်ထရပ်" ဟု သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏ အစနေရာတွင် အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ သုံးထားသည့်အပြင် "နောက်ပွင့်ကားများ"ဟုဖွင့်ဆိုရှင်းပြထားသဖြင့် အနက်ရှင်းလင်းစေပါသည်။

## (၅) 7 Day News ဂျာနယ်တွင်

"သခင်ဖိုးလှကြီးသည် အင်္ဂလိပ်လိုလည်း ပြောနိုင်သည်ဟု ဆိုသည်။ သခင်ဖိုးလှကြီး ပြောသည့် အင်္ဂလိပ်စကားကို မှတ်မှတ်ရရ ပြန်ပြောရာတွင်မူ အဘွားက အကြာကြီးစဉ်းစားခဲ့ရသည်။ ပြီးမှ "ဒန်ဘလက်တီဖူး" "ဂဲဒေါက်" ဟု မာန်ပါပါဖြင့်ပြောရင်း အားရပါးရ ရယ်သည်။ "သူက ဂျပန်တွေလာရင် အဲဒီလို ဒေါသသံကြီးနဲ့ ပြောတယ်" ဟုလည်း ဆက်ပြောသည်။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = "ဒန်ဘလက်တီဖူး" "ဂဲဒေါက်"

  အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်၊ ကြိယာ

  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = သခင်ဖိုးလှကြီး၏ သမီးစကား

  ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

အင်္ဂလိပ်စကားကို မြန်မာအသံလှယ်ကာ "ဒန်ဘလက်တီဖူး" "ဂဲဒေါက်" ဟု မြန်မာစကားနှင့် ရောနှော၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏အစနေရာတွင် အင်္ဂလိပ်စကားကို မြန်မာအသံ လှယ်၍ သုံးထားသဖြင့် ရှင်းလင်းပြေပြစ်စေပါသည်။

## (၆) The Politics ဂျာနယ်တွင် ဒေါက်တာခင်မောင်ညို ရေးသားသော "အောင်ဂဲနစ်စိုက်ပျိုးရေးနိုင်ငံ" ဆောင်းပါး၌

---

[၁] 7 Days News, ၃.၅.၂၀၁၇၊ ၇–၈။

"မြန်မာနိုင်ငံမှာ ဖြစ်သင့်တာက အော်ဂဲနစ်စိုက်ခင်းတွေပါပဲ ဟု မကြာသေးမီက ဒေါ်အောင်ဆန်းစုကြည်က အော်ဂဲနစ်စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ပြောသွားသည်။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = အော်ဂဲနစ်

  အင်္ဂလိပ်စကား သင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်

  အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ = သဘာဝမြေဆီမြေနှစ် စိုက်ခင်းဟုမသုံးဘဲ "အော်ဂဲနစ်စိုက်ခင်း" "အော်ဂဲနစ်စိုက်ပျိုးရေး" ဟု မြန်မာစကားနှင့် ယှဉ်တွဲသုံး

  ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ = နာမ်ပုဒ်

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ မြန်မာစကားနှင့်တွဲကာ "အော်ဂဲနစ်စိုက်ခင်း" "အော်ဂဲနစ်စိုက်ပျိုးရေး" ဟု ယှဉ်တွဲရောနှော၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏ အလယ်နေရာတွင် အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ မြန်မာစကားနှင့် တွဲဖက်သုံးထားသဖြင့် ရှင်းလင်းပြေပြစ်စေပါသည်။

## (၇) ကုမုဒြာဂျာနယ်တွင်

"ရန်ကုန်မြို့မှာ မှတ်ပုံတင် (စမတ်ကတ်)နဲ့ ရောင်းချမယ့် ညဈေး တစ်ခု ဖော်ဆောင်ပေးမယ်လို့ သည်လ ၁၄ ရက်နေ့က ကျင်းပတဲ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောပါတယ်။"[၂]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = စမတ်ကတ်

  အင်္ဂလိပ်စကား သင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား = နာမ်

---

[၁] The Politics, ၄.၃.၂၀၁၆၊ ၁၆။

[၂] ကုမုဒြာဂျာနယ်၊ ၁၈.၁၀.၂၀၁၆၊ အချပ်ပို ၂။

| | | |
|---|---|---|
| အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ | = | အင်္ဂလိပ်စကားကို မြန်မာ အသံလှယ်သုံး |
| ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ | = | နာမ်ပုဒ် |

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ မြန်မာစကားနှင့်တွဲကာ "မှတ်ပုံတင်(စမတ်ကတ်)" ဟု ယှဉ်တွဲရောနှော၍ သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏အစနေရာတွင် အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ မြန်မာစကားနှင့် အနက်တူ ယှဉ်တွဲ သုံးထားသဖြင့် အနက်မြင်သာစေပါသည်။

## (ဂ) မြန်မာတိုင်းမ်ဂျာနယ်တွင်

"အဆိုပါ အက်ပလီကေးရှင်းတွင် အရည်အသွေးထိန်းသိမ်းခြင်း၊ စိုက်ပျိုးမြေယာ ပြင်ဆင်ခြင်း၊ စိုက်ပျိုးရေး စီမံခန့်ခွဲခြင်း၊ ပေါင်းသင်ခြင်း အစရှိတဲ့ အကျိုးများ ရရှိနိုင်မည့်အပြင် မိုးလေဝသ ပညာရှင် ဦးထွန်းလွင်၏ မိုးလေဝသခန့်မှန်းချက်များကိုလည်း ထည့်သွင်းဖော်ပြပေးထားသည်။"[၁]

- ဝါကျတွင်သုံးသောအင်္ဂလိပ်စကားသင်္ကေတ = အက်ပလီကေးရှင်း

| | | |
|---|---|---|
| အင်္ဂလိပ်စကားသင်္ကေတအသုံးပြုသော သဒ္ဒါအမျိုးအစား | = | နာမ် |
| အင်္ဂလိပ်စကားသင်္ကေတအဖြစ်အသုံးပြုပုံ | = | Software အမျိုးအစားတစ်မျိုး |
| ဝါကျတွင်အင်္ဂလိပ်စကားကိုသုံးသောနေရာ | = | နာမ်ပုဒ် |

**အင်္ဂလိပ်စကားသင်္ကေတရောသုံးခြင်း သုံးသပ်ချက်**

အင်္ဂလိပ်စကားကို မြန်မာအသံလှယ်၍ "အက်ပလီကေးရှင်း" ဟု သုံးထားသည်ကို တွေ့ရသည်။ ဝါကျ၏အစနေရာတွင် အင်္ဂလိပ်စကားကို မြန်မာအသံ လှယ်၍ သုံးထားပြီး၊ နောက်တွင် မည်သို့သော အက်ပလီကေးရှင်းဖြစ်ကြောင်း ရှင်းပြထားသဖြင့် အနက်ရှင်းလင်း မြင်သာစေပါသည်။

---

[၁] မြန်မာတိုင်းမ်၊ ၃–၉.၃.၂၀၁၆၊ ၂၂။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် မျက်မှောက်ခေတ်ဂျာနယ်များတွင် တွေ့ရသော အင်္ဂလိပ်စကားသင်္ကေတ ရောသုံးမှုကို လူမှုဘာသာဗေဒရှုထောင့်မှ (၁) မြန်မာစကားတွင် အင်္ဂလိပ်စကား သင်္ကေတ မူရင်းအတိုင်း ရောသုံးမှုနှင့် (၂) မြန်မာစကားတွင် အင်္ဂလိပ်စကားသင်္ကေတကို မြန်မာအသံ လှယ်၍ ရောသုံးမှုဟု အပိုင်းနှစ်ပိုင်းခွဲ၍ တင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင် ၂၀၁၆၊ ၂၀၁၇ ခုနှစ် မြန်မာဂျာနယ်များထဲမှ ပြည်မြန်မာဂျာနယ်၊ News Watch weekly ဂျာနယ်၊ ပေါ်ပြူလာဂျာနယ်၊ မြန်မာသံတော်ဆင့်ဂျာနယ်၊ ကုမုဒြာသတင်းဂျာနယ်၊ The Politics ဂျာနယ်၊ မြန်မာတိုင်းမ်ဂျာနယ်၊ 7 Day News ဂျာနယ်တို့မှ မြန်မာစကားတွင် အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုကို လေ့လာတင်ပြထားပါသည်။

အင်္ဂလိပ်စကား သင်္ကေတကို သုံးရာတွင် စီးပွားရေးလုပ်ငန်းအုပ်စုအမည်၊ ခန်းမအမည်၊ သစ်ပင်အမည်၊ ကားအမည် စသည်ဖြင့် နာမ်အမျိုးအစား အသုံးပြုမှုများသည်ကို တွေ့ရသည်။ ကြိယာဝိသေသနအဖြစ် "No"၊ ကြိယာအဖြစ် "Fall" "ဂဲဒေါက်" စသည်တို့ကို တွေ့ရသည်။ ကြိယာအသုံးပြုမှု နည်းသည်ဟု ဆိုရပါမည်။ အင်္ဂလိပ်စကားသင်္ကေတရောသုံးမှုသည် မြန်မာစကားထဲတွင် အင်္ဂလိပ်စကားကို ချေးငှား အသုံးပြုမှုပင် ဖြစ်ပါသည်။

ဂျာနယ်များထဲတွင် အသုံးပြုသော မြန်မာဝါကျထဲတွင် အင်္ဂလိပ်စကား ရောသုံးသည့် ဝါကျပုံစံများမှာ

(၁) ကတ္တားပုဒ် + ကံပုဒ် + ကြိယာပုဒ်

(၂) ကံပုဒ် + ကတ္တားပုဒ် + ကြိယာပုဒ်

(၃) ကံပုဒ် + ကြိယာပုဒ်

တို့ကို တွေ့ရပါသည်။

မြန်မာဝါကျ




မြန်မာဝါကျအတွင်းရှိ အင်္ဂလိပ်စကား ရောသုံးသည့်နေရာကို ကြည့်လျှင် ဝါကျ၏အစနှင့် အလယ်နေရာတို့တွင် အသုံးများသည်ကို တွေ့ရပါသည်။

ထို့အပြင် မြန်မာစကားတွင် အင်္ဂလိပ်စကား သင်္ကေတကို သုံးရာတွင်

(၁) အင်္ဂလိပ်စကားအတိုင်းအသုံး (Fall) (အက်ပလီကေးရှင်း)၊

(၂) အင်္ဂလိပ်စကားနှင့်မြန်မာစကားတွဲဖက်အသုံး (အီလက်ထရွန်နစ်ဆက်သွယ်ရေးဥပဒေ)(အော်ဂဲနစ်စိုက်ခင်း)၊

(၃) ဘာသာပြန်အသုံး (ခေါ်ယူအပ်ငွေ (call deposit))(ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights))

ဟု အသုံးအနှုန်း သုံးမျိုး တွေ့ရပါသည်။

ခြုံ၍ဆိုရလျှင် မြန်မာစကားတွင် အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုသည် မြန်မာ့လူမှုဆက်သွယ်ပြောဆိုရေးစနစ်ကို လွယ်ကူချောမွေ့စေပြီး သဒ္ဒါပုံစံ စည်းစနစ် ကျနမှုရှိသည်ဟု ဆိုရပါမည်။

## နိဂုံး

ဤစာတမ်းတွင် မျက်မှောက်ခေတ်ဂျာနယ်များ၌ တွေ့ရသော အင်္ဂလိပ်စကား သင်္ကေတ ရောသုံးမှုကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာ တင်ပြခဲ့ပါသည်။ တိုးတက်မှုရှိသော ဘာသာစကားတိုင်း ဘာသာစကားထိတွေ့မှုကြောင့် ဘာသာစကား ရောနှောအသုံးပြုမှုများ ရှိနေကြသည်။ မြန်မာစကားတွင် အင်္ဂလိပ်စကားကို ရောနှော အသုံးပြုခြင်းဖြင့် မြန်မာမွေးစားဝေါဟာရအသစ်များ တိုးပွားလာပြီး၊ မြန်မာဘာသာ စကား ဖွံ့ဖြိုးမှုနှင့် မြန်မာ့လူမှုဆက်သွယ်ရေးစနစ်ကို အထောက်အကူပြုနေသည်ဟု ဆိုရပါမည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ဝင်းမင်းအောင်၊ **မောင်**။ (၂၀၁၄)။ မျက်မှောက်ခေတ် မြန်မာစကားတွင် ဘာသာစကား ရောသုံးခြင်း။ ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း၊ ရန်ကုန်တက္ကသိုလ်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ လူမှုဘာသာဗေဒမိတ်ဆက်။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၄–၂၀၀၅)။ မြန်မာဘာသာစကားတွင် စကားသင်္ကေတ ရောသုံးခြင်း။ ပညာရေးစုံညီပွဲတော်တွင် ဖတ်ကြားသောစာတမ်း။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၅)။ လူမှုဘာသာဗေဒသဘောတရား။ ရန်ကုန်၊ ပညာ တန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၀)။ ဘာသာစကားရောသုံးခြင်း။ သုတပဒေသာ အတွဲ (၃၇)၊ အမှတ် (၁)၊ ၂၈–၃၁။


### အင်္ဂလိပ်ဘာသာ


Crystal, David. (2003). A Dictionary of Linguistics and Phonetics. (5th edn.). Oxford: Black Well Publishing.

Richards, Jack C. (1992). Dictionary of Language Teaching and Applied Linguistics. (2nd edn). England: Longman Group UK Ltd.

Criper, C. & Widdowson H.G. (1975). Sociolinguistics and Language Teaching. Edinburgh Course in Applied Linguistics. Vol.II.


### Internet Reference

http://en.m.wikipedia.org>wiki>Sociolinguistics.htm
http://en.m.wikipedia.org>wiki>Code.htm

## ကိုးကားသော မြန်မာဂျာနယ်စာရင်း

ကုမုဒြာသတင်းဂျာနယ်။ (၄.၁၀.၂၀၁၆)။ အတွဲ ၆၊ အမှတ် ၂၁။
ကုမုဒြာသတင်းဂျာနယ်။ (၁၈.၁၀.၂၀၁၆)။ အတွဲ ၆၊ အမှတ် ၂၃။
ပေါ်ပြူလာဂျာနယ်။ (၂၄.၁.၂၀၁၇)။ အတွဲ ၂၁၊ အမှတ် ၄။
ပြည်မြန်မာသတင်းဂျာနယ်။ (၁၅.၆.၂၀၁၇)။ အမှတ် ၁၀၇၉။
မြန်မာတိုင်းမ်ဂျာနယ်။ (၂၅–၂.၃.၂၀၁၆)။ အတွဲ ၃၉၊ အမှတ် ၇၆၄။
မြန်မာတိုင်းမ်ဂျာနယ်။ (၃–၉.၃.၂၀၁၆)။ အတွဲ ၃၉၊ အမှတ် ၇၆၅။
မြန်မာသံတော်ဆင့်ဂျာနယ်။ (၂၄–၃၀.၁၂.၂၀၁၆)။ အတွဲ ၅၊ အမှတ် ၄၁။
7 Day News ဂျာနယ်။ (၃.၅.၂၀၁၇)။ အတွဲ ၁၆၊ အမှတ် ၈။
7 Day News ဂျာနယ်။ (၁၇.၅.၂၀၁၇)။ အတွဲ ၁၆၊ အမှတ် ၁၀။
News Watch Weekly ဂျာနယ်။ (၂၄.၁၂.၂၀၁၆)။ အတွဲ ၁၁၊ အမှတ် ၃၆။
News Watch Weekly ဂျာနယ်။ (၁၂. ၈.၂၀၁၇)။ အတွဲ ၁၂၊ အမှတ် ၁၈။
The Politics ဂျာနယ်။ (၄.၃.၂၀၁၆)။ အမှတ် ၉၈။
The Politics ဂျာနယ်။ (၂၈.၁၀.၂၀၁၆)။ အမှတ်၁၃၀။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 7B**

# ဦးပုည၏ ဝတ္ထုငါးပုဒ်ကို လူမှုဘာသာဗေဒ အမြင်ဖြင့် လေ့လာချက်

ဝင်းမာဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဦးပုည၏ ဝတ္ထုငါးပုဒ်ကို လူမှုဘာသာဗေဒ အမြင်ဖြင့် လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဦးပုညရေးသားသော ဝတ္ထုများသည် လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်များ အသိအလိမ္မာ တိုးပွားစေလိုခြင်း၊ စိတ်နှလုံး ယဉ်ကျေးသိမ်မွေ့၍ ဗုဒ္ဓအဆုံးအမကို ခံယူစေလိုခြင်း၊ လောကအကျိုး၊ လူသားအကျိုးတို့ သယ်ပိုးလိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ရေးသားခဲ့ပါသည်။ ထိုဝတ္ထုများပါ ခံစားမှု၊ ရည်ညွှန်းမှု၊ ညွှန်ကြားမှု စကားများကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ – *လမ်းညွှန်၊ ခံစားမှု၊ လူမှုအတွေးအမြင်။***

## နိဒါန်း

ဦးပုည၏ဝတ္ထုများသည် ၁၉ ရာစု ကုန်ခါနီးတွင် ပေါ်ထွက်ခဲ့သော ဝတ္ထုများဖြစ်ပါသည်။ ဇာတ်နိပါတ်ဆန်သော ဝတ္ထုအသွင်မှ ခေတ်ဝတ္ထု အသွင်သို့ ကူးပြောင်းလာခဲ့သည်။ ထိုသို့ ကူးပြောင်းလာခြင်းကို လူ့သဘာဝအဖွဲ့ကောင်း များက ဖော်ပြနေပါသည်။ ဗုဒ္ဓဘုရားရှင်၏ ဇာတ်ဝတ္ထုများကို ဒိဋ္ဌလောကတွင် တွေ့ရသော လူ့သဘော လူ့သဘာဝများနှင့်အညီ စရိုက်ဖော် ရေးဖွဲ့ခြင်းဖြင့် ခေတ်ဝတ္ထုအသွင်သို့ ဆောင်လာစေပါသည်။ ဝတ္ထုပါ ပြောစကားများတွင် လူ့သဘာဝ စရိုက်အဖွဲ့များ အားကောင်းလာသည်ကို တွေ့ရပါသည်။ ထိုပြောစကားများသည် ဒိဋ္ဌလောကရှိ လူမှုအဖွဲ့အစည်းကို ထင်ဟပ်နိုင်စွမ်း ရှိပါသည်။ ဤစာတမ်းတွင် ဦးပုည၏ ဝတ္ထု (၅)ပုဒ်ကို လူမှုဘာသာဗေဒ အမြင်ဖြင့် တင်ပြရာတွင် ဘာသာစကားတာဝန် ခုနစ်ရပ်ရှိသည့်အနက် ရည်ညွှန်းတာဝန်၊ ခံစားမှုပြတာဝန်၊ ညွှန်ကြားတာဝန် ရှုထောင့်သုံးမျိုးနှင့် ဖွဲ့နွဲ့ရှင်းပြတာဝန်ကိုသာ လေ့လာတင်ပြမည် ဖြစ်ပါသည်။

## ၁။ လူမှုဘာသာဗေဒ

လူမှုဘာသာဗေဒသည် ဘာသာဗေဒပင်စည်မှ ဖြာထွက်လာသော အကိုင်းအခက် ဖြစ်ပါသည်။ လူမှုဘာသာဗေဒသည် ဘာသာဗေဒနှင့် လူ့အဖွဲ့အစည်းကို

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

တွဲ၍လေ့လာသည်။ မည်သူက မည်သူ့ကို မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သို့ မည်ပုံ ပြောဆိုသည်ဟူသော လူ့အဖွဲ့အစည်းအတွင်း ဘာသာစကားကို မည်ကဲ့သို့ ဆက်သွယ် အသုံးပြုသည်ကို လေ့လာခြင်းပင် ဖြစ်သည်။ လူမှုဘာသာဗေဒသည် ဘာသာစကား အသွင်ကွဲ အမျိုးမျိုးကို ကွဲပြားသော လူမှုအခြေအနေမျိုးတွင် ကွဲပြားစွာ အသုံးပြုပုံ များကို လေ့လာသည်။ လူ့အဖွဲ့အစည်းအတွင်း ဘာသာစကားကို မည်သို့အသုံးပြု နေပုံကို လေ့လာသည့် ပညာရပ်လည်း ဖြစ်သည်။

လူမှုဘာသာဗေဒမိတ်ဆက်စာအုပ်တွင်

> "ဘာသာစကားသည် လူမှုကြေးမုံပြင် တစ်ချပ်ဖြစ်ပြီး ဘာသာ စကားတွင် အရေးကြီးသော လူမှုဆိုင်ရာ အရည်အသွေးများ ကွဲပြားခြားနားမှုများ ထင်ဟပ်လျက်ရှိသည်။ ဘာသာစကားတွင် ပြောသူ၏ လူမှုရေးနှင့် ပုဂ္ဂိုလ်ဆိုင်ရာ နောက်ခံအချက်အလက် များကို ဖော်ညွှန်းနေသည်။ ဘာသာစကား အသုံးပြုသူ၏ လူမှု အလွှာ၊ အဆင့်အတန်း၊ လိင်၊ အသက်အုပ်စု စသည့် လူမှုရေး အချက်အလက်များကို ညွှန်ပြနေသည်။ ထို့ကြောင့် လူမှုဘာသာ ဗေဒသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်စပ်မှု များကို စူးစမ်းရှာဖွေလေ့လာသည့် ပညာရပ် ဖြစ်သည်။"[၁]

သို့ဖြစ်၍ လူမှုဘာသာဗေဒသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ အဆက်အစပ်များကို ဖော်ထုတ်ခြင်းဆိုင်ရာ အလေ့လာခံ ဘာသာစကားတွင် ပြောဆိုနေကြသော ပြောသူနှင့် နာသူတို့၏ စိတ်ပိုင်းဆိုင်ရာ၊ အမူအကျင့်ဆိုင်ရာ၊ လူမှုဆက်ဆံရေးဆိုင်ရာ အခြေအနေကို ဖော်ထုတ်ခြင်းပင် ဖြစ်သည်။ ပါဝင် ပြောဆိုသူတို့၏ အပြောစကားများ နောက်တွင်ရှိသော အနက်အဓိပ္ပါယ်များကို ဖော်ထုတ်၍ ဆက်စပ်လေ့လာခြင်းပင် ဖြစ်သည်။

## ၂။ ဘာသာစကားတာဝန်

လူတို့သည် ဘာသာစကားကို ဆက်သွယ်ရေးပစ္စည်း တစ်ခုအဖြစ် အသုံးပြုကာ တစ်ဦးနှင့် တစ်ဦး ပြောဆိုရေးသား ဆက်သွယ်ကြသည်။ ထို့ကြောင့် ဘာသာစကားသည် ဆက်သွယ်ရေး၏ အဓိကမဏ္ဍိုင် ဖြစ်သည်။ ထိုဆက်သွယ်ရေး ပစ္စည်းဖြစ်သော ဘာသာစကားသည် အကြောင်းမဲ့ ဖြစ်ပေါ်ခြင်း မဟုတ်ပေ။ စကားဖြစ်ပေါ်ရန် ဖြစ်စဉ်၊ ဖြစ်ရပ်များ ရှိရသည်။ အကြောင်းခံများ ရှိရသည်။

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၂၃။

တာဝန်များ ရှိရသည်။ လူမှုဘာသာဗေဒက ထိုစကားဖြစ်ရပ်များ၊ စကား အကြောင်းခံများ၊ စကားတာဝန်များကို အသေးစိတ် လေ့လာ၍ သုံးသပ်သည်။

လူမှုဘာသာဗေဒတွင် စကားဖြစ်ရပ်တစ်ခု ဖြစ်ပေါ်စေရန်အတွက် ဘာသာ စကား အကြောင်းခံများ ရှိရသည်။ အဓိကအားဖြင့် ပြောသူ၊ နာသူ၊ အချက်အလက်၊ လမ်းကြောင်း၊ သင်္ကေတ၊ အကြောင်းအရာ၊ နောက်ခံအခြေအနေ ဟူသော စကားအကြောင်းခံ (၇)ရပ် ရှိရသည်။ စကားဖြစ်ရပ်သည် စကားအကြောင်းခံ တို့ကြောင့် ဖြစ်လာရသည်။ ၎င်းဖြစ်လာသော စကားတို့သည်လည်း ထမ်းဆောင် ရမည့် တာဝန်များရှိသည်။ ယင်းတို့မှာ–

(၁) ရည်ညွှန်းတာဝန်
(၂) ခံစားမှုပြတာဝန်
(၃) ညွှန်ကြားတာဝန်
(၄) ဆက်သွယ်မှုပြတာဝန်
(၅) လူမှုအခြေပြတာဝန်
(၆) ဖွင့်ဆိုရှင်းပြတာဝန်
(၇) ဖွဲ့နွဲ့ရှင်းပြတာဝန်

တို့ဖြစ်ပါသည်။

စကားဖြစ်ရပ်တစ်ခုတွင် အကြောင်းခံ (၇)ရပ် နှင့် စကားတာဝန် (၇)ရပ် တို့သည် အပြန်အလှန် ဆက်သွယ်မှု ရှိကြသည်။ ဆက်သွယ်ပုံမှာ

| **စကားတာဝန်** | | **စကားအကြောင်းခံ** |
|---|---|---|
| (၁) ရည်ညွှန်းတာဝန် | ⟷ | အကြောင်းအရာ |
| (၂) ခံစားမှုပြတာဝန် | ⟷ | ပြောသူ |
| (၃) ညွှန်ကြားတာဝန် | ⟷ | နာသူ |
| (၄) ဆက်သွယ်မှုပြတာဝန် | ⟷ | လမ်းကြောင်း |
| (၅) လူမှုအခြေပြတာဝန် | ⟷ | နောက်ခံအခြေအနေ |
| (၆) ဖွင့်ဆိုရှင်းပြတာဝန် | ⟷ | သင်္ကေတ |
| (၇) ဖွဲ့နွဲ့ရှင်းပြတာဝန် | ⟷ | အချက်အလက် |

ဟူ၍ ဖြစ်ပါသည်။[၁]

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၉။

ဦးပုညရေးသားသော ဝတ္ထု ၅ ပုဒ်မှ ပြောစကားများသည် ဘာသာစကား တာဝန်အဖြစ် ရည်ညွှန်းတာဝန်၊ ခံစားမှုပြတာဝန်၊ ညွှန်ကြားတာဝန် (လူမှုအခြေပြု တာဝန်)နှင့် ဖွဲ့နွဲ့ရှင်းပြတာဝန်များ ထမ်းဆောင်သည့် စကားတာဝန် သဘောတရား များကို အခြေခံပြီး ဖော်ထုတ်တင်ပြမည် ဖြစ်ပါသည်။

## ရည်ညွှန်းတာဝန်

ဘာသာစကားတွင် ရည်ညွှန်းတာဝန်သည် အကြောင်းအရာပေါ် အခြေခံ သည်။ ထိုတာဝန်သည် အတွင်ကျယ်ဆုံး ဖြစ်သည်။ လူတစ်ဦးနှင့်တစ်ဦး နေ့စဉ်နှင့် အမျှ ဘာသာစကားကို အသုံးပြု၍ ပြောဆိုရေးသားဆက်သွယ်ရာတွင် သိစရာ အကြောင်းအရာအချက်များကို အသိပေးသောကိစ္စသည် အများဆုံး ဖြစ်ကြောင်း တွေ့ရသည်။ ယင်းတာဝန်နှင့်ပတ်သက်၍ ဖွင့်ဆိုမှုမှာ – "အသိပေးမှု တာဝန်သည် ဘာသာစကားတွင် အလွန်အရေးကြီးပါသည်။ အကြောင်းအရာ တစ်ခုပေါ်တွင် အခြေခံ၍ အသိပေးခြင်း ဖြစ်သည်။ ဘာသာစကား၏ အနက်ရိုး (ပညတ်အနက်)ကို အခြေခံ၍ အသိပေးခြင်းပင် ဖြစ်ပါသည်။"

## ခံစားမှုပြတာဝန်

ခံစားမှုပြတာဝန်သည် ပြောသူ၊ ရေးသူနှင့် သက်ဆိုင်သည်။ ပြောသူ ရေးသူ၏ ခံစားမှု သဘောထားအမြင်ကို ဖော်ပြခြင်းပင် ဖြစ်သည်။ ယင်းတာဝန် နှင့်ပတ်သက်၍ လူမှုဘာသာဗေဒ မိတ်ဆက်တွင်

> "စိတ်တွင်း၌ ဖြစ်ပေါ်လာသော ခံစားမှု တစ်စုံတစ်ရာကို ဖော်ပြသော တာဝန် ဖြစ်သည်။ ခံစားမှုတာဝန်ကို ဖွင့်ဟမှု တာဝန်ဟုလည်း ခေါ်သည်။ မိမိရင်ထဲ၌ ခံစားနေရသော တုန်လှုပ်မှု၊ ထိတ်လန့်မှု၊ ဝမ်းနည်းမှု၊ အံ့သြမှု စသည့် ခံစားချက် တစ်ရပ်ကို ဖွင့်ဟပြသောတာဝန် ဖြစ်သည်။"[၁]

ဟု ဆိုထားသည်။ ထို့ကြောင့် ခံစားမှုပြတာဝန်သည် စကားဖြစ်ရပ်တစ်ခုတွင် စိတ်ခံစားမှု သဘောထား၊ လေသံတို့ ထင်ဟပ်နေသည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၉။

## ညွှန်ကြားတာဝန်

ညွှန်ကြားတာဝန်သည် ပြောသူက နာသူကို လွှမ်းမိုး လမ်းညွှန်မှုနှင့် သက်ဆိုင်သည်။ မဖြစ်သေးသည်ကို ဖြစ်လာအောင် ပြုလုပ်နိုင်စွမ်း ရှိသကဲ့သို့ ဘာသာစကားဖြင့် အနာဂတ်ကို လွှမ်းမိုးနိုင်စွမ်း ရှိလာသည်။ ယင်းတာဝန်နှင့် စပ်လျဉ်း၍ လူမှုဘာသာဗေဒ မိတ်ဆက်တွင်

> "ညွှန်ကြားတာဝန်သည် တစ်စုံတစ်ခုသော ကိစ္စရပ်ကို ညွှန်ပြ ညွှန်ကြားပေးသော တာဝန်ဖြစ်သည်။ တိုက်တွန်းချက်၊ မေတ္တာ ရပ်ခံချက်၊ နှိုးဆော်ချက်၊ သတိပေးချက်၊ အမိန့်ပေးချက်၊ တားမြစ်ချက် စသည်တို့သည် ညွှန်ပြတာဝန်ကို ထမ်းဆောင် ကြသည်"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။

## ဖွဲ့နွဲ့ရှင်းပြတာဝန်

လူမှုဘာသာဗေဒမိတ်ဆက်စာအုပ်တွင်

> "ဖွဲ့နွဲ့ရှင်းပြတာဝန်သည် ပြောသူက နာသူထံ အချက်အလက် ပေးပို့ရာတွင် သာယာနာပျော်ဖွယ် ဖြစ်အောင် ကဗျာပုံသဏ္ဌာန် တစ်မျိုးမျိုးဖြင့် ပေးပို့ခြင်း ဖြစ်သည်။ ထိုသို့ ပေးပို့ရာတွင် လျှာခလုတ်တိုက်စကား၊ ကာရန်စကား၊ သံတူကပ်စကား စသည့် စကားများဖြင့် ပြောဆိုနိုင်သည်။ ပြောသူသည် အချက်အလက်ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပေးပို့သည့်အတွက် နာသူ၌ ရသ ခံစားမှုတစ်ခုခုကို ဖြစ်စေသည်။ ယင်းစကား၏ တာဝန်ကို ရသပေးတာဝန် ဟု ခေါ်သည်။"[၂]

ဦးပုညရေးဖွဲ့သော ဝတ္ထု ၅ပုဒ်တွင် ဖွဲ့နွဲ့ရှင်းပြတာဝန်အရ ပြောသူက နာသူထံ အချက်အလက် ပေးပို့ရာတွင် သာယာနာပျော်ဖွယ် ဖြစ်အောင် ကဗျာ ပုံသဏ္ဌာန်၊ သံတူကပ်စကား၊ ကာရန် များဖြင့် ပေးပို့သည်ကို တွေ့ရသည်။

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၈၀။
[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၈၂။

## ၃။ ဦးပုည၏ ဝတ္ထုငါးပုဒ် လေ့လာချက်

ဤစာတမ်းတွင် ၂၀၁၆၊ ဩဂုတ်လတွင် ထုတ်ဝေခဲ့သော စိတ်ကူးချိုချို စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည့် ဦးပုည၏ ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ သိဝရာဇ်မင်းကြီး ဝတ္ထု၊ အလောင်းတော် ယုန်မင်းဝတ္ထု၊ စာရေးတံဆွမ်းလှူရသော သူအိုမဝတ္ထုနှင့် ဥပမာလေးဦးဝတ္ထုတို့ကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာတင်ပြထားပါသည်။

### ၃၊ ၁။ ဆဒ္ဒန်ဆင်မင်းဝတ္ထု

ဦးပုည၏ ဝတ္ထုငါးပုဒ်ကို လေ့လာရာတွင် စကားပြောတာဝန်များ ထမ်းဆောင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ အခန်းအလိုက် ပိုင်နိုင်အောင် ရေးသားနိုင်သည့်အတွက် စာဖတ်သူတို့အား မိမိတို့ပတ်ဝန်းကျင်ကို ပြန်၍ မြင်ယောင်လာစေသည်။ လူအချင်းချင်းဆက်ဆံရေး၌ အထင်အမြင် လွဲမှားမှုကြောင့် ဆိုးကျိုးခံစားရပုံကို သတိထားမိလာစေသည်။ စူဠသုဘဒ္ဒါမိဖုရားက သောနုတ္တရမုဆိုးအား ရွေးချယ်ခိုင်းစေ ညွှန်ကြားသည့် အခန်း၌

> "ဤယောကျ်ားသည် အများနှင့်မတူ၊ အမူကြမ်းခက်၊ ကွဲအက် ညစ်တေ၊ လိပ်ကျောက်ရည်နှင့် ဆင်ခြေဖဝါး၊ ထန်းပလပ်ပြား ကဲ့သို့ ကြီးမားသော ဖဝါးရှိသည်။ မြင်းခေါင်းကောက်ကွေး၊ မွေးမှင်သဲသဲ၊ ဆန်ထုပ်ဆွဲသကဲ့သို့"[၁]

ဟူ၍ ပြောဆိုသည်။

သောနုတ္တရမုဆိုးကို ရည်ညွှန်းသော စကားဖြစ်သည်။ သောနုတ္တရမုဆိုး၏ ပုံပန်းသွင်ပြင်ကို အကဲခတ်ပြီး မိမိခိုင်းလျှင် ပြီးမြောက်နိုင်မည့်သူ ဖြစ်ကြောင်းကို သိလေသော စူဠသုဘဒ္ဒါ၏ ခံစားမှုနှင့်ယှဉ်သော အသိကို ဖော်ပြသော စကားဖြစ်သည်။ စိတ်တွင်းပြောစကားများကို သုံးထားသည်။ လူမှုဆက်ဆံရေးတွင် လူတစ်ယောက်ကို အကဲခတ်ရာတွင် ရုပ်အသွင်ကို ကြည့်၍လည်း စရိုက်ကို မှန်းဆလေ့ရှိသည့်သဘော၊ စရိုက်ကို မှန်း၍ နေရာတကျ အသုံးချတတ်သည့် သဘောကို ထိုရည်ညွှန်းစကားက ဖော်ပြနေပါသည်။

စူဠသုဘဒ္ဒါ၏ ပြောစကားများအဖြစ်

---
[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၈၂။

"စာသူငယ်ကြား၊ လင်းတနားသကဲ့သို့"[၁] ဟုလည်းကောင်း

"ဤလူယုတ်လူကြမ်း၊ လူသွမ်းတို့ လက္ခဏာနှင့် ပြည့်စုံသော၊ ဤမုဆိုးကို ခိုင်းရသော် ကြံတိုင်းမြောက်ရာ၏"[၂] ဟုလည်းကောင်း

"ငါခိုင်းစေသည်ကို မသွေမလှန်၊ အမြန်သွား၍၊ ကြိုးစား အမှုထမ်းပါလော့"[၃]

မုဆိုးကို ရည်ညွှန်းသောစကား ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကို ယူရန် ညွှန်ကြားသော စကားရပ်လည်း ဖြစ်သည်။ ရည်ညွှန်းတာဝန်ကို ထမ်းဆောင်ရုံမက အမိန့်ပေးစေခိုင်းလိုသော အထက်စီး ခံစားမှုကိုလည်း ဖော်ပြသည်။

သောနုတ္တရမုဆိုးက ဆဒ္ဒန်ဆင်မင်းကို ပြောခန်း၌

"အစွယ်ကိုလိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက်၊ သုံးယောက်သား အနက်တွင်မှ ကံကွက်ကြား၍၊ ငမိုက်သား မုဆိုးလေ၊ နင်ချည်းပင် သေပေတော့"[၄] ဟူသော

စကားရပ်သည် သုဘဒ္ဒါနှင့် မင်းဧကရာဇ်ကို ရည်ညွှန်းသော စကားဖြစ်သည်။ အစွယ်ကို လိုချင်သူမှာ မိဖုရား သုဘဒ္ဒါ၊ ခိုင်းစေသူမှာ မင်းဧကရာဇ်၊ အခိုင်းခံရသူမှာ ကျွန်တော် မုဆိုး ဖြစ်သည်။ ထိုသုံးယောက်တွင်မှ ကျွန်တော်မျိုး တစ်ယောက်သာ ခံရမည်ဆိုပါက မတရားကြောင်း ကိုယ်လွတ်ရုန်းတတ်သည့် လူ့သဘာဝကို တွေ့ရသည်။ အပြစ်ရှိလာလျှင် တစ်ယောက်တည်း မခံလို၊ အခြားသူကိုပါ ဆွဲထည့်တတ်သော ခံစားမှု တာဝန်ပြစကားရပ် ဖြစ်ပါသည်။ အလွန်ကြောက်ရွံ့၍ ကယောင်ကတမ်း ပြောနေသော ခံစားမှု ဖြစ်ပါသည်။

ဆဒ္ဒန်ဆင်မင်းက သုဘဒ္ဒါကို ပြောခန်း၌–

"ငါချစ်လင်ကို၊ သင်မိဖုရား သတ်ဖြတ်နိုင်အားပေ၏။ စိမ်းကား မျက်ငြိုး၊ သစ်ယောင်း ခက်ချိုးသကဲ့သို့၊ ချစ်ကြိုး ဖြတ်ဖြေ၊ သင်သတ်ရက်လေသောကြောင့်၊ သင့်သက်ဝေ ငယ်လင် ငါဆဒ္ဒန်သည် မြေတွင်တုံးလုံး၊ မြားချက်ဖြင့် ဆုံးပါပြီ၊

[၁] ပုညဦး၊ ၂၀၁၆၊ စာ–၁၀။

[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၁၀။

[၃] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၁၃။

[၄] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၁၉။

> ရွှေသုံးရံချယ်၊ ကြာရိပ်လယ်မှာ ရယ်ကာ၊ မောကာ၊ မျက်နှာ
> ငွေလ၊ ရွှင်ပပနှင့် ခင်မဝမ်းမြောက်ပါလေတော့”[၁] ဟု ရေးဖွဲ့ထား
> ပါသည်။

ဤစကားရပ်သည် သုဘဒ္ဒါကိုရည်ညွှန်းသော စကားဖြစ်သည်။ အတိတ်ဘဝက ခင်ပွန်းကို ကလဲ့စားချေလိုသော သင်၏ဆန္ဒ ပြည့်ဝခဲ့ပါပြီ။ စိတ်ပျော်ရွှင်စွာဝမ်းမြောက်ပါလေတော့ဟု ပြောသော စကားရပ် ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းက မိမိအပေါ် အသက်သေစေအောင် ကလဲ့စားချေသော်လည်း၊ အပြစ်မယူဘဲ မိမိအစွယ်ကို ရက်ရက်ရောရောပေးသည့် ဆဒ္ဒန်ဆင်မင်း၏ အတွင်းစိတ် ခံစားမှုပြစကားရပ် ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်း၏ အရှုံးပေးတတ်သော စိတ်ဓာတ်နှင့်အနိုင်ယူလိုသည့် ချစ်သူဟောင်း သာယာပျော်ရွှင်မည်ဆိုလျှင် အသေခံရဲသည့်စိတ်ဓာတ်ကို ဖော်ပြနေသည်။ မာန်မာနရန်ငြိုးကြီးသော လူ့စရိုက်နှင့်သူတော်ကောင်းတို့၏ စိတ်ဓာတ် ခံစားမှုများကို နှိုင်းယှဉ်တင်ပြထားသည်။ လူမှုအဖွဲ့အစည်းတွင် ဆန့်ကျင်ဖက်စရိုက်ရှိသူတို့၏ ဆုံစည်းမှုများကို ထင်ဟပ်ပြသထားသည်။ လူမှုဘဝဆက်ဆံရေးတွင် ဖြစ်တတ်၊ ပျက်တတ်သော သဘာဝများကို ဆင်ခြင်မိစေသည်။

## ၃၊ ၂။ သိဝရာဇ်မင်းကြီးဝတ္ထု

သိဝရာဇ်မင်းကြီးဝတ္ထုတွင်လည်း လူမှုသဘော ပါဝင်သော စကားများ ပါဝင်သည်။

> “ငါ့ကိုယ်အားကို၊ တစ်ပါးပုဂ္ဂိုလ်၊ ကျွန်ပြုလိုသည် ဟုဆိုသော
> ဆိုစေ တိုင်းပြေကို စွန့်ပစ်၍ စင်စစ် သူ့ကျွန်ငါခံမည်။ မျက်စိ၊
> နား၊ နှာ၊ အူချာသည်းပွတ်၊ မနောဓာတ်ကို၊ ခုတ်ဖြတ် ထုတ်ယူ
> လိုသော ဟူလျှင်၊ ငါလှူချင်၏”[၂]

အထက်ပါ စကားဖြစ်ရပ်သည် သိဝရာဇ်မင်းကြီး၏ အလှူဒါန လှူဒါန်းမှုအပေါ် ထူးကဲသော စိတ်ကူးကို ခံစားရသည့်အတိုင်း မိမိ၏မျက်စိ၊ နား၊ နှာတို့ကို ထုတ်လှူချင်သော ဆန္ဒပြင်းပြမှုဖြင့် ခံစားမှုပြတာဝန်ပြသည့် စကားရပ်ဖြစ်ပါသည်။ သိဝရာဇ်မင်းက ပြောဆိုရာ၌

---

[၁] ပုညာ၊ ဦး၊ ၂၀၁၆၊ စာ–၁၉။
[၂] ပုညာ၊ ဦး၊ ၂၀၁၆၊ စာ–၃၀။

"ဆရာပြဟ္မဏ မကြောင့်ကြနှင့်၊ တောင့်တသော ဝတ္ထုကို ယခု ငါလှူတော်မူမည်။ ယမန်နေ့က၊ တစေ့စေ့ ငါကြံလျက် အလှူခံ ပုဂ္ဂိုလ်ကို တွေ့လို၍ ငါမြွော်သည်၊ လည်တော် ညောင်းညာ လှချေပြီ၊ ပုဏ္ဏားဆရာ၊ သို့စဉ်ကြာအောင်၊ ဘဲ့ငှါကိုကြံ၍ ငါ့ထံ မလာနေသနည်း"[၁] ဟု ဖော်ပြထားသည်။

ထိုစကားဖြစ်ရပ်တွင် သိကြားမင်းသည် ပုဏ္ဏားယောင်ဆောင်၍ သိဝရာဇ်မင်းကြီးထံ အလှူခံလာရာတွင် ပြောသော စကားဖြစ်ရပ် ဖြစ်ပါသည်။ သိကြားမင်းကို ရည်ညွှန်းသော စကားဖြစ်သည်။ ထို့ပြင် မိမိ၏အလှူကို လှူချင်သော်လည်း အလှူခံပုဂ္ဂိုလ် မျှော်နေသည့် သိဝရာဇ်မင်းကြီး၏ ခံစားမှုကိုပါ ပေါ်လွင်စေသည့် ခံစားမှုပြ စကားတာဝန်ကိုပါ တွေ့ရှိရပါသည်။ လူအများကိုလည်း မိမိကဲ့သို့ပင် အလှူခံပုဂ္ဂိုလ်ကို မျှော်သကဲ့သို့ အလှူပေးစေလိုသော ညွှန်ကြားတာဝန်ပြစကားလည်း ဖြစ်သည်။ မိမိလမ်းစဉ်ကို လိုက်ရန် ညွှန်ကြားနေသော စကားလည်း ဖြစ်သည်။

"ငါဇေကရာဇ် မင်းစဉ်ဖြစ်လျက် လူညစ်၊ လူယုတ်တို့၏ စရိုက်ကို မလိုက်သင့်ပေ"[၂]

အဆိုပါ စကားရပ်သည် တိုင်းသူပြည်သားများကို ရည်ညွှန်းသော စကား ဖြစ်သည်။ မိမိ၏ဆုံးဖြတ်ချက်အတိုင်း ပြုလုပ်မည့် သဒ္ဓါတရားထက်သန်ပြီး ဆုံးဖြတ်ချက် ခိုင်မာပြတ်သားသည့် သိဝရာဇ်မင်းကြီး၏ ခံစားမှုကိုပါ မြင်စေသည့် စကားရပ် ဖြစ်သည်။ ဆေးဆရာအား ရည်ညွှန်းစေခိုင်းသော တာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်သည်။

"အဆွေ သိဝိက၊ ငါ၏ လက်ျာမျက်လုံးတော် တစ်ဖက်ကို သန်လျက်ဓားမြှောင်ဖြင့် ထွက်အောင် ထုတ်ခွာ၍ ငါ၏ လက်တော်၌ တင်လော့"[၃]

ထိုစကားသည် ဆေးဆရာ သိဝိကကို ရည်ညွှန်းပြောဆိုသော စကား ဖြစ်သည်။ မိမိ၏မျက်လုံးတော် တစ်ဖက်ကို သန်လျက်ဓားမြှောင်ဖြင့် ထွက်အောင် ထုတ်၍ လက်ပေါ်၌ တင်စေလိုသော သိဝရာဇ်မင်းကြီး၏ အလှူအပေါ် ပြတ်သား ရဲရင့်သော စိတ်ခံစားမှုကို ပြသည့် ခံစားမှုပြ စကားရပ် ဖြစ်သည်။

---

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ-၃၁။

[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ-၃၂။

[၃] ပုည၊ ဦး၊ ၂၀၁၆၊ စာ-၃၂။

သိဝရာဇ်မင်းက–

"အလောင်းတို့ထုံး၊ စံလက်သုံးကို လုံးလုံးလိုက်၍ ငါကျင့်မည်။
မျက်လုံးကိုသာ သင်ဆရာသည် လျင်စွာ ထုတ်ဖောက်လော့"[၁]

ဆေးဆရာ သိဝိကကို ရည်ညွှန်းပြောဆိုသကဲ့သို့ မြတ်စွာဘုရား၏ ထုံးစံကို လိုက်နာကျင့်သုံးမည့် သိဝိရာဇ်မင်းကြီး၏ ခံစားမှုကို ဖော်ပြသည့် စကားရပ် ဖြစ်သည်။ မိမိကဲ့သို့ လိုက်နာကျင့်သုံးစေရန် လူအများကို ရည်ညွှန်းနေသော ညွှန်ကြားတာဝန်ပြစကားလည်း ဖြစ်သည်။

"အဆွေ သိဝိက၊ ဤမျှခန့် ဝေဒနာကြောင့် သဒ္ဓါအားယုတ်၍
ငါဆုတ်မည် ထင်သလော့၊ သဘောတော် မသွေယွင်းဘူး
မျက်စိပြီးအောင်ထုတ်"[၂]

ထိုစကားဖြစ်ရပ်သည် ဆေးဆရာသိဝိကကို ညွှန်ကြားသော စကားရပ် ဖြစ်ပါသည်။ မိမိ၏အလှူအတွက် ဝေဒနာ ခံစားရသော်လည်း နောက်မဆုတ် ပြတ်သားစွာ လှူနိုင်ရဲသော သိဝရာဇ်မင်းကြီး၏ အလှူအပေါ် ထားရှိသည့် ပြတ်သားသည့် စိတ်ခံစားမှုကိုပါ မြင်တွေ့ရသည့် စကားရပ် ဖြစ်ပါသည်။

သိဝိမင်းကြီးက ဆေးဆရာကို

"အဆွေ သိဝိက၊ သင်သမားကို၊ စကားပြောမည် ငါမခေါ်၊
မျက်လုံးတော်ကိုသာ ထုတ်ဖော်စိမ့်မည်။ ငါခေါ်သည်၊ ငါလှူအံ့ဟု
ကြံစပြုသည်ကို ယခုထက်ထိ တွန့်တိုနှောင့်နှေး၊ တချင်ရွေးမျှ
စိတ်လေးသည် မရှိဘူး" ဟု ပြောဆိုသည်။

အထက်ပါစကားရပ်သည် ဆေးဆရာ သိဝိကကို ရည်ညွှန်းသောစကား ဖြစ်သည်။ စကားပြောရန် ခေါ်သည်မဟုတ်၊ မျက်လုံးကိုထုတ်ရန် ခေါ်သည် ဖြစ်ကြောင်း ညွှန်ကြားပြောဆိုသော စကား ဖြစ်သည်။ မိမိမျက်လုံးအတွက် လှူအံ့ဟု ကြံစည်ထားသည်ကို နောက်မဆုတ်၊ နှောင့်နှေးခြင်း မရှိသော သိဝရာဇ်မင်းကြီး၏ အလှူအပေါ် ခံစားရသည့် ခံစားမှုပြစကားရပ် ဖြစ်သည်။ ထိုစကားရပ်သည် စကားတာဝန် သုံးရပ်လုံးကို ထမ်းဆောင်နေသော စကားရပ် ဖြစ်သည်။

---

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၃၃။
[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၃၄။

## ၃၊ ၃။ အလောင်းတော်ယုန်မင်းဝတ္ထု

အလောင်းတော် ယုန်မင်းဝတ္ထုတွင်လည်း လူမှုဘာသာဗေဒသဘော ပါဝင်သော စကားများ ပါဝင်သည်။

ထိုစကားများထဲတွင်–

"အချင်းသင်တို့၊ ကိုယ်ဖို့သံသရာ၊ ကံကြွေးပါအောင်၊ ရှစ်ဖြာ ဥပုသ် အားထုတ်ဖြည့်စွမ်း၊ ကျင့်ကြိုးပမ်း၍ မဂ်လမ်းရှာဖွေ ကြရမည်"[၁] ဟူသော သဘောပါဝင်သည်။

အဆိုပါစကားရပ်သည် ယုန်မင်းက မိမိ၏ အဆွေခင်ပွန်းများဖြစ်သော ဖျံနှင့် မြေခွေးကို ရည်ညွှန်းပြောဆိုသော စကားရပ် ဖြစ်သကဲ့သို့ ညွှန်ကြားသော စကားရပ်လည်း ဖြစ်ပါသည်။ နောင်ဘဝအတွက် ကောင်းမှုကုသိုလ်ရရန် ဥပုသ် ဆောက်တည်၍ မဂ်လမ်းကို ရှာဖွေရန် ရည်ညွှန်းပြောဆိုသော စကား ဖြစ်ပါသည်။ သီလဆောက်တည်ရန် ထက်သန်သော ခံစားမှုကိုလည်း ဖော်ပြထားသည်။

"ဩော် . . . ငါနှင့်သူတပါး၊ အစားချင်းမတူ၊ လူမစုံမက်၊ မနှစ်သက်သော မြက်နေစာပင်၊ မုန်ညင်းပင် တို့ကိုသာ၊ ဝမ်းစာ နေ့ည စားသုံးရချေသည်။ ဒါနကုသိုလ်၊ ငါပြုမည် ဆိုသော်လည်း ဝတ္ထုကိုယ်မကောင်း၍၊ တောင်းသူမနှစ်သက်က၊ အကျိုးဆက် မကြီးရာ၊ ငါ့အသက်ကို ရက်ရက်မရွံ့၊ အသေခံ၍၊ ငါ့ထံရောက်လာ ယာစကာတို့အား၊ ငါ့အသားကို စားသောက် စေရသော် ဇီဝိတ အလှူ၊ လူမတူ နတ်မတန်၊ သဗ္ဗညု ရွှေဉာဏ်ကို ဧကန်ရပေ တော့မည်တကား"[၂]

အထက်ပါစကားဖြစ်ရပ်သည် အလောင်းတော်ယုန်မင်းက မိမိသည်အများနှင့် အစားချင်းမတူ၊ မိမိ စားသည့်အရာကို လှူပါက၊ အလှူခံသူအတွက် မနှစ်သက်သော ပစ္စည်းဖြစ်ပါက အကျိုးမရှိ ဖြစ်ချေမည်။ အလှူခံသူက မိမိ၏အသားကို စားသောက် လိုသည်ဆိုပါက အသက်ကိုပင် ပေးလှူရဲသော ယုန်မင်း၏ ခံစားမှုကို ပေါ်လွင် စေသည်။ အလှူခံအပေါ်၌ သဒ္ဓါစိတ်ထက်သန်လွန်းသော စိတ်ခံစားမှုပြစကား တာဝန်ကို ပေါ်လွင်စေသော စကားဖြစ်ပါသည်။

---

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ – ၄၀။
[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၄၁။

ထိုစကားသည် ဖျံကို ရည်ညွှန်းပြောဆိုသော စကား ဖြစ်ပါသည်။ ထိုစကားသည် "အူမတောင့်မှ သီလစောင့်" ရသည့် မိမိဝမ်းထဲတွင် အစာအဟာရ ပြည့်မှသာ ဥပုသ်ဆောက်တည်နိုင်မည့် ခံစားမှုပြတာဝန်ကိုလည်း တွေ့ရှိရပါသည်။

"အကျွန်ုပ် တစ်ကိုယ်စာကို၊ မင်းဆရာ တစ်ယောက်မှုကား၊ ဝလောက်စရာ ရှိတန်ပါ၏။ ငါ၏ကိုယ်ကို အလိုရှိတိုင်း ဖြတ်ပိုင်းလှီးခုတ် အရေကိုဆုတ်ပြီးလျှင်၊ တုတ်တံစို့ဖောက်လျှို၊ မီးဖို၍ ဖုတ်ကင်ပါ အားနာတော် မမူနှင့်၊ ထောက်ကူအံ့ညီ၍ ပါရမီ အကျွန်ုပ်မြောက်အောင်၊ စားသောက် တော်မူပါ"[၁]

ထိုစကားရပ်သည် ယုန်မင်းက ပုဏ္ဏားကို ရည်ညွှန်းပြောဆိုသော စကားရပ်ဖြစ်သည်။ မိမိ၏ ခန္ဓာကိုယ်ကို လှီးခုတ်ဖြတ်တောက် အရေခွံခွာ၍ မီးဖိုတွင် ကင်စားပါ။ အားမနာပါနှင့်။ ကျွန်ုပ်၏ ဒါနပါရမီ မြောက်အောင် စားသောက်တော်မူပါဟု အလှူခံပုဏ္ဏားကို ပြောသောစကား ဖြစ်သည်။ ထိုစကားရပ်သည် လူတို့အား အလှူပြုရာတွင် တွန့်တိုခြင်းမရှိဘဲ မိမိ၏အသက်ကိုပင် လှူဒါန်းရဲသော စိတ်မျိုးထားရှိစေရန် ယုန်မင်းက မိမိ၏ခံစားမှုအတိုင်း လောကရှိ လူများကို မိမိကဲ့သို့ အလှူကို ပြတ်သားစွာလှူရန် ခံစားမှုပြတာဝန်ပါပြသော စကားများ ဖြစ်ပါသည်။ ထို့ကြောင့် အလှူပြုရာတွင် နောက်တွန့်မနေဘဲ ပြတ်ပြတ်သားသား လှူဒါန်းရဲသော စိတ်ဓာတ်မျိုးရှိစေရန် ညွှန်ကြားနေသော စကားများ ဖြစ်ပါသည်။ မိမိ၏ စိတ်တွင်း ခံစားမှုအတိုင်း အလှူပြုရာတွင် ပြတ်သားသော စိတ်ဓာတ် ထားရှိနိုင်စေရန် ညွှန်ကြားပေးသော စကားများ ဖြစ်ပါသည်။ ထိုစကားရပ်သည် စကားတာဝန် သုံးရပ်လုံး ထမ်းဆောင်နေသည်ကို တွေ့ရပါသည်။

## ၃၊ ၄။ သူအိုမကြီးဝတ္ထု

အလှူဒါန၏အကျိုးကို ဖော်ပြသော ဦးပုည၏ သူအိုမကြီးဝတ္ထုတွင်လည်း လူမှုဘာသာဗေဒသဘော ပါဝင်သည်။ ထိုဝတ္ထု၌ အဓိကဇာတ်ဆောင် သူအိုမကြီး၏ ပြောစကားကို

"သြော် . . . ငါအသက်ကြီး၊ သေလုနီးသည်၊ ပျာယီးပျာယာ၊ လှူချင်စွာ၍၊ သဒ္ဓါလှူလှူ ကြိုးစား၍ ပြုသောကြောင့် ဆွမ်းမှု ပြီးစီးလေသတည်း။ တပါးသူမှာ၊ အလှူခံရဟန်းကို၊ စုငန်းဝေငှ၊

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ-၄၅။

ရကုန်ကြပြီ။ ဒုက္ခသမား၊ ငါအဖွားမှာ၊ ချက်လားပြုတ်လား၊ ကိစ္စများ၍၊ တစ်ပါးသော သံဃာတော်ကို၊ ပင့်ခေါ်ရန်မရှိသေး၊ ငါ့ဖို့ရာအလှူခံကို၊ စာရေးတံမကျ၊ မလှူရလျှင်၊ လုံ့လအားဆဲ၍၊ ခဲလေသမျှ၊ ငါ့ဒါနသည် သဲကျရေလို"[၁] ဟု ရေးဖွဲ့ထားသည်။

ထိုစကားဖြစ်ရပ်သည် အမယ်အိုး၏ ခံစားမှုကို ပေါ်လွင်စေသော စကား ဖြစ်သည်။ မိမိမှာ အသက်ကြီးပြီး လှူချင်လွန်းအားကြီး၍ ကြိုးစားပြီး ဆွမ်းချက် သည့် ကိစ္စပြီးမြောက်ပြီ။ ငါ့အဖွားမှာ ချက်ပြုတ်မှုကိစ္စနှင့် အလုပ်များနေ၍ သံဃာတော်ကို မပင့်ဖိတ်ရသေး။ မိမိအလှူကို လက်ခံမည့်ပုဂ္ဂိုလ် မရှိပါက မိမိ ကြိုးစားပမ်းစား ချက်ထားရသော ဆွမ်းများမှာ အလကား ဖြစ်ရတော့မည်ဟု စိုးရိမ်ကြီးစွာ ဖြစ်နေသော အမယ်အို၏ အလှူအပေါ် ခံစားရသော စကားဖြစ်ရပ် ဖြစ်ပါသည်။

"ဩော် . . . ဒါယိကာမကြီး နေလည်းနည်းလှပြီ၊ အသီးသီးအသွယ်သွယ် ကြီးငယ်အများ၊ ဤပြည်သားတို့သည်၊ တစ်ပါးစီ နှစ်ပါးစီ၊ မြှောက်ချီပင့်ခေါ်၍၊ သံဃာတော် ကုန်ချေပြီ၊ သို့ရာတွင် ရှင်သာရိပုတ္တရာ၊ ပညာဆီမီး၊ ကိုယ်တော်ကြီး မူကား၊ သင်းသီးအလွတ် ကျန်သေး၏။ အဒေါ်အိုအား၊ ပုဂ္ဂိုလ်ကျော် သနား၍၊ လိုက်စားတော်မူပါလျှင်၊ လှူစရာ ရတော့မည်။"[၂]

အထက်ပါစကားရပ်သည် သူအိုမကြီးကို ရည်ညွှန်းသော စကားဖြစ်သည်။ ဓမ္မာသောကအရှင်က ဒါယိကာမကြီး လာသည်မှာ အချိန်လည်း နည်းလှပြီ။ လူအသီးသီးတို့ သံဃာတော် အကုန်ရချေပြီ၊ အသင်တစ်ယောက်သာ ကျန်တော့ သည်။ ကျောင်းတွင် ရှင်သာရိပုတ္တရာ တစ်ပါးသာ ကျန်သည်။ အမယ်အိုအား သနားလျှင် အရှင် လိုက်ပါလိမ့်မည်၊ သို့မှသာ လှူရပေမည်ဟု ပြောသော စကားသည် အမယ်အိုအား ရှင်သာရိပုတ္တရာထံသွားရန် ညွှန်ကြားသော စကား တာဝန်ပြစကားရပ် ဖြစ်ပါသည်။ အမယ်အိုအပေါ်တွင် ကရုဏာထားသည့် ခံစားမှု လည်း ပါဝင်သည်။

"ငါ့ပါရမီ၊ ကံကူညီပါလျှင် ဤပုဂ္ဂိုလ်ထေရ်ကျော်ကို၊ ပင့်ခေါ်၍ ရတော့မည်ဟု အတည်မကျ၊ နှစ်ခွ တွေးခေါ်လျက် ကျောင်းတော်သို့ တက်သည်တွင်၊ ရှင်သာရိပုတ္တရာလည်း၊

---

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ-၅၁။
[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ-၅၁။

> ပိဏ္ဍာစာရ၊ ဆွမ်းခံကြွမည်ဟု မုခ်ဝက အထွက်တွင် သက်ကြီးမနှင့် လုလုသား ဆုံမိ၍ ဓိပတိ ဘုန်းတော်ရှင် သခင်ကောင်းဘုရား၊ အဖွားအို ဒုက္ခသည်ကို၊ ကယ်ဆယ် တော်မူပါမှ ချမ်းသာရာ ရပါမည်၊ သူတပါးအတု၊ ကုသိုလ်ကို ပြုလို၍ သေလုနီးပါး ဆွမ်းချက်ပြုတ်ပြီးခါမှ၊ အဒေါ်ကြီး အကျွန့်ထံ အလှူခံ ပုဂ္ဂလ၊ ရှာမရသောကြောင့် သောကကြီးစွာ ရောက်ပါသည်။ ဘုန်းတောက်သည့်ဘုရား၊ အကျွန့် အားကိုး၊ သနားတော်မူပါသဖြင့်၊ ကျွန့်အလှူ ဝတ္ထုကံကို သည်းခံတော် မူပါဟု ကရုဏာပွားတိုးအောင်၊ ရှိခိုး၍ လျှောက်ရာ”[၁]

အဆိုပါ စကားရပ်သည် ရှင်သာရိပုတ္တရာကို ရည်ညွှန်းပြောဆိုသော စကားရပ် ဖြစ်သည်။ မိမိ၏ အတိတ်ကံ ပါရမီရှိပါက ရှင်သာရိပုတ္တရာကို ပင့်ဖိတ်၍ ရမည်ဟု စိတ်ထဲတွေး၍ ကျောင်းပေါ်သို့တက်ရာ ကျောင်းပေါ်သို့ ရောက်သောအခါ ရှင်သာရိပုတ္တရာ ကယ်မှသာ ကျွန်ုပ်၏ အလှူမြောက်ပါမည်။ ဆွမ်းခံချက်ပြီးခါမှ အလှူခံပုဂ္ဂိုလ် မရရှိလျှင် မိမိမှာ သောကကြီးစွာ ဖြစ်ရပါ သည်။ ထို့ကြောင့် မိမိကို သနားသဖြင့် အလှူကို လက်ခံပေးပါရန် ရှိခိုး၍ လျှောက်ထားခြင်း ဖြစ်သည်။ ထိုစကားဖြစ်ရပ်သည် မိမိကလှူချင်သော်လည်း အလှူခံမည့်ပုဂ္ဂိုလ် ရှိမှသာ မိမိ၏ အလှူပြီးမြောက်နိုင်ပုံကို ညွှန်ပြနေသော၊ လမ်းညွှန်နေသော စကားရပ်များ ဖြစ်သည်။ မိမိ၏အလှူကို လက်ခံမည့်သူ မရှိပါက အလှူမမြောက်မည်ကို စိုးရိမ်နေသော အမယ်အို၏ သောကကြီးစွာ ခံစားနေရသော ခံစားမှုပြ စကားရပ်လည်း ဖြစ်ပါသည်။

ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကို ရ၍ စိတ်ကြီးဝင်သည့် အခန်း၌

> “ငါတို့သခင် အရှင်ဘုရားကို ငါတို့အားပေးပါ။ အမယ်အိုသည် ရွှေကိုလိုလည်း၊ ကိုယ်နှင့်ဆယ်လေး ရွှေစက်၍ပေးပါမည်။ ပတ္တမြား၊ စိန်၊ ဣန္ဒနီလာ၊ အဖြာဖြာတွင် ကြိုက်ရာကိုရွေး၊ လိုသမျှ ပေးမည်”[၂] ဟု ရေးဖွဲ့ထားသည်။

ထိုစကားရပ်သည် အမယ်အိုအား ရည်ညွှန်းသော စကားရပ် ဖြစ်ပါသည်။ ရှင်သာရိပုတ္တရာကို မိမိတို့အား ပေးပါ။ အမယ်အိုလိုသော ရွှေကို ကိုယ်နှင့်စက်၍ ပေးပါမည်။ ပတ္တမြား၊ စိန်၊ ဣန္ဒနီလာ၊ အဖြာဖြာကို ကြိုက်ရာရွေးပါ လိုသမျှ ပေးပါမည်ဟု မှူးမတ် သူဌေး သူကြွယ်တို့က အမယ်အိုကို ပြောသော စကား

---

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၅၁။
[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၅၃။

ဖြစ်သည်။ ထိုစကားဖြစ်ရပ်တွင် ပုထုဇဉ်လူသားတို့၏ မရသည်ကိုမှ လိုချင်သော စိတ်ခံစားမှုကို တွေ့ရပါသည်။ ရှင်သာရိပုတ္တရာအပေါ် ကြည်ညိုစိတ်၊ သဒ္ဓါစိတ်ကို ဖော်ပြ၍ ခံစားမှုပြတာဝန်ကို ထမ်းဆောင်သော စကားရပ် ဖြစ်ပါသည်။

"မယ်သက်ကြားကလည်း ကြွားကြွားရွှင်ရွှင်၊ စိတ်ကြီးဝင်၍၊ ရွှေစင်ကျောက်မြတ်၊ နဝရတ်သော၊ ပေါများသူ မင်းသူဌေး၊ စက္ကဝါ တင်းတောင်းနှင့်၊ ခပ်လောင်း၍ ပေးသော်လည်း၊ ကျေးဇူးတော်သခင်၊ ငါ့အရှင်ကို၊ ကိုယ်ပင်တို့သို့၊ ဘယ်အတွက် ပို့ပိမ့်မည် အဖွားအို့ဇာတာ၊ ရှစ်ဆယ်ကျော် ကံပေါ်၍လာ မင့်ကို၊ ပဇာနှန့်နဲ့၊ ဘယ်သူ့ကို ငဲ့ရမည်။ မငဲ့ပါဘူး။"[၁]

အမယ်အိုက မှူးမတ်၊ သူဌေး သူကြွယ်များကို ရည်ညွှန်းပြောဆိုသော စကားဖြစ်သည်။ မိမိမှာ အလှူခံပုဂ္ဂိုလ် ရှင်သာရိပုတ္တရာကို ရရှိ၍ မှူးမတ် သူဌေး သူကြွယ်တို့က ရှင်သာရိပုတ္တရာကို မိမိတို့ ဆွမ်းကပ်ခွင့်ပေးပါ။ အမယ်အို လိုသမျှ ပေးပါမည်ဟု ပြောသောအခါ အမယ်အိုက မိမိမှာ အသက်ရှစ်ဆယ်ကျော်မှ ကံပေါ်လာ၍သာ ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို လှူခွင့်ရသူ ဖြစ်သောကြောင့် မည်သူ့ကိုမျှ မငဲ့ပါဘူးဟု ပြောသောစကားသည် အမယ်အို၏ ခံစားမှုကို တွေ့မြင်နိုင်သော စကားရပ် ဖြစ်သည်။ မိမိအလှူပေါ်တွင် ကြည်နူးပီတိဖြစ်ကာ မည်သည့်အရာနှင့်မှ မလဲနိုင်သော သဒ္ဓါတရား ကြီးမားသည့် အမယ်အို၏ စိတ်ခံစားမှုကို ဖော်ဆောင်နိုင်သော ခံစားမှုပြစကားရပ် ဖြစ်ပါသည်။

အမယ်အိုက ပြောသောစကားများမှာ–

"အနာထပိဏ်သော၊ မောင်ပိဏ်သော၊ ဝိသာခါသော၊ မယ်ခါသော၊ နောဇာနာမိ တို့မသိပါဘူး။ မဏိခနေ၊ မြပုလဲစင်၊ ကျောက်မျက်ရှင် တို့မလို။ ငါ့သခင်ဘုန်းမိုကို ကြည်ညိုစွာ ငါလုပ်ကျွေးမည်။ မပေးဘူး၊ မယောင်နှင့်။"[၂]

အထက်ပါ စကားရပ်သည် မှူးမတ်၊ သူဌေးတို့ကို ရည်ညွှန်းသော စကားရပ် ဖြစ်သည်။ အမယ်အိုက မိမိထံမှ ရှင်သာရိပုတ္တရာကို တောင်းရာ မိမိမှာ သူဌေးသော၊ မှူးမတ်လော မသိပါ။ မိမိကိုပေးသော ဥစ္စာပစ္စည်းတို့ကို မမက်မော။ အရှင့်ကိုသာ ကြည်ညိုစွာ ဆွမ်းကျွေးမည်။ မတောင်းနှင့်၊ မပေးဘူး ဟူသော အမယ်အို၏

---

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၅၃။
[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၅၄။

ပြတ်သားသော စိတ်ဓာတ်၊ ခံယူထားသော စိတ်ထား၊ မြင့်မြတ်သော စိတ်ဓာတ်တို့ကိုပါ မြင်တွေ့ရသော အမယ်အိုရဲ၏ ခံစားမှုကိုပြသော စကားရပ် ဖြစ်သည်။ မိမိ၏ဆွမ်းအလှူကို ရွှေငွေဥစ္စာ မလဲနိုင်သော အလှူဒါနအပေါ် မိမိကဲ့သို့ စိတ်ထားရှိရန် လမ်းညွှန်ပြနေသော ညွှန်ကြားတာဝန်ပြ စကားရပ်လည်း ဖြစ်သည်။ ထိုစကားရပ်သည် စကားတာဝန် သုံးရပ်လုံးကို ထမ်းဆောင်သော စကားရပ် ဖြစ်သည်။

## ၃၊ ၅။ ဥပမာလေးဦးဝတ္ထု

ထိုဝတ္ထုတွင် ခန္ဓာကိုယ်၏ ရွံရှာစက်ဆုပ်ဖွယ်ကောင်းပုံကို–

> "ခန္ဓာကိုယ်သည်လည်း နှပ်၊ သလိပ်၊ ချွေး၊ ပြည်၊ သွေး၊ မစင်၊ ကျင်ငယ်၊ ဦးနှောက်၊ ပိုးလောက် အပြည့်နေ၍၊ ရေအိမ်နှင့် တူသော အသွင်ကို မထင်စေရ၊ လှပပြေပြစ်၊ ချစ်စရာအသွင်ကို ထင်ရစေတတ်သည်။"[1] ဟု ရေးဖွဲ့ထားသည်။

ထိုစကားဖြစ်ရပ်သည် ခန္ဓာကိုယ်ကို ရည်ညွှန်းသော စကားရပ် ဖြစ်ပါသည်။ ခန္ဓာကိုယ်ကြီး၏ ရွံရှာစက်ဆုပ်ဖွယ်ကောင်းပုံကို ရည်ညွှန်း ပြောဆိုသော စကားရပ် ဖြစ်သည်။ ထိုကဲ့သို့ စက်ဆုပ်ဖွယ်ကောင်းသော ခန္ဓာကိုယ်ကြီးကို မက်မော၍ ချစ်စရာအသွင်ဟု လူအများက မှတ်ယူတတ် ကြသည်။ ခန္ဓာကိုယ်ကြီးကို ချစ်စရာဟု မခံစားစေလိုသော ခံစားမှုပြ စကားရပ်လည်း ဖြစ်သည်။ သဵါရသဘောကို ညွှန်ပြနေသော ညွှန်ကြားတာဝန်ပြစကားလည်း ဖြစ်သည်။ ထိုကဲ့သို့ မမှတ်ယူကြစေရန် ညွှန်ကြားနေသော စကားရပ် ဖြစ်ပါသည်။

> "ဤသို့ဖြစ်ပျက်မစဲ၊ ဝဲရေပမာ၊ လူ့ရွာ၊ နတ်ဘုံ၊ စုန်ကာ၊ ဆန်ကာ၊ ဆုံမှာတပ်နွှား၊ ရဟပ်၊ ချားကဲ့သို့၊ ပျက်ပြားပြိုကွဲ၊ ဆင်းရဲအတိသာဖြစ်သော သတ္တဝါ၏ကိုယ်"[2]

ဤစကားရပ်သည် ခန္ဓာကိုယ်ကို ရည်ညွှန်းသော စကားရပ် ဖြစ်သည်။ ခန္ဓာကိုယ်ကြီးသည် ဖြစ်ပြီးလျှင် ပျက်တတ်သော လူ့ပြည်လူ့ရွာတွင် စုန်ကာ ဆန်ကာ၊ ဆုံမှာ နွှားတပ်ထားသကဲ့သို့၊ အဆုံးတွင် သေဆုံးခြင်းသာ ရရှိစေသော ခန္ဓာကိုယ်သာ ဖြစ်ကြောင်း၊ ခန္ဓာကိုယ်၏ မတည်မြဲသော သဘောကို သိစေရန် ခန္ဓာကိုယ်ပေါ်တွင် ခင်မင်တွယ်တာတတ်သော လူ့သဘာဝအရ ခံစားမှု မပြင်းထန်

---

၁ ပုည၊ ဦး၊ ၂၀၁၆၊ စာ–၅၈။

၂ ပုည၊ ဦး၊ ၂၀၁၆၊ စာ–၅၉။

စေရန် ခံစားမှုပြ စကားရပ်လည်း ဖြစ်သည်။ လူသားတို့အား မမက်မောကြစေရန် ညွှန်ကြားနေသော စကားရပ်လည်း ဖြစ်ပါသည်။

> "ဆံဖြူသွားကျိုး၊ အရိုးပြိုင်းပြိုင်း၊ ကိုင်းကိုင်းမရပ်၊ ထိုင်ရပ် မနေ၊ အရေတွန့်တွ၊ အိုကာလ ရောက်သောအခါ၊ မျက်နှာ ခြိုက်ဟောက်သော၊ တောမျောက်နှင့် တူလေ၍၊ သေမင်းတည်း ဟူသော လေခတ်က ပြာသာဒ်သည် ပျက်ပြိုသကဲ့သို့"[၁]

အထက်ပါ စကားဖြစ်ရပ်သည် ခန္ဓာကိုယ်ကြီးကို ရည်ညွှန်းသော စကားရပ် ဖြစ်သည်။ အသက်အရွယ်ကြီးလာပါက ဆံပင်ဖြူ၊ သွားတွေကျိုး၊ အရိုးပြိုင်းပြိုင်း ဖြစ်လျက် မတ်တပ်မျှပင် မရပ်နိုင်၊ အရေတွန့်လိပ်ကာ၊ မျက်နှာဟောက်ပက်နှင့် နောက်ဆုံး သေမင်းဆီသို့သာ သွားရပုံကို လူအများသိမြင်နိုင်စေရန် လူ့လောက၏ မတည်မြဲသော သဘောကို လူအများခံစားမိစေရန် ခံစားတာဝန်ပြ စကားရပ်လည်း ဖြစ်ပါသည်။ လူအများ လိုက်နာနိုင်စေရန် ညွှန်ကြားနေသော စကားရပ်လည်း ဖြစ်ပါသည်။

> "ငါးဖြာသီလ၊ အဋ္ဌင်္ဂဥပုသ်၊ ကိုယ်၊ နှုတ်၊ နှလုံး၊ စောင့်သုံးသော ကောင်းမှုကြောင့်၊ မြင့်မြတ်သောနေရာ၊ နတ်ရွာသို့ရောက်လေသည်"[၂]

ထိုစကားရပ်သည် လောကရှိ လူသားများကို ရည်ညွှန်းသော စကားရပ် ဖြစ်ပါသည်။ ဥပုသ်သီလဆောက်တည်ခြင်း၊ ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်းသည် ကောင်းမွန်မြင့်မြတ်ပြီး နတ်ရွာသို့တိုင် ရောက်နိုင်ကြောင်း လိုက်နာကျင့်ကြံ ကြစေရန် ညွှန်ကြားနေသော စကားရပ် ဖြစ်ပါသည်။

> "ငါးဝသော ဂရုဓမ္မသီလကို၊ ထာဝရဆောက်တည်လျက်၊ အဋ္ဌင်္ဂီ သီလမြတ်ကို မပြတ်အောင် အားထုတ်၍၊ ကိုယ်နှုတ်နှလုံးကို စောင့်သုံးဆီးတား၊ ဖြဟ္မစိုရ် ပွားကြပြီးလျှင်၊ လေးဆယ်သော ကမ္မဋ္ဌာန်းတရားတို့တွင်၊ မိမိတို့ စရိုက်နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်း တရားတို့ကို၊ ပွားများအားထုတ်ကုန်ရာသည်"[၃]

အထက်ပါစကားရပ်သည် လောကရှိ လူသားတို့ကို ရည်ညွှန်းနေသော စကားရပ် ဖြစ်သည်။ သီလဓမ္မကို ဆောက်တည်ပြီး ဥပုသ်သီလမြတ်ကို မပြတ်အောင်

---

[၁] ပုညာ၊ ဦး၊ ၂၀၁၆၊ စာ–၆၀။

[၂] ပုညာ၊ ဦး၊ ၂၀၁၆၊ စာ–၆၂။

[၃] ပုညာ၊ ဦး၊ ၂၀၁၆၊ စာ–၆၃။

အားထုတ်၍ ကိုယ်နှုတ်နှလုံး စောင့်ထိန်းပါ။ မိမိတို့နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းတရားတို့ကို ပွားများအားထုတ်ရန် ရည်ညွှန်းသော စကားရပ်လည်း ဖြစ်သည်။

ဆဒ္ဒန်ဆင်မင်း ဝတ္ထုတွင် သောနုတ္တရမုဆိုး၏ ဇာတ်ဆောင်စရိုက်ကို သရုပ်ဖော် ရေးဖွဲ့ရာတွင်

> "ဤယောကျ်ားသည် အများနှင့်မတူ၊ အမူကြမ်းခက်၊ ကွဲအက်ညစ်တေ၊ ထန်းပလပ်ပြားကဲ့သို့ ကြီးမားသော ခြေဖဝါး ရှိသည်။"[၁] ဟု လည်းကောင်း

နံကိုင်းနံရိုးများကို ရေးဖွဲ့ထားပုံမှာ

> "ဇရပ်ဟောင်း ကျောင်းဆိုး၊ အမိုးပျက်ပြို၊ ရနယ်အိုကဲ့သို့၊ ဖရိုဖရဲ၊ ကြီးကြဲယို့ယိုင်းသော၊ နံကိုင်းနံရိုးလည်း ရှိသည်။"[၂]

ဟု လည်းကောင်း ရေးဖွဲ့ထားသည်။

ထိုအဖွဲ့၌ စာရေးသူသည် သောနုတ္တရမုဆိုး၏ မနှစ်သက်ဖွယ်၊ စက်ဆုပ်ဖွယ် ရုပ်သွင်ကို စာဖတ်သူ၏ စိတ်အာရုံ၌ ထင်မြင်လာအောင်နှင့် စက်ဆုပ်ကြောက်ရွံ့သည့် ရသခံစားမှုများ ဖြစ်ပေါ်လာအောင် သရုပ်ဖော် ရေးဖွဲ့ထားသည်။ ထိုသရုပ်ဖော်အဖွဲ့မှာ ကျက်သရေမရှိသော မုဆိုး၏သွင်ပြင်ကို "ခက်" "အက်" ဆိုသည့် အသတ်ကာရန်များ၊ "ပြား"၊ "မား" "ဝါး" စသည့် သံလေးများကို သုံးထားခြင်းဖြင့် မုဆိုး၏ပုံပန်းကို မျက်စိတွင် မြင်ယောင်လာစေသည်။

ထိုအသံများက စက်ဆုပ်ကြောက်ရွံ့မှုရသ ဖြစ်စေရန် အထောက်အကူပြုထားသည်။ ထို့အတူပင် "ဆိုး" "မိုး"၊ "ယိုင်း" "ကိုင်း" စသည့် သံလေး ကာရန်များကလည်း မုဆိုး၏ မတင့်တယ်သော စက်ဆုပ်ဖွယ်ပုံပန်းကို ပိုမိုပေါ်လွင်အောင် ပံ့ပိုးပေးထားသည်။

ဦးပုညသည် သံလေးနှင့် သံလွင်များကို တလှည့်စီ သုံးနှုန်းစပ်၍ ကြောက်ရွံ့ဖွယ်သရုပ်ကို ဖော်ထုတ်ကာ ကြောက်ရွံ့မှုရသ၊ စက်ဆုပ်မှုရသ ပေါ်လွင်စေသည်။

စကားပြေတွင် အသံကာရန်များကို အချိတ်အဆက်မိမိ ရေးဖွဲ့ခြင်းဖြင့်လည်းကောင်း၊ အကြောင်းအရာနှင့် လိုက်ဖက်သောအသံများကို အသုံးပြုခြင်းဖြင့်

---

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၆။
[၂] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၆။

လည်းကောင်း ရသမြောက်အောင် ဖွဲ့ဆိုထားပါသည်။ ထိုနည်းဖြင့် ဖွဲ့နွဲ့ရှင်းပြတာဝန် ထမ်းဆောင်ထားသည်ကို တွေ့ရပါသည်။

ဆဒ္ဒန်ဆင်မင်းက အစွယ်ကို ဖြတ်၍ပေးပြီးနောက် သောနုတ္တရမုဆိုးအား မှာကြားသည့် အခန်းတွင်–

> "စိမ်းကားမျက်ငြိုး၊ သစ်ယောင်းခက်၊ ချိုးဘိသကဲ့သို့၊ ချစ်ကြိုးဖြတ်ဖြေ၊ သင်သတ်ရက်လေသောကြောင့်၊ သင့်သက်ဝေငယ်လင်၊ ငါဆဒ္ဒန်သည်၊ မြေတွင်တုံးလုံး၊ မြားချက်ဖြင့်ဆုံးပါပြီ၊ ရွှေသုံးရံချယ်၊ ကြာရိပ်လယ်မှာ၊ ရယ်ကာမောကာ၊ မျက်နှာငွေလ၊ ရွှင်ပပနှင့် ခင်မဝမ်းမြောက်တော်မူပါလော့" [၁] ဟု ရေးဖွဲ့ထားပါသည်။

ဦးပုညသည် ဝတ္ထုစကားပြေ၌ပင် စာအရေးအဖွဲ့ ကျွမ်းကျင်သူပီပီ အသံကာရန်များကို နေရာတကျ ထည့်သွင်းရေးဖွဲ့ထားသောကြောင့် ဆဒ္ဒန်ဆင်မင်း၏ ကြေကွဲခံစားမှုများ၊ ချစ်သူ ပျော်ရွှင်ဝမ်းမြောက်စေရန် အသက်ကို အသေခံသည်အထိ ခွင့်လွှတ်စိတ်၊ အရှုံးပေးစိတ်စသည့် သူတော်ကောင်းစိတ်များ ပေါ်လွင်လာစေပါသည်။ ထိုအဖွဲ့တွင် "ညှိုး" "ချိုး" "ကျိုး" ဆိုသည့် သံလေးကာရန်များ၊ "ဖြေ" "လေ" "ဝေ" ဆိုသည့် သံလွင်ကာရန်များ၊ "လုံး" "စုံး" "သုံး" ဆိုသည့် သံလေးကာရန်များကို တစ်ပြန်တစ်လှည့်စီ ထည့်သွင်းဖွဲ့စပ်ထားသည်ကို တွေ့ရသည်။

"ငြိုး၊ ချိုး၊ ကြိုး" ဆိုသည့် သံလေးကာရန်က ဆဒ္ဒန်ဆင်မင်း နာကျင်ခံစားမှုကို ပေါ်လွင်စေသည်။ "ဖြေ၊ လေ၊ ဝေ" ဆိုသည့် သံလွင်ကာရန်များက ခွင့်လွှတ်စိတ်၊ အရှုံးပေးစိတ်ဖြင့် အားလျော့ညှိုးငယ်စွာ ခံယူသည့် စိတ်အခြေအနေကို ထင်ဟပ်စေသည်။

"လုံး၊ စုံး၊ သုံး" ဆိုသည့် သံလေးကာရန်များက ရန်ငြိုးဖြစ်ရသည့် အဆုံးသတ် နာကျင်ဖွယ်ကောင်းပုံကို လေးနက်ထင်ရှားစေပါသည်။ ဆဒ္ဒန်ဆင်မင်း၏ဆန္ဒကို ဖွဲ့ရာ၌ "လ" "ပ" "မ" ဆိုသည့် သံလတ်ကာရန်များကို အသုံးပြုကာ ရေးဖွဲ့ထားသည့်အတွက် မေတ္တာစိတ်နှင့် နာကျင်ခံစားစိတ်များ ပေါ်လွင်လာပါသည်။

စကားပြေ၌ အကြောင်းအရာနှင့် ဆီလျော်လိုက်ဖက်သည့် ကာရန်များ၊ အသံများကို ရွေးချယ်သုံးနှုန်းခြင်းဖြင့် ဖွဲ့နွဲ့ရှင်းပြတာဝန်ကို ထမ်းဆောင်ထားသည်။

---

[၁] ပုည၊ ဦး၊ ၂၀၁၆၊ စာ–၃။

အကြောင်းအရာနှင့် ဆီလျော်သည့် အသံများဖြင့် ပေါင်းစပ်ကာ ရေးဖွဲ့ခြင်းဖြင့် ဆဒ္ဒန်ဆင်မင်း၏ မေတ္တာစိတ်၊ ချစ်သူကို ပျော်ရွှင်ဝမ်းမြောက်စေလိုသည့်စိတ်၊ အရှုံးပေးလိုသည့်စိတ် ပေါ်လွင်စေသည်။ ဖြစ်ရပ်အခြေအနေကို ရှင်းပြပြီးလျှင် ရသမြောက်အောင် ဖွဲ့ဆိုထားသော အဖွဲ့အနွဲ့ကို တွေ့ရသည်။ အဖွဲ့အနွဲ့သည် သာယာနာပျော်ဖွယ်ဖြစ်ပြီး သိင်္ဂါရရသ၊ ကရုဏာရသမြောက်ပါသည်။

သူအိုမကြီးဝတ္ထုတွင်လည်း

> "အနာထပိဏ်သော၊ မောင်ပိဏ်သော၊ ဝိသာခါသော၊ မယ်ခါသော၊ နောဇာနာမိ တို့မသိပါဘူး။ မဏိခေ၊ မြပုလဲစင်၊ ကျောက်မျက်ရှင် တို့မလို။ ငါ့သခင်ဘုန်းမိုကို ကြည်ညိုစွာ ငါလုပ်ကျွေးမည်။ မပေးဘူး၊ မယောင်နှင့်"[၁]

အသံသဘောပါသည့် ရွတ်ဆိုမှုကို တွေ့ရှိရပါသည်။ ရှင်သာရိပုတ္တာရာမထေရ်မှတပါး မည်သည့် သူဌေးသူကြွယ်ကိုမှ မမက်မော၊ မမူသော အသံသဘောက စိတ်အခြေအနေကို ပို၍ပေါ်လာစေသည်။ "သော" အသံကို ထပ်ကာ ထပ်ကာ သုံးခြင်းသည် စာဖတ်သူစိတ်ထဲ၌ ရှင်သာရိပုတ္တာရာမထေရ်ကို ရ၍ စိတ်ကြီးဝင်နေသူ သူအိုမကြီး၏ သဒ္ဓါစိတ်နှင့် ကြည်ညိုစရာ ရယ်မောရွှင်ပြုံးမှု ရသကို ခံစားလာရစေသည်။

အထက်ပါစကားရပ်သည် လောကရှိ လူသားတို့ကို ရည်ညွှန်းနေသော စကားရပ် ဖြစ်ပါသည်။ သီလ၊ ဓမ္မကို ဆောက်တည်ပြီး ဥပုသ်သီလမြတ်ကို မပြတ်အောင် အားထုတ်၍၊ ကိုယ်နှုတ်နှလုံး စောင့်ထိန်းပါ။ မိမိတို့နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းတရားတို့ကို ပွားများအားထုတ်ရန် ညွှန်ကြားသော စကားရပ်လည်း ဖြစ်ပါသည်။

ကဗျာပုံသဏ္ဌာန်နှင့် စပ်လျဉ်း၍ ကဗျာတွင် အသံသည် အဓိကကျသကဲ့သို့ အပြောဘာသာစကားဖြစ်သော ဝတ္ထုတွင်လည်း အသံပုံစံသည် အဓိကကျပါသည်။ အထူးသဖြင့် အသံကာရန်သဘောပါသည့် ဦးပုည၏ဝတ္ထုများတွင် အသံပုံစံဖြင့် သာယာနာပျော်ဖွယ် ဖြစ်အောင် ဖော်ဆောင်ထားသည့် ဖွဲ့စည်းပုံများကို တွေ့ရပါသည်။

---

[၁] ပုည၊ ဦး ၊ ၂၀၁၆၊ စာ-၅၄။

## ခြုံငုံသုံးသပ်ချက်

ဦးပုညသည် စာဖတ်ပရိသတ်အား ဗဟုသုတပေးရန်နှင့် အဆုံးအမပေးရန်သာ မဟုတ်ဘဲ စာဖတ်ပရိသတ်၏ စိတ်စေတနာကိုလည်း နှိုးဆွပေးနိုင်ခဲ့သည်။ တနည်းအားဖြင့် စာဖတ်ပရိသတ်ကို နှစ်သက်ခြင်း ဖြစ်စေသည်။ ထိုနှစ်သက်ခြင်းနှင့် တစ်ပါတည်း ဘဝအသိကို ပရိသတ်၏စိတ်၌ ဝင်ရောက်စွဲငြိသွားအောင် ဖန်တီးနိုင်သည်။

ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် မိန်းမ၏အလိုကို လိုက်လျောတတ်သော ယောကျ်ားတို့၏ အလိုလိုက်မှုကြောင့် ဆဒ္ဒန်ဆင်မင်း သေဆုံးရသည်ကိုကြည့်၍ လောကရှိလူသားတို့ ထိုကဲ့သို့မမှားကြစေရန် ရည်ညွှန်းပြောစကားများဖြင့် သတိပေးဆုံးမထားပါသည်။ သူအိုမကြီးဝတ္ထုတွင် အလှူပစ္စည်းရှိသော်လည်း အလှူခံပုဂ္ဂိုလ်မရှိပါက အချည်းအနှီး ဖြစ်တတ်ပုံ၊ နှစ်ဦးနှစ်ဘက် ပြည့်စုံမှသာ မိမိ၏အလှူပြီးမြောက်နိုင်ကြောင်း၊ ရည်ညွှန်းစကားများဖြင့် လမ်းညွှန်ခဲ့ပါသည်။ သိဝရာဇ်မင်းကြီးဝတ္ထုတွင် အလှူပြုရာ၌ သဒ္ဓါတရားအရေးကြီးပုံ၊ မိမိ၏အသွေးအသားကိုပင် လှူဒါန်းရဲသော စိတ်ဓာတ်မျိုး မွေးမြူနိုင်ကြစေရန် ရည်ညွှန်းစကားများဖြင့် လူတို့အား အလှူပြုရာတွင် သဒ္ဓါတရားထက်သန်စေရန် ညွှန်ကြားခဲ့ပါသည်။ အလောင်းတော် ယုန်မင်းဝတ္ထုတွင် မိမိအသက်ကိုပင် ပေးလှူရဲသော သတ္တိမျိုးရှိကြစေရန် ရည်ညွှန်းစကားများဖြင့် လမ်းပြပေးခဲ့ပါသည်။ ဥပမာလေးဦးဝတ္ထုတွင် ခန္ဓာကိုယ်၏ ရွံရှာဖွယ်ကောင်းပုံ၊ နောက်ဆုံးတွင် တရားဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းသာ အဓိကဖြစ်ပုံတို့ကို ရည်ညွှန်းပြစကားများဖြင့် ညွှန်ပြထားပါသည်။

ခံစားမှုပြစကားများဖြင့် ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် ခံစားမှုကို ဦးစားမပေးသင့်ပုံ၊ ခံစားမှုနောက်သို့ လိုက်မိပါက အမှားဖြစ်တတ်ပုံတို့ကို စူဠသုဘဒ္ဒါ၏ ခံစားမှုပြ စကားများဖြင့် ဆုံးမထားပါသည်။ မိမိ၏စိတ်ခံစားမှု ပြင်းထန်ခြင်း ကြောင့် မပြုလုပ်သင့်သည့်ကိစ္စများ သတိပြုမိစေရန် မိမိတို့၏စိတ်ကို ထိန်းချုပ်နိုင်စေရန် သတိပေးထားပါသည်။ သူအိုမကြီးဝတ္ထုတွင် လောက၌ မရှိလို့မလှူ၊ မလှူလို့မရှိ မဖြစ်ကြစေရန် သူအိုမကြီး၏ ခံစားမှုများဖြင့် အချိန်မီ လှူဒါန်းကြစေလိုသော စေတနာဖြင့် တိုက်တွန်းထားသည်။ သိဝရာဇ်မင်းကြီးဝတ္ထုတွင် မိမိ၏စိတ်ထားမျိုး လူတိုင်းထားရှိစေရန်၊ ခံစားတတ်ကြစေရန်၊ အလှူကို ပြတ်သားရဲဝံ့စွာ လှူဒါန်းကြစေရန် လမ်းညွှန်နေပါသည်။ ယုန်မင်းဝတ္ထုတွင် မိမိအသက်ကို မတွယ်တာဘဲ ယတိပြတ် လှူဒါန်းစေလိုသော စိတ်မျိုးထားရှိကြစေရန် တိုက်တွန်းထားပါသည်။

ဥပမာလေးဦးဝတ္ထုတွင် လူ့ဘဝ၌ နောက်ဆုံးတွင် တရားဘာဝနာသည်သာ အရေးကြီးဆုံး ဖြစ်သည်ကို သိရှိပြီး၊ ထိုအသိကို မမေ့ကြစေရန် နှိုးဆော်ထားသည်။

ညွှန်ကြားမှုစကားများဖြင့် ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင် လောကရှိ လူသားတို့သည် အငြိုးအတေးကြီးမှုကြောင့် အသက်သေဆုံးရတတ်ပုံ၊ ထိုအဖြစ်မျိုး မပြုလုပ်ရန် ညွှန်ကြားစကားများဖြင့် ဆုံးမထားပါသည်။ သူအိုမကြီးဝတ္ထုတွင် ပစ္စည်းဥစ္စာထက် အလှူဒါနက အရေးကြီးပုံ၊ မိမိဘဝ ကောင်းကျိုးအတွက် အလှူသည် ပဓာနဖြစ်ပုံ ဒါနသာ အရေးကြီးပုံတို့ကို ညွှန်ကြားနေခြင်း ဖြစ်သည်။ သိဝရာဇ်မင်းကြီးဝတ္ထုတွင် အလှူအားလုံးထဲတွင် အသွေးအသားအလှူသည် အမွန်မြတ်ဆုံး ဖြစ်ကြောင်း ညွှန်ကြားဆုံးမထားခြင်း ဖြစ်ပါသည်။ ယုန်မင်းဝတ္ထုတွင်လည်း လှူစရာမရှိသည့် အဆုံး မိမိအသက်ကို ပေးလှူရဲသော သတ္တိမျိုး ရှိကြစေရန် လမ်းညွှန်ပေးနေပါသည်။ ဥပမာလေးဦးဝတ္ထုတွင် တရားဘာဝနာ စီးဖြန်းခြင်းဖြင့် နောက်ဆုံးတွင် နိဗ္ဗာန်ရောက်နိုင်ကြောင်း ညွှန်ကြားလမ်းညွှန် ဆုံးမပေးနေသော ဝတ္ထုများပင် ဖြစ်ပါသည်။

ဦးပုည၏ဝတ္ထုများတွင် ဇာတ်ဆောင်များ၏ အပြန်အလှန် ပြောစကားများဖြင့် ဖွဲ့နွဲ့ရှင်းပြစကားများက လူ့သဘာဝများကို ပေါ်လွင်လှပါသည်။ ဇာတ်လမ်းဇာတ်ဆောင်တို့ဖြင့် ဇာတ်လမ်းဖန်တီးရာတွင် ပြောစကားများသည် အရေးပါသည်။ ပြောစကားဖြင့် ဇာတ်ဆောင်တစ်ဦးက တစ်ဦးကို ရည်ညွှန်းနိုင်သည်။ ပြောစကားများတွင် ဦးတည်ရည်ညွှန်းသော ဇာတ်ဆောင် ရှိသည်။ ဇာတ်ညွှန်းတာဝန်ထမ်းဆောင်ခြင်းဖြင့် ဇာတ်ဆောင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေး တစ်ဦးပေါ်တစ်ဦး ထားရှိသည့် သဘောထား၊ ခံစားမှုများ ပေါ်လွင်လာသည်။ ထိုနည်းဖြင့် ဇာတ်ကွက်များ ချိတ်ဆက်ပေးသည်။ ဝတ္ထုတွင်ပါဝင်သော ပြောစကားများသည် ဇာတ်ဆောင်များ၏ ခံစားမှုများကို ဖော်ပြပေးသည်။ ခံစားမှုများကို ဖော်ပြခြင်းဖြင့် ဇာတ်လမ်းဖြစ်ပေါ်ရုံမက ရသခံစားမှုကို ဖြစ်ပေါ်စေသည်။ ရသခံစားမှု မှတစ်ဆင့် လူမှုပတ်ဝန်းကျင်တွင် လူအချင်းချင်း ဆက်ဆံရာ၌ သတိပြုသင့်သည့်အချက်များကို နားလည်နိုင်စွမ်း ရှိစေပါသည်။ ဝတ္ထုသည် လူမှုပြုပြင်ရေးအသွင်ကို ဆောင်လာစေရန် အတွက် လူမှုဘာသာဗေဒ သဘောနွယ်သော ပြောစကားများသည် အရေးပါသည်ဟု ထင်မြင်မိပါသည်။

အမှတ်မထင်ပြုမိသည့် အပြုအမူတစ်ရပ်ကြောင့် တစ်ဦးနှင့်တစ်ဦး အထင်လွဲမှားရာမှ အမုန်းတရားဖြင့် စိတ်၏ခံစားမှုနောက်သို့ လိုက်ကာ ကြေကွဲဖွယ် ဖြစ်ရပ်နှင့် ကြုံကြရသည်။ ထိုကဲ့သို့ မဖြစ်စေဘဲ အချင်းချင်း ချစ်သောမျက်စိဖြင့် ကြည့်ရှု၍ အရှုံးပေး ခွင့်လွှတ်စိတ်ကို မွေးတတ်စေရန် ဦးပုညဝတ္ထုရှိ စကားဖြစ်ရပ်များက ညွှန်ပြနေသည်ဟု ဆိုချင်ပါသည်။ လောကရှိလူတို့၏ သဘာဝနှင့် နီးစပ်နေသည်ကို

တွေ့နိုင်ပါသည်။ မိမိအပေါ် အပြစ်ကျရောက်မည်ကို သိသောအခါ သူတစ်ပါးကိုပါ ဆွဲထည့်တတ်သော၊ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိသော လူတို့၏ စိတ်ဓာတ်ကို စာဖတ်သူတို့ ခံစားလာအောင် ခံစားမှုပြစကားရပ်များဖြင့် တင်ပြထားသော ဦးပုည၏ စေတနာကို မြင်တွေ့ရသည်။ လူအများကို လမ်းညွှန်ပြသ ပေးနိုင်သော စကားဖြစ်ရပ်များဟု ထင်မြင်မိပါသည်။

## နိဂုံး

ဦးပုည၏ ဝတ္ထုများသည် လူသားတို့အတွက် နည်းယူမှတ်သားစရာ၊ ဆင်ခြင်စရာ ဘဝအသိများကို ပေးစွမ်းနိုင်ပါသည်။ ဦးပုညသည် ဗုဒ္ဓစာပေဇာတ်ဝတ္ထုများကို ဝတ္ထုတိုများအသွင်နှင့် ပြန်လည်ရေးသားရာတွင် မူလဇာတ်လမ်းပါ ရည်ရွယ်ချက်များ မပျက်အောင် တင်ပြနိုင်ခဲ့ပါသည်။ ဦးပုညဝတ္ထုများ၏ ထူးခြားချက်မှာ ဇာတ်ဆောင်စရိုက်များကို ပေါ်လွင်အောင် ရေးဖွဲ့ခြင်းဖြစ်သည်။ ဇာတ်ဆောင်စရိုက် ပေါ်လွင်စေရန် ပြောစကားများကို အနုပညာဂုဏ်မြောက်အောင် ရေးဖွဲ့သည်။ ဇာတ်ဆောင်တို့၏ ပြောစကားများမှတစ်ဆင့် စာဖတ်သူတို့အနေဖြင့် မိမိတို့ လူမှုဘဝပတ်ဝန်းကျင်ကို ထင်မြင်လာစေသည်။ ဆင်ခြင်မိလာစေသည်။ သူတော်ကောင်းစရိုက်အပေါ် နှစ်သက်မြတ်နိုးပြီး သူယုတ်မာစရိုက်ကို ရှောင်ကြဉ်တတ်လာစေသည်။ ဦးပုညဝတ္ထုများပါ ပြောစကားများကို လူမှုဘာသာဗေဒ ရှုထောင့်မှ ဆက်လက်၍ သုံးသပ်နိုင်သေးသည်ဟု ထင်မြင်မိပါသည်။

## ကျမ်းကိုးစာရင်း

စိန်လွင်လေး၊ (၁၉၆၃)။ ***စလေဦးပုည၏ ဝတ္ထုလေးပုဒ်အဖွင့်***၊ ဆိုရှယ်စာအုပ်တိုက်။

ညောင်ကန်ဆရာတော်၊ (၁၃၂၃)။ ***ငါးရာငါးဆယ်ဝတ္ထု***၊ စတုတ္ထအုပ် ဣစ္ဆာသယပိဋကတ် ပုံနှိပ်တိုက်၊ ရန်ကုန်။

တင့်ထွေး၊ (၁၉၉၂)။ ***ဦးပုညစာပန်းကုံးများ***၊ ပထမတွဲ

တင်မြင့်၊ မောင်၊ (၁၉၆၈)။ ***ဦးပုညလက်ရွေးစင်များ***၊ (ပကြိမ်)၊ နံ့သာတိုက်။

ပုည၊ ဦး၊ (၁၉၅၀)။ ***ဦးပုညဝတ္ထုတိုပေါင်းချုပ်နှင့် ခက်ဆစ်အဖြေ***၊ သုဓမ္မာဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်။

ပုည၊ ဦး၊ (၂၀၁၁)။ ***ဒါနခန်းဝတ္ထုများ***၊ ပန်းရွှေပြည်စာပေ၊ ရန်ကုန်၊ (တကြိမ်)

ဖိုးကျား၊ ဦး၊ (၁၉၉၉)။ ***ငါးရာ့ငါးဆယ်ကောက်နုတ်ချက်***၊ (၁၉၉၉) (ဒုတွဲ) ပါရမီစာပေ၊ (ဒုကြိမ်)။

ဖိုးကျား၊ ဦး၊ (၂၀၀၀)။ ***ငါးရာ့ငါးဆယ်ကောက်နုတ်ချက်***၊ (တတွဲ) (၂၀၀၀) ပါရမီစာပေ၊ (ဒုကြိမ်)။

ဝေမာကြည်၊ (၂၀၀၈)။ ***မြန်မာဘာသာစကားရှိ ဆိုရိုးများကို လူမှုဘာသာဗေဒ အမြင်ဖြင့် လေ့လာခြင်း***။

သီတာကြွယ်၊ ( ၁၉၉၄)။ ***ဦးပုည၏ ဝတ္ထုခြောက်ပုဒ်လေ့လာချက်***။

အေးသန့်၊ မောင် (၁၉၆၇)။ ***ဦးပုညနှင့် အချုပ်တန်းဆရာဖေတို့၏ ဘဝစာပေ အထွေထွေ***၊ ပန်စရာ ပုံနှိပ်တိုက်၊ ရန်ကုန်။

အောင်မြင့်ဦး၊ ဒေါက်တာ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***၊ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

# မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယစကားသံ

မောင်မောင်ဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့(ဂျိန်းဖော) လူမျိုးများ ပြောဆိုသော (မြန်မာစကား) ဒေသိယစကားသံများအကြောင်း သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ ဤသို့တင်ပြနိုင်ရန် မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့လူမျိုးများကို သွားရောက်မေးမြန်းစိစစ်အတည်ပြုပြီးမှ သိလာရသောရလဒ်ကို အခြေပြု တင်ပြထားခြင်းဖြစ်၏။ ဂျိန်ဖော့ဒေသိယစကားသံများအကြောင်း လေ့လာရာတွင် ဘာသာဗေဒပညာရပ်မှ အခြေခံနည်းနာများကို အသုံးပြုပါသည်။ ဤစာတမ်းတွင် ဂျိန်ဖော့လူမျိုးတို့ ပြောဆိုသည့် အချို့သော သရသံများနှင့် စံစကားရှိ သရသံများ ကွဲပြားပုံ၊ ဂျိန်ဖော့လူမျိုးတို့ ပြောဆိုသည့် အချို့သော ဗျည်းသံများနှင့် စံစကားရှိ ဗျည်းသံများ ကွဲပြားပုံနှင့် ယင်းတို့ကို သုံးသပ်ချက်ဟူ၍ တင်ပြထားသည်။ ဤစာတမ်း၏ တင်ပြချက်များကြောင့် မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့လူမျိုးများ ပြောဆိုသည့် မြန်မာစကားများမှ အချို့သော စကားသံများသည် နေထိုင်ရာနေရာဒေသကို အကြောင်းပြု၍ ကွဲပြားသော ဒေသဒေသိယစကားတစ်ခုဖြစ်ကြောင်း သိလာမည်။ ဒေသိယစကားကို လေ့လာမည့် ဘာသာစကားသုတေသီများအတွက် အထောက်အပံ့ဖြစ်မည်ဟု စာတမ်းပြုစုသူက အခိုင်အမာယုံကြည်ပါသည်။

**သော့ချက်ဝေါဟာရများ – *မြစ်ကြီးနား၊ ဂျိန်ဖော့၊ ဒေသိယ၊ စံစကားသံ၊ ဗျည်းသံ၊ သရသံ***

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဂျိန်ဖော့လူမျိုး အများစုနေထိုင်ပြီး ဗမာလူမျိုးများနှင့် အတူနေထိုင်သည်။ ဂျိန်ဖော့လူမျိုးအချင်းချင်း ပြောဆိုဆက်ဆံရာတွင် ဂျိန်ဖော့စကားကို ပြောဆိုသော်လည်း ဗမာများနှင့် ပြောဆိုဆက်ဆံရာတွင် အားလုံးနားလည်သော မြန်မာစကားဖြင့် ပြောဆိုသည်။ သို့သော် မူရင်းစံမြန်မာစကားနှင့် ကွဲပြားမှု ရှိသည်။ မည်သို့ ကွဲပြားမှုရှိသည်ကို တိတိကျကျ သိရှိနိုင်ရန်အတွက် သုတေသနပြုသူသည် မိမိလက်လှမ်းမီသည့် မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့လူမျိုးတို့ကို မေးမြန်းခဲ့သည်။ ထိုအခါ ကွဲပြားမှုရှိသည်ကို အထောက်အထား ခိုင်ခိုင်မာမာဖြင့် သိလာရသည်။ ထို့ကြောင့် မြစ်ကြီးနားမြို့ရှိ

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ဂျိန်ဖော့လူမျိုးတို့ ပြောဆိုသော မြန်မာစကားသည် အင်းလေး၊ ထားဝယ်၊ မြိတ်ကဲ့သို့ ဒေသိယစကားတစ်ခု ဖြစ်ပါသည်။

## ၁။ ပြုစုရသော ရည်ရွယ်ချက်

သုတေသနပြုသူသည် မြစ်ကြီးနားတက္ကသိုလ် မြန်မာစာဌာနတွင် (၂၄-၁၂-၂၀၁၄ မှ ၃-၅-၂၀၁၆) ထိ ကထိကရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြန်မာစာဌာနရှိ ဆရာ၊ ဆရာမ အများစုသည် ဗမာလူမျိုးများ ဖြစ်သောကြောင့် စံမြန်မာစကားကို ပြောဆိုကြသည်။ သို့သော် ဌာနတွင် ဂျိန်ဖော့လူမျိုး ဆရာမများလည်း ရှိသည်။ ၎င်းတို့သည် မြန်မာစကားကို ပြောဆိုကြရာတွင် အချို့သော စကားသံများ၊ ဝေါဟာရများသည် စံမြန်မာစကားနှင့် ကွဲပြားမှုရှိသည်ကို သတိပြုမိပါသည်။

အမှန်စင်စစ် ဂျိန်ဖော့လူမျိုးတို့သည် မြန်မာနိုင်ငံ၏ အထက်ပိုင်းတွင် နေထိုင်ခြင်း၊ ပထဝီဝင်အနေအထားအရ ပတ်ဝန်းကျင်တွင် တောင်ကုန်းတောင်တန်းများ တည်ရှိနေခြင်းတို့ကြောင့် စံမြန်မာစကားကို ပြောဆိုကြသော်လည်း ကွဲပြားမှု အတန်အသင့် ရှိသည်။ ထို့ကြောင့် ဂျိန်ဖော့လူမျိုးတို့ ပြောဆိုသော မြန်မာစကားနှင့် စံမြန်မာစကား မည်ကဲ့သို့ ကွဲပြားပုံကို လေ့လာဖော်ထုတ် တင်ပြလိုသည်။ ယခင်ကလည်း မည်သူမျှ မလေ့လာဘူးသေးပါ။ ယင်းသည် "မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယစကားသံ"ကို ပြုစုရခြင်း ရည်ရွယ်ချက် ဖြစ်ပါသည်။

## ၂။ လေ့လာသောနယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်များ

သုတေသနပြုသူသည် မြစ်ကြီးနားမြို့တွင် နေထိုင်သော ဂျိန်ဖော့လူမျိုး အမေးခံပုဂ္ဂိုလ်များအား စကားလုံး စာရင်းများနှင့် စကားသံအတွဲ စာရင်းများကို ဖတ်စေခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ ရှောင်တခင် မေးမြန်းခြင်းများကို အကြိမ်ကြိမ် ပြုလုပ်၍ လေ့လာပါသည်။

မြစ်ကြီးနားမြို့တွင် နေထိုင်သော ဂျိန်ဖော့လူမျိုးတို့ ပြောဆိုသည့် မြန်မာစကားသည် တိကျခိုင်မာသော အထောက်အထားများအရ ဒေသိယစကားဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် သုတေသနပြုသူ လေ့လာခဲ့သော ဂျိန်ဖော့လူမျိုးများ ပြောဆိုသည့် မြန်မာစကားကို ဂျိန်ဖော့ဒေသိယစကားဟု သတ်မှတ်ပါသည်။

မြစ်ကြီးနားမြို့ရှိ "ဂျိန်ဖော့စာပေနှင့် ယဉ်ကျေးမှုအဖွဲ့" နှင့် "ဆွတ်ငိုင်စစ်ရှောင်စခန်း"သို့ သွားရောက်ကာ ကွင်းဆင်း မေးမြန်းသကဲ့သို့ အခြားသူများကိုလည်း

ရှောင်တခင် မေးမြန်းပြောဆိုမှုများဖြင့် လေ့လာခဲ့သည်။ အမေးခံပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဦးမဂျီဘရန်အောင်၊ အသက် (၈၂)နှစ်၊ အိမ်ထောင်ဦးစီး
(၂) ဒူးဝါးဒါမြာမောရှော၊ အသက် (၈၁)နှစ်၊ အိမ်ထောင်ဦးစီး
(၃) ဦးဆွတ်လွတ်တူး၊ အသက် (၈၀)နှစ်၊ အိမ်ထောင်ဦးစီး
(၄) ဦးအင်ဘောင်းဘွမ်ဂျော်လွမ်၊ အသက် (၆၀)နှစ်၊ အိမ်ထောင်ဦးစီး
(၅) ဒေါ်လရှီးခေါန်၊ အသက် (၇၂)နှစ်၊ မှီခို
(၆) ဒေါ်လုဘူ၊ အသက် (၅၇)နှစ်၊ မှီခို
(၇) ဦးဇော်အောင်၊ အသက် (၄၆)နှစ်၊ အိမ်ထောင်ဦးစီး
(၈) ဒေါ်ချန်ဆန်း၊ အသက် (၄၆)နှစ်၊ မှီခို
(၉) ဒေါ်ဆိုင်းမိုင်၊ အသက် (၃၆)နှစ်၊ နည်းပြ၊ မြန်မာစာဌာန၊ မြစ်ကြီးနားတက္ကသိုလ်
(၁၀) ဒေါ်အမ်ဆိုင်းဘူ၊ အသက် (၂၉)နှစ်၊ နည်းပြ၊ မြန်မာစာဌာန၊ မြစ်ကြီးနားတက္ကသိုလ်
(၁၁) မလုတောင်၊ အသက် (၂၁)နှစ်၊ မဟာဝိဇ္ဇာပထမနှစ်၊ မြန်မာစာ၊ မြစ်ကြီးနားတက္ကသိုလ်
(၁၂) မဂျော်မျိုးဆန့်၊ အသက် (၁၈)နှစ်၊ ပထမနှစ်၊ မြန်မာစာ၊ မြစ်ကြီးနားတက္ကသိုလ်
(၁၃) မောင်ဆိုင်းဂျာ၊ အသက် (၁၈)နှစ်၊ မှီခို
(၁၄) မဆိုင်းထွယ်ပိုင်၊ အသက် (၁၅)နှစ်၊ နဝမတန်း ကျောင်းသူ စသူတို့ ဖြစ်သည်။

## ၃။ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း

သုတေသနပြုသူသည် ဂျိန်ဖော့လူမျိုးများနှင့် မတွေ့ဆုံခင် စံမြန်မာစကားနှင့် ကွဲပြားနိုင်သည့် စကားလုံးစာရင်းများ၊ စကားသံ အတွဲစာရင်းများကို ကြိုတင်စိစစ်စုဆောင်းသည်။ အမေးခံပုဂ္ဂိုလ်များကို စကားသံတစ်ခုလျှင် အနည်းဆုံး(၃)ခေါက်ခန့် အသံထွက်ခိုင်းသည်။ ဝေါဟာရ အသုံးအနှုန်းများကို မေးမြန်းခဲ့ပါသည်။

အမေးခံပုဂ္ဂိုလ်များကို နည်း(၂)နည်းအသုံးပြု၍ မေးမြန်းခဲ့ပါသည်။ ပထမနည်းမှာ စကားသံများ၊ ဝေါဟာရအသုံးအနှုန်းများကို တိုက်ရိုက်မေးမြန်းသည့်နည်း ဖြစ်၍ ဒုတိယနည်းမှာ ရှောင်တခင် မေးမြန်းသည့်နည်း ဖြစ်သည်။ ဤသို့ လေ့လာမေးမြန်း အကြိမ်ကြိမ် အထပ်ထပ် စိစစ် စစ်ဆေး အတည်ပြုပြီးသောအခါ "မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယစကားသံ" ဟူ၍ ရုပ်လုံးပေါ်လာရပါသည်။

## ၄။ ပြုစုပုံ

ဤသုတေသနတွင် "မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယစကားသံ"ကို **ဒေသိယ**[၁] ဟု လည်းကောင်း၊ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေထားသည့် မြန်မာအဘိဓာန်တွင် ဖော်ပြထားသော ဝေါဟာရအသံထွက်၊ ဝေါဟာရစာရင်းများကို **စံမြန်မာစကား** ဟု လည်းကောင်း သတ်မှတ်ပါသည်။ ထို့ပြင် "မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယ စကားသံများ" ကို **ဒေသိယအသံ** ဟုလည်းကောင်း၊ စံမြန်မာစကားသံကို **စံစကားသံ**[၂] ဟု လည်းကောင်း အသုံးပြုမည် ဖြစ်ပါသည်။

ထူးခြားချက်မှာ စံစကားက "ဂျိန်းဖော" ဟု အသံထွက်သည်ကို ဂျိန်ဖော့ လူမျိုးတို့ ပြောသောစကားအရ "ဂျိန်း" ဟူသောစကားတွင် ဝစ္စပေါက်သံ ပျောက်နေသလို "ဖော" စကားတွင်လည်း အမြစ်သံ အပိုထည့်၍ အသံထွက်သည်ကို တွေ့ရသည်။ ထို့ကြောင့် ဤသုတေသနတွင် "ဂျိန်ဖော့" ဟု သုံးထားခြင်း ဖြစ်ပါသည်။

ဒေသိယစကားသံကို စံစကားသံနှင့် နှိုင်းယှဉ်တင်ပြရာတွင် **ဘာသာဗေဒ**[၃] ပညာရပ်ကို အခြေခံပြီး မြန်မာအဘိဓာန်တွင် ဖော်ပြထားသော ဝေါဟာရ အသံထွက်၊ ဝေါဟာရစာရင်းများကို စံစကားအဖြစ် အဓိက မှတ်ယူညှိနှိုင်းပါသည်။ ဘာသာစကား တစ်ခု၏ ပြောဆိုသုံးနှုန်းပုံများကို ပေါ်လွင်အောင် သရုပ်ဖော် တင်ပြမည်ဆိုလျှင် စကားသံများကို ပေါ်လွင်ထင်ရှားအောင် **အသံထွက်အက္ခရာ**[၄] များဖြင့် ဖလှယ်ရပါသည်။ ဂျိန်ဖော့ဒေသိယစကားသံကို ပေါ်လွင်အောင် သရုပ်ဖော်ရာတွင်လည်း ဒေသိယစကားအတွက်ဖြစ်စေ၊ စံစကားအတွက်ဖြစ်စေ **သဒ္ဒဗေဒအက္ခရာ**[၅] ရွေးချယ်သတ်မှတ်ရာတွင် **အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာ**[၆] ကို အခြေခံပါသည်။

---

[၁] dialect

[၂] standard language

[၃] linguistic

[၄] phonetic alphabet

[၅] pronunciation alphabet

[၆] International Phonetic Alphabet

အက္ခရာ ဖလှယ်သည့်စနစ်ကို အသုံးပြုရာတွင် **၁၉၉၆ ခုနှစ်တွင် တက်လမ်းစာပေက ထုတ်ဝေခဲ့သော ဆရာကြီးဦးထွန်းမြင့် ရေးသားပြုစုသည့် သဒ္ဒဗေဒ** စာအုပ်တွင် အသုံးပြုထားသည့် အက္ခရာဖလှယ်သည့်စနစ်ဖြင့် တင်ပြပါမည်။

## ၅။ သုတေသနအစီအစဉ်

"မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယ စကားသံ" ကို လေ့လာသော ဤသုတေသနတွင်-

(၁) ဘာသာစကားနှင့် ဂျိန်ဖော့ဒေသိယ

(၂) ဂျိန်ဖော့ဒေသိယစကားသံ

(၃) ခြုံငုံသုံးသပ်ချက်

ဟူ၍ (၃)ပိုင်း ခွဲခြားကာ တင်ပြမည် ဖြစ်ပါသည်။

## ၁။ ဘာသာစကားနှင့် ဂျိန်ဖော့ဒေသိယ

"ဘာသာစကား"[၁] သည် လူအချင်းချင်း ဆက်သွယ်ရာတွင် အဓိကကျသော သင်္ကေတ ဖြစ်သည်။ **ဒေသိယ** စကားသည် သီးခြားဘာသာစကားမဟုတ်ဘဲ မူလ ဘာသာစကားနှင့် အသွင်ကွဲသော စကားတစ်ခု ဖြစ်သည်။ ဘာသာစကားတိုင်းတွင် ဒေသိယစကားများစွာ ရှိသကဲ့သို့ မြန်မာဘာသာစကားတွင်လည်း ဒေသိယစကား များစွာ ရှိသည်။ မြန်မာဘာသာစကား၏ ဒေသိယစကားများစွာမှ မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယစကားသည် **ဒေသဒေသိယ**[၂] စကားတစ်ခု ဖြစ်ပါသည်။

အထက်ပါ သဘောတရားများကို အခြေပြုကာ ဤကဏ္ဍတွင်-

(၁) ဘာသာစကားနှင့် ဒေသိယစကား

(၂) ဘာသာစကားနှင့် ဒေသိယစကားဆက်စပ်မှု

(၃) ဂျိန်ဖော့ဒေသိယစကား

(၄) ဂျိန်ဖော့လူမျိုး

ဟူ၍ (၄)ပိုင်း ခွဲခြားကာ တင်ပြထားပါသည်။

---

[၁] language

[၂] regional dialect

## ၁.၁။ ဘာသာစကားနှင့် ဒေသိယစကား

ဘာသာစကားဟူသည်

> "လူသားတို့၏ ဆက်သွယ်မှုကဏ္ဍတွင် အခြေခံအကျဆုံးနှင့် အရေးအပါဆုံး ဖြစ်သည်။"[၁]

ဟူ၍ လည်းကောင်း

> "လူအချင်းချင်း ဆက်သွယ်ရာတွင် အခြေခံကျသော သင်္ကေတ တစ်ခု"[၂]

ဟူ၍ လည်းကောင်း အဓိပ္ပာယ် ဖွင့်ဆိုကြသည်။

ဒေသိယဟူသည် ပါဠိစကား ဒေသ (အရပ်ဒေသ)နှင့် ဣယ (ဖြစ်သောစကား) ဟူသော စကားနှစ်လုံး ပေါင်းစပ်ထားခြင်းဖြစ်ပြီး အဓိပ္ပာယ်မှာ –

> "အရပ်တစ်ခု၌ ဖြစ်သောစကား စသည်"[၃]

ဟူ၍ ဖြစ်သည်။

ဒေသိယစကားစကားပတ်သက်၍

> "နေရာဒေသ၊ ပထဝီဝင် အနေအထား ကွဲပြားမှု၊ "လူမှုအဆင့် အတန်း"[၄] ကွဲပြားခြားနားမှု တို့ကြောင့် "စကားသံ"[၅]၊ "ဝေါဟာရ"[၆] အသုံးအနှုန်း၊ "သဒ္ဒါ"[၇] စသည်တို့ ကွဲပြားနေသော ဘာသာစကားတစ်ခု၏ အသွင်ကွဲ ဖြစ်သည်။"[၈]

ဟူ၍ လည်းကောင်း

> "သီးခြားဘာသာစကား မဟုတ်ဘဲ မူလ ဘာသာစကားနှင့် အသွင်ကွဲသောစကားဖြစ်သည်။ ပင်မဘာသာစကား၏ အသွင်ကွဲ

---

[၁] Hartmann, R. R. R and Stork, F.C, 1972, 123.

[၂] မောင်မောင်ဦး၊ ၂၀၀၉၊ ၂။

[၃] ထွန်းမြင့်၊ ဦး၊ ၂၀၀၄၊ ၁၀၆။

[၄] social class

[၅] speech

[၆] lexis

[၇] grammer

[၈] တင်ဇ၊ ဦး၊ ၁၉၅၈၊ က။

> များအနက်မှ တစ်ခုကို စံစကားအဖြစ် သတ်မှတ်ထားပြီး ကျန်အသွင်ကွဲစကားများကို ဒေသိယစကားဟု သတ်မှတ်ထားခြင်း ဖြစ်ပါသည်။"[၁]

ဟူ၍ လည်းကောင်း အဓိပ္ပာယ် ဖွင့်ဆိုကြသည်။

ထိုသို့ဆိုလျှင် လူအချင်းချင်း ဆက်သွယ်ရာတွင် အခြေခံဖြစ်သော ဘာသာစကားနှင့် မူလဘာသာစကားမှ ခွဲထွက်လာသော အသွင်ကွဲစကား တစ်နည်း ဒေသိယစကားသည် ဆက်စပ်မှု ရှိပါသည်။

## ၁၊၂။ ဘာသာစကားနှင့် ဒေသိယစကားဆက်စပ်မှု

ကမ္ဘာပေါ်တွင် ဘာသာစကားပေါင်း (၆၀၀၀)ကျော် ရှိသည်ဟု ဆိုကြသည်။ ယင်းဘာသာစကားများမှ အများစုသည် ဒေသိယစကားများမှ ခွဲထွက်လာခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ ဘာသာစကားတစ်ခုတွင် ဒေသိယစကား များစွာ ရှိနေခြင်းက သက်သေပြနေသည်။ အထောက်အထား တိတိကျကျဖြင့် တင်ပြရမည်ဆိုလျှင် မြန်မာဘာသာစကားတွင် "အင်းလေး ဒေသိယစကား၊ ရွှေဘို ဒေသိယစကား၊ မြိတ် ဒေသိယစကား၊ ထားဝယ် ဒေသိယစကား" စသဖြင့် ရှိနေသောကြောင့် ဖြစ်သည်။ ဒေသိယစကားများ ဖွံ့ဖြိုးလာမှုသည် ဘာသာစကားအမျိုးမျိုး ကွဲပြားနေခြင်းနှင့် အပြောစကား အမျိုးမျိုး ကွဲပြားခြားနားမှုများ ရှိနေခြင်းတို့ကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။

အသွင်ကွဲစကားများနှင့်ပတ်သက်၍ အနောက်တိုင်း **ဘာသာဗေဒ** ပညာရှင် "ဂလီဆင်"[၂] က ဘာသာစကားနှင့် အသွင်ကွဲစကား၏ အကြီးကျယ်ဆုံးနှင့် အထင်ရှားဆုံး ခြားနားချက်မှာ အပြောစကားပုံစံများ ကွဲပြားလာမှုကြောင့် ဖြစ်ကြောင်း၊ ထိုကွဲပြားမှုသည် အတန်ပင် သေးငယ်သော်လည်း ဒေသိယစကားဟု မှတ်ယူနိုင်ကြောင်း၊ ယင်းမှ တဖြည်းဖြည်း ထင်ရှားလာသောအခါ ဒေသိယစကားများသည် ဘာသာစကားအဆင့်သို့ ရောက်ရှိလာနိုင်သည်ဟူ၍ ဘာသာစကားနှင့် ဒေသိယစကား ဆက်စပ်မှုအကြောင်းကို ဖော်ထုတ်ခဲ့သည်။

တစ်ဖန် "ဖာဒီနန်ဒီဆောဆူး"[၃] က စာပေရှိသော ဒေသိယစကားများကို ဘာသာ စကားဟု ဆိုနိုင်သည်။ "အီးဟူးဂျင်း"[၁] က ဘာသာစကားသည်

[၁] မောင်မောင်ဦး၊ ၂၀၀၉၊ ၃။

[၂] Gleason

[၃] Saussure, Ferdinaud

ဒေသိယစကားထက် ပို၍ ကြီးမားကျယ်ပြန့်သည့်သဘော ရှိသည်။ ထို့ကြောင့် ဘာသာစကားတွင် ပါဝင် ဖွဲ့စည်းထားသော တစ်ခုထက်ပိုသည့် ဘာသာစကား အမျိုးအစားများအနက် တစ်မျိုးမျိုးကိုသာ ဒေသိယစကားဟု သတ်မှတ်နိုင်သည်။

အထက်ပါ ဒီဆောဆူးနှင့် အီဟူးဂျင်းတို့ အဆိုအမိန့်အရ ဘာသာစကားသည် ဒေသိယစကားထက် အဆင့်မြင့်သည်။ ဒေသိယစကားသည် ဘာသာစကားတွင် အကျုံးဝင်နေသော ဘာသာစကား၏ အစိတ်အပိုင်းတစ်ခု တစ်နည်း မူလဘာသာ စကား၏ အသွင်ကွဲစကားတစ်ခု ဖြစ်သည်။[၁]

ထိုသို့ဆိုလျှင်

> "ဘာသာစကားတိုင်းကို ဒေသိယစကားတစ်ခုအဖြစ် သတ်မှတ်၍ မရသော်လည်း ဒေသိယစကားတိုင်းကို ဘာသာစကားတစ်ခု အဖြစ် သတ်မှတ်နိုင်ပါသည်။"[၂]

## ၁၊၃။ ဂျိန်ဖော့ဒေသိယစကား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် မြန်မာဘာသာစကားကို ပြောဆိုကြသူ များ၏ နေထိုင်ရာ အရပ်ဒေသ ကွဲပြားမှုများကြောင့် ဒေသအလျောက် ကွဲပြားနေသော အသွင်ကွဲစကား များစွာ ရှိသည်။ ထို့ကြောင့်လည်း မြန်မာဘာသာစကား ပညာရှင် ဒုတိယကျော်အောင်စံထားဆရာတော်က ၎င်းရေးသားခဲ့သော ဝေါဟာရတ္ထပကာသနီကျမ်း အဲ–ကာရန္တတွင် "ဖအဲ" ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ကြံဆပြရာတွင်–

> "ထိုဝေါဟာရသည် ရှင်မဟာသီလဝံသစီရင်သော ပါရမီတော်ခန်း စသော လင်္ကာတို့တွင်သာ အတွေ့ရများသည်။ အခြား ရဟန်း ပညာရှိ၊ လူပညာရှိတို့ဆိုသော ပျို့၊ မော်ကွန်း၊ ရတု၊ ကဗျာ၊ လင်္ကာတို့တွင် မတွေ့ရသဖြင့် ဒေသအလျောက် ခေါ်ဝေါ်သော အရာကဲ့သို့ ရှိ၏။"[၃]

ဟူ၍ ဖော်ပြထားသည်။

ထို့ပြင် မှော်ဘီဆရာသိန်းက ၎င်းရေးသားပြုစုခဲ့သော ပေါရာဏဒီပနီကျမ်းတွင် နေရာဒေသကို လိုက်၍ ဝေါဟာရများ ကွဲပြားတတ်ပုံကို–

---

[၁] E.Haugen

[၂] မောင်မောင်ဦး၊ ၂၀၀၉၊ ၃။

[၃] ကျော်အောင်စံထားဆရာတော်၊ (ဒုတိယ–)။ မ ၁၃၂၈၊ ၁၈၅။

> "မြန်မာလူမျိုးဟူ၍ ဖြစ်ကြသော်လည်း အရပ်ဒေသကိုလိုက်၍ သော်လည်းကောင်း၊ လူမျိုးချင်း ရောထွေးသဖြင့် ခေါ်ဝေါ်သော အသံပြောင်း၍သော်လည်းကောင်း ဝတ္ထုတစ်မျိုးတည်းကို အခေါ် ဝေါဟာရ ကွဲပြားလျက်ရှိသည်။"[၁]

ဟူ၍ မိန့်ဆိုထားသည်။

ထိုအချက်များအရ နေထိုင်ရာ နေရာဒေသ ကွဲပြားမှုများကြောင့် ဒေသ အလျောက် ကွဲပြားနေသော ဒေသိယစကားများစွာ ရှိနိုင်သည်။ ဒေသိယစကား များတွင် **ဂျိန်ဖော့** ဒေသိယစကားလည်း ပါဝင်နေသည်။ ဂျိန်ဖော့လူမျိုးတို့သည် မြန်မာနိုင်ငံ၏အထက်ပိုင်းတွင် နေထိုင်ခြင်း၊ ပထဝီဝင်အနေအထားအရ တောင်ကုန်း တောင်တန်းများ တည်ရှိနေခြင်းတို့ကြောင့် မြန်မာစကားကို ပြောဆို အသုံးပြုကြ သော်လည်း အချို့သော စကားသံများ၊ ဝေါဟာရများကို ပြောဆိုသုံးနှုန်းရာ၌ ကွဲပြားမှု အတန်အသင့် ရှိပါသည်။

ဤသို့ ဂျိန်ဖော့လူမျိုးတို့ ပြောဆိုသောစကားသံ အချို့သည် စံစကားနှင့် မတူညီမှုရှိသည်ကို အကြောင်းပြု၍ ၎င်းတို့ပြောဆိုသုံးနှုန်းသော စကားကို **ဂျိန်ဖော့** ဒေသိယစကားဟု သတ်မှတ်သည်။ စံစကားနှင့် ကွဲပြားမှုရှိလျှင် ဒေသိယစကားဟု မှတ်ယူနိုင်သောကြောင့် ဖြစ်ပါသည်။

> "စံစကား ဆိုသည်မှာ ဘာသာစကား တစ်ခုကို ပြောဆို အသုံးပြုသူ အများက စံအဖြစ် လက်ခံသတ်မှတ်ထားသော စကား ဖြစ်ပါသည်။"[၂]

ဒေသိယစကားတွင် **ဒေသဒေသိယ**၊ **လူမှုဒေသိယ**[၃]၊ **ကာလဒေသိယ**[၄]၊ **ပုဂ္ဂလဒေသိယ**[၅] စသဖြင့် ရှိသည်။

ဒေသကွာခြားမှုကြောင့် ပြောင်းလဲသွားသော ဘာသာစကား တစ်ခု၏ အသွင်ကွဲသည် **ဒေသ ဒေသိယ** ဖြစ်ပါသည်။

---

[၁] သိန်း၊ ဆရာ (မှော်ဘီ –)။ မ ၁၂၉၂၊ ၈၃။

[၂] အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၀၃၊ ၃၄။

[၃] social dialect

[၄] temporal dialect

[၅] idiolect

လူမှုအခြေအနေ အရပ်ရပ်အလိုက် ကွဲပြားသွားသော ဘာသာစကားတစ်ခု၏ အသွင်ကွဲသည် **လူမှုဒေသိယ** ဖြစ်သည်။

အချိန်ကာလ၊ ခေတ်၊ သမိုင်းကြောင်းအရ ကွဲပြားသွားသော ဘာသာစကား တစ်ခု၏ အသွင်ကွဲသည် **ကာလဒေသိယ** ဖြစ်ပါသည်။

ဘာသာစကားတစ်ခုကို အသုံးပြုသူ လူတစ်ဦးချင်းစီ၏ ပုဂ္ဂလ အလေ့အထ အလိုက် အသံထွက်၊ အသုံးအနှုန်း၊ သဒ္ဒါတို့ ကွဲပြားသွားသော ဘာသာစကား တစ်ခု၏ အသွင်ကွဲသည် **ပုဂ္ဂလ ဒေသိယ** ဖြစ်သည်။

ဂျိန်ဖော့လူမျိုးတို့ ပြောဆိုသုံးနှုန်းကြသော စကားများကို လေ့လာကြည့်သော အခါ အချို့သော စကားသံများ၊ အချို့သော ဝေါဟာရများသည် စံစကားနှင့် ကွဲပြားမှု အချို့ ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဂျိန်ဖော့လူမျိုးတို့ ပြောဆို သုံးနှုန်းသော စကားများသည် ဒေသကွာခြားမှုကြောင့် ကွဲပြားသော **ဒေသဒေသိယ** စကားတစ်ခု ဖြစ်သည်။ ဂျိန်ဖော့လူမျိုးတို့ နေထိုင်သည့် ဒေသဆိုင်ရာ သွင်ပြင် လက္ခဏာများ ထင်ဟပ်လျက်ရှိသည်ကို အထင်အရှား တွေ့မြင်ရပါသည်။

## ၁.၄။ ဂျိန်ဖော့လူမျိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၄)ခု ရှိသည်။ ယင်းတို့တွင် ကချင်ပြည်နယ်လည်း ပါဝင်သည်။ ကချင်ပြည်နယ်သည် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၄၅ မိနစ်နှင့် ၂၈ ဒီဂရီ ၃၁ မိနစ် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၅ မိနစ်နှင့် ၉၈ ဒီဂရီ ၄၅ မိနစ်အကြားတွင် တည်ရှိပါသည်။ အကျယ် အဝန်းမှာ ဧရိယာ (၃၄၃၇၉) စတုရန်းမိုင် ဖြစ်ပါသည်။

ကချင်သည် ၎င်းတို့အရပ်ဒေသတွင် နေထိုင်သော လူမျိုးအားလုံးကို ခြုံ၍ အမည်ပေးထားခြင်း ဖြစ်သည်။ သို့သော် "ကချင်" ၏အဓိပ္ပာယ်ကို "မြန်မာ–ကချင်– အင်္ဂလိပ်"အဘိဓာန်တွင် "Jinghpaw Wunpawng sha" ရေးသားမှုအရ လူများစု ဖြစ်သော ဂျိန်ဖော့လူမျိုးကို ကိုယ်စားပြုပေးထားသည်ဟု ဆိုနိုင်သည်။

"ကချင်" အမည်နှင့်ပတ်သက်၍ "မြန်ဂုဏ်ဆောင် ဧရာဖျားမှ သားချင်းများ" စာအုပ်တွင် ဖော်ပြချက်များအရ "ခါချဉ်" မှ ကချင် ဟု လည်းကောင်း၊ မြန်မာစကား "က" နှင့် ဂျိန်ဖော့စကား "ခြင်း" တို့ ပေါင်းစပ်ပြီး ယင်းမှ "ကချင်" ဖြစ်လာသည် ဟု လည်းကောင်း၊ "ကချင်"သည် အိမ်သစ်တက်ပွဲ၊ မင်္ဂလာပွဲ မနောင်(မနော)ပွဲ ပြုလုပ်

ကျင်းပသည့်အခါများတွင် ပျော်ရွှင်ကခုန်တတ်သောကြောင့် ကခုန်ချင်သော လူမျိုး ဟု လည်းကောင်း အမြင်အမျိုးမျိုးဖြင့် ဖွင့်ဆိုထားသည်ကို လေ့လာတွေ့ရသည်။

ထိုပြည်နယ်တွင် "ဂျိန်ဖော့၊ လီဆူ (ဗမာလူမျိုးများက "လီဆူး" ဟု ခေါ်ဝေါ် သည်ကို ၎င်းတို့ အရပ်ဒေသတွင် "လီဆူ" ဟု ခေါ်၏။)၊ လရှီ၊ လော်ဝေါ် ("မရူ"ကို "လော်ဝေါ်" ဟု ခေါ်၏။)၊ ရဝမ်၊ အဇီး၊ ကဏာန်း၊ ဖွန်း၊ ရှမ်း၊ ဗမာ ဟူ၍ လူမျိုး ပေါင်းစုံ နေထိုင်ကြသည်။ ၎င်းတို့သည် လူမျိုးစုအလိုက် မိမိတို့ဘာသာစကားကို ပြောဆို၍ အားလုံးနားလည်သော စကားမှာ လူများစုဖြစ်သော ဂျိန်ဖော့စကား ဖြစ်သည်။ လူများစုနှင့်သက်ဆိုင်သော ရုံး၊ ကျောင်း စသည်တို့တွင် ကချင်ပြည်နယ်၌ နေထိုင်သည့် လူမျိုးစုအားလုံး နားလည်နိုင်သော မြန်မာစကားကို ပြောဆိုကြသည်။

"ဂျိန်ဖော့" ဟူသည် "ဂျိန်" နှင့် "ဖော့" စကားလုံးနှစ်လုံး ပေါင်းစပ်ထားသည်။ "ဂျိန်" ၏အဓိပ္ပာယ်မှာ များပြားပြန့်ပွားလာခြင်းဖြစ်၍ "ဖော့" ၏အဓိပ္ပာယ်မှာ မျက်စေ့၊ စိတ်နှလုံး ပွင့်လင်းလာခြင်းဟူ၍ ဖြစ်သည်ဟု နှုတ်ဆင့်ကမ်း ပြောစကားအရ သိရသည်။ "ဂျိန်ဖော့" တို့တွင် "ခါးရှား မရစ်၊ ပျင်တိန်စား၊ ဖရပ်ဆွမ်ပရရှား၊ မဂေါင့်လယန်၊ မရစ်၊ မရန်၊ လထော်၊ လဖိုင်၊ လဘန်၊ ဟိန်မိုင်ရှာအရိုင်၊ အင်ခွန်" ဟူ၍ လူမျိုးစု (၁၁)မျိုး ရှိသည်ဟု ဆိုသည်။

ဂျိန်ဖော့လူမျိုးတွင် ရောမအက္ခရာကို အခြေခံ၍ရေးသော ဂျိန်ဖော့အက္ခရာ၊ ဂျိန်ဖော့စာပေ ရှိသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့တို့သည် ခရစ်ယာန် ဘာသာကို အထူးအလေးအနက်ထားကာ ကိုးကွယ်ယုံကြည်ကြသည်။

ဂျိန်ဖော့လူမျိုးတို့တွင် စကားပုံများ ရှိသည်။ "မြန်ဂုဏ်ဆောင် ဇရာဖျားမှ သားချင်းများ" စာအုပ်တွင် ဖော်ပြထားသော ဂျိန်ဖော့လူမျိုးတို့၏ စကားပုံများအနက် ကောက်နုတ်တင်ပြရလျှင် –

(၁) ကံ ပါ မပါ ဘယ်သူမှ မမြင်နိုင်၊ ခြင်းကြား ပါ မပါကိုသာ မြင်နိုင်သည်။

(၂) စဉ်းစားရုံဖြင့် အကောင်အထည် ဖြစ်မလာနိုင်၊ လက်တွေ့ လုပ်ဆောင်မှ အောင်မြင်မည်။

(၃) ပွဲမှာ မိန်းမ ပေါ်သည်၊ ဘဝ ကြင်ဖော်ရှာလျှင် မိန်းမ ရှားသည်။

(၄) မသေလျှင် ခုခံတတ်သည်၊ သေလျှင် ပုပ်သည်။

(၅) မိုးကို မကြောက်က စိုမည်၊ မိဘကို မကြောက်က သေမည်။

(၆) မိုးကို မယုံရသကဲ့သို့ အုပ်ချုပ်သူကိုလည်း မယုံရပါ။

(၇) မြင်သူ အံ့သြပြီး ကြားသူ ပိုကဲသည်။

(၈) မွဲချင်လျှင် မိန်းမယူ။

(၉) လူ၏မိခင် မိန်းမ၊ မီး၏မိခင် တုံး။

(၁၀) လုပ်ကြစို့ ဆိုလျှင် တစ်ယောက်တည်း၊ စားကြစို့ ဆိုလျှင် မျောက်လို ဝိုင်းလာသည်။

(၁၁) လုံအငယ်သည် သားကောင်ကို မသေနိုင်၊ လူငယ်စကားသည် လည်း မတည်နိုင်။

(၁၂) သတင်းသည် လေ ဖြစ်သည်၊ ရောဝတီမြစ်သည် သွားမြဲ သွား နေသည်။

စသည်တို့ ဖြစ်သည်။

## ၂။ ဂျိန်ဖော့ဒေသိယစကားသံ

ဂျိန်ဖော့ဒေသိယစကားကို လေ့လာကြည့်သောအခါ ဂျိန်ဖော့ဒေသိယစကားရှိ စကားသံများသည် စံစကားရှိစကားသံများနှင့် တူညီမှုရှိသကဲ့သို့ ကွဲပြားမှုများလည်း ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ဂျိန်ဖော့ ဒေသိယ စကားသံများနှင့် စံစကားရှိ စကားသံများကို နှိုင်းယှဉ်၍ ဤအခန်းတွင် လေ့လာဖော်ထုတ် တင်ပြမည် ဖြစ်ပါသည်။

ဂျိန်ဖော့ဒေသိယစကားရှိ စကားသံများကို လေ့လာဖော်ထုတ် တင်ပြရာတွင် **စံစကားနှင့်တူညီသော စကားသံများကို ချန်လှပ်ထားမည်** ဖြစ်ပါသည်။ စံစကားနှင့် ကွဲပြားသော ဂျိန်ဖော့ဒေသိယစကားရှိ စကားသံများကိုသာ လေ့လာဖော်ထုတ် တင်ပြပါမည်။ ထိုသို့တင်ပြရာတွင် ပညာရှင်သုတေသီများသာမက သာမန်လူများပါ နားလည်နိုင်စေရန် ရည်ရွယ်သောကြောင့် ရေးထုံးသတ်ပုံကိုလည်း ဖော်ပြမည် ဖြစ်ပါ သည်။

ဘာသာစကားတစ်ခုကို လေ့လာရာတွင် စကားသံသည် အခြေခံအကျဆုံး ဖြစ်သည်။ စကားသံများတွင် အခြေခံအကျဆုံး အစိတ်အပိုင်းနှစ်ရပ် ရှိပါသည်။

၎င်းတို့မှာ **သရ**[၁]သံနှင့် **ဗျည်း**[၂]သံတို့ ဖြစ်သည်။ ဂျိန်ဖော့ဒေသိယစကားရှိ စကားသံများကိုသာ လေ့လာဖော်ထုတ် တင်ပြရာတွင်လည်း–

(၁) ဒေသိယသရသံများ

(၂) ဒေသိယဗျည်းသံများ

ဟူ၍ (၂)ပိုင်း ခွဲခြားကာ တင်ပြထားပါသည်။

## ၂.၁။ ဒေသိယသရသံများ

ဂျိန်ဖော့ဒေသိယ သရသံများကို လေ့လာကြည့်သောအခါ စံစကားရှိ သရသံများနှင့် တူညီမှုရှိသကဲ့သို့ ကွဲပြားမှုများလည်း ရှိသည်။ ကွဲပြားမှုရှိသော ဒေသိယ သရသံများနှင့် စံစကားရှိ သရသံများကို နှိုင်းယှဉ်ကာ လေ့လာဖော်ထုတ် တင်ပြပါမည်။

သရဟူသည် **သဒ္ဒဗေဒရှုထောင့်**[၃] အရ –

> "သံပြင်းသံပါသော လေကြောင်းသည် အာစောက်နှင့်ခံတွင်းကို ဖြတ်သန်းလာရာ လမ်းတစ်လျှောက်၌ ပွတ်တိုက်သံ ကြားနိုင်လောက်သော မည်သည့် အဆီးအတား၊ အနှောက်အယှက်၊ အပိတ်အပင်ကိုမှ မခံရချေ။ ထိုသို့ ဆီးတားမှု၊ နှောက်ယှက်မှု၊ ပိတ်ပင်မှု၊ ကျဉ်းမြောင်းမှု စသည်တို့ကို မခံရသော သံပြင်းသံ"[၄]

ဟူ၍ ဖြစ်ပါသည်။

**စကားသံဖွဲ့ပုံရှုထောင့်**[၅] အရ –

> "ဝဏ္ဏတစ်ခု၏ "ကဏ္ဍ/နေရာ"[၆] သုံးခုအနက် အချက်အချာဖြစ်သော အလယ်နေရာ၌သာ ဖြစ်သည့်အသံ"[၇]

ဟူ၍ ဖြစ်ပါသည်။

---

[၁] Vowel sound

[၂] consonant sound

[၃] phonetic point of view

[၄] ထွန်းမြင့်၊ ဦး။ ၁၉၉၆၊ ၈၅။

[၅] phonological point of view

[၆] phrase

[၇] ထွန်းမြင့်၊ ဦး။ ၁၉၉၆၊ ၈၅–၈၆။

ဂျိန်ဖော့ဒေသိယတွင် စံစကားရှိ သရသံများကဲ့သို့ **"သရရိုးရိုး**[၁] (၇)မျိုး၊ **နှာသံ**[၂] ပါသရ (၇)မျိုး၊ **ရပ်သံ**[၃]၊ **မတြာဝက်**[၄] ဟူ၍ ရှိသည်။ ကွဲပြားသော ဂျိန်ဖော့ဒေသိယသရသံများကို–

(၁) သရရိုးရိုး

(၂) **နှာသံပါသရ**[၅]

(၃) **ရပ်သံ**[၆]

(၄) မတြာဝက်

ဟူ၍ ခွဲခြားကာ တင်ပြပါမည်။

### ၂၊၁၊၁။ သရရိုးရိုး

ဂျိန်ဖော့ဒေသိယတွင် စံစကားကဲ့သို့ပင် "အီ / ī /၊ အေ / ē /၊ အယ် / ɛ̄ /၊ အာ / ā / ၊ အော / ɔ̄ /၊ အို / ō /၊ အူ / ū / သရရိုးရိုး (၇)မျိုး ရှိပါသည်။ ထိုသရရိုးရိုး (၇)မျိုးမှာ ဂျိန်ဖော့ဒေသိယတွင် စကားသံ တစ်သံချင်း ဖြစ်စေ၊ စကားသံများကို တွဲဆက်ရွတ်ဆိုရာတွင်ဖြစ်စေ ယခု လေ့လာမိသမျှ ကွဲပြားမှု မရှိသေးဟု ဆိုရပါမည်။

### ၂၊၁၊၂။ နှာသံပါသရ

နှာသံပြုသရ တစ်နည်း နှာသံပါသရဟူသည် –

> "အာခေါင်ပျော့ မြင့်တက်နေသည့်အခါ "နှာပိတ်မှု"[၇] ရှိသည်။ အာခေါင်ပျော့ နိမ့်ကျနေသည့်အခါ နှာပိတ်မှုမရှိ၊ နှာပိတ်မှု မရှိဘဲ ထုတ်လုပ်သည့် မည်သည့်စကားသံ အစိတ်အပိုင်းကိုမဆို နှာသံ သို့မဟုတ် "နှာသံပြုအသံ"[၈]"

---

[၁] simple vowel

[၂] nasal

[၃] glottal stop

[၄] half- syllable

[၅] nasalized vowel

[၆] glottal stop

[၇] velic closure

[၈] nasalized sound

ဟူ၍ ဖြစ်ပါသည်။

ဂျိန်ဖော့ဒေသိယ နှာသံပါသရများတွင်လည်း စံစကားရှိ နှာသံပါသရများကဲ့သို့ အင် / -ĩ /၊ အန် / -ã /၊ အွန် / -ũ /၊ အိန် / -eĩ /၊ အုန် / -oũ /၊ အိုင် / -aĩ /၊ အောင် / -aũ / ဟူသည့် နှာသံသရ (၇)မျိုး ရှိပါသည်။ သို့သော် စံစကားသံရှိ နှာသံသရ (၇)မျိုးလုံး၏ အဆုံးဗျည်းသံများ မပါဝင်သော်လည်း ဂျိန်ဖော့ဒေသိယ နှာသံသရ (၇)မျိုးလုံး၌ အဆုံးဗျည်းသံများထည့်ကာ ရွတ်ဆိုသည်ကို လေ့လာတွေ့ရှိရသည်။ ယင်းတို့ကို ကောက်နုတ်၍ သာဓက ဆောင်ပါမည်။

## ၂။၁။၂။၁။ **အင် / -iŋ̃ /၊ အင့် / iŋ̃́ /၊ အင်း / ì ŋ̃ /**

ဒေသိယ အင် / -iŋ̃ /၊ အင့် / iŋ̃́ /၊ အင်း / ìŋ̃ / နှာသံပါသရများတွင် အဆုံးဗျည်းသံထည့်၍ ပြောဆိုသော်လည်း စံစကားသံရှိ အင် / -ĩ /၊ အင့် / ĩ́ /၊ အင်း / ̀ĩ / နှာသံပါသရများတွင် အဆုံးဗျည်းသံမပါဘဲ ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / -kiŋ̃ / | / -kĩ / | ကင် |
| / -khiŋ̃ / | / -khĩ / | ခင် |
| / shiŋ̃́ / | / shĩ́ / | ဆင့် |
| / pĩ ŋ̃́ / | / pĩ́ / | ပင့် |
| / th ì ŋ̃ / | / th̀ ĩ / | ထင်း |
| / hì ŋ̃ / | / h̀ ĩ / | ဟင်း |
| / zwiŋ̀ **tɕi** / | / zũ̀ dʑi / | ဇွန်းကြီး |

## ၂။၁။၂။၂။ **အန် / -añ /၊ အန့် / añ́ /၊ အန်း / àñ́ /**

ဒေသိယ အန် / -añ /၊ အန့် / añ́ /၊ အန်း / àñ / နှာသံပါသရများတွင် အဆုံးဗျည်းသံ ထည့်၍ ပြောဆိုသော်လည်း စံစကားသံရှိ အန် / -ã /၊ အန့် / ã́ /၊ အန်း / ̀ã / နှာသံပါသရများတွင် အဆုံး ဗျည်းသံမပါဘဲ ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|

[၁] ထွန်းမြင့်၊ ဦး။ ၁၉၉၆၊ ၃၈။

| | | |
|---|---|---|
| / -kañ / | /-kã / | ကန် |
| / shañ´/ | / shã´/ | ဆန် |
| / ɲañ´/ | / ɲã´/ | ညို့ |
| / tañ´/ | / tã´/ | တန့် |
| / pàñ / | / p̀ ã / | ပန်း |
| / làñ / | / l̀ ã / | လမ်း |
| / tàũ - **pañ** / | / tàũ -bã / | တောင်းပန် |

## ၂။၁။၂။၃။ အွန် / -uñ /၊ အွန့် / uñ´/၊ အွန်း / ùñ /၊

ဒေသိယ အွန် / -uñ /၊ အွန့် / uñ´ /၊ အွန်း / ùñ / နှာသံပါသရများတွင် အဆုံးဗျည်းသံထည့်၍ ပြောဆိုသော်လည်း စံစကားသံရှိ အွန် / -ũ /၊ အွန့် / ũ´ /၊ အွန်း /`ũ / နှာသံပါသရများတွင် အဆုံး ဗျည်းသံမပါဘဲ ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / -thuñ / | / -thũ / | ထွန် |
| / -nuñ / | / -nũ / | နွံ |
| / suñ´/ | / sũ´/ | စွန့် |
| / tuñ´/ | / tũ´/ | တွန့် |
| / shùñ / | / sh̀ ũ / | ဆွမ်း |
| / nùñ / | / ǹ ũ / | နွမ်း |
| / -θã **-tɕhuñ** / | / -θã -dʑũ / | သံချွန် |
| / tàĩ **-swuñ** / | / tàĩ -zũ / | တိုင်းစွန် |

## ၂။၁။၂။၄။ အိန် / -eiñ /၊ အိန့် / eiñ´/၊ အိန်း / eì ñ/

ဒေသိယ အိန် / -eiñ /၊ အိန့် / eiñ´ /၊ အိန်း / eì ñ/ နှာသံပါသရများတွင် အဆုံးဗျည်းသံထည့်၍ ပြောဆိုသော်လည်း စံစကားသံရှိ အိန် / -eĩ /၊ အိန့် / eĩ´/၊ အိန်း / è ĩ / နှာသံပါသရများတွင် အဆုံးဗျည်းသံမပါဘဲ ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|

| | | |
|---|---|---|
| / -θeiñ / | / -θeĩ / | သိမ် |
| / -teiñ / | / -teĩ / | တိမ် |
| / leiñ´/ | / leĩ ´/ | လိမ့် |
| / meiñ´/ | / meĩ ´/ | မိန့် |
| / keì ñ / | / kèĩ / | ကိန်း |
| / jeì ñ / | / jèĩ / | ယိမ်း |
| / tì̃ **-teiñ** / | / tì̃ -deĩ / | တင်းတိမ် |

## ၂၊၁၊၂၅။ အုန် / -ouñ /၊ အုန့် / ouñ´/၊ အုန်း / oùñ /

ဒေသိယ အုန် / -ouñ /၊ အုန့် / ouñ´ /၊ အုန်း / oùñ / နှာသံပါသရများတွင် အဆုံးဗျည်းသံထည့်၍ ပြောဆိုသော်လည်း စံစကားသံရှိ အုန် / -oũ /၊ အုန့် / oũ´ /၊ အုန်း / òũ / နှာသံပါသရများတွင် အဆုံးဗျည်းသံမပါဘဲ ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / -kouñ / | / -koũ / | ကုန် |
| / -khouñ / | / -khoũ / | ခုန် |
| / ŋouñ´/ | / ŋoũ´/ | ငုံ့ |
| / mouñ´/ | / moũ´/ | မုန့် |
| / poùñ / | / pòũ / | ပုန်း |
| / toùñ / | / tòũ / | (သစ်)တုံး |

## ၂၊၁၊၂၆။ အင် / -aiŋ̃ /၊ အိုင့် / aiŋ̃´/၊ အိုင်း / aì ŋ̃ /

ဒေသိယ အိုင် / -aiŋ̃ /၊ အိုင့် / aiŋ̃´ /၊ အိုင်း / aì ŋ̃ / နှာသံပါသရများတွင် အဆုံးဗျည်းသံထည့်၍ ပြောဆိုသော်လည်း စံစကားသံရှိ အိုင် / -aĩ /၊ အိုင့် / aĩ ´/၊ အိုင်း / àĩ / နှာသံပါသရများတွင် အဆုံးဗျည်းသံမပါဘဲ ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / -kaiŋ̃ / | / -kaĩ / | ကိုင် |

| | | |
|---|---|---|
| / - taiŋ̃ / | / - taĩ / | တိုင် |
| / tɕhai ŋ̃´/ | / dʑaĩ ´/ | ချိုင့် |
| / phai ŋ̃´/ | / phaĩ ´/ | ဖိုင့် |
| / θiʔ kai`ŋ̃ / | / θiʔ gàĩ / | သစ်ကိုင်း |
| / nai`ŋ̃ / | / nàĩ / | နိုင်း |
| / mai`ŋ̃ / | / màĩ / | မိုင်း |

### ၂။၁၊၂၇။ အောင် / -auñ /၊ အောင့် / auñ´/၊ အောင်း / aùñ /

ဒေသိယ အောင် / -auñ /၊ အောင့် / auñ´/၊ အောင်း / aùñ / နှာသံပါသရများတွင် အဆုံးဗျည်းသံထည့်၍ ပြောဆိုသော်လည်း စံစကားသံရှိ အောင် / -aũ /၊ အောင့် / aũ´/၊ အောင်း / àũ / နှာသံပါသရများတွင် အဆုံးဗျည်းသံမပါဘဲ ပြောဆိုပါသည်။

| ဒေသိယသံ | စံစကားသံ | စံအရေး |
|---|---|---|
| / -sauñ / | / -saũ / | စောင် |
| / -shauñ / | / -shaũ / | ဆောင် |
| / tauñ´/ | / taũ´/ | တောင့် |
| / thauñ´/ | / daũ´/ | ထောင့် |
| / kaùñ / | / kà ũ / | ကောင်း |
| / maùñ / | / mà ũ / | မောင်း |

### ၂။၁၊၃။ ရပ်သံ

**ရပ်သံ** ဟူသည် အသံကြိုးနှစ်ခု လုံးဝပူးပိတ်နေရာမှ ရုတ်တရက် ပြန်ခွာလိုက်သောအခါတွင် ထွက်ပေါ်လာသော အသံ ဖြစ်ပါသည်။

ဂျိန်ဖော့ဒေသိယ ရပ်သံများတွင်လည်း စံစကားရှိ ရပ်သံများကဲ့သို့ အက် / ɛʔ /၊ အစ် / iʔ /၊ အတ် / aʔ /၊ အွတ် / uʔ /၊ အိတ် / eiʔ /၊ အုတ် / ouʔ /၊ အိုက် / aiʔ /၊ အောက် / auʔ / ဟူ၍ ရပ်သံ (၈)မျိုး ရှိပါသည်။ ထိုရပ်သံ (၈)မျိုးသည် ဂျိန်ဖော့ဒေသိယတွင် စကားသံ တစ်သံချင်းဖြစ်စေ၊ စကားသံများကို

တွဲဆက် ရွတ်ဆိုရာတွင်ဖြစ်စေ ယခုလေ့လာမိသမျှ စံစကားသံများနှင့် ကွဲပြားမှု မရှိသေးဟု ဆိုရပါမည်။

## ၂၊၁၊၄။ မတြာဝက်

အသံမပြည့်သော စကားသံ သို့မဟုတ် အသံတစ်ဝက်သာ ရွတ်ဆိုရသော စကားသံကို မတြာဝက် / ə / ဟု ခေါ်ပါသည်။

ဂျိန်ဖော့ဒေသိယတွင် စံစကားကဲ့သို့ မတြာဝက်အသံများ ရှိပါသည်။ ဂျိန်ဖော့ ဒေသိယနှင့် စံစကားသည် ဗျည်းသံသဘောသာ ကွဲပြားမှုရှိပြီး ယခုလေ့လာမိသမျှ မတြာဝက်အသံများ ကွဲပြားမှု မရှိသေးဟု ဆိုရပါမည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / θī tə kū / | / θī də gū / | သီတဂူ |
| / θwà θə là / | / θwà ðə là / | သွားသလား |
| / lā θə là / | / lā ðə là / | လာသလား |

## ၂၊၂။ ဒေသိယဗျည်းသံများ

ဗျည်းဟူသည်

သဒ္ဒဗေဒရှုထောင့်အရ –

"အဆုတ်မှ တက်လာသော လေကြောင်းသည် အပြင်သို့ ထွက်လာရာ လမ်းကြောင်းတစ်လျှောက်ရှိ ခံတွင်းသို့အရောက် အပြင်မထွက်မီ စကားသံပြု အင်္ဂါအစိတ်အပိုင်း တစ်ခုခု၏ ဆီးတားပိတ်ပင် နှောက်ယှက်မှုကြောင့် ဖြစ်လာသော စကားသံ"[၁] ဟူ၍ ဖြစ်ပါသည်။

စကားသံဖွဲ့ပုံရှုထောင့်အရ –

" "ဝဏ္ဏ"[၂] တစ်ခု၏ "အစွန်း"[၃] နှစ်ဖက်၌သာ ဖြစ်သော စကားသံ"[၄]

---

[၁] ထွန်းမြင့်၊ ဦး။ ၁၉၉၆၊ ၄၅။

[၂] syllable

[၃] margin

[၄] ထွန်းမြင့်၊ ဦး။ ၁၉၉၆၊ ၄၆။

ဟူ၍ ဖြစ်ပါသည်။

စံစကားရှိ ဗျည်းသံများနှင့် ဂျိန်ဖော့ဒေသိယဗျည်းသံများကို နှိုင်းယှဉ်လေ့လာ ဖော်ထုတ် တင်ပြရာတွင် –

(၁) **လုံးချင်းဗျည်း** များ

(၂) **ဗျည်းတွဲ**[၁] များ

ဟူ၍ ခွဲခြားကာ တင်ပြပါမည်။

## ၂.၂.၁။ လုံးချင်းဗျည်းများ

လုံးချင်းဗျည်းဟူသည်

"ဗျည်းသံ အစိတ်အပိုင်း တစ်ခုတည်းရှိသော ဗျည်းသံ"[၂]

ဖြစ်ပါသည်။

ဂျိန်ဖော့ဒေသိယတွင်ရှိသည့် လုံးချင်းဗျည်းသံများသည် စကားသံ တစ်သံချင်း ရွတ်ဆိုရာတွင် ဖြစ်စေ၊ စကားသံများကို တွဲဆက်၍ ရွတ်ဆိုရာတွင်ဖြစ်စေ စံစကားနှင့် တူညီမှု ရှိသကဲ့သို့ ကွဲပြားမှုများလည်း ရှိသည်ကို လေ့လာတွေ့ရှိပါသည်။ ဤစာတမ်းတွင် ကွဲပြားသော ဂျိန်ဖော့ဒေသိယလုံးချင်းဗျည်းသံများကိုသာ တင်ပြမည် ဖြစ်ပါသည်။

### ၂.၂.၁.၁။ ပ် / p /

ဒေသိယတွင် စကားသံများကို တွဲဆက်ရွတ်ဆိုရာ၌ **သံညင်း**[၃] **နှုတ်ခမ်း**[၄] **ရန်းပွင့်**[၅] ဗျည်း၌ ဖြစ်သော ပ် / p / ဗျည်းသံကို စံစကားသံတွင် ဗ် / b / **သံပြင်း**[၆] နှုတ်ခမ်း ရန်းပွင့် ဗျည်းသံဖြင့် အသံထွက် ပြောဆိုပါသည်။

**ဒေသိယသံ** **စကားသံ** **စံအရေး**

[၁] consonant cluster

[၂] အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၀၆၊၄၄။

[၃] voiceless

[၄] bilabial

[၅] plosives

[၆] voiced

| | | |
|---|---|---|
| / kə **pō** kə jō / | / gə bō gə jō / | ကပိုကရို |
| / kə **-pjiñ** / | / gə -bjĩ / | ကပြင် |
| / -θã **pə** jā / | / -θã bə jā / | သံပရာ |
| / tàũ **-pañ** / | / tàũ -bã / | တောင်းပန် |

## ၂.၂.၁.၂။ တ် / t /

ဒေသိယတွင် စကားသံများကို တွဲဆက်ရွတ်ဆိုရာ၌ သံညင်းသွားရင်း ရန်းပွင့်ဗျည်း၌ ဖြစ်သော တ် / t / ဗျည်းသံကို စံစကားသံတွင် ဒ် / d / သံပြင်း **သွားရင်း**[၁] ရန်းပွင့်ဗျည်းသံဖြင့် အသံထွက် ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / kə **tɔ́** / | / gə dɔ́ / | ကတော့ |
| / kə **touʔ** / | / gə douʔ / | ကတုံး |
| / kə **taiʔ** kə jaiʔ / | / gə daiʔ gə jaiʔ / | ကတိုက်ကရိုက် |
| / t̀i **tò** / | / t̀i dò / | တီးတိုး |
| / t̀ĩ **-teiñ** / | / t̀i -deĩ / | တင်းတိမ် |

## ၂.၂.၁.၃။ က် / k /

ဒေသိယတွင် စကားသံများကို တွဲဆက်ရွတ်ဆိုရာ၌ သံညင်း အာခေါင်ပျော့ ရန်းပွင့်ဗျည်း၌ ဖြစ်သော က် / k / ဗျည်းသံကို စံစကားသံတွင် ဂ် / g / သံပြင်း **အာခေါင်ပျော့**[၂] ရန်းပွင့်ဗျည်းသံဖြင့် အသံထွက် ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / **kə** tɔ́ / | / gə dɔ́ / | ကတော့ |
| / **kə** touʔ / | / gə douʔ / | ကတုံး |
| / **kə** taiʔ kə jaiʔ / | / gə daiʔ gə jaiʔ / | ကတိုက်ကရိုက် |
| / **kə** pō kə jō / | / gə bō gə jō / | ကပိုကရို |

---

[၁] alveolar

[၂] velar

| | | |
|---|---|---|
| / **kə** -pjiŋ̃ / | / gə bjĩ / | ကပြင် |

## ၂၂၊၁၄။ ကျ် / tɕ /

ဒေသိယတွင်စကားသံများကို တွဲဆက်ရွတ်ဆိုရာ၌ သံညင်း သွားရင်းအာခေါင် ရှန်းပွင့် ပွတ်တိုက်ဗျည်း၌ဖြစ်သော ကျ် / tɕ / ဗျည်းသံဖြင့် လည်းကောင်း၊ တစ်ခါ တစ်ရံတွင် **သံတင်း**[၁] သွားရင်းအာခေါင် ရှန်းပွင့် ပွတ်တိုက်ဗျည်း၌ဖြစ်သော ချ် / tɕh / ဗျည်းသံဖြင့်လည်းကောင်း အသံထွက် ပြောဆိုသည်ကို စံစကားသံတွင် ဂျ် / dʑ / သံပြင်း **သွားရင်းအာခေါင်**[၂] **ရှန်းပွင့်ပွတ်တိုက်**[၃] ဗျည်းသံဖြင့် အသံထွက် ပြောဆို ပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / zwiŋ̀ **tɕ̀i** / | / z̀ũ dʑ̀i / | ဇွန်းကြီး |
| / l̀ ɛ **tɕàñ** / | / hl̀ ɛ dʑ̀ã / | လှည်းကြမ်း |
| / lwá **tɕ̀i** / | / hlwá dʑ̀i / | လွှကြီး |
| / jā nwà **tɕ̀añ** / | / jā nwà dʑ̀ã / | ရေနွေးကြမ်း |
| / -θã **-tɕhuñ** / | / -θã -dʑũ / | သံချွန် |

## ၂၂၊၁၅။ မ် / m /

ဒေသိယတွင် စကားသံ တစ်သံချင်းဖြစ်စေ၊ စကားသံများကို တွဲဆက်ရွတ်ဆို ရာတွင်ဖြစ်စေ (သံပြင်း) နှုတ်ခမ်း နှာသံဗျည်း၌ဖြစ်သော မ် / m / ဗျည်းသံဖြင့် အသံထွက်ပြောဆိုသည်ကို စံစကားသံတွင် မှ် / hm / **သံပြင်းလျော့**[၄] **နှုတ်ခမ်း**[၅] **နှာသံ**[၆] ဗျည်းသံဖြင့် အသံထွက် ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / -mañ / | / -hmã / | မှန် |

[၁] aspirated
[၂] alveolo-palatal
[၃] affricate
[၄] devoiced
[၅] bilabial
[၆] nasal

| | | |
|---|---|---|
| / mjà / | / hmjà / | မြား |
| / mòuñ / | / hmòũ / | မှုန် |
| / mā tañ / | / hmā d̀ã / | မှာတမ်း |
| / mō / | / hmō / | မှို |

## ၂၊၂၊၁၊၆။ န် / n /

ဒေသိယတွင် စကားသံ တစ်သံချင်းဖြစ်စေ၊ စကားသံများကို တွဲဆက်ရွတ်ဆိုရာတွင်ဖြစ်စေ (သံပြင်း) နှုတ်ခမ်း နှာသံဗျည်း၌ ဖြစ်သော န် / n / ဗျည်းသံဖြင့် အသံထွက် ပြောဆိုသည်ကို စံစကားသံတွင် နှ် / hn /သံပြင်း လျော့သွားရင်း နှာသံဗျည်းသံဖြင့် အသံထွက် ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / **nə** má / | / hnə má / | နှမ(သားချင်းတွင် အစ်ကိုအောက်ငယ်သော မိန်းကလေး) |
| / **nə** loùñ / | / hnə lòũ / | နှလုံး |
| / **nə** khaùŋ̃ / | / hnə khàũ / | နှာခေါင်း |
| / ǹi / | / hǹi / | နှီး |
| / -**naũ** tɕ̀o / | / -hnaũ dʑ̀o / | နှောင်ကြိုး |

## ၂၊၂၊၁၊၇။ ည် / ɲ /

ဒေသိယတွင် စကားသံ တစ်သံချင်းဖြစ်စေ၊ စကားသံများကို တွဲဆက် ရွတ်ဆိုရာတွင်ဖြစ်စေ (သံပြင်း) အာခေါင်မာ နှာသံဗျည်း၌ ဖြစ်သော ည် / ɲ / ဗျည်းသံဖြင့်

အသံထွက် ပြောဆိုသည်ကို စံစကားသံတွင် ညှ် / hɲ / သံပြင်းလျော့ **အာခေါင်မာ**[၁] နှာသံဗျည်းသံဖြင့် အသံထွက် ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / ɲā / | / hɲā / | ညှာ(သူတစ်ပါးအတွက် အနစ်နာခံသည်။) |
| / **ɲī** naì ŋ̃ / | / hɲī hnàĩ / | ညှိနှိုင်း |
| / **ɲwuʔ** kwì ŋ̃ / | / hɲwuʔ kẁĩ / | ညွှတ်ကွင်း |
| / -**ɲ**uñ / | / -hɲũ / | ညွှန် |

## ၂၊၂၊၁၊၈။ င် / ŋ /

ဒေသိယတွင် စကားသံ တစ်သံချင်းဖြစ်စေ၊ စကားသံများကို တွဲဆက်ရွတ်ဆိုရာတွင်ဖြစ်စေ (သံပြင်း) အာခေါင်ပျော့ နှာသံဗျည်း၌ ဖြစ်သော င် / ŋ / ဗျည်းသံဖြင့် အသံထွက် ပြောဆိုသည်ကို စံစကားသံတွင် ငှ် / hŋ / သံပြင်းလျော့ အာခေါင်ပျော့ နှာသံဗျည်းသံဖြင့် အသံထွက်ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / ŋá / | / hŋá / | (ဝေ)ငှ |
| / ŋ̀a / | / hŋ̀a / | ငှား |
| / ŋɛ́ / | / hŋɛ́ / | ငှဲ့ |
| / **ŋaʔ** θaiʔ / | / hŋaʔ θaiʔ / | ငှက်သိုက် |

## ၂၊၂၊၁၊၉။ လ် / l /

ဒေသိယတွင် စကားသံ တစ်သံချင်းဖြစ်စေ၊ စကားသံများကို တွဲဆက်ရွတ်ဆိုရာတွင်ဖြစ်စေ (သံပြင်း) ဘေးလျှာပွင့်ဗျည်း၌ ဖြစ်သော လ် / l / ဗျည်းသံဖြင့် အသံထွက် ပြောဆိုသည်ကို စံစကားသံတွင် လှ် / hl /သံပြင်းလျော့ **ဘေးလျှာပွင့်**[၂] ဗျည်းသံဖြင့် အသံထွက်ပြောဆိုပါသည်။

---

[၁] palatal

[၂] lateral

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / -lauŋ̃ / | / -hlaũ / | လှောင် |
| / laì ŋ̃ / | / hlàĩ / | လှိုင်း |
| / **lɛ́** phjà / | / hlɛ́ bjà / | လှည့်ဖျား |
| / **lɛ́** tɕàñ / | / hlɛ́ dʑà̃ / | လှည်းကြမ်း |
| / **louʔ** khaʔ / | / hlouʔ khaʔ / | လှုပ်ခတ် |

## ၂၊၂၊၁၊၁၀။ **သ် / θ /**

ဒေသိယတွင် စကားသံများကို တွဲဆက်ရွတ်ဆိုရာ၌ သံညင်း **သွား** [၁] ပွတ်တိုက်ဗျည်း၌ ဖြစ်သော သ် / θ / ဗျည်းသံဖြင့် အသံထွက် ပြောဆိုသည်ကို စံစကားသံတွင် သ် / ð / သံပြင်း သွား **ပွတ်တိုက်** [၂] ဗျည်းသံဖြင့် အသံထွက် ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / òũ θ̀i / | / òũ ð̀i / | အုန်းသီး |
| / p̀ã **θ̀i** / | / p̀ã ð̀i / | ပန်းသီး |
| / -leĩ mɔ̄ **θ̀i** / | / -leĩ mɔ̄ ð̀i / | လိမ္မော်သီး |
| / bā **θā** pē tá / | / bā ð̀ā bē dá / | ဘာသာဗေဒ |

## ၂၊၂၊၁၊၁၁။ **စ် / s /**

ဒေသိယတွင် စကားသံများကို တွဲဆက်ရွတ်ဆိုရာ၌ သံညင်းသွားရင်း ပွတ်တိုက်ဗျည်း၌ ဖြစ်သော စ် / s / ဗျည်းသံဖြင့် အသံထွက် ပြောဆိုသည်ကို စံစကားတွင် ဇ် / z / သံပြင်း သွားရင်း ပွတ်တိုက် ဗျည်းသံဖြင့် အသံထွက် ပြောဆိုပါသည်။

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|

[၁] dental

[၂] fricative

| | | |
|---|---|---|
| / kə **sà** / | / gə zà / | ကစား |
| / θ̀i **s̀a** / | / θ̀i ża / | သီးစား |
| / ŋə màñ swɛ̄ / | / ŋə m̀ã zwɛ̄ / | ငါးမန်းစွယ် |

## ၂.၃။ ဗျည်းတွဲများ

ဗျည်းတွဲဟူသည်

"တစ်ခုထက်ပိုသော ဗျည်းသံများ ပေါင်းစပ်နေခြင်း"[၁]

ဖြစ်ပါသည်။

ဂျိန်ဖော့ဒေသိယတွင် စံစကား၏ အရေးသွင်ပြင်အရ ဗျည်းတွဲသံကို နှာသံဗျည်းဖြင့် လည်းကောင်း၊ စံစကား၏ နှာသံဗျည်းသံကို ဗျည်းတွဲသံဖြင့် လည်းကောင်း **ဒေသိယလေသံ** [၂] အတိုင်း အသံထွက်ပြောဆိုသည့် စကားသံအချို့ ကိုလည်း အတန်အသင့် လေ့လာတွေ့ရှိရပါသည်။ လေ့လာဖော်ထုတ် ကောက်နုတ် သာဓကဆောင်ရလျှင်–

| **ဒေသိယသံ** | **စံစကားသံ** | **စံအရေး** |
|---|---|---|
| / ī mɔ̄ -buñ / | / ī mɔ̄ -bwũ / | အီမောဘွမ် |
| / ī -khaĩ -buñ / | / ī –khaĩ –bwũ / | အင်ခိုင်ဘွမ် |
| / zwiŋ̀ **tɕ̀i** / | / żũ dẓ̀i / | ဇွန်းကြီး |
| / tàĩ **-swuñ** / | / tàĩ –zũ / | တိုင်းစွန် |

## ၃။ ခြုံငုံသုံးသပ်ချက်

ဂျိန်ဖော့ဒေသိယတွင် စံစကားကဲ့သို့ပင် သရသံများ၊ ဗျည်းသံများ ရှိပါသည်။ ယခုလေ့လာမိသမျှ သရသံများနှင့် ဗျည်းသံများသည် စကားသံ တစ်သံချင်းတွင် ဖြစ်စေ၊ စကားသံများကို တွဲဆက်၍ ရွတ်ဆိုရာတွင်ဖြစ်စေ ထူးခြားမှု ရှိသည်။ ထို့ကြောင့်လည်း ဤကဏ္ဍတွင် –

(၁) ဒေသိစကားသံများ သုံးသပ်ချက်

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ။ ၂၀၀၆၊ ၄၇။

[၂] dialect accent

(၂) ဒေသိစကားသံများအကြောင်း သုံးသပ်ချက်

ဟူ၍ (၂)ပိုင်း ခွဲခြားကာ အကျယ်တဝင့် သုံးသပ်တင်ပြမည် ဖြစ်ပါသည်။

## ၃၊၁။ ဒေသိယစကားသံများ သုံးသပ်ချက်

ဒေသိယစကားသံများကို –

(၁) သရသံများ သုံးသပ်ချက်

(၂) ဗျည်းသံများ သုံးသပ်ချက်

ဟူ၍ ခွဲခြားကာ တင်ပြသွားပါမည်။

### ၃၊၁၊၁။ သရသံများသုံးသပ်ချက်

ဂျိန်ဖော့ဒေသိယတွင် စံစကားကဲ့သို့ပင် သရသံများ ရှိသည်။ ယခု လေ့လာမိသမျှ အချို့သော သရသံများမှာ စကားသံတစ်သံချင်းတွင် ဖြစ်စေ၊ စကားသံများကို တွဲဆက်၍ ရွတ်ဆိုရာတွင် ဖြစ်စေ ထူးခြားမှု ရှိပါသည်။

(၂၊ ၁၊ ၁။)တွင် တင်ပြချက်များအရ သရရိုးရိုးအသံများမှာ ယခုလေ့လာမိသမျှတွင် ထူးခြားမှု မရှိသေးပါ။

(၂၊ ၁၊ ၂။)တွင် တင်ပြချက်များအရ **နှာသံပါသရ**[၁] များအနက် ဒေသိယနှင့် စံစကား ကွဲပြားသော နှာသံပါသရသံအချို့မှာ –

| **ဒေသိယအသံ** | **စံစကားသံ** |
|---|---|
| / -kiŋ̃ / | / -kĩ / |
| / tañ´ / | / tã´ / |
| / shùñ / | / sh`ũ / |
| / keì ñ / | / kèĩ / |
| / mouñ´ / | / moũ´ / |
| / maì ŋ̃/ | / màĩ / |
| /-sauñ / | / -saũ / |

တို့ ဖြစ်သည်။

---

[၁] nasalized diphthong

စံစကားသံတွင် နှာသံပါသရသံများကို ပြောဆိုရာ၌ အဆုံးဗျည်းသံများ မပါသောကြောင့် ဝဏ္ဏဖွဲ့ပုံအရ ကင် / -kĩ /၊ **"**ဗျည်း+သရ+မရှိ**"** (cvo) ဖြစ်၏။ ဂျိန်ဖော့ဒေသိယ နှာသံပါသရများတွင် အဆုံးဗျည်းသံများထည့်၍ ပြောဆိုသည်ကို တွေ့ရှိရသောကြောင့် ဝဏ္ဏဖွဲ့ပုံအရ ကင် / -kiŋ̃ /၊ **"**ဗျည်း+ သရ+ဗျည်း**"** (cvc) ဖြစ်နေ၏။ ယင်းသည် ဂျိန်ဖော့ဒေသိယ၏ ဒေသဆိုင်ရာ သွင်ပြင်လက္ခဏာ တစ်နည်း **ဒေသိယလေသံ**[၁] ကို ဖော်ပြနေသည်။

ဂျိန်ဖော့ဒေသိယ၏ တစ်သံချင်းရွတ်ဆိုသော နှာသံပါသရတိုင်းတွင် အဆုံးဗျည်းသံရှိနေရခြင်းကို ဆန်းစစ်ကြည့်သောအခါ ဂျိန်ဖော့စကားဖြစ်စေ မြန်မာစကားဖြစ်စေ မူလတိဗက်ဗမာမျိုးရိုးမှ ဆင်းသက်လာသောကြောင့် ဘာသာစကားမျိုးရိုးခြင်းတူညီသည်။ ထို့ကြောင့် ဂျိန်ဖော့ဒေသိယ၏ တစ်သံချင်း ရွတ်ဆိုသော နှာသံပါသရတိုင်းတွင် အဆုံးဗျည်းသံ ရှိနေရခြင်းက ရှေးကမြန်မာစကားတွင် အဆုံးဗျည်းသံရှိသည်ဟူသော ပညာရှင်တို့၏အဆိုအမိန့်ကို ထောက်ခံနေသကဲ့သို့ ဖြစ်ပါသည်။

ဂျိန်ဖော့ဒေသိယ နှာသံပါသရများနှင့် ပတ်သက်၍ ထူးခြားမှုတစ်ခု ရှိပါသေးသည်။ ယင်းမှာ စကားသံများကို တွဲဆက်ရွတ်ဆိုရာတွင် ရှေ့တွင်ရှိသော နှာသံပါသရများ၏ အဆုံးဗျည်းသံများ ပျောက်နေပြီး နောက်တွင်ရှိသော နှာသံပါသရ အသံများတွင်သာ အဆုံးဗျည်းသံများ ပါဝင်သည်ကို လေ့လာတွေ့ရှိရခြင်း ဖြစ်သည်။ ပို၍သိမြင်အောင် ရှေ့တွင် တင်ပြခဲ့သည်များမှ ကောက်နုတ်၍ သာဓကဆောင်ရလျှင် –

| **ဒေသိယအသံ** | **စံစကားသံ** |
|---|---|
| / **tàũ** -pañ / | / tàũ –bã / |
| / zwiŋ̀ **tɕ̀i** / | /z̀ũ dʑ̀i / |
| / **ɬ̀ ɛ** tɕàñ / | / hɬ̀ ɛ dʑ̀ã / |
| / **-θã** -tɕhuñ / | / -θã -dʑũ / |
| / **tàĩ** -swuñ / | / tàĩ –zũ / |

တို့ ဖြစ်သည်။ ယင်းမှာ ဂျိန်ဖော့ဒေသိယ နှာသံပါသရများ၏ ထူးခြားမှု တစ်နည်း ဒေသိယလေသံ ဖြစ်ပါသည်။

---

c= consonant
v=vowel
o(သုည)=မရှိကြောင်းပြ
[၁] dialect accent

(၂၊ ၁၊ ၃။)တွင် တင်ပြချက်များအရ သရရိုးရိုးအသံများမှာ ယခု လေ့လာမိသမျှတွင် ထူးခြားမှု မရှိသေးပါ။

(၂၊ ၁၊ ၄။)တွင် တင်ပြချက်များအရ ဂျိန်ဖော့ဒေသိယ မတြာဝက်အသံများမှာ စံစကား နှိုင်းယှဉ်ကြည့်သောအခါ / θī də gū / ကို / θī tə kū /၊ / θwà ðə là / ကို / θwà θə là / ဟု ဗျည်းသံသဘောသာ ကွဲပြားမှုရှိပြီး ယခုလေ့လာမိသမျှ မတြာဝက်အသံများ ကွဲပြားမှု မရှိသေးဟု ဆိုရပါမည်။

## ၃၊၁၊၂။ ဗျည်းသံများ သုံးသပ်ချက်

ဂျိန်ဖော့ဒေသိယတွင် စံစကားကဲ့သို့ပင် ဗျည်းသံများ ရှိပါသည်။ ယခု လေ့လာမိသမျှ အချို့သော ဗျည်းသံများသည် စကားသံ တစ်သံချင်းတွင်ဖြစ်စေ၊ စကားသံများကို တွဲဆက်၍ ရွတ်ဆိုရာတွင်ဖြစ်စေ ထူးခြားမှု မရှိသော်လည်း အချို့သော ဗျည်းသံများမှာ စကားသံ တစ်သံချင်းတွင်ဖြစ်စေ၊ စကားသံများကို တွဲဆက်၍ ရွတ်ဆိုရာတွင်ဖြစ်စေ ထူးခြားမှု ရှိပါသည်။

လုံးချင်းဗျည်းသံများတွင် (၂၊ ၂၊ ၁။)၌ တင်ပြခဲ့သော သာဓကများအရ စံစကားကဲ့သို့ ဂျိန်ဖော့ဒေသိယတွင် သံပြင်းသံ အများစုမရှိဘဲ သံပြင်းသံအစား သံညင်းဗျည်းကိုသာ အသုံးပြုပါသည်။ ချွင်းချက်အနေဖြင့် သံပြင်းသံ အသုံးပြုမှုကို စံစကားနှင့် ထိတွေ့မှုများသော ပညာတတ်အလွှာတွင်သာ တစ်ခါတစ်ရံ တွေ့ရှိရသောကြောင့် ဖြစ်သည်။ ထူးခြားမှုမှာ စံစကားတွင် ထင်ထင်ရှားရှား အသုံးပြုသည့် ငှ် / hŋ /၊ ညှ် / hɲ /၊ နှ် / hn /၊ မှ် / hm /၊ လှ်/ hl / သံပြင်းသံများကို င် / ŋ /၊ ည် / ɲ /၊ န် / n /၊ မ် / m /၊ လ် / l / သံညင်းသံဖြင့် ပြောဆိုသော်လည်း ရှ် / ɕ / ဗျည်းသံကိုမူ အသံမပြောင်းဘဲ ပြောဆိုသည်ကို လေ့လာတွေ့ရှိရပါသည်။

ဒေသိယတွင် သံပြင်းသံအစား သံညင်းသံ အသုံးပြုမှုကို စံစကားနှင့် နှိုင်းယှဉ် တင်ပြရလျှင်

| **ဒေသိယအသံ** | **စံစကားသံ** |
|---|---|
| က် / k / | ဂ် / g / |
| စ် / s / | ဇ် / z / |
| တ် / t / | ဒ် / d / |
| ပ် / p / | ဘ် / b / |
| င် / ŋ / | ငှ် / hŋ / |

| | |
|---|---|
| ည် / ɲ / | ည့် / hɲ / |
| န် / n / | နှ် / hn / |
| မ် / m / | မှ် / hm / |
| လ် / l / | လှ် / hl / |

တို့ ဖြစ်သည်။

တစ်ခါတစ်ရံတွင် ဂျိန်ဖော့ဒေသိယ၌ သံညင်းသံအစား သံတင်းသံ အသုံးပြုမှု (စာစောင် / sā -shaũ / )၊ သံပြင်းသံ အသုံးပြုမှု (ကစား / ká zà / )၊ (ဂျိန်ဖော့ / -dz̨eiǹ phɔ́ / ) ကို လေ့လာတွေ့ရှိရသော်လည်း တွေ့ရှိမှု အလွန်နည်းသည်။

စံစကားနှင့် ဂျိန်ဖော့ဒေသိယ ဗျည်းသံများကို ဆန်းစစ်ကြည့်သောအခါ ဂျိန်ဖော့သည် တိဗက်ဗမာမျိုးရိုးမှ ဆင်းသက်လာသော ကချင်အစုဖြစ်၍ မြန်မာစကားသည် တိဗက်ဗမာမျိုးရိုးမှ ဆင်းသက်လာသော ဗမာအစု ဖြစ်သည်။ ကချင်အစု ဂျိန်ဖော့စကားတွင် သံပြင်းဗျည်းရှိမည် ဖြစ်သော်လည်း သံပြင်းဗျည်းသံဖြင့် ပြောဆိုမှု အလွန်နည်းမည်။ ထို့ကြောင့် မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့တို့ပြောဆိုသော ဒေသိယ စကားသံအချို့တွင် စံစကားရှိသံပြင်းဗျည်းသံအများစုကို သံညင်း သို့မဟုတ် သံတင်း ဗျည်းသံဖြင့် ပြောဆိုခြင်း ဖြစ်နိုင်သည်။ ထိုအချက်ကလည်း ဂျိန်ဖော့ဒေသိယ၏ ဒေသိယလေသံကို ဖော်ပြနေသကဲ့သို့ ၎င်းတို့သည် **မူလ တိဗက်ဗမာမျိုးရိုးမှ ဆင်းသက်လာသော ကချင်အစု** ဖြစ်သည်ကို ဖော်ပြနေပါသည်။

ဗျည်းတွဲသံများတွင် (၂၊ ၂၊ ၂။)၌ တင်ပြခဲ့သော သာဓကများအရ ဂျိန်ဖော့ဒေသိယတွင် စံစကား၏ အရေးသွင်ပြင်အရ ဗျည်းတွဲသံကို နှာသံဗျည်းဖြင့်လည်းကောင်း၊ စံစကား၏ နှာသံဗျည်းသံကို ဗျည်းတွဲသံဖြင့်လည်းကောင်း **ဒေသိယ လေသံ**အတိုင်း အသံထွက်ပြောဆိုသည့် စကားသံအချို့ကိုလည်း အတန်အသင့် လေ့လာတွေ့ရှိရပါသည်။

## ၃၊၂။ ဒေသိယစကားသံများအကြောင်း သုံးသပ်ချက်

မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့လူမျိုးတို့ ပြောဆိုသော မြန်မာစကားသံအချို့သည် သို့မဟုတ် မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယစကားသံသည် နေထိုင်ရာ အရပ်ဒေသကို လိုက်၍ ကွဲပြားသွားသော **ဒေသဒေသိယ** ဖြစ်ပါသည်။

မြစ်ကြီးနားမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၇၆) ပေ တွင်သာ တည်ရှိသည်။ မြန်မာနိုင်ငံ၏အထက်ပိုင်းတွင် ရှိသည့်အပြင် ပတ်ဝန်းကျင်တွင်

တောင်ကုန်းတောင်တန်းများ တည်ရှိနေသည်။ ထိုမြို့တွင် တိဗက်ဗမာမျိုးရိုးမှ ဆင်းသက်လာသော "ဂျိန်ဖော့၊ လီဆူ၊ ရဝမ်၊ အဇီး၊ ရှမ်း" စသည့် ကချင်အစုဝင် အများစု နေထိုင်သည်။ ယင်းတို့သည် ဂျိန်ဖော့စကားကို နားလည်သောကြောင့် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာတွင် ဂျိန်ဖော့စကားကိုသာ ပြောဆိုကြသည်။

သို့သော် ထိုမြို့တွင် ဗမာများလည်း နေထိုင်သည်။ ရုံး၊ ကျောင်းစသည့် ပြည်ထောင်စုနှင့် ဆက်နွယ်သော နေရာဒေသများတွင်သာမက ဗမာများနှင့် ပြောဆို ဆက်ဆံရာတွင် မြစ်ကြီးနားမြို့တွင် နေထိုင်သူ မည်သူမဆို စံမြန်မာစကားကို ပြောဆိုကြသည်။ ထူးခြားမှုမှာ စံမြန်မာစကားကို ပြောဆိုနေရင်း ရုတ်တရက် ကချင် အစုဝင် တစ်ဦးတစ်ယောက်ကို တွေ့ဆုံမိပါက ၎င်းတို့အချင်းချင်း နားလည်သော ဂျိန်ဖော့စကားကိုသာ ပြောဆိုကြသည်။

ဂျိန်ဖော့နှင့် ဗမာလူမျိုးတို့သည် တိဗက်မြန်မာမျိုးရိုးမှ ဆင်းသက်လာသော ကြောင့် ဘာသာစကားမျိုးရိုးခြင်း တူညီသည်။ သို့သော် ဂျိန်ဖော့လူမျိုးတို့ ပြောဆို သော စံမြန်မာစကားသံရှိ နှာသံပါသရသံများတွင် အဆုံးဗျည်းသံ ရှိနေသည်။ ထိုအချက်က ရှေးက မြန်မာစကားတွင် အဆုံးဗျည်းသံရှိသည်ဟူသော ပညာရှင်တို့၏ အဆိုအမိန့်ကို ထောက်ခံနေသည်။

ထို့ပြင် ဗမာသည် တိဗက်မြန်မာမျိုးရိုးမှ မြန်မာအစု ဖြစ်သည်။ဂျိန်ဖော့သည် တိဗက်ဗမာမျိုးရိုးမှ ကချင်အစု ဖြစ်သည်။ ကချင်အစုတွင် ပြောဆိုသော စကားများမှာ သံပြင်းဗျည်းသံ အသုံးပြုမှု အလွန်နည်းပြီး သံညင်းဗျည်းသံ အသုံးပြုမှုများကာ သံတင်းဗျည်းသံ အသုံးပြုမှု အတန်အသင့်ရှိမည် ဖြစ်သည်။ ထို့ကြောင့်လည်း မြစ်ကြီးမြို့ရှိ ဂျိန်ဖော့ဒေသိယစကားနှင့် စံစကား နှိုင်းယှဉ်တင်ပြရာတွင် ဂျိန်ဖော့ ဒေသိယစကား၌ သံညင်းဗျည်းသံများကို အများဆုံးတွေ့ရပြီး သံတင်းဗျည်းသံများကို အနည်းငယ်မျှ တွေ့ရခြင်း ဖြစ်သည်။ ယင်းမှာ ဂျိန်ဖော့သည် တိဗက်ဗမာမျိုးရိုး ဆင်းသက်လာသော ကချင်အစု ဖြစ်သည်ကို အထင်အရှား ဖော်ပြနေပါသည်။

## နိဂုံး

ဤသုတေသနကို တစ်နှစ်တိုင်တိုင် အချိန်ယူ၍ အချက်အလက်များ ပိုမို ခိုင်မာ တိကျမှန်ကန်စေရန် သုတေသန ကွင်းဆင်းခရီးစဉ်များ သွားခဲ့သည်။ အကြိမ်ကြိမ် မေးမြန်းစိစစ်ပြီးမှသာ အတည်ပြုခဲ့ခြင်း ဖြစ်ပါသည်။ ထိုအခါ ဒေသ ဆိုင်ရာ သွင်ပြင်လက္ခဏာများ ထင်ဟပ်လျက်ရှိသော **မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ ဒေသိယစကားသံ**သည် ဒေသကွဲပြားမှုကြောင့် ဖြစ်ပေါ်လာသော **ဒေသဒေသိယစကား**

တစ်ခုဖြစ်သည်ကို သိလာရသည်။ ဂျိန်ဖော့နှင့် မြန်မာသည် မူလတိဗက်တရုတ်မျိုးရိုးမှ ဆင်းသက်လာသော ဘာသာစကားနှင့် မျိုးနွယ်တူ ဖြစ်သောကြောင့် ယခုလေ့လာမှုအရ တစ်သံချင်း ရွတ်ဆိုသော ဂျိန်ဖော့ဒေသိယ နှာသံပါသရတိုင်းတွင် အဆုံးဗျည်းသံရှိနေခြင်းမှာ **မြန်မာစကား တစ်နည်း စံစကားအတွက် သိစရာအချက်တစ်ခု တိုးပွားစေသည်။** ထို့အပြင် စံစကားရှိ သံပြင်း ဗျည်းသံ အများစုကို မြစ်ကြီးနားမြို့ရှိ ဂျိန်ဖော့ဒေသိယတွင် သံညင်း သို့မဟုတ် သံတင်း ဗျည်းသံဖြင့် ပြောဆိုခြင်းမှာ ဗမာနှင့်ကချင်သည် မူလ **တိဗက်ဗမာမျိုးရိုးမှ ဆင်းသက်လာသော ဘာသာစကားမျိုးနွယ်တူ ဖြစ်သော်လည်း ဂျိန်ဖော့သည် ဗမာအစု မဟုတ်၊ ကချင်အစု** ဖြစ်သည်ကို ထင်ထင်ရှားရှား ဖော်ပြနေပါသည်။ ဤသုတေသနသည် ဒေသိယစကားကို လေ့လာမည့်သူ၊ လေ့လာနေသူ ပညာရှင်သုတေသီများအတွက် အထောက်အပံ့ ဖြစ်မည်ဟု အခိုင်အမာ ယုံကြည်မိပါသည်။ ။

## ကျမ်းကိုးစာရင်း


**မြန်မာဘာသာ**

ကျော်အောင်စံထားဆရာတော်၊ (ဒုတိယ–)။ (မ–၁၃၂၈)။ ***ဝေါဟာရတ္ထပကာသနီကျမ်း***၊ ဒုတိယအကြိမ်။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်။

တင်ဇေ၊ **ဦး**။ (၁၉၇၅)။ ***မြန်မာဘာသာစကား၏ ဒေသိယစကားများ လေ့လာမှု***။ မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်၊ အတွဲ (၅၈) အပိုင်း (၂)။

ထွန်းမြင့်၊ **ဦး**။ (၁၉၉၅)။ ***ဘာသာဗေဒ***။ ရန်ကုန်တက္ကသိုလ်၊ ဂျီအီးစီ (ပညာရေး) သမဝါယမလီမိတက်။

ထွန်းမြင့်၊ **ဦး**။ (၁၉၉၆)။ ***သဒ္ဒဗေဒ*** ။ ရန်ကုန်၊ တက်လမ်းစာပေ။

ထွန်းမြင့်၊ **ဦး**။ (၂၀၀၄)။ ***ပါဠိသက်ဝေါဟာရအဘိဓာန်***၊ ဒုတိယအကြိမ်။ ရန်ကုန်၊ မြန်မာထုတ်ဝေသူများအဖွဲ့ ဝန်ဆောင်မှုလီမိတက်။

ဖေမောင်တင်၊ **ဦး**။ (၁၉၅၈)။ ***ဘာသာလောကကျမ်း***။ ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း။

မနမ်ဖန်၊ **ဦး**။ (၂၀၁၄)။ ***မြန်မာ–ကချင်–အင်္ဂလိပ်အဘိဓာန်***။ ရန်ကုန်၊ မြင့်ပုံနှိပ်တိုက်။

မောင်မောင်ဦး။ (၂၀၀၉)။ ***ရမည်းသင်းမြို့နယ် ဒေသိယစကား လေ့လာချက်***။ ရန်ကုန်တက္ကသိုလ် မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ပထမအကြိမ်။ ရန်ကုန်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန။

ရေးသူမပါ။ ခုနှစ်မပါ။ ***မြန်ဂုဏ်ဆောင် ရောဖျားမှ သားချင်းများ***။ မိတ္တူစာအုပ်။

သိန်း၊ **ဆရာ** (မှော်ဘီ–)။ (မ–၁၂၉၂)။ ***ပေါ်ရာဏာဒီပနီကျမ်း***၊ (ပထမတွဲ)။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၆)။ ***အင်းလေး ဒေသိယစကား***။ ရန်ကုန်၊ ရူပံစာအုပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Crystal, D. (2004). ***A Dictionary of Linguistics and Phonetics***.( $5^{th}$.edn.) Malden, Blackwell Publishing Ltd.

Gleason. H.A (1967). ***An Introduction to Discriptive Linguistics.***. New York Oxford & IBH Publishing company.

Hartmann, R. R. R and Stork, F.C (1972). ***Dictionary 0f language and Linguistics.*** Great Britain. Applied Science Publisher Ltd.

Haugen, E .(1974). ***Dialect, Language, Nation.*** Penguin Morden Linguistics Reading.

# ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာလေ့လာချက်

**တင်မျိုးဟန်*** 

## စာတမ်းအကျဉ်း

ဤစာတမ်းသည် "ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာလေ့လာချက်" ဖြစ်ပါသည်။ မင်စာအရေးအသားတို့တွင် ပုဂံခေတ်ဦး လောကထိပ်ပန်ဇာတ်မင်စာ များကို လူသိများသော်လည်း လူသိနည်းမည်ဟု ယူဆရသော ပုဂံခေတ်နှောင်းပိုင်း စလေ ရှင်ပင်စာကြိုဘုရားရှိ ဇာတကမင်စာများကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို တင်သွင်းရခြင်း ဖြစ်ပါသည်။ ဤသို့ လေ့လာ တင်ပြနိုင်ရန်အတွက် စလေမြို့ ရှင်ပင်စာကြိုဘုရား ရင်ပြင်တော်ရှိ ဘုရားအမှတ် ၉၄၊ ၅၅၀ ဇာတ်မင်စာ ဇာတ်တော်စဉ် (၅၄၆)၊ ဝိဓုရဇာတ်တော်ကို အလေ့လာခံသုတေသန နယ်နိမိတ်အဖြစ် သတ်မှတ်ပြီး ဇာတ်လမ်းအတင်အပြ၊ စကားအသုံးအနှုန်းနှင့် ဝါကျဖွဲ့ထုံး စသည်တို့ကို ဘာသာစကားနယ်ပယ်မှ နည်းစနစ်များဖြင့် လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် မြန်မာစာပေနှင့် ဘာသာစကား သုတေသီများအတွက် ပုဂံခေတ်နှောင်းပိုင်းကာလ ဆေးနီမင်စာ အရေးအသားတို့ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သော မြန်မာစာပေကို ရှုထောင့် အမျိုးမျိုးတို့မှ သုတေသနပြုနိုင်သော အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

**သော့ချက်ဝေါဟာရ** – *ဝိဓုရဇာတ်မင်စာ၊ ဇာတ်လမ်းအတင်အပြ၊ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံး၊ ဘာသာစကားနယ်ပယ်။*

## နိဒါန်း

မြန်မာနိုင်ငံဝိဇ္ဇာသိပ္ပံပညာရှင်အဖွဲ့၏ (၁၇) နှစ်မြောက် သုတေသနစာတမ်းဖတ်ပွဲသို့ တင်သွင်းဖတ်ကြားသည့် "ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာလေ့လာချက်" ဟူသော ဤစာတမ်းသည် ၂၀၀၇ ခုနှစ်၊ မြန်မာစာ ပါရဂူဘွဲ့ကျမ်းဖြစ်သော "စလေမြို့ရှိ ၅၅၀ ဇာတကမင်စာများ လေ့လာချက်" မှ စိစစ်ရွေးထုတ်၍ ပြုစုထားသော စာတမ်း ဖြစ်ပါသည်။ ပါရဂူဘွဲ့ကျမ်းတွင် "ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာလေ့လာချက်" အနေဖြင့် သီးသန့်အခန်းကဏ္ဍ တစ်ရပ်အဖြစ် ပါဝင်ပြုစုထားခြင်းမရှိပါ။ သို့သော် ထိုကျမ်းကြီးမှ ဝိဓုရဇာတ် မင်စာကို စာတမ်းအနေဖြင့် သီးသန့် ခွဲခြားပြုစုတင်သွင်းရန် စိတ်ဝင်စားသဖြင့် လေ့လာပြုစုတင်ပြရခြင်းလည်း ဖြစ်ပါသည်။ ဤသို့ လေ့လာတင်ပြနိုင်ရန်အတွက် ဘွဲ့ယူမူရင်းကျမ်းကို အခြေခံ၍ ဝိဓုရဇာတ် မင်စာ၏ ဇာတ်လမ်းအတင်အပြ၊ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံးတို့ကို

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ မြစ်ကြီးနားတက္ကသိုလ်

စိစစ်ရွေးထုတ်၍ သာဓကပြ အထောက်အထားများဖြင့် ပြုစုတင်ပြထားပါသည်။ ပါရဂူဘွဲ့ကျမ်း ပြုစုစဉ်ကပင် သုတေသနပြုရန် မကွေးတိုင်းဒေသကြီး စလေမြို့ ရှင်ပင်စာကြိုဘုရားရှိ ၅၅၀ ဇာတ်မင်စာများရှိရာသို့ ကျမ်းပြုသူကိုယ်တိုင် ကွင်းဆင်း လေ့လာ သုတေသနပြုခဲ့သည့် အချက်အလက်များ၊ မြန်မာနိုင်ငံရှေးဟောင်းသုတေသန ဌာနနှင့် သမိုင်းဌာနတို့မှ ကူးယူတွေ့ရှိချက်များ၊ ကျမ်းကြီးအတွက် လိုအပ်သော အထောက်အထား ကျမ်းစာအုပ်စာတမ်းများအားလုံး တိုက်ဆိုင်စိစစ် ပြုစုတင်သွင်း ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ သမိုင်းကော်မရှင်၏ (၁၉၆၁) ခုနှစ်ထုတ် ဗိုလ်မှူးဘရှင်၏ ပုဂံမင်စာစု သုတေသနလုပ်ငန်းမှ လောကထိပ်ပန် မင်စာဆိုင်ရာ အချက်အလက်များနှင့် (၁၉၆၂) ခုနှစ်ထုတ် ယဉ်ကျေးမှုစာစောင်မှ ဦးမြင့်အောင်၏ "စလေတစ်ခွင် သုတေသန" မှ စလေ ရှင်ပင်စာကြိုဘုရားသမိုင်း အထောက်အထား ဆိုင်ရာ အချက်အလက်များကို စာပေတွေ့ရှိချက်များအနေဖြင့် ဤစာတမ်းပြုစုရာတွင် အထောက်အကူများစွာ ရရှိစေခဲ့ပါသည်။ ထို့ကြောင့် ယခု ဖတ်ကြားတင်သွင်းသည့် ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ်မင်စာကို လေ့လာပြုစုရာတွင်လည်း ဖော်ပြပါ သုတေသန ပြုစုထားချက်များကို အထောက်အထား အကိုးအကားပြု၍ လေ့လာပြုစု ထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ၁။ စလေမြို့ ရှင်ပင်စာကြိုဘုရားရှိ ဇာတကမင်စာ

> "ရှေးဘုရားငယ်များအနက် ရှင်ပင်စာကြိုကြီး၊ စာကြိုလှဘွဲ့ အမည်ချီသော ဘုရားနှစ်ဆူမှာ ဥယျာဉ်ရွာဒိုင်နယ်အတွင်းရှိ ယခု ထက်တိုင် အများပြည်သူတို့ အလေးအမြတ် ဖူးမြော်နေကြဆဲ ရှေးဟောင်းဘုရားများသာ ဖြစ်ကြသည်။ ဘုရား နှစ်ဆူကိုပင် စာကြိုဘုရားဟု တစ်ပေါင်းတည်း တစ်စည်းတည်း မှည့်ခေါ် သည်။"[၁]

ဟူ၍ ရှေးဟောင်းသုတေသနဝန်ထောက် ဦးမြင့်အောင်၏ စလေတစ်ခွင် သုတေသန ဆောင်းပါးအရ လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ရှင်ပင်စာကြိုဘုရားသည် မကွေးတိုင်းဒေသကြီး၊ စလေမြို့၊ ဥယျာဉ်ရွာအုပ်စုအတွင်း၊ ရေလယ်ရွာတောင်ဘက်ရှိ ဘုရားတစ်ဆူ ဖြစ်ပါသည်။

ရှင်ပင်စာကြိုဘုရားသည် ပုဂံခေတ်နှောင်းပိုင်း သက္ကရာဇ် (၅၀၀–၆၀၀) အတွင်းတွင် တည်ထားသော ကုလားကျောင်းခံ ကွမ်းတောင်ပေါက် ဂူပုထိုး

---

[၁] မြင့်အောင်၊ ၁၉၆၂၊ ၄၂။

ဖြစ်သည်ဟု ရှေးဟောင်းသုတေသနဝန်ထောက် ဦးမြင့်အောင်က ခန့်မှန်းပါသည်။ ဝိဓုရဇာတ်တော် သရုပ်ဖော် မြန်မာမင်စာများ ရေးထိုးထားသော ဘုရားသည် ရှင်ပင်စာကြီးဘုရားဝင်း တန်တိုင်းအတွင်း တောင်ဘက် ပုထိုး (၄)ဆူ အနက် အရှေ့ဘက်မှ ရေတွက်သော် (၃)ဆူမြောက် ဖြစ်သည်။ ထိုရှင်စာကြီးဘုရားရှိ မင်စာနှင့် နံရံဆေးရေးပန်းချီများ၊ ဗိသုကာလက်ရာများက ပုဂံခေတ်နှောင်းပိုင်းတွင် တည်ထားကြောင်း ဖော်ပြနေသည်။

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန၏ စလေ မင်စာစုစာရင်းတွင် ဝိဓုရဇာတ် မင်စာသည် ရှင်ပင်စာကြီးဘုရား (၇)ဆူအနက် ဘုရားအမှတ် (၉၄)၊ မြောက်လှည့်ဂူ ဖြစ်ပါသည်။ ဝေဿန္တရာဇာတ်တော်နှင့် ဝိဓုရဇာတ်တော်ကို နံရံ တစ်ပြင်လုံးတွင် အသေးစိတ် ခြယ်မှုန်းထားပြီး မူလဆေးရောင်အတိုင်း ဆေးနီ မင်စာ အဖြစ် ကျန်ရှိနေသည်ကို တွေ့ရှိရပါသည်။

## ၂။ ဇာတ်မင်စာတို့၏ ယခုခေတ်စာလုံးပေါင်း ပြန်ဖော်ပြချက်

### ၂၊၁။ ရှင်ပင်စာကြီးဘုရား ဝိဓုရဇာတ် မင်စာ

(၁) ဣကာ မင်လိယ်ယောက်သတင်သုံရာတေ။

(၂) ဣကာမင်တိုဝ် ပုရှာလောင်ကိုဝ်သတင်——--- မွတ်မိယ်လိယ် ရာတေ။

(၃) ဣကာနကာမင်မိယျာ မတတ်ကွန်မူရာတေ။

(၄) နကာမင်သမီ ဣရဋ္ဌတီလင်ရှာ ရယ်သိခြင်သိလျက် ကရာတေ။

(၅) ဣရဋ္ဌတီဘိယ်လူကိုဝ် လက်ငင်ရယ် အဖထံသိုဝ် လာကြသတေ။

(၆) မင်ကိုဝ် ဘိယ်လူတန်တိုင်ထက် မြင်စိုင်ပိယ်ရာတေ။ ၄။

(၇) ဣကာဘိယ်လူမင်ကိုဝ် ပတ္တမရာ ဖန်ဆင်ပိယ်ရာတေ။

(၈) ဘိယ်လူမင်တရှာ တယောက်သောကိုဝ် သက်သိယ် မူရာတေ။

(၉) ဣကာ မင်နှင့် ဘိယ်လူအန်ခတ် စကြရာတေ။

(၁၀) ဣကာဘိယ်လူနှင့် မင်ပုရှာလောင်ထံ မိယ်လိယ်ရာတေ။

(၁၁) ပုရှာလောင်ကိုဝ် မင်ဃရာ ဓာရာခန်မိယ်လိုက်သတေ။

(၁၂) မင်ကိုဝ် ပုရှာလောင်ပန် လိယ်သတေ။

(၁၃) မင်ကိုဝ် ပုရှာလောင်ပန်ပြီသွာခသတေ။

(၁၄) ဤမ်နှိုက် ပုရှာလောင် မိယာသာကိုဝ် ဆုမ္မလိယ်သတေ။

(၁၅) ပုရှာလောင် ဘိယ်လူထံသိုဝ်လာပလိယ်သတော။
(၁၆) ဘိယ်လူပုရှာလောင်ကိုဝ်တောင်တဝ်အစန်တို(က်) လိယ်တော။
(၁၇) ကြယ်ကာ လိယ်သင်ထုန်သိုဝ် တိုက်လိယ်တုံသတော။
(၁၈) ကိုဝ် ခွေါက်တွင် ထိုဝ်ရာတော။
(၁၉) ပုရှာလောင်ကြမ် နှိုက် မိယျာသာတိုင် ငိုဝ်ရစ်သတော။
(၂၀) ကြကာတောင်တောင်ထက် ဘိယ်လူကိုဝ်ပုရှာလောင် တြျာဟဝ်ပိယ်ရာတော။
(၂၁) ပုရှာလောင်နှင့် ဘိယ်လူနကာမင်ပြည် လာကြသတော။
(၂၂) ပုရှာလောင်နကာ မင်မိယာကိုဝ် တြျာသဘင် ပိယ်သတော။
(၂၃) ကြရဠ္ဌတီကိုဝ် ဘိယ်လူပုန္န ယက်ပိယ်သေတော။
(၂၄) ဘိယ်လူပုရှာလောင်ထံ သိုဝ် တိုင်ပင်လိယ်သတော။
(၂၅) ဘိယ်လူပုရှာလောင် ကိုဝ်ပြည်သိုဝ်ပိုဝ်ပိယ်လိုက် သတော။
(၂၆) ကြကာမင်ကြမ် မက်မြင်မက်လင်သတော။
(၂၇) သစ်ပင်ထံရယ်ကြမ်ရှိယ်စိုက် ပိယ်လတ်သတော။
(၂၈) ဘိယ်လူပုရှာလောင်ကိုဝ် မင်ရင့်ပွင်နှိုက်ခွပိယ် ရာတော။
(၂၉) ပုရှာလောင်မင်ကိုဝ် ပတ္တံရာပိယ်လုသတော။
(၃၀) ပုရှာလောင် ပြည်ရောက်လှရကာ ပြည်သူအလုံပုဇဝ် လင်သတော။

## ၂.၂။ လောကထိပ်ပန် ဝိခုရဇာတ်မင်စာ[၁]

ဂန္ဓကုဋီအနောက်နံရံ

အတန်း ၁၂(ခ)၊ ပြူတင်း မြောက်ဘက်

"။၀။ ကြန္ဒပတ္တပြည်နှိုက္ကာ ဂေါ်ရဗျမည်သောမင်မူအေ်။ သိယ်ခရကာ ပုံနာဖွစ်ဇအေ်။ ပုံနာလိယျောက် တောင်ထက်ရသိမူ၏။

ရသိယ် လိယျောက် ဆောံခံသောသွာလိယျော၊ သကြာရွား၊ နာဂါရွား၊ ကလုန်ရွား၊ လူရွား ဆောံခ လိယျေအ်။၀။

[၁] ဘရှင်၊ ၁၉၆၂၊ ၆၄။

နဂါမင် ၁ သကြာမင်ာ လူမင်ာ ရသိယ်နှင်စကာဆိုဝ်ဇ၊ သတင် သုံရကာ နတ်ရွားလာ့ဖွစ် လိသောဟုတ္တာ။၁။”

အတန်း ၁၃ (ခ)၊ ပြူတင်း မြောက်ဘက်

“။ နတ်မင်လိယျောက် သတင်းသုံရကာ ဗြုမှာ ရွာ့ဖွစ်ယျေအ်။ နတ်မင်လိယျောက်အာဗြုမှာ တရျာဟောဝ် ပိယျေအ်။

နဂါမင်မယာစစ်ကာဆိုဝ်ဇ၊ မိယာနှစ်လုံစံဇအ်။ အရိန္ဒဝတိ တောင်ထိပ်ကဇအ်။ ပုန္နယ်က် ဖူအ်။

ပုန္နယ်က်နှာင်နဂါမင်း စကာဆိုဝ်ဇ။ ဖိလူပုန္နယ်က်တောင် ဖြိုဝ်ရှယ်။ .........”

အတန်း ၁၄ (ခ) ပြူတင်း မြောက်ဘက်

“၊မင်ပုန္နယ်က် အန်ခတ်ဇအ်၊ ပုဟာလောင် သာဆုမှဇအ်။

မင်မိယာ ပုန္နယ်က် စကာဆိုဝ်ဇ၊ မင်ပုဟာလောင်ကိုဝ်ပိယျေ၊

ပုဟာ(လောင်) ကိုဝ်ဆောင်(လိ)ယျေ၊ ဆင်တိက်ဇခွောက်

ခွဇ၊ မသတ်ဟုသော ရိယ်ခွဇ။ ပုဟာလောင် တရျာဟာဝ်ဇ၊

နဂါရွာ ဆော်လိယျေအ်(၊) ပုဟာလောင်နဂါမင်အာတရျာဟာဝ် ဇအ်။ ပြည်ရောက်လ လာဇအ်။”

## ၃။ ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာလေ့လာချက်

စလေမြို့ ရှင်ပင်စာကြိုဘုရားရှိ ၅၅၀ ဇာတကမင်စာများမှ ဝိဓုရဇာတ်မင်စာ၏ ဇာတ်လမ်းအတင်အပြ၊ စကားအသုံးအနှုန်းနှင့် ဝါကျဖွဲ့ထုံး စသည်တို့ကို ပုဂံခေတ်နှောင်း မြန်မာမင်စာအရေးအသားအဖြစ် လေ့လာတွေ့ရှိရပါ၍ ပုဂံခေတ်ဦး မြန်မာမင်စာဖြစ်သော လောကထိပ်ပန်မင်စာလာ ဇာတက မင်စာအရေးအသားအချို့နှင့် ထင်ဟပ်နှိုင်းယှဉ်လေ့လာ၍ သုံးသပ်တင်ပြထားပါသည်။

### ၃၊၁။ ဇာတ်လမ်းအတင်အပြ

စလေမြို့ ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ်မင်စာ၏ဇာတ်လမ်းအတင်အပြကို လေ့လာကြည့်သောအခါ ဝိဓုရဇာတ်တော်ကို ၇ လက်မ ပတ်လည် စတုရန်းကွက်၊

စာကြောင်းရေ (၃၀) အခန်းငယ် (၃၀) ဖြင့် အလေးကဲလိုသော ဇာတ်ကွက်တို့ကို အစီအစဉ်တကျ ရေးဆွဲမှတ်တမ်းတင်ထားပါသည်ကို တွေ့ရပါသည်။ လောကထိပ်ပန် ဂူဘုရား၊ ဂန္ဓကုဋီ အနောက်နံရံတွင် ၊ ဇာတ်တော်စဉ် ၅၄၅၊ ဝိဓုရ ဇာတ်မင်စာကို စာကြောင်းရေ (၉)ကြောင်းနှင့် အခန်း (၁၅)ခန်း ဖြစ်သော

ပြည်၊ မင်းခန်း၊ ဆွမ်းခံခန်း၊ သီတင်းသုံးခန်း၊ တရားဟောခန်း၊ နဂါးမင်း မယား စကားဆိုခန်း၊ နဂါးမင်းသမီး သီချင်းဆိုခန်း၊ အန်ကစာခန်း၊ မယား၊ သားဆုံးမခန်း၊ ဘုရားလောင်းနှင့် ပုဏ္ဏက စကားဆိုခန်း၊ ပုဏ္ဏက၏ အစွမ်းပြခန်း၊ ဘုရားလောင်း တရားဟောခန်း၊ နဂါးရွာသို့ ပို့ဆောင်ခန်း၊ တရားဟောခန်း၊ လူ့ပြည်သို့ ပြန်ပို့ခန်း စသည်ဖြင့် ဇာတ်တော်စဉ် အစမှ အဆုံးတိုင် မင်စာ၏ အနှစ်ချုပ် စွမ်းရည်ဖြင့် ဖော်ညွှန်းထားသည်ကို တွေ့ရပါသည်။

ဤတွင် လောကထိပ်ပန် ဂူဘုရားရှိ ဝိဓုရဇာတ် မင်စာနှင့် ရှင်ပင်စာကြီး ဘုရားရှိ ဝိဓုရဇာတ် မင်စာကို နှိုင်းယှဉ်ကြည့်သောအခါ ကွာခြားမှုရှိကြောင်း တွေ့ရပါသည်။ ရှင်ပင်စာကြီးဘုရားရှိ ဝိဓုရဇာတ် မင်စာ၏အစတွင် လောကထိပ်ပန်မင်စာကဲ့သို့ တိုင်းပြည်နှင့်မင်းတို့ကို စတင်ဖော်ပြခြင်းမရှိဘဲ မင်း (၄)ပါး သီတင်းသုံးခန်းမှ အစပြု ရေးဖွဲ့ထားပါသည်။ ထို့နောက် မင်း(၄)ပါးတို့က မိမိတို့၏ သီတင်းသီလတွင် မည်သူ၏ သီတင်းသီလက အမြတ်ဆုံးဖြစ်ကြောင်း ဘုရားလောင်းကို မေးခန်း၊ နဂါးမင်းမယား(မိဖုရား)က သုခမိန်၏ တရားကို နာလိုခန်း၊ သမီး ဣရန္ဓတီက သုခမိန်အား ဆောင်နိုင်မည့်လင်ကို သီချင်းသီဆို၍ ရှာဖွေခန်း၊ ပုဏ္ဏကဘီလူးအား မိဘထံ ခေါ်ဆောင်သွားခန်း၊ ပုဏ္ဏကဘီလူးက သုခမိန်အားရရန် ကြံဆောင်ခန်း (ပတ္တမြား၊ အန်ခတ်) သုခမိန်မှ မယား သားတို့ကို ဆုံးမခန်း၊ ပုဏ္ဏကမှ သုခမိန်အား တောင်အစဉ်နှင့် တိုက်ခြင်း၊ လေသင်တုန်းတိုက်ခြင်း၊ ချောက်တွင်ချခြင်း တို့ဖြင့် ကြံစည်ခန်း၊ သုခမိန်က ပုဏ္ဏကအား တရားဟောခန်း၊ နဂါးပြည်သို့ ဆောင်ယူခန်း၊ တရားဟောခန်း၊ ပုဏ္ဏကအား သမီးပေးခန်း၊ ပုဏ္ဏကမှ သုခမိန်အား လူ့ပြည်သို့ ပို့ဆောင်ခန်း၊ ပတ္တမြား ပေးလှူခန်း၊ ပြည်သူအပေါင်းမှ သုခမိန်အား ပူဇော်ခန်း စသည်ဖြင့် ဇာတ်တော်စဉ်လာ အဖြစ်အပျက်တို့ကို ပုံဖော်ပေးနိုင်စွမ်း ရှိလှပါသည်။

ဘုရားလောင်းသုခမိန်၏ ပညာဉာဏ် ထူးမြတ်ပုံသည် ဤဝိဓုရဇာတ်၏ အနှစ်သာရဖြစ်ရာ ပညာကြီးမြတ်သည့် အခန်းတို့ကို ဆွဲထုတ်တင်ပြနိုင်ခြင်းသည် မင်စာ၏ ဂုဏ်ရည်ဖြစ်သည်။ လောကထိပ်ပန် ဝိဓုရဇာတ် မင်စာနှင့် ရှင်ပင်စာကြီးဘုရား ဝိဓုရဇာတ် မင်စာ၏ အတင်အပြတို့ကို နှိုင်းယှဉ်လေ့လာကြည့်လျှင် လောကထိပ်ပန် မင်စာ၌ ရှေ့ပိုင်း တစ်ဝက်ကျော်ကျော်မှာ ဇာတ်လမ်းပျိုးနေရသည်နှင့် ပြီးနေ၏။

နောက်ပိုင်းတွင်မူ ဇာတ်ကွက်များ မကျန်စေရန် ဖော်ပြပေးထားသော်လည်း အကျဉ်းချုပ်လွန်းသည်ကို တွေ့ရပါသည်။

ရှင်ပင်စာကြိုဘုရားဇာတ် မင်စာတွင်မူ ဣရန္ဓတီနဂါးမင်းသမီးက မိခင် နဂါးမိဖုရားကြီးအတွက် ဝိဓုရသုခမိန်၏ နှလုံးသားကို ရယူနိုင်ရန် ရှာဖွေခန်း၊ ပုဏ္ဏက ဘီလူး၏အစွမ်းပြခန်း၊ ဝိဓုရသုခမိန်၏ ဉာဏ်ပညာ ကြီးမားခန်း၊ တရားဟောခန်း တို့ဖြင့် စုံလင်စွာ ဖော်ညွှန်းနိုင်ခဲ့ပါသည်။

ထို့ကြောင့် ဇာတ်လမ်းတင်ပြပုံနှင့် ပတ်သက်၍ ပုဂံခေတ်ဦး လောကထိပ်ပန် ဇာတ်မင်စာထက် စလေရှင်ပင်စာကြိုဘုရား ဇာတ်မင်စာက ဇာတ်လမ်း အစမှ အဆုံးတိုင် ပို၍ပြည့်စုံသော ဇာတ်ညွှန်းစာတို့ဖြင့် ရေးသားဖော်ညွှန်းပြနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃၊၂။ စကားအသုံးအနှုန်း

ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ်မင်စာမှ စကားအသုံးအနှုန်းများကို လေ့လာရာတွင် မတတ်ကွန်မူ ရာတေ၊ လေသင်ထုန်၊ လက်ငင် စသည့် စကားလုံးတို့ကို တွေ့ရပါသည်။

### သာဓက – မတတ်ကွန်မူရာ

"ဣကာ နကာမင်မိယျာ **မတတ်ကွန်မူရာ**တေ"

ဤသာဓကသည် နဂါးမင်း၏မယား (ဝိမလာဒေဝီ)သည် ဝိဓုရ၏တရားကို နာလို၍ ဥပါယ်တံမျဉ်ဖြင့် မကျန်းမာယောင်ဆောင်သည်ဟု မင်းဘူးဆရာတော် ဦးသြဘာသ၏ ဝိဓုရဇာတ်တော်စကားပြေ အခန်း(၂) မိဖုရားကြီး ချင်ခြင်းဖြစ်ခန်းတွင် ဖော်ပြထားပါသည်။ နဂါးမင်းကြီးက ဝိဓုရကို မဆောင်ယူနိုင်ကြောင်း ပြောသည့်အခါ နဂါးမင်းမိဖုရားကြီး မကျန်းမာယောင်ဆောင်သည်ကို မင်စာတွင် "မတတ်ကွန်မူရာ" ဟု သုံးနှုန်းခြင်း ဖြစ်ဟန်တူပါသည်။ မင်စာသည် အနှစ်ချုပ်စာပေ အရေးအသား တစ်မျိုး ဖြစ်သောကြောင့် စကားလုံးများစွာ မသုံးဘဲ အနှစ်ချုပ် ဖော်ညွှန်းတတ်ပေသည်။ ထို့ကြောင့်လည်း စကားလုံးတို့ကို အနှစ်ချုပ်ထားသည့်အတွက် လိုရင်း အဓိပ္ပာယ် သိရှိစေရန် မူရင်းဇာတ်တော်လာ အဖြစ်အပျက်တို့ဖြင့် နှိုင်းယှဉ်၍ အဓိပ္ပာယ်ကို ချိန်ဆကောက်ယူရခြင်းမျိုးလည်း ရှိပါသည်။

### လေသင်ထုန်

"ဣကာ **လိယ်သင်ထုန်**သိုဝ် တိုက်လေတံသတေ"

လေသင်ထုန် ဟူသော စကားအသုံးအနှုန်းသည် ဝိဓုရဇာတ်တော်တွင် ပုဏ္ဏက ဘီလူးသည် ဘုရားလောင်း ဝိဓုရသုခမိန်ကို ကောင်းကင်ခရီးလမ်းဖြင့် နဂါးပြည်သို့ ခေါ်ဆောင်ခဲ့ပါသည်။ ထိုသို့သော ကောင်းကင်လမ်းခရီးတွင် ဝိဓုရသုခမိန်အား သေစေအံ့သောငှာ မြင်းမြီးကို ဆွဲစေလျက် လိုက်ပါလာသော ဝိဓုရသုခမိန်အား တောင်တောအစဉ်ဖြင့် အဆက်မပြတ် တိုက်ခဲ့ပါသည်။ ဤသို့ တောင်တောအစဉ်ဖြင့် အဆက်မပြတ် တိုက်ခဲ့ပုံကို အရှိန်အဟုန်ပြင်းစွာ တိုက်ခတ်တတ်သော ဖျက်ဆီး တတ်သော လေကြမ်းတစ်မျိုးဖြစ်သည့် လေသင်ထုန်ဟူသော အသုံးဖြင့် သုံးနှုန်းထား သည်ကို တွေ့ရပါသည်။

**လက်ငင်**

"။ဣရန္ဒတီဘိယ်လူကိုဝ် **လက်ငယ်**ရယ်အဖသိုဝ်လာကြသတေ။"

ပုဏ္ဏကမည်သော ဘီလူးစစ်သူကြီးသည် ဣရန္ဒတီ၏ သီချင်းသံကို တပ်စွန်း၍ "ငါသည် ငါ့အစွမ်းဖြင့် တရားနှင့်အညီ ဝိဓုရသုခမိန်၏ နှလုံးသားကို ဆောင်အံ့၊ သင်သည် ငါ့မယားဖြစ်စေအံ့ဟု ဆိုခြင်းကြောင့် ဣရန္ဒတီက ပုဏ္ဏကကို မိဘများထံ ခေါ်ဆောင်သွားခြင်းကို "လက်ငင်ရယ် အဖထံသိုဝ်လာကြသတေ" ဟု မင်စာတွင် ဖော်ပြထားပါသည်။ ထို့ကြောင့် လက်ငင်ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်မှာ လက်ကိုင်ခြင်း၊ လက်ကိုဆွဲခြင်းပင် ဖြစ်ပါသည်။ ပုဂံခေတ်ဦးပိုင်း လောကထိပ်ပန် မင်စာတွင် "ဆောင်ယူသည်၊ ခေါ်ယူသည်" ဟူသော အနက်အဓိပ္ပာယ်ကို "သူယ်၊ ဆောင်" ဟူသော စကားလုံးတို့ဖြင့် သုံးနှုန်းထားသည်ကို တွေ့ရပါသည်။

သာဓကအားဖြင့်

- ပုံနာတစ်ယောက်နှမမူရယ် ဣမ်သူလိယျေအ်
  (၅၃၉၊ မဟာဇနကဇတ်တော်၊ ၇၄)
- ဤယ်ကာနိမိမင်အား လူရွားဆောင်လတ္တုံအေ်
  (ဇာတ်တော်စဉ် ၅၄၁၊ နေမိဇာတ်၊ ၁၀၂)
- လိုယ်အတွင်း (ရိယ်) ထည်ရယျေအ်ပြည်ဆောင်အေ်
  (ဇာတ်တော်စဉ် ၅၄၃၊ ဘူရိဒဇာတ်၊ ၁၁၁)
- ပုဟာ(လောင်) ကိုဝ် ဆောင်(လိ) ယျေ။
  (ဇာတ်တော်စဉ် ၅၄၅၊ ဝိဓူရဇာတ်၊ ၁၃၂)

ဟူ၍ သုံးနှုန်းထားပါသည်။ ယခု ဝိဓုရဇာတ်တော်တွင် တွေ့ရသော "လက်ငင်" အသုံးမှာ ထိုအနက်အဓိပ္ပာယ်တို့ကဲ့သို့ပင် သုံးထားခြင်းဖြစ်ပါသည်။

ရှင်ပင်စာကြိုဘုရားနှင့် လောကထိပ်ပန်ဘုရားတို့ရှိ ဝိဓုရဇာတ် မင်စာ (၂)ဇာတ်လုံးတွင် စကားအသုံးအနှုန်းများအနေဖြင့် ပုဂံခေတ်ဦးနှင့် ခေတ်နှောင်း စကားအသုံးအနှုန်းတို့သည် ထူးခြားစွာ ကွာဟမှု မရှိကြောင်း တွေ့ရပါသည်။ တူညီမှု တစ်ရပ်အနေဖြင့် နေထိုင်သည်ဟူသော သဘောကို "သတင်သုံ" (သီတင်းသုံး) ဟူသော စကားအသုံးအနှုန်းဖြင့် သုံးထားသည်ကို တွေ့ရပါသည်။ သို့သော် ပုဂံ ခေတ်နှောင်းပိုင်း ရှင်ပင်စာကြိုဘုရား ဝိဓုရဇာတ် မင်စာတွင်မူ အခြားမင်စာဇာတ် တို့တွင် မတွေ့ရသော စကားအသုံးအနှုန်း အနည်းငယ် တွေ့ရသောကြောင့် ဇာတ်မင်စာပါ စာသား အကိုးအကားဖြင့် သာဓကပြ၍ တင်ပြထားပါသည်။

## ၃၊၃။ ဝါကျဖွဲ့ထုံး

ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာတို့တွင် မင်စာတို့၏ ဝါကျ တည်ဆောက်ပုံကို လေ့လာရာ၌ ဝါကျရိုးနှင့် ဝါကျရော နှစ်မျိုးစလုံး သုံးထားသည်ကို တွေ့ရပါသည်။

### ၃၊၃၊၁။ ဝါကျရိုး

ကတ္တားပုဒ်တစ်ခုနှင့် ကြိယာပုဒ်တစ်ခု ပါဝင်ဖွဲ့စည်းထားသော ဝါကျသည် ဝါကျရိုး ဖြစ်သည်။[၁] ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာတွင် ဝါကျရိုး တည်ဆောက်ပုံကို အောက်ပါသာဓကများဖြင့် လေ့လာတွေ့ရှိရပါသည်။

ကတ္တားပုဒ်တစ်ခုနှင့် ကြိယာပုဒ်တစ်ခု ပါဝင်သော ဝါကျတွင် ထွက်ခွာရာ ပြပုဒ်၊ ရှေးရှုရာ ပြပုဒ် စသည့်နာမ်ပုဒ်တို့ကို လိုအပ်သလို ဖြည့်စွက်ဖွဲ့စည်းနိုင်သည်။[၂] ထိုသို့သော ဝါကျရိုး ဖွဲ့စည်းပုံများကိုလည်း ရှင်ပင်စာကြိုဘုရား၊ ဝိဓုရဇာတ် မင်စာတွင် တွေ့ရပါသည်။

သာဓက–

(၁) | ကတ္တား + ကံပုဒ် + ကြိယာ |

[၁] မြန်မာသဒ္ဒါ၊ ၂၀၀၅၊ ၉၀။

[၂] မြန်မာသဒ္ဒါ၊ ၂၀၀၅၊ ၉၀။

ဘိယ်လူ **ပုရှာလောင်ကိုဝ်** တောင်တဝ်အစန်တို(က်)လိယ်တေ

ပုရှာလောင် **နကာမင်မိယျာကိုဝ်** ပတ္တံရာ ပိယ်လုသတေ။

(၂) | ကတ္တား + ရှေးရှုရာပြပုဒ် + ကြိယာ |

ပုရှာလောင် **ဘိယ်လူထံသိုဝ်** လာပလိယ်သတေ

ဘိယ်လူ **ပုရှာလောင်ထံသိုဝ်** တိုင်ပင်လိယ်သတေ

(၃) | ကတ္တား + ကံ + ရှေးရှုရာပြပုဒ် + ကြိယာ |

ဘိယ်လူ **ပုရှာလောင်ကိုဝ် ပြည်သိုဝ်** ပိုဝ်ပိယ်လိုက်သတေ

ဝါကျတွင်ပါသော နာမ်ပုဒ်များအနက်မှ အလေးပေးလိုသည့် နာမ်ပုဒ်ကို ဝါကျရှေ့ဆုံး၌ထား၍ ဖွဲ့စည်းနိုင်သည်။[၁] ထိုသို့ ဖွဲ့စည်းထားသော ဝါကျမျိုးကိုလည်း ဝိဓုရဇာတ် မင်စာတွင် တွေ့ရှိရပါသည်။ တွေ့ရှိရသော ဝါကျများတွင် ကံပုဒ်နှင့် နေရာပြဝိဘတ်ကို ဝါကျ၏ ရှေ့၌ထား၍ ဖွဲ့စည်းခြင်းတို့ ဖြစ်ပါသည်။ ကံပုဒ်ကို ဝါကျရှေ့ဆုံး၌ ထားခြင်းသည် ပြုလုပ်ခြင်းခံရသည့်ပုဒ်ကို အလေးပေးလို၍ ထားခြင်း ဖြစ်ပါသည်။ ကံပုဒ်ကို ဝါကျရှေ့ဆုံး၌ထားခြင်းသည် ပြုလုပ်ခံရသည့် ပုဒ်ကို အလေးပေးလို၍ ထားခြင်းဖြစ်မည်ဟု ယူဆရပါသည်။

(၄) | အလေးပေးလိုသောနာမ်ပုဒ် + ကတ္တား + ---ပုဒ် + ကြိယာ |

**မင်ကိုဝ်** ဘိယ်လူ တန်တိုင်ထက် မြင်စိုင် ပိယ်ရာတေ။

**ပုရှာလောင်ကိုဝ်** မင်ဃရာ တရာခန် မိယ်လိုက်သတေ။

**မင်ကိုဝ်** ပုရှာလောင် ပန်လေသတေ။

**---ကိုဝ်** ခွှောက်တွင်ထိုရာတေ။

**ဣရန္ဒတီကိုဝ်** ဘိယ်လူ ပုန္နယက် ပိယ်သေတေ။

**ဤမ်နိုက်** ပုရှာလောင် မယာသာကိုဝ် ဆုမ္မ လိယ်သတေ

**ပုရှာလောင် ဣမ်နှိုက်** မိယျာသာတိုင် ငိုဝ်ရစ်သတေ

---

[၁] မြန်မာသဒ္ဒါ၊ ၂၀၀၅၊ ၃၉၄။

ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာတွင် ဝါကျရိုးများ၌ ကတ္တားဝိဘတ် "သည်၊က၊မှာ" ကို မြုပ်၍ ရေးဖွဲ့ထားပါသည်။ ကတ္တားဝိဘတ်တို့ကို မြုပ်၍ ရေးဖွဲ့သော်လည်း အဓိပ္ပာယ်ဝေဝါးသွားခြင်း မရှိပေ။ ဝိဓုရဇာတ် မင်စာလာ ဝါကျရိုး ဖွဲ့စည်းဆောက်ပုံကို ကြည့်လျှင်

(၁) ကတ္တားနှင့် ကြိယာကြားတွင် ကံပုဒ် ထည့်၍ရေးသော ဝါကျရိုး

(၂) ကတ္တားနှင့် ကြိယာကြားတွင် ရေးရှုရာပြပုဒ် ထည့်၍ရေးသော ဝါကျရိုး

(၃) ကတ္တားနှင့် ကြိယာကြားတွင် ကံပုဒ်၊ ရေးရှုရာပြပုဒ် ထည့်၍ရေးသော ဝါကျရိုး

(၄) ဝါကျ၏ရှေ့တွင် အလေးပေးလိုသော နာမ်ပုဒ်ကို ထား၍ရေးသော ဝါကျရိုး

ဟူ၍ ဝါကျရိုး (၄)မျိုးကို တွေ့ရပါသည်။

## ၃၊၃၊၂။ ဝါကျရော

ဝါကျရိုး နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသော ဝါကျရိုးများကို ဝါကျတစ်ခုတည်း ဖြစ်စေရန် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ တစ်ခုခုဖြင့် ဆက်စပ်ရေးသားသော ဝါကျကို ဝါကျရော ဟုခေါ်သည်။ ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာတွင် ဝါကျရော အသုံးကို အောက်ပါသာဓကများဖြင့် လေ့လာတွေ့ရှိရပါသည်။

(၁) ဝါကျရိုးနှစ်ခုကို "ပြီး၊ ရကာ၊ ရယ်" စသည့်ဝါကျဆက် သမ္ဗန္ဓတို့ဖြင့် ရေးသားသော ဝါကျရော

သာဓက–

"မင်ကိုဝ် ပုရှာလောင် ပန် ပြီ သွာခသတေ။"

ဤဝါကျတွင် မင်ကိုဝ်ပုရှာလောင် ပန် သည်၊ သွာခသတေ၊ ဟူသော ဝါကျရိုး နှစ်ခု ပါဝင်ပါသည်။ ထိုဝါကျရိုးနှစ်ခုကို "ပြီး"ဟူသော ဝါကျဆက်သမ္ဗန္ဓဖြင့် ဆက်၍ ဝါကျတစ်ခုတည်းဖြစ်စေရန် ရေးဖွဲ့ထားပါသည်။ ကတ္တားတစ်ခုသာပါသော ဝါကျရော ဖြစ်ပါသည်။

"ပုရှာလောင် ပြည်ရောက်လှ ရကာ ပြည်သူအလုံ ပုဇဝ်လင်သတေ။"

သာဓကဝေါကျတွင် ပုရှာလောင် ပြည်ရောက်လာသည်၊ ပြည်သူအလုံ ပုဇဝ်လင် သတေ ဟူသော ဝါကျရိုးနှစ်ခု ပါဝင်ပါသည်။ ထိုဝါကျရိုးနှစ်ခုကို "ရကာ" ဟူသော ဝါကျဆက်သမ္ဗန္ဓဖြင့် ဆက်ထားသည့် ဝါကျရော ဖြစ်သည်။

(၂) ဝါကျရိုး (၃)ခုကို ဝါကျဆက်သမ္ဗန္ဓဖြင့် ဆက်ထားသည့် ဝါကျရော

သာဓက–

"နကာမင်သမီ ဣရန္ဒတီ လင်ရှာ ရယ် သိခြင် သိ လျက် ကရာတေ။"

ဤဝါကျတွင် နကာမင်သမီ ဣရန္ဒတီ လင်ရှာသည်၊ သိခြင် သိသည်၊ ကရာတေ ဟူသော ဝါကျရိုး (၃)ခု ပါဝင်သည်။ ထိုဝါကျရိုး (၃)ခုကို "ရယ်၊ လျက်" စသည့် သမ္ဗန္ဓတို့ဖြင့် ဆက်ထားသော ဝါကျရောဖြစ်ပါသည်။ တစ်ဖန် "ဘိယ်လူပုရှာလောင်ကိုဝ်တောင်တဝ် အစန်တို(က်) လိယ်တေ။ ဣကာ လေသင်တုန်သိုဝ်တို(က်)လေ တုံသတေ။" ဟူသော ဝါကျနှစ်ခုကိုကြည့်လျှင် ရှေ့ဝါကျနှင့် နောက်ဝါကျပါ အကြောင်းအရာ ဆက်စပ်မှုရှိသည်ကို တွေ့ရပါသည်။ ဤတွင် ရှေ့ဝါကျနှင့် နောက်ဝါကျ အကြောင်းအရာကို ဆက်စပ်ပြလိုသည့်အခါ "ဣကာ" ဟူသော အညွှန်းနာမ်စားပုဒ်ဖြင့် ဖော်ပြထားပါသည်။ ရှေ့ဝါကျတွင် ဘီလူးသည် ဘုရားလောင်းကို သေစေရန်အတွက် မြင်းမြီးကို ဆွဲစေလျက် တောင်တော်အစဉ်နှင့် တိုက်ခဲ့ပါသည်။ ဒုတိယဝါကျတွင် ဤသို့ တိုက်ခဲ့သော်လည်း လေသင်ခုန်းကဲ့သို့ အရှိန်အဟုန် ပြင်းထန်စွာ လေတိုက်ခတ်ခြင်းမျိုးဖြင့် တိုက်ခတ်ခဲ့ပုံကို "ဣကာ" ဟူသော အညွှန်းနာမ်ပုဒ်က ဆက်စပ်ပြပါသည်။ ထို့ကြောင့် ဤဝါကျ နှစ်ခုသည် ဝါကျရော အသွင်ဆောင်နေ၍ ဝါကျရောဟု သတ်မှတ်နိုင်ပါသည်။

## ၃၊၃၊၃။ ပုံညွှန်းစာ

စလေဒေသရှိ မင်စာတို့တွင် များသောအားဖြင့် ပုံညွှန်းစာတို့ကို ထည့်သွင်းရေးသားတတ်ကြပါသည်။ ပုံ၏သရုပ်ကို ပေါ်လွင်စေရန်နှင့် မည်သည့် ပုံညွှန်းစာဖြစ်ကြောင်း သိစေရန် "ဣကာ" ဟူသော အညွှန်းနာမ်စားပုဒ်ဖြင့် ဖော်ညွှန်းထားခြင်းဖြစ်ပါသည်။ (လောကထိပ်ပန်ဘုရားရှိ ဝိဓုရဇာတ် မင်စာနှင့် ဝေဿန္တရာဇာတ် မင်စာတို့တွင် ပုံညွှန်းစာ မပါဝင်ပေ။)

သာဓက–

**ဣကာ** မင်လိယ်ယောက်သတင် သုံရာတေ။

**ဣကာ** မင်တိုဝ် ပုရှာလောင် ကိုဝ်သတင် ––မွတ်မိယ်လိယ်ရာတေ။

**ဣကာ** နဂါးမင် မိယျာ မတတ်ကွန်မူရာတေ။
**ဣကာ** ဘိယ်လူ မင်ကိုဝ်ပတ္တမရာ ဖန်ဆင်ပိယ်ရာတေ။
**ဣကာ** မင်နှင်ဘိယ်လူ အန်ခတ်စကြရတေ။
**ဣကာ** ဘိယ်လူနှင့်မင် ပုရှာလောင်ထံမိယ်လိယ်ရာတေ။
**ဣကာ** လိယ်သင်ထုန်သိုဝ် တိုက်လိယ်တုံသတေ။
**ဣကာ** တောင်တောင်ထက် ဘိယ်လူကိုဝ်ပုရှာလောင်တြျာဟာဝ်ပိယ်ရာတေ။
**ဣကာ** မင် ဣမ်မက်မြင်မက်လင်သတေ။

ဟူ၍ ဇာတ်တော်စဉ် ၅၄၆၊ ဝိဓုရဇတ်တော်၊ ဘုရားအမှတ် (၉၄)။ အခန်းငယ် (၃၀)တွင် အခန်း (၉)ခန်း၌ ပုံညွှန်းစာ ၉ ကြိမ် ပါဝင်ပါသည်။

## ၃၊၃၊၄။ အဆုံးချ အစချီ ရေးဟန်

ဇာတ်တော်လာ အဖြစ်အပျက်တို့ကို အချိတ်အဆက်မိအောင် အဆုံးချ၊ အစချီ ရေးဟန်မျိုးဖြင့် ရေးဖွဲ့ထားသောကြောင့် ဆိုလိုသည့် အနက်အဓိပ္ပာယ်ကို ပို၍ လေးနက်စေပါသည်။ ပထမဝါကျအဆုံးကိုပင် ဒုတိယဝါကျရှေ့၌ ဖော်ပြထားခြင်းမျိုး ဖြစ်ပါသည်။

သာဓက–

**မင်ကိုဝ် ပုရှာလောင် ပန်လေ**သတေ။
**မင်ကိုဝ် ပုရှာလောင် ပန်ပြီ** သွားခသတေ။

လောကထိပ်ပန် ဝိဓုရဇာတ်မင်စာတွင်မူ ရှင်ပင်စာကြိုဘုရား ဝိဓုရဇာတ် မင်စာကဲ့သို့ ကတ္တားနှင့် ကြိယာကြား ကံပုဒ်ထား၍ တည်ဆောက်သကဲ့သို့ ကံပုဒ်ကို မြှုပ်၍သုံးသော ဝါကျရိုး ဖွဲ့စည်းပုံမျိုးကိုလည်း တွေ့ရပါသည်။

သာဓက–

| | | | | |
|---|---|---|---|---|
| ကတ္တား | + | ကံပုဒ် | + | ကြိယာ |

မင် ပုဟ်ာလောင်ကိုဝ် ပိယျော၊
ရ

ပုဟာလောင် သာ(ကို) ဆုမှဒေအ်

သို့သော် လောကထိပ်ပန်ဂူဘုရား မင်စာတွင် ကတ္တားပုဒ်နှင့် ရေးရှုရာပြပုဒ်ကိုမူ မြုပ်၍ ဝါကျဖွဲ့စည်းထားသည်ကို တွေ့ရပါသည်။

သာဓက–

| | | |
|---|---|---|
| (ရသေ့လေးယောက်) + | သကြားရှား + | ဆော်ခံလိယျေအ်။ |
| | နာဂါရှား(သို့) | |
| | ကလုန်ရှား | |
| | လူရှား | |

လောကထိပ်ပန် ဝိဓုရဇာတ် မင်စာတွင် ဝါကျရော ဖွဲ့စည်းတည်ဆောက်ရာ၌ "ရကာ" ဟူသော ဝါကျဆက်သမ္ဗန္ဓကိုသာ သုံးထားသည်ကို တွေ့ရှိရပါသည်။

သာဓက–

"သိယ် ခ ရကာ ပုံနာ ဖ္လ စ်အေ်။

နတ် မင် လိ ယျောက် သတင်သုံရကာ ဗြုမှာ ရှ္လာဖ္ဖစ်လိယျေအ်။"

ထို့ကြောင့် ဝါကျဖွဲ့ထုံးအနေဖြင့် ရှင်ပင်စာကြိုဘုရားနှင့် လောကထိပ်ပန်ဘုရားတို့မှ ဝိဓုရဇာတ် မင်စာတို့တွင် ဝါကျရိုး၊ ဝါကျရောတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်ကို တွေ့ရပါသည်။ ဤတွင် ရှင်ပင်စာကြိုဘုရား ဝိဓုရဇာတ်မင်စာ၌ ကတ္တား၊ ကံ၊ ရေးရှုရာပြပုဒ် စသည်တို့ဖြင့် ပြည့်စုံသော ဝါကျဖွဲ့စည်းတည်ဆောက်မှုကို တွေ့ရသော်လည်း လောကထိပ်ပန်ဂူဘုရား ဝိဓုရဇာတ်မင်စာတွင်မူ ကတ္တား၊ ကံ၊ ရေးရှုရာပြပုဒ်တို့ကို မြုပ်၍ထားသည်ကို တွေ့ရပါသည်။ ထို့ပြင် ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာ၌ ပုံညွှန်းစာအဖြစ် ပေါ်လွင်စေရန် "လ္ကကာ" ဟူသော အညွှန်းနာမ်ပုဒ်တို့ဖြင့် ဖော်ပြသော်လည်း လောကထိပ်ပန် ဝိဓုရဇာတ်မင်စာ၌ ရေးသားဖော်ပြခြင်း မရှိသည်ကို တွေ့ရပါသည်။ ဤသို့ ဝါကျဖွဲ့စည်းပုံမတူညီခြင်းသည်ပင်လျှင် ပုဂံခေတ်ဦးနှင့် ခေတ်နှောင်းကာလတို့၏ ဇာတ်မင်စာအရေးအသား ကွာခြားချက်တစ်ရပ်ဟုပင် ဆိုနိုင်ပါသည်။ ဝါကျအဆုံးသတ်ပုံအားဖြင့် ကွာခြားသွားသည်ကို တွေ့ရပါသည်။ လောကထိပ်ပန် ဝိဓုရဇာတ် မင်စာတွင် ဝါကျ (၉)ကြောင်းရှိ အဆုံးသတ် စကားလုံးတို့မှာ "ဧ၊အေ်" တို့ဖြင့် အဆုံးသတ်ထား

သော်လည်း၊ ရှင်ပင်စာကြိုဘုရား ဝိဓုရဇာတ်မင်စာတွင် ဝါကျ (၃၀)တိုင်း၌ "တေ" ဟူသော ဝါကျအဆုံးသတ်ဖြင့်သာ သုံးထားသည်ကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ရှင်ပင်စာကြိုဘုရား ဝိဓုရဇာတ်မင်စာသည် လောကထိပ်ပန် ဝိဓုရဇာတ်မင်စာကဲ့သို့ပင် ပုဂံခေတ် မြန်မာစာပေ အရေးအသားအတွက် ဖြည့်စွက်ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ရှင်ပင်စာကြိုဘုရားရှိ ဝိဓုရဇာတ် မင်စာလေ့လာချက်ကို တင်ပြရာတွင် ဇာတ်လမ်းအတင်အပြ၊ စကားအသုံးအနှုန်းနှင့် ဝါကျဖွဲ့ထုံးဟူသော မြန်မာစာပေ အရေးအသားဆိုင်ရာ လေ့လာချက်တို့ကို ဘာသာစကား ရှုထောင့်မှ တင်ပြခြင်း ဖြစ်ပါသည်။ ဤတွင် ရှင်ပင်စာကြိုဘုရား ဝိဓုရဇာတ်မင်စာသည် ခေတ်နှောင်းပိုင်း ဇာတ်မင်စာဖြစ်၍ ပုဂံခေတ်ဦး လောကထိပ်ပန်မင်စာလာ ဝိဓုရဇာတ် မင်စာအရေးအသားတို့နှင့် နှိုင်းယှဉ်စိစစ်တင်ပြခြင်း ဖြစ်ပါသည်။

ရှင်ပင်စာကြိုဘုရား ဝိဓုရဇာတ်မင်စာသည် ဇာတ်ကြီးဆယ်ဘွဲ့အနက် နဝမမြောက် ဇာတ်တော် ဖြစ်သည်။ မင်စာရေးသူများသည် ဇာတ်ကြီးဆယ်ဘွဲ့ကို ကျွမ်းကျင်ပိုင်နိုင်ကြသောကြောင့် ဇာတ်တော်မှ အဓိကဇာတ်ကွက်များကို ပန်းချီပုံများဖြင့် ပုံဖော်နိုင်စွမ်း ရှိကြပါသည်။ ဘုရားဟော ဇာတ်နိပါတ်များ၊ ဗုဒ္ဓဝင် အကြောင်းအရာများကို ပုံညွှန်းစာများဖြင့် ကျွမ်းကျင်စွာ ရေးဖွဲ့နိုင်စွမ်း ရှိကြပါသည်။ သို့ရာတွင် ကျယ်ပြန့်သော ဇာတ်တော်ကြီးများ၏ အဓိကအနှစ်သာရကို ခြုံငုံ၍ အနှစ်ချုပ်၍ ရေးရသောကြောင့် အားနည်းချက်များ၊ မူရင်းဇာတ်တော်နှင့် ကွာဟချက်များ အနည်းငယ် ရှိခဲ့သည်ကိုလည်း တွေ့ရပါသည်။

လောကထိပ်ပန်မင်စာရှိ ဝိဓုရဇာတ်မင်စာနှင့် နှိုင်းယှဉ်လေ့လာကြည့်သော အခါတွင် မြန်မာစာ စာလုံးပေါင်းသတ်ပုံမှာ သိသိသာသာ ကွာခြားချက်မရှိသေးသည်ကို တွေ့ရပါသည်။ စကားအသုံးအနှုန်းပိုင်းအနေဖြင့်လည်း မျက်မှောက်ခေတ်နှင့် မတူသော ထူးခြားသည့် အသုံးကောင်းများ တွေ့ရကြောင်း သာဓကများဖြင့် ထုတ်နုတ် တင်ပြထားပါသည်။ မြန်မာစကားလုံး ဝေါဟာရများ၊ ဝေါဟာရရေးထုံးများကို တွေးခေါ်ကြံဆရာတွင် နက်နက်နဲနဲ ကြိုးစားအားထုတ်ကြသော ပုဂံသားတို့၏ စွမ်းဆောင်မှုတစ်ရပ်ပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် ရှင်ပင်စာကြိုဘုရား ဝိဓုရဇာတ်မင်စာသည် အမျိုးဘာသာ သာသနာနှင့် စာပေယဉ်ကျေးမှုအတွက် ခိုင်မာလှသော အထောက်အထားတစ်ရပ်ပင် ဖြစ်ပါတော့သည်။

**နိဂုံး**

ဝိဓုရဇာတ်တော်ကြီးသည် ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နှလုံးတွင် ငြိတွယ်စေသည့် ပညာဉာဏ် ကြီးရင့်မှုကို ဖော်ညွှန်းလိုသော ဇာတ်တော် ဖြစ်ပါသည်။ ပြောသူ၏ စကားအဓိပ္ပာယ်ကို နာသူက နားလည်မှု လွဲမှားစွာ ကောက်ယူမှု၊ သူတစ်ပါး၏ မှားသောအယူဝါဒကို နှိမ်နင်းနိုင်သော ပညာဉာဏ်ကြီးရင့်မှုကို ဖော်ဆောင်ပါသည်။ ဤဇာတ်တွင် မိမိအရှင်သခင် မင်းကိုပင် မထောက် မှန်ရာစကားကို ထောက်ပြဝေဖန်ပြောဆိုလေ့ရှိသည့် ဝိဓုရ၏ ရိုးဖြောင့်သောဂုဏ်၊ ပုဏ္ဏက နှင့်ဣရန္ဓတီတို့၏ အချစ်ဇာတ်လမ်း၊ ပုဏ္ဏကနှင့် ကောရဗျမင်းတို့၏ ကြွေအန် ကစားခြင်းတို့ကို ဖတ်၍ ထိတ်လန့်ကြရသည်။ ဝိဓုရသုခမိန်အား မြင်းမြီးကို ဆွဲစေ၍ တောင်စဉ် တောင်တန်းများကို ဖြတ်ကျော်ကာ ပုဏ္ဏက ခေါ်ဆောင်သွားပုံတို့မှာ ကြောက်လန့်ဖွယ်၊ စိတ်လှုပ်ရှားဖွယ်ဖြစ်ပြီး ဇာတ်မင်စာဖတ်သူတို့အား ရသမျိုးစုံဖြင့် နှစ်သက်စေနိုင်ပါသည်။ ထို့ကြောင့်လည်း ဝိဓုရဇာတ်မင်စာမှာ ယနေ့ထက်တိုင် ဂူဘုရားကျောင်းတို့၏ နံရံတို့တွင် နေရာယူလျက်ရှိသည်ကို တွေ့ရပါသည်။

စလေမြို့ ရှင်ပင်စာကြိုဘုရား၊ ဝိဓုရဇာတ်မင်စာကို လေ့လာခြင်းဖြင့် ပုဂံခေတ်မြန်မာ စကားပြေ ဖြစ်ပေါ်ပြောင်းလဲမှုတွင် အရေးပါသော ဇာတ်ကြီးဆယ်ဘွဲ့ မင်စာအရေးအသားကို အထောက်အကူပြုစေပါသည်။ ပုဂံနှင့် စလေယဉ်ကျေးမှု ကူးလူးဆက်နွယ်ပုံကို ဖော်ထုတ်နိုင်ပါသည်။ ထို့ပြင် ပုဂံခေတ်ဦးမှ ခေတ်နှောင်းထိ ပြောင်းလဲလာသော ဝိဓုရဇာတ်တော်၏ စာပေယဉ်ကျေးမှု ကွင်းဆက်တစ်ခုကို ဖြည့်ဆည်းပေးနိုင်ကြောင်း တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း


ထွန်းမြင့်၊ ဦး၊ ဒဂုန်၊ (၁၉၆၆)။ ***ဇာတ်ကြီးဆယ်ဘွဲ့*** ။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဘရှင်၊ ဗိုလ်မှူး။ (၁၉၆၁)။ ***ပုဂံမင်စာစု သုသေသနလုပ်ငန်း***။ ရန်ကုန်၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်။

ဘရှင်၊ ဗိုလ်မှူး၊ (၁၉၆၂)။ ***လောကထိပ်ပန်***။ ရန်ကုန်၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်။

မောင်မောင်ကြီး၊ ဦး၊ ပါမောက္ခ။ (၁၉၈၃)။ ***မြန်မာစကားပြေသမိုင်း***၊ ရန်ကုန်၊ သဇင်စာပေ။

မြင့်အောင်၊ ဦး။ (၃၊၁၁၊၁၉၆၂)။ ***စလေတခွင်သုတေသန***။ ယဉ်ကျေးမှုစာစောင်။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ ***မြန်မာသဒ္ဒါ***။ ရန်ကုန်တက္ကသိုလ်များ ပုံနှိပ်တိုက်။

ဩဘာသ၊ ဦး (မင်းပူး)။ (၁၉၅၅)။ ***ဝိဓုရဇာတ်တော်ကြီး***။ ရန်ကုန်၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်။




စလေမြို့
ဥယျာဉ်ကျေးရွာ၊ရှင်ပင်စာကြိုလှဘုရား




ရှင်ပင်စာကြိုဘုရားရင်ပြင်တော်ရှိဘုရားအမှတ်(၉၄) ပုံချိုဂူ



ဘုရားအမှတ်(၉၄)၊အရှေ့ နံရံ
ဝေဿန္တရာဇာတ်တော်၊မင်စာဇာတ်ကွက်များ
(ပျံချိုဂူ)



ဘုရားအမှတ်(၉၄)၊အနောက်နံရံ
ဝိဓုရဇာတ်တော်၊မင်စာဇာတ်ကွက်များ
ဘုရားအမှတ်(၉၄)

## ဇာတ်တော်စဉ်(၅၄၆)၊ ဝိဓုရဇာတ်တော်၊ ဘုရားအမှတ်(၉၄)





မငတုဝ ပုရှာလောငကုဝ သတင––မွတမယလယရာတော။







ဣရန္တတ ဘယလူကုဝ လကငငရေယ အဖယသုဝ ယောကြသတော။



မင်ကိုဝ် ဘိယ်လူ တန်တိုင်ထက် မြင်စိုင်ပိယ်ရာတေ။



ဣကာ ဘိယ်လူ မင်ကိုဝ် ပတ္တမရာ ဖန်ဆင်ပိယ်ရာတေ။



ဘိယ်လူ မင်တရျာတယောက်သောကိုဝ် သက်သိယ်မူရာတေ။



ဣကာ မင်နှင့်ဘိယ်လူအန်ခတ်စကြရာတေ။



ဣကာဘိယ်လူနှင့်မင်ပုရှာလောင်ထံမိယ်လိယ်ရာတေ။



ပုရှာလောင်ကိုဝ်မင်ဃရာတရာခန်မိယ်လိုက်သတေ။



မင်ကိုဝ်ပုရှာလောင် ပန်လိယ်သတော။



ဤမ်နှိုက် ပုရှာလောင် မိယာသာကို ဆုမှ လိယ်သတော။



ပုရှာလောင် ဘိယ်လူထံသိုဝ် လာပလိယ်သတော။



ဣယ်ကာ လိယ်သင်ထုန်သိုဝ် တိုက်လိယ်တုံသတော။



———ကိုဝ်ဆွေက်တွင်ထိုဝ်ရာတော။



ဣကာ တောင်ထက် ဘိယ်လူကိုဝ် ပုရှာလောင် ဗြာဟဝ်ပိယ်ရာတော။



ဘိယ်လူပုရှာလောင်ကိုဝ် ပြည်သိုဝ်ပိုဝ်ပိယ်လိုက်သတေ



က္လကာ မင်က္လပ်မက်မြင်မက်လင်သတေ



သစ်ပင်ထံရုယ်က္လမ်ရှိယ် စိုက်ပိယ် လတ်သတေ



ပုရှာလောင် မင်ကိုဝ်  ပတ္တံရာ ပိယ်လုသတေ



ပုရှာလောင်ပြည်ရောက်လှာရကာ ပြည်သူအလုံ ပုဇဝ်လင်သတေ

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# ခေတ်မွန်ဘာသာစကားရှိ အပြောနှင့်အရေးတွင် စကားသံကွာခြားမှု

မိနွယ်သန်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မျက်မှောက်ခေတ် မွန်ဘာသာစကားရှိ အပြောနှင့်အရေး ကွာခြားမှုများကို သိရှိနိုင်ရန် ရည်ရွယ်၍ သဒ္ဒဗေဒရှုထောင့်က လေ့လာတင်ပြထားသော စာတမ်းတစ်စောင် ဖြစ်ပါသည်။ ခေတ်မွန်ဘာသာစကားရှိ စကားသံအဆင့်၌ အပြောနှင့်အရေး ကွာခြားပုံများကို နှိုင်းယှဉ်လေ့လာထားပါသည်။ စကားသံအဆင့်တွင် ဗျည်းသံများ ပြောင်းလဲပြောဆိုခြင်းကြောင့် လည်းကောင်း၊ ဗျည်းသံများ ချန်၍ ပြောဆိုခြင်းကြောင့် လည်းကောင်း၊ သရသံများ ပြောင်းလဲပြောဆိုခြင်းကြောင့် လည်းကောင်း အပြောနှင့်အရေး ကွာခြားရသည့် ပြဿနာကို လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ လေ့လာဖော်ထုတ်ခြင်းအားဖြင့် မျက်မှောက်ခေတ်တွင် ပြောဆိုနေကြသော မွန်ဘာသာစကားနှင့် မွန်စာပေအရေးအသားတို့၏ စကားသံ ကွာခြားမှု အတိုင်းအတာကို သိရှိလာနိုင်ပေမည်။ ခေတ်မွန်ဘာသာစကားနှင့် စာပေကို လေ့လာလိုသူ ဘာသာစကားသုတေသီများအတွက် အထောက်အပံ့ ပြုနိုင်ပြီး တိုင်းရင်းသားဘာသာစကားကို မပျောက်ပျက်အောင် ထိန်းသိမ်းရာ ရောက်သည်ဟုလည်း ယုံကြည်မိပါသည်။

**သော့ချက်ဝေါဟာရများ – *မွန်ဘာသာစကား၊ စကားသံ၊ ဗျည်းသံ၊ သရသံ၊ အရေး၊ အပြော။***

## နိဒါန်း

မွန်လူမျိုးတို့သည် ရှေးနှစ်ပေါင်းများစွာကပင် စာပေ၊ ယဉ်ကျေးမှု ထွန်းကားခဲ့ပြီး မျက်မှောက်ခေတ်တွင်လည်း မွန်ဘာသာစကား၊ မွန်စာပေသည် ဆက်လက်တည်တံ့လျက် ရှိပါသည်။ သို့သော် မွန်လူမျိုးတို့သည် နေထိုင်ရာဒေသ၊ ပထဝီဝင် အနေအထား ကွဲပြားမှုတို့ကြောင့် စကားပြောဆိုရာတွင် စကားသံ၊ ဝေါဟာရ အသုံးအနှုန်းစသည်တို့ ကွဲပြားမှုများ ရှိပါသည်။ စာအရေးအသားမှာမူ မွန်တစ်ဒေသလုံးအတွက် တစ်မျိုးတည်းကိုသာ အသုံးပြုသည်ကို တွေ့ရပါသည်။ သုတေသနပြုသူသည် မွန်လူမျိုး မိဘနှစ်ပါးက မွေးဖွားခဲ့ပြီး မွန်ဘာသာစကား ပြောဆိုနေသူ၊ မွန်စာပေကိုလည်း သင်ယူခဲ့ဖူးသူ ဖြစ်ပါသည်။ မွန်လူမှုနယ်ပယ်တွင် နေ့စဉ်ပြောဆိုသုံးစွဲနေကြသော မွန်ဘာသာစကားကို ရေးသားသည့်အခါ အပြောစကားအတိုင်း ရေးသားမှုများရှိသကဲ့သို့ အပြောနှင့် ကွဲလွဲသည့် စာအရေးအသားများကိုလည်း

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

တွေ့ရှိရပါသည်။ အပြောစကားတွင် ဗျည်း၊ သရပြောင်း၍ ပြောသော်လည်း စာအရေး အသားတွင်မူ မပြောင်းလဲဘဲ ရေးသားသည့်အတွက် အပြောနှင့်အရေးသည် ကွဲပြားမှု များ ရှိလာပါသည်။ ဤစာတမ်းတွင် ခေတ်မွန်ဘာသာစကားရှိ စကားသံအဆင့်တွင် အပြောနှင့်အရေး ကွဲပြားရသည့် ပြဿနာတစ်ရပ်ကို လေ့လာဖော်ထုတ်ထားပါသည်။ မွန်စာအရေးအသားအနေဖြင့် မျက်မှောက်ခေတ်တွင် ရေးသားထားသော မွန်ဘာသာ စာအုပ်စာပေများကို အလေ့လာခံအဖြစ် အသုံးပြုထားပါသည်။ အပြောစကား အနေဖြင့် မွန်ပြည်နယ်၊ မုဒုံမြို့ရှိ မွန်တိုင်းရင်းသားတို့၏ နေ့စဉ်သုံး အပြောစကား များကို အလေ့လာခံအဖြစ် အသုံးပြုထားပါသည်။ မွန်စကားသံများကို အသံဖလှယ် ရာတွင် အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအသင်းကြီး (IPA)၊ ဆရာကြီး ဦးရွှေသွင်၏ "မွန်ဘာသာစကားကို သဒ္ဒဗေဒနည်းဖြင့် လေ့လာခြင်း" ဆောင်းပါး၊ ဆရာကြီး ဒေါက်တာနိုင်ပန်းလှ၏ "An Introduction to Mon Language"၊ ရှောတို၏ "A Dictionary of Modern Spoken Mon" ကို အခြေခံ၍ အသံဖလှယ်ထားပါသည်။ ခေတ်မွန်ဘာသာစကားနှင့်ပတ်သက်၍ ဆရာကြီး ဒေါက်တာနိုင်ပန်းလှက "An Introduction to Mon Language"၊ မက်တီးယက်စ်ဂျန်နီ[၁]က မွန်၏ ကြိယာစနစ် (The Verb System of Mon)၊ မဟာဝိဇ္ဇာကျမ်းအနေဖြင့် မမြမြဝင်းက ခေတ်မွန် စကားလုံးဖွဲ့ပုံ၊ မဟာသုတေသနကျမ်းအနေဖြင့် မစောမြတ်ဝသုန်မင်းက မွန်ဘာသာ စကားတွင် စကားသင်္ကေတရောသုံးခြင်းကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာချက်၊ ပါရဂူကျမ်းအနေဖြင့် မောင်သိန်းဝင်းက မွန်ဘာသာစကား ဘလေ့လာချက်နှင့် မိန္ဒယ်သန်းက မုဒုံမြို့နယ် မွန်ဒေသိယစကား လေ့လာချက်တို့ကို လေ့လာ သုတေသနပြုခဲ့ကြပါသည်။ ယခု လေ့လာမှုသည် ခေတ်မွန်ဘာသာစကား၏ အပြော စကားနှင့် စာအရေးအသားတွင် စကားသံ ကွဲပြားမှုကို လေ့လာဖော်ထုတ်တင်ပြခြင်း ဖြစ်သည်။

## ၁။ အပြောဘာသာစကားနှင့် အရေးဘာသာစကား

ဘာသာစကားဟုဆိုရာ၌ အဓိကအားဖြင့် လူတို့နှုတ်မှထွက်သော စကားသံ ကိုသာ ဆိုလိုပေသည်။ စာအရေးအသားသည် ဘာသာစကားမဟုတ်ဟု ပြတ်သားစွာ မိန့်ဆိုသော ပညာရှင်များ ရှိသကဲ့သို့ ဘာသာစကားကို အရေးဘာသာစကားနှင့် အပြောဘာသာစကား ဟူ၍ ခွဲခြားပြောဆိုသော ပညာရှင်များလည်း ရှိပါသည်။ မည်သို့ပင်ဆိုစေ စကားကို အခြေပြု၍ စာပေါ်ပေါက်လာရခြင်းသာ ဖြစ်ပါသည်။ အထူးသဖြင့် အရေးအသား (စာ)မှာမူ ဘာသာစကားကို ထိန်းသိမ်းမှတ်တမ်းတင်ရန်

[၁] Mathias Jenny

ဘာသာစကား ပေါ်ပေါက်ပြီးနောက် များစွာနောက်ကျပြီးမှ ပေါ်ပေါက်လာသော တစ်ဆင့်ခံစနစ်သာ ဖြစ်ပါသည်။ အပြောဘာသာစကားသည် လည်းကောင်း၊ အရေးဘာသာစကား(စာ)သည် လည်းကောင်း၊ တည်ငြိမ်သည် မဟုတ်ပေ။ တစ်ခေတ်မှ တစ်ခေတ်သို့ ရွေ့လျားပြောင်းလဲမြဲ ဖြစ်ပါသည်။

ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က

> "အပြောသည် ယနေ့တိုင် ရှင်သန်နေသော စကားဖြစ်၍ ပေါ့ပါး သွက်လက်ပါသည်။ ထိုအပြောကို အခြေခံ၍ အရေးကို တီထွင်ကြရသည်။ အစောဆုံး မြန်မာစာ အရေးအသားကို ပုဂံခေတ် ရာဇကုမာရ်ကျောက်စာ (သက္ကရာဇ် ၄၇၄)တွင် တွေ့ရသည်။ တီထွင်ကာစတွင် ပုဂံသားတို့၏ အပြောစကားကို အခြေခံ၍ မြန်မာစာကို တီထွင်ရ၍ အပြောနှင့်အရေးမှာ ထပ်တူကျခဲ့သည်။ နှစ်ကာလကြာသောအခါ ကွဲပြားခြားနားမှု သိသာလာပါသည်။ အပြောသည် အပြောင်းမြန်ပြီး အရေးသည် အပြောင်းနှေးသည်။ အပြောမှာ ပါးစပ်ထဲက စကားဖြစ်၍ အပြောင်းမြန်ရခြင်း ဖြစ်သည်။ အရေးမှာမူ ကျောက်စာ၊ မင်စာ၊ ပေစာ၊ ပုရပိုက်စာ၊ ခေါင်းလောင်းစာတို့အဖြစ် ခိုင်မာစွဲမြဲနေသည့်အတွက် အပြောင်း နှေးသည်။"[၁]

ဟူ၍ မိန့်ဆိုထားပါသည်။ ထို့ကြောင့် စကားနှင့်စာသည် ကြာလေ ကြာလေ ကွာဟချက် ပိုရှိလာလေလေ ဖြစ်သည်။

မြန်မာစကားတွင် "ရေးတော့အမှန် ဖတ်တော့အသံ" ဟူသော ဆိုရိုးတစ်ရပ် ရှိသည်။ နှုတ်ထွက်စကားသံတိုင်းသည် မြန်မာစာရေးထုံးနှင့် မတူညီကြောင်းကို ဖော်ပြနေသော ဆိုရိုးပင် ဖြစ်ပါသည်။ ရေးရာတွင် အမှန်ဖြစ်သော်လည်း ဖတ်သော အခါတွင် အရေးနှင့် ကွဲလွဲသော အသံတစ်ခု ဖြစ်လာတတ်ပါသည်။ ဘာသာစကား တစ်ခုသည် ပြောင်းလဲတတ်သော သဘောရှိသည်နှင့်အညီ မြန်မာစကားတွင် ပြောဖန် များ၍ ပြောင်းသွားသည်လည်း ရှိပါသည်။ ပြောင်းပြောင်းပြီး ပြောတတ်သည်လည်း ရှိပါသည်။ မြန်မာစကားတွင် စကားသံပြောင်းရာက အနက်အဓိပ္ပာယ် ပြောင်းသွား သည်လည်း ရှိပါသည်။ အရေးအသားကို စည်းစနစ်နှင့် ထိန်းသိမ်းသတ်မှတ်၍ ရသော်လည်း စကားသံကိုမူ ထိန်း၍ မရပေ။

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၇၊ ၈၄။

ထို့အတူ မွန်ဘာသာစကားကို လေ့လာကြည့်မည်ဆိုလျှင် အပြောဘာသာစကားနှင့် အရေးဘာသာစကား (စာ)သည် ထပ်တူမကျကြောင်း တွေ့ရပါသည်။ မူလက အပြောစကားအတိုင်း စာကိုရေးသားခဲ့ကြသော်လည်း နှစ်ကာလ ကြာမြင့်သောအခါ အပြောစကားသည် အပြောင်းမြန်ပြီး စာအရေးအသားသည် အပြောင်းနှေးသည့်အတွက် အပြောနှင့်အရေး ကွာခြားချက်များ ရှိလာသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် လူတို့သည် မွေးကတည်းကပင် မိမိဘာသာစကားကို အပြောစကားလုံးများဖြင့် ပြောဆိုခဲ့ကြရာ အရေးအသားနှင့် အပြောစကား ပြောင်းလဲပုံများကို မှတ်သားလေ့လာရန် လိုအပ်ပါသည်။

## ၂။ စကားသံဟူသည်

စကားသံဟူသည် “လူတို့နှုတ်မှ ထွက်၍ လူအချင်းချင်း အပြန်အလှန် ဆက်သွယ်နိုင်သော အနက်အဓိပ္ပာယ်ရှိသည့် အသံပင် ဖြစ်သည်။”[၁] ဟု မြန်မာသဒ္ဒါတွင် ဖွင့်ဆိုထားပါသည်။ စကားသံ ဖြစ်ပေါ်လာပုံကို အခြေခံ၍ စကားသံများကို ဗျည်းသံနှင့် သရသံဟူ၍ ခွဲခြားနိုင်ပါသည်။ ဗျည်းသံကို

> “အဆုတ်မှတက်လာသော လေသည် ခံတွင်းရှိ စကားသံဖြစ် အင်္ဂါအစိတ်အပိုင်း တစ်ခုခု၏ ပိတ်ဆို့တားဆီးခြင်းကို ခံရပြီး ခံတွင်းပေါက်၊ နှာတွင်းပေါက်မှ အပြင်သို့ ထွက်ခိုက်ဖြစ်သော အသံကို ဗျည်းသံ”[၂]

ဟူ၍ လည်းကောင်း၊ သရသံကို

> “အဆုတ်မှတက်လာသော လေသည် ခံတွင်းရှိ စကားသံဖြစ် အင်္ဂါအစိတ်အပိုင်း တစ်ခုခု၏ ပိတ်ဆို့တားဆီးခြင်း မခံရဘဲ ခံတွင်းပေါက်၊ နှာတွင်းပေါက်မှ ပြင်ပသို့ ထွက်ခိုက်ဖြစ်သော အသံကို သရသံ”[၃]

ဟူ၍ လည်းကောင်း ဖွင့်ဆိုထားပါသည်။

ထို့ပြင် သရနှင့် ဗျည်း သတ်မှတ်ချက်ကို

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၃၄၉။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၃၅၀။
[၃] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၃၅၅။

> "သဒ္ဒဗေဒရှုထောင့်အရ သရသည် "သာမန်စကားသံ [၁] ၌ သံပြင်းသံ ဖြစ်သည်။ သရဖြစ်ရာတွင် လေသည် အဆက်မပြတ် တစ်ဆက်တည်း အာစောက် [၂] နှင့် ခံတွင်း [၃] ကို ဖြတ်သန်း ရသည်။ လေကြောင်းတစ်လျှောက်တွင် ကြားနိုင်လောက်သည့် ပွတ်တိုက်သံမျိုး ဖြစ်စေမည့် မည်သည့် အတားအဆီးမျိုး၊ ကျဉ်းမြောင်းမှုမျိုးမှ မဖြစ်နိုင်ချေ။"[၄]

ဟူ၍ လည်းကောင်း၊ ဗျည်းကိုမူ

> "လေကြောင်းပိတ်ဆို့မှု ဖြစ်ပေါ်စဉ် ဖြစ်ပေါ်လာသည့် အသံ"[၅]

ဟူ၍ ဗျည်းသံ၊ သရသံများနှင့် ပတ်သက်၍ ပညာရှင်တို့က အမျိုးမျိုး မိန့်ဆိုကြပါသည်။

## ၂၊၁။ စကားသံပြောင်းလဲမှု

စကားသံပြောင်းလဲမှုနှင့် ပတ်သက်၍ မြန်မာသဒ္ဒါတွင်

> "ဗျည်းသံ ပြောင်းလဲမှု ဆိုသည်မှာ သံညင်းဗျည်း (အဃောသ) အချို့ကို သံပြင်းဗျည်း (ဃောသ)သို့ ပြောင်းလဲရွတ်ဆိုခြင်း၊ ဟထိုးသံ ဖြည့်ရွတ်ခြင်း၊ ဟထိုးသံ ချန်ရွတ်ခြင်း၊ ပင့်ရစ်သံ ဖြည့်ရွတ်ခြင်း၊ ပင့်ရစ်သံ ချန်ရွတ်ခြင်းတို့ ဖြစ်သည်။ သရသံ ပြောင်းလဲမှုဆိုသည်မှာ သရသံအချို့ကို အသံတစ်ဝက်သာ ရွတ်ရသော (အ–မတြာဝက်သံ)သို့ ပြောင်းလဲ ရွတ်ဆိုခြင်း ဖြစ်သည်။"[၆]

ဟူ၍ ဖော်ပြထားပါသည်။

မြန်မာစကားသံ ပြောင်းလဲမှုနှင့် ပတ်သက်၍ ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်က

---

[၁] normal speech

[၂] pharynx

[၃] oral

[၄] Jone, 1967, 23.

[၅] Pike, 1958, 67.

[၆] မြန်မာသဒ္ဒါ၊ ၂၀၀၅၊ ၃၆၂/၃၆၅။

> “မြန်မာစကားပြောဆိုရာ၌ အသံပြောင်းတို့သည် များလည်း များ၏။ ပြားလည်း ပြား၏။ ယင်းအသံပြောင်း များကို အကျဉ်းချုပ်သော် သရသံ ပြောင်းနည်း၊ ဗျည်း သံပြောင်းနည်း၊ အသတ်သံ ပြောင်းနည်း ဟူ၍ (၃)ပါးရ၏။ ယင်းအသံပြောင်း (၃) ပါးသည် သန္ဓိစပ်ခြင်းကြောင့် ဖြစ်သည်သာ များ၏”[၁]

ဟု စကားသံ ပြောင်းလဲမှုသဘောကို ဖော်ထုတ်ပြထားသည်။

ခေတ်မွန်ဘာသာစကားသည် မွန်လူ့အဖွဲ့အစည်းအတွင်း နေ့စဉ်အသုံးပြုလျက်ရှိသော ရှင်သန်လျက်ရှိသည့် ဘာသာစကားပင် ဖြစ်သည်။ ထို့ကြောင့် ဘာသာစကား ပြောဆိုရာ၌ လည်းကောင်း၊ ရွတ်ဖတ်ရာ၌ လည်းကောင်း သရသံ၊ ဗျည်းသံများ ပြောင်းလဲမှု ရှိနိုင်ပါသည်။

ထို့ကြောင့် ဤစာတမ်းတွင် ဗျည်းသံ၊ သရသံများ ပြောင်းလဲပြောဆိုခြင်းကြောင့် မွန်ဘာသာစကားရှိ အပြောနှင့်အရေး ကွာခြားရခြင်းများကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် အရေးဘာသာစကားကို အခြေခံ၍ အပြောဘာသာစကားနှင့် ကွာခြားပုံများကို လေ့လာသွားမည် ဖြစ်ပါသည်။

## ၃။ စကားသံအဆင့်တွင် အပြောနှင့်အရေး ကွာခြားခြင်း

အပြောဘာသာစကားတွင် လူတို့၏စိတ်ခံစားမှုအရ စကားသံများ၌ အသံအနိမ့်အမြင့်ရှိမှုနှင့် သဒ္ဒါမမှန်မှုများ ရှိပါသည်။ အရေးဘာသာစကားတွင်မူ အပြောကို မှတ်တမ်းတင်ထားခြင်းဖြစ်ရာ သတ်ပုံသတ်ထုံး မှန်စေရန် လိုပါသည်။ စကားသံနှင့်ရေးထုံးကို နှိုင်းယှဉ်ကြည့်လျှင် စကားသံသည် အချိန်ကာလကြာသည်နှင့်အမျှ ပြောင်းလဲမှု ရှိသော်လည်း သတ်ပုံရေးထုံးမှာမူ အများအားဖြင့် ပြောင်းလဲမှု နည်းကြောင်း ဆိုနိုင်ပါသည်။ ထို့ကြောင့် စကားသံအဆင့်တွင် အပြောနှင့် အရေး ကွာဟမှု ရှိလာခြင်း ဖြစ်ပါသည်။ ခေတ်မွန်ဘာသာစကားရှိ စကားသံအဆင့်၌ အပြောနှင့် အရေးကွာခြားမှုကို လေ့လာရာတွင် အရေးဘာသာစကားကို မူတည်၍ အပြောနှင့် ကွာခြားပုံကို နှိုင်းယှဉ်လေ့လာသွားပါမည်။

[၁] ဖိုးစိန်၊ ဦး၊ ပုံနှိပ်နှစ်မပါ၊ ၂၂။

## ၃၊၁။ ဗျည်းသံများ ပြောင်းလဲပြောဆိုခြင်းကြောင့် အပြောနှင့်အရေး ကွာခြားခြင်း

ခေတ်မွန်ဘာသာစကားတွင် အချို့ဗျည်းသံများမှာ ဌာန်တူကို လိုက်၍ ပြောင်းလဲ ပြောဆိုသည်ကို တွေ့ရပါသည်။

ပ [p] - သံညင်း (သံတင်းမဲ့) နှုတ်ခမ်း ရှန်းပွင့်ဗျည်းမှ ဘ [b] - သံပြင်း နှုတ်ခမ်း ရှန်းပွင့်ဗျည်းသို့ ပြောင်းလဲ ပြောဆိုသည်ကို တွေ့ရသည်။

### ပ ဗျည်းမှ ဘ ဗျည်းသို့ ပြောင်းလဲပြောဆိုခြင်း

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ပယ္ဍ | / pə jɒ / | ဘယ္ဍ | / bə jɒ / | နယ်ခြား |
| ပရေ် | / pə reʔ / | ဘရေ် | / bə reʔ / | အရုပ်ဆိုးသည်။ |
| ပလ္ဒ် | / pə lɔh / | ဘလ္ဒ် | / bə lɔh / | ခြွေသည်။ |
| ကာ ပဍေုင် | / ka pə ɗeaŋ / | ကာ ဘဍေုင် | / ka bə ɗeaŋ / | ငါးပြေမ |
| တိ ပလေတ် | / tɔi pə lit / | တိ ဘလေတ် | / tɔi bə lit / | နုန်းမြေ |

အထက်ပါ သာဓကတွင် ဝဏ္ဏနှစ်ခုကို တစ်ဆက်တည်း ရွတ်ဆိုသောအခါ ဒုတိယဝဏ္ဏ၏ အစဗျည်းများဖြစ်သော "ယ၊ ရ၊ လ၊ ဍ" တို့သည် သံပြင်းများ ဖြစ်သောကြောင့် ထိုသံပြင်း၏ လွှမ်းမိုးမှုကြောင့် ပထမဝဏ္ဏက သံညင်း "ပ" ဗျည်းသည် "ဘ" ဗျည်းသို့ ပြောင်းလဲသွားကြောင်း တွေ့ရသည်။

ထို့ပြင် ပ [p] - သံညင်း (သံတင်းမဲ့) နှုတ်ခမ်း ရှန်းပွင့်ဗျည်းမှ မ [m] - သံပြင်း နှုတ်ခမ်း နှာသံဗျည်းသို့ ပြောင်းလဲပြောဆိုသည်ကိုလည်း တွေ့ရသည်။

### ပ ဗျည်းမှ မ ဗျည်းသို့ ပြောင်းလဲပြောဆိုခြင်း

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ပင္ဂါန် | / pa ŋan / | မင္ဂါန် | / mə ŋan / | ပန်းကန် |
| ပင္ဂုပ် | / pa ŋɔp / | မင္ဂုပ် | / mə ŋɔp / | အဆစ် |
| ပ္ၚ် | / pnao / | မ္ၚ် | / mnao / | သံပုရာသီး |
| ကောန် ပ္ၚာန် | / kon pnan / | ကောန် မ္ၚာန် | / kon mnan / | စစ်သား |
| သတ် ပ္ၚဟ် | / sɔt pnɔh / | သတ် မ္ၚဟ် | / sɔt mnɔh / | ပိန္နဲသီး |

အထက်ပါသာဓကတွင် ဝဏ္ဏနှစ်ခုကို တစ်ဆက်တည်း ရွတ်ဆိုသောအခါ ဒုတိယဝဏ္ဏ၏ အစဗျည်းများဖြစ်သော "ငှ၊ နှ(ႏ)" တို့သည် သံပြင်း နှာသံဗျည်းများ ဖြစ်သောကြောင့် ၎င်းသံပြင်း နှာသံဗျည်း၏ လွှမ်းမိုးမှုကြောင့် ပထမဝဏ္ဏက သံညင်း "ပ" ဗျည်းသည် သံပြင်း နှာသံ "မ" ဗျည်းသို့ ပြောင်းလဲသွားကြောင်း တွေ့ရသည်။

သံညင်း "ပ" ဗျည်းသည် သံပြင်း "ဘ၊ မ" ဗျည်းသို့ ပြောင်းလဲပြောဆိုသည့် အတွက် အပြောနှင့် အရေးတွင် ကွာခြားမှုရှိလာခြင်း ဖြစ်ပါသည်။ အသံနှစ်သံကို ရွတ်ဆိုရာတွင် နှစ်သံလုံးသည် သံပြင်းဖြစ်လျှင် ရွတ်ဆိုရလွယ်ကူသည့်အတွက် အလွယ်ကြိုက်သည့် လူတို့၏သဘာဝအတိုင်း ရှေ့က သံညင်းကို သံပြင်းသို့ပင် ပြောင်း၍ ရွတ်ဆိုမိတတ်သည့်အတွက် အသံပြောင်းလဲမှု ဖြစ်လာခြင်း ဖြစ်ပါသည်။

အချို့သော ဗျည်းသံများသည် ဌာန်နီးဗျည်းသို့ လည်းကောင်း၊ ဌာန်နီး မဟုတ်သော်လည်း ပြောင်းလဲရွတ်ဆိုမှုကြောင့် လည်းကောင်း အပြောနှင့် အရေးတွင် ကွဲပြားမှု ရှိလာသည်ကို တွေ့ရသည်။

တ [t] - သံညင်း (သံတင်းမဲ့) သွားရင်း ရှန်းပွင့်ဗျည်းမှ က [k] - သံညင်း (သံတင်းမဲ့) အာခေါင်ပျော့ ရှန်းပွင့်ဗျည်းသို့ ပြောင်းလဲပြောဆိုသည့် စကားလုံးများ ကိုလည်း တွေ့ရသည်။

**တ ဗျည်းမှ က ဗျည်းသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ဟိုမ်တွဟ် | / hɔm twɔh / | ဟိုမ်ကွဟ် | / hɔm kwɔh / | ဟောပြောသည်။ |
| တ္မဟ် | / tmɔh / | က္မဟ် | / kmɔh / | တံမြက်စည်း |
| တြံု | / traoh / | ကြံု | / kraoh / | ယောက်ျား |

စသည်ဖြင့် တွေ့ရှိရပါသည်။

ထို့ပြင် ဇ [z] - **သံပြင်း သွားရင်း ပွတ်တိုက်ဗျည်း** မှ ခ [kh] - သံညင်း (သံတင်းပါ) အာခေါင်ပျော့ ရှန်းပွင့်ဗျည်းသို့ ပြောင်းလဲပြောဆိုသည်ကို တွေ့ရသည်။

**"ဇ" ဗျည်းသံကို "ခ" ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ဇွာ | / zwɛ / | ခွါ | / khwɛ / | သူငယ်ချင်း |

| | | | | |
|---|---|---|---|---|
| ဍုဝ်ဇွောဝ် | / ɗaik zwɔ / | ဍုဝ်ခွောဝ် | / ɗaik khwɔ / | ရေစီးသည်။ |
| ဇွိတ် | / zwit / | ခွိတ် | / khwit / | ပွတ်သပ်သည်။ |

ခေတ်မွန်ဘာသာစကားတွင် “ခ” ဗျည်းသံသည် “ဇ’ ဗျည်းသံထက် ရွတ်ဆိုရလွယ်ကူသည်။ ထို့ကြောင့် ခက်ရာမှ လွယ်ရာသို့ သံပြင်းမှ သံညင်းသို့ ပြောင်းလဲပြောဆိုခြင်းဖြစ်သည်။

တစ်ဖန် ဒ [d] - **သံပြင်း သွားရင်း ရုန်းပွင့်ဗျည်း** မှ ဂ [g] - သံပြင်းအာခေါင်ပျော့ ရုန်းပွင့်ဗျည်းသို့ ပြောင်းလဲပြောဆိုသည်ကို တွေ့ရသည်။

## “ဒ” ဗျည်းသံကို “ဂ” ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ဒြပ် | / drɔp / | ဂြပ် | / grɔp / | ပစ္စည်းဥစ္စာ |
| ဒြင် | / drɛŋ / | ဂြင် | / grɛŋ / | ဦးချို |
| ဒွက် | / dwɔik / | ဂွက် | / gwɔik / | သီချင်း |

အထက်ပါသာဓကများအရ “ဒ” ဗျည်းကို ရွတ်ဆိုရာတွင် ပိုမိုအားစိုက်ထုတ်ရသဖြင့် နှုတ်သံလွယ်ရာ “ဂ” ဗျည်းသို့ ပြောင်းလဲ ပြောဆိုသည်ကို တွေ့ရသည်။

ထို့နောက် သ [s] - **သံညင်း သွားရင်း ပွတ်တိုက်ဗျည်း** မှ က [k] - သံညင်း (သံတင်းမဲ့) အာခေါင်ပျော့ ရုန်းပွင့်ဗျည်း၊ ခ [kh] - သံညင်း (သံတင်းပါ) အာခေါင်ပျော့ ရုန်းပွင့်ဗျည်းသို့ ပြောင်းလဲပြောဆိုသည်ကိုလည်း တွေ့ရသည်။

## “သ” ဗျည်းသံကို “က၊ခ” ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| သွက် | / swɔik / | ကွက် | / kwɔik / | အတွက် |
| သွ | / swaʔ / | ခွ | / khwaʔ / | ဟင်း |
| သွဝ် | / swɔ / | ခွဝ် | / khwɔ / | နတ်ပြည် |

အထက်ပါသာဓကများအရ ခေတ်မွန်ဘာသာစကားတွင် “သ” ဗျည်းမှ နှုတ်သံလွယ်ရာ “က၊ ခ” ဗျည်းသို့ ပြောင်းလဲ ပြောဆိုသည့်သဘောကို တွေ့ရသည်။

ခေတ်မွန်ဘာသာစကားကို ပြောဆိုသုံးနှုန်းရာ၌ "ဟ" ဗျည်းသံကို ဗျည်းအတော်များများ၏အစတွင် အစားထိုး ပြောင်းသုံးလေ့ရှိသည်ကို တွေ့ရသည်။ "ဟ" ဗျည်းသံနှင့် အသုံးပြုသောကြောင့် "ဟ" မှာ အသံဗျည်းတွင် တစ်ခုတည်းဖြစ်သော်လည်း အရေးတွင် ဗျည်းများစွာကို ကိုယ်စားပြုနေသည်။ ယင်း "ဟ" ဗျည်းနှင့်ပတ်သက်၍ ဂျေဝက်ကင်း[၁] က

> "ဗဟုဝဏ္ဏစကားလုံးရှိ ပထမဝဏ္ဏ၏ အစဗျည်းသည် အပြောစကားတွင် "ဟ" သံသို့ ပြောင်းလေ့ရှိသည်။ အရေးတွင်မူ မပြောင်းပေ။ အစဗျည်း "ဟ" သံသည် အရေးတွင် ဗျည်းအမျိုးမျိုး ဖြစ်နိုင်သည်။ ထို့ကြောင့် hədoh ဟူသော အသံကို ခဍိုဟ် KHAḌUIH, ဂဍိုဟ် GAḌUIH, ထဍောဟ် THAḌOH, ထဍိုဟ် THAḌUIH, တ္ဍိုဟ် THḌUIH, ဒဍောဟ် DAḌOH, ဖဍိုဟ် PHAḌUIH, သဍိုဟ် SAḌUIH, ဍ္ဍိုဟ် SḌUIH ဟု (၉) မျိုး ရေးနိုင်သည်။"[၂]

ဟု ဆိုထားပါသည်။

## "ခ" ဗျည်းသံကို "ဟ" ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ကခဒ္ဒ | / ka khə de / | ကဟဒ္ဒ | / ka hə de / | ငါးကြပ်တိုက် |
| ပုင်ခဍေက် | / pɛŋ khə ɗɔik / | ပုင်ဟဍေက် | / pɛŋ hə ɗɔik / | ထမင်းပြုတ် |
| ခ္ဍမ်ခ္ဍမ် | / khə ɗɔm khə ɗɔm / | ဟ္ဍမ်ဟ္ဍမ် | / hə ɗɔm hə ɗɔm / | ဝိုင်းဝိုင်း |
| ခစေပ် | / khə cip / | ဟစေပ် | / hə cip / | ချဉ်ပေါင် |
| ခ္ဍောင်စိင် | / khə ɗɔŋ cɔiŋ / | ဟ္ဍောင်စိင် | / hə ɗɔŋ cɔiŋ / | ဆင်ခရမ်းသီး |
| မွဲခ္မိုန် | / moa khmɔn / | မွဲဟ္မိုန် | / moa hmɔn / | တစ်ဆုပ် |
| ခအဟ် | / khə ɔh / | ဟအဟ် | / hə ɔh / | ချွေးမ |
| ခမာန် | / khə man / | ဟမာန် | / hə man / | သားမက် |
| ခဍက် | / khə ɗak / | ဟဍက် | / hə ɗak / | ချောင်းဆိုးသည် |

---

[၁] J.Watkins

[၂] Watkins.J, 2009, 718.

**“ဂ” ဗျည်းသံကို “ဟ” ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ငှာင်ဂတာမ် | / ŋaiŋ gə tam / | ငှာင်ဟတာမ် | / ŋaiŋ hə tam / | ကဏန်းလက်မ |
| ဂတာပ်ခေတ် | / gə tap khit / | ဟတာပ်ခေတ် | / hə tap khit / | ခေတ်မီသည်။ |
| ဆိုဝ်ဂဗ | / che gə pɛʔ / | ဆိုဝ်ဟဗ | / che hə pɛʔ / | တွေ့ဆုံသည်။ |
| ခုင်ဂဇအ် | / khɛŋ gə cɔh / | ခုင်ဟဇအ် | / khɛŋ hə cɔh / | ထိုင်ခုံ |
| မွဲဂကော် | / moa gə kom / | မွဲဟကော် | / moa hə kom / | တစ်စုတည်း |
| ဂစေမ် | / gə cem / | ဟစေမ် | / hə cem / | ငှက် |
| ဂတိုပ်ကေFာအ် | / gə tɔp klɒ / | ဟတိုပ်ကေFာအ် | / hə tɔp klɒ / | မြင်းခွာရွက် |
| ဂှော်ဝ် | / gmo / | ဟှော်ဝ် | / hmo / | ဖန်ခါးသီး |
| မွဲဂတော့် | / moa gə tɛh / | မွဲဟတော့် | / moa hə tɛh / | တစ်ချပ် |

**“ဇ” ဗျည်းသံကို “ဟ” ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ဇကု | / zə kao / | ဟကု | / hə kao / | မိမိ၊ ကိုယ် |
| ဇ္နော်် | / znuk / | ဟ္နော်် | / hə nuk / | ကြီးသည်။ |
| ဇမိFင် | / zə mlɔiŋ / | ဟလိင် | / hə lɔiŋ / | အရှည် |
| ဇဗFl | / zə plu / | ဟဗFl | / hə plu / | ကွမ်းရွက် |

**“ထ” ဗျည်းသံကို “ဟ” ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ထပဟ် | / thə pɔh / | ဟပဟ် | / hə pɔh / | ခုနစ် |
| ထကဝ် | / thə kɔ / | ဟကဝ် | / hə kɔ / | ဖျာ |
| ထဗး | / thə ɓah / | ဟဗး | / hə ɓah / | ပြသည်။ |
| ထဍေုင် | / thə ɗeaŋ / | ဟဍေုင် | / hə ɗeaŋ / | မောင်းထုတ်သည်။ |

**“ဒ” ဗျည်းသံကို “ဟ” ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း**

| အရေး | (အသံထွက်) | အပြော | (အသံထွက်) | အဓိပ္ပာယ် |
|---|---|---|---|---|
| ဒစိတ် | / dɛ cet / | ဟစိတ် | / hə cet / | ကိုး |
| ဒစာမ် | / dɛ cam / | ဟစာမ် | / hə cam / | ရှစ် |
| ဒကေဝ် | / də ki / | ဟကေဝ် | / hə ki / | ကျပ် |
| ဒ္နဲ | / də nai / | ဟ္နဲ | / hə nai / | နေရာ |
| ဒဂိတ် | / də git / | ဟဂိတ် | / hə git / | ကြမ်းပိုး |
| ဒကောင် | / də kɔŋ / | ဟကောင် | / hə kɔŋ / | အနံ့ |
| ဒတုံ | / də tum / | ဟတုံ | / hə tum / | ပြုတ်ကျသည်။ |
| ဒေFင် | / də leaŋ / | ဟေFင် | / hə leaŋ / | ဆိုင်းထမ်း |

**“ဖ” ဗျည်းသံကို “ဟ” ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း**

| အရေး | (အသံထွက်) | အပြော | (အသံထွက်) | အဓိပ္ပာယ် |
|---|---|---|---|---|
| ဖအံက် | / phə ɔk / | ဟအံက် | / hə ɔk / | ဖားအောက် |
| သီုဖအိုတ် | / səm phə ɔt / | သီုဟအိုတ် | / səm hə ɔt / | အကုန်လုံး |
| ဖ္ဍောတ် | / phə dɔt / | ဟ္ဍောတ် | / hə dɔt / | ရွတ်သည်။ |
| ဖက့် | / phə kɔh / | ဟက့် | / hə kɔh / | ခြောက်သွေ့သည်။ |

**“ဗ” ဗျည်းသံကို “ဟ” ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း**

| အရေး | (အသံထွက်) | အပြော | (အသံထွက်) | အဓိပ္ပာယ် |
|---|---|---|---|---|
| ဗ္တောန်လိက် | / bə ton loik / | ဟ္တောန်လိက် | / hə ton loik / | စာသင်သည်။ |
| ဗ္မာ | / bə mɛ / | ဟ္မာ | / hə mɛ / | ဗမာ |
| တိဗကေတ် | / tɔi bə kit / | တိဟကေတ် | / tɔi hə kit / | မြေနီ |
| ဗ္ဂဲ | / bə goa / | ဟ္ဂဲ | / hə goa / | ကြောင် |

**"သ" ဗျည်းသံကို "ဟ" ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| သ္နာံ | / snam / | ဟ္နာံ | / hnam / | နှစ် |
| သ္မာန် | / smam / | ဟ္မာန် | / hmam / | မေးသည်။ |
| သ္မိုင် | / smɔiŋ / | ဟ္မိုင် | / hmɔiŋ / | မင်း |
| သFKင်ကျာ | / slɜŋ kja / | ဟFြင်ကျာ | / hlɜŋ kja / | တောင်အရပ် |
| သFKifoFKif | / slɜŋ slɜŋ / | ဟFြင်ဟFြင် | / hlɜŋ hlɜŋ / | မြင့်မြင့် |
| သ္မ0fကျာ | / smɔ kja / | ဟ္မ0fကျာ | / hmɔ kja / | မြောက်အရပ် |
| သ္နာ | / sna / | ဟ္နာ | / hna / | ကြော်သည်။ |
| သF | / sla / | ဟF | / hla / | ဖက်ရွက် |

စသည်ဖြင့် တွေ့ရှိရပါသည်။

အထက်ပါသာဓကများအရ ထိုသို့ "ခ၊ ဂ၊ ဇ၊ ထ၊ ဒ၊ ဖ၊ ဗ၊ သ" ဗျည်းသံများကို "ဟ" ဗျည်းသံသို့ ပြောင်းလဲပြောဆိုခြင်းမှာ "ဟ" ဗျည်းသံသည် ရွတ်ဆိုရ ပိုမိုလွယ်ကူသည့်အတွက် နှုတ်သံလွယ်ရာသို့လိုက်၍ ပြောင်းလဲပြောဆိုသည်ဟု ဆိုနိုင်ပါသည်။ ထိုသို့ ပြောင်းလဲပြောဆိုခြင်းဖြင့် အပြောနှင့် အရေးသည် စကားသံအဆင့်တွင် ကွာခြားမှုရှိလာကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃၊ ၂။ ဗျည်းသံများချန်၍ပြောဆိုခြင်းကြောင့် အပြောနှင့်အရေးကွာခြားခြင်း

ခေတ်မွန်ဘာသာစကားကို လေ့လာရာတွင် စကားလုံးအချို့မှာ ရေးထုံးသတ်ပုံအတိုင်းမရွတ်ဘဲ ရွတ်ဆိုရာတွင် ဗျည်းသံများကိုချန်၍ ပြောဆိုခြင်းကြောင့် အပြောနှင့် အရေး ကွဲလွဲမှုများ ရှိသည်ကို တွေ့ရသည်။

**"က" ဗျည်းသံချန်၍ ပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|

| | | | | |
|---|---|---|---|---|
| ကောန်က္မိန် | / kon kmin / | ကောန်မိန် | / kon min / | တူ၊ တူမ |
| တြုံက္မာဲ | / trɔh kmai / | ကြုံမာဲ | / krɔh mai / | မုဆိုးဖို |
| ဗြဲက္မာဲ | / brɛa kmai / | ဗြဲမာဲ | / brɛa mai / | မုဆိုးမ |
| ကFင်က္မတ် | / klaŋ kmot / | ကFင်မတ် | / klaŋ mot / | သည်းခြေ |
| က္ဍုဟ်ဒဳ | / kə ɗɔh de / | ဍုဟ်ဒဳ | / ɗɔh de / | တောင်ထိပ် |
| က္ဍိုပ် | / kə ɗɔp / | ဍိုပ် | / ɗɔp / | ဦးခေါင်း |
| ကတဴကတန် | / kə tao kə tan / | တဴတန် | / tao tan / | ပူအိုက်သည်။ |
| တက်က္နက် | / tak knak / | တက်နက် | / tak nak / | ပနက်ရိုက်သည်။ |

**"ခ" ဗျည်းသံချန်၍ ပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ခဗိထဝ် | / khə pi thɔ / | ဗိထဝ် | / pi thɔ / | ရွှေဖရုံသီး |
| ခပိသြဝ် | / khə pi sɔʔ / | ပိသြဝ် | / pi sɔʔ / | ကျောက်ဖရုံသီး |

**"စ" ဗျည်းသံချန်၍ ပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| စ္မဍုာ် | / cmə ɗaik / | မဍုာ် | / mə ɗaik / | ရေပိုး |
| စရိုဟ်ဍုာ် | / cə rɔh ɗaik / | ရိုဟ်ဍုာ် | / rɔh ɗaik / | ရေစက်ချသည်။ |

**"ဇ" ဗျည်းသံချန်၍ ပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ဇ္မာပ်ဒ္နဲ | / zmap dnai / | မာပ်ဟ္နဲ | / map hnai / | နေရာတိုင်း |
| ဇ္မိုရံင် | / zmɔe rɔŋ / | မိုရံင် | / mɔe rɔŋ / | မျှော်ကြည့်သည်။ |

**"တ" ဗျည်းသံချန်၍ ပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| တ္ငေါ် | / tŋoa / | ငေါ် | / ŋoa / | နေ့ |

| | | | | |
|---|---|---|---|---|
| ညးတ္နဟ် | / ŋih tnɔh / | ညးနဟ် | / ŋih nɔh / | တခြားသူ |
| တFကောန် | / tlə kon / | ဠကောန် | / lə kon / | ကလေးအမေ |
| ၜါတ္နး | / ɓa tnah / | ၜါနး | / ɓa nah / | နှစ်ရှက် |
| မွဲတ္ၚောဝ် | / moa tŋo / | မွဲၚောဝ် | / moa ŋo / | တစ်ရှဉ်း |
| တ္မေင် | / tmeaŋ / | မေင် | / meaŋ / | ထူးခြားသည်။ |
| တ္မး | / tmah / | မး | / mah / | လင်းသည်။ |

**“ပ” ဗျည်းသံချန်၍ ပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ပ္ကဴ | / pə kao / | ကဴ | / kao / | ပန်း |
| ပ္ဍေပ္ဍိုက် | / pə ɗe pə ɗaik / | ဍေဍိုက် | / ɗe ɗaik / | ဖိနှိပ်သည်။ |
| ပ္မတ် | / pmot / | မတ် | / mot / | မီး |
| ပ္မိက်ဒဟ် | / pmoik dɔh / | မိက်ဒဟ် | / moik dɔh / | အရေးပေါ် |
| ပ္မဝ်ခဝ် | / pmɔ thɔ / | မဝ်ခဝ် | / mɔ thɔ / | တရားထိုင်သည်။ |

**“လ” ဗျည်းသံချန်၍ ပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| လ္ၚောဝ် | / lŋo / | ၚောဝ် | / ŋo / | ရှိခိုးသည်။ |
| လ္မံက်ပုင် | / lmɔk pɛŋ / | မံက်ပုင် | / mɔk pɛŋ / | ထမင်းလုပ် |
| ဒုင်လျိုင် | / dɜŋ ljai / | ဒုင်ယိုင် | / dɜŋ jai / | အာမခံသည်။ |
| လဗိုတ်ကျာ | / lə bɜt kja / | ဗိုတ်ကျာ | / bɜt kja / | လေမုန်တိုင်း |
| လတာက် | / lə taik / | တာက် | / taik / | လျှာ |

အထက်ပါ သာဓကများအရ ဗျည်းသံများ ချန်၍ ပြောဆိုခြင်းကြောင့် ခေတ်မွန်ဘာသာစကားတွင် အပြောနှင့်အရေး ကွာခြားသွားရခြင်း ဖြစ်ပါသည်။

## ၃.၃။ သရသံများပြောင်းလဲပြောဆိုခြင်းကြောင့် အပြောနှင့်အရေးကွာခြားခြင်း

ခေတ်မွန်ဘာသာစကားရှိ သရများတွင် "အာ၊ အိ၊ အု" သရများ ရေး၍ "အ" သရ ဖတ်ရခြင်းစသည့် အရေးတခြား အဖတ်တခြား သရသံကွဲလွဲသော စကားလုံးများ ရှိပါသည်။ စကားလုံးများကို ထိုသို့ ရွတ်ဆိုသည့်အတွက် အပြောနှင့်အရေးတွင် ကွာခြားရပုံများကို အောက်ပါသာဓကများအရ သိရပါသည်။

**"အာ" မှ "အ" မတြာဝက်သရသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| နာဒ္ဒိ | / na ɗi / | နဒ္ဒိ | / nə ɗi / | နာရီ |
| နာဍူ | / na ɗu / | နဍူ | / nə ɗu / | ပိတောက် |
| အာရှိ | / a rɜm / | အရှိ | / a rɜm / | အာရုံ |
| အာယုက် | / a jɜk / | အယုက် | / a jɜk / | အသက် |

**"အိ" မှ "အ" မတြာဝက်သရသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| ဘိက်နိမန် | / bɔik ni mon / | ဘိက်နမန် | / bɔik nə mon / | ဖိတ်ကြားသည်။ |
| မိနေတ် | / mi nit / | မနေတ် | / mə nit / | မိနစ် |

**"အေ" မှ "အ" မတြာဝက်သရသို့ ပြောင်းလဲပြောဆိုခြင်း**

| **အရေး** | **(အသံထွက်)** | **အပြော** | **(အသံထွက်)** | **အဓိပ္ပာယ်** |
|---|---|---|---|---|
| သေဏာတ် | / se nat / | သဏာတ် | / sə nat / | သေနတ် |
| သေဋ္ဌိ | / se thi / | သဋ္ဌိ | / sə thi / | သူဌေး |

အထက်ပါသာဓကများတွင် "အာ၊ အိ၊ အု" သရသံများကို "မတြာဝက် အ–သရ" သို့ ပြောင်းလဲပြောဆိုသည်ကို တွေ့ရပါသည်။ ထို့ကြောင့် သရသံများသည် ရေးသည့်အတိုင်း အသံမထွက်ပဲ ပြောင်းလဲပြောဆိုခြင်းများကြောင့် အပြောနှင့် အရေးတွင် ကွာခြားသွားရခြင်း ဖြစ်ပါသည်။

**ခြုံငုံသုံးသပ်ချက်**

ဤစာတမ်းတွင် ခေတ်မွန်ဘာသာစကားရှိ အပြောနှင့်အရေးတွင် စကားသံ ကွာခြားပုံများကို လေ့လာဖော်ထုတ်ထားပါသည်။ ခေတ်မွန်ဘာသာစကား၏ စကားသံ အဆင့်တွင် ဗျည်းသံနှင့် သရသံများ ပြောင်းလဲပြောဆိုမှုများကြောင့် အပြောဘာသာ စကားနှင့် စာအရေးအသားမှာ ကွဲပြားမှုများရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဗျည်းသံများ ပြောင်းလဲပြောဆိုရာတွင် ဝဂ်တူဗျည်းအချင်းချင်း ပြောင်းလဲ ပြောဆိုသည်ကို တွေ့ရသည်။ “ပ” ဗျည်းမှ “ဘ၊ မ” များသို့ ပြောင်းလဲပြောဆို သည်ကို တွေ့ရသည်။ ဝဏ္ဏနှစ်ခုကို တစ်ဆက်တည်းရွတ်ဆိုသောအခါ ဒုတိယဝဏ္ဏ၏ အစဗျည်းများ ဖြစ်သော “ယ၊ ရ၊ လ၊ ဉ၊ င၊ န (ှ)” တို့သည် သံပြင်းများ ဖြစ်သောကြောင့် နောက်က သံပြင်း၏လွှမ်းမိုးမှုကြောင့် ပထမဝဏ္ဏက သံညင်း “ပ” ဗျည်းသည် “ဘ၊ မ” ဗျည်းသို့ ပြောင်းသွားကြောင်း တွေ့ရသည်။ ထိုသို့ ပြောင်းလဲ ပြောဆိုသည့်အတွက် အပြောနှင့်အရေးတွင် ကွာခြားမှုရှိလာခြင်း ဖြစ်ပါသည်။ အသံ နှစ်သံကို ရွတ်ဆိုရာတွင် နှစ်သံလုံးသည် သံပြင်းဖြစ်လျှင် ရွတ်ဆိုရလွယ်ကူသည့် အတွက် အလွယ်ကြိုက်သည့် လူတို့၏သဘာဝအတိုင်း ရှေ့က သံညင်းကို သံပြင်း သို့ပင် ပြောင်း၍ ရွတ်ဆိုမိတတ်သည့်အတွက် အသံပြောင်းလဲမှု ဖြစ်လာခြင်း ဖြစ်ပါ သည်။ ဌာန်တူဌာန်နီး မဟုတ်သော်လည်း ဗျည်းသံများကို ပြောင်းလဲရွတ်ဆိုခြင်းများ ရှိသည်ကို တွေ့ရှိရပါသည်။ “တ” ဗျည်းမှ “က” ဗျည်းသို့ လည်းကောင်း၊ “ဇ” ဗျည်းမှ “ခ” ဗျည်းသို့ လည်းကောင်း၊ “ဒ” ဗျည်းမှ “ဂ” ဗျည်းသို့ လည်းကောင်း၊ “သ” ဗျည်းမှ “က၊ ခ” ဗျည်းသို့ လည်းကောင်း၊ အသံထွက်ခက်ရာမှ အသံထွက် လွယ်ရာသို့ ပြောင်းလဲပြောဆိုသည့်အတွက် အပြောနှင့်အရေး ကွာခြားမှုများ ရှိလာ ပါသည်။ ထူးခြားချက်အနေဖြင့် ခေတ်မွန်စာအရေးအသားတွင် “ခ၊ ဂ၊ ဇ၊ ထ၊ ဒ၊ ဖ၊ ဗ၊ သ၊ လ” ဗျည်းဖြင့် ရေးသော်လည်း အသံထွက်သည့်အခါ “ဟ” ဗျည်းသံဖြင့် ပြောင်းလဲပြောဆိုသည်ကို တွေ့ရှိရပါသည်။ ယင်းမှာ “ဟ” ဗျည်းကို ရွတ်ဆိုရာတွင် ပိုမိုလွယ်ကူသည့်အတွက် နှုတ်သံလွယ်ရာသို့ လိုက်၍ ပြောင်းလဲပြောဆိုရာမှ အပြောနှင့်အရေးသည် ကွာခြားမှု ရှိလာခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် “က”၊ “ခ”၊ “စ”၊ “ဇ”၊ “တ”၊ “ပ”၊ “လ” ဗျည်းသံများကို ချန်၍ ပြောဆိုခြင်းကြောင့်လည်း ခေတ်မွန်ဘာသာစကားတွင် အပြောနှင့်အရေးတွင် ကွာခြားမှုများ ရှိလာကြောင်း ဖော်ထုတ်တင်ပြထားပါသည်။

သရသံ ပြောင်းလဲမှုတွင်မူ “အာ၊ အိ၊ အု” သရသံများကို မတြာဝက် (အ–သရ) သို့ ပြောင်းလဲရွတ်ဆိုသည်ကို တွေ့ရှိရပါသည်။ ခေတ်မွန်ဘာသာစကားတွင် အသတ်သံများ ပြောင်းလဲပြောဆိုသည်ကို မတွေ့ရှိရပေ။ အရေးသည် အပြော (စကားသံ)ကို မှတ်တမ်းတင်ထားသော ထပ်ဆင့်သင်္ကေတများ ဖြစ်သည့်အလျောက်

ယခင်ကပြောသည့် အတိုင်းပင် ရေးသားခဲ့သောကြောင့် အရေးဘာသာစကားနှင့် အပြောဘာသာစကားသည် ထပ်တူကျခဲ့ပါသည်။ ထိုနောက်တွင်မှ အပြောဘာသာစကား၌ သရသံ၊ ဗျည်းသံများ ပြောင်းသွားသော်လည်း အရေးဘာသာစကားက လိုက်မပြောင်းသည့်အတွက် အပြောနှင့်အရေးသည် ကွာခြားသွားရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ခေတ်မွန်ဘာသာစကားတွင် အပြောစကားကို အရေးအသားဖြင့် ဖော်ပြရာတွင် စကားသံနှင့် စကားလုံး ထပ်တူမကျသည်ကို တွေ့ရပါသည်။ ဤသို့ ကွဲပြားသွားရခြင်းမှာ ဗျည်းသံများကို ပြောင်းလဲရွတ်ဆိုခြင်း၊ ဗျည်းသံများကို ချန်၍ ရွတ်ဆိုခြင်းနှင့် သရသံများကို ပြောင်းလဲရွတ်ဆိုခြင်း စသည့်အချက်များကြောင့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

ဤစာတမ်းသည် ခေတ်မွန်ဘာသာစကားရှိ အပြောနှင့်အရေးတွင် စကားသံ ကွာခြားမှုများကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုသို့ လေ့လာခြင်းအားဖြင့် ခေတ်မွန်ဘာသာစကားရှိ အပြောစကားနှင့် အရေးစာတို့တွင် စကားသံကွာခြားမှု အတိုင်းအဆ ပမာဏကို သိရှိလာနိုင်ပါသည်။ ထိုမှတစ်ဆင့် မွန်တိုင်းရင်းသားတို့၏ ဘာသာစကားနှင့် စာပေကွဲပြားမှု တစ်စိတ်တစ်ဒေသကို သိမြင်လာနိုင်ပါသည်။ ခေတ်မွန်ဘာသာစကားနှင့် စာပေကို လေ့လာလိုသူ ဘာသာစကား သုတေသီများ အတွက်လည်း အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်မိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၄)။ ***မြန်မာစကား မြန်မာစာရုပ်ပုံလွှာ***။ ရန်ကုန်၊ ရွှေပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၇)။ ***မိန်းမယောကျ်ားထိုစကား***။ ရန်ကုန်၊ သီဟရတနာစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၉)။ ***ဘာသာအမြင်စာပေအမြင်***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

ထွန်းမြင့်၊ ဦး။ (ခုနှစ်မပါ)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် ဂျီအီးစီ (ပညာရေး) သမဝါယမလီမိတက်။

ထွန်းမြင့်၊ ဦး။ (၁၉၉၆)။ ***သဒ္ဒဗေဒ***။ ရန်ကုန်၊ မြမြဝင်းပုံနှိပ်တိုက်။

ထွန်းသိန်း၊ နိုင်။ (၂၀၀၁)။ ***မွန်မြန်မာအဘိဓာန်နှင့် သဒ္ဒါနိုင်းယှဉ်ချက်*** (၃-ကြိမ်)။ မွန်အမျိုးသား ပညာရေးကော်မတီ။

ဖိုးစိန်၊ ဦး။ (ပုံနှိပ်နှစ်မပါ)။ ***မြန်မာမင်းလွှတ်တော်သုံးသတ်ပုံ၊ မြန်မာသဒ္ဒါနည်း အနက်နည်းကျမ်း။*** ရန်ကုန်၊ တိုးပုံနှိပ်တိုက်။

မောင်တိုး၊ နိုင်။ (၁၉၈၀)။ ***အခြေခံမွန်စကား မွန်စာသင်ကြားနည်း***။ ရန်ကုန်၊ ဒီမိုကရေစီ ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၆၄)။ ***မြန်မာ့စွယ်စုံကျမ်းအတွဲ(၉)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ ***မြန်မာသဒ္ဒါ***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရွှေသွင်၊ ဦး။ (၁၉၆၉)။ ***"မွန်ဘာသာကို သဒ္ဒဗေဒနည်းဖြင့် လေ့လာခြင်း"၊ တက္ကသိုလ် ပညာပဒေသာ စာစောင် အတွဲ(၄) အပိုင်း(၄)***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ရွှေသွင်၊ ဦး။ (၂၀၀၅)။ ***မြန်မာသဒ္ဒဗေဒဖတ်စာ***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

ဝါယမ၊ **အရှင်**။ (၁၉၅၇)။ ***မွန်ဘာသာသင်ကြားနည်း***။ ရန်ကုန်၊ ရွှေသိန်းပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ရွှေစာပေ။

## အင်္ဂလိပ်ဘာသာ

Hallidays.R.M.R.A.S (1955). ***A Mon- English Dictionary***, Rangoon, The Mon Cultural Section, Ministry of Union Culture.

Jone, D. (1969). ***An outline of English phonetics (9th edn)***. Cambridge University.

Pike, K. L. (1958). ***Phonetics (6th printing)***. The University of Michigan Press.

Pan Hla, Nai. (1989). ***An Introduction to Mon Language.*** Kyoto: Center for Southeast Asia Studies.

Shorto, H.L (1962). ***A Dictionary of Modern Spoken Mon.*** London. Oxford Uinversity press.

Watkins, J. (2009). ***Concise Encyclopedia of Language of the World***. Oxford: Elsevier LTD.

## မွန်ဘာသာ

ဂကော်သင်သုတ်အနာဂတ်မန်။ (၂၀၀၄)။ ***အနာဂတ်မန်ကွပ်(၅)***။ ရန်ကုန်။

ဂကော်သင်သုတ်အနာဂတ်မန်။ (၂၀၀၅)။ ***အနာဂတ်မန်ကွပ်(၆)***။ ရန်ကုန်။

မွန်စာပေနှင့်ယဉ်ကျေးမှုဆပ်ကော်မတီ။ (၁၉၉၃)။ ***လိက်ဗွဟ်မန် တန်ကောန်ငာ်*** (မွန်ဖတ်စာ– သူငယ်တန်း)။ ရန်ကုန်၊ မဉ္ဇူပုံနှိပ်တိုက်။

မွန်စာပေနှင့်ယဉ်ကျေးမှုဆပ်ကော်မတီ။ (၁၉၉၃)။ ***လိက်ဗွဟ်မန် တန်ပထမ*** (မွန်ဖတ်စာ– ပထမတန်း)။ ရန်ကုန်၊ မဉ္ဇူပုံနှိပ်တိုက်။

ဝေဒဂူ။ (၂၀၀၆)။ ***လိက်မန်တ္ၚဲဏအ်***။ မုဒုံ၊ မဟာဗောဓိကျောင်း။

ဝေဒဂူ။ (ခုနှစ်မပါ)။ ***လိက်မန်ဂတာပ်ခေတ်***။ ရန်ကုန်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# မြန်မာလူနာမည်နှင့် စကားလုံးပွားခြင်း

လွင်နီနီခိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာလူနာမည်များကို ဘာသာဗေဒပညာ၊ စကားလုံးပွားခြင်း ဟူသော ဘာသာဗေဒ သီအိုရီဖြင့် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ စကားလုံးပွားခြင်းတွင် အဆက်ကပ်ခြင်း၊ ထပ်ကျေ့ခြင်း၊ နှစ်ထပ်ပြုခြင်း၊ ချဲ့ထွင်ခြင်း၊ ကာရန်လိုက်ခြင်း၊ ဗျည်းတူလိုက်ခြင်း၊ မြည်သံစွဲနှစ်ထပ်ပြုခြင်း၊ ဃောသသံပြုခြင်း ဟူသော သီအိုရီရှုစ်ရပ်ဖြင့် ယှဉ်ကပ်တင်ပြပါသည်။ ဤစာတမ်းကို လေ့လာခြင်းဖြင့် မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာနှင့် မြန်မာဘာသာစကား ဖန်တီးမှုဂုဏ်ရည်ကို ချင့်တွက်နိုင်မည်ဖြစ်သည်။

**သော့ချက်ဝေါဟာရများ – *မြန်မာ၊ လူနာမည်၊ စကားလုံး၊ နာမ်၊ ကြိယာ။***

## နိဒါန်း

ပုဂံခေတ်မှစ၍ ယနေ့ခေတ်တိုင်အောင် မြန်မာလူနာမည်ဖွဲ့ပုံများကို လေ့လာကြည့်သောအခါ နာမည် ရှေ့ဆက်၊ နာမည် အစိတ်အပိုင်း၊ နာမည် စကားလုံးဖွဲ့ပုံတို့မှာ ထွေပြားပြီး နက်နဲသိမ်မွေ့သည့်အလျောက် အဆန်းတကြယ် ရှိသောကြောင့် စိတ်ဝင်စားဖွယ်ကောင်းလှသည်ကို တွေ့ရပါသည်။

ဤအခြင်းအရာများကို ဘာသာဗေဒပညာ၊ စကားလုံးဖွဲ့ပုံ ရှုထောင့်ဖြင့် လေ့လာနိုင်ရန်နှင့် လေ့လာလိုစိတ်ထက်သန်ရန် မျိုးစေ့ချ မြေတောင်မြှောက်ပေးခဲ့ကြသော ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီး လှသမိန်၊ ဆရာမကြီး ဒေါ်သန်းဆွေနှင့် ဆရာကြီး ဒေါက်တာခင်အေးတို့၏ သုတေသနများနှင့် ပို့ချချက်များ၏ ဂုဏ်ကျေးဇူးမှာ ဖော်မပြတတ်အောင်ပင် ကြီးမားလှပါသည်။

ဤသုတေသနစာတမ်းအတွက် အလေ့လာခံ နာမည်များကို ကျောက်စာ၊ မင်စာ၊ ဖြတ်ထုံး၊ ကြေးအုတ် . . . စသည် ရှေးစာအဖုံဖုံမှ လည်းကောင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း . . . စသည် စာပေအမျိုးမျိုး၊ မီဒီယာအသီးသီးနှင့် လူမှုနယ်ပယ်အရပ်ရပ်တို့မှ လည်းကောင်း ရယူလေ့လာပါသည်။

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ဤသုတေသနစာတမ်းသည် ရှေးရှေးပညာရှင်ကြီးများ လမ်းပြခဲ့သော သုတေသနကို ချဲ့ထွင်ကာ အချိန်ကာလတစ်ခုအတွင်း ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် အားထုတ် စူးစမ်းလေ့လာထားသော စာတမ်းဖြစ်ပါသည်။

## ၁။ နာမည်စကားလုံးဖွဲ့ပုံ

ဘာသာဗေဒသဘောအရ **စကားလုံးဖွဲ့ပုံ** [၁] တွင် **စကားလုံးရုပ်ပြောင်းခြင်း** [၂] ၊ **စကားလုံးပွားခြင်း** [၃] နှင့် **စကားပေါင်းဖွဲ့ခြင်း** [၄] ဟူ၍ သုံးမျိုးရှိသည်။ ဘာသာစကားများတွင် စကားလုံးဖွဲ့ပုံ သုံးမျိုး ရှိသော်လည်း ဘာသာစကားကိုလိုက်၍ သုံးမျိုးလုံးသော်လည်းကောင်း၊ တစ်မျိုး နှစ်မျိုး သော်လည်းကောင်း ရှိနိုင်သည်။ ရှိရာတွင်လည်း အနည်းအများ ကွဲပြားနိုင်သည်။ ယေဘုယျအားဖြင့် **စကားလုံးရုပ်ပြောင်းခြင်း** နှင့် **စကားလုံးပွားခြင်း** သည် ဘာသာစကားပေါ် မူတည်၍ ကွဲပြားသည်။ **စကားပေါင်းဖွဲ့ခြင်း** ကမူ မည်သည့်ဘာသာစကားတွင်မဆို ရှိနိုင်သည်။

မြန်မာလူနာမည်များ စကားလုံးဖွဲ့ပုံမှာ

(၁) စကားလုံးပွားခြင်း နှင့်

(၂) စကားပေါင်းဖွဲ့ခြင်း

တို့သည် ထင်ရှားသည်။

## ၂။ နာမည်စကားလုံးပွားခြင်း

**စကားလုံးပွားခြင်း** သည် **အရင်းခံစကားလုံး** ကို မူတည်၍ စကားလုံးအသစ်ပွားခြင်း ဖြစ်သည်။ စကားလုံးပွားခြင်း အမျိုးမျိုးကို အောက်ပါအတိုင်း သိနိုင်သည်။

---

[၁] morphology

[၂] inflection

[၃] derivation

[၄] compounding




စကားလုံးပွားခြင်း သုံးမျိုး ဖြစ်သော အဆက်ကပ်ခြင်း၊ ထပ်ကျော့ခြင်းနှင့် ဃောသသံပြုခြင်း လက္ခဏာမှာ မြန်မာနာမည်များတွင် ထင်ရှားသည်။ ထပ်ကျော့ရာတွင် နှစ်ထပ်ပြုခြင်းနှင့် ချဲ့ထွင်ခြင်း လက္ခဏာမှာ ထင်ရှားသည်။ မြည်သံစွဲနှစ်ထပ်ပြုခြင်း လက္ခဏာလည်း ရှိသည်။ ချဲ့ထွင်ခြင်းတွင်လည်း ကာရန်လိုက်ခြင်းနှင့် ဗျည်းတူလိုက်ခြင်း နှစ်မျိုးစလုံးကို မြန်မာလူနာမည်များ ဖွဲ့ရာတွင် သုံးသည်။

## ၂။၁။ **အဆက်ကပခြင်း**

မြန်မာဘာသာစကားတွင် အရင်းခံစကားလုံးကို မူတည်၍ အဆက်ကပ်ခြင်း သို့မဟုတ် အဆက်ပစ္စည်းကပ်ခြင်းဖြင့် စကားလုံးအသစ် ပွားနိုင်သည်။ တစ်နည်း

[၁] affixation
[၂] repitation
[၃] voicing
[၄] reduplication
[၅] elaboration
[၆] imitation
[၇] rhyme
[၈] chime

အားဖြင့် **မူရင်းစကားလုံး**၊ **စကားရိုး**[၁] များကို အဆက်ကပ်ခြင်းဖြင့် စကားလုံးအသစ် ပွားယူခြင်း ဖြစ်သည်။

စကားပွားတွင် ရောသည့်လက္ခဏာ တစ်ခုတည်းရှိသည် မဟုတ်ပါ။ စကားလုံးပွားရာတွင် အဆက်ပစ္စည်းများ ရောသည့်လက္ခဏာ သာမက အခြား လက္ခဏာများလည်းရှိ၍ အရင်းခံစကားလုံးမှ ပွားလာသည့် စကားပွားဟု ခေါ်ခြင်းက ခြုံမိပါသည်။

အဆက်ကပ်ခြင်းတွင် **ရှေ့ဆက်**[၂]၊ **ကြားဆက်**[၃]၊ **နောက်ဆက်**[၄] ကပ်ခြင်း ဟူ၍ ဟူ၍ ရှိသည်။ ရှေ့ဆက်၊ နောက်ဆက်က ထင်ရှားပြီး ကြားဆက်သည် မထင်ရှားပါ။ အနည်းငယ်သာ ရှိသည်။ မြန်မာလူနာမည်များကို ရှေ့ဆက် **အ** ကပ်ခြင်းသည် ထင်ရှားသည်။

သာဓက–

| အ | + | ကြိယာ | | |
|---|---|---|---|---|
| အ | + | လှ | = | အလှ |
| အ | + | ကြည် | = | အကြည် |
| အ | + | နွဲ့ | = | အနွဲ့ |
| အ | + | ငြိမ်း | = | အငြိမ်း |

| အ | + | နာမ် | | |
|---|---|---|---|---|
| အ | + | မြ | = | အမြ |
| အ | + | နွယ် | = | အနွယ် |
| အ | + | ဦး | = | အဦး |
| အ | + | စိန် | = | အစိန် |

[၁] simple word

[၂] prefix

[၃] infix

[၄] suffix

ကြိယာရှေ့တွင်လည်းကောင်း၊ နာမ်ရှေ့တွင်လည်းကောင်း ရှေ့ဆက် **အ** ကို ကပ်၍ နာမည်ခေါ်တတ်ကြသည်။ နာမည်ရင်းကို လည်းကောင်း၊ နာမည်ရင်းကို အဖျားဆွတ်၍ လည်းကောင်း **အ** ကပ်၍ နာမည်ခေါ်ခြင်း ဖြစ်သည်။

ကြိယာ၊ နာမ် တို့နှင့် ရှေ့ဆက်ပြုထားသော **အ** ကိုမှ ခွာလိုက်ပါကလည်း ကျန် ကြိယာ၊ နာမ်တို့သည် နာမည်အဖြစ် သီးခြားရပ်တည်နေနိုင်ကြသည်။ **လှ၊ ကြည်၊ နွဲ့၊ ငြိမ်း** ဟုလည်းကောင်း၊ **မြ၊ နွယ်၊ ဦး၊ စိန်** ဟုလည်းကောင်း ကြိယာ၊ နာမ်တို့ သီးခြားစီ ရပ်တည်နေနိုင်ကြသည်။

**အသား၊ အသံ၊ အရွက်၊ အနံ့။** ထိုနာမ်များနှင့်မှည့်သောနာမည်များရှိပါက **အ** ရှေ့ဆက်ကို ခွာလိုက်၊ ဖယ်လိုက်လျှင် နောက်ကကျန်ခဲ့သော စကားလုံး နာမ်၊ နာမည်များသည် မိမိဘာသာ မရပ်တည်နိုင်တော့ပါ။ မိမိဘာသာ မရပ်တည်နိုင်သော နာမ်၊ **ရုပ်မှီး**[၁] **နာမ်** များ ရှိသည်။

**အရိုင်း၊ အငဲ၊ အရိပ်၊ အရိန်** ကဲ့သို့ ရုပ်မှီးနာမ် နာမည်များ ရှိသည်ကို သိနိုင်ပါသည်။

မြန်မာဘာသာစကားတွင် မိမိဘာသာ မရပ်တည်နိုင်သော နာမ်၊ ရုပ်မှီးနာမ် များရှိသည်ဟု ဘာသာစကားပညာရှင် **မင်းလတ်**[၂] က အစောဆုံး မိန့်ဆိုခဲ့ပါသည်။ **မင်းလတ်၏သဒ္ဒါစာအုပ်များ**[၃] တွင် လေ့လာနိုင်ပါသည်။

ထို့ပြင် မြန်မာလူနာမည်များတွင် နောက်ဆက် ကပ်ခြင်းသည်လည်း ထင်ရှားပါသည်။

သာဓက–

| နာမည်ရှေ့ဆက် | + ကြိယာ | + နောက်ဆက် | |
|---|---|---|---|
| အို | + ချတ် | + ဖွယ် | = အိုချတ်ဖွယ်–အိုချစ်ဖွယ်[၄] |
| | + သနာ | + ဖွယ် | = သနာဖွယ်–သနားဖွယ်[၅] |
| င | + သန် | + ရာ | = ငသန်ရာ–ငသန့်ရာ[၆] |

[၁] bound morpheme

[၂] Minn Latt

[၃] Reports on the study of Burmese Grammar 1, 2, 3.

[၄] ပုံ ၅ဝ၊ ၁၅။

[၅] ပုံ ၁၈၄၊ ၈။

[၆] ပုံ ၇၈ က၊ ဖြ။

| | | | |
|---|---|---|---|
| အို | + ချတ် | + ရာ | = အိုချတ်ရာ–အိုချစ်ရာ[၁] |
| | + နှစ်သိ | + ရာ | = နှစ်သိရာ[၂] |
| | + မသိ | + သလော | = မသိသလော[၃] |

အထက်ပါသာဓကများမှာ ပုဂံခေတ် လူနာမည်များ ဖြစ်ပါသည်။ နာမ်နောက်ဆက် သာမက ကြိယာနောက်ဆက် **သလော** ကိုသုံး၍ နာမည်မှည့်ခြင်းကိုလည်း ထူးထူး ခြားခြား တွေ့နိုင်ပါသည်။ ထို့ပြင် **မသိသလောငချေး**[၄] ဟူ၍ **ကြိယာ + နောက်ဆက် + နာမည်ရှေ့ဆက် + နာမ်** ဟူသော ထူးခြားလှသည့် နာမည်ဖွဲ့စည်းပုံမျိုးကိုလည်း ပုဂံခေတ်တွင် ရှားရှားပါးပါး တွေ့နိုင်ပါသည်။

ယခုခေတ်တွင် ယင်းသို့ နောက်ဆက်ပါ နာမည်ဖွဲ့စည်းပုံမျိုး ရှားလာသော် လည်း **ချစ်စရာ** ဟူသော နာမည်မျိုးကို တွေ့နိုင်ပါသည်။ ထို့ပြင် ကြိယာ နောက်ဆက် **တယ်** တွဲ၍ **ရှက်တယ်** ဟူသော နာမည်မျိုးကိုလည်း ဟာသ သရုပ်ဆောင်တစ်ဦး နာမည်အဖြစ် အလွန်ရှားပါးစွာ တွေ့ရပါသေးသည်။

## ၂၊၂။ ထပ်ကျော့ခြင်း

ထပ်ကျော့ခြင်းတွင် ကျော့ပုံကျော့နည်း သုံးမျိုးခန့် ရှိသည်။

(၁) နှစ်ထပ်ပြုခြင်း

(၂) ချဲ့ထွင်ခြင်း

(၃) မြည်သံစွဲနှစ်ထပ်ပြုခြင်း

တို့ဖြစ်သည်။ နှစ်ထပ်ပြုခြင်းသည် အသုံးအများဆုံး ဖြစ်သည်။

### ၂၊၂၊၁။ နှစ်ထပ်ပြုခြင်း

---

[၁] ပုံ ၄၁၁၊ ၂။

[၂] ပုံ ၁၃၊ ၄။

[၃] ပုံ ၂၁၆၊ ၄၃။

[၄] ပုံ ၂၁၆၊ ၄၈။

စကားလုံးများကို နှစ်ထပ်ပြုလိုက်သည့်အတွက် စကားလုံးများ ပွားသွားသည်။ များသောအားဖြင့် တန်ဖိုးအထူးဖြစ်ခြင်း များသည်။ နှစ်ထပ်ပြုခြင်းဖြင့် တန်ဖိုးတိုးသည်။

သာဓက– **မြန်မြန်၊ နေးနေး၊ နီနီ၊ ဝါဝါ။**

မြန်မာလူနာမည်များတွင် နှစ်ထပ်ပြုခြင်းကို တွင်တွင်ကျယ်ကျယ် သုံးသည်။ နှစ်ထပ်ပြုခြင်းဖြင့် ပို၍အသံသာပြီး ခေါ်ရကြားရသူမှာ နှစ်လိုစဖွယ် ဖြစ်သည်။ ကြိယာကို နှစ်ထပ်ပြုခြင်း ရှိသကဲ့သို့ နာမ်ကို နှစ်ထပ်ပြုခြင်းလည်း ရှိသည်။ ကိုလိုနီခေတ်ကတည်းကပင် နှစ်ထပ်ပြုခြင်း ခေတ်စားခဲ့သည်ဟု ဆိုနိုင်သည်။ ကိုလိုနီခေတ်က ရွှေတိဂုံဘုရား ကြေးအုတ်ကမ္ပည်းများတွင် အောက်ပါအတိုင်း ထင်ထင်ရှားရှား တွေ့နိုင်သည်။ အမျိုးသမီးအမည်များတွင် အများဆုံးနှစ်ထပ်ပြုလေ့ ရှိသည်။

သာဓက–

ကျား – "မောင်မောင်၊ ဦးမောင်မောင်" [၁]

မ – "မယ်ညိုညို၊ တုပ်တုပ်၊ မတုပ်တုပ်၊ နှင်းနှင်း၊ ပပ၊ မဘီဘီ၊ မမ၊ မိမိ၊ မယ်မယ်၊ မလေးလေး၊ မသေးသေး" [၂]

## ၂၊၂၊၂။ ချဲ့ထွင်ခြင်း

မူလရှိသည်ကို ပို၍ပြည့်ပြည့်စုံစုံဖြစ်စေရန် ချဲ့လိုက်ခြင်း ဖြစ်သည်။ အရင်းခံစကားလုံးကို ချဲ့၍သုံးသော အသုံးဖြစ်သည်။ မြန်မာစကားလုံးဖွဲ့ရာတွင် နည်းနှစ်နည်းဖြင့် ချဲ့သည်ဟု ပညာရှင်များက ဆိုကြသည်။ ထိုနှစ်နည်းမှာ ကာရန်လိုက်ခြင်းနှင့် ဗျည်းတူလိုက်ခြင်းတို့ ဖြစ်သည်။

## ၂၊၂၊၂၊၁။ ကာရန်လိုက်ခြင်း

ကာရန်လိုက်ခြင်းဆိုသည်မှာ အရင်းခံစကားလုံး၏နောက်တွင် ထိုစကားလုံး၏ ကာရန်အတိုင်း လိုက်၍ စကားလုံးပွားခြင်း ဖြစ်သည်။ မြန်မာနာမည်ဖွဲ့စည်းပုံတွင် ကာရန်လိုက်ခြင်းများစွာ ထင်ရှားသည်။ ပုဂံခေတ်ကတည်းကပင် အောက်ပါအတိုင်း တွေ့နိုင်သည်။

---

[၁] ကြန်၊ ဒေါ်နှင့်ရီရီ၊ ဒေါက်တာ၊ ၂၀၀၇၊ ၈၂။

[၂] ကြန်၊ ဒေါ်နှင့်ရီရီ၊ ဒေါက်တာ၊ ၂၀၀၇၊ ၂၂၇–၂၅၆။

သာဓက –

ကျား – **သောယာ**[၁]**၊ လေက်တက်**[၂]**၊ လေည်တည်**[၃]**။**

မ – **အိုပွင်သင်**[၄]**၊ အိုမယ်ငယ်**[၅]**။**

ပင်းယခေတ်တွင်လည်း အောက်ပါအတိုင်း တွေ့နိုင်သည်။

သာဓက –

ကျား – **ငပေါင်လောင်**[၆]**၊ ငမြောင်တောင်**[၇]**၊ သောယာ**[၈]**၊ ငပွင်သင်**[၉]**၊ ငမောင်စောင်**[၁၀]**၊ ငမျင်ခင်**[၁၁]**။**

မ – **အိုသာယာ**[၁၂]**၊ မူတူ**[၁၃]**၊ အိုလက်တက်**[၁၄]**။**

ကိုလိုနီခေတ်တွင်လည်း ကာရန်လိုက်နာမည်များ ခေတ်စားသည်ကို ရွှေတိဂုံဘုရား ကြေးအုတ်များတွင် အောက်ပါအတိုင်း တွေ့နိုင်သည်။

သာဓက–

ကျား – **ဦးအာကာ၊ ကိုသာယာ၊ ကိုဘာဝါ၊ ကိုမာလာ၊ ဦးလူသူ။**

မ – **ပိုမို၊ ပုပ်စုပ်၊ မပေါဝေါ၊ မလုံးတုံး။**

ယနေ့ခေတ်တွင်ကား အလွန်ပိုမိုခေတ်စားလာသည်ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်။

သာဓက –

---

[၁] ပုံ ၇၅ က၊ ၁၁။
[၂] ပုံ ၁၈၂ က၊ ၅။
[၃] ပုံ ၁၈၁၊ ၂၀။
[၄] ပုံ ၄၇၆၊ ၁၅–၁၆။
[၅] ပုံ ၇၄၊ ၄၀။
[၆] ပုံ ၄၆၁ ခ၊ ၆။
[၇] ပုံ ၃၉၀၊ ၃၉။
[၈] ပုံ ၃၉၂၊ ၁၃။
[၉] ပုံ ၄၄၇၊ ၁၀။
[၁၀] ပုံ ၄၄၂ က၊ ၁၀။
[၁၁] ပုံ ၂၁၂၊ ၂။
[၁၂] ပုံ ၃၉၁၊ ၂။
[၁၃] ပုံ ၄၀၆ က၊ ၆။
[၁၄] ပုံ ၄၃၈ က၊ ၈။

ကျား – **မောင်ခင်မင်၊ ကိုရာဇာ၊ တာရာ၊ စိုးမိုး။**

မ – **မာလာ၊ နွေးထွေးထွေး၊ မအေးလေး၊ မပိုမို။**

### ၂၊၂၊၂၊၂။ ဗျည်းတူလိုက်ခြင်း

ဗျည်းတူလိုက်ခြင်းဆိုသည်မှာ ရှေ့ကစကားလုံးနှင့် နောက်ကလိုက်သည့် စကားလုံးတို့သည် ဗျည်းတူရမည်။ အရင်းခံကျသည့် စကားလုံးများကို အစားထိုး၍ ရသည်။ အရင်းခံမကျသည့် စကားလုံးများကို အစားထိုး၍ မရပါ။

သာဓက – **နက်နဲ၊ ညက်ညော၊ တွေးတော၊ လိုလား။**

မြန်မာနာမည်စကားလုံးဖွဲ့ရာတွင် ဗျည်းတူလိုက်ခြင်းသည် အလွန်အရေးပါသည်။ ရှေ့က စကားလုံးကို ဗျည်းတူလိုက်၍ နာမည်ဖွဲ့တတ်ကြသည်။ ဗျည်းတူလိုက်နှစ်သံဖွဲ့နာမည်များ သာမက ယင်းနှင့်ဆက်၍ အခြားစကားလုံးများ ဆက်ထည့်ပြီး နာမည်ရှည်ရှည် ဖွဲ့လေ့ရှိကြသည်။ ဆက်ထည့်သော စကားလုံးများသည် ပါဠိ၊ ပါဠိသက် စကားလုံးများ အများဆုံး ဖြစ်တတ်သည်။

ပုဂံခေတ်က **သေီးသင်**[၁] ဟူသော နာမည်မျိုး တွေ့ရသည်။ ပင်းယခေတ်တွင် ပို၍ မှည့်လေ့ရှိသည်ကို တွေ့ရသည်။

သာဓက –

ကျား – **ကေုံကယ်**[၂]၊ **သေုတ်သင်**[၃]၊ **သေံသင်**[၄]၊ **တေုန်းတာ**[၅]၊ **ပြေင်ပု**[၆]၊ **ပြေင်ပု**[၆]၊ **ပြေည့်ပုံ**[၇]။

မ – **အိုမွန်မိ**[၈]၊ **အိုခွေးချေး**[၉]၊ **အိုချစ်ခင်**[၁၀]၊ **အိုတင်းတိမ်**[၁]၊ **မတောင့်တ**[၂]။

**မတောင့်တ**[၂]။

---

[၁] ပုံ ၂၀၇၊ ၇။
[၂] ပုံ ၃၉၂၊ ၂၉။
[၃] ပုံ ၂၁၂၊ ၃၁။
[၄] ပုံ ၄၀၂ က၊ ၆။
[၅] ပုံ ၃၉၂၊ ၁၃။
[၆] ပုံ ၄၀၀ က၊ ၁၃။
[၇] ပုံ ၄၀၈၊ ၈။
[၈] ပုံ ၂၉၄၊ ၃၄။
[၉] ပုံ ၄၅၂ က၊ ၈။
[၁၀] ပုံ ၄၁၁၊ ၂၈–၂၉။

အင်းဝခေတ်တွင်လည်း များစွာတွေ့ရသည်။

သာဓက –

ကျား – **တေင့်တယ်**[၃]၊ **စေည်းစိမ်**[၄]၊ **ချေစ်ခင်**[၅]။

မ – **အိုချစ်ခင်**[၆]၊ **မောင်းမ**[၇]၊ **မကြောင့်ကြ**[၈]။

တောင်ငူခေတ်တွင် **တေုံးတာ** [၉] ဟူသော ပင်းယခေတ်က နာမည်မျိုး ဆက်လက်မှည့်တတ်ကြသည်။

ကိုလိုနီခေတ်တွင် ဗျည်းတူလိုက်နှစ်သံဖွဲ့နာမည်များ အလွန်ခေတ်စားသည်။ ရွှေတိဂုံစေတီတော်ကြီးရှိ ကြေးအုတ်ကမ္ပည်းများတွင် များစွာတွေ့ရသည်။

သာဓက –

ကျား – **ကိုကောက်ကို၊ ကိုကံကြီး၊ ကျားကြီး၊ ကျိုတ်ကြီး၊ ကြာကြီး၊ မောင်ကြောင်ကြီး၊ ကျွဲကြီး၊ ကိုစစ်စာ၊ မောင်တာတီး၊ ကိုတာတော၊ မောင်တာတော၊ ကိုတက်တူ၊ ကိုတက်တိုး၊ ကိုတောက်တဲ့၊ မောင်တင့်တယ်၊ တုတ်တော၊ မောင်တုံတောင်၊ ဦးပေါက်ပေါက်၊ ကိုပျော်ပုံ၊ ဦးပြောင်းပင်၊ မောင်ပြောင်းပြောင်၊ မောင်ဖိုးဖေ၊ ဖိုးဖဲ၊ ဦးဖန်းဖြူ၊ မောင်ဘဘိုး၊ ကိုမြတ်မင်း၊ မောင်မြတ်မောင်၊ ကိုမြတ်မွေး၊ ရောက်ရား၊ ကိုရန်ရှင်း၊ ရန်ရွှန်း၊ ကိုရွှေရ၊ ကိုရွှေရီ၊ မောင်ရွှေရေ၊ ကိုရွှေရေး၊ ကိုရွှေရိုး၊ ကိုရွှေရောက်၊ ကိုရွှေရင်၊ ကိုရွှေရင်း၊ ကိုရွှေရစ်၊ ကိုရွှေရည်၊ ကိုရွှေရိတ်၊ ကိုရွှေရန်၊ ကိုရွှေရပ်၊ မောင်ရွှေရိပ်၊ ကိုရွှေရုံ၊ ကိုရွှေရွဲ၊ ကိုရွှေရူ၊ ကိုလူလေး၊ မောင်လူလှ၊ ကိုသာသန်း၊ မောင်သံသာ။**

---

[၁] ပုံ ၄၅၁၊ ၃၀။
[၂] ပုံ ၄၀၈၊ ၇။
[၃] နန်းတွင်းကျောက်တိုင်အမှတ် ၇၈၊ ၇–၈။
[၄] မန္တလေးနန်းတွင်းရုံအမှတ် ၃၄၃၊ ၉။
[၅] ပုံ ၃၉၁၊ ၅။
[၆] ပုံ ၃၉၃၊ ၁၆။
[၇] ပုံ ၃၉၁၊ ၁။
[၈] ပုံ ၃၉၁၊ ၄။
[၉] မှန်နန်း၊ ၄၀၀။

မ – **မယ်ကန့်ကော်၊ မကျေးကျုတ်၊ မကွန်ကျောင်၊ မခွေးချီ၊ မစစ်စီ၊ မတက်တူ၊ မတုတ်တို၊ မတုပ်တုပ်၊ နွယ်နု၊ နှင်းနု၊ နှင်းနွယ်၊ မနှင်းနှင်း၊ ပန်းပွင့်၊ မမဲမ၊ မမဲမှုံ၊ မမင်းမိ၊ မင်းမြ၊ မမင်းမော်၊ မိုင်မို၊ မမိန်းမ၊ မုံမုံး၊ မမွေးမိ၊ မမွေးမယ်၊ မမွေးမ၊ မယ်မွေးမိ၊ မရွှေရေး၊ မရွှေရင်၊ မရွှေရောင်၊ မရွှေရိတ်၊ မရွှေရိပ်၊ ရွှေရုပ်၊ မရွှေရွက်၊ မယ်လုံလေး၊ မမမေ။**

## ၂၂၃။ မြည်သံစွဲနှစ်ထပ်ပြုခြင်း

စကားလုံးဖွဲ့ပုံတွင် ထပ်ကျေ့ခြင်း၏ နည်းတစ်နည်းမှာ မြည်သံစွဲနှစ်ထပ်တူ ပြုခြင်း ဖြစ်သည်။ မြည်သံစွဲတွင် အသံတစ်ခုတည်းကို မြည်သံစွဲသည်။ သို့သော် ဘာသာစကားထဲတွင် ထိုမြည်သံစွဲကို နှစ်ထပ်ပြု၍၊ ထပ်ကျေ့၍၊ ချဲ့ထွင်၍ အသံတူ ဖန်တီးထားခြင်း ဖြစ်သည်။ အသံထပ်သည့် မြည်သံစွဲကို အခြေခံ၍ အသံတူပြုခြင်း ဖြစ်သည်။

သာဓက – **ရှဲရှဲရှဲရှဲ၊ ဂျိုင်းဂျိုင်း၊ ဂျိမ်းဂျိမ်း၊ တဝုတ်ဝုတ်၊ တဒိုင်းဒိုင်း၊ တဂျိမ်းဂျိမ်း။**

မြန်မာလူနာမည်ဖွဲ့ပုံတွင် မြည်သံစွဲနှစ်ထပ်ပြုသည့် နာမည်ဖွဲ့ပုံမျိုး ရှိသည်။

ကျား – **ကူးကူး၊ ဂူးဂူး၊ ညောင်ညောင်။**

မ – **ပန်ပန်၊ ဖူးဖူး၊ ဘုတ်ဘုတ်။**

မြည်သံစွဲနှစ်ထပ်ပြုသည့် နာမည်ဖွဲ့ပုံများသည် များသောအားဖြင့် ချစ်စနိုးနာမည်၊ ငယ်နာမည် ဖွဲ့ပုံများတွင် တွေ့ရပါသည်။ ထိုနာမည်များဖြင့်ပင် အောင်မြင်သော အနုပညာရှင်ဖြစ်ကြသူများ လည်းရှိပါသည်။

## ၂၃။ ဃောသသံပြုခြင်း

အဃောသသံကို ဃောသသံပြုခြင်းအားဖြင့် စကားလုံးပွားခြင်းမျိုး ဖြစ်သည်။ မြန်မာဘာသာစကား၏သဘောမှာ သံညင်းကို သံပြင်းဖြစ်အောင် ဃောသသံပြု ရာတွင် များသောအားဖြင့် သံညင်း(ကြိယာ)သည် သံပြင်း(နာမ်) ဖြစ်သွားသည်။

သာဓက –

| **အဃောသသံ(သံညင်း)–ကြိယာ** | **ဃောသသံ(သံပြင်း)–နာမ်** |
|---|---|
| ကော် | ဂေါ် |

| | |
|---|---|
| ခွိ | ငွိ |
| ခွေ | ငွေ |
| ဆက် | ဇက် |
| ဖိ | ဘိ |
| ထောက် | ဒေါက် |
| ချိုင့် | ဂျိုင့် |
| စွဲ | ဇွဲ |

အရင်းခံအားဖြင့် ကြိယာစကားလုံးသည် သံညင်း ဖြစ်သည်။ သံညင်းမှ သံပြင်း ပြောင်းသည့်အခါ ဝါစင်္ကပြောင်းပြီး အဓိပ္ပာယ် အချင်းချင်း ဆက်စပ်နေသည်။ ထို့ကြောင့် ထိုစကားလုံးမျိုးမှာ စကားရော ဟုမဆိုနိုင်ဘဲ စကားပွားဟု ဆိုရပေမည်။

မြန်မာလူနာမည်များဖွဲ့ဆိုရာတွင် အဃောသသံကို ဃောသသံပြု၍ နာမည် စကားလုံးများ ပွားများဖွဲ့ဆိုပုံကို တွေ့နိုင်သည်။ ရွှေတိဂုံစေတီတော်ကြီး ကြေးအုတ်ကမ္ပည်းများတွင် အောက်ပါအတိုင်း အများအပြားတွေ့နိုင်သည်။

သာဓက–

| | | | |
|---|---|---|---|
| ကျား | – | **ကိုကံ** | **ကိုဂံ** |
| | | **ကိုကွန်း၊ မောင်ကွန်း** | **ဆရာဂွန်း၊ မောင်ဂွမ်း** |
| | | **ငစံ၊ ကိုစံ၊ မောင်စံ၊ ကိုဆံ** | **ကိုဇံ၊ ဦးဇံ** |
| | | **ကိုတော** | **ဦးဒေါ** |
| | | **ကိုထိုက်၊ ဦးထိုက်** | **ကိုဒိုက်** |
| | | **ကိုဖား၊ ငဖား၊ မောင်ဖား** | **ဦးဘား** |
| | | **ကိုပိုး၊ ငပိုး၊ မောင်ပိုး** | **ကိုဘိုး၊ ငဘိုး၊ မောင်ဘိုး၊ ဦးဘိုး** |
| မ | – | **မကောက်** | **မဂေါက်၊ မယ်ဂေါက်** |
| | | **မကုံ** | **မဂုဏ်၊ မယ်ဂုဏ်၊ မဂုံ၊ မယ်ဂုံ** |
| | | **မစာ၊ မိစာ** | **မဇာ** |
| | | **မတာ** | **မဒါ** |
| | | **မထွေး** | **မဒွေး၊ မိဒွေး၊ မယ်ဒွေး** |
| | | **မပိုင်း** | **မဗိုင်း** |

**မပိန်၊ မယ်ပိန် မဗိန်**

အထက်ပါနာမည်များသည် ဃောသသံဖြင့် ဖွဲ့စည်းထားသော နာမည်များ ဖြစ်သည်။ သို့သော် နာမည်စကားလုံးများ၏အနက်အဓိပ္ပာယ်ကို စဉ်းစားသောအခါ အများစုမှာ ဃောသသံဖြင့် အနက်အဓိပ္ပာယ် မပေါ်ပါ။ အရင်းခံဖြစ်သော အဃောသသံတွင်သာ အနက်အဓိပ္ပာယ် ထင်ရှားသည်။ ဃောသသံဖြင့် ဖွဲ့စည်းထားသော်လည်း အရင်းခံဖြစ်သော အဃောသသံနှင့် အဆက်အသွယ်ရှိသည်ဟု ယူဆနိုင်ပါသည်။ ထို့ကြောင့် အဃောသသံ အဓိပ္ပာယ်ကို ဃောသသံဖြင့် ဆိုခြင်း ဖြစ်သည်ဟု ယူဆပါသည်။

ဤနည်းအားဖြင့် မြန်မာလူနာမည် စကားလုံးများကို စကားလုံးပွားခြင်း အမျိုးမျိုးဖြင့် ဖွဲ့စည်းထားပုံကို ဘာသာဗေဒရှုထောင့်က လေ့လာတွေ့ရှိနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာတို့သည် လူနာမည်များကို ပုဂံခေတ်ဦးကာလကတည်းကပင် စနစ်တကျ အဆင့်အတန်းမြင့်မြင့် ဖွဲ့စည်းမှည့်ခေါ်နေတတ်ကြပြီဖြစ်ကြောင်း တွေ့နိုင်သည်။ နာမည်စကားလုံးဖွဲ့ရာတွင် စကားလုံးပွားခြင်းဖြင့် လည်းကောင်း၊ စကားပေါင်းဖွဲ့ခြင်းဖြင့်လည်းကောင်း ဖွဲ့တတ်ကြသည်။ စကားလုံးပွားရာတွင် ရှေ့ဆက်၊ နောက်ဆက် ကပ်၍ ဖွဲ့တတ်ကြသည်။ နှစ်ထပ်ပြုခြင်း၊ ချဲ့ထွင်ခြင်း၊ မြည်သံစွဲနှစ်ထပ်ပြုခြင်းဖြင့်လည်း ထပ်ကျေ့ဖွဲ့စည်းတတ်ကြသည်။ ချဲ့ထွင်ရာတွင် ကာရန်လိုက်ခြင်း၊ ဗျည်းတူ လိုက်ခြင်းဖြင့် ချဲ့ထွင်တတ်ကြသည်။ ထို့ပြင် ဃောသသံပြုခြင်းဖြင့်လည်း စကားလုံး ပွားယူဖွဲ့စည်းနိုင်ကြသည်။

မြန်မာတို့သည် မူလပင်ကိုစကားလုံးကို အဆက်ကပ်ခြင်း၊ ထပ်ကျေ့ခြင်း၊ ဃောသသံပြုခြင်းတို့ဖြင့် စကားလုံး ပွားယူသည်။ ထပ်ကျေ့ရာတွင်လည်း နှစ်ထပ်ပြုခြင်း၊ ချဲ့ထွင်ခြင်း၊ မြည်သံစွဲ နှစ်ထပ်ပြုခြင်းတို့ဖြင့် နာမည်စကားလုံး ပွားယူပြန်သည်။ ချဲ့ထွင်ရာတွင် ကာရန်လိုက်ခြင်း၊ ဗျည်းတူလိုက်ခြင်းတို့ဖြင့် စနစ်တကျ ချဲ့ထွင်သည်။

မြန်မာလူနာမည်စကားလုံးပွားပုံကို ခြုံကြည့်လျှင် နည်းစနစ်များ ထွေပြားသော်လည်း အားလုံး စနစ်တကျ ရှိသည်။ ဖွဲ့စည်းပုံများမှာ ရိုးရှင်းသည်ရှိသကဲ့သို့ ဆန်းကြယ်သည်လည်း ရှိသည်။ ဘာသာစကားသံ ပူးတွဲဖွဲ့စည်းပုံ နည်းပရိယာယ် ကြွယ်ပြီး အဆင့်အတန်းမြင့်မားသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် မြန်မာလူနာမည်

စကားလုံးပွားပုံတွင် မြန်မာတို့၏ ဉာဏ်ရည်ဉာဏ်သွေး ဂုဏ်ရည်များ ထင်ဟပ်နေသည်။

**နိဂုံး**

ဤစာတမ်းကို ရရှိသည့် အချိန်အတိုင်းအတာအတွင်း အပြည့်စုံဆုံးဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ထားပါသော်လည်း ရှေ့ဆက်၍ ဆောင်ရွက်ရမည့် သုတေသနများစွာ ကျန်ရှိနေပါသေးသည်။ ပြည့်စုံသည်ထက် ပိုမိုပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်နေပါသေးသည်။ ယခုစာတမ်းသည် မြန်မာဘာသာစကား၊ မြန်မာ့ယဉ်ကျေးမှု လေ့လာရေးအတွက် အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ကြန်၊ **ဒေါ်**၊ နှင့် ရီရီ၊ **ဒေါက်တာ**။ (၂၀၀၇)။ ***ရွှေတိဂုံစေတီတော်ကြီးမှကြေးအုတ်များ***။ ရန်ကုန်၊ သမိုင်းသုတေသနဦးစီးဌာန။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၁)။ ***တစ်သံ နှစ်သံ သုံးလေးသံ*** ။ ရန်ကုန်၊ ရူပံစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၅ )။ ***သက်တံရောင်စုံဘာသာစကား*** ။ ရန်ကုန်၊ လောကစာပေ။

ခင်အေး၊ **ဒေါက်တာ**။ (၂၀၁၂)။ ***ပါဠိရူအကြိုတန်းပို့ချချက်များ။*** ရန်ကုန်တက္ကသိုလ်၊ မြန်မာဘာသာဌာန။

ခင်အေး၊ **ဒေါက်တာ**၊ နှင့် အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၀)။ ***သုတေသနအခြေခံ သုတေသနပုံစံ***၊ (ဒုကြိမ်)။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၇၂)။ ***ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၈၂)။ ***ရှေးဟောင်းမြန်မာကျောက်စာများ (ဒုတိယတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၈၃)။ ***ရှေးဟောင်းမြန်မာကျောက်စာများ(တတိယတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၉၈)။ ***ရှေးဟောင်းမြန်မာကျောက်စာများ (စတုတ္ထတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၉၈)။ ***ရှေးဟောင်းမြန်မာကျောက်စာများ (ပဉ္စမတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ ***မြန်မာသဒ္ဒါ***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

***မှန်နန်းမဟာရာဇဝင်တော်ကြီး၊ သုံးတွဲပေါင်း***။ (၂၀၀၈)။ ရန်ကုန်၊ သီဟရတနာစာပေ။

သန်းဆွေ၊ **ဒေါ်**။ (၁၉၈၀)။ ***မြန်မာဘာသာစကား မြန်မာကျောက်စာ စာတမ်း ဆောင်းပါး***။ ရန်ကုန်၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန။

ဧမောင်၊ ဦး။ (၁၉၅၈)။ ***ပုဂံကျောက်စာလက်ရွေးစင်***။

### အင်္ဂလိပ်ဘာသာ

Minn Latt. (1962). ***First Report on studies in Burmese Grammar.*** ArOr 30, pp. 49-115.

Minn Latt. (1963). ***Second Report on studies in Burmese Grammar.*** ArOr 31, pp. 230-273.

Minn Latt. (1964). ***Third Report on studies in Burmese Grammar.*** ArOr 32, pp. 265-292.

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# ဒိုင်းနက်လူမျိုးဖြစ်စဉ်သမိုင်းနှင့်ဘာသာစကားမျိုးရိုး

မိုးစံပယ်သင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် တိုင်းရင်းသားလူမျိုးစု တစ်ခုဖြစ်သော ဒိုင်းနက်လူမျိုး၏ ဖြစ်စဉ် သမိုင်းကြောင်းနှင့် ဒိုင်းနက်လူမျိုး ပြောဆိုသော ဘာသာစကားကို မြန်မာသမိုင်း၊ ရခိုင်သမိုင်း၊ ဘာသာစကား အထောက်အထားများဖြင့် လေ့လာ တင်ပြထားပါသည်။ ထိုသို့ လေ့လာရာတွင် ဒိုင်းနက်လူမျိုးသည် အရှေ့သက်များ ဖြစ်ခြင်း၊ ဘာသာစကားသည် အင်ဒို–ဥရောပ မျိုးရိုးဝင် အင်ဒို–အာရီယန် ဘာသာစကား ဖြစ်ခြင်းတို့ကိုပါ စာပေ အထောက်အထား၊ ဘာသာစကား အထောက်အထားများဖြင့် လေ့လာဖော်ထုတ်ထားပါသည်။

**သော့ချက်ဝေါဟာရများ – *သမိုင်းကြောင်း၊ ဘာသာစကားမျိုးရိုး။***

## နိဒါန်း

မြန်မာနိုင်ငံတွင် သုတေသီပညာရှင်များ၏ အဆိုအမိန့်များအရ တိုင်းရင်းသား လူမျိုးစုပေါင်း (၁၃၅)မျိုးခန့် ရှိသည်ဟု သိရသော်လည်း တိုင်းရင်းသား လူမျိုးစု တစ်ချို့၏ သမိုင်းဖြစ်စဉ် အစစ်အမှန်နှင့် ဘာသာစကားမျိုးရိုး၊ ပြောဆိုသည့် ဘာသာ စကားနှင့် စာပေအားလုံးကိုမူ သုတေသနပြု ဖော်ထုတ်နိုင်မှု မရှိသေးပါ။ ထိုအထဲတွင် ဒိုင်းနက်လူမျိုးသည်လည်း တစ်ခု အပါအဝင် ဖြစ်ပါသည်။ ဒိုင်းနက်လူမျိုးသည် ယနေ့တိုင် ရခိုင်ပြည်နယ် အပါအဝင် မြန်မာနိုင်ငံ အနှံ့အပြားတွင် နေထိုင်လျက် ရှိသည့်အပြင် မိမိတို့၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းလျက် ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ ဤစာတမ်းတွင် ဒိုင်းနက် လူမျိုးသည် အရှေ့သက်များဖြစ်ကြောင်း၊ ဒိုင်းနက်လူမျိုးများ ပြောဆိုသော ဘာသာ စကားသည် အင်ဒို–ဥရောပ မျိုးရိုးဝင် အင်ဒို–အာရီယန် ဘာသာစကားဖြစ်ကြောင်း၊ စကားလုံးဖွဲ့မှုအရ ရုပ်ပြောင်း ဝိဘတ်သွယ် ဘာသာစကား ဖြစ်ကြောင်းတို့ကို လေ့လာဖော်ထုတ်ထားပါသည်။ ဒိုင်းနက်လူမျိုးသည် ရခိုင်ပြည်နယ်တွင် နေထိုင်သော ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဝင် လူမျိုးစုတစ်ခု ဖြစ်သော်လည်း ဒိုင်းနက်လူမျိုးများ၏ သမိုင်းဖြစ်စဉ် အစစ်အမှန်၊ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများကိုမူ မြန်မာ နိုင်ငံတွင် ဖော်ထုတ်သုတေသနပြုမှု နည်းပါးပါသည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင် ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုများ ရှိသည့်အပြင် အခြားတိုင်းရင်းသားလူမျိုး များနှင့် ရောယှက်နေထိုင်လာခဲ့ကြသော်လည်း မိမိတို့၏ ဘာသာစကား၊ စာပေ၊

* ဒေါ်၊ နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ယနေ့တိုင် ထိန်းသိမ်းလျက်ရှိကြသည်ကို လေ့လာတွေ့ရပါသည်။

## ၁။ ဒိုင်းနက်လူမျိုး ဖြစ်စဉ်သမိုင်း

မြန်မာနိုင်ငံတွင် လူမျိုး၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု များရှိပြီး သုတေသနပြုမှု အားနည်းသောကြောင့် သမိုင်းကြောင်းမေးမှိန်နေကြသည့် တိုင်းရင်းသားလူမျိုးစု များစွာ ကျန်ရှိနေပါသေးသည်။ ထိုသို့ သမိုင်းကြောင်း မေးမှိန်နေသည့် တိုင်းရင်းသားလူမျိုးများထဲတွင် ရခိုင်မျိုးနွယ်စုဝင် ဒိုင်းနက်လူမျိုးလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဒိုင်းနက်လူမျိုး ဖြစ်စဉ်သမိုင်းကို လေ့လာမည်ဆိုလျှင် သက်လူမျိုး သမိုင်းကို ဦးစွာ လေ့လာဖော်ထုတ်ရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒိုင်းနက်လူမျိုးသည် အရှေ့သက်လူမျိုးမှ ဖြစ်လာခြင်းကြောင့် ဖြစ်ပါသည်။

သက်လူမျိုးနှင့်ပတ်သက်၍ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ် အမိန့်တော်တမ်းကြီး (၅တွဲပေါင်းချုပ်) စာအုပ်တွင်–

> "ရခိုင်ရာဇဝင်နှင့် ဓညဝတီ အရေးတော်ပုံများမှာ မြန်မာကိုပင် အရှေ့သက်ဟု ရေးသည်။ သက် (၃)မျိုး ရှိသည်။ (၁) မြန်မာသက်၊ (၂) ရခိုင်သက်၊ (၃) ရှမ်းသက် ဟူ၍ သုံးမျိုးတည်း။ (၁)ကို အရှေ့သက်၊ (၂)ကို အနောက်သက်ဟု ခေါ်သေးသည်။ (၃)ရှမ်းသက်ကို မြုံသက်ဟု ခေါ်သည်။"[၁]

ထိုသက်(၃)မျိုးတွင် အရှေ့သက်နှင့် အနောက်သက်သည် နေထိုင်ရာဒေသ ကွဲလွဲမှုရှိသော်လည်း ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် မျိုးနွယ်စု တူညီမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် သက်လူမျိုးများသည် သမိုင်းဦးကာလများတွင် ပျူလူမျိုးများနှင့် လည်းကောင်း၊ ခေတ်လယ်ကာလများတွင် မြန်မာလူမျိုး၊ ရခိုင်လူမျိုးများနှင့် လည်းကောင်း၊ ခေတ်နှောင်းပိုင်းကာလများတွင် ရခိုင်လူမျိုးများနှင့် လည်းကောင်း ယှဉ်တွဲနေထိုင်ခဲ့ကြကြောင်း သိရှိရပါသည်။ ဤစာတမ်းတွင် ဒိုင်းနက်လူမျိုးဟု ခေါ်တွင်သည့် အရှေ့သက်လူမျိုးအကြောင်းကိုသာ မြန်မာသမိုင်း၊ ရခိုင်သမိုင်း၊ စာပေအထောက်အထားများ၊ ဘာသာစကား အထောက်အထားများဖြင့် လေ့လာဖော်ထုတ်သွားမည်ဖြစ်ပါသည်။

---

[၁] တင်၊ ဦး၊ ၂၀၁၂၊ ၁၆၀။

## ၁၊၁။ မြန်မာသမိုင်းတွင် တွေ့ရှိရသည့် သက်လူမျိုးများ

သက္ကရာဇ်–၁၆ခု အရောက်တွင် ပျူနှင့် ကမ်းယံစစ်ဖြစ်ကြရာတွင် ပျူလူမျိုးသည် ပညာဖြင့်ကြံ၍ ကမ်းယံကို အနိုင်ရခဲ့ပါသည်။ ၎င်းကို–"ကမ်းယံပြေးလေပြီးသော် ပျူအချင်းချင်း စစ်ဖြစ်ကြပြန်၍ သုံးစုကွဲပြန်၏၊ တစ်စုကို ကျပင်းတို့ ယူလေ၏၊ တစ်စုကို သက်တို့ ယူလေ၏၊ တစ်စုကား တောင်ညိုဟူသော အရပ်ကို ပြည်တည်ထောင်၍ နေလေ၏၊"ဟု ရေးသားဖော်ပြထားသည်ကို မှန်နန်းမဟာရာဇဝင်ကြီး (ပထမတွဲ) စာမျက်နှာ (၁၈၆–၁၈၇)တွင် တွေ့ရပါသည်။ ထို့ပြင် ရေးခေတ် မြန်မာ့တပ်မတော် မှတ်စုများ စာအုပ်တွင်–

> "မြန်မာဟူသော လူမျိုးတစ်မျိုး မပေါ်ထွန်းသေးမီ ကာလ၌ မြန်မာပြည်တွင် ပျူ၊ ကမ်းယံ၊ သက် --- ဟူသော လူမျိုးစုတို့ နေထိုင်ကြကြောင်း မြန်မာရာဇဝင်များတွင် လူတိုင်းဖတ်မိပြီးသား ဖြစ်ပေမည်။"[၁]

ဤဖော်ပြချက်အရ သမိုင်းဦးကာလများတွင် သက်လူမျိုးသည် ပျူလူမျိုးနှင့် ယှဉ်တွဲ နေထိုင်ခဲ့ကြကြောင်း သိနိုင်ပါသည်။ သို့သော် ဤသက်လူမျိုးသည် အရှေ့သက် ဟုတ်မဟုတ် အတည်ပြုနိုင်ခြင်း မရှိသေးပါ။

### ၁၊၁၊၁။ ပုဂံခေတ် အရှေ့သက်လူမျိုးများ

ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်တွင် လက်အောက်ခံမြို့နယ်များ ပုန်ကန်ကြရာ မစ္ဆဂီရိ သက်လူမျိုးများလည်း ပုန်ကန်ခဲ့ကြပါသည်။ ထိုအခါ သရေပစ္စပတေ့ကို မစ္ဆဂီရိသို့ ချီစေရာတွင် ညဉ့်တွင် တပ်စခန်းချ ရပ်နားကြရာ မစ္ဆဂီရိတပ်များ တိတ်တဆိတ် ချီတက်လာကြပြီး သရေပစ္စပတေ့တပ်ကို ဝိုင်းကာ ပါလာသောဒိုင်းကို တုတ်ဖြင့် တစ်ပြိုင်နက်တည်း တီးခေါက်အော်ဟစ်ခဲ့ကြပါသည်။ ထိုအသံကြောင့် တစ်တောလုံး ထိတ်လန့်တုန်လှုပ်ကာ ထွက်ပြေးခဲ့ကြပါသည်။ ဒုတိယအကြိမ် တိုက်သည့်အခါမှ မစ္ဆဂီရိကို သြဇာညောင်းခဲ့ပါသည်။ မစ္ဆဂီရိသည် သက်လူမျိုးများ နေထိုင်ရာ မြို့တော် ဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ရေးခေတ် မြန်မာ့တပ်မတော်မှတ်စုများစာအုပ်တွင်–

---

[၁] ဘုန်းကျော်၊ နတ်မောက်၊ ၁၉၆၇၊ ၇။

> "ဒိုင်းချောက်၍ စစ်ပျက်ရသောအဖြစ်မှာ ပုဂံခေတ် နရသီဟပတေ့ လက်ထက်တွင် ဖြစ်ပျက်ခဲ့ကြောင်း၊ ရာဇသင်္ကြံ အတ္တုပ္ပတ္တိတွင် ဆိုထားလေသည်။"[၁]

ယင်းစာအုပ်၌ပင်–

> "အထက်ပါ အတ္တုပ္ပတ္တိလာ အဆိုမှာ ရာဇဝင်ကြီးများ၌ ဒိုင်းချောက်ခံရသည် ဟူ၍ တိုက်ရိုက် မလာသော်လည်း ဖြစ်နိုင်ကောင်းသော ကိစ္စပင်ဟု ယုံမှတ်ရန် သင့်သောကြောင့် ဖော်ပြရပေသည်။"[၂]

"ဒိုင်းချောက်" ခံရသည်ဟု ဖော်ပြချက်အရ ပုဂံခေတ်ကတည်းက သက်လူမျိုးများသည် မိမိတို့ ကျွမ်းကျင်သော ဒိုင်းလက်နက်များကို စစ်တိုက်ရာတွင် အသုံးပြုခဲ့ကြကြောင်း သိနိုင်ပါသည်။ ထိုပြင် မဟာရာဇဝင်ကြီးတွင်လည်း–

> "သရေပစ္စပတေ့ ချီရာမှာလည်း မစ္ဆဂီရိသို့ မရောက်ခင်တွင် အကွပ်အညှပ် အစီအမံ ပေါ့လျော့ချေ၍ ညဉ့်၌ လန့်ရာတွင် မဆီးမတားနိုင် ထောင်းထောင်းပျက်၍ ပြေးလာသည်ကို ..."[၃]

မှန်နန်းမဟာရာဇဝင်ကြီးပါ ဖော်ပြချက်နှင့် တူညီပါသည်။ ဒိုင်းချောက်သံကြောင့် လန့်ပြေးလာရသည့် အဖြစ်မှာ ထင်ရှားပါသည်။ တစ်ဖန် ရာဇသင်္ကြံ စာအုပ်တွင်–

> "မစ္ဆဂီရိသို့ ချီတက်ရာမှ လွန်ခဲ့သော တစ်ရက်နှစ်ရက်ကပင် တကွဲတပြားစီ တပ်ပျက် ရောက်ရှိလာကြသော သရေပစ္စပတေ့၏ တပ်မတော်ကြီးမှာ အချို့အဝက်သော တပ်သားများဖြစ်ကြောင်း သိရလျှင် အမတ်ကြီး ရာဇသင်္ကြံမှာ အထူးပင် အံ့ဩသွားလေသတည်း။"[၄]

ယင်းစာအုပ်၌ပင်–

> "အို ... သည်လိုပဲ ဘယ်ဟုတ်ပမလဲ အဆွေတော်ရဲ့၊ သေကံမရောက် သက်မပျောက်သည်ပင် နိုင်ငံတော်တွင် တစ်နေ့

---

[၁] ဘုန်းကျော်၊ နတ်မောက်၊ ၁၉၆၇၊ ၆၄။

[၂] ဘုန်းကျော်၊ နတ်မောက်၊ ၁၉၆၇၊ ၆၅။

[၃] ကုလား၊ ဦး၊ ၂၀၀၆၊ ၂၃၈–၂၃၉။

[၄] သိန်းမောင်၊ ဦး(သတင်းစာဆရာ)၊ ၁၉၆၆၊ ၂၈၁။

> အကျိုးထင်အောင် ပြုစွမ်းနိုင်ခွင့် ရနိုင်သေးသည်ပ အဲသဟာထက် အဆွေတော်ရဲ့ ပြောချက် တွေးထင်ချက်ကို ထောက်ဆပြီး ကောက်ချက်ချလျှင်ဖြင့် ဒိုင်းချောက်သံဘဲ ဖြစ်ရန်ရှိတယ်။"[၁]

ဒိုင်းချောက်သံကြောင့် တပ်ပျက်ရခြင်းမှာ ထင်ရှားပါသည်။ ထိုခေတ်တွင် ဒိုင်းလက်နက် အသုံးပြုမှု၌ ကျွမ်းကျင်ပြီး ဒိုင်းလက်နက် ကိုင်ဆောင်သူများသည် အရှေ့သက် (မစ္ဆဂီရိ)များ ဖြစ်ကြပါသည်။ ဤတွင် အရှေ့သက် (မစ္ဆဂီရိ)ဟု ရေးသားခြင်းမှာ ရခိုင်ဘုရင် မင်းထီးလက်ထက် မစ္ဆဂီရိနိုင်ငံမှ အရှေ့သက်လူမျိုးများကို သိမ်းယူခဲ့ပြီး ဒိုင်းလက်နက် ကိုင်ဆောင်ကျွမ်းကျင်မှုကို အကြောင်းပြု၍ ဒိုင်းနက်ငွေခွန် ဖွဲ့ခဲ့သည်ဟူသော အထောက်အထားကြောင့် ဖြစ်ပါသည်။ ထို့ပြင် အင်္ဂလိပ်လက်ထက် သန်းခေါင်စာရင်း ကောက်ယူခဲ့ရာ ရခိုင်တို့ အစဉ်အဆက် ခေါ်ခဲ့ကြသော ဒိုင်းနက်အမည်ဖြင့်သာ ကောက်ယူခဲ့ကြောင်း သိရှိရပါသည်။[၂] သို့သော် ဒိုင်းနက်လူမျိုးများသည် မိမိကိုယ်မိမိ သက္ကမလူမျိုးဟုသာ ခေါ်ဝေါ် သုံးနှုန်းကြပါသည်။ သက္ကမ / sheʔ k má / ( shaʔ k - သက် + má - လူမျိုး = သက်လူမျိုး) ဟု အဓိပ္ပာယ်ရပါသည်။ ဒိုင်းနက်လူမျိုးများ၏ အသံအတိုင်းထွက်လျှင် / -shĩ mwá / ဟူ၍ ဖြစ်ပါသည်။ ဤအသုံးအနှုန်းနှင့် ပတ်သက်၍ ပုဂံခေတ်တွင် ရေးထိုးခဲ့သော သင်ကြီးဓမ္မပါလ်ဓမ္မသွရ်ကျောက်စာ (ပုဂံ၊ ရှင်ပင်ဗောဓိဘုရားတံတိုင်း အတွင်းတောင်ဘက်)တွင်–

> "စဝ် ၁ယောက် ရာမာ ၁ ယောက် စက္ကမာ ၁ (ယော)က် (ကြောင်းရေ–၁၃၊၁၄၊၁၅)"[၃]

လှူဒါန်းသည့် ကျွန်စာရင်းတွင် စက္ကမာတစ်ယောက် ပါနေသည်ကို တွေ့ရပါသည်။ ဤတွင်ပါသော စက္ကမာကို သက္ကမ (ဆက္ကမ)ဟု ယူဆပါသည်။ သို့ဖြစ်၍ ပုဂံခေတ်တွင် အရှေ့သက်များကို သက္ကမ (ဆက္ကမ)ဟုလည်း ခေါ်ဝေါ်ခဲ့ကြဟန်တူပါသည်။ ဤသည်မှာ မြန်မာသမိုင်းတွင် တွေ့ရသော အရှေ့သက်လူမျိုးများ ဖြစ်ပါသည်။

## ၁၊၂။ ရခိုင်သမိုင်းတွင် တွေ့ရှိရသည့် သက်လူမျိုးများ

သက်လူမျိုးများသည် ရခိုင်လူမျိုးများနှင့် ခေတ်အဆက်ဆက် အတူတကွ နေထိုင်ခဲ့ကြကြောင်းကို ရခိုင်သမိုင်း စာပေအထောက်အထားများအရ သိရှိရပါသည်။

---

[၁] သိန်းမောင်၊ ဦး(သတင်းစာဆရာ)၊ ၁၉၆၆၊ ၂၈၆။

[၂] ရွှေမောင်၊ ဥက္ကဋ္ဌ(တောင်မော်ကျေးရွာ)၊ တယ်လီဖုန်းဖြင့်ဖြေကြားချက်၊ ၇–၁–၂၀၁၆။

[၃] ဦးဇမောင်၊ ပါမောက္ခ၊ ၁၉၅၈၊ ၃၇။

ရခိုင်သမိုင်းစာပေအရ သက်လူမျိုးအကြောင်း ပြောမည်ဆိုလျှင် ရခိုင် ရှေးဦး ဝေသာလီခေတ် မှစ၍ ပြောရမည် ဖြစ်ပါသည်။ ထိုခေတ်တွင် သက်မျိုးနွယ်များသည် သက်ထောင်ကို တည်ခဲ့ကြပါသည်။ သက်ထောင်၏ အကြီးအကဲမှာ ဝရသိဒ္ဓိ ဖြစ်ပါသည်။ မြို့နာမည်ကို ဝေသာလီဟု အမည်ပေးခဲ့ပါသည်။ မာရယုနှင့် ဗေဓာ ရာဇဝင်ရှင်းတမ်းတွင်–

> "သက်ရာဇဝင်သည် သာကီဝင်မင်းမျိုး ဥက္ကာကရာဇ်မင်းတို့မှ ဆင်းသက်၍လာသော ရာဇဝင်ဖြစ်သောကြောင့် အလွန်ရှည်လျား၏။ အစမှ အဆုံးထိ ဤစာအုပ်ငယ်၌ ထည့်သွင်းရေးသားခြင်းငှာ မဖြစ်နိုင်ပေ။ မာရယုမင်းသား၏ ဘိုးတော်ဖြစ်သော ဝရသိဒ္ဓိမင်း မှစ၍ ရေးသားစီရင်ပေအံ့။"[၁]

သကျသာကီဝင် အဇ္ဇုနရှင်ရသေ့နှင့် သက်မင်းဝရသိဒ္ဓိ၏မြေး သက်မကလေး ဣန္ဒမာယုတို့ သင့်မြတ်ရာမှ မာရယုမင်းသားလေးကို ဖွားမြင်ခဲ့ပါသည်။ မာရယု၏ မိခင်သက်မကို တိရစ္ဆာန် ဆတ်မဟု ရခိုင်ပညာရှင်တစ်ချို့၏ ရေးသားဖော်ပြမှု များလည်း ရှိပါသည်။ ရခိုင်မင်းသမီးဇချင်း ပို့ချချက်တွင်–

> "ဣန္ဒမာယု အမည်ရှိသော ဆတ်မ (အချို့ပညာရှင်များက သကျ ခေါ် ဆက္ကမ ခေါ် သက်လူမျိုး ဖြစ်သည်ဟု ယူဆသည်)သည် ရှင်ရသေ့ထံ မပြတ်ခစားသည်။"[၂]

ပညာရှင်တစ်ချို့၏ ယူဆချက်ကို တွေ့ရပြန်ပါသည်။ ဤယူဆချက်အရ ဆတ်မသည် သက်မ ဖြစ်ရုံသာမက သက္ကမ(ဆက္ကမ)လူမျိုးဖြစ်သည်ဟု သိရပါသည်။ သက္ကမအခေါ်သည် ဒိုင်းနက်လူမျိုးတို့ မိမိကိုယ်မိမိ ခေါ်ဝေါ်သော အခေါ်အဝေါ် ဖြစ်ပါသည်။ ၎င်းကို မာရယုနှင့် ဗေဓာ ရာဇဝင်ရှင်းတမ်းတွင်–

> "မာရယုသည် တိရစ္ဆာန် ဆတ်မသား မဟုတ်ကြောင်း၊ ဣန္ဒမာယုသည် တိရစ္ဆာန် ခြသေ့်သမီး မဟုတ်ကြောင်း၊ ငဆဒ္ဒန် ငလက်ကောက် ပက္ကမီး တို့သည် သစ်ပင်တက်၍ ပြေးနေသော မျောက်နှင့် လေးချောင်းထောက်၍ သွားနေသော ဆတ်မသား မဟုတ်ကြောင်းတို့မှာ ထင်ရှားလေပြီ ဆတ်ကာယရာဇဝင်၊ နေပေါလ်ရာဇဝင် မြို့ရာဇဝင် ရခိုင်ရာဇဝင်တို့နှင့် ညှိနှိုင်း၍

---

[၁] ကေသရ၊ အရှင်၊ ၁၃၁၇၊ ၅။

[၂] မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၉၆၊ ၁၃။

ရေးသားပြုပြင်စီရင်အပ်သော မာရယုရာဇဝင်ရှင်းလင်းချက်သည် ဤတွင် ပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်သတည်း။"[၁]

ရခိုင်ရှေးဟောင်းမြို့တော်များ စာအုပ်တွင်–

"ရခိုင်သမိုင်းတွင် မဇ္ဈိမဒေသ၊ ကပိလဝတ်မှ သာကီဝင် အဘိရာဇာ ကုလားတန်မြစ်ညာသို့ ဝင်ရောက်လာပြီး ရောက်နှင့်ပြီးသော တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်၏သမီး ဆက်မနှင့် လက်ဆက်ကာ ရခိုင်ဓညဝတီကို တည်ထောင်သည်ဟု ဆိုသည်။ ဆက်မမှာ သက်မ ဖြစ်နိုင်သည်ဟု ယူဆကြသည်။ သက္ကရာဇ်ကား ဘီစီ–၃၀၀၀ ခန့် ဖြစ်သည်။"[၂]

သက္ကရာဇ် ၂၀၀၀ ပြည့် အထိမ်းအမှတ် ရခိုင်နယ်စပ်ဒေသမှ ရှေးဦး မြန်မာသက်လူမျိုးများစာအုပ်တွင်–

"ဝင်ရောက်လာသော အဘိရာဇာသည်လည်း သကျသာကီဝင်တို့ ဘိုးဘွားအနွယ်ဖြစ်ခြင်းနှင့် ရခိုင်ရောက်မှ လက်ဆက်ထိမ်းမြားသူမှာလည်း ဆက္ကမ ခေါ် သက်မ သက်အမျိုးသမီး ဖြစ်ခြင်းတို့ ဖြစ်ပါသည်။ သက္ကရာဇ်ကိုမူကား ရခိုင်တို့၏ အစအဖြစ် ဘီစီ–၃၀၀၀ခန့်ဟု ဖော်ပြကြပေသည်။"[၃]

ယင်းစာအုပ်၌ပင်–

"ကြန္ဒမာရမှာ ဒေသခံ လူမျိုးစုခေါင်းဆောင် တစ်ဦး၏ သမီး ဖြစ်ပြီး ဆက္ကမ (Chakma) ခေါ် သက် (Sak) ဖြစ်ကြောင်း ဖော်ပြထားပေသည်။"[၄]

မာရယုမင်း၏မိခင်သည် တိရစ္ဆာန် ဆတ်မ မဟုတ်ဘဲ သက္ကမ(ဆက္ကမ) သက် အမျိုးသမီးသာဖြစ်ကြောင်း အထက်ဖော်ပြပါ ရေးသားချက်များက သက်သေခံလျက် ရှိပါသည်။ ဒိုင်းနက် (သက္ကမ/ ဆက္ကမ) လူမျိုးများ၏ အပြောစကားတွင် "သ" ဗျည်းသံ မရှိသောကြောင့် "သ" ဗျည်းသံအစား "ဆ" ဗျည်းသံကိုသာ သုံးနှုန်းပြောဆိုကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် "သက်မ" ကို "ဆက်မ" ဟု အသံထွက်ခဲ့သည်သာ

[၁] ကေသရ၊ အရှင်၊ ၁၃၁၇၊ ၂၄၊ ၂၅။
[၂] ထွန်းရွှေခိုင်၊ ဦး၊ ၁၉၈၅၊ ၂၇။
[၃] ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၊ ၂၀၀၀၊ ၁၇။
[၄] ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၊ ၂၀၀၀၊ ၁၇။

ဖြစ်ပေမည်။ သို့ဖြစ်၍ မာရယုဏ်မိခင် ဆတ်မသည် သက္ကမဖြစ်ပြီး သက္ကမ အမည်သည် ဒိုင်းနက်လူမျိုးများ မိမိကိုယ်မိမိ ခေါ်ဝေါ်သောအမည် တစ်နည်းအားဖြင့် သက်လူမျိုးသာဖြစ်ကြောင်း ဤစာတမ်းတွင် တွေ့ရှိချက် တစ်ခုအနေဖြင့် လေ့လာ တင်ပြအပ်ပါသည်။

## ၁၊၂၊၁။ လေးမြို့ခေတ် အရှေ့သက်လူမျိုးများ

လေးမြို့ခေတ် ရခိုင်ဘုရင် မင်းထီးလက်ထက် အရှေ့သက် လူမျိုးများနှင့် ပတ်သက်၍ ဓညဝတီ အရေးတော်ပုံစာအုပ်တွင်–

> "ထိုမင်းလက်ထက် ကောဇာသက္ကရာဇ် ခြောက်ရာ့ ကိုးဆယ့် ငါးခုတွင် အရှေ့သက်တို့ မငြိမ်မသက်၊ တောင်စဉ်ကျေးရွာ တို့ကို ဖျက်ဆီးရောက်ပေါက်ကြောင်း လမုသူကြီးလျှောက်တင် လာသော် အမတ်ကိုယ်ရံကြီး ရာဇစည်သူသင်္ကြံကို ရဲမက် တစ်သိန်း၊ ကိုယ်တော်ရံ သူရဲနှစ်သောင်းပေး၍ ချီတက်စေရာ အမတ်ကြီး စစ်ဆင် ကြိယာသော်ကား မင်းထုံးမြို့လမ်း – တောင်ခွင်စား ရဲကျော်နှင့် ကမ်းယံသူရဲ တစ်သောင်းကို ချီစေသည်။"[၁]

"အရှေ့သက်" ဟူသော အသုံးကို လည်းကောင်း၊ ထိုစာအုပ်၌ပင်–

> "ယင်းသို့ ဉာဏ်ပညာဖြင့် သက်မြို့ကို ခားလုံမကျိုးရပြီးမှ ပြည်မြို့သို့ ချီလေသော် ပြည်စား အတိုက်မခံဝံ့၍ ဆင်ပေါက် ငါးဆယ်၊ ပြောင်နှစ်ဆယ်၊ ရွှေ ငွေ အထည်အလိပ်များကို ဆောင်ယူလျက် အမတ်ကြီးနေရာ ကာမမြို့ရောက် ပို့ဆက် လာသော် ပြည်မြို့ကိုကား မတိုက်မဖျက်၊ သက်အိမ်ထောင်စုံ တစ်သောင်းကို သိမ်းယူ၍ --- သက်အိမ်ထောင်တစ်သောင်းကို အမ်းချောင်း၊ ယူးချောင်းများတွင် ချထားတော်မူ၍ ဒိုင်းနက် ငွေခွန် ဖွဲ့တော်မူသည်။"[၂]

"ဒိုင်းနက်ငွေခွန်" ဟူသော အသုံးကိုလည်းကောင်း တွေ့ရပါသည်။ ဤဖော်ပြ ရေးသားချက်များကြောင့် မင်းထီးသိမ်းလာသော သက်သည် အရှေ့သက်များ

---

[၁] ကဝိသာရဘိ၊ အရှင်၊ သီရိပဝရ၊ အဂ္ဂမဟာရာဇဓိရာဇဂုရု(ရခိုင်ဆရာတော်)၊ ၁၈၈၁၊ ၁၃။

[၂] ကဝိသာရဘိ၊ အရှင်၊ သီရိပဝရ၊ အဂ္ဂမဟာရာဇဓိရာဇဂုရု(ရခိုင်ဆရာတော်)၊ ၁၈၈၁၊ ၁၄။

ဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ပြင် "ဒိုင်းနက်" အသုံးနှင့်ပတ်သက်၍ ရခိုင်ယဉ်ကျေးမှုများစာအုပ်တွင်–

> "သက်အိမ်ထောင်စု တစ်သောင်းကို အမ်းချောင်း၊ ယူးချောင်းစသော ရခိုင်ရိုးမ တစ်လျှောက်တို့၌ နေရာချထား၍ ဒိုင်းနက်ငွေခွန် ဖွဲ့တော်မူသည်။ ဒိုင်း လက်နက်ကို ကိုင်စွဲ၍ အခွန်ဘဏ္ဍာကောက်ခံခြင်းတွင် အသုံးပြုခြင်းအဖြစ် အမှုထမ်းရသည်။ ဒိုင်းနက်နှင့် သက်သည် တစ်မျိုးတည်းသော သကျအနွယ်သက်မျိုးတို့သာ ဖြစ်၏။ ရခိုင်မင်းလက်ထက် ဒိုင်းလက်နက်ကိုင်စွဲရသူများကို အစွဲပြု၍ ဒိုင်းကိုင်သက်တို့ကို ဒိုင်းနက်ဟုလည်းကောင်း၊ ဒိုင်းနင်းဟူ၍ လည်းကောင်း၊ ဒိုင်းတတ် ဟူ၍လည်းကောင်း ခေါ်တွင်လာခဲ့ခြင်းသာဖြစ်၏။"[၁]

မြသိန်းတန်သမိုင်းဝင်ဘုရားစာအုပ်တွင်–

> "အမ်းချောင်း၊ ယူးချောင်း၊ ဒါးလက်ချောင်း တို့တွင်လည်း မြို့ပြနေရာချပေးထားခဲ့ကြသည်။ ဒိုင်းနက်ငွေခွန်ဘွဲ့ကိုလည်း ပေးခဲ့ကြသည်။ ထို့ကြောင့် ဒိုင်းနက်ခေါ်နေကြသူများသည် သက်တိုင်းရင်းသားများပင် ဖြစ်ကြောင်း ထင်ရှားလေသည်။"[၂]

ရခိုင်ဘုရင် မင်းထီး သိမ်းလာသော သက်သည် အရှေ့သက်ဖြစ်သည်ကိုလည်းကောင်း၊ ဒိုင်းပညာ ကျွမ်းကျင်မှုကို အကြောင်းပြု၍ ဒိုင်းနက်အမည်တွင်ခဲ့သည်ကိုလည်းကောင်း၊ ဒိုင်းနက်နှင့် သက္ကမမှာ လူမျိုးစုတစ်ခုတည်း၏ အမည်ဖြစ်သည်ကိုလည်းကောင်း အထက်ဖော်ပြပါ စာပေအထောက်အထားများအရ သိနိုင်ပါသည်။ တစ်ဖန် ရခိုင်မျိုးနွယ်စု ညီအစ်ကိုမောင်နှမများနှင့် ရခိုင်သမိုင်းမှတ်တမ်းများစာအုပ်တွင်–

> "အေဒီ ၁၃၃၃ ခု မြန်မာသက္ကရာဇ် ၆၀၅ ခုတွင် အရှေ့ဘက်သက်လူမျိုးတို့သည် ရခိုင်ပဒေသရာဇ်၏ ပိုင်နက်ဖြစ်သော ရခိုင်ရိုးမအနောက်ဘက်ခြမ်းရှိ တောင်စဉ်ကျေးရွာများသို့ ထိပါးလာလေသည်။"[၃]

---

[၁] စက္ကိန္ဒ၊ အရှင်၊ ၂၀၀၅၊ ၈၇။

[၂] စက္ကိန္ဒ(အရှင်ကြီး)၊ ဦး၊ ၂၀၀၈၊ မိတ်ဆက်လွှာ။

[၃] အေးသိန်း(သမိုင်းသုတေသီ)၊ ၂၀၁၅၊ ၈၅။

ယင်းစာအုပ်၌ပင်–

"ရခိုင်အင်ပါယာနှင့် ဘင်္ဂလားနယ်သို့ အခြေချ နေထိုင်သော လူမျိုးများမှာ

(၁) Arakanese - ရက္ခိတ – ရက္ခိုင် – ရခိုင်လူမျိုး

(၂) Chakmas - သက်လူမျိုး"[၁]

စသည်ဖြင့် (၁)ကနေ (၇)ထိ ဖော်ပြပါရှိပါသည်။ (၃)ကနေ (၇)ထိကို ဤစာတမ်းတွင် မလိုအပ်သောကြောင့် ချန်လှပ်ထားခဲ့ပါသည်။ ဤတွင် ပါရှိသော Chakmas သည် ဒိုင်းနက် (အရှေ့သက်)လူမျိုးနှင့် မျိုးနွယ်စု တူညီသည့် မြန်မာနိုင်ငံ၏ အနောက်ဘက်တွင်ရှိသော အနောက်သက်များ ဖြစ်ပါသည်။ ဤစာတမ်းတွင် အနောက်သက်အကြောင်းကို ချန်လှပ်ထားခဲ့ပြီး ဒိုင်းနက်လူမျိုးဟု ခေါ်တွင်နေသော အရှေ့သက်လူမျိုးအကြောင်းကိုသာ လေ့လာဖော်ထုတ်ထားပါသည်။ ထို့ပြင် အရှေ့သက်လူမျိုးသည် မိမိကိုယ်မိမိ သက္ကမ(ဆက္ကမ)လူမျိုးဟု ခေါ်ဝေါ်သုံးနှုန်းကြသည်ကို ယနေ့တိုင် တွေ့ရပါသည်။ အမည်များ၏ နောက်တွင်လည်း သက္ကမ (ဆက္ကမ) ထည့်၍ မှည့်ခေါ်ကြသည်ကိုလည်း တွေ့ရပါသည်။

ဤသို့ဖြင့် လေးမြို့ခေတ် ရခိုင်ဘုရင် မင်းထီးလက်ထက်တွင် အရှေ့သက်အိမ်ထောင် တစ်သောင်းကို သိမ်းယူ၍ အမ်းချောင်း၊ ယူးချောင်းတို့တွင် နေရာချထားကာ ဒိုင်းလက်နက် အတတ်ပညာကို ကျွမ်းကျင်တတ်မြောက်သည့်အတွက် ဒိုင်းနက်ငွေခွန် ဖွဲ့ခဲ့ပါသည်။ အနက်ရောင်ဒိုင်းများကို ပြုလုပ်စေခြင်းဖြင့် အခွန်ဆောင်စေခဲ့သည်ဟူ၍ လည်းကောင်း၊ ဒိုင်းလက်နက် ကိုင်ဆောင်ကျွမ်းကျင်မှုကြောင့် ဒိုင်းနက်လူမျိုးဟု ခေါ်တွင်ခဲ့သည် ဟူ၍လည်းကောင်း ဒိုင်းနက်လူမျိုးများ၏ နှုတ်ပြောစကားနှင့် စာပေ အထောက်အထားများအရ သိရှိရပါသည်။ "ဒိုင်းတတ်" မှ "ဒိုင်းနက်" သို့ ပြောင်းလာသည်ဟု သိရပါသည်။ ထို့ပြင် အရှေ့သက်လူမျိုးများကို ရခိုင်တောင်ခြေ တစ်လျှောက် လုပ်ကိုင်စားသောက်ကြသည်ကို အကြောင်းပြု၍ တောင်စဉ်ညာ၊ တောင်စဉ်ယာ၊ တုံတုံညာ ဟုလည်း နေထိုင်ရာဒေသ ကွဲပြားသည့်အလျောက် ခေါ်ဝေါ်သုံးနှုန်းမှု ကွဲပြားသည်ကိုလည်း တွေ့ရပါသည်။ ရခိုင်လူမျိုးများက ဒိုင်းနက် / dàĩ neʔ / လူမျိုးဟု အစဉ်အဆက် ခေါ်ဆိုခဲ့ကြသော်လည်း ထိုအမည်ကို နှစ်သက်ခြင်း မရှိကြပါ။

[၁] အေးသိန်း(သမိုင်းသုတေသီ)၊ ၂၀၁၅၊ ၁၀၅။

## ၁၊၂။၂။ မြောက်ဦးခေတ် အရှေ့သက်လူမျိုးများ

မြောက်ဦးခေတ် (အေဒီ ၁၅၀၀–၁၅၂၂) မင်းရာဇာကြီး လက်ထက်တွင်လည်း မြောက်ဦးမြို့ တောင်ဘက်အနီးတွင်ရှိသော သက်လူမျိုးများ ပုန်ကန်ခဲ့ကြပါသည်။ ရခိုင်ယဉ်ကျေးမှုများ စာအုပ်တွင်–

> "သက်မင်းကောင်းလုဖြုတပ်တွင် သက်သူရဲကောင်း သုံးသောင်း ပါဝင်သည်။ ပြည့်ရှင်မင်းတပ်မှာ ဒိုင်းနက်သူရဲ တစ်သောင်း၊ သက်သူရဲ တစ်သောင်း ပါဝင်သည်။"[၁]

"ဒိုင်းနက်သူရဲ" ဟူသော အသုံးကို တွေ့ရပါသည်။ ဤအသုံးကြောင့် မြောက်ဦးခေတ်တွင်လည်း ဒိုင်းကိုင် သက်များကို ဒိုင်းနက် သူရဲကောင်းအဖြစ် ခန့်အပ်ထားကြောင်း သိနိုင်ပါသည်။ ဤတွင်ပါသော သက်သူရဲကောင်း ဆိုသည်မှာ ဒိုင်းနက်လူမျိုးနှင့် မျိုးနွယ်စု တူညီသည်ဟု ယူဆပါသည်။ ဒိုင်းကိုင်သက်များကို ဒိုင်းနက်သူရဲကောင်းဟု ခွဲခြားခေါ်ဆိုခြင်းသာ ဖြစ်ပေမည်။ ဤသည်မှာ စာရေးသူ၏ ထင်မြင်ယူဆချက် တစ်ခုသာ ဖြစ်ပါသည်။ ထို့ကြောင့် ဒိုင်းနက်လူမျိုးသည် အရှေ့သက်လူမျိုး ဖြစ်ကြောင်း၊ ဒိုင်းနက်/သက္ကမ (ဆက္ကမ)အမည်များမှာ လူမျိုးစု တစ်ခုတည်း၏ အမည်များဖြစ်ကြောင်း ဤစာတမ်းတွင် တွေ့ရှိချက် တစ်ခုအနေဖြင့် လေ့လာတင်ပြအပ်ပါသည်။

## ၁၊၃။ ဒိုင်းနက်လူမျိုးနှင့်ပတ်သက်၍ပညာရှင်များ၏လေ့လာတွေ့ရှိချက်များ

ဒိုင်းနက်(သက္ကမ)လူမျိုးနှင့် ပတ်သက်၍ ပညာရှင်များ၏ လေ့လာတွေ့ရှိချက်များကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။ ဒိုင်းနက် (အရှေ့သက်) လူမျိုးများ၏ မူလနေထိုင်ရာဒေသနှင့် ပတ်သက်၍–

> "ကျောက်ဆည်ဒေသ၊ ပုဂံဒေသ၊ ရခိုင်ရိုးမ အရှေ့ဘက်ဆင်ခြေလျှောရှိ မစ္ဆဂီရိ သက်တိုင်းပြည်နှင့် ရခိုင်ရိုးမအနောက်ခြမ်း အမ်း ဒလ တောင်စဉ်ဒေသများသည် သက်လူမျိုးတို့၏ နေထိုင်လှုပ်ရှားခဲ့ရာ နေရာဟောင်းများပင် ဖြစ်ပေသည်။"[၂]

မြန်မာပြည် မြောက်ဘက်ဒေသများဖြစ်သော ကျောက်ဆည်၊ ပုဂံ၊ သရက်နှင့် အနောက်ဘက်ဒေသများဖြစ်သော အမ်း၊ ဒလ စသည့်နေရာများသည် သက်လူမျိုး

---

[၁] စက္ကိန္ဒ၊ အရှင်၊ ၂၀၀၅၊ ၉၂။
[၂] ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၊ ၁၉၉၉၊ ၁၂။

များ၏ မူလနေထိုင်ရာ ဒေသများဖြစ်ကြောင်း သိရှိရပါသည်။ ဘာသာလောက ကျမ်းတွင်–

"မြန်မာတို့ မရောက်မီ ဧရာဝတီတောင်ကြား၊ ပုဂံတစ်ဝိုက်တွင် နေထိုင်ကြသော ဆက် (သက်)နှင့် ဒိုင်းနက်။ ယင်းတို့မှ ကြွင်းကျန်နေသူများသည် စစ်တွေ စီရင်စုတွင် ရှိကြသေး၏။"[၁]

ခေတ်ဟောင်းမြန်မာရာဇဝင် (ဒုတိယအကြိမ်)စာအုပ်တွင်–

"တတိယဖြစ်သော သက်အစုတွင် တစ်ခါက မနိပုရ်လွင်ပြင်တွင် နေဖူးသော လွီအမျိုး၊ အထက်ချင်းတွင်းမှ တမန်၊ မလင်နှင့် အင်ကျယ်၊ မြန်မာတို့ မရောက်မီကပင် တကောင်း၌ အခြေစိုက် နေသော ကဏန်းနှင့် ကန္တူး၊ မြန်မာတို့ မရောက်မီကပင် ပုဂံတဝိုက်တွင် နေကြလျက် ယခုစစ်တွေနယ်တွင် တွေ့ရသော (ဒိုင်းနက်)တို့ ပါဝင်သည်။"[၂]

ဒိုင်းနက်လူမျိုးသည် မြန်မာထက် အခြေချနေထိုင်မှု စောခဲ့ကြသည်မှာ ထင်ရှားပါသည်။

ထို့ပြင် ရက္ခိုင်ရာဇဝင်ယဉ်ကျေးမှုသမိုင်းနှင့် သုတေသီများ၏ အတွေးအမြင် စာအုပ်တွင်–

"ရက္ခိုင် မြောက်ပိုင်း – တောင်ကုန်းဒေသ၌ ရှေးဦးခေတ်ကပင် နေထိုင်လာခဲ့သူများသည် သက်လူမျိုးဖြစ်၍ သူတို့ကို ချက္ကမ ဟူ၍လည်း တွင်၏။ (ချက္ကမ=ဆက်မ=သက်ကျ=သကျ=သက် – ဆိုသော စကားများမှာ လူတစ်မျိုးတည်း၏ အမည်ဖြစ်ကြ၏။)"[၃]

ရခိုင်မျိုးနွယ်စု ညီအစ်ကိုမောင်နှမများနှင့် ရခိုင်သမိုင်းမှတ်တမ်းများ စာအုပ်တွင်–

"ရခိုင်ပြည်နယ်ရှိ ဒိုင်းနက် မျိုးနွယ်စုကို ၎င်းတို့က ချက္ကမဟု ခေါ်ကြသည်၊ ယင်းအမည်မှာ သာကီဝင်–သက္ကမှ ဆင်းသက်လာ သည်ဟု ဆိုကြသည်။"[၄]

---

[၁] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၁၅။

[၂] သန်းထွန်း၊ ဒေါက်တာ၊ ၁၉၆၉၊ ၂၄။

[၃] အောင်သာဦး၊ ဦး၊ ၁၉၇၈၊ ၃။

[၄] အေးသိန်း(သမိုင်းသုတေသီ)၊ ၂၀၁၅၊ ၁၁၈။

သက္ကရာဇ် ၂၀၀၀ ပြည့် အထိမ်းအမှတ် ရခိုင်နယ်စပ်ဒေသမှ ရှေးဦး မြန်မာသက် လူမျိုးများစာအုပ်တွင်လည်း–

> "ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် တွေ့ရသော ဒိုင်းနက် (Diangnet) တို့က မိမိကိုယ်ကို ချက္ကမ၊ သက္ကမ (CHAKMA)ဟု ခေါ်ကြသည်။ ဒိုင်းနက်ဟူသော အမည်မှာ ရခိုင်ဘုရင်များက ဒိုင်းပညာ တတ်ကျွမ်းကျင်သည်ဟူ၍ မြောက်စား ချီးမြှင့်ခဲ့ရာ ဒိုင်းတတ်မှ ဒိုင်းနက်သို့ ပြောင်းလာခဲ့သည်ဟု ဆိုသည်။"[၁]

ဤရေးသားဖော်ပြချက်များအရ ဒိုင်းနက်(သက္ကမ)လူမျိုးသည် သက်လူမျိုးများ ဖြစ်ကြောင်း၊ ဒိုင်းနက်နှင့် သက္ကမမှာ လူမျိုးစုတစ်ခုတည်း၏ အမည်ဖြစ်ကြောင်း ထင်ရှားပါသည်။ ထို့ပြင် အင်္ဂလိပ်လက်ထက် သန်းခေါင်စာရင်း ကောက်ယူရာတွင် ရခိုင်လူမျိုးများ အစဉ်အဆက် ခေါ်ခဲ့ကြသည့် ဒိုင်းနက်အမည်ဖြင့်သာ ကောက်ယူခဲ့သောကြောင့် တိုင်းရင်းသားလူမျိုးစုစာရင်းတွင် ဒိုင်းနက်လူမျိုးအမည်ဖြင့် ရှိနေခြင်း ဖြစ်ပါသည်။ သို့သော် ထိုအမည်ကို နှစ်သက်ခြင်းမရှိဘဲ မူလအမည်ဖြစ်သော သက္ကမ (ဆက္ကမ/သက်) အမည်ကိုသာ ထိန်းသိမ်းပြောဆိုလျက်ရှိကြောင်း တွေ့ရပါသည်။

## ၂။ ဒိုင်းနက်ဘာသာစကားမျိုးရိုး

ဘာသာစကားဟူသည် ပြောင်းလဲပျောက်ကွယ်တတ်သောကြောင့် မြန်မာနိုင်ငံ အတွင်းရှိ သုတေသန မပြုလုပ်ရသေးသော တိုင်းရင်းသား ဘာသာစကားများကို မပြောင်းလဲ၊ မပျောက်ကွယ်မီ သုတေသနပြုရန် လိုအပ်သည်ဟု ယူဆမိပါသည်။ ထိုသို့ သုတေသနပြု ထိန်းသိမ်းရန် ကျန်ရှိနေသေးသော တိုင်းရင်းသား ဘာသာ စကားများထဲတွင် ဒိုင်းနက်ဘာသာစကားလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ဒိုင်းနက်ဘာသာစကားကို တိဗက်–တရုတ်မျိုးခွဲ၊ တိဗက်–မြန်မာဘာသာ စကားဟု ဘာသာလောကကျမ်းတွင်–

> "တိဗက်–တရုတ် မျိုးကွဲ၏ တိဗက်–မြန်မာ မျိုးခွဲထဲမှ အာသံ မြန်မာ အနွယ်ထဲတွင် နဂါးအစု၊ ကုတိ–ချင်းအစု၊ သက်အစု၊ ချင်းအစု၊ မြန်မာအစုများ အထက်ချင်းတွင်းတွင် နေထိုင်ကြသော တမန်း၊ မာလင်၊ အင်ကြယ်လူမျိုးများ မူးနှင့်ဧရာဝတီအကြားတွင် နေထိုင်ဖူးသော ကတူး၊ ကနန်း၊ မြန်မာတို့ မရောက်မီ ပုဂံ

---

[၁] ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၊ ၂၀၀၀၊ ၁၄။

> တစ်ဝိုက်တွင် နေထိုင်ဖူးသော သက်နှင့် ဒိုင်းနက်များသည် ယခု အခါ ရခိုင်ပြည်နယ်တွင် ရှိသည်။ ထိုမျိုးနွယ်စုများသည် တိဗက် – မြန်မာ ဘာသာစကားကို ပြောဆိုကြသည်။”[၁]

ဖော်ပြရေးသားခဲ့သော်လည်း မြန်မာဝတ္ထု သမိုင်းအစနှင့် သုတေသန စာတမ်းတွင်–

> “၂။ အိန္ဒိုအာရိယန်ဘာသာများ။
> အာသံ၊ ဘင်္ဂလီ၊ စစ်တကောင်း (ဒိုင်းနက်၊ချက္ကမ) အစရှိ။”[၂]

ယင်းစာအုပ်၌ပင်–

> “ယခင်က သန်းကောင်စာရင်းများတွင် ဒိုင်းနက်ဘာသာကို တိဗက်–မြန်မာ ဘာသာတို့တွင် သက်အစု၌ ထည့်ထားသည်။ သို့ရာတွင် ထိုဘာသာသည် ချက္ကမ၊ သို့မဟုတ် စစ်တကောင်း ကဲ့သို့ အိန္ဒိုအာရိယန် ဘာသာဖြစ်၏။”[၃]

ဟူ၍ ဒိုင်းနက်ဘာသာစကားကို အင်ဒို–အာရီယန် ဘာသာစကား ဖြစ်သည်ဟု ထပ်မံ ဖော်ပြရေးသားခဲ့ပါသည်။ ဆရာကြီးဦးဖေမောင်တင်၏ စာအုပ်နှစ်အုပ်ကို နှိုင်းယှဉ် ကြည့်လျှင် မြန်မာဝတ္ထု သမိုင်းအစနှင့် သုတေသနစာတမ်းသည် ဘာသာလောက ကျမ်းထက် အနှစ်တစ်ဆယ်ကျော် နောက်ကျသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဒိုင်းနက်ဘာသာစကားသည် အင်ဒို–အာရီယန် ဘာသာစကား ဖြစ်သည်ဟု ဖော်ပြ ရေးသားချက်မှာ ဆရာကြီး၏ ထပ်မံတွေ့ရှိချက် ဖြစ်ကြောင်း လေ့လာတင်ပြအပ် ပါသည်။

ပါမောက္ခလုစ့်က–

> “ဘာသာစကားအရမူ ၄င်းတို့ ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်း အရ ဘင်္ဂလီ ရောနှောနေသော်လည်း အင်ဒို–အာရီယန် ဘာသာ စကား ပြောသည်။”[၄]

ကမ္ဘာ့ဗုဒ္ဓစာအုပ်တွင်–

---

[၁] ဖေမောင်တင်၊ ဦး၊ ၁၉၅၈၊ ၁၅။
[၂] ဖေမောင်တင်၊ ဦး၊ ၁၉၆၉၊ ၃၁၂။
[၃] ဖေမောင်တင်၊ ဦး၊ ၁၉၆၉၊ ၃၁၉။
[၄] Luce-GH, 1985, 38.

> "ဘင်္ဂလားဒေ့ရှ်ရှိ ဗုဒ္ဓဘာသာဝင် အများစုသည် စစ်တကောင်း တောင်ပေါ် လူမျိုးစု သက္ကမအနွယ်ဝင်များ ဖြစ်သည်။ သက္ကမ အနွယ်ဝင်ဆိုသည်မှာ တစ်ချိန်က သကျသာကီဝင်မင်းမျိုး ဖြစ်ပြီး အရှေ့ဘက်အရပ်မှ ကျွံဝင်လာသော အာရိယန်အနွယ်ဝင်များဖြစ် သည်။"[၁]

ရက္ခိုင်ရာဇဝင် ယဉ်ကျေးမှုသမိုင်းနှင့် သုတေသီတို့၏ အတွေးအမြင် စာအုပ်တွင်–

> "ချက္ကမတို့သည် သကျမျိုးရိုး၊ အာရ်ယံလူမျိုး အနွယ်ဝင်ဟု ခံယူကြလျက် အပြင်ဘက်မှ ခေတ်သစ် လူ့ယဉ်ကျေးမှု ဝင်ရောက် ရောယှက်မှု မယှိဘဲ၊ ရောက်ပေါက်ရန်လည်း မလွယ်ကူသော တောင်ကုန်းဒေသ၌ နေထိုင်ကြ၏။"[၂]

မြသိန်းတန်သမိုင်းဝင်ဘုရားစာအုပ်တွင်–

> "သက်တို့၏ ဝတ်ပုံသည် အဖြူဝတ်၏၊ ပုံသဏ္ဍာန် အသား ဝါ၏။ အလွန်လျင်မြန်၏။ လူလှ၏၊ စကားမှာ ငါတို့စကားနှင့် လုံးဝမတူ။ သကျ သာကီဝင်အနွယ် ကပ္ပိလဝတ် အပါအဝင် နေပေါလ်နိုင်ငံစကားနှင့် တူ၏။"[၃]

ပညာရှင်များ၏ တွေ့ရှိချက် တစ်ချို့ကို တွေ့ရပါသည်။ ထို့ကြောင့် ဤစာတမ်းတွင် ဒိုင်းနက်ဘာသာစကားသည် ယခင် ထည့်သွင်းဖော်ပြခဲ့သော တိဗက်–တရုတ်မျိုးခွဲ၊ တိဗက်–မြန်မာ ဘာသာစကားမဟုတ်ဘဲ အင်ဒို–ဥရောပ မျိုးရိုးဝင် အင်ဒို–အာရီယန် ဘာသာစကားသာ ဖြစ်ကြောင်းကို တွေ့ရှိချက် တစ်ခု အနေဖြင့် လေ့လာတင်ပြအပ်ပါသည်။ တစ်ဖန် Chakma Language: Survial from being extinct in Bangladish စာအုပ်တွင်–

> "ချက္ကမဘာသာစကားသည် အင်ဒို–ဥရောပ ဘာသာစကား၏ မျိုးရိုးတွင် ပါဝင်သည်။ ကိုယ်ပိုင်စကားလုံးနှင့် ကိုယ်ပိုင်အသံရှိ သည်။ အရေးပုံစံနှင့် အပြောပုံစံ နှစ်မျိုးလုံး ရှိသည်။"[၄]

---

[၁] ကောင်းဈာန်သိမ်း(ဦးခင်မောင်ကျော်)၊ ခုနှစ်မသိ၊ ၁၁၈။

[၂] အောင်သာဦး၊ ဦး၊ ၁၉၇၈၊ ၃။

[၃] မင်းသိဏ်းထွဏ်း(မင်းပြား)၊ ၂၀၀၈၊ ၄၀။

[၄] sujana chakma, 2014, 19.

ဤစာအုပ်ပါ ဖော်ပြရေးသားချက်အရ ဒိုင်းနက်ဘာသာစကားသည် အင်ဒို–ဥရောပ မျိုးရိုးဝင် ဘာသာစကားတစ်ခုဖြစ်ကြောင်း၊ ကိုယ်ပိုင်အရေးဘာသာစကားနှင့် အပြောဘာသာစကား နှစ်ခုလုံးရှိကြောင်း သိနိုင်ပါသည်။ ထို့ပြင် ဒိုင်းနက် ဘာသာစကားကို ဘာသာဗေဒနည်းဖြင့် လေ့လာကြည့်သည့်အခါတွင်လည်း အဆက်ပစ္စည်းများကြောင့် ရုပ်ပြောင်းခြင်း၊ အဓိပ္ပာယ်ပြောင်းခြင်း၊ အတွင်းရုပ် ပြောင်းလဲခြင်းဖြင့် ရုပ်သွင်နှင့် အဓိပ္ပာယ်ပြောင်းလဲသွားခြင်း စသည့် လက္ခဏာများရှိသည်ကို တွေ့ရပါသည်။ ထို့ပြင် ပုဂ္ဂိုလ်အလိုက် ခံစားမှုဖြင့် အသံ အတက်အကျ၊ အနိမ့်အမြင့်ထည့်၍ ပြောဆိုကြသော်လည်း ထိုအသံ အတက်အကျ၊ အနိမ့်အမြင့်ကို လိုက်၍ အဓိပ္ပာယ် ပြောင်းလဲခြင်း မရှိသည်ကို တွေ့ရပါသည်။ ရုပ်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ဘာသာလောကကျမ်းတွင်–

> “ရုပ်ပြောင်းလဲခြင်း နှစ်မျိုးရှိ၏။ အချို့သော စကားလုံးတို့သည် အတွင်း ပြောင်းလဲခြင်းဖြင့် ရုပ်ပြောင်းကြ၏။ အချို့တို့ကား နောက်ဆက် ပစ္စည်းများကြောင့် ရုပ်ပြောင်းကြ၏။”[၁]

ဒိုင်းနက်ဘာသာစကားတွင် ဤသဘောလက္ခဏာများ ရှိသည်ကို လေ့လာသိရှိရပါသည်။ ဒိုင်းနက်ဘာသာစကားကို လေ့လာသည့်အခါ အပြော ဘာသာစကားနှင့် အရေး ဘာသာစကားဟူ၍ (၂)မျိုး ရှိသည့်အထဲမှ အပြော ဘာသာစကားကိုသာ အခြေခံ၍ လေ့လာထားပါသည်။ ဒိုင်းနက် အပြောဘာသာစကားကို လေ့လာကြည့်သည့်အခါတွင် အဆက်ပစ္စည်းများကြောင့် စကားလုံးရုပ်သွင်နှင့် သဒ္ဒါတာဝန် ပြောင်းကြသည်ကို လည်းကောင်း၊ အတွင်းရုပ် ပြောင်းလဲခြင်းဖြင့် ဖိုမလိင်သဘောနှင့် အဓိပ္ပာယ်ပါ ပြောင်းလဲသွားကြသည်ကို လည်းကောင်း တွေ့ရပါသည်။

သာဓက–

| | | | | | |
|---|---|---|---|---|---|
| / -tɕ$^{h}$ oũ nwá / | – ကလေး | > | / -tɕ$^{h}$ oũ ǹu / | – | ကလေးများ |
| / mā mū / | – ဦးလေး | > | / mā mī / | – | ဒေါ်လေး |
| / b̀ũ ðī wā / | – တူ(အစ်ကို) | > | / b̀aĩ ðī wā / | – | တူမ(အစ်ကို) |
| / b̀ũ bó ðā / | – တူ(အစ်မ) | > | / b̀aĩ bó ðā / | – | တူမ(အစ်မ) |
| / bō nwèĩ / | – ယောက်ဖ | > | / b̀u ðī / | – | ယောက်မ |
| / mɔ̄ -tɕhoũ -baĩ rá / | – ညီလေး | > | /mɔ̄ -tɕhoũ -bĩ ɲɔ́/ | – | ညီမလေး |

[၁] ဖေမောင်တင်၊ ဦး၊ ၁၉၆၄၊ ၃၁၉။

/ mɔ̄ rɔ̄ shū rú wā /– ယောက္ခမ(အဖို) > / mɔ̄ rɔ̄ shū rī wā / – ယောက္ခမ(အမ)

/ gɔ̄ rɔ̄ mā nú / – အိမ်ရှင်(လင်) > / gɔ̄ rɔ̄ mā kwá / – အိမ်ရှင်မ(မယား)

သာဓကများပါ / -tɕʰ oũ nwá / မှ / -tɕʰ oũ ǹu / သို့ အတွင်းရုပ် ပြောင်းသွားခြင်းသည် စကားလုံးရုပ်သွင် ပြောင်းရုံသာမက အဓိပ္ပာယ်ပါ ပြောင်းသွားခြင်းဖြစ်ပါသည်။ ကျန်ရှိသော သာဓကများတွင် အရင်းခံစကားလုံးများ၏ အသံ တစ်နည်းအားဖြင့် အတွင်းရုပ်ပြောင်းလဲခြင်းဖြင့် အဓိပ္ပာယ်၊ ဖိုမ လိင်သဘော ကွဲပြားသွားသည်ကို တွေ့ရပါသည်။

အများပြ နောက်ဆက်ပစ္စည်းများကြောင့် ရုပ်ပြောင်းသွားသည်ကို အောက်ပါ သာဓက တစ်ချို့တွင် တွေ့နိုင်ပါသည်။

သာဓက –

| | ဒိုင်းနက် | | အဓိပ္ပာယ် |
|---|---|---|---|
| နာမ် | + အများပြနောက်ဆက်ပစ္စည်း | = | အများပြနာမ် |
| / mā ǹu / (လူ) | + / sʰā bā / (များ) | = | / mā ǹu sʰā bā / (လူများ) |
| / g̀ɔ r / (အိမ်) | + / sʰā bā / (များ) | = | / g̀ɔ r sʰā bā / (အိမ်များ) |
| / kū gū / (ခွေး) | + / r̀ũ / (များ) | = | / kū gū r̀ũ / (ခွေးများ) |
| /bī -laĩ / (ကြောင်) | + / r̀ũ / (များ) | = | / bī -laĩ r̀ũ / (ကြောင်များ) |

အများပြနောက်ဆက် / sʰā bā / ကို လူပုဂ္ဂိုလ်နှင့် အရာဝတ္ထုပစ္စည်းများ၏ နောက်တွင်ဆက်သည်ကို လည်းကောင်း၊ အများပြနောက်ဆက် / r̀ũ / ကို တိရစ္ဆာန်များ၏ နောက်တွင်ဆက်သည်ကို လည်းကောင်း တွေ့ရပါသည်။

ထို့ပြင် အဆက်ပစ္စည်းများ ဆက်ခြင်းဖြင့် စကားလုံးများ၏ ရုပ်သွင်နှင့် သဒ္ဒါတာဝန် ပြောင်းလဲသည်ကိုလည်း တွေ့ရပါသည်။

သာဓက–

| (ကြိယာ) | | (နောက်ဆက်) | (နောက်ဆက်) | (အဓိပ္ပာယ်) |
|---|---|---|---|---|
| / khā / | + | / tɛ̄ / | | – / khā tɛ̄ / စား(တယ်၊သည်) |
| / bɛʔ há / | + | / -laũ / | | – / bɛʔ há -laũ / ထမင်းစား(ပြီးပြီ) |
| / -gwĩ ā / | + | / g̀i / | | – / -gwĩ ā g̀i / နေကောင်း(တယ်၊သည်) |

/ -gwĩ ā gɔ̄ /+ / tɛ̄ / + / nɛ̄ / – / -gwĩ ā gɔ̄ tɛ̄ nɛ̄ /
နေကောင်း(လား၊သလား)

/ ā dzí / + / ná / – / ā dzí ná / လာ(ပါ)

အထက်ဖော်ပြပါ သာဓကများသည် အဆက်ပစ္စည်းများ ဆက်ခြင်းဖြင့် စကားလုံးရုပ်သွင်နှင့် သဒ္ဒါတာဝန် ပြောင်းကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒိုင်းနက်ဘာသာစကားကို ကြည့်လျှင် အင်ဒို–အာရီယန် ဘာသာစကား၏ လက္ခဏာရုပ်ဖြစ်သော အတွင်းရုပ် ပြောင်းလဲခြင်းဖြင့် လည်းကောင်း၊ အဆက်ပစ္စည်းများဆက်ခြင်းဖြင့် လည်းကောင်း စကားလုံးရုပ်သွင်၊ အဓိပ္ပာယ်နှင့် သဒ္ဒါတာဝန် ပြောင်းလဲသည်ကို တွေ့ရပါသည်။ ဤသဘော လက္ခဏာများသည် အင်ဒို–အာရီယန် ဘာသာစကား၏ လက္ခဏာရုပ်များ ဖြစ်ပါသည်။ထို့ပြင် ဒိုင်းနက်ဘာသာစကားသည် ပုဂ္ဂိုလ်အလိုက် ခံစားမှုပါသော စကားပြောဆိုရာတွင် အသံ အတက်အကျ၊ အနိမ့်အမြင့် ထည့်၍ ပြောဆိုတတ်သော်လည်း ထိုအသံ အတက်အကျ၊ အနိမ့်အမြင့်ကို လိုက်၍ အဓိပ္ပာယ် ပြောင်းလဲသွားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ဒိုင်းလက်နက် ကိုင်ဆောင်ကျွမ်းကျင်မှုကို အကြောင်းပြု၍ အစောဆုံးလူမျိုးထဲတွင် ပါဝင်ခဲ့သော အရှေ့သက် (သက္ကမ)လူမျိုးမှ ဒိုင်းနက်လူမျိုး ဖြစ်လာခဲ့သည်ကို မြန်မာသမိုင်း၊ ရခိုင်သမိုင်း အထောက်အထားများဖြင့် ခေတ်အလိုက် လေ့လာ ဖော်ထုတ်ခဲ့ပါသည်။ အင်္ဂလိပ်လက်ထက် သန်းခေါင်စာရင်းကောက်ယူရာတွင် ရခိုင်လူမျိုးများ အစဉ်အဆက် ခေါ်ခဲ့ကြသော ဒိုင်းနက်အမည်ဖြင့်သာ ထည့်သွင်းကောက်ယူခဲ့ရာမှ ဒိုင်းနက်လူမျိုး ဖြစ်လာကြောင်း လေ့လာသိရပါသည်။ ထို့ပြင် အရှေ့သက်လူမျိုးသည် ဒိုင်းနက်အမည်အပြင် တောင်စဉ်ညာ၊ တောင်စဉ်ယာ၊ တုံတုံညာဟူသော အမည်ကွဲများဖြင့် ရှိနေသည်ကိုလည်း တွေ့ရပါသည်။ ထိုအမည်ကွဲများသည် ဒိုင်းနက်ငွေခွန်ဖွဲ့ခြင်း မခံရသည့် ကျန်ရှိနေသော အရှေ့သက်လူမျိုးများ ဖြစ်လိမ့်မည်ဟု ယူဆပါသည်။ ယခင် ဒိုင်းနက်ဘာသာစကားကို တိဗက်–မြန်မာ ဘာသာစကားထဲတွင် ထည့်သွင်း ဖော်ပြခဲ့ကြပါသည်။ သို့သော် ထိုဘာသာစကားသည် အင်ဒို–အာရီယန် ဘာသာစကားသာ ဖြစ်သည်ကို စာပေ အထောက်အထား၊ ဘာသာစကား အထောက်အထားများဖြင့် လေ့လာ ဖော်ထုတ်ခဲ့ပါသည်။ ထို့ပြင် ဒိုင်းနက်ဘာသာစကားကို အသံ အတက်အကျထည့်၍ ပြောဆိုကြသော်လည်း ထိုအသံ အတက်အကျကိုလိုက်၍ အဓိပ္ပာယ် ပြောင်းသွားခြင်း မရှိဘဲ ပုဂ္ဂိုလ်အလိုက် ခံစားမှုဖြင့်သာ တက်ကျသံထည့်၍ ပြောဆိုခြင်း ဖြစ်သည်ကို

လေ့လာတွေ့ရှိရပါသည်။ စာပေအရေးအသား ရှိသော်လည်း မြန်မာနိုင်ငံတွင် နေထိုင်သော ဒိုင်းနက်လူမျိုးများသည် မိမိတို့စာပေကို တတ်မြောက်သူ အနည်းငယ်မျှသာ ရှိပါသည်။ ထိုစာပေတတ်မြောက်သူ အနည်းငယ်မျှသော ဒိုင်းနက်လူမျိုးများကသာ ဒိုင်းနက်စာပေအရေးအသား တိုးတက်ပျံ့ပွားအောင် ကြိုးစားအားထုတ်နေဆဲအခြေအနေ ဖြစ်ပါသည်။ သို့သော် ဒိုင်းနက်စာပေအရေးအသားနှင့် ပတ်သက်၍ အကုန်အစင် ပြောဆိုနိုင်မှု၊ သရုပ်ဖော်နိုင်မှု၊ ရေးသားနိုင်မှု မရှိသေးပါ။ ပြန်လည်လေ့လာနေကြဆဲ ဖြစ်ပါသည်။ ဤစာတမ်းသည် ဒိုင်းနက်လူမျိုး ဖြစ်စဉ် သမိုင်းကြောင်းနှင့် ဘာသာစကား မျိုးရိုးအတွက် လေ့လာဖော်ထုတ်မှု ပြည့်စုံဦးမည် မဟုတ်ပါ။ ဆက်လက်လေ့လာရန် ကျန်ရှိနေပါသေးသည်။

## နိဂုံး

ဒိုင်းနက်လူမျိုး ဖြစ်စဉ်သမိုင်းကြောင်းနှင့် ဘာသာစကား မျိုးရိုးအကြောင်းကို စာပေ အထောက်အထားများ၊ ဘာသာစကား အထောက်အထားများဖြင့် သုတေသနပြုလေ့လာ ဖော်ထုတ်ခဲ့ပါသည်။ ထိုသို့ သုတေသနပြု လေ့လာ ဖော်ထုတ်ခြင်းဖြင့် တိုင်းရင်းသား ဘာသာစကားတစ်ခုကို ထိန်းသိမ်းရာရောက်သည့်အပြင် တိုင်းရင်းသားအချင်းချင်း နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံး ညီညွတ်မှုနှင့် ဘာသာစကားလေ့လာသူများအတွက်ပါ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ကဝိသာရဘိ၊ အရှင်။ သီရိပဝရ၊ အဂ္ဂမဟာရာဇဓိရာဇဂုရု (ရခိုင်ဆရာတော်)။ (၁၈၈၁)။ ***ညေဝတီအရေးတော်ပုံ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ကေသရ၊ အရှင်(ပါဠိတက္ကသိုလ်ဆရာကြီး)။ (၁၃၁၇)။ ***မာရယုနှင့် ဗေဓာရာဇဝင် ရှင်းတမ်း***။ ရန်ကုန်၊ ဒီမိုကရေစီပုံနှိပ်တိုက်။

ခင်ခင်အေး၊ ဒေါ်။ (၁၉၆၇)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၂၊ အပိုင်း ၄။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာစာပေ အသွေးအရောင် အဆင်အကွက်***။ ရန်ကုန်၊ ရာပြည့်စာပေ။

စက္ကိန္ဒ၊ အရှင်။ (၂၀၀၅)။ ***ရခိုင်ယဉ်ကျေးမှုများ***။ ရန်ကုန်၊ ကလျာပုံနှိပ်တိုက်။

ဆရာတော်ဘုရားကြီး၊ တောင်ကျောင်း။ (၁၃၃၁)။ ***ရာဇက္ကမသခေ်ပကျမ်း***။ ရန်ကုန်၊ ရွှေမြို့တော်စာပုံနှိပ်တိုက်။

ဇောတိပါလ၊ အရှင်။ (၂၀၁၄)။ ***သကျသာကီသက္ကမလူမျိုးဖြစ်စဉ်သမိုင်း***။ ရန်ကုန်၊ ဇင်ရတနာစာစာပေ။

တင်၊ ဦး။ (၂၀၁၂)။ ***မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဓမောင်(ပါမောက္ခ)၊ ဦး။ (၁၉၅၈)။ ***ပုဂံကျောက်စာလက်ရွေးစင်***။ ရန်ကုန်၊ ပညာနန္ဒ ပုံနှိပ်တိုက်။

ထွန်းမောင်၊ ဦး။ (ခုနှစ်မသိ)။ ***အလယ်တန်းကမ္ဘာ့သမိုင်း***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး။ (၂၀၀၇)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ထွန်းမြင့်၊ ဦး။ (၂၀၀၇)။ ***သဒ္ဒဗေဒ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)၊ ဦး။ (၂၀၀၀)။ ***ရခိုင်နယ်စပ်ဒေသမှ ရှေးဦးမြန်မာသက် လူမျိုးများ***။ စာအုပ်တိုက် မပါ။

ဖေမောင်တင်၊ ဦး။ (၁၉၅၈)။ ***ဘာသာလောကကျမ်း***။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

ဖေမောင်တင်၊ ဦး။ (၁၉၆၉)။ ***မြန်မာဝတ္ထုသမိုင်းနှင့် သုတေသနစာတမ်းများ***။ ရန်ကုန်၊ စိန်ပန်းမြိုင်စာပေတိုက်။

ဗသိန်း၊ မောင်။ (၁၉၉၆)။ ***ရခိုင်စာအရေးအသားနှင့် ပြဿနာများ***။ ရန်ကုန်၊ ရတနာမဥ္ဇူ ပုံနှိပ်တိုက်။

ဘုန်းကျော်၊ နတ်မောက်။ (၁၉၆၇)။ ***ရှေးခေတ်မြန်မာ့တပ်မတော်မှတ်စုများ***။ ရန်ကုန်၊ ဗိုလ်တထောင်ပုံနှိပ်တိုက်။

မင်းသိဏ်းထွဏ်း(မင်းပြား)။ (၂၀၀၈)။ ***မြသိန်းတန်သမိုင်းဝင်ဘုရား***။ ရန်ကုန်၊ ခရီးဖော်ပုံနှိပ်တိုက်။

သိန်းထွန်း၊ ဒေါက်တာ။ (၂၀၀၇)။ ***လေလှိုင်းသဒ္ဒဗေဒနှင့်မြန်မာ့သဒ္ဒဝိဂုမိုနိယာမဗေဒ***။ ရန်ကုန်၊ ဝင်းရတနာစာပေ။

သိမ်းမောင်(သတင်းစာဆရာ)၊ ဦး။ (၁၉၆၆)။ ***ရာဇသကြီ***။ ရန်ကုန်။ ဇွဲ-စာပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***ဘာသာစကား သုတေသန***။ ရန်ကုန်။ ပညာတန်ဆောင်ပုံနှိပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Sujana Chakma. (2014). ***Chakma Language:Survial from being extinct in Bangladish***. Bangladish. BRAC University.

Luce, GH. (1985). ***Phases of Pre-Pagan-Languages and History Vol(1)***. London. Oxford University Press.

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# ပုဂံခေတ်ထိုး အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်ကမည်းစာပေများ

ကျော်ဦးလွင်*

## စာတမ်းအကျဉ်း

မြန်မာနိုင်ငံ၏ အစောပိုင်း ကမ္ပည်းစာပေများကို လေ့လာလျှင် အိမ်နီးချင်းနိုင်ငံများ၏ ကမ္ပည်းစာပေများကို ချန်ထား၍မရပါ။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် ထွန်းကားခဲ့သော အက္ခရာများ၊ ဘာသာများ ဖြစ်သည့် ပါဠိ၊ သက္ကတနှင့် ဂုပ္ပတ၊ ကဒံဗ၊ ဗြာဟ္မီစသော အိန္ဒိယအက္ခရာများမှာ မြန်မာအက္ခရာ ပေါ်ပေါက်လာစေရန်သာမက မြန်မာအက္ခရာ၏ အဦးအစဟု ဆိုနိုင်သော မွန်အက္ခရာ၊ ပျူအက္ခရာ၊ ရက္ခဝဏ္ဏအက္ခရာများ ပေါ်ပေါက်လာစေရန် အတွက်လည်း အရေးကြီးသော ကဏ္ဍမှ ပါဝင်ပြီး အိန္ဒိယအက္ခရာများသည် ဖော်ပြပါ မွန်၊ ပျူ၊ ရခိုင်အက္ခရာများ၏ မိခင်အက္ခရာများ ဟုဆိုလည်း မမှားပါ။ အိန္ဒိယအက္ခရာများသည် မြန်မာအက္ခရာ ပေါ်ပေါက်ရေးအတွက် အရေးကြီးသကဲ့သို့ မွန်အက္ခရာ နှင့် မွန်ဘာသာ၏ မြန်မာအက္ခရာနှင့် မြန်မာစာပေအပေါ် လွှမ်းမိုးမှုသည်လည်း အရေးပါ ပါသည်။ မြန်မာအက္ခရာသည် မွန်အက္ခရာကို အခြေခံ၍ တီထွင်ခဲ့သဖြင့် မွန်ကျောက်စာ အပါအဝင် မွန်ကမ္ပည်းစာပေများ၊ မွန်နှင့် ဆက်စပ်နေသည့် မွန်ခမာ ကမ္ပည်းစာပေများ၊ အလားတူ ပုဂံခေတ်ကာလ ရေးထိုးခဲ့သည့် တမိလ်ကျောက်စာ၊ ယိုးဒယားကျောက်စာ၊ ပျူ–တရုတ် ကျောက်စာတို့ကိုလည်း ဆက်စပ်လေ့လာရန် လိုသည့်အတွက် အိမ်နီးချင်းနိုင်ငံများ၏ ဖော်ပြပါ ကမ္ပည်းစာပေများကို စုစည်းလေ့လာ တင်ပြသွားမည် ဖြစ်ပါသည်။

## နိဒါန်း

ဤစာတမ်းသည် မြန်မာစာပေ ပေါ်ပေါက်လာမှုနှင့်အတူ ပျူ ၊ မွန်၊ ရခိုင် စာပေများ၏ အခန်းကဏ္ဍနှင့် ဆက်စပ်မှုကိုပါ ကွင်းဆင်းလေ့လာ သုတေသနပြု တင်ပြထားသော စာတမ်း ဖြစ်ပါသည်။ မြန်မာကျောက်စာများကို ခေတ်ပြိုင်ထွန်းကားခဲ့သည့် ပျူ၊ မွန်၊ ရခိုင် ကျောက်စာများဖြင့်ပါ နှိုင်းယှဉ်လေ့လာ သုတေသနပြုလျက်ရှိသည့် အစောဆုံး မြန်မာကျောက်စာများနှင့် ခေတ်ပြိုင်ကျောက်စာများ ပါရဂူကျမ်းတွင် တင်ပြမည့် အကြောင်းအရာ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်ပါသည်။ အထူးသဖြင့် မြန်မာစာပေ၊ မြန်မာအက္ခရာတို့သည် သီးခြားတီထွင်ဖန်တီးခြင်း ဖြစ်ကြောင်း၊ မြန်မာစာပေ မြန်မာအက္ခရာ ပေါ်ပေါက်လာပြီးနောက်မှ ပုဂံအပါအဝင်

---

* မောင်၊ ပါရဂူကျောင်းသား၊ မြန်မာစာဌာန၊ ရန်ကုန်တက Úသိုလ်

ဒေသအနှံ့အပြားသို့ ရောက်ရှိထွန်းကားကြောင်း၊ သုတေသနပြု လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

## အိမ်နီးချင်းနိုင်ငံများ၏ ကမ္ပည်းစာပေများ

မြန်မာနိုင်ငံ၏ အစောပိုင်း ကမ္ပည်းစာပေများကို လေ့လာလျှင် အိမ်နီးချင်းနိုင်ငံများ၏ ကမ္ပည်းစာပေများကို ချန်ထား၍ မရပါ။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် ထွန်းကားခဲ့သော အက္ခရာများ၊ ဘာသာများဖြစ်သည့် ပါဠိ၊ သက္ကတနှင့် ဂုပ္ပတ၊ ကဒံဗ၊ ဗြာဟ္မီစသော အိန္ဒိယအက္ခရာများမှာ မြန်မာအက္ခရာ ပေါ်ပေါက်လာစေရန် သာမက မြန်မာအက္ခရာ၏ အဦးအစဟု ဆိုနိုင်သော မွန်အက္ခရာ၊ ပျူအက္ခရာ၊ ရက္ခဝဏ္ဏအက္ခရာများ ပေါ်ပေါက်လာစေရန်အတွက်လည်း အရေးကြီးသော ကဏ္ဍမှ ပါဝင်ပြီး အိန္ဒိယအက္ခရာများသည် ဖော်ပြပါ မွန်၊ ပျူ၊ ရခိုင်အက္ခရာများ၏ မိခင်အက္ခရာများဟု ဆိုလည်း မမှားပါ။

အိန္ဒိယအက္ခရာများသည် မြန်မာအက္ခရာ ပေါ်ပေါက်ရေးအတွက် အရေးကြီးသကဲ့သို့ တဖက်ကလည်း မွန်အက္ခရာနှင့် မွန်ဘာသာတို့သည် မြန်မာအက္ခရာနှင့် မြန်မာစာပေအပေါ် လွှမ်းမိုးခြင်းရှိခဲ့မှုသည်လည်း အရေးပါ ပါသည်။ မြန်မာအက္ခရာသည် မွန်အက္ခရာကို အခြေခံ၍ တီထွင်ခဲ့သဖြင့် မွန်ကျောက်စာ အပါအဝင် မွန်ကမ္ပည်းစာပေများ၊ မွန်နှင့်ဆက်စပ်နေသည့် မွန်ခမာ ကမ္ပည်းစာပေများ၊ အလားတူ ပုဂံခေတ်ကာလ ရေးထိုးခဲ့သည့် တမိလ်ကျောက်စာ၊ ယိုးဒယားကျောက်စာ၊ ပျူ-တရုတ်ကျောက်စာတို့ကိုလည်း ဆက်စပ်လေ့လာရန် လိုသည့်အတွက် ပုဂံခေတ်ထိုး အောက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံသုံး ကမ္ပည်းစာပေများကို တင်ပြအပ်ပါသည်-

(က) ရခိုင်ပြည်နယ်မှ အိန္ဒိယအက္ခရာများဖြင့် ရေးထိုးထားသော ကျောက်စာများ၊
(ခ) ထိုင်းနိုင်ငံမှ ပရပထုံကျောက်စာ၊ လော့ဗူရီကျောက်စာနှင့် ပုဂံမှ တွေ့ရှိသော ထိုင်းနှင့် ခမာအက္ခရာဖြင့် ရေးထိုးထားသော ကျောက်စာ
(ဂ) ကရင်ပြည်နယ်၊ ကော့ဂွန်းဂူ နံရံမှ မွန်ခမာကျောက်စာ၊
(ဃ) ပုဂံမှ တွေ့ရသော တမိလ်ကျောက်စာ၊
(င) ပုဂံမှ တွေ့ရသော ပျူ-တရုတ်ကျောက်စာ၊
(စ) ပုဂံမှ တွေ့ရသော သက္ကတကျောက်စာ။

### (က) ရခိုင်ပြည်နယ်မှအိန္ဒယအက္ခရာများဖြင့်ရေးထိုးထားသောကျောက်စာများ

ရခိုင်ပြည်နယ်သည် အိန္ဒိယနိုင်ငံနှင့် နီးကပ်သည်နှင့်အမျှ ရှေးယခင်ကာလများစွာကတည်းက ကူးလူးဆက်ဆံမှုများရှိခဲ့ပြီး ခရစ်တော်မပေါ်မီ ကာလကပင် ရခိုင်ပြည်နယ်သို့ အိန္ဒိယနိုင်ငံမှ အယူဝါဒ၊ ကိုးကွယ်ယုံကြည်မှုတို့နှင့်အတူ အိန္ဒိယအက္ခရာ၊ အရေးအသား၊ စာပေများ ရောက်ရှိခဲ့ကြောင်း ရခိုင်ပြည်နယ် အနှံ့အပြားမှ တွေ့ရှိရသည့် အိန္ဒိယအက္ခရာများ (ဗြာဟ္မီ၊ ဒေဝနာဂရီ၊ ဂုပ္ပတအက္ခရာများဖြင့် ရေးထိုးထားသည့် ကျောက်စာ)ဖြင့် ရေးထိုးထားသည့် ကျောက်စာများကို ထောက်ရှု သိရှိနိုင်ပါသည်။

ရခိုင်ပြည်နယ်မှ တွေ့ရှိခဲ့သည့် အိန္ဒိယအက္ခရာများဖြင့် ရေးထိုးထားသော ကျောက်စာများအနက် ရှေးအကျဆုံးမှာ ခရစ်တော် မပေါ်မီ ဘီစီ(၆)ရာစု အိန္ဒိယမြောက်ပိုင်း ဗြာဟ္မီအက္ခရာဖြင့် ရေးထိုးထားသော တောင်ပေါက်ကြီး ကျောက်စာကို အစောဆုံးအဖြစ် ရခိုင်ပညာရှင်များ ညွှန်းဆိုကြပါသည်။ ဝေသာလီစေတီပျက်မှ ရရှိသော "သစ္စက ပရိဗ္ဗာကဝိ" ဟု ပါဠိဘာသာဖြင့် ရေးသားထားသည့် စာပါရှိသော မိုက်ပူဘုရားကျောက်စာကို ဓညဝတီခေတ် အက္ခရာအရေးအသား (ဝေသာလီခေတ် အစောပိုင်းကာလ) ဟုလည်း ဖော်ပြကြသည်။ ရခိုင်ရာဇဝင်များအရ စန္ဒသူရိယမင်း (ဘီစီ ၅၀၀–၅၂၈)လက်ထက် ဘီစီ ၅၅၄ (တတိယ ဓညဝတီခေတ်)တွင် ဂေါတမမြတ်စွာဘုရားရှင်သည် ရဟန္တာငါးရာ ခြံရံလျက် ကောင်းကင်ခရီးဖြင့် ဓညဝတီမြို့အနောက်ဖက်၊ ကစ္ဆပနဒီမြစ်အရှေ့ဘက်ကမ်းရှိ သေလာဂီရိတောင်ထိပ်၌ ရပ်တန့်တော်မူခဲ့သည်ဟု ဆိုလိုသည့် စာသားရေးထားခဲ့ကြောင်း၊ ၁၉၃၂–၃၃ ခုနှစ်၊ ဧပြီလခန့်တွင် ကျောက်တော်တောင်နှင့် ဓညဝတီမြို့ဟောင်း အကြားရှိ တောင်ပေါက်ကြီးကျောက်နံရံပေါ်တွင် ဗြာဟ္မီအက္ခရာ ပါဠိဘာသာဖြင့် ရေးထိုးခဲ့သည်ကို ရခိုင်ပညာရှိ ဦးစံရွှေဖူးနှင့် တပည့်ဖြစ်သူ ဦးဦးသာထွန်းတို့ တွေ့ရှိကူးယူခဲ့ကြောင်း၊ စာကြောင်း (၂၅)ကြောင်းခန့် ရေးသားထားသော်လည်း (၅)ကြောင်းသာ ဖတ်ရှုနိုင်ကြောင်း သိရှိရပါသည်။[၁]

မဟာမုနိကုန်းတော်ပေါ် ဒုတိယအဆင့် အရှေ့မြောက်ထောင့် အရပ်ရှိ စမ္ပခံထက် ဒူးတစ်ဘက်ထောင်ပြီး တစ်ဘက်တင်ပလ္လင်ခွေထားသည့် ကျောက်ဆစ်နတ်ရုပ် အခြေတွင် ဗြာဟ္မီဘာသာဖြင့် စာကြောင်း (၁၂)ကြောင်း ရေးထိုးထားရာ (၆)ကြောင်းသာ ဖတ်ရှုရပြီး (လ၊ ဗ၊ ဟ) စာလုံး(၃)လုံး၏ အက္ခရာပုံများမှာ (အေဒီ

[၁] ဦးသာထွန်း၊ ဦး၊ ၁၉၃၂–၁၉၃၃၊ ၈၉။

၅ ရာစု မှ ၆ ရာစု) အတွင်း အိန္ဒိယမြောက်ပိုင်း၊ ဂုပ္တခေတ် အက္ခရာ[၁]များ (အချို့က အေဒီ ၄ – ၅) ရာစုဟု ဖော်ပြကြသည်။) ဖြစ်ကြရာ မဟာမုနိကုန်းတော်ပေါ်မှ ကျောက်ရုပ်ကြွများသည်လည်း ခေတ်ပြိုင်လက်ရာများပင် ဖြစ်သည်။ ဓညဝတီခေတ် နောက်တွင် ထွန်းကားခဲ့သော ဝေသာလီခေတ် (ပထမဝေသာလီ– ဘီစီ ၅၁၀ မှ အေဒီ ၃၇၀)(ဒုတိယဝေသာလီ– အေဒီ ၃၇၀ မှ ၆၀၀ အထိ) (တတိယဝေသာလီ– အေဒီ ၆၀၀ မှ ၇၂၀ အထိ)တွင် အိန္ဒိယမှ ဗုဒ္ဓဘာသာနှင့်အတူ ဟိန္ဒူဘာသာ၊ ဗြဟ္မဏ ဝါဒများ ပျံ့နှံ့ရောက်ရှိခဲ့ကာ အိန္ဒိယအက္ခရာများနှင့် ရေးထိုးထားသော ကျောက်စာ များပါ တွေ့ရှိခဲ့ရပါသည်။

ထို့နောက်ပိုင်းတွင် သဲကျောက်တုံးများပေါ်ထွင်းထုထားသည့် ကျောက်စာများ သာမက ဝေသာလီခေါင်းလောင်းစာ၊ အာနန္ဒစန္ဒြကျောက်စာများ စသည်ဖြင့် တွေ့ရှိ ခဲ့ကြောင်း၊ ကိုးကွယ်ယုံကြည်မှုနှင့်အတူ စာပေအက္ခရာ အရေးအသားများလည်း ပူးတွဲရောက်ရှိခဲ့ရာ ထိုကျောက်စာများ ရေးထိုးထားသည့် သက္ကတနှင့် ဗြာဟ္မီအက္ခရာ များမှတစ်ဆင့် ရက္ခဝဏ္ဏ သို့မဟုတ် ရခိုင်အက္ခရာ ပေါ်ပေါက်ခဲ့ကြောင်း၊ ဓညဝတီ ခေတ်တွင် မာဂဓစာပေခေါ် ဗြာဟ္မီအက္ခရာမှ ဂုန္တအက္ခရာ၊ ဝေသာလီခေတ်တွင် ဂုပ္တစာပေ၊ သက္ကတစာပေ၊ ယင်းမှ ရက္ခဝဏ္ဏအက္ခရာများ ဖြစ်လာပြီး ရခိုင်ပြည်တွင် တွေ့ရသောအက္ခရာဖြစ်၍ ရခိုင်စာ သို့မဟုတ် ရက္ခဝဏ္ဏစာဟု ခေါ်ဆိုခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ သက္ကတမှတစ်ဆင့် ရခိုင်–မြန်မာစာပေသို့ ဆင်းသက်လာပြီး ထိုသို့ အဆင့်ဆင့် စာပေတို့သည် ရောနှောယှက်တင်ကာ ထွန်းကားလာသည်[၂] ဟူသော လေ့လာသုံးသပ်ချက်များအရ ရက္ခဝဏ္ဏနှင့်မြန်မာအက္ခရာတို့သည် ဆင်တူပြီး ဆက်စပ်မှုရှိသည်ဟု ဆိုရပါမည်။

ဝေသာလီခေတ် အေဒီ ၃၂၀–၃၃၀ ခန့်က ဒွေင်စန္ဒြာမင်းသည် ဝေသာလီ ကျောက်ဆင်းတုဘုရားကြီးကို တည်ထားခဲ့ပြီး ကျောက်ဆင်းတု ကျောဘက်၌ ပါဠိ ဘာသာဖြင့် ယေဓမ္မာဂါထာကို ရေးထိုးခဲ့ပါသည်။ ဝေသာလီဘုရားကြီးကျောက်စာ (၄)ကြောင်း (ယေဓမ္မာ–မဟာသမဏ–) (ဝေသာလီခေတ်တွင် ရှေးအကျဆုံး အေဒီ ၄ ရာစု၊ မြောက်ပိုင်း ဗြာဟ္မီမှ အသွင်ပြောင်းလာသော အက္ခရာ၊ ပါဠိဘာသာဖြင့် ရေးထား) ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူးဝန်၏ နှစ်ချုပ်အစီရင်ခံစာ (၁၉၅၈–၅၉)တွင် ဤဝေသာလီဘုရားကြီးကျောက်စာ ရေးထိုးအက္ခရာမှာ ဂုပ္တအက္ခရာ၊ အက္ခရာလက်ရေးဝိုင်းပြီး ပါဠိဘာသာဖြင့် ရေးထိုးထားကြောင်း ဖော်ပြထားပါသည်။ ရေးထိုးကာလကိုလည်း အေဒီ ၅ ရာစုမှ ၆ ရာစု အကြားဟု ဖော်ပြထားပါသည်။

---

[၁] စံသာအောင်၊ ဦး၊ ၁၉၇၅၊ ၆၀။

[၂] A.S.B. ၁၉၅၈–၅၉၊ ၂၄–၂၅။

အလားတူ နီတိစန္ဒြာမင်းလက်ထက် အေဒီ ၄၇၀ ခုနှစ်ခန့်က ရေးထိုးခဲ့သော ယေဓမ္မာဂါထာကျောက်စာကိုလည်း ဝေသာလီ ဥဏှိုသကတောင်ပေါ်ရှိ စေတီတစ်ဆူမှ ရရှိခဲ့ပါသည်။ ဤကျောက်စာ၏ အက္ခရာပုံမှာ ဗြာဟ္မီအက္ခရာမှ ပြောင်းလဲလာသော အက္ခရာပွား သို့မဟုတ် ဂုပ္တအက္ခရာပွား သို့မဟုတ် ဂုပ္တအက္ခရာကို ပြုပြင်တီထွင် ပြောင်းလဲထားသော အက္ခရာပုံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ နီတိစန္ဒြား ကျောက်စာ (နီတိစန္ဒြားမင်း၏ မိဖုရားက အေဒီ ၄၇၈ ထိုးခဲ့) (ဇ–ဆက်မြောက် နီတိစန္ဒြားမင်း အေဒီ ၄၇၇–၅၃၂) လက်ထက်ထိုး၊ ဝေသာလီ ဥဏှိုသကတောင်မှ ရရှိ။ မြောက်ပိုင်း ဗြာဟ္မီအက္ခရာမှ အသွင်ပြောင်းလာသော ဂုပ္တအက္ခရာ၊ သက္ကတဘာသာ (ပါဠိဘာသာအနည်းငယ်ပါဝင်)ဖြင့် ရေးထား(၄ ကြောင်း)ပါသည်။ ဤကျောက်စာကို အိန္ဒိယကျောက်စာ ပါရဂူ မစ္စတာဒီးစီဆာရကားက ဂုပ္တခေတ်အက္ခရာနှင့် သက္ကတ ဘာသာဖြင့် ရေးထိုးထားပြီး အလှူရှင်မှာ သာဝိစာစန္ဒြဂြီယာ အမည်ရှိသော နီတိစန္ဒြာ မင်း၏ မိဖုရားက လှူဒါန်းထားသော ဝတ္ထုတစ်ခုကို အကြောင်းပြု ရေးထိုးထားသည်။ နီတိစန္ဒြာမင်းသည် အေဒီ ၅၂၀ ခုနှစ်လောက်မှ ၅၇၅ ခုနှစ်အထိ ရခိုင်၊ ဝေသာလီပြည် ထီးနန်းကို စိုးမိုးအုပ်ချုပ်မင်းလုပ်နေသော မင်းတစ်ပါး ဖြစ်သည်ဟု ယူဆသည်။

ဝေသာလီခေတ် အေဒီ ၅၂၅ တွင် စိုးစံသည့် ဝီရစန္ဒြားမင်း၏ ကျောက်စာ (၄ ကြောင်း) ကိုလည်း ဝေသာလီသင်းကျစ်ဓာတ်တော်တောင်ပေါ်ရှိ စေတီတစ်ဆူမှ ရရှိရာ နီတိစန္ဒြားကျောက်စာ အက္ခရာပုံနှင့် ဆင်တူကြောင်း တွေ့ရှိရပါသည်။

ဝေသာလီ ဝိရစန္ဒြားကျောက်စာ (ဝေသာလီသင်းချပ်တော်စေတီ မြောက်ဘက်) (အေဒီ ၅၃၂ တွင် ဤစေတီပေါင်း အဆူ(၁၀၀)ကို သင်းကျစ်ဓာတ်တော်တောင်၌ တည်ထားကြောင်း ရေးထိုးခဲ့။ ဗြာဟ္မီအသွင်ပြောင်း ဂုပ္တအက္ခရာ၊ သက္ကတဘာသာဖျက် ပါဠိဘာသာဖြင့် ထိုး။ (၄ ကြောင်း) (ယခု မြောက်ဦး ပြတိုက်) ဤကျောက်စာကို အိန္ဒိယကျောက်စာ ပါရဂူ မစ္စတာဒီးစီဆာရကားက ဝီရစန္ဒြားမင်း ကျောက်စာ ဖြစ်ကြောင်း၊ ၎င်းမင်းသည် တရားတော်ကို နှစ်သက်မြတ်နိုးသဖြင့် စေတီပုထိုးပေါင်း အဆူ (၁၀၀) တည်ဆောက် လှူဒါန်းကြောင်း ရေးထိုးခဲ့သည်ဟု ဖော်ပြထားသည်။ အေဒီ ၆ ရာစု ဖြစ်ပါသည်။

သံတွဲ ငလုံးမော်ကျောက်စာ (G.E Fryer က အေဒီ ၁၈၇၂ မှာတွေ့။ England, Oxford ပြတိုက် (The Royal Asiatic Society At the Museum of the India Institute Oxford)၌ ရှိ။ (စာကြောင်း ၇ ကြောင်း) (ကြောင်းရေ ၁ မှ ၃ အထိ ယေဓမ္မ အစချီ ဂါထာ။ ကြောင်းရေ ၄ မှ အဆုံးထိ) အလှူရှင် ဉပသကာများဖြစ်သော မိဂါနှင့် သာကောမဲတို့က မိဘနှစ်ပါးကိုရည်စူး၍ ကုသိုလ်ပြုခဲ့ကြောင်း ရေးထိုးထားပါသည်။ ဒေဝနာဂရီအက္ခရာ၊ (ASB တွင် ဂုပ္တအက္ခရာဟု ဖော်ပြထား) သက္ကတဘာသာ။

ဝေသာလီခေတ် အေဒီ ၈ ရာစု အတွင်းဟု ပါမောက္ခ ဂျွန်စတန်က ခန့်မှန်းထား ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှု (VSL-4) မှ တူးဖော်တွေ့ရှိသော သက္ကတ ကျောက်စာ (၁၀"× ၄"× ၇") ယေဓမ္မာစာကြောင်း ၄ ကြောင်း၊ သက္ကတဘာသာ၊ အေဒီ ၆ ရာစုသုံး ဂုပ္ပတအက္ခရာ)ကိုလည်း တွေ့ရှိထားပါသည်။

ရှင်ငယ်တက်ကျောက်စာ (ဝန်းတီးနတ်ကျွန်းကျောက်ရုပ်စာ) (မြောက်ဦးခေတ် နှင့်ဝေသာလီခေတ်) (ယခု မြောက်ဦးရှေးဟောင်းသုတေသနပြတိုက်) (ရှေ့မျက်နှာ– ၁၀ ကြောင်း သက္ကရာဇ် ၉၀၅ ဟူ၍ ပါရှိ၊ နောက်ကျော ၃၀ ခန့်အား သက္ကတဘာသာဖြင့် ရေးထားပါသည်။

ဝေသာလီသင်းကျစ်တော်ကျောက်စာ (ဝေသာလီခေတ်) (မြောက်ဦးပြတိုက်) (၄ ကြောင်း) ဂုပ္ပတအက္ခရာ (နီတိစန္ဒြားကျောက်စာများမှ အက္ခရာများနှင့် တူညီ၏။) "ယေဓမ္မာ" ဂါထာကိုလည်းကောင်း၊ အိုးထိန်းကျောက်စာ (ဝေသာလီခေတ် အေဒီ ၆ ရာစု) (၂၂ ကြောင်း) ကိုလည်းကောင်း၊ ဓမ္မဝိဇယကျောက်စာ (ဝေသာလီ၊ လင်းမြွေတောင်) ကိုလည်းကောင်း တွေ့ရှိခဲ့ပြီး များသောအားဖြင့် ကျောက်စာအကြောင်းအရာမှာ "ယေဓမ္မာ" အစချီဂါထာများပင် ဖြစ်ပါသည်။

ဝေသာလီ တူးမြောင်းကျောက်စာ (ဓမ္မစန္ဒြာမင်း ကျောက်စာ၊) (၁၀ ကြောင်း) သက္ကတဘာသာ (မြောက်ဦးပြတိုက်) (သတ္တဝါအပေါင်းတို့သည် အညစ်ကြေး သုံးပါး လောဘ၊ ဒေါသ၊ မောဟကို ဖယ်ရှားအပ်ပါကုန်၍ တဏှာ တည်းဟူသော လှိုင်းတံပိုး ပြင်းထန်သည့် ဘဝသမုဒ္ဒရာမှ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ချမ်းသာစွာ ရောက်ရပါစေသတည်း။ ဟု ရေးထိုးထားပါသည်။ "ဤစေတီကို ဖျက်ဆီးသူသည် သေသည်၏နောက်၌ တပြောင်ပြောင် တောက်လောင်လျက်ရှိသော ကြောက်မက်ဖွယ် ကောင်းသော ရောရုဝရဲသို့ ရောက်ပါစေသတည်း "၊ " ဤစေတီ စောင့်ရှောက်သူသည် နတ်ပြည်၌ ကပ်ကမ္ဘာသက်တမ်း ထောင်ပေါင်းများစွာ တည်ပါစေသတည်း"–ဟူ၍ ဆုတောင်းနှင့် ကျိန်စာတို့ကို ရေးထိုးထားရာ ရခိုင်ဒေသရှိ ကျောက်စာများတွင်ရော၊ ပုဂံခေတ်ကျောက်စာများတွင်ပါ တွေ့ရလေ့ရှိသည့် ဆုတောင်းနှင့် ကျိန်စာမျိုးကို အစောဆုံးတွေ့ရသည့် အထောက်အထားဖြစ်ပြီး ဝေသာလီခေတ် အေဒီ ၇ ရာစု နှောင်းပိုင်း ဓမ္မစန္ဒြာမင်းကြီး (အေဒီ ၇၀၄–၇၂၀) ရေးထိုးခဲ့ဟန်ရှိကြောင်း သိရသည်။ ပြိုင်းချာဘုရားကျောက်စာ (ဝေသာလီခေတ်) (မြောက်ဦးပြတိုက်) (၁၉ ကြောင်း)၊ ကျောက်စတူပါ စေတီငယ်များပေါ်မှစာများနှင့် ပလ္လင်မှစာ (ယေဓမ္မာ အစချီ ဂါထာများ) (ဗြာဟ္မီအက္ခရာ) (အေဒီ ၄ မှ ၆ ရာစု)၊ ဥဏှိုသာကတောင်စေတီ ကျောက်စာ

(ဝေသာလီခေတ်) (၅ ကြောင်း)၊ မင်းပြားမြို့၊ ကျိန်းတောင်ကျောက်စာ (အေဒီ ၅ ရာစု) (ဝေသာလီခေတ်) (၈ ကြောင်း) စသည့် ခေတ်အဆက်ဆက် ရေးထိုးထားသည့် ကျောက်စာများကိုလည်း မကြာသေးမီက ထပ်မံတွေ့ရှိစုဆောင်းခဲ့ပါသည်။

ဝေသာလီခေတ်တွင် အထူးခြားဆုံး၊ အရေးအကြီးဆုံးနှင့် တန်ဖိုးအရှိဆုံး ကျောက်စာတိုင်ကို အာနန္ဒစန္ဒြမင်းက အေဒီ ၆၅၀ တစ်ဝိုက်တွင် (အချို့က အေဒီ ၆၈၀ တွင် ရေးထိုးကြောင်း ဆိုကြ၏) ရေးသားစိုက်ထူခဲ့သည်။ လေးထောင့် ကျောက်စာတိုင် ဖြစ်ပြီး မျက်နှာသုံးဘက်၌ ကျောက်စာများ ရေးထိုးထားပါသည်။

အရှေ့ဘက်မျက်နှာရှိ စာများမှာ ရေးအကျဆုံးဟု ယူဆနိုင်သည့် အက္ခရာပုံများဖြင့် ရေးထိုးထားပြီး ဝေသာလီဒုတိယခေတ် အေဒီ–၃ ရာစုနှင့် ၆–ရာစုအတွင်း၌ ရေးထိုးခဲ့သည်ဟု မှန်းဆရပါသည်။ စာကြောင်းရေ (၆၉)ကြောင်း ပါရှိသည်။ ဒုတိယ ရေးကျသော စာတို့ကို အနောက်ဖက်မျက်နှာတွင် တွေ့ရပြီး ရှေ့ပြေး နာဂရီ အက္ခရာဖြင့် အေဒီ– ၇၂၉–လောက်က ရေးထိုးခဲ့သည်[၁] ဟုခန့်မှန်းရပြီး အာနန္ဒစန္ဒြမင်း လက်ထက် ဖြစ်ပါသည်။

ပညာရှင်အချို့ကလည်း အရှေ့ဘက်မျက်နှာ ရေးထိုးထားသော အက္ခရာမှာ ဂုပ္တအက္ခရာဖြစ်၍ သက္ကတဘာသာနှင့် ရေးထိုးသဖြင့် အခြားမျက်နှာ (၂)ဘက် ရှိသည့် အနက် ယင်းစာသည် ရေးအကျဆုံးစာဖြစ်သည်ဟု ခန့်မှန်းရ၏။ အနောက်ဘက် မျက်နှာ၌ နာဂရီအက္ခရာဖြင့် ရေးထိုးထားပြီး အေဒီ ၆ ရာစု ၇ ရာစု လောက်က စာဖြစ်၏[၂] ဟု ခန့်မှန်းထားကြပါသည်။

မြောက်ဖက်မျက်နှာတွင်ကား အေဒီ(၆၀၀)ခန့်က ရေးထိုးခဲ့သော စာကြောင်း (၄)ကြောင်း၊ ယင်း၏အောက်၌ အေဒီ(၁၁)ရာစုခန့်က အစောပိုင်း ဘင်္ဂါလီအက္ခရာနှင့် တူသောစာလုံးတို့ဖြင့် စာကြောင်း (၆၉)ကြောင်း ရေးထိုးထားပါသည်။ မြောက်ဖက် မျက်နှာရှိ အက္ခရာစာလုံးများသည် ဖတ်မရလောက်အောင် ပျက်စီးပြုန်းတီးနေသည်။ ဘင်္ဂါလီစာ (၆၉)ကြောင်းနှင့်ပတ်သက်၍ ပါမောက္ခ ဂျွန်စတင်၏ လေ့လာချက်အရ အေဒီ(၁၀)ရာစု နောက်ပိုင်းတွင် ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု မှန်းဆရပါသည်။[၃]

ဒေါက်တာပင်မလာဂတ်မင်က ကျောက်စာအက္ခရာတို့မှာ ဘင်္ဂလားပြည် စန္ဒြ မင်းဆက်ဝင် မင်းတစ်ပါးဖြစ်သည့် ဂိုဗင်ဒါစန္ဒြ (အေဒီ–၁၀၂၀–၁၀၅၅)လက်ထက်သုံး

[၁] ဦးသာထွန်း၊ ဦး၊ ၁၉၃၂–၁၉၃၃၊ ၄၄–၄၅၊ ၁၁၇။
[၂] စောထွန်းအောင်၊ ဒေါက်တာ၊ ၁၉၆၁ ၊ ၄၈။
[၃] A.S B. ၁၉၅၈–၅၉၊၂၄–၂၅။

စာလုံးများနှင့် ဆင်တူကြောင်း[၁] ခြုံငုံသုံးသပ်ပါက အစောပိုင်း ဘင်္ဂါလီစာအများစုမှာ အေဒီ(၁၁)ရာစုသုံး ဖြစ်ပြီး အချို့အက္ခရာတို့မှာ အေဒီ(၉)ရာစုနှင့် (၁၀)ရာစုသုံး များလည်း ပါဝင်ကြောင်း ဆိုထားပါသည်။

အာနန္ဒစန္ဒြာမင်း နောက်ပိုင်းတွင် သီရိစန္ဒြာမင်း၊ သိင်္ဂစန္ဒြာမင်းနှင့် စူလစန္ဒြာမင်းတို့ ဆက်ခံကြောင်း ရခိုင်ရာဇဝင်များတွင် ဖော်ပြကြသည်။ အထူးသဖြင့် စူလစန္ဒြာမင်းသည် ဝေသာလီ၏ နောက်ဆုံးမင်းဖြစ်ကြောင်း ရခိုင်သုတေသီပညာရှင်များက သဘောတူ လက်ခံကြပြီး စူလစန္ဒြာမင်းလက်ထက်တွင် သွန်းလုပ်သော ဒင်္ဂါးအသေး၊ အလတ်နှင့် အကြီးဟူ၍ သုံးမျိုး တွေ့ရပါသည်။

အဆိုပါ ဒင်္ဂါးများတွင် "စူလမဟာရာဇာ" ဟူသောစာကို ဝိုင်းစက်သည့် အက္ခရာဖြင့် ရေးထားရာ အက္ခရာနှင့် စာပေအရေးအသား ပြောင်းလာကြောင်း ဖော်ပြသော လက္ခဏာတစ်ရပ်[၂] ဖြစ်သည်ဟု သုံးသပ်ကြပါသည်။ အချို့ကလည်း စူဠစန္ဒြဒင်္ဂါးပြားပါစာတမ်းမှာ သက္ကတအက္ခရာဖြင့် မဟုတ်ဘဲ ယနေ့ မြန်မာအက္ခရာ နှင့်နီးစပ်နေသည်မှာ ထူးခြားချက်တစ်ရပ်ဟု သုံးသပ်ကြပါသည်။

အိန္ဒိယနိုင်ငံမှ ဗြာဟ္မီဏာဘာသာ၊ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာစသော ကိုးကွယ် ယုံကြည်မှုနှင့်အတူ စာပေအက္ခရာများပါ ရခိုင်ဒေသရှိ ဓညဝတီ၊ ဝေသာလီမြို့များသို့ ရောက်ရှိခဲ့ရာ အစောဆုံးတွေ့ရှိသော ကျောက်စာများသည် ဗြာဟ္မီဏာဝါဒဆိုင်ရာ ရုပ်ကြွများနှင့် ဗုဒ္ဓဘာသာဆိုင်ရာများ အများဆုံး ဖြစ်ပါသည်။ ရခိုင်ပြည်နယ်မှ တွေ့ရသော အေဒီ ၁၁ ရာစု မတိုင်မီ ရေးထိုးသည့် ကျောက်စာအများစုသည် အိန္ဒိယအက္ခရာ (ဝါ) ဗြာဟ္မီအက္ခရာဖြင့် ရေးထားပြီး သက္ကတဘာသာဖြင့် ရေးထိုးထား ကြောင်း၊ အထက်ဖော်ပြပါ ကျောက်စာများအနက် ယေဓမ္မာ ကျောက်ပြားစာနှင့် ဝေသာလီ ကြေးဆီမီးခွက်စာမှ လွဲ၍ ကျန်ကျောက်စာအများစုသည် ဗြာဟ္မီမှ အသွင် ပြောင်းလာသော အက္ခရာအများစုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဖော်ပြပါ ကျောက်စာ များမှ အက္ခရာများသည် အိန္ဒိယမြောက်ပိုင်းသုံး ဗြာဟ္မီပွား အက္ခရာများနှင့် ဆင်တူပြီး အေဒီ ၆ ရာစုသုံး ယသောဒါမံ ဗျည်းများနှင့် အနီးစပ်ဆုံးတူကြောင်း၊ ရခိုင်အက္ခရာ များသည် ပျူအက္ခရာများနှင့်လည်း မတူကြောင်း၊ ရခိုင်ပညာရှင်အချို့က ဝေသာလီ ခေတ်နှောင်းပိုင်း စန္ဒြားမင်းတို့၏ နောက်ဆုံးမင်းဖြစ်သည့် စူဠစန္ဒြားမင်း လက်ထက်တွင် သွန်းလုပ် သုံးစွဲသော ငွေဒင်္ဂါးများ၌ "စူဠမဟာရာဇာ"* ဟု ဝိုင်းစက်သော ရက္ခဝဏ္ဏ ခေါ် ယနေ့ မြန်မာအက္ခရာနှင့် နီးစပ်သည့် ရခိုင်အက္ခရာ ပေါ်ပေါက်နေပြီဟု ဆိုချင်

---

[၁] စောထွန်းအောင်၊ ဒေါက်တာ၊ ၁၉၆၁၊ ၄၉။

[၂] စောထွန်းအောင်၊ ဒေါက်တာ၊ ၁၉၆၁၊ ၄၉။

ကြကြောင်း၊ ထို့ကြောင့် ဝေသာလီမြို့ဟောင်းမှ ကြေးဆီမီးခွက်စာသည် လက်ရေးဝိုင်း နေသော်လည်း အက္ခရာပုံအရ ဝေသာလီ နှောင်းခေတ် ခရစ်သက္ကရာဇ် ဆယ်ရာစု ပထမပိုင်း၌ ရေးထိုးသော အက္ခရာပုံမျိုး ဖြစ်သည်ဟု ရခိုင်ပညာရှင်အချို့က ယူဆကြကြောင်း[၁] စသည့်အထောက်အထားများကို သုံးသပ်၍ ရက္ခဝဏ္ဏအက္ခရာ ပေါ်ပေါက်လာမှုကို တွက်ဆနိုင်ပါသည်။

## (ခ) ထိုင်းနိုင်ငံမှ ပရပထုံကျောက်စာ၊ လော့ဗူရီကျောက်စာနှင့် ပုဂံမှ တွေ့ရှိသော ထိုင်းနှင့်ခမာအက္ခရာဖြင့် ရေးထိုးထားသော ကျောက်စာ

ရေးမွန်ဘာသာဖြင့် ရေးထိုးထားသော အစောဆုံးကမ္ပည်းစာပေ အထောက်အထားအဖြစ် ထိုင်းနိုင်ငံ၊ ပရပထုံ၌ တွေ့ရသော ကျောက်စာနှင့် လော့ဗူရီကျောက်စာ (ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ အမျိုးသားစာကြည့်တိုက်တွင် ရှိသည်)ကို အေဒီ၇ ရာစုတွင် ရေးထိုးခဲ့ကြောင်း၊ မွန်အက္ခရာသမိုင်းနှင့် အက္ခရာပေါ်ပေါက်လာပုံကို လေ့လာသုတေသနပြုနိုင်သည့် အရေးပါသော ကျောက်စာများ ဖြစ်ကြောင်း၊ ခရစ်နှစ်ဦးပိုင်းကာလမှစ၍ ရေးမွန်ဘာသာဖြင့် ရေးထိုးသော မွန်ကျောက်စာများမှာ မွန်ဘာသာနှင့် ပါဠိတို့ ရောနှောရေးသားကြကြောင်း၊ အထူးသဖြင့် ဗုဒ္ဓစာပေဖြစ်သော ပါဠိစာပေသည် သုဝဏ္ဏဘူမိဒေသတွင် များစွာအသုံးပြုခဲ့ကြကြောင်း ပညာရှင်များက သုတေသနပြုဖော်ထုတ်ထားခဲ့ကြပါသည်။

ပုဂံဒေသတစ်ဝိုက်တွင် ပျူ၊ မြန်မာ၊ မွန်၊ ပါဠိ၊ သက္ကတ၊ ထိုင်း(ယိုးဒယား)၊ ထိုင်း–ခမာ၊ တမီလ်၊ တရုတ်ကျောက်စာများ တွေ့ရှိရသည်။ အနော်ရထာမင်းနှင့် ကျန်စစ်သားမင်းတို့၏ နန်းပြုကာလတွင် မွန်ကျောက်စာ အထောက်အထား အများဆုံး ဖြစ်ပါသည်။ မြန်မာ၊ ပျူ၊ မွန်၊ ပါဠိ လေးဘာသာ ရေးထိုးထားသော မြစေတီကျောက်စာ မတိုင်မီ ပုဂံတွင် မွန်ကျောက်စာ တစ်မျိုးတည်းသာ ရေးထိုးခဲ့ကြောင်း တွေ့ရှိရသည်။

ခရစ်နှစ် ၁၁–ရာစု ကျန်စစ်သားမင်း နန်းပြုကာလတွင် ရေးထိုးသော မွန်ကျောက်စာများအဖြစ် သထုံအနီး ဘီးလင်းမြို့ရှိ ညောင်ဝိုင်းကျောက်စာ၊ ကျိုက်တဲကျောက်စာနှင့် ကျိုက်တလန်းကျောက်စာ (ရန်ကုန်တက္ကသိုလ်၊ စာကြည့်တိုက်) ပြည်ရွှေဆံတော် မွန်ကျောက်စာ၊ သထုံကလျာဏီ သိမ်ကျောက်စာတို့ကို တွေ့ရသည်။ ကျန်စစ်သားမင်း နန်းတက်ချိန်ထက်စောသည်ဟု ယူဆနိုင်သော အက္ခရာပုံသဏ္ဍာန်စောသော မွန်ကျောက်စာတို့မှာ တြပ်ကျောက်စာနှင့် ပဏ္ဍိတ်ကျောက်စာ ဖြစ်သည်။

---

[၁] ဦးအောင်သာဦး၊ ရခိုင်ယဉ်ကျေးမှု ဝေသာလီခေတ် (စာ–၄၂)

ယင်းတို့ကို သထုံတွင် တွေ့ရှိရသည်။ ပုဂံနှင့် အနီးတစ်ဝိုက်မှလည်း မြကန် ကျောက်စာ၊ အလံ–ပုဂံ ကျောက်စာ၊ ကျန်စစ်သား အတ္ထုပ္ပတ္တိကျောက်စာ၊ ကျန်စစ်သား နန်းတည် ကျောက်စာများ တွေ့ရှိရပါသည်။ တွေ့ရသမျှ ကျောက်စာအားလုံးသည် မွန်ဘာသာဖြင့်ပင် ရေးထိုးထားပြီး ကျန်စစ်သားမင်းကြီး၏ ဆောင်ရွက်မှုများကို ခမ်းခမ်းနားနား ဖော်ပြမှတ်တမ်းတင်ထားသည်။

ထိုကာလတွင် အခြားဘာသာစကားဖြင့် ရေးသော ကျောက်စာ အထောက် အထားကို ယနေ့အထိ မတွေ့ရသဖြင့် မွန်ဘာသာကို အဓိကသုံးစွဲခဲ့ကြောင်း ခိုင်ခိုင် မာမာ ပြောနိုင်ပါသည်။ အလားတူ ကျန်စစ်သားမင်း၏ကောင်းမှု အာနန္ဒာဘုရားရှိ ငါးရာ့ငါးဆယ်ဇာတ်တော်နှင့် မာရ်စစ်သည်ဆိုင်ရာ စဉ့်ကွင်းစာများ၊ မြင်းကပါ ဂူပြောက်ကြီးဘုရားအတွင်း နံရံမင်စာများတွင် မွန်ဘာသာဖြင့် ရေးသားထားပြီး မြန်မာစာ၊ မြန်မာအက္ခရာ အရေးအသား မတွေ့ရသေးသဖြင့် ပုဂံတွင် မွန်ဘာသာနှင့် မွန်အက္ခရာ ဖွံ့ဖြိုးထွန်းကားနေမှုနှင့် လွှမ်းမိုးမှုကို သုံးသပ်ကြည့်နိုင်ပါသည်။

အနော်ရထာမင်း ကာလမတိုင်မီ စာပေ၊ အက္ခရာဟူ၍ ခိုင်ခိုင်မာမာ မတွေ့ရ သေးသော်လည်း အနော်ရထာမင်း လက်ထက်မှ စတင်၍ အုတ်ခွက်စာများတွင် မွန်ဘာသာ၊ သက္ကတဘာသာ၊ ပါဠိဘာသာ အရေးအသားများအား မွန်အက္ခရာ၊ နာဂရီ အက္ခရာတို့ကို အသုံးပြု၍ ရေးသားထားမှုများ စတင်တွေ့ရှိခဲ့ပါသည်။ အဆိုပါ ကာလက အုတ်ခွက်များတွင် မြန်မာအက္ခရာ၊ မြန်မာစာဖြင့် ရေးထားသည်ကို မတွေ့ရပဲ မွန်ဘာသာ၊ မွန်အက္ခရာဖြင့်သာ အများဆုံး ရေးသားသည်ကို တွေ့ရှိရ ပါသည်။

ထို့ကြောင့် အနော်ရထာမင်း မတိုင်မီ ကာလအထိ ပုဂံတွင် မည်သည့် စာပေ၊ အက္ခရာမှ ရေးသားသုံးစွဲခြင်းမရှိဟု ယူဆရမည်ဖြစ်ပါသည်။ အနော်ရထာမင်း သထုံကို တိုက်ပြီး ပိဋကတ်(၃)ပုံနှင့်အတူ ဗုဒ္ဓစာပေ (ဝါ) ပါဠိ၊ သက္ကတဘာသာ တို့သည် သထုံဒေသသုံး မွန်ဘာသာ၊ မွန်အက္ခရာနှင့်အတူ ရောက်ရှိလာပြီး မွန်ဘာသာသည် ပုဂံဒေသ၏ အရပ်သုံး၊ ရုံးသုံးဘာသာ ဖြစ်ခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။

၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့က ပုဂံဒေသမှ တူးဖော်ရရှိသည့် ကျောက်စာ (၄၅ စင်တီမီတာ × ၇၅ စင်တီမီတာ) တစ်ချပ်သည် ထိုင်း (ယိုးဒယား) အက္ခရာနှင့် ခမာအက္ခရာများဖြင့် ရေးထိုးထားပြီး စာကြောင်းရေ (၂၅)ကြောင်း ပါရှိသည်။ ၁၉၆၀ ခုနှစ်က ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ အမျိုးသားစာကြည့်တိုက်မှ ကျောက်စာပညာရှင် Prof; ChamThongkhamwan က ဖတ်ရှုလေ့လာ၍ ဘာသာ

ပြန်ဆိုခဲ့ရာ အယုဒ္ဓယခေတ်ပုံစံ (၁၆ ရာစု အလယ်) အက္ခရာဖြင့် ထိုင်းဘာသာ ကျောက်စာဖြစ်ကြောင်း၊ ထိုင်းဘုရင့် အမှုထမ်းများဖြစ်သော Muen Rajamontri Ok-khun Kaew Khun Thongraksaa တို့ (၃)ဦးက ပုဂံဒေသရှိ မိုးဇလရွာ (Mojla) အနီး ဘုန်းကြီးကျောင်းအတွက် လယ်မြေ လှူဒါန်းသည့်အကြောင်း ရေးထိုးထားသည့် ဆုတောင်းစာနှင့် ကျိန်စာများ ပါရှိသည့် ကျောက်စာဖြစ်ကြောင်း သိရပါသည်။

ပုဂံခေတ်ဦးပိုင်း မဟုတ်သော်လည်း ထိုင်း–ခမာ အက္ခရာသည် ခရစ်နှစ် ၁၆ ရာစုလယ်အထိ မွန်အရေးအသား လွှမ်းမိုးနေဆဲဖြစ်ကြောင်း၊ ထို့အတူ အလှူဒါန မှတ်တမ်းတင်ရေးထိုးမှုဓလေ့ ဆက်လက်တည်ရှိဆဲ အနေအထားနှင့် ထိုင်းအနွယ်များ ပုဂံဒေသအနီး နေထိုင်အခြေချခြင်းနှင့် ကူးလူးဆက်ဆံမှုတို့ရှိကြောင်းကို ဖော်ပြနိုင်သော ကျောက်စာ ဖြစ်ပါသည်။

## (ဂ) ကရင်ပြည်နယ်၊ ကော့ဂွန်းဂူနံရံမှ မွန်ခမာကျောက်စာ

ကရင်ပြည်နယ်၊ ဘားအံမြို့အနီး၊ ဘားကပ်ရွာရှိ ကော့ဂွန်းဂူအတွင်း ရပ်တော်မူ ကျောက်ဆင်းတုတော်၏ သက်နှင်းပေါ်တွင် ရေးထိုးထားသည့် ရှေးမွန်ကမ္ပည်းစာ (၂၃–ကြောင်း)တွင် သက္ကရာဇ် မပါသော်လည်း အက္ခရာပုံနှင့် အရေးအသားကို လေ့လာပါက ကကြီးတချောင်းငင်ဆွဲပုံမှာ အလယ်ဗဟိုမှ ဖြစ်ပြီး သထုံရွှေစာရံ ဘုရားဝင်းရှိ တြပ်နှင့် ပဏ္ဍိတ်ခေါ် မွန်ကျောက်စာတို့၌ ပါရှိသည့် (မကုတ်) ဟူ၍ မနုဟာမင်း အမည်မှန်ကို ရေးသကဲ့သို့ ဖြစ်သည်။ ----- ဟု ပရပထုံနှင့် လော့ဗူရီ မွန်ကျောက်စာများ၌ ပါရှိသည့် အက္ခရာတို့နှင့် နီးစပ်လေသည်။ လော့ဗူရီ မွန်ကျောက်စာကို (၈)ရာစုထိုး ဟူ၍လည်းကောင်း၊ ပရပထုံ မွန်ကျောက်စာကို (၆) ရာစုထိုး ဟူ၍လည်းကောင်း၊ ပြင်သစ်ပါရဂူကြီး ဒေါက်တာဂျော့ဇေဒီးက အက္ခရာ အရေးအသားကို မူတည်၍ တည်းဖြတ်ထားသည်။ ထိုကော့ဂွန်းဂူ မွန်ကျောက်စာသည် ထိုကျောက်စာများကဲ့သို့ ရှေးမကျလှသော်လည်း သထုံပြည်ကို ပုဂံပြည့်ရှင် အနော်ရထာမင်း သိမ်းပိုက်သည့် အေဒီ (၁၀၅၇) မတိုင်မီက ကမ္ပည်းထိုးခဲ့ဟန် တူကြောင်း မှန်းဆရပါသည်။

## (ဃ) ပုဂံမှတွေ့ရသော တမိလ်ကျောက်စာ

ပုဂံဒေသ မြင်းကပါရွာအနီးမှ အိန္ဒိယတောင်ပိုင်း ဂြန္ထအက္ခရာဖြင့် သက္ကတ ဘာသာ၊ တမီလ်အက္ခရာ တမီလ်ဘာသာတို့ဖြင့် ရေးထိုးထားသော စာကြောင်း ၉ ကြောင်းပါ ကျောက်စာအကြောင်းကို ၁၉၀၂–၀၃ ရေးဟောင်းသုတေသန ညွှန်ကြား

ရေးဝန်၏ နှစ်ချုပ်အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားပါသည်။ တမီလ်ကျောက်စာ ဘာသာ ဖတ်ရှုနိုင်သော အိန္ဒိယရေးဟောင်းသုတေသန ကျောက်စာဝန် ဒေါက်တာ အီးဟူလ်ဇ်၏ ဖတ်ရှု ဘာသာပြန်ဆိုချက်အရ တမီလ်ကျောက်စာကို သိရှိရပါသည်။

တမီလ်ကျောက်စာတွင် ခုနှစ် သက္ကရာဇ် မပါသော်လည်း ရေးထိုးထားသော အက္ခရာပုံကို ထောက်၍ ကျောက်စာရေးထိုးသော ကာလမှာ အေဒီ ၁၂၀၀ မှ ၁၃၀၀ အတွင်း ဖြစ်နိုင်ကြောင်း၊ အိန္ဒိယတောင်ပိုင်း၊ ကေရာလပြည်နယ်မှ ကုလသေခရာယိရာဏ် သိရီယာန်သည် ပုဂံတွင် ရှိသော "နာနာဒေဂိဝိဏ္ဏုဂရ" အမည်တွင်သည့် ဗိဿနိုး နတ်ကွန်း အဆောက်အဦတွင် လှူဒါန်းခြင်းကိစ္စ မှတ်တမ်းတင်ရေးထားခြင်း ဖြစ်သည်။ သက္ကတဘာသာဖြင့် ဗိဿနိုးနတ်အား ကြည်ညိုခြင်းဝတ်ရွတ်စဉ်ကျမ်းမှ ဂါထာကို တစ်ပိုင်း ရေးထိုးထားပြီး တမီလ်ဘာသာဖြင့် ဒုတိယအပိုင်းကို ရေးသား ထားကြောင်း တွေ့ရှိရပါသည်။[၁]

ဤကျောက်စာအရ ပုဂံတွင် ဗိဿနိုးနတ်ကွန်း အဆောက်အအုံ တစ်ခု အေဒီ ၁၁ ရာစု လောက်က ဆောက်လုပ်ကြကြောင်း၊ ကျန်စစ်သားမင်းကြီး ကိုယ်တိုင် မိမိကိုယ်ကို ဗိဿနိုးနတ် ဝင်စား၍ ပုဂံတွင် မင်းဖြစ်လာကြောင်း၊ ကျန်စစ်သား အတ္ထုပ္ပတ္တိကျောက်စာ၊ နန်းတည်ကျောက်စာ အပါအဝင် ကျောက်စာများတွင် ဖော်ပြ ထားချက်အရ အေဒီ ၁၁ ရာစု ကာလက ပုဂံတွင် ဗိဿနိုးနတ် ကိုးကွယ်သော ဗြဟ္မဏဘာသာဝင်များ အရေးပါ အရာရောက်မှု၊ ထေရဝါဒနှင့်အပြိုင် ကိုးကွယ် ယုံကြည်မှုများရှိမှုတို့ကို တွေ့ရှိနိုင်ပါသည်။

အလားတူ ကျောက်စာတွင် သုံးထားသည့် ဂြန္ထအက္ခရာနှင့် ပတ်သက်၍လည်း ဂြန္ထအက္ခရာသည် တမီလ်ဒေသတွင် သက္ကတဘာသာကို ရေးသားရာတွင် အသုံးပြုသော အက္ခရာဖြစ်ပြီး ရေးကျသော ဂြန္ထအက္ခရာမှာ အေဒီ ၇၀၀ မတိုင်မီကပင် ရေးသားလေ့ ရှိပြီး ခေတ်ကာလ အသီးသီးတွင် ပြောင်းလဲလာသော်လည်း အေဒီ ၁၂၅၀ လောက် မှစ၍ ယနေ့ ဂြန္ထအက္ခရာနှင့် ကွဲပြားခြင်း မရှိတော့ကြောင်း သိရပြီး တမီလ်အက္ခရာ သည်လည်း အေဒီ ၇ ရာစု ဦးပိုင်းကပင် ပေါ်ပေါက်လာပြီး တမီလ်အက္ခရာနှင့် ဂြန္ထအက္ခရာတို့မှာ ကွဲပြားမှု သိပ်မရှိဘဲ ခပ်ဆင်ဆင်တူပြီး လုံးလုံးတူသော အက္ခရာ များပင် ပါဝင်ကြောင်း၊ ပုဂံမှ တမီလ်ကျောက်စာပါ အက္ခရာပုံမှာ အိန္ဒိယနိုင်ငံတွင် ခရစ်နှစ် ၁၀ ရာစု မှ ၁၂၅၀ လောက်ထိ ရေးထိုးသော အလယ်ခေတ် တမီလ် အက္ခရာပုံဖြစ်ပြီး ယခု တမီလ်ကျောက်စာ ရေးထိုးရာတွင်လည်း အိန္ဒိယနိုင်ငံ တမီလ် ဒေသ၌ သက္ကတကျမ်းဂန်စာပေများ ရေးသားရာတွင် ဂြန္ထအက္ခရာကို သုံးသော

[၁] ဦးဗိုကေ၊ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ် (စာ ၈၉-၉၀)

အစဉ်အလာအတိုင်း မုကုန္ဒမာလာမှ သက္ကတဂါထာကို ဂြန္ထအက္ခရာဖြင့်လည်းကောင်း၊ အခြားအကြောင်းအရာစကားပြေကို တမီလ်ဘာသာ၊ တမီလ်အက္ခရာဖြင့်လည်းကောင်း ရေးထိုးထား၍ ပုဂံခေတ်ကာလ၏ ရှုထောင့်စုံကို လေ့လာသုံးသပ်နိုင်သည့် တန်ဖိုးကြီးမားသော ကျောက်စာတစ်ချပ် ဖြစ်ပါသည်။

## (င) ပုဂံမှ တွေ့ရသော ပျူ–တရုတ်ကျောက်စာ

ပုဂံသရပါတံခါးအနီးမှ တွေ့ရပြီး[၁] ပုဂံခေတ်၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအကြောင်း ရေးထိုးမှတ်တမ်းတင်ထားသော ကျောက်စာဖြစ်သည်ဟု ယူဆကြပါသည်။ ပျူဘာသာမျက်နှာဘက်တွင် စာလုံး(၁၉)လုံးခန့် ဖတ်နိုင်သော်လည်း တရုတ်ဘာသာဘက်တွင် အနည်းငယ် ပိုမိုဖတ်ရှုနိုင်ပါသည်။

ရှေးဟောင်း တရုတ်အက္ခရာဖြင့် ရေးထိုးထားသော ကျောက်စာကို တရုတ်နိုင်ငံ၊ ရှေးဟောင်းသုတေသနဌာနသို့ ပေးပို့ခဲ့သော်လည်း အောက်ပါ အချို့စာလုံးများ အပါအဝင် စာလုံး (၈၀)ခန့်သာ၊ တချို့အဝက် တစ်လုံးချင်း သိရှိဘာသာပြန်ဆိုရရှိသော်လည်း စာကြောင်းလိုက်၊ စာပိုဒ်လိုက်၊ အကြောင်းအရာအလိုက် ဘာသာပြန် ဖတ်နိုင်ခြင်း မရှိပါ။

| | |
|---|---|
| မိယန် Mein (မြန်မာ ) | ( ၂– နေရာပါရှိ) |
| ဟုန်ဖ Huang Fa ( ရာဇဥပဒေ) | ( အကြိမ်များစွာ ရေးသားထား) |

ပညာရှင်များ ခန့်မှန်းပြန်ဆိုချက်အရ အချို့စာလုံးများကို ဆက်စပ်၍ ဖော်ထုတ်လေ့လာကြပါသည်။

(၁) ယူနန်မှအရာရှိများ အခြားပြည်နယ်သို့ ရောက်သောအခါ (ကရ – ၁၃၊ ၁၄) (၂–ကြိမ် ၊ ၃–ကြိမ် တွေ့ရသည်။)

(၂) “မိယန် (မြန်မာ)နိုင်ငံကို ဖျက်ဆီးရန်မဟုတ်” (ကရ – ၂၄)

အဓိက အားနည်းချက်မှာ တရုတ်ဘာသာနှင့် မြန်မာဘာသာ ရေးသားနည်း မတူညီမှုကြောင့် ဖြစ်ကြောင်း၊ တရုတ်စာသည် လက်ယာဘက် စတင်၍ အထက်မှ အောက်သို့၊ ၎င်းစာကြောင်း ဆုံးပါက နောက်တစ်ကြောင်းကိုလည်း အထက်မှ အောက်သို့ ရေးရကြောင်း၊ ယခုကျောက်စာတွင် တရုတ်စာရေးနည်း မဟုတ်ပဲ တရုတ်စာကို မြန်မာစာရေးသကဲ့သို့ လက်ဝဲဘက်မှ လက်ယာဘက်သို့ အလျားလိုက်

---

[၁] ယခု ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ ရှေးဟောင်းကမ္ပည်းစာပေများ ပြခန်း၌ ပြသထားသည်။

ရေးသားခဲ့ခြင်းကြောင့် မည်သူမျှ မဖတ်နိုင်ခြင်း ဖြစ်ကြောင်း၊[၁] တရုတ်မှတ်တမ်းတစ်ခု ဖြစ်သော ယုန်ရှိ Yuan Shin သမိုင်းကျမ်းတွင် မှတ်တမ်းတင်မှုများကို လေ့လာ၍ ပုဂံဘုရင် ကျော်စွာမင်းကြီးသည် အေဒီ ၁၂၉၆ ခုနှစ်တွင် သားတော် သင်္ဂပတေ့ ဦးဆောင်သည့် သံအဖွဲ့အား ပီကင်းသို့ စေလွှတ်ခဲ့ကာ အေဒီ ၁၂၉၇ ခုနှစ်တွင် ၎င်းသံအဖွဲ့ ပီကင်းမှ ပြန်လာသောအခါ ဟွန်ဂို ပူးတွဲသံအဖွဲ့ လိုက်ပါလာကြောင်း၊ ၎င်းသံအဖွဲ့တွင် ဖော်ပြပါ တရုတ်–ပျူကျောက်စာ ရေးထိုးမည့် ချိုလီ Chich Lic ဆိုသူ ပါဝင်ခဲ့ကြောင်း၊[၂] ထို့ကြောင့် ဤတရုတ်–ပျူကျောက်စာသည် အေဒီ ၁၃ ရာစု နှောင်းပိုင်းတွင် ရေးထိုးခဲ့ကြောင်း[၃] စသည်ဖြင့် ပညာရှင်များ လေ့လာချက်အရ သိရှိပါသည်။

## (ခ) ပုဂံမှတွေ့ရသော သက္ကတကျောက်စာ

ပုဂံဒေသတွင် ပျူကျောက်စာ၊ မွန်ကျောက်စာ၊ မြန်မာကျောက်စာ၊ ပါဠိ ကျောက်စာများ တွေ့ရှိရပြီး ၎င်းကျောက်စာများတွင် သက္ကတဘာသာ စကားလုံးများ တွေ့ရှိရသော်လည်း သက္ကတဘာသာဖြင့် ရေးထိုးထားသော ကျောက်စာ မတွေ့ရသေး ဟု ဆိုရပေမည်။

သို့ရာတွင် သရပါတံခါးအနီး ကျုံးထဲမှ တူးဖော်တွေ့ရှိသော ကျောက်စာ တစ်ချပ်သည် အလွန်မှုန်ဝါးနေပြီး ရေးထိုးပုံနှင့် အက္ခရာပုံများကို မှန်းဆ၍ သက္ကတ ဘာသာဖြင့် ရေးထိုးထားကြောင်း ပညာရှင်များ ယူဆကြသည်။ စာကြောင်း (၈)ကြောင်းခန့်ကို မှုန်မှုန်ဝါးဝါး တွေ့ရှိနိုင်ပါသည်။ (အိန္ဒိယနိုင်ငံ၊ ရှေးဟောင်း သုတေသနဌာနရှိ ကျောက်စာပညာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ သက္ကတဘာသာ ဖြစ်နိုင်သည်ဟု ခန့်မှန်းရကြောင်း သိရှိရပါသည်။)

ရွှေဂူကြီးကျောက်စာ (ခ) မျက်နှာ၏ အောက်ဆုံးစာကြောင်း (၃)ကြောင်း (တည်ဆောက်ကာလ (၇)လသာ ကြာကြောင်း) (ကရ – ၄၃ – ၄၄ – ၄၅) ကိုလည်း မြန်မာအက္ခရာ၊ သက္ကတဘာသာဖြင့် ရေးထိုးထားသည်ကို တွေ့ရှိရသည်။ သက္ကတ အက္ခရာပုံ မဟုတ်ဘဲ မြန်မာအက္ခရာဖြင့် သက္ကတဘာသာကို ရေးထိုးထားခြင်း ဖြစ်ပါသည်။ ခေတ်ကာလအားဖြင့် သက္ကရာဇ် ၄၉၂ (အေဒီ– ၁၁၃၀) ဖြစ်ပါသည်။

---

[၁] Selected Writing of U Yi Sein (P-82)

[၂] တင်သိန်း၊ (ကြို့ပင်ကောက်၊ ပုဂံက တရုတ်ကျောက်စာ (နွယ်နီမဂ္ဂဇင်း၊ အတွဲ–၈၊ အမှတ်–၈)၊ ၁၉၉၈– ဩဂုတ်လ

[၃] ASB – 1916 – 17 (P-24) တွင် အေဒီ–၁၂၈၄တွင် စိုက်ထူကြောင်း ခန့်မှန်းမိပါသည်။

## ခြုံငုံသုံးသပ်ချက်

အေဒီ ၉ ရာစုမှ ၁၂ ရာစု ဦးပိုင်းကာလအထိ မြန်မာကျောက်စာများနှင့် ခေတ်ပြိုင် မွန်၊ ရခိုင်၊ ပျူ၊ ပါဠိ၊ သက္ကတဘာသာ ကျောက်စာများနှင့်ပါ အက္ခရာပုံ၊ ရေးသားပုံ၊ ရေးထုံး စသည်ဖြင့် နှိုင်းယှဉ်လေ့လာနိုင်ရန် ခေတ်ပြိုင် ဖော်ပြပါ ကျောက်စာများကို စုဆောင်းခြင်း၊ ကူးယူခြင်း၊ မှတ်တမ်းတင်ခြင်း၊ လေ့လာ သုံးသပ်ခြင်းများပါ ဆောင်ရွက်၍ သုတေသနပြုခဲ့ပါသည်။ ထို့ကြောင့် မြန်မာအက္ခရာ များ၏ ဘိုးဘွားမိဘဟု ဆိုနိုင်သော အိန္ဒိယနိုင်ငံသုံး ဗြာဟ္မီပွားအက္ခရာ၊ ၎င်းမှ မွန်အက္ခရာများ အဆင့်ဆင့် ပြောင်းလဲလာမှုနှင့် ဆက်စပ်မှုကိုလည်းကောင်း၊ ရခိုင် ကျောက်စာများမှတစ်ဆင့် ဗြာဟ္မီပွားအက္ခရာ၊ ၎င်းမှ တစ်ဆင့် ရက္ခဝဏ္ဏအက္ခရာသုံး ကျောက်စာများအထိ ပြောင်းလဲတိုးတက်လာမှုကိုလည်းကောင်း လေ့လာသုတေသနပြု ထားပါသည်။

အထူးသဖြင့် မြန်မာအက္ခရာ၊ မြန်မာစာပေ စတင်ပေါ်ထွန်းလာမှုနှင့် ပတ်သက်၍ ဗြာဟ္မီ၊ ရခိုင်ကျောက်စာများကို လေ့လာရင်း အစောပိုင်း အက္ခရာများ၏ ပုံသဏ္ဌာန်နှင့် အစောပိုင်း မြန်မာကျောက်စာများ၏ အနေအထားကို လေ့လာသုတေ သနပြု တွေ့ရှိရပါသည်။

ပုဂံဒေသ၌ တွေ့ရှိရသော ပါဠိ၊ သက္ကတ၊ ပျူ၊ မွန်ကျောက်စာများ သာမက အေဒီ ၁၃ ရာစု ပတ်ဝန်းကျင်တွင် ရေးထိုးခဲ့သော တမိလ်ကျောက်စာ၊ တရုတ်–ပျူ ကျောက်စာ၊ မွန်–ခမာစာများကိုပါ ဆက်စပ်လေ့လာမှုမှတစ်ဆင့် ပုဂံခေတ်ကာလ၏ စာပေ၊ လူမှုဝန်းကျင်ဘဝများ စသည့် ရှုထောင့်စုံကိုပါ သိသာစေပါကြောင်း ခြုံငုံ သုံးသပ်ရပါသည်။

## နိဂုံး

မြန်မာနှင့်ပျူတို့သည် ဘာသာစကားနှင့် စာပေသဘော ဆင်တူသော်လည်း ရေးရခက်ခဲသည့် ပျူအက္ခရာကို မယူပဲ ရေးသားရလွယ်ကူသည့် မွန်အက္ခရာနှင့် စာပေ ပေါ်ပေါက်ခဲ့သည့် လမ်းကြောင်းကို ပညာရှင်များ လေ့လာဖော်ထုတ်ခဲ့ပြီး ဖြစ်သော်လည်း ခေတ်ပြိုင်ထွန်းကားခဲ့သည့် မွန်ကမ္ပည်းစာ၊ ရခိုင်ကမ္ပည်းစာနှင့် မြန်မာကမ္ပည်းစာ များကို ဆက်စပ်လေ့လာခြင်း၊ နှိုင်းယှဉ် သုတေသနပြုခြင်းများ ပြုလုပ်ခဲ့ရခြင်း မရှိသေး၍ ရောထွေးနေပါသည်။ ထို့အတူ ပထမမြန်မာနိုင်ငံတော် ဖြစ်ခဲ့သော ပုဂံ တွင်လည်း ထင်ရှားသည့် အနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့ ကာလအထိ မြန်မာ ကျောက်စာတစ်ချပ်မျှ ယနေ့ထိ သက္ကရာဇ် ဖော်ပြရေးထိုးလျက် မတွေ့ရခြင်းမှာလည်း

အလွန်ထူးခြားပါသည်။ မြန်မာစာပေ၊ မြန်မာအက္ခရာသည် မြစေတီ(ရာဇကုမာရ်) ကျောက်စာ ရေးထိုးသည့် ကာလမတိုင်မီ နှစ်(၅၀)မှ (၁၀၀)အထိ စော၍ ပေါ်ပေါက်နိုင်ကြောင်းနှင့် သက္ကရာဇ်မပါသော်လည်း ခေတ်ပြိုင်ကမ္ပည်းစာပေများ၊ အက္ခရာပုံ အဆင့်ဆင့် ပြောင်းလဲလာပုံများမှတဆင့် လေ့လာသုတေသနပြု တင်ပြထားပြီး ဆက်လက်၍ နှိုင်းယှဉ်လေ့လာသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## အာနန္ဒစန္ဒြကျောက်စာ





## ယိုးဒယားကျောက်စာ



**မြကန်ကျောက်စာ**





**အလံ–ပုဂံကျောက်စာ**





**ကျန်စစ်သားကျောက်စာ**

**ဂေါတမဘုရား** ဗျာဒိတ်တော်အရ ကျန်စစ်သားမင်းကြီးလက်ထက် သာသနာရေးနှင့် တိုင်းပြည် စည်ပင်ထွန်းကားမှု အခြေအနေကို ပြဆိုခြင်း





**အနော်ရထာသမ္မုဒ္ဒေအုတ်ခွက်ဘုရားကျောက်စာ (၆၈၉/၀၁)**



**အနော်ရထာအုတ်ခွက်ဘုရားကျောက်စာ (၉၇၄(ခ)/၈၇)**



အနော်ရထာအုတ်ခွက်ဘုရားကျောက်စာ (၁၉၄/၀၆)



အနော်ရထာအုတ်ခွက်ဘုရားအပိုင်းအစကျောက်စာ



ကျန်စစ်သားဘုရားကျောက်စာ (၉၈/၉၇)



စောလူးမင်း ကျောက်စကားဘုရားအုတ်ခွက် (၆၀/၀၇)

စောလူးမင်း ကျောက်စကားဘုရားအုတ်ခွက် (၆၁/၀၇)



စောလူးမင်း ကျောက်စကားဘုရားအုတ်ခွက် (၁၈၇/၀၆)



## ကော့ဂွန်းဂူ ကျောက်စာ



## တမိလ်ကျောက်စာ



## ပျူ–တရုတ်ကျောက်စာ






## သက္ကတကျောက်စာ





## ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ဦးသာထွန်း ၊ **ဦး၊** ၁၉၃၂–၁၉၃၃။

စံသာအောင်၊ **ဦး**။ ၁၉၇၅။ ***အာနန္ဒစန္ဒြ ရှစ်ရာစု ရခိုင်ဝေသာလီမင်း၊*** မြန်မာမှုစာအုပ်ပြုစုထုတ်ဝေရေးကော်မတီ၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

ဦးသာထွန်း၊ **ဦး၊** ၁၉၃၂–၁၉၃၃။

စောထွန်းအောင်၊ ဒေါက်တာ။ (၁၉၆၁)။ ***ရှစ်သောင်းကျောက်စာတိုက်၏ မြောက်ဘက် မျက်နှာ***၊ ရန်ကုန်၊ နှင်းသဇင်ပုံနှိပ်တိုက်။

ဦးအောင်သာဦး၊ ရခိုင်ယဉ်ကျေးမှု ဝေသာလီခေတ်။

မိုကေ၊ ဦး။ ၁၉၆၉။ ပုဂံမှတမိလ်ကျောက်စာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်။

ယခု ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ ရှေးဟောင်းကမ္ပည်းစာပေများပြခန်း၌ ပြသထားသည်။

တင်သိန်း (ကြို့ပင်ကောက်)၊ ပုဂံ–တရုတ်ကျောက်စာ (နွယ်နီမဂ္ဂဇင်း၊ အတွဲ–၈၊ အမှတ်–၈)၊ ၁၉၉၈၊ ဩဂုတ်လ။


## အင်္ဂလိပ်ဘာသာ


Archaeological Survey of Burma, Report, (1958-59). Government Printing and Stationery, Burma, (1958-59), P 24-25

Selected Writing of U Yi Sein (P-82)

Archaeological Survey of Burma, 1916-17 (P-24) အေဒီ–၁၂၈၄ တွင် စိုက်ထူကြောင်း ခန့်မှန်းထားပါသည်။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# မြို့ပြထားဝယ်ဒေသိယစကားနှင့် ကျေးလက်ထားဝယ်ဒေသိယစကား ပြောင်းလဲလာမှု

မိုးမိုးစံ *

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ထားဝယ်ဒေသိယစကားနှင့် မျိုးတူမျိုးကွဲ ဘာသာစကား ထိတွေ့မှုကြောင့် မြို့ပြ ထားဝယ်ဒေသိယစကားနှင့် ကျေးလက် ထားဝယ် ဒေသိယစကား အသွင်ပြောင်းလဲနေမှု သဘောကို တင်ပြထားပါသည်။ အထူးသဖြင့် မြို့ပြထားဝယ်ဒေသိယစကားတွင် စကားသံအဆင့်၊ စကားလုံး အဆင့်၊ ဝါကျအဆင့် အသုံးပြုမှု ပြောင်းလဲနေပုံကို လူမှုဘာသာဗေဒ သီအိုရီများ အသုံးပြုကာ ဆန်းစစ်တင်ပြထားပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် ထားဝယ်ဒေသိယစကား ထိန်းသိမ်းရမည့် နည်းလမ်းအချို့ကို ဖော်ထုတ် ရာလည်း ရောက်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***စကားသံ၊ စကားလုံး၊ ပစ္စည်း၊ ဝါကျ၊ စကားသင်္ကေတရောသုံးမှု***

## နိဒါန်း

ထားဝယ်ဒေသိယစကားပြောသည့် လူ့အဖွဲ့အစည်းအတွင်း ဘာသာစကား ထိတွေ့မှုများလာခြင်းကြောင့် ဒေသိယစကား ပြောင်းလဲမှု ဖြစ်ပေါ်လာပါသည်။ အထူးသဖြင့် မြို့ပြတွင် ပို၍ပြောင်းလဲရာမှ မြို့ပြထားဝယ်ဒေသိယစကားအသွင် ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ထိုသို့ ပြောင်းလဲလာမှုကြောင့် မူလဒေသိယ စကားများ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းထားရမည့် နည်းလမ်းအချို့ကို လေ့လာတင်ပြထားပါသည်။

## ၁။ မြို့ပြဒေသိယစကား[၁] နှင့် ကျေးလက်ဒေသိယ[၂] စကား

မြို့ပြဒေသိယစကားဆိုသည်မှာ မြို့ပေါ်တွင် ပြောဆိုသည့် စကားဖြစ်သည်။ အခြားဘာသာစကားနှင့် ထိတွေ့သည့်အခါ ကွဲပြားသော ဒေသိယစကားကို ရောနှော အသုံးပြုသည့် လက္ခဏာကို မကြာခဏ တွေ့ရသည်။ ကျေးလက်ဒေသိယစကား

---

[၁] urban dialects

[၂] rural dialects

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်

ဆိုသည်မှာ ကျေးလက်တွင် ပြောဆိုသည့် စကားဖြစ်သည်။ ကျေးလက်ဒေသိယ စကားတွင် ရှေးကျသော ဒေသိယစကား၏ လက္ခဏာရပ် ထိန်းသိမ်းမှုကို မကြာခဏ တွေ့ရသည်။[၁] သို့ဖြစ်ရာ မြို့ပြဒေသိယစကားတွင် ဘာသာစကား ထိတွေ့မှုကြောင့် ကွဲပြားသော ဒေသိယစကားကို အသုံးများပြီး ကျေးလက်ဒေသိယစကားတွင် မူလ ဒေသိယစကားကိုသာ အသုံးပြုမှု ပိုများလာသည်ဟု ဆိုနိုင်သည်။

ထားဝယ်ဒေသိယစကား ပြောဆိုသည့် လူ့အဖွဲ့အစည်းတွင် ဘာသာစကား ထိတွေ့မှု များလာခြင်းကြောင့် မြို့ပြထားဝယ်ဒေသိယစကားနှင့် ကျေးလက်ထားဝယ် ဒေသိယစကား ဟူ၍ ဖြစ်ပေါ်နေသည်။ ကျေးလက်ထားဝယ်ဒေသိယစကားတွင် ဘာသာစကား ထိတွေ့မှုနည်းခြင်းကြောင့် မူလထားဝယ်ဒေသိယစကား၏ လက္ခဏာ အချို့ ထင်ဟပ်နေဆဲ ဖြစ်သည်။

ထိုအချက်နှင့် ပတ်သက်၍ မြန်မာစကား မြန်မာရုပ်ပုံတွင်–

> "မြန်မာစကားပြောသူချင်း တူညီသော်လည်း နေထိုင်ရာဒေသ ကွဲပြားသွားသောအခါ ပထဝီအနေအထားအရ ပြင်ပနှင့် အရောအနှော ဆက်ဆံမှုနည်းသော အရပ်ဒေသတွင် စကားသံများ၊ စကားအသုံးအနှုန်းများ၊ အသွင်မပျက် ရှိနေပြီး ပြင်ပနှင့် အရောအနှော အဆက်အဆံများသော ဒေသတွင်မူ စကားသံများ၊ စကားအသုံးအနှုန်းများ ပို၍ ရွေ့လျားပြောင်းလဲသွားတတ်သည့် သဘော ရှိသည်။ နေရာဒေသအလိုက် အဆက်အဆံပြုရသော ဘာသာစကားများ၊ ရောနှောလာသည့်အတွက် ပို၍ အသွင်ကွဲသွားရသည့် သဘောရှိသည်။"[၂]

ဟူ၍ ဖော်ပြထားရာ စကားတူစု[၃] အတွင်းရှိ ဘာသာစကားတို့သည် ပြင်ပနှင့် ဆက်သွယ်မှု များလာလျှင် အသွင်ကွဲသွားတတ်သည့် သဘောတွေ့ရပါသည်။

---

[၁] Swann, J. Others, 2004, 76.

[၂] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၄၊ ၁၁၁။

[၃] speech community

## ၁၊၁။ မြို့ပြ ထားဝယ်ဒေသိယစကားနှင့် ကျေးလက် ဒေသိယထားဝယ်စကား ပြောင်းလဲခြင်း သဘော

မြို့ပြထားဝယ်ဒေသိယစကားနှင့် ကျေးလက်ထားဝယ်ဒေသိယစကား ပြောင်းလဲရခြင်းမှာ မြို့ပြတွင် ဘာသာစကား ထိတွေ့နိုင်သည့် အားသာချက်ရှိပြီး ကျေးလက်တွင် ဘာသာစကား ထိတွေ့နိုင်မည့် အားနည်းချက် ရှိနေခြင်းကြောင့်ပင် ဖြစ်သည်။

မြို့ပြ၏ အားသာချက်များမှာ –

- မီဒီယာ အသုံးပစ္စည်းများဖြစ်သည့် တီဗွီ၊ အင်တာနက်၊ ကွန်ပျူတာ၊ လပ်တော့ စသည်ဖြင့် နည်းပညာရပ်ဆိုင်ရာ ပစ္စည်းများ၊ ပြည်တွင်းပြည်ပ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်စာပေ အမျိုးမျိုးတို့နှင့် ထိတွေ့နိုင်ခြင်း၊
- အခြားဘာသာစကားတို့ ပျံ့နှံ့မှု ပိုလွယ်ကူခြင်း။
- မြို့ပြတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်တို့ ဖွံ့ဖြိုးမှု မြန်ဆန်နေခြင်းကြောင့် မြို့ပြရှိ လူအချို့သည် အခြားလူ့အဖွဲ့အစည်းတို့နှင့် ဆက်သွယ်မှု ပိုမိုပြုလုပ်လာခြင်း

စသည့် အချက်များကြောင့် မြို့ပြတွင် ဒေသိယစကား ပြောင်းလဲမှု ပိုမိုဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ကျေးလက်၏ အားနည်းချက်မှာ–

- ကျေးလက်တွင် မီဒီယာ အသုံးပစ္စည်းများ ထိတွေ့မှု နည်းပါးကြခြင်း၊
- မိမိတို့ ဒေသိယစကားကိုသာ စွဲမြဲစွာ ပြောဆိုမှု လိုလားခြင်း၊
- ဘဝကို တင်းတိမ်ရောင့်ရဲစွာ ဖြတ်သန်းလိုခြင်းကြောင့် အခြားဘာသာစကားအပေါ် အာရုံစိုက်မှု နည်းပါးခြင်း

စသည့် အချက်များအရ ကျေးလက်တွင် ဒေသိယစကား ပြောင်းလဲမှု နည်းပါးနိုင်သည်။ ထို့ကြောင့် ရှင်သန်နေသည့် ဘာသာစကားတိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဘာသာစကား ပြောင်းလဲမှု ရှိနိုင်ပါသည်။

ဘာသာစကား ပြောင်းလဲမှုနှင့် ပတ်သက်၍ လူမှုဘာသာဗေဒ မိတ်ဆက်တွင်–

> "ဘာသာစကား ပြောင်းလဲမှုသည် စကားသံအဆင့်တွင် လည်းကောင်း၊ စကားလုံးအဆင့်တွင် လည်းကောင်း၊ ဝါကျ အဆင့်တွင် လည်းကောင်း ဖြစ်နိုင်သည်။"[၁]

ဟူ၍ ဖော်ပြထားသည်။ သို့ဖြစ်ရာ ဘာသာစကား ထိတွေ့မှုကြောင့် မြို့ပြထားဝယ် ဒေသိယ စကားအသွင် ဖြစ်ပေါ်နေမှုကို ဖော်ထုတ်ရာတွင် စကားသံအဆင့်၊ စကားလုံး အဆင့်၊ ဝါကျအဆင့် အသုံးပြုမှု ပြောင်းလဲနေပုံကို လေ့လာတင်ပြထားပါသည်။

## ၂။ မြို့ပြထားဝယ်ဒေသိယ စကားရှိ စကားသံအဆင့် အသုံးပြုမှု

စကားသံအဆင့် ပြောင်းလဲမှုကို လေ့လာရာတွင် မြို့ပြထားဝယ်ဒေသိယ စကားသံဟု ထင်ရှားသည့် သရသံ၊ ဗျည်းသံ၊ ဝဏ္ဏအရေအတွက် အသုံးပြုမှုကိုသာ တင်ပြထားပါသည်။

### ၂၊၁။ သရသံအသုံး

မူလထားဝယ်ဒေသိယသရသံတွင် စံနှင့် သိသာထင်ရှားစွာ အသုံးကွဲပြားသည်။ မြို့ပြထားဝယ်ဒေသိယစကားတွင်မူ မူလဒေသိယအသံမှ စံအသံသို့ ပြောင်းလဲ သွားကြောင်း တွေ့ရသည်။

သာဓက–

| **စံ** | **မူလဒေသိယ** | **မြို့ပြဒေသိယ** |
|---|---|---|
| ကင် | ကန် | ကင် |
| / -kĩ / | / -kã / | / -kĩ / |
| ခင်ဗျာ | ခဗျာ | ခင်ဗျာ |
| / -khĩ bjã / | / -khã bjā / | / -khĩ bjā / |
| ဆောက် | ဆွတ် | ဆောက် |
| / sh auʔ / | / shuʔ / | / shauʔ / |
| မောက်မာ | မွတ်မာ | မောက်မာ |
| / mauʔ mā / | / muʔ mā / | / mauʔ mā / |
| အိတ် | အိ | အိတ် |

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၁၁၇။

| | | |
|---|---|---|
| / eiʔ / | / í / | / eiʔ / |
| ဖိတ် | ဖိ | ဖိတ် |
| / pheiʔ / | / phí / | / phaiʔ / |
| ရိတ် | ရိ | ရိတ် |
| / jeiʔ / | / jí / | / jeiʔ / |
| လိပ် | လိ | လိပ် |
| / leiʔ / | / lí / | / leiʔ / |

စသည်ဖြင့် မူလဒေသိယသရသံ အန် / -ã / မှ အင် / -ĩ / သရသံသို့လည်းကောင်း၊ / uʔ / အွတ် သရသံမှ အောက် / auʔ/ သရသံသို့လည်းကောင်း၊ အိ / í / သရသံမှ / eiʔ / အိတ် သရသံသို့လည်းကောင်း အများဆုံး ပြောင်းလဲ အသုံးပြု ပြောဆိုလာကြပါသည်။

## ၂.၂။ ဗျည်းသံအသုံး

မူလထားဝယ်ဒေသိယစကား၏ ဗျည်းသံတွင် စံနှင့် သိသာထင်ရှားစွာ အသုံးကွဲပြားသည်။ မြို့ပြထားဝယ်ဒေသိယစကားတွင်မူ မူလဒေသိယ ဗျည်းသံမှ စံဗျည်းသံသို့ ပြောင်းလဲသွားကြောင်း တွေ့ရသည်။

| **စံ** | **မူလဒေသိယ** | **မြို့ပြဒေသိယ** |
|---|---|---|
| ဆေးခန်း | ဆေးခန်း | ဆေးခန်း |
| / shè g̀ã / | / shè kh̀ã / | / shè g̀ã / |
| ရေကန် | ရေကန် | ရေကန် |
| / jē -gã / | / jē -kã / | / jē -gã / |
| ချစ် | ရှစ် | ချစ် |
| / tɕhiʔ / | / ɕiʔ / | / tɕhiʔ / |
| ချို | ရှို | ချို |
| / tɕhō / | / ɕō / | / tɕhō / |
| ကျောင်း | ကွျောင်း | ကျောင်း |
| / tɕàũ / | / klàũ / | / tɕàũ / |

| | | |
|---|---|---|
| ပြေး | ပ္လေး | ပြေး |
| / pjē / | / plè / | / pjè / |
| မြစ် | မ္လစ် | မြစ် |
| / mjiʔ / | / mliʔ / | / mjiʔ / |

စသည်ဖြင့် သံညင်းမှ သံပြင်းသို့လည်းကောင်း၊ "ရှ" ဗျည်းသံမှ "ချ" ဗျည်းသံသို့ လည်းကောင်း၊ "လ" ဆွဲဗျည်းသံမှ " ျ၊ ြ " သံသို့လည်းကောင်း ပြောင်းလဲ ပြောဆိုနေသည်ကို တွေ့ရပါသည်။ မြို့ပြတွင် ပြောင်းလဲပြောဆိုသူ အများစုမှာ ပညာတတ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂုဏ်သိက္ခာရှိ ပုဂ္ဂိုလ်များနှင့် ခေတ်လူငယ်အချို့တို့ အများဆုံး ပြောင်းလဲ ပြောဆိုလာပါသည်။

## ၂၊၃။ ဝဏ္ဏအရေအတွက်အသုံး

မြို့ပြထားဝယ်ဒေသိယစကားတွင် မူလဝဏ္ဏ အရေအတွက်ထက် တိုး၍ ပြောင်းလဲ ပြောဆိုနေသည်ကို တွေ့ရသည်။

| **စံ** | **မူလဒေသိယ** | **မြို့ပြဒေသိယ** |
|---|---|---|
| ကဏန်း | ဏန်း | ကဏန်း |
| / gə ṅã / | / ṅã / | / gə ṅã / |
| ကရင်မ | ရင်မ | ကရင်မ |
| / kə -jĩ má / | / -jĩ má / | / kə -jĩ má / |
| ကုလားမ | လားမ | ကုလားမ |
| / kə là má / | / là má / | / kə là má / |
| နဖူး | ဖူး | နဖူး |
| / nə phù / | / phù / | / nə phù / |
| တဝစား | ဝစား | တဝစား |
| / tə wá sà / | / wá sà / | / tə wá sà / |
| အသား | သား | အသား |
| / ə θà / | / θà / | / ə θà / |

စသည်ဖြင့် မူလဝဏ္ဏ အရေအတွက်ထက် တိုး၍ ပြောဆိုလာကြပါသည်။ ဝဏ္ဏတိုး၍ ပြောဆိုလာမှုကြောင့် အသံအားဖြင့် ပိုမိုပြည့်စုံလာကြောင်း တွေ့ရသည်။

## ၃။ မြို့ပြထားဝယ်ဒေသိယ စကားရ စကားလုံးအဆင့် အသုံးပြုမှု

ဘာသာစကားထိတွေ့မှုကြောင့် မူလထားဝယ်ဒေသိယစကားတွင် စကားလုံးအဆင့် ပြောင်းလဲမှု ဖြစ်ပေါ်နေပါသည်။ ပြောင်းလဲမှုများစွာ ဖြစ်ပေါ်နေသည့် နေ့စဉ်ဝေါဟာရများ၊ ဆွေမျိုးစပ်ဝေါဟာရများ၊ မွေးစားစကားလုံးများ အသုံးပြုနေမှုတို့ကိုသာ လေ့လာတင်ပြထားပါသည်။

### ၃၊၁။ နေ့စဉ်သုံးဝေါဟာရအသုံး

ဘာသာစကားတိုင်းတွင် နေ့စဉ် မဖြစ်မနေ အသုံးပြုသည့် စကားလုံးများရှိသည်။ ထိုစကားလုံးမျိုးကို နေ့စဉ်သုံး ဝေါဟာရများဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် စားဝတ်နေရေးနှင့်ဆိုင်သည့် စကားလုံးများ၊ လူ့အသုံးအဆောင်ပစ္စည်းများနှင့်ဆိုင်သည့် စကားလုံးများနှင့် လူတို့၏ အဓိက ပြုမူဆောင်ရွက်မှုတို့နှင့် ဆိုင်သည့်စကားလုံးမျိုးကို ဆိုလိုပါသည်။ ထိုစကားလုံးတို့ကို လူတို့ နေ့စဉ် မဖြစ်မနေအသုံးပြုရမှုကြောင့်လည်း အခြားလူ့အဖွဲ့အစည်းနှင့် ဆက်ဆံရသည့်အခါ ထိုလူ့အဖွဲ့အစည်းတို့ နားလည်နိုင်မည့် စကားလုံးသို့ ပြောင်းလဲအသုံးပြုရပါသည်။ ထိုသို့ပြောင်းလဲအသုံးပြုလာမှုကြောင့် မြို့ပြထားဝယ်ဒေသိယ နေ့စဉ်သုံးစကားလုံးအသွင်ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။

| **စံ** | **မူလဒေသိယ** | **မြို့ပြဒေသိယ** |
|---|---|---|
| ဆံပင် | ခေါန်းမွီး | ဆံပန် |
| / zə -bĩ / | / khɔ̀ mwì / | / -shã -bã / |
| ပိုက်ဆံ | ကတ် | ပိုက်ဆံ |
| / paiʔ -shã / | / kaʔ / | / paiʔ -shã / |
| ဖျာ | ဘော့ | ဖျာ |
| / phjā / | / bɔ́ / | / phjā / |
| ချင်း | ရှင်း | ချင်း |
| / dʒ̀ĩ / | / ɕ̀ĩ / | / dʒ̀ĩ / |
| ဆာ | ငတ် | ဆာ |

| | | |
|---|---|---|
| / -shã / | / ŋaʔ / | / shā / |
| တွဲကျ | ဘောင်းလန်း | တွဲကျ |
| / twɛ̀ tɕá / | / bàũ l̀ã / | / twɛ̀ tɕá / |

စသည်ဖြင့် စံ မြန်မာစကားလုံးအတိုင်း ပြောင်းလဲအသုံးပြု ပြောဆိုလာကြပါသည်။

## ၃၊၂။ ဆွေမျိုးစပ်ဝေါဟာရအသုံး

ဆွေမျိုးစပ် ဝေါဟာရများသည် စကားပြောဆိုသည့် လူသားတိုင်းအတွက် အသုံးဝင်လှပေသည်။ ထိုဝေါဟာရအသုံးများသည် ဘာသာစကား ထိတွေ့မှုကြောင့် မြို့ပြထားဝယ်ဒေသိယစကားတွင် အခြားလူ့အဖွဲ့အစည်းသုံး ဝေါဟာရတို့ကို အတု ယူကာ အသုံးပြု ပြောဆိုနေကြသည်။

| **စံ** | **မူလဒေသိယ** | **မြို့ပြဒေသိယ** |
|---|---|---|
| အမေ၊ မေမေ | မိ၊ မိမိ | မေ၊ မေမေ |
| / ə mē ၊ mē mē / | / mí ၊ mí mí / | / mē ၊ mē mē / |
| အဖေ၊ ဖေဖေ | ဖ၊ ဖဖ | ဖေ၊ ဖေဖေ |
| / ə phē ၊ phē phē / | / phá ၊ phá phá / | / phē ၊ phē phē / |
| သား | ဖစု | သား |
| / θā / | / phá su / | / θā / |
| သမီး | မိစု | သမီး |
| / θə m̀i / | / mí sú / | / θə m̀i / |
| အန်တီ | အရီး၊ ဒေါ်လေး | အန်တီ |
| / -ã tī / | / ə jì ၊ dɔ̄ lè / | / -ã tī / |
| အဘိုး | ဖအို | အဘိုး |
| / ə phò / | / phá ō / | / ə phò / |
| အဘွား | မိအို | အဘွား |
| / ə phwā / | / mí ō / | / ə phwā / |
| အစ်မ | မယ်၊ မယ်းမယ် | အစ်မ |
| / ə má / | / mɛ̄ ၊ mɛ̀ mɛ̄ / | / ə má / |

| | | |
|---|---|---|
| အစ်ကို | နွန်၊ နွန်း | အစ်ကို |
| / ə kō / | / -nũ ၊ ǹũ -nũ / | / ə kō / |

စသည်ဖြင့် မြို့ပြထားဝယ်ဒေသိယစကားတွင် ဆွေမျိုးစပ်ဝေါဟာရအသုံး အများဆုံး ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရသည်။ ထိုသို့ ပြောင်းလဲပြောဆိုလာခြင်းမှာ မြို့ပြရှိ လူတို့သည် စံမြန်မာဘာသာစကားရှိ ဆွေမျိုးစပ်ဝေါဟာရအသုံးကို အသုံးပြုမှသာလျှင် ခေတ်မီသည်။ အဆင့်အတန်းရှိသည်ဟု ခံယူထားကြဟန် ရှိသည်။ ထို့ကြောင့်လည်း မျက်မှောက်ခေတ် မျိုးဆက်သစ် လူငယ်များ လက်ထက်တွင် မူလဒေသိယသုံး ဆွေမျိုးစပ်ဝေါဟာရ အသုံးနည်းလာပြီး စံစကားရှိ ဆွေမျိုးစပ်ဝေါဟာရအသုံးကိုသာ အသုံးပြုမှုများလာသည်ကို တွေ့ရပါသည်။ ကျေးလက်တွင်မူ မူလဒေသိယ ဆွေမျိုးစပ်ဝေါဟာရအသုံးကိုပင် ပြောဆိုနေဆဲ ဖြစ်ပါသည်။

## ၃၊၃။ မေးစားစကားလုံးအသုံး

ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယစကားရှိ မေးစားစကားလုံးတို့သည် စံအသံဘက်သို့ အားပြုပြောဆိုလာမှုကြောင့် မြို့ပြဒေသိယအသွင် ဖြစ်ပေါ်လာနေသည်။

| **စံ** | **မူလဒေသိယ** | **မြို့ပြဒေသိယ** |
|---|---|---|
| စိတ် | စိ | စိတ် |
| / seiʔ / | / sí / | / seiʔ / |
| ကိတ် | ကိ | ကိတ် |
| / keiʔ / | / kí / | / keiʔ / |
| ကောင်စီ | ကွန်စီ | ကောင်စီ |
| / -kaũ sī / | / -kũ sī / | / -kaũ sī / |
| ပေါင်ဒါ | ပွန်ဒါ | ပေါင်ဒါ |
| / -paũ dā / | / -pũ dā / | / -paũ dā / |
| ဖောင် | ဖွန် | အန်တီ |
| / -phaũ / | / -phũ / | / -phuã / |

စသည်ဖြင့် မူလဒေသိယ အသံထွက်တိုင်း ပြောဆိုနေသော ပါဠိ မေးစားစကားလုံး၊ အင်္ဂလိပ် မေးစားစကားလုံးတို့ကို ယခုအခါ စံမြန်မာစကားသံအတိုင်း ပြောင်းလဲ

အသုံးပြုလာသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မြို့ပြထားဝယ်ဒေသိယ အသံသည် စံအသံဘက်သို့ အားပြုပြောင်းလဲပြောဆိုနေကြောင်း တွေ့ရပါသည်။

## ၄။ မြို့ပြထားဝယ်ဒေသိယစကားရှိ ဝါကျအဆင့် အသုံးပြုမှု

ထားဝယ်ဒေသိယစကားနှင့် မျိုးတူ၊မျိုးကွဲ ဘာသာစကားတို့ ထိတွေ့မှုကြောင့် ထားဝယ်ဒေသိယစကားတွင် ဝါကျအဆင့်၌ အသုံးပြုမှု ပြောင်းလဲလာပါသည်။ ဝါကျအဆင့် ပြောင်းလဲရာတွင် ဝါကျအတွင်း စကားသင်္ကေတ ရောသုံးမှုများ အငြင်းပစ္စည်း "မ" အသုံးနှင့် နာမ်ပစ္စည်း "ခဲ၊ ခဲပဲ" အသုံးတို့ကိုသာ လေ့လာတင်ပြထားပါသည်။

### ၄၊၁။ စကားသင်္ကေတ ရောသုံးမှု

စကားသင်္ကေတ ရောသုံးမှုကို မြို့ပြထားဝယ်ဒေသိယစကားတွင် ပို၍ တွေ့ရပါသည်။ သို့ဖြစ်ရာ စကားသင်္ကေတ ရောသုံးမှုသည်ပင် မြို့ပြလက္ခဏာရပ် တစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မြို့ပြတွင် စကားသင်္ကေတရောသုံးမှု ပိုများကြောင်း လူမှုဘာသာဗေဒသဘောတရားစာအုပ်တွင်–

> "စကားသင်္ကေတရောသုံးခြင်းသည် ဘာသာစကား အသုံးပြုသူ၏ နေထိုင်ရာဒေသနှင့် သက်ဆိုင်သည်။ ကျေးလက်ဒေသထက် မြို့ပြဒေသတွင် စကားသင်္ကေတ ရောသုံးခြင်း ပိုများသည်။ အဘယ်ကြောင့်ဆိုသော် မြို့ပြဒေသသည် စီးပွားရေးလုပ်ငန်းများ ထွန်းကားသည်။ စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားသည်။ ပညာ သင်ကြားရေးနှင့် ပညာ လေ့လာဆည်းပူးမှုဆိုင်ရာများ ကျယ်ပြန့်သည်။ အစိုးရ ရုံးလုပ်ငန်းများနှင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စ များပြားသည်။ ထိုကဏ္ဍအသီးသီးတွင် အတွေးအခေါ်သစ်၊ သဘောတရားသစ်၊ နည်းပညာသစ်၊ ပညာရပ်သစ်၊ စက်ကိရိယာအသစ်၊ အသုံးအဆောင်အသစ်တို့ ပေါ်ပေါက်လာတိုင်း ထိုအသစ်သစ်သော ကိစ္စရပ်တို့အတွက် မိမိတို့ ဘာသာစကားတွင် ဝေါဟာရ မရှိသည့်အခါ အခြားသော ဘာသာစကားကို ယူငင်ရောနှောကာ အသုံးပြုကြသည်။ ကျေးလက်ဒေသတွင်မူ ထိုကိစ္စမျိုး အလွန်နည်းပါးသည်။ ထို့ကြောင့် စကားသင်္ကေတ

ရောသုံးခြင်းသည် မြို့ပြဒေသိယ၏ သဘောလက္ခဏာရပ် တစ်ရပ် ဖြစ်လာသည်။”[၁]

ဟူ၍ ဖော်ပြထားပါသည်။ သို့ဖြစ်ရာ မြို့ပြထားဝယ်ဒေသိယစကားတွင် အင်္ဂလိပ်ဘာသာစကားရှိ ဘာသာဗေဒ ယူနစ်အစိတ်အပိုင်းတို့ကို အများဆုံး ရောနှောအသုံးပြုနေသည်ကို တွေ့ရပါသည်။

သာဓက –

| | | |
|---|---|---|
| **စံ** | – | Next week တွေ့မယ်။ |
| | | / neiʔ wí twé mē / |
| **မြို့ပြဒေသိယ** | – | Next week တွိမယ်။ |
| | | / neiʔ wí twí mē / |
| **စံ** | – | အားလုံး ok တယ်။ |
| | | / á lòũ ō kē dɛ̄ / |
| **မြို့ပြဒေသိယ** | – | အားလုံး ok ဟှယ်။ |
| | | / à làũ ō kē ɦɛ̄ / |
| **စံ** | – | e.mail အကောင့် ပြောအုံး။ |
| | | / ì mè ə kaũ´ pjɔ̄ òũ / |
| **မြို့ပြဒေသိယ** | – | e.mail အကောင့်ပြောဦး။ |
| | | / ì mè ə kaũ´ pjɔ̄ ù / |
| **စံ** | – | miss call ဝင်နေတယ်။ |
| | | / miʔ kɔ̄ -wĩ nē dɛ̄ / |
| **မြို့ပြဒေသိယ** | – | miss call ဝင်နေတယ်။ |
| | | / miʔ kɔ̄ -wã nē ɦɛ̄ / |

စသည်ဖြင့် ထားဝယ်မြို့ပြ ခေတ်လူငယ်အချို့သည် ဒေသိယစကားတွင် အင်္ဂလိပ်စကားလုံးတို့ကို ရောနှော အသုံးပြုကြပါသည်။ ရောနှော အသုံးပြုသူတို့သည် ခေတ်ပညာတတ် လူငယ်များသာမကဘဲ အခြေခံပညာအဆင့် တတ်သူများလည်း

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၅၊ ၅၇။

ပြောဆိုကြပါသည်။ ထို့ကြောင့် ခေတ်ရေစီးကြောင်းအရ ထိတွေ့မှုများသော အင်္ဂလိပ် ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ မသင်ကြားရသော်လည်း လေ့လာလျှင် အများနည်းတူ ပြောနိုင်ကြောင်း တွေ့ရပါသည်။

## ၄၊၂။ အငြင်းပစ္စည်း "မ" အသုံး

ဝါကျတစ်ခုတွင် နာမ်နှင့် ကြိယာသည် အဓိကအရေးပါသည့် သဒ္ဒါ အစိတ်အပိုင်းများ ဖြစ်ကြသည်။ သို့သော် ပစ္စည်းမပါလျှင် တိကျသော အဓိပ္ပာယ်ကို ဖော်ဆောင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပစ္စည်းသည်လည်း အရေးကြီးသည့် သဒ္ဒါဆိုင်ရာ ဝါစင်္ဂတစ်မျိုး ဖြစ်သည်။

ပစ္စည်းနှင့် ပတ်သတ်၍ မြန်မာဘာသာ စကားတွင် အငြင်းဝါကျ ပြုလုပ်လျှင် ကြိယာရှေ့တွင် "မ" အငြင်းပစ္စည်း အသုံးပြုခြင်းဖြင့် အငြင်းဝါကျ ဖြစ်လာသည်။ မူလထားဝယ်ဒေသိယစကားတွင် အငြင်းပစ္စည်း "မ" မသုံးဘဲ အငြင်းဝါကျ ဖြစ်ကြောင်း တွေ့ရသည်။ သို့သော် ယခုအခါ စံမြန်မာဘာသာစကား၏ လွှမ်းမိုးလာမှုကြောင့် အငြင်းပစ္စည်း "မ" ကို အသုံးပြုလာကြပါသည်။

| **စံ** | | **ဒေသိယ** |
|---|---|---|
| / mə / | ယခင် ⟶<br>⟵ ယခု | / Ø /[၁] |

**စံ** – မလာသေးပါ။
/ **mə** lā θè bā /

**မူလဒေသိယ** – လာသေးဟှာ။
/ lā θè ɦā /

**မြို့ပြဒေသိယ** – မလာသေးဟှာ။
/ **mə** lā θè ɦā /

**စံ** – မဆော့နဲ့။
/ **mə** shɔ́ nɛ́ /

**မူလဒေသိယ** – ဆော့န။

---

[၁] empty morph

| | | |
|---|---|---|
| | | / shɔ́ ná / |
| **မြို့ပြဒေသိယ** | – | မဆော့န။ |
| | | / **mə** shɔ́ ná / |
| **စံ** | – | မစားချင်ဘူး။ |
| | | / **mə** sà -dʒĩ bú / |
| **မူလဒေသိယ** | – | စားရှင်ဟှာ။ |
| | | / sà -ɕĩ ɦā / |
| **မြို့ပြဒေသိယ** | – | မစားရှင်ဟှာ။ |
| | | / **mə** sà -ɕĩ ɦā / |
| **စံ** | – | ပြန်မပြောနဲ့။ |
| | | / pjã **mə** pjɔ̄ nɛ́ / |
| **မူလဒေသိယ** | – | ပ္လန်ပြော‌န။ |
| | | / -plã pjɔ̄ ná / |
| **မြို့ပြဒေသိယ** | – | ပြန်မပြောန။ |
| | | / -pjã **mə** pjɔ̄ ná / |

စသည်ဖြင့် မြို့ပြထားဝယ်ဒေသိယစကားတွင် အငြင်းပစ္စည်း "မ" အသုံးပြု ပြောဆိုလာပါသည်။ မူလက အငြင်းပစ္စည်း "မ" မပါဘဲ ပြောရာတွင် ဝါကျ အဆုံးသတ်ပစ္စည်း ဟှာ / hā / ၊ န / ná / တို့တွင် အသံအားစိုက်၍ ပြောသော်လည်း အငြင်းပစ္စည်း "မ" ကို အသုံးပြု ပြောဆိုရာတွင်မူ အသံအားစိုက်မှု မသိမသာ လျော့သွားကြောင်း တွေ့ရပါသည်။

## ၄၊၃။ နာမ်ပစ္စည်း "ခဲ၊ ခဲပဲ"အသုံး

မူလထားဝယ်ဒေသိယစကားတွင် နာမ်ပစ္စည်း "ခဲ၊ ခဲပဲ" ကို အသုံးပြုကြသည်။ ယခုအခါ ဘာသာစကား ထိတွေ့မှုကြောင့် စံစကားအတိုင်း "ချည်း၊ ချည်းပဲ" အသုံးကို မြို့ပြတွင် ပိုအသုံးပြုလာပါသည်။

| **စံ** | **ဒေသိယ** |
| --- | --- |
| / dʒì ၊ dʒì bɛ̀ / ⟶ ယခင် / ⟵ ယခု | / khɛ̀ ၊ khɛ̀ bɛ̀ / |

**စံ** – ပိုက်ဆံချည်းစုနေလား။
/ paiʔ -shã **dʒì** sú nē là /

**မူလဒေသိယ** – ကတ်ခဲစုနေဟှား။
/ kaʔ **khɛ̀** sú nē ɦà /

**မြို့ပြဒေသိယ** – ပစ်ဆံဟှီးစုနေလား။
/ piʔ -shã **ɦì** sú nē lā /

**စံ** – လူမှုရေးချည်းပဲ လုပ်မနေနဲ့။
/ lū hmū **jè dʒì** bɛ̀ louʔ mə nē nɛ́ /

**မူလဒေသိယ** – လူမှုရေးခဲပဲ လုပ်မနေနဲ့။
/ lū hmū jè **khɛ̀ bɛ̀** louʔ mə nē ná /

**မြို့ပြဒေသိယ** – လူမှုရေးဟှီးပဲ လုပ်နေန။
/ lū hmú jè **ɦì bɛ̀** louʔ nē ná /

**စံ** – စာချည်းပဲ ကျက်နေရတယ်။
/ sā **dʒì bɛ̀** tɕɛʔ nē jā dɛ̄ /

**မူလဒေသိယ** – စာ ခဲပဲ ကျစ်နေရဟှယ်။
/ sā **khɛ̀ bɛ̀** tɕiʔ nē já ɦɛ̄ /

**မြို့ပြဒေသိယ** – စာဟှီးပဲ ကျစ်နေရဟှယ်။
/ sā **ɦì bɛ̀** tɕiʔ nē já ɦɛ̄ /

စသည်ဖြင့် မြို့ပြထားဝယ်ဒေသိယစကားတွင် စံ အသုံးနာမ်ပစ္စည်း "ချည်း၊ချည်းပဲ"ကို ဒေသိယအသံအတိုင်း "ဟှီး၊ဟှီးပဲ" ဟုသာ ပြောဆိုလာကြောင်း တွေ့ရပါသည်။

## ၅။ ထားဝယ်ဒေသိယစကား ထိန်းသိမ်းရမည့် နည်းလမ်းများ

ဘာသာစကားထိန်းသိမ်းမှု[၁] ဟူသည် ဘာသာစကားတစ်ခု သို့မဟုတ် ဘာသာစကားအသွင်ကွဲ စကားပြောသူတို့သည် ဩဇာကြီးမားသည့် ဘာသာစကား သို့မဟုတ် နိုင်ငံရေးအရ အုပ်စိုးသူတို့၏ ဘာသာစကားသို့ ပြောင်းရွှေ့ ပြောဆိုရန် တွန်းအားဖြစ်ပေါ်နေသည့် အခြေအနေမျိုးတွင် မိမိတို့ပြောဆိုသည့် ဘာသာစကား၏ မူလအခြေအနေကို ထိန်းသိမ်းထားရန်[၂] ဖြစ်သည်။ ထို့ကြောင့် ဘာသာစကားထိန်းသိမ်းမှုအရ မြို့ပြထားဝယ်ဒေသိယစကား အသွင်ပြောင်းလဲမှုကို ထိန်းသိမ်းရန် မူလဒေသိယစကား၏ သွင်ပြင်လက္ခဏာများကို ထိန်းသိမ်းကာ ပြောဆိုနေရမည် ဖြစ်သည်။ ထိန်းသိမ်းထားရမည့် နည်းလမ်းအချို့ကို လေ့လာသုံးသပ်ထားပါသည်။ ၎င်းတို့မှာ-

(၁) ထားဝယ်ဒေသိယစကား ပြောဆိုသည့် လူ့အဖွဲ့အစည်းရှိ လူတို့သည် အခြားအဖွဲ့အစည်းရှိ လူတို့နှင့် လက်ထပ်စေကာမူ မိမိတို့ ဒေသိယစကားကို မေ့ပျောက်မသွားသင့်ပါ။ ဒေသိယစကားပြောသူတို့နှင့် အကြောင်းအမျိုးမျိုးကြောင့် တွေ့ဆုံလျှင် မိမိတို့ ဒေသိယစကားကိုသာ ပြောဆိုနေသင့်သည်။

(၂) မြန်မာ့မြေပေါ်ရှိ အခြားလူ့အဖွဲ့အစည်းတို့ နားမလည်နိုင်သည့်စကားဟု မထင်ဘဲ ထားဝယ်သူ၊ ထားဝယ်သားဟု အထင်ကရ သိနိုင်သည့် စကားဟု ယုံကြည်ကာ ပြောသင့်သည်။

(၃) မြန်မာမြေပေါ်ရှိ မည်သည့် လူ့အဖွဲ့အစည်းမဆို နားလည်နိုင်သည့် စံမြန်မာဘာသာစကား ပီသစွာ ပြောဆိုနိုင်သည့် ဒေသိယစကား ပြောဆိုသူ အချို့ကို အားကျ အထင်မကြီးသင့်ပေ။ အထင်ကြီးနေလျှင် ဒေသိယစကားအပေါ် နှစ်လိုမှု နည်းပါးလာနိုင်သည်။ ထို့ကြောင့် မိမိတို့ ဒေသိယစကားကိုသာ စွဲစွဲမြဲမြဲ ပြောဆိုသင့်သည်။

(၄) မြို့ကြီးပြကြီးများတွင် ပညာသွားရောက်သင်ယူရသည့် မျိုးဆက်သစ်လူငယ်အချို့သည် အခြား လူ့အဖွဲ့အစည်းရှိ လူတို့နှင့်ဆက်ဆံရသည့် အခါ ဒေသိယဝဲသံများပါလျှင် ရှက်စရာဟု ထင်ကာ အားငယ်တတ်ပါသည်။ ဒေသိယဝဲသံပါနေခြင်းသည်ပင် ထားဝယ်သူ၊ ထားဝယ်သား ဖြစ်သည့်အသံဟု ခံယူကာ ပြောနေသင့်သည်။

---

[၁] language maintenance

[၂] Swann, J. others. 2004, 172.

(၅) ခေတ်လူငယ်အချို့သည် အခြားဘာသာစကားကို လေ့လာလိုက်စား နေစေကာမူ မိမိတို့ ဒေသိယစကားအပေါ် အထင်မသေးဘဲ စွဲမြဲစွာ ပြောဆိုသင့်သည်။

(၆) ဒေသိယစကားပြောသူတို့သည် အကြောင်းအမျိုးမျိုးကြောင့် ဇာတိမြေကို ခွဲခွာ၍ အခြားအရပ်ဒေသတွင် အခြေချ နေထိုင်စေကာမူ မိမိတို့၏ မျိုးဆက်သစ် ကလေးများကို ဒေသိယစကား သင်ထားသင့်သည်။ သို့မှသာ မိဘတို့၏ ရိုးရာအမွေအဖြစ် လက်ဆင့်ကမ်း ထိန်းသိမ်း ပြောဆိုနေမည် ဖြစ်သည်။ ထို့ကြောင့် ဘာသာစကား ထိန်းသိမ်းမှုတွင် မိဘတို့၏ ဆန္ဒအပေါ်တွင်လည်း မူတည်နေပေသည်။

(၇) ထားဝယ်ဒေသိယစကား၏ အဓိက လက္ခဏာရပ်များ ဖြစ်သည့် "လ" ဆွဲသံသုံးခြင်း၊ "ချ" ဗျည်းသံ အစား "ရ" ဗျည်းသံ သုံးခြင်း၊ အငြင်းပစ္စည်း "မ" အသုံးဘဲ ဝါကျအဆုံးသတ်ကို အားစိုက်သုံးခြင်း၊ မွေးစားစကားလုံးများကို ဒေသိယအသံအတိုင်း မွေးစားကာ အသုံးပြုခြင်း တို့ကို ထိန်းသိမ်းကာ ပြောဆိုသင့်သည်။

(၈) စကားတူစုအတွင်း ကျင်းပသည့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများ၊ ရိုးရာပွဲတော်များ၊ အလှူမင်္ဂလာပွဲတို့တွင် ထားဝယ်ရိုးရာအတိုင်း ပြောဆိုကျင်းပခြင်းဖြင့် ဒေသိယစကား ထိန်းသိမ်းသင့်သည်။

(၉) ထားဝယ်ဒိန်းသံ (သီချင်း)များသည် ဒေသိယစကားကို နှုတ်လက်ဆင့် ကမ်းခြင်း ဖြစ်၍ ပြန့်ပွားအောင် ဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်၍ ထားဝယ်ဒေသိယစကား ဆက်လက်ရှင်သန်နိုင်မည့် နည်းလမ်းမှာ ထားဝယ်ဒေသအတွင်းရှိ လူ့အဖွဲ့အစည်းသာမက ဒေသပြင်ပတွင် ပြောင်းရွှေ့နေထိုင် ကြသည့် လူ့အဖွဲ့အစည်းတွင်လည်း တာဝန်ရှိပါသည်။ ထိုသို့ ဝိုင်းဝန်းထိန်းသိမ်းမှ သာလျှင် ထားဝယ်ဒေသိယစကားသည် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

မျိုးတူမျိုးကွဲ ဘာသာစကား ထိတွေ့မှုကြောင့် မြို့ပြထားဝယ်ဒေသိယ စကားတွင် စကားသံအချို့ ပြောင်းလဲအသုံးပြုပါသည်။ လူ့အဖွဲ့အစည်း တစ်ခုနှင့်

တစ်ခု ဆက်သွယ်ရာတွင် စကားသံဖြင့် အဓိကဆက်သွယ်ကြသည်။ ထိုအခါ မိမိတို့ စကားသံကို အခြားလူ့အဖွဲ့အစည်းတို့ နားမလည်နိုင်လျှင် နားလည်နိုင်သည့် ဘာသာ စကား၏ စကားသံသို့ ပြောင်းလဲအသုံးပြုရပါသည်။ သို့မှသာ လူ့အဖွဲ့အစည်း အချင်းချင်း ဆက်သွယ်ရာတွင် လွယ်ကူချောမွေ့နိုင်မည် ဖြစ်သည်။ ထားဝယ်ဒေသိယ စကားပြောသည့် လူ့အဖွဲ့အစည်းတွင်လည်း အခြားလူ့အဖွဲ့အစည်းတို့နှင့် ဆက်ဆံရမှု များလာသည့်အတွက် မြန်မာ့မြေပေါ်ရှိ လူ့အဖွဲ့အစည်းတိုင်း နားလည်လွယ်သည့် စံဘာသာစကား၏ စကားသံသို့ ပြောင်းလဲအသုံးပြုလာကြပါသည်။ ထိုသို့ အသုံးပြု လာမှုကြောင့် မူလဒေသိယစကားသံအချို့ မှေးမှိန်လာကာ မြို့ပြထားဝယ်ဒေသိယ စကားသံ အသွင်ဆောင်နေကြောင်း တွေ့ရပါသည်။

စကားသံ ပြောင်းလဲမှုနှင့်အတူ စကားလုံးအသုံးပါ ပြောင်းလဲနေပါသည်။ စကားလုံး အသုံးပြောင်းလဲရာတွင် ဒေသိယနေ့စဉ်သုံး ဝေါဟာရများ၊ ဆွေမျိုးစပ် ဝေါဟာရများ၊ မွေးစားစကားလုံး အသုံးများ ပို၍ ပြောင်းလဲအသုံးပြုလာကြသည်။ ဘာသာစကားတစ်ခုတွင် နေ့စဉ်သုံး ဝေါဟာရများသည် လူတိုင်းမဖြစ်မနေ အသုံးပြု ပြောဆိုကြရသည်။ ထို့ကြောင့် အခြားလူ့အဖွဲ့အစည်းနှင့် ဆက်ဆံရာတွင် ထိုစကားလုံး များကို ပို၍ပြောင်းလဲအသုံးပြုလာရခြင်း ဖြစ်သည်။ ထို့အတူ လူ့လောကတွင် မိမိကို အခြားသူတို့က ခေါ်သော အမည်နာမနှင့် မိမိက အခြားသူတို့ကို ခေါ်သော အမည် နာမတို့မှာ လူမှုဆက်ဆံရေးနယ်ပယ်တွင် အလွန်အရေးပါလှသည်။ ထိုသို့ အရေးပါမှု ကြောင့်လည်း ထားဝယ်ဒေသိယ ဆွေမျိုးစပ်ဝေါဟာရများ ပြောင်းလဲ အသုံးပြု လာသည်။ ဒေသိယဆွေမျိုးစပ်ဝေါဟာရကို သုံးလျှင်ပင် မြို့မဆန်၊ ခေတ်မမီ စသည့် လွဲမှားသည့် ခံယူချက်များကြောင့် ဒေသိယဆွေမျိုးစပ်ဝေါဟာရများ မှေးမှိန်လာ ပါသည်။ အလားတူပင် ဒေသိယမွေးစားစကားလုံးများနေရာတွင် စံဘာသာစကား၏ မွေးစားစကားလုံးများဖြင့် ပြောင်းလဲအသုံးပြုလာကြသည်။ ထိုသို့ အသုံးပြုမှုကြောင့် ဒေသိယအသံဖလှယ်နည်းဖြင့် မွေးစားအသုံးပြုမှုများ ပျောက်သွားနိုင်ပါသည်။

ထို့အတူ ဝါကျအသုံးများလည်း ပြောင်းလဲအသုံးပြုလာကြပါသည်။ အထူး သဖြင့် ဝါကျအတွင်း ပစ္စည်းအသုံးများကပင် ဒေသိယစကားဖြစ်ကြောင်း ဖော်ညွှန်း ရာတွင် အရေးပါပါသည်။ ယခုအခါ စံဘာသာစကားရှိ ပစ္စည်းအသုံးတို့ကို ပြောင်းလဲ အသုံးပြုလာမှုကြောင့် ဒေသိယပစ္စည်းအသုံးများ မှေးမှိန်ပျောက်ကွယ်စ ပြုလာ ပါသည်။

မူလက ထိုသို့ ပြောင်းလဲပြောဆိုသူ အများစုမှာ မြို့ပေါ်ရှိ ဩဇာအာဏာ ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပညာတတ် အသိုင်းအဝိုင်းများ၊ စီးပွားရေး လုပ်ငန်းရှင်များ စသည်တို့သာ ဖြစ်သည်။ ၎င်းတို့သည် လုပ်ငန်းသဘောအရ အခြား

လူ့အဖွဲ့အစည်းနှင့် အများဆုံး ဆက်ဆံရသူများဖြစ်၍ ထိုလူ့အဖွဲ့အစည်းတို့ နားလည်နိုင်သည့် စံစကားသို့ ပြောင်းလဲပြောခြင်းသာ ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် မြို့ပေါ်ရှိ အခြေခံ လူ့အဖွဲ့အစည်းတို့က ထိုပုဂ္ဂိုလ်တို့၏ အသုံးပြုမှုကို တုပကာ ပြောဆိုလာကြသည်။ တုပကြခြင်းမှာလည်း ထိုပုဂ္ဂိုလ်တို့၏ အပြောအဆို၊ အပြုအမူ၊ အလေ့အထတို့ကို စံအဖြစ် သတ်မှတ်ကြခြင်းကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ထိုပုဂ္ဂိုလ်တို့ ပြောဆိုသည့် ဒေသိယစကားကို အထင်ကြီးကာ တုပမှု များလာရာမှ မြို့ပြထားဝယ်ဒေသိယစကားအသွင် ဆောင်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ထားဝယ်ဒေသိယစကားနှင့် မျိုးတူ၊ မျိုးကွဲ ဘာသာစကား ထိတွေ့မှုကြောင့် မူလဒေသိယစကားများ မှေးမှိန်လာကာ မြို့ပြထားဝယ်ဒေသိယ စကား ဖြစ်ပေါ်နေပါသည်။ သို့ဖြစ်ရာ မူလထားဝယ်ဒေသိယစကားများ လုံးဝ ပျောက်ကွယ်မသွားရန် ထိန်းသိမ်းရမည့် နည်းလမ်းအချို့ကို လေ့လာဖော်ထုတ်ထား ပါသည်။

## နိဂုံး

ဤစာတမ်းသည် ဘာသာစကားအသွင်ကွဲများကို လူမှုဘာသာဗေဒ သီအိုရီများဖြင့် သုတေသနပြုလိုသူများအတွက် အထောက်အကူ ပြုနိုင်ပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကျော်မင်း (ထားဝယ်)။ (၁၉၆၈)။ ***ထားဝယ်ယဉ်ကျေးမှု အမြုတေ***။ ရန်ကုန်။ အေးအေး စာပုံနှိပ်တိုက်။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၄)။ ***မြန်မာစကား မြန်မာရုပ်ပုံလွှာ***။ ရန်ကုန်၊ စာပေဗိမာန်။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၁)။ ***တစ်သံနှစ်သံသုံးလေးသံ***။ ရန်ကုန်၊ ရူဝံစာပေ။

တင်ထွန်း၊ **ဦး**။ (၁၉၈၀)။ "စကားသံပြောင်းလဲရသော အကြောင်းရင်းများ"။ ***တက္ကသိုလ်ပညာပဒေသာစာစောင်***၊ အတွဲ ၁၄၊ အပိုင်း (၂)။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

တင်လှ၊ **ဦး**။ (၁၉၆၈)။ "ဘာသာစကားသည် ပြောင်းလဲတတ်သော သဘောရှိသည်"။ ***တက္ကသိုလ်ပညာပဒေသာစာစောင်***၊ အတွဲ(၃)၊ အပိုင်း(၄)။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၆)။ ***မြန်မာသဒ္ဒါ***။ မြန်မာစာနှင့်ဘာသာစကားပညာဦးစီးဌာန၊ ပညာရေး ဝန်ကြီးဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၅)။ ***လူမှုဘာသာဗေဒတရား***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်တက္ကသိုလ်၊ ရူဝံစာအုပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Okell, John and Anna Allott, (2001). ***Burmese/Myanmar Dictionary of Grammatical forms***, Richmond: Gurzon Press.

Stewart, J.A (1995). ***Manual of colloquial Burmese***. London: Lazac & Company Ltd.

Swann, J, Dcumert, A, Theresa, L and Mes thric, R. (2004). ***A Dictionary of sociolinguistics***, Edinburgh: Edinburgh University Press.

# အမျိုးသားနှင့်အမျိုးသမီးဆိုင်ရာမြန်မာစကားပုံဆိုရိုးများ

သန်းသန်းအေး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် အမျိုးသားနှင့်အမျိုးသမီးတို့၏ သဘောသဘာဝဆိုင်ရာ မြန်မာစကားပုံ ဆိုရိုးများကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ စကားပုံ၊ ဆိုရိုးများသည် မြန်မာ့လူ့ဘောင်နယ်ပယ်တွင် တွင်ကျယ်စွာ အသုံးပြုနေကြသည်။ ဤကဲ့သို့ အသုံးပြုရာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ သဘောသဘာဝဖြင့် ခွဲခြားပြောဆိုနေသည့် စကားပုံ၊ ဆိုရိုးများကို လေ့လာတွေ့ရှိရပါသည်။ ထိုသို့ လေ့လာတွေ့ရှိချက်ကို အခြေခံပြီး ဘာသာဗေဒ၏ နယ်ပယ်တစ်ခုဖြစ်သော လူမှုဘာသာဗေဒ ရှုထောင့် မှနေ၍ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့လူ့ဘောင်တွင် ကျယ်ပြန့်နေသော စကားပုံဆိုရိုးများကို လေ့လာခြင်းဖြင့် မြန်မာဘာသာစကား၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာသိရှိနိုင်မည်ဟု ယူဆပါသည်။

**သော့ချက်စကားလုံးများ** – *စကားပုံ၊ ဆိုရိုး၊ ဘာသာဗေဒ၊ လူမှုဘာသာဗေဒ*

## နိဒါန်း

မြန်မာစကားပုံ၊ ဆိုရိုးများကို မြန်မာ့လူမှုနယ်ပယ်တွင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား စသည်တို့ကို လမ်းညွှန်ဆုံးမသောအခါ အသုံးပြုကြပါသည်။ မြန်မာဘာသာစကားတွင် တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုသည့်အခါ စကားပုံဆိုရိုးများဖြင့် ပြောဆိုလျှင် လိုရင်းကို ထိထိမိမိနှင့် ပြောဆိုနိုင်ပါသည်။ ထို့ပြင် စကားပုံဆိုရိုးများသည် လူမှုအဆင့်အတန်းမရွေး တွင်ကျယ်စွာ အသုံးပြုနေသည့် ဘာသာစကား ဖြစ်ပါသည်။ ထိုကဲ့သို့ လူမှုရေးနယ်ပယ်တွင် လူမှုအဆင့် အတန်းမရွေး အသုံးပြုနေသော စကားပုံဆိုရိုးများရှိ အမျိုးသားနှင့် အမျိုးသမီးတို့၏ သဘောသဘာဝနှင့် ပတ်သက်သော အကြောင်းအရာများကို လေ့လာတင်ပြခြင်း ဖြစ်ပါသည်။

လေ့လာချက်တွင် အခန်း(၂)ခန်း ခွဲကာ လေ့လာတင်ပြထားပါသည်။ အခန်း(၁)သည် စကားပုံ၊ ဆိုရိုး၊ လူမှုဘာသာဗေဒနှင့် အမျိုးသားနှင့် အမျိုးသမီးတို့၏ ဝေါဟာရ အသုံးပြုသော ဘာသာစကားဟူ၍ ဖြစ်ပါသည်။ အခန်း(၂)တွင် အမျိုးသား

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

နှင့် အမျိုးသမီးဆိုင်ရာ စကားပုံ ဆိုရိုးများကို ကဏ္ဍ(၃)ခု ခွဲကာ တင်ပြပါမည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ ကိုယ်ကျင့်သိက္ခာကို ဖော်ညွှန်းသော စကားပုံ ဆိုရိုးများ၊ အမျိုးသားနှင့် အမျိုးသမီးတို့၏ အချစ်ရေးကို ဖော်ညွှန်းသော စကားပုံ ဆိုရိုးများ၊ အမျိုးသားနှင့် အမျိုးသမီးတို့၏ အိမ်ထောင်ရေးနှင့် သက်ဆိုင်သော စကားပုံ ဆိုရိုးများတို့ ဖြစ်ပါသည်။ ထိုသို့ လေ့လာခြင်းသည် မြန်မာဘာသာစကားရှိ စကားပုံ၊ ဆိုရိုးများ၏ အသုံးတွင်ကျယ်မှုကိုသာမက ဘာသာစကား၏ ဖွံ့ဖြိုး တိုးတက်မှုကိုလည်း ဖော်ဆောင်ပြသခြင်း ဖြစ်ပါသည်။

## ၁။ စကားပုံ၊ ဆိုရိုး

စကားပုံ၊ ဆိုရိုးများသည် ဘာသာစကားတိုင်းတွင် ရှိပါသည်။ မြန်မာဘာသာ စကားရှိ စကားပုံဆိုရိုးများသည် ရှေးသူဟောင်းတို့၏ အဆိုအမိန့်များ ဖြစ်ပါသည်။ ရှေးလူကြီးများသည် မိမိတို့ ကြုံတွေ့ခဲ့ကြသည်များကို ဥပမာပေး ပြောဆိုခြင်း၊ ပုံခိုင်း၍ ပြောဆိုခြင်းများ ပြုလုပ်ကြပါသည်။ ထို့ပြင် မြန်မာ့လူနေမှု ဓလေ့ထုံးစံ ယဉ်ကျေးမှုများ၏ ဆိုလိုရင်းအကြောင်းများကို ဖော်ပြပေးကြသည်။ ဤသို့ဖြင့် စကားပုံ၊ ဆိုရိုးဆိုသည့် မြန်မာဘာသာစကား ပေါ်ထွန်းလာပါသည်။ မြန်မာဘာသာ စကားတွင် စကားပုံဆိုရိုးနှင့် ပတ်သက်၍ ခရီးဆောင်မြန်မာအဘိဓာန်တွင် –

> "စကားပုံ – /ဇဂပုန်/န – လူအများ ဆင်ခြင်မှတ်သားဖွယ် ဖြစ်အောင် စံပြုပုံခိုင်း ပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ် သည့် စကား"[၁]

ဟု ဖွင့်ဆိုထားပါသည်။

> "ဆိုရိုးစကား– /ဆိုယိုးဇဂါး/ န – အစဉ်အလာ ပြောဆိုခဲ့ ကြသော မှတ်သားဖွယ်ရာ စကား"[၂] ဟု ဖွင့်ဆိုထားပါသည်။

ဟူ၍ ဖော်ပြထားပါသည်။ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့တွင် –

> "ဆိုသင့်ဆိုထိုက်၊ ဆိုလိုက်ဆိုလျော၊ ဆိုပြောဟောလည်း၊ သဘော ထိထိ၊ ဆိုရိုးမိလျက်"[၃]

---

[၁] ခရီးဆောင်မြန်မာအဘိဓာန်၊ ၁၉၉၉၊ ၇၇။

[၂] ခရီးဆောင်မြန်မာအဘိဓာန်၊ ၁၉၉၉၊ ၁၀၃။

[၃] မဟာရဋ္ဌသာရ၊ ရှင်၊ (၁၃၂၇)၊ ပို ၂၇။

ဟု ဖော်ပြထားသည်။ ဆိုရိုးစကားများသည် စကားပြောရာတွင် လိုရင်း ရောက်အောင် ထိထိမိမိ ပညာပေး ပြောဆိုစေနိုင်ပါသည်။ ထို့ပြင် စကားစဉ်နှင့် ထိမိစွာ အသုံးပြု၍ ပြောဆိုတတ်ခြင်းသည် ပညာရှိဖြစ်သည်ဟု ရေးသားထားခြင်းကို ထောက်ရှု၍ အင်းဝခေတ်ကတည်းက "ဆိုရိုး" ဟူသော စကားကို ပြောဆိုသုံးစွဲနေပြီဟု ယူဆနိုင်ပါသည်။

စကားပုံများသည် ဥပမာပေး ခိုင်းနှိုင်း၍ တင်စားပြောဆိုသောစကား၊ ပုံပြင် သာဓကများဖြင့် ပုံခိုင်း၊ ပြောဆိုသောစကား ဖြစ်သည်။ ဆိုရိုးသည် အနက် အဓိပ္ပာယ်ကို တိုက်ရိုက်ဥပမာပေး ပြောဆိုသောစကား ဖြစ်သည်။ ထို့ကြောင့် စကားပုံ ဆိုရိုးသည် မြန်မာဘာသာစကား၏ အခြေခံဘာသာစကားများ ဖြစ်သည့်သာမက ဘာသာစကား တိုးပွားမှုအတွက်လည်း အထောက်အကူ ဖြစ်စေပါသည်။

## ၁၊၁။ လူမှုဘာသာဗေဒ

ဘာသာစကားကို သိပ္ပံနည်းကျကျ လေ့လာသော ပညာရပ်သည် ဘာသာဗေဒ ဖြစ်ပါသည်။ လူမှုဘာသာဗေဒသည့် ဘာသာဗေဒ၏ မျိုးခွဲတစ်ခု ဖြစ်ပါသည်။ လူမှုတွင် အသုံးပြုနေသည့် ဘာသာစကားအချို့ အသုံးပြုပုံကို ဘာသာဗေဒ ပညာရပ်ဖြင့် လေ့လာခြင်းလည်း ဖြစ်သည်။ လူမှုဘာသာဗေဒဟူသည်

> "လူမှုဘာသာဗေဒတွင် ဘာသာစကားကို လေ့လာချဉ်းကပ်ရာ၌ လူအများစု၏ ဘာသာဗေဒဆိုင်ရာ လက္ခဏာ[၁]၊ ဘာသာစကား အပေါ် ထားရှိသည့် လူမှုသဘောထား[၂]၊ ဘာသာစကား၏ ကွဲပြားသည့် လုပ်ငန်းဆောင်တာအမျိုးမျိုး၊ ဘာသာစကားအသွင် ကွဲပြားမှု[၃]နှင့် အဆင့်များ[၄]၊ မည်သူက မည်သူ့ကို မည်သည့် နေရာတွင် မည်သို့ရည်ရွယ်ချက်ဖြင့် မည်သို့မည်ပုံ ပြောဆိုသည် ဟူသော အချက်များ၊ ဘာသာစကား၏ အသုံးစည်းမျဉ်းများ၊ လူမှုတာဝန်[၅]၊ လူမှုအဆက်အစပ်[၆] အရ အသုံးဆီလျော်မှု ရှိမရှိ ဟူသော အချက်များ စသည်တို့အပေါ်တွင် အမြင်ရှုထောင့်သည်

[၁] Linguistic identily

[၂] social attitude

[၃] varieties

[၄] levels

[၅] social function

[၆] social context

> ဘာသာစကား၏ ပုံမှန်ဖွဲ့စည်းမှုစနစ်သက်သက်မှ ဘာသာစကား၏ ဆက်သွယ်မှုဆိုင်ရာနှင့် လုပ်ငန်းတာဝန်ဆိုင်ရာ သွင်ပြင်လက္ခဏာများ အပေါ်သို့ ပြောင်းရွှေ့လာခဲ့သည်။"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် လူမှုဘာသာဗေဒသည် လူမှုနယ်ပယ်တွင် အသုံးပြုနေသည့် ဘာသာစကားကို အမျိုးအစားများခွဲ၍ လေ့လာခြင်း ဖြစ်ပါသည်။ အမျိုးသားနှင့်အမျိုးသမီး ဝေါဟာရ ကွဲပြားအသုံးပြုသည့် ဘာသာစကား လေ့လာမှုသည် လူမှုဘာသာဗေဒတွင် ပါရှိသည့် ပညာရပ်တစ်ခု ဖြစ်ပါသည်။ ထိုပညာရပ်ပေါ် မူတည်၍ မြန်မာဘာသာစကားရှိ စကားပုံ၊ ဆိုရိုးများ၏ လူမှုသဘောထားများကို လေ့လာထားခြင်း ဖြစ်သည်။

## ၁၊၂။ အမျိုးသားနှင့်အမျိုးသမီး ဝေါဟာရ အသုံးပြုဘာသာစကား

လူမှုပုံစံများတွင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း သဘာဝများအရ အမျိုးသားနှင့် အမျိုးသမီး ခွဲခြားသတ်မှတ် အသုံးပြုသည့် ဘာသာစကားဟူ၍ ရှိပါသည်။ လောကတွင် သဘာဝတရားက ယောကျ်ား၊ မိန်းမ၊ အထီး၊ အမ၊ ဖို၊ မ စသဖြင့် ခွဲခြားပေးထားပါသည်။ ထို့ပြင် ကိုယ်ခန္ဓာ ဖွဲ့စည်းတည်ဆောက်ပုံ ဇီဝဆိုင်ရာ[၂] ကွဲပြားမှုလည်း ဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးဝေါဟာရ အသုံးပြု ဘာသာစကားနှင့် ပတ်သက်၍–

> "အထီး၊ အမ သဘာဝကို လိင်[၃]ဟုခေါ်သည်။ နာမ်၊ နာမ်စားတို့ကို ယောကျ်ား၊ မိန်းမ၊ အထီး၊ အမ စသည်ဖြင့် ခွဲခြားခြင်းသည် လိင်သဘောဖြစ်သည်။"[၄]

> "ဘာသာစကား တစ်ခုအတွင်း ဖိုမ သဘာဝ လိင်ကွဲပြားမှုကို ခွဲခြားဖော်ပြသည့် စနစ်ကို သဘာဝလိင်စနစ်[၅] ဟု ခေါ်သည်။ ဂျာမန်၊ ပြင်သစ် စသည့် ဘာသာစကားများကဲ့သို့ သဒ္ဒါအရ ပုလ္လိင်[၆]၊ နပုလ္လိင်[၇]၊ ဣတ္ထိလိင်[၁] စသဖြင့် လိင်ခွဲခြားဖော်ပြသည့်

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ (၂၀၀၃)၊ ၁၁။

[၂] biological

[၃] gender

[၄] မြန်မာသဒ္ဒါ၊ (၂၀၀၅)၊ ၂၉၈။

[၅] natural gender system

[၆] masculine

[၇] neuter

လိင်ခွဲခြားဖော်ပြသည့် စနစ်ကို သဒ္ဒါလိင်စနစ်[၂] ဟုခေါ်သည်။ ”[၃]

ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် လိင်သည် ယောကျ်ား၊ မိန်းမ၊ အထီး၊ အမ၊ ဖို၊ မ စသည့် သဘာဝတရားကို ဖော်ပြခြင်း ဖြစ်သည်။ ထိုသဘာဝတရားကို ဘာသာစကားပုံစံ တစ်ခုအဖြစ် အသုံးပြု၍ ပြောဆိုလေ့ ရှိကြသည်။ မြန်မာစကားပုံ ဆိုရိုးတို့တွင်လည်း အမျိုးသားနှင့် အမျိုးသမီးဝေါဟာရကို အသုံးပြု၍ ဘာသာစကားဖြင့် လူမှု သဘောထားများကို ဖော်ပြအသုံးပြုသည်ကို တွေ့ရှိနိုင်ပါသည်။

## ၂။ အမျိုးသားနှင့်အမျိုးသမီးဆိုင်ရာ စကားပုံဆိုရိုးများ

လူမျိုးတိုင်းတွင် မိမိတို့ ဘာသာစကား ဖွံ့ဖြိုးစေရန်အတွက် စကားလုံး၊ ဝေါဟာရများ ချဲ့ထွင်၍ ပြောဆိုကြပါသည်။ ထိုသို့ ချဲ့ထွင်ပြောဆိုခြင်းတွင် စကားပုံ ဆိုရိုးများကိုလည်း အသုံးပြု ပြောဆိုကြသည်။ ဘာသာစကားသည် အသုံးပြုသူတို့၏ လူမှုအခြေအနေတစ်ခုကို ပြဆိုပါသည်။ လိချ်က “အသုံးပြုသူတို့၏ ဇာတိရပ်ရွာ လူမှုအဆင့်အတန်း၊ ပြောသည့်အကြောင်းအရာ၊ ဆက်သွယ်မှုပုံစံ၊ အသုံးပြုရာ နယ်ပယ် စသည့် လူမှုအခြေအနေ အမျိုးမျိုးကို သုံးနှုန်းပြောဆိုသည့် စကားများက သက်သေပြလေ့ ရှိသည်။”[၄] ဟု ဖော်ပြထားပါသည်။ ဘာသာစကားသည် အသုံးပြုရာ နယ်ပယ်၏ လူမှုအခြေအနေကို ပြဆိုပါသည်။ မြန်မာစကားပုံဆိုရိုးများ၏ ဘာသာ စကား အသုံးပြုမှုတွင် အမျိုးသားနှင့် အမျိုးသမီးဆိုင်ရာ ဝေါဟာရများသည်လည်း ဘာသာစကားမှတစ်ဆင့် လူမှုအခြေအနေတစ်ခု ပြဆိုခြင်းပင် ဖြစ်သည်။

### ၂.၁။ အမျိုးသားနှင့်အမျိုးသမီးတို့၏ ကိုယ်ကျင့်သိက္ခာကို ဖော်ညွှန်းသော စကားပုံဆိုရိုး

[၁] femine

[၂] grammatical gender system

[၃] အောင်မြင့်ဦး၊ ဒေါက်တာ၊ (၂၀၁၃)၊ ၆၅။

[၄] Leech, 1974, 16.

မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မိဘများ၏ အုပ်ထိန်းမှုအောက်တွင် စည်းကမ်းရှိစွာ နေထိုင်လေ့ရှိသည်။ မိဘများသည် သားသမီးများကို လိမ္မာရေးခြားရှိစေရန်လည်း ငယ်စဉ်ကတည်းကပင် လမ်းညွှန်ပြသဆုံးမလေ့ ရှိကြပါသည်။ သားသမီးများ မည်သည့် အရွယ်ရောက်စေကာမူ မျက်စိအောက်က အပျောက်မခံ၊ ရင်အုပ်မကွာ ပြုစုစောင့်ရှောက်လေ့ရှိကြသည်။ ထို့ပြင် ညီအစ်ကို၊ မောင်နှမများကလည်း မိမိ၏ အပြောအဆို၊ အပြုအမူ၊ အနေအထိုင် ကအစ ပတ်ဝန်းကျင်၏ မေးငေါ့ကဲ့ရဲ့ခြင်း မခံရအောင် ထိန်းကွပ် တည့်မတ်ပေးတတ်သည်။ ဤမိသားစု အသိုင်းအဝိုင်းက ပေါက်ဖွားခဲ့သော မိန်းကလေး၊ ယောကျ်ားလေးများသည် ယဉ်ကျေးသိမ်မွေ့ပြီး ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ရတနာများ ဖြစ်လာနိုင်ပါသည်။

မြန်မာ့လူမှုနယ်ပယ်တွင် မိန်းကလေးများသည် ဣန္ဒြေသိက္ခာရှိသည် သာမက လုပကျော့ရှင်း ယဉ်ကျေးသူများ ဖြစ်ကြသည်။ မိန်းကလေးများသည် မိမိတို့၏ ရုပ်ရည်ရူပါကို တန်ဖိုးထားကြသူများ၊ ဂရုစိုက်ကြသူများ ဖြစ်ကြပါသည်။ ထို့ကြောင့် မိမိတို့၏ လုပမှုကို ခေါင်းမှ ခြေအထိ အလေးအနက်ထားသူများ ဖြစ်သည်။ ထိုအကြောင်းကို ရှေးလူကြီးများက စကားပုံဆိုရိုးများဖြင့် လိုရင်းထိမိစွာ ပြောဆိုကြသည်။ မိန်းကလေးများသည် ဣန္ဒြေကို အထူးစောင့်ထိန်းကြပုံကို "မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့မရ" ဟု ဣန္ဒြေသည် ရွှေထက် ပိုတန်ဖိုးရှိကြောင်း ပေါ်လွင်လာစေသည်။ မိန်းမတို့၏ ရူပါနှင့်ပတ်သက်၍ "ဣတ္ထိရူပံခန့်"၊ "ဣတ္ထိယမူ၊ ရူပကောင်းလျက်၊ ဆံထုံးဖျက်"၊ "လှတစ်မျက်နှာ၊ ယဉ်တစ်ကိုယ်လုံး"၊ "မိန်းမကောင်းပန်းပန် တစ်ပွင့်တန်" ဟူ၍ မိန်းမတို့၏ ဥစ္စာသည် ရုပ်အဆင်းဖြစ်သည်။ အချို့အမျိုးသမီးတို့သည် ရုပ်ရည်လှပသော်လည်း လိုက်ဖက်သော ဆံထုံးမထုံးတတ်သဖြင့် အလှပျက်ကြရသည်။ အလှသည် မျက်နှာတစ်ကွက်၏ ပသာဒနှင့်သာဆိုင်၍ အယဉ်သည် ကိုယ်နေဟန် ပြေပြစ်အချိုးကျနမှု၊ ဆင်ယင်ထုံးဖွဲ့မှုတို့နှင့် သက်ဆိုင်သည်။ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော အမျိုးသမီးသည် ပန်းတစ်ပွင့် ပန်ရုံမျှဖြင့် လှပတင့်တယ်မှုရှိပါသည်။ ထို့အတူပင် မိန်းမကောင်းတို့မည်သည် တစ်ဦးတစ်ယောက်၏ အချစ်ပန်းကိုသာ လက်ခံသင့်သည်။ မျက်နှာမများသင့်ပါ။ ထိုစကားပုံ ဆိုရိုးများသည် မိန်းမတို့၏ ဂုဏ်သိက္ခာနှင့် ရုပ်ရည်ကို အခြေခံကာ လူမှုရေးတွင် အသုံးပြုနေသည့် ဘာသာစကား ဖြစ်သည်။

တစ်ဖန် ယောကျ်ားကလေးများ၏ စွမ်းရည်နှင့် ဂုဏ်သိက္ခာကို ဖော်ပြသော စကားပုံ ဆိုရိုးများလည်း တွေ့ကြရသည်။ မြန်မာ့လူမှုနယ်ပယ်၌ ယောကျ်ားလေးများသည် မိမိတို့၏ စွမ်းရည်တို့နှင့် ယောကျ်ားကောင်း၊ ယောကျာ်းမြတ်ဖြစ်ကြောင်းကို

ဆိုရိုး စကားပုံများဖြင့် ဖော်ပြလေ့ ရှိကြပါသည်။ ထို့ပြင် ယောကျ်ားလေးများသည် မိမိပတ်ဝန်းကျင်သာမက နိုင်ငံနှင့် အမျိုးကို စောင့်ရှောက်ရမည့်သူများလည်း ဖြစ်ပါသည်။ ထိုသို့ ယောကျ်ားလေးများ၏ ဂုဏ်သိက္ခာနှင့် စွမ်းရည်ကို အသုံးပြု၍ ပြောဆိုသော စကားများမှာ –

"ယောကျ်ားတံခွန်၊ လူရည်မွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်း"

"ယောကျ်ားတို့လုံ့လ သေကာမှလျော့"

"ယောကျ်ားကောင်း မောင်းမတစ်ထောင်"

ဟု ယောကျ်ားတို့၏ စွမ်းရည်နှင့် ဂုဏ်သိက္ခာကို ဖော်ပြသည့် စကားပုံ ဆိုရိုးများ ဖြစ်သည်။ လက်ရုံးရည် နှလုံးရည်နှင့်ပြည့်စုံသော ယောကျ်ားသည် ကောင်းကင်က ကြယ်ကိုပင် ဆွတ်ခူးနိုင်သည်ဆိုသကဲ့သို့ ယောကျ်ားကောင်းပီပီ ကြိုးစားလျှင် အရာရာကို ရနိုင်သည်။ ယောကျ်ားကောင်းတို့သည် ဆွဲ၊ လုံ့လ၊ ဝီရိယကို သေသည့်တိုင် မလျော့ရချေ။ ထို့ပြင် စည်းစိမ်ဥစ္စာ ရှာဖွေနိုင်စွမ်းသော ယောကျ်ားကို မောင်းမ အခြွေအရံ များစွာက အားကိုးအားထားပြုနိုင်ကြောင်း ဖော်ပြထားခြင်း ဖြစ်သည်။

တစ်ဖန် ယောကျ်ားနှင့် မိန်းမတို့၏ သဘောသဘာဝကို တွဲ၍ ဘာသာစကားဖြင့် အသုံးပြု ပြောဆိုသော စကားပုံ ဆိုရိုးများလည်း ရှိပါသည်။

"ယောကျ်ားတို့ဘုန်း လက်ရုံး၊ မိန်းမတို့ဘုန်း ဆံထုံး"

"ယောကျ်ားဓားသွေး၊ မိန်းမသားမွေး"

"ယောကျ်ားမှာလမ်း၊ မိန်းမမှာပန်း"

"ယောကျ်ားပျင်း ကျောခင်း၊ မိန်းမပျင်း ခြေဆင်း"

ဟူ၍ ယောကျ်ား၊ မိန်းမတို့၏ သဘောသဘာဝကို ဘာသာစကားတွင် အသုံးပြု ပြောဆိုသည့် စကားပုံ ဆိုရိုးများ ဖြစ်ပါသည်။ ထိုစကားများ၏ ဆိုလိုရင်းသည် ယောကျ်ားတို့၏ ဘုန်းတန်ခိုးသည် လက်ရုံးပေါ်မှ တည်မှီနေသည့် မိန်းမတို့၏ ဘုန်းကျက်သရေသည် ဆံထုံးပေါ်မှာ တည်မှီသည်။ ထို့ပြင် ယောကျ်ားများသည် တိုင်းပြည်ကာကွယ်ရေးအတွက် အဆင်သင့်ဖြစ်နေစေရန် ဓားကိုသွေးကြရမည်။ မိန်းမများသည်လည်း တိုင်းပြည်ကာကွယ်ရေးအတွက် အာဇာနည် သူရဲကောင်းများကို မွေးကြရမည် ဖြစ်သည်။ ယောကျ်ားကလေးများ စိတ်ကစားသည့်အရွယ်တွင် လမ်းထွက်တတ်ကြ၍ မိန်းကလေးများ စိတ်ကစားသည့်အရွယ်တွင် ပန်းပန်ကာ

အလုပြင်တတ်ကြသည်။ ရေးလူကြီးများက အရွယ်ရောက်ပြီး အလုပ်မလုပ်ဘဲ ပျင်းရိစွာ နေတတ်သည့် သဘောသဘာဝကိုလည်း ပျင်းရိသောယောကျ်ားသည် ကျောခင်းနေလေ့ ရှိသည်။ ပျင်းရိသောမိန်းမသည် ခြေဆင်းနေလေ့ ရှိသည်ကို လူမှုနယ်ပယ်၌ စကားပုံ ဆိုရိုးများဖြင့် ဥပမာပေး ပြောလေ့ရှိပါသည်။

## ၂.၂။ အမျိုးသားနှင့် အမျိုးသမီးတို့၏ အချစ်ရေးကို ဖော်ညွှန်းသော စကားပုံဆိုရိုး

အချစ်သည် မေတ္တာတရားကို အခြေခံပါသည်။ အချို့သူများသည် မေတ္တာကို အရေအတွက်ဖြင့် ဖော်ပြကြပါသည်။ မေတ္တာဟု ဆိုရာတွင် (၅၂၈)မေတ္တာနှင့် (၁၅၀၀) မေတ္တာဟူ၍ (၂)မျိုး ရှိပါသည်။ (၅၂၈)မေတ္တာသည် သားသမီးအချစ်၊ မောင်နှမအချစ် ဖြစ်သည်။ (၁၅၀၀)မေတ္တာသည် တစ်မိသားစုနှင့် တစ်မိသားစု နှောင်ဖွဲ့သော မေတ္တာ ဖြစ်ပါသည်။ ဤကဲ့သို့ မေတ္တာတရားကို ယောကျ်ား၊ မိန်းမတို့၏ သဘောသဘာဝဖြင့် စကားပုံ ဆိုရိုးများတွင် ပြောဆိုကြပါသည်။

"မိန်းမမာယာ သဲကိုးဖျာ"

"မိန်းမတို့ ဖူးစာ သေခါမှကုန်"

"ဣတ္ထိဝင်္က၊ နဒီဝင်္က"

လူမှုနယ်ပယ်တွင် ယောကျ်ားလေးများသည် မိန်းကလေးများ၏ သဘာဝကို သူတို့၏ ခံစားချက်ဖြင့် ပြောဆိုလေ့ ရှိသည်။ မိန်းမတို့၏မာယာသည် ဖျာကိုးချပ်စာ သဲပွင့် အရေအတွက်နှင့်အမျှ များပြားသည် ဖြစ်သည်။ မိန်းကလေးများသည်လည်း မိမိတို့အချစ်ရေးနှင့် ပတ်သက်၍ မိန်းမတို့သည် အသက်အရွယ်ပင် အိုသော်လည်း အိမ်ထောင်ကျရန် မျှော်လင့်ချက်ရှိနိုင်သေးသည်ကို ပြောဆိုကြသည်။ ယောကျ်ားလေးများက မိန်းမတို့၏သဘာဝကို ဖော်ပြရာတွင် မိန်းမတို့၏သဘောသည် ကောက်ကွေ့တတ်၏။ မြစ်သည် ကောက်ကွေ့တတ်၏။ မိန်းမတို့၏ သဘာဝကို မြစ်၏ပုံသဏ္ဌာန်ဖြင့် ဥပမာပေး ပြောဆိုလေ့ ရှိကြသည်။

ထို့ပြင် ယောကျ်ား၊ မိန်းမ ဝေါဟာရများဖြစ်သော ဘာသာစကားကို သုံး၍ ပြောဆိုသည့် စကားပုံ ဆိုရိုးများလည်း တွေ့ရသည်။ လူမှုနယ်ပယ်တွင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး တွေ့ဆုံပြီး လူငယ်သဘာဝ စိတ်ဝင်စားလျှင် ရင်းနှီး ကျွမ်းဝင်အောင် ကြိုးစားကြသည်။ အမျိုးသားသည် မိမိခံစားမှုကို ပွင့်လင်းစွာ ပြောဆိုနိုင်သော်လည်း အမျိုးသမီးသည် ခံစားမှုကို မျိုသိပ်ကာ အချိန်ယူ လေ့လာ စဉ်းစားဟန်ပြုကြသည်။ ရှေးက မြန်မာအမျိုးသမီးများသည် မိမိ၏ ချစ်မည့်သူကို

သုံးနှစ် သုံးမိုး အကဲခတ် လေ့လာသည်။ မိန်းကလေး၏ခံစားမှု မျိုးသိပ်ပုံကို “မိန်းမကြိုက်တော့ မျှော်လိုက်တာ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ” ဟူသော စကားက သက်သေပြလျက် ရှိပါသည်။ မိန်းကလေးများ၏ သဘာဝသည် မိမိချစ်သူအလာကို စောင့်မျှော်နေရုံသာ ဖြစ်သည်။ ယောကျ်ားကလေးများကမူ မိမိချစ်သူရှိရာသို့ စိုက်စိုက်မတ်မတ် အရောက်သွားတတ်သည်။ ထိုအစဉ်အလာသည် မြန်မာ့လူမှုဓလေ့တွင် မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုတစ်ခုအဖြစ် ထိန်းသိမ်းသွားရမည် ဖြစ်သည်။

တစ်ဖန် မိန်းကလေးများသည် အရွယ်ကောင်းအချိန်တွင် မိမိအချစ်ကို တွေ့ရှိပါက အချိန်မဆွဲဘဲ အိမ်ထောင်ပြုသင့်ပါသည်။ ယောကျ်ားလေးများကမူ မိမိအချစ်ကို အရွယ်စောင့် စဉ်းစားစရာမလိုပေ။ ထိုသဘောသဘာဝကို “မိန်းမက နှမ်း၊ ယောကျ်ားက ထန်း” ဟူသော စကားဖြင့် နှမ်းပင်သည် အပင်ကြီးလွယ်၊ အပင်ကျလွယ်သကဲ့သို့ မိန်းမသည် အရွယ်ရောက်လျှင် အိုလွယ်သည်။ ထန်းပင်သည်လည်း အပင်ကြီးခဲ၊ အပင်ကျခဲသကဲ့သို့ ယောကျာ်းသည် အရွယ်ရောက်လျှင် အရွယ်ကျနေးသည်။ ထို့ကြောင့် မိန်းမများသည် အချစ်တွင် မနှောင့်နှေးသင့်ဘဲ အရွယ်ကောင်းမှာ စဉ်းစားချင့်ချိန်နိုင်ပါသည်။ ယောကျ်ားလေးများသည် အရွယ်ကောင်းတွင် စဉ်းစားချင့်ချိန်စရာ မလိုပါ။ ထိုသဘောသဘာဝသည် မြန်မာအမျိုးသမီးများအတွက် အထူးဂရုပြုသင့်စေရန် ပြောဆိုသည့်စကား ဖြစ်ပါသည်။

မိန်းကလေး၊ ယောကျ်ားလေးများသည် တစ်ယောက်နှင့် တစ်ယောက် အနေနီးစပ်လျှင်သော်လည်းကောင်း၊ တွေ့မြင်ခြင်း များလျှင်သော်လည်းကောင်း၊ ချစ်ကြိုက်ကြသည့်သဘာဝကို “မိန်းမ ယောကျ်ား မြင်ဖန်များသော်၊ သနားချစ်ခင်စိတ်ကျွမ်းဝင်” ဟူသော စကားဖြင့် ပြောဆိုကြပါသည်။ မိန်းမ၊ ယောကျ်ားတို့သည် တစ်ဦးကိုတစ်ဦး တွေ့ဖန်မြင်ဖန် များသောအခါ သနားချစ်ခင်စိတ်၊ ရင်းနှီးလိုစိတ်များ ဖြစ်ပေါ်လာသည်။ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အချစ်တွင် သနားချစ်ဆိုသော အချစ်သည် ပေါ်လာနိုင်ပါသည်။ ထို့ပြင် မိမိကို စောင့်ရှောက်သည့် ပတ်ဝန်းကျင်ဖြစ်ပါက မိမိသည် အချစ်စစ် အချစ်မှန်ကို တွေ့နိုင်မည်ကို –“အိမ်နီးချင်းကောင်းမှ လင်ကောင်းရသည်” ဟူသော စကားဖြင့် ဖော်ပြလေ့ရှိသည်။ အိမ်နီးချင်းကောင်းပါမှ လင်ကောင်းသားကောင်း ရနိုင်သည် ဆိုသကဲ့သို့ ပတ်ဝန်းကျင်မှ အထောက်အပံ့ကောင်း ရမှသာ အောင်မြင်တိုးတက်နိုင်သည်။ ထို့ကြောင့် လူမှုနယ်ပယ်တွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ သဘောသဘာဝများကို အသုံးပြု၍ အချစ်ရေးကိစ္စနှင့် ပတ်သက်သည့် အကြောင်းများကို စကားပုံ ဆိုရိုးများဖြင့် တွင်ကျယ်စွာ ပြောဆိုကြပါသည်။

## ၂၃။ အမျိုးသားနှင့် အမျိုးသမီးတို့၏ အိမ်ထောင်ရေးနှင့်သက်ဆိုင်သော စကားပုံ ဆိုရိုး

အမျိုးသားနှင့် အမျိုးသမီးတို့၏ အိမ်ထောင်ရေးနှင့် သက်ဆိုင်သော စကားပုံဆိုရိုးများတွင် တွေ့ရှိရသော ယောကျ်ား၊ မိန်းမ သဘောသဘာဝကို အခြေခံ၍ ဘာသာစကား ပြောဆိုခြင်း ဖြစ်ပါသည်။ မိန်းမ၊ ယောကျ်ားများသည် အိမ်ထောင်မပြုမီဖြစ်စေ၊ ပြုပြီးဖြစ်စေ လေ့လာသင့်သော အဆိုအမိန့်များဖြစ်ကြောင်းကို –

> "အကြင်ယောကျ်ား၊ အကြင်မိန်းမတို့သည် အိမ်ထောင်ပြုခြင်း မပြုမီ လူ့လောကဘဝဇာတ်ခုံ၏ အဖြစ်သနစ်များ၊ အိမ်ထောင်ရေး ပြဿနာများ၊ အဆိုအမိန့်များ၊ ဆိုရိုးစကားများကို လေ့လာတင်ပြအပ်ပေသည်။"[၁]

ဟူ၍ ဖော်ပြထားပါသည်။ အိမ်ထောင်ရေးသည် လူ့လောကတွင် အရေးကြီးပါသည်။ တစ်ကြိမ်မှားမိလျှင် နောင်ပြင်ရန် ခက်ခဲသောကြောင့် "အိမ်ထောင်ပြု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး"[၂] ဟူသော စကားဖြင့် စဉ်းစားဆုံးဖြတ်ရန် သတိပေးလမ်းညွှန်ထားပါသည်။ ထိုကဲ့သို့သော အိမ်ထောင်ရေး သဘောသဘာဝကို အမျိုးသားနှင့် အမျိုးသမီး ဝေါဟာရများ အသုံးပြု၍ ပြောဆိုကြသည်။

အမျိုးသား ဝေါဟာရကို အသုံးပြု၍ အမျိုးသမီးများအတွက် ခံစားမှုကို ဖော်ပြသော စကားပုံ၊ ဆိုရိုးများလည်း ရှိပါသည်။ မြန်မာအမျိုးသမီးများသည် အိမ်ထောင်မပြုမီတွင် ကိုယ့်အမျိုးသားကို သေချာစွာ ရွေးချယ်ရပါမည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ရွေးချယ်ရခြင်းမှာ "ဘူးကောင်းလျှင် စင်ခံ၊ လင်ကောင်းမှ စံရ" မည်ဖြစ်သည်။ ဘူးမျိုးကောင်းလျှင် စင်ခံရမည်အထိ အသီးများများ ရသကဲ့သို့ လင်ကောင်းသားကောင်းရလျှင် ချမ်းသာသုခ ခံစားရမည်။

လင်ယောကျ်ား၏အရိပ်သည် မိန်းမသားအတွက် လုံခြုံမှု ရှိစေကြောင်း "လင်မရှိ မရေရာ၊ လင်မကောင်းက မထောင်းတာ" ဟု အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦးအဖို့ အိမ်ထောင်ဖက်ခင်ပွန်း လင်မကောင်းပါက အကြောင်းမဟုတ်၊ လင်မရှိတော့မှသာ မရေမရာ မျက်နှာငယ်စရာ ဖြစ်ပေမည်။ လင်မရှိ၍ လူဘုံအလယ် မျက်နှာငယ်ရသည်ထက်စာလျှင် အားမကိုးရပေမဲ့ ယောကျ်ားရှိနေသည်က တော်သေးကြောင်း ဆိုထားပါသည်။

---

[၁] တင်အောင်အေး၊ ဒေါက်တာ၊ ၁၉၉၇၊ ၈၂။

[၂] မြန်မာဆိုရိုးစကား၊ ၂၀၁၁၊ ၂၉၉။

ထို့အပြင် မိမိချစ်သော လင်ယောကျ်ားကလွဲ၍ အခြားအမျိုးသားအပေါ် စိတ်မယိုင် သစ္စာစောင့်ထိန်းကြောင်း၊ ခင်ပွန်းအပေါ် ထားရှိသည့် ချစ်မေတ္တာကို "မုန့်သာ ဝေစားနိုင်သည်၊ လင်ကို မဝေနိုင်" ဟု မုန့်ကို အခြားလူနှင့် ခွဲဝေမျှတ စားနိုင်သော်လည်း လင်ကိုမူ အခြားမိန်းမနှင့် မဝေမျှနိုင်ကြောင်း ခိုင်ခိုင်မာမာ ဆိုခဲ့သည်။ "ကိုယ့်လင်ကလွဲ၊ ဖွဲနှင့်ဆန်ကွဲ" ဟူ၍လည်း ကိုယ့်ခင်ပွန်းကိုယ့်အပေါ် ချစ်မေတ္တာထားနိုင်ရန် မိန်းမမာယာလေးဖြင့် သံယောဇဉ်ကြိုး ချည်နှောင်ထားသည်။ မြန်မာအမျိုးသမီးများ၏ အိမ်ထောင်ရေးတွင် သစ္စာစောင့်သိမှုကို ဖော်ပြနေပါသည်။

တစ်ဖန် အမျိုးသမီး ဝေါဟာရကို အသုံးပြု၍ အမျိုးသားများ၏ ခံစားမှုကို ဖော်ပြသော စကားပုံ ဆိုရိုးများလည်း ရှိပါသည်။ အချို့ အမျိုးသားတို့သည် မိမိ၏ ဇနီးသည် ချစ်မြတ်နိုးလွန်း၍ သဝန်တိုတတ်ကြပါသည်။ အခြားအမျိုးသားတို့ မထိဝံ့၊ မကြည့်ဝံ့အောင် "မယားထိ ဓားကြည့်" ဟု မယားဖြစ်သူကို ထိပါးစော်ကားလျှင် လင်ဖြစ်သူ ဒေါသ မထိန်းချုပ်နိုင် ဖြစ်တတ်သည်။ အမျိုးသမီးများအတွက် ခင်ပွန်းသည်က တန်ဖိုးထားကြောင်း သိရသည့်အတွက် ဘဝအမောပြေနိုင်ပါသည်။ ထိုသို့ အမျိုးသမီးများကို တန်ဖိုးထားသကဲ့သို့ မိမိ၏ဇနီးသည် မိမိကို ရိုသေကြောက်ရွံ့ လေးစားစေချင်သည်မှာလည်း အမျိုးသားများ ဖြစ်ပါသည်။ မိမိအပေါ် ကြောက်ရွံ့ရိုသေ ချစ်ခင်လာအောင် "မယားနေစ ကြောင်သေမှ" ဟူသော စကားသည် ဇနီးသည်က ကြောက်ရွံ့ရိုသေအောင် အိမ်ထောင်ဦးတွင် ကြောင် အစရှိသော အိမ်မွေး တိရစ္ဆာန် တစ်ကောင်ကောင်အပေါ်၌ ရက်စက်မှု ပြုရသည်။ "မယားနှင့်နွား မသနားရ" ဟု မယားနှင့်နွားကို နေရာတကာတိုင်း၌ သနားမိလျှင် ရောင့်တက်တတ်သည်။ ဤစကားပုံ ဆိုရိုးများသည် မြန်မာ့လူမှုနယ်ပယ်၌ မြန်မာအမျိုးသား များ၏ အိမ်ထောင်ရေးသဘာဝကို ဖော်ပြပေးခြင်း ဖြစ်သည်။

အမျိုးသားနှင့် အမျိုးသမီးဝေါဟာရကို အသုံးပြု၍ ပြောဆိုသော စကားပုံ ဆိုရိုးများလည်း တွေ့ရှိရသည်။ အမျိုးသား၊ အမျိုးသမီး၏ဘဝတွင် အိမ်ထောင်ရေး သည် အလွန်အရေးကြီးပါသည်။ အမျိုးသမီးများသည် အိမ်ထောင်ပြုပြီးသည်နှင့် မိမိ၏ချစ်ခင်ပွန်းအပေါ် သစ္စာရှိပြီး မယားဝတ္တရား ငါးပါးနှင့်အညီ အိမ်ထောင် ထိန်းသိမ်းကြသည်။ သားသမီးနှင့် လင်ယောကျ်ားကို ချစ်မြတ်နိုး အလေးထား ကြောင်း "သားကိုသခင်၊ လင်ကိုဘုရား" ဟူသော ဆိုရိုးစကားက သက်သေပြနေ ပါသည်။ ထို့ပြင် ခင်ပွန်းသည်နှင့် ဇနီးသည် အရာရာတွင် နားလည်မှုရှိရန် လိုအပ်ပါ သည်။ အိမ်ထောင်သည်ဘဝတွင် ဥစ္စာပစ္စည်းသည် နှစ်ဦးလုံးနှင့် သက်ဆိုင်ပါသည်။ ထိုဥစ္စာပစ္စည်းများကို ခင်ပွန်းသည်ကလည်း ဇနီးမသိဘဲ အခြားသူကို ပေးခွင့် မရှိသကဲ့သို့ ဇနီးသည်ကလည်း ခင်ပွန်းမသိဘဲ အခြားသူကို ပေးခွင့်မရှိပါ။

သို့ရာတွင် ခင်ပွန်းသည်က "မယားသခင်၊ လင်သားစိုးပိုင်" ဟု လင်သည်မယား၏ အရှင်သခင်ဖြစ်၍ လင်မယားပိုင်သော ဥစ္စာပစ္စည်းကို မယားမသိသော်လည်း လင်က ပေးပိုင်ခွင့် ရှိသည်။ ဤသို့လျှင် မြန်မာအမျိုးသမီးများသည် အိမ်ထောင်သည် ဘဝတွင် အမျိုးသားများအပေါ် တည်မှီနေခြင်း ဖြစ်သည်။

တစ်ခါတစ်ရံတွင် လင်မယားသဘာဝအရ ရန်ဖြစ်တတ်ပုံကို "လင်နှင့်မယား လျှာနှင့်သွား" ဟု လျှာနှင့်သွားသည် အနေနီးသဖြင့် အခန့်မသင့်လျှင် ကိုက်မိတတ်သကဲ့သို့ လင်နှင့်မယားသည်လည်း စိတ်သဘောချင်း မတိုက်ဆိုင်သည့်အခါတွင် ရန်ဖြစ်တတ်ကြသည်။ ဤသည်ကိုပင် "လင်မယားချစ်တော့ ရန်ဖြစ်" ဟူ၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်သော လင်မယားပင်လျှင် တစ်ခါတစ်ရံ ရန်ဖြစ်တတ်ကြသည်။ ဤသည်မှာ မြန်မာလူမျိုးတို့ အိမ်ထောင်ရေးသဘောသဘာဝများကို ဖော်ပြပေးခြင်း ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာဘာသာစကားတွင် ရှိနေသည့် စကားပုံ၊ ဆိုရိုးများကို ပညာရှင်တို့သည် နယ်ပယ်တစ်ခုဖြင့် လေ့လာဖော်ထုတ်ကြသည်။ အမျိုးသားနှင့် အမျိုးသမီး ဝေါဟာရဆိုင်ရာ အသုံးပြုပြောဆိုခြင်းသည် ဘာသာစကားတွင် ပါဝင်သည့် အမျိုးသား၊ အမျိုးသမီးတို့၏ သဘောသဘာဝကို လူမှုအခြေပြုတစ်ခုမှနေ၍ လေ့လာဖော်ထုတ်ကြည့်ခြင်း ဖြစ်ပါသည်။ ဘာသာစကားသည် လူမှုထင်ဟပ်ချက် တစ်ခု ဖြစ်သည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ သဘောသဘာဝ ကွဲပြားမှုသည် ဘာသာဗေဒ ဆိုင်ရာ ကွဲပြားမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ လူမှုအဖွဲ့အစည်း တစ်ခုတွင် မိန်းမနှင့် ယောကျ်ား သဘောသဘာဝအရ ဘာသာစကားကွဲပြားမှုသည် ဘာသာဗေဒ ဆိုင်ရာ ကွဲပြားမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ လူမှုအဖွဲ့အစည်းတစ်ခုတွင် မိန်းမနှင့် ယောကျ်ားသဘာဝသည် လူမှုဆိုင်ရာအခြေအနေတွင် ကွဲပြားစွာရှိပြီး ၎င်းကွဲပြားသည့် လူမှုအခြေအနေနှင့် အပြုအမူပုံစံများသည် ဘာသာစကားပေါ်တွင် ရိုးစင်းစွာ ထင်ဟပ်နေပါသည်။ လူ့အဖွဲ့အစည်းက ဘာသာစကားအပေါ် ထားရှိသည့် သဘောထားသည် ဘာသာစကားကို လူမှုသင်္ကေတ တစ်ရပ်အဖြစ် အသုံးပြုရန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာဘာသာစကားရှိ စကားပုံ၊ ဆိုရိုးများတွင် အမျိုးသားနှင့် အမျိုးသမီး သဘောသဘာဝကို ဘာသာစကားဖြင့် ခွဲခြား၍ လေ့လာဖော်ထုတ် ကြည့်ခြင်းဖြင့် မြန်မာဘာသာစကားရှိ စကားပုံ ဆိုရိုးများသည် ဘာသာစကားတွင် အရေးပါကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

## နိဂုံး

ဤစာတမ်းသည် မြန်မာ့လူ့ဘောင်တွင် ကျင်လည်နေသော ယောကျ်ား၊ မိန်းမ၏ သဘော သဘာဝများ၊ ပုံရိပ်များကို မှန်းဆနိုင်ပါသည်။ စကားပုံ၊ ဆိုရိုးများသည် အနာဂတ်၏ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက် ရှေးလူများ၏ ဆိုဆုံးမမှု၊ လမ်းညွှန်မှုများ ဖြစ်သည်။ ထို့ပြင် ရှေးလူကြီးများ၏ ပညာဉာဏ်ကြီးမားမှုနှင့် မြန်မာ့ဓလေ့ထုံးစံကို လေးစားမြတ်နိုးစေလိုသော စေတနာကို တွေ့ရှိရပါသည်။ ထို့ကြောင့် အမျိုးသားနှင့် အမျိုးသမီးဆိုင်ရာ မြန်မာစကားပုံ ဆိုရိုးများ အသုံးပြုပြောဆိုသည့် ဘာသာစကားကို ထုတ်ဖော်ခြင်းသည် မြန်မာဘာသာစကား၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ မြန်မာလူမျိုးတို့၏ ဉာဏ်ရည် ဉာဏ်သွေး မြင့်မားသော လူမျိုးများဖြစ်ကြောင်း ဖော်ပြနိုင်ပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


တင်အောင်အေး၊ ဒေါက်တာ။ (၁၉၉၇)။ ***ကဝိလက္ခဏာရေးရာအဖွင့်***။ ရန်ကုန် တက္ကသိုလ်၊ ဂျီအီစီ ပညာရေးသမဝါယမလီမိတက်။

မဟာရဋ္ဌသာရ၊ ရှင်။ (၁၃၂၇)။ ***စတုဓမ္မသာရကိုးခန်းပျို့***။ ရန်ကုန်၊ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***ခရီးဆောင်မြန်မာအဘိဓာန်***။ ရန်ကုန်၊ ဥက္ကာကျော် ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ ***မြန်မာသဒ္ဒါ***။ ပထမအကြိမ်။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၁၁)။ ***မြန်မာစကားပုံ***။ ဆဋ္ဌမအကြိမ်။ နေပြည်တော်။

မြန်မာစာအဖွဲ့။ (၂၀၁၁)။ ***မြန်မာဆိုရိုးစကား*** ။ နေပြည်တော်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်*** ။ ပထမအကြိမ်။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ကြူကြူမြင့်၊ ဒေါက်တာ။ (၂၀၁၂)။ ***မြန်မာစကားပုံနှင့် ဆိုရိုးစကားများတွင် ထင်ဟပ်နေသော မြန်မာအမျိုးသမီးများ၏ပုံရိပ်*** ”။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အသိပညာပေး စာတမ်းဖတ်ပွဲ။ ထားဝယ်တက္ကသိုလ်။ တနင်္သာရီတိုင်းဒေသကြီး။


## အင်္ဂလိပ်ဘာသာ


Leech, Geoffrey. (1974). Semantics. Harmand Sworth; Penguin Book Ltd.

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# စုမင်ဒှုဂါဒေ်ဝီမွန်ကျောက်စာလေ့လာချက်

ဉမ္မာခင် *


## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဆရာကြီး ဒေါက်တာသန်းထွန်း စုဆောင်းတည်းဖြတ်ထားသော နှောင်းတွေ့ကျောက်စာများစာအုပ်မှ ကျောက်စာတစ်ချပ်ကို လေ့လာထားခြင်း ဖြစ်သည်။ မွန်ဘာသာဖြင့် ရေးထိုးထားသော ပုဂံခေတ်ကျောက်စာတစ်ချပ် ဖြစ်သည်။ အလှူမှတ်တမ်းတင် ကျောက်စာတစ်ချပ်လည်း ဖြစ်သည်။ ဤစာတမ်းတွင် နှောင်းတွေ့ကျောက်စာများမှ စကားလုံးအချို့နှင့် စာတမ်းရှင်၏ အယူအဆအရ ကွဲလွဲနေသော စကားလုံးအချို့ကို နှိုင်းယှဉ် တင်ပြထားခြင်း ဖြစ်သည်။ ထို့နောက် ကျောက်စာကို အက္ခရာလှယ်ပြီး မြန်မာပြန်ထား ပါသည်။

**သော့ချက်စကားလုံးများ – *အက္ခရာ၊ အကရာလှယ်၊ ကျောက်စာမင်ကူး၊ စပ်ထိုး***


## နိဒါန်း

ဤကျောက်စာသည် ဆရာကြီး ဒေါက်တာသန်းထွန်း စုဆောင်းတည်းဖြတ်ထားသော နှောင်းတွေ့ကျောက်စာများစာအုပ်မှ ကျောက်စာတစ်ချပ် ဖြစ်သည်။ ဤကျောက်စာကို ပုဂံ၊ မြင်းကပါရွာအနီး ပုဂံကုန်းအမှတ် ၁၂၁၆ တွင် တွေ့ရပြီး ယခုအခါ အမျိုးသားပြတိုက်တွင် ရှိသည်။ စာတမ်းရှင်အနေဖြင့် နှောင်းတွေ့ကျောက်စာများစာအုပ်မှ ကန်ကျက်ကလိည်သူကြီးကျောက်စာကို ရွေးချယ်၍ သုတေသနပြုခဲ့ခြင်းမှာ ထိုကျောက်စာသည် မွန်၊ ပါဠိ၊ မြန်မာ ဘာသာသုံးမျိုးဖြင့် ရေးထိုးထားသဖြင့် ထူးခြားသည်ဟု ယူဆ၍ လေ့လာရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။ ထိုကျောက်စာကို လေ့လာရင်း အက္ခရာလှယ်ထားသော စကားလုံးအချို့ကို သံသယဝင်မိသဖြင့် မင်ကူးနှင့်တိုက်၍ စစ်ဆေးမိပါသည်။ ထိုအခါ ကျောက်စာမင်ကူးနှင့် အက္ခရာလှယ်ထားမှုအချို့ ကွဲလွဲနေသည်ကို တွေ့သည်။ ထိုအချက်ကို အခြေခံ၍ ဤစာတမ်းတွင် နှောင်းတွေ့ကျောက်စာများစာအုပ်မှ စကားလုံးအချို့နှင့် စာတမ်းရှင်၏ ယူဆချက်အရ ကွဲလွဲနေသော စကားလုံးအချို့ကို တင်ပြထားပါသည်။ ကျောက်စာမင်ကူးကို ဖတ်ရှု၍ ကွဲလွဲနေသော စကားလုံးအချို့ကို မွန်ဘာသာစကား၊ မွန်သဒ္ဒါ၊ မွန်အဘိဓာန်များနှင့် ညှိနှိုင်းကိုးကား၍ တင်ပြထားခြင်း ဖြစ်ပါသည်။

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁။ ကျောက်စာအမည်

ဤကျောက်စာကို ဆရာကြီး ဒေါက်တာသန်းထွန်း စုဆောင်းတည်းဖြတ်ထားသော နှောင်းတွေ့ကျောက်စာများစာအုပ်တွင် ကန်ကျက်ကလိည်သူကြီးကျောက်စာဟု အမည်ပေးထားသည်။ ကျောက်စာကို လေ့လာကြည့်သောအခါ ကျောက်စာတွင် အလှူမှတ်တမ်းနှစ်ခုကို မတူသော ဘာသာစကား သုံးမျိုးဖြင့် ရေးထိုးမှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ရေးထိုးထားသော ခုနှစ်လည်း မတူပေ။ မူလထိုး ကျောက်စာမှာ မွန်ဘာသာဖြင့် ရေးထိုးထားသော အလှူမှတ်တမ်းတင်ကျောက်စာတစ်ချပ်ဖြစ်သည်။ ကျောက်စာတွင် မျက်နှာဘက်နှင့် ကျောဘက်ဟု နှစ်ဖက်ပါသည်ကို တွေ့ရသည်။ နှစ်ဖက်လုံးတွင် အလှူရှင်တစ်ဦးတည်းက သူ၏အလှူကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ထိုကျောက်စာ၏ ကျောဘက်နေရာလွတ်တွင် အခြားအလှူရှင်တစ်ဦးက သူ၏အလှူကို မြန်မာဘာသာဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ မွန်ဘာသာဖြင့် ရေးထိုးမှတ်တမ်းတင်ထားသော ကျောက်စာမှာ သက္ကရာဇ် ၄၉၁ တွင် ပြုခဲ့သော အလှူကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ကျောက်စာမျက်နှာဘက် ကြောင်းရေ ၁ – ၃ တွင် "ကာလ် သကရာစ် ၄၉၁ ဋေယ် ကာလ် သွသ်တိလ်ိအ်ပေါယ် ညီတြိဘဝနာဒိတျပဝရဓမ္မရာဇ် ကတ္တိက သံဝစ္ဆေရ် ၅ စိဝေက် ကိန္တုဇိသ် တေယ္ဍ်" ဟု တွေ့ရသည်။ ထို့ပြင် ကြောင်းရေ ၄–၅ တွင် "စုမင်ဒူဂ်ိါဒေဝီ မသူလ် လာရ်လိက် တွေ္မာအ် ရတနာ ဝေါအ် ဂိလ်ေင် ဥိုက် ဇယ် ကိလ် ဟန်ဂေါအ် ဇယ်"ဟုရေးထိုးထားသည်ကို တွေ့ရသည်။ အဆုံးတွင် ပါဠိဘာသာဖြင့် ဆုတောင်းစာကို ရေးထိုးထားသည်။ မြန်မာဘာသာဖြင့် ရေးထိုးထားသော အလှူမှတ်တမ်းမှာ သက္ကရာဇ် ၅၈၆ တွင် ပြုသောအလှူကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ကျောက်စာကျောဘက် ကြောင်းရေ ၁၈– ၂၀ တွင် "သကရစ် ၅၈၆ ခု ကြဋ္ဌိက္ကသံဝစ္ဆိုရနှစ် မွယ်တာလဆန် ၃ ရက် တနင်လာနိယ်အာ ကန်ကျက်ကလိည်သူကြီ ပုရှာလှူသော" ဟု ရေးထိုးထားသည်ကို တွေ့ရသည်။ သက္ကရာဇ် ၄၉၁ တွင် မွန်ဘာသာဖြင့် ရေးထိုးထားသော အလှူမှတ်တမ်းသည် မူလထိုး ကျောက်စာတစ်ချပ်ဖြစ်ပြီး ကျောဘက်မှ အလှူမှတ်တမ်းမှာ သက္ကရာဇ် ၅၈၆ တွင် ရေးထိုးသော စပ်ထိုးကျောက်စာတစ်ချပ် ဖြစ်သည်။ ထို့ကြောင့် စာတမ်းရှင် အနေဖြင့် ဤကျောက်စာအမည်ကို မူလထိုးဖြစ်သော မွန်ဘာသာဖြင့် ရေးထိုးထားသော မျက်နှာဘက်မှ အလှူရှင်အမည်ကို အစွဲပြု၍ စုမင်ဒူဂ်ိါဒေဝီကျောက်စာဟု အမည်ပေးထားပါသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းကမူ မြန်မာဘာသာဖြင့် ရေးထိုးထားသော စပ်ထိုးကျောက်စာမှ အလှူရှင်၏အမည်ကိုယူ၍ "ကန်ကျက် ကလိည်သူကြီးကျောက်စာ"ဟု အမည်ပေးထားခြင်း ဖြစ်မည်။

## ၂။ ကျောက်စာရေးထိုးသောခေတ်

ကျောက်စာ၏မျက်နှာဘက် ကြောင်းရေ (၁)တွင် "ကာလ် သကရာဇ် ၄၉၁ ဍေယ် ကာလ် သွသ် တိလ်ေဒ်ပေါယ် ညီတြိဘဝနာဒိတျပဝရဓမ္မရာဇ် ကတ္တိက သံဝစ္ဆိရ် ၅ စိဝေက် ကိန္တု ဓိသ် တော့ယ်" ဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျောက်စာရေးထိုးချိန်၊ အလှူပြုချိန်သည် သက္ကရာဇ် ၄၉၁ ခုနှစ် ဖြစ်သည်။ ဦးကုလားမဟာရာဇဝင်ကြီးတွင် ၄၅၀ မှ ၅၂၀ ထိသည် လည်းကောင်း၊ မှန်နန်းရာဇဝင်တွင် ၄၅၄ မှ ၅၂၉ ထိသည် လည်းကောင်း၊ ဇာတာတော်ပုံရာဇဝင်တွင် ၄၇၃ မှ ၅၂၉ ထိသည် လည်းကောင်း အလောင်းစည်သူမင်း နန်းတက်နှစ် ဖြစ်သည်ဟု ဖော်ပြထားသည်။ ဦးကုလားရာဇဝင်အရ ဖြစ်စေ၊ မှန်နန်းရာဇဝင်အရ ဖြစ်စေ၊ ဇာတာတော်ပုံရာဇဝင်အရဖြစ်စေ သက္ကရာဇ် ၄၉၁ သည် အလောင်းစည်သူမင်း လက်ထက်တွင်ဖြစ်၍ ဤကျောက်စာရေးထိုးချိန်သည် ပုဂံခေတ်၊ အလောင်းစည်သူမင်း လက်ထက်ဟု ဆိုနိုင်သည်။ ခေတ်ပြိုင်ကျောက်စာတစ်ချပ် ဖြစ်သည်။

## ၃။ ကျောက်စာပါအကြောင်းအရာ

ဤကျောက်စာသည် အလှူမှတ်တမ်းတင် ကျောက်စာတစ်ချပ် ဖြစ်သည်။ အလှူရှင်နှစ်ဦး၏ အလှူကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ အလှူပြုချိန် မတူပေ။ အလှူရှင် ကန်ကျက်ကလိည်သူကြီးက သက္ကရာဇ် ၅၈၆ တွင် ပြုသောအလှူကို မူလထိုးကျောက်စာ၏ကျောဘက် လွတ်နေသောနေရာတွင် ဆက်၍ မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ သက္ကရာဇ် ၄၉၁ တွင် အလှူပြုသော အလှူရှင်မှာ ပုဂံမိဖုရားတစ်ပါးဖြစ်သည်ဟု ယူဆရသည်။ အလှူရှင်သည် သူ၏ဂူဘုရားတွင် လှူသော ကျွန်စာရင်းကို တိတိကျကျ မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ကျွန်လှူရာတွင် ပုဂံခေတ် အလှူရှင်များ၏ထုံးစံ ကျွန်များကို ခွဲဝေလှူဒါန်းလေ့ ရှိသည့်အတိုင်း အလှူရှင်သည်လည်း သူလှူသောကျွန်များကို ဂူအတွက် လှူသော ကျွန်စာရင်း၊ ထွန်ယက်စိုက်ပျိုးရန်အတွက် လှူသော ကျွန်စာရင်း စသည်ဖြင့် ခွဲဝေလှူဒါန်းပြီး စာရင်းတိတိကျကျဖြင့် မှတ်တမ်းတင်ကျောက်စာ ရေးထိုးထားခြင်း ဖြစ်သည်။ ကျွန်စာရင်းကို ဖော်ပြပြီးနောက် အလှူရှင်သည် သူ၏အရှင်သခင်များ ဖြစ်သော ကျန်စစ်သားမင်းကြီးနှင့် အလောင်းစည်သူမင်းကြီးတို့ကို ဆုတောင်း အမျှဝေထားသည်။ ထို့နောက်မှ အလှူရှင်သေပြီးနောက် ဖြစ်လိုသော ဆုတောင်းများကို ဖော်ပြထားသည်။ အလှူရှင်သည် မိမိအလှူကို မှတ်တမ်းတင်ရာတွင် ဆုတောင်း၊ အမျှဝေတို့ကို မွန်ဘာသာဖြင့်သာမက ပါဠိဘာသာဖြင့်ပါ ရေးထိုးထားသည်ကို တွေ့ရသည်။

သက္ကရာဇ် ၅၈၆ တွင် လှူသော အလှူရှင် ကန်ကျက်ကလိည်သူကြီးကလည်း ဘုရားလှူသော ကျွန်စာရင်းကို မှတ်တမ်းအဖြစ် ရေးထိုးထားခြင်း ဖြစ်သည်။ ကန်ကျက်ကလိည်သူကြီးကျောက်စာတွင် အလှူပြုချိန်နှင့် ကျွန်စာရင်းသာ ရေးထိုးထားသည်။ ဆုတောင်း၊ ကျိန်စာ၊ အမျှဝေတို့ မပါပေ။ မူလ မွန်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာ၏နေရာလွတ်တွင် စပ်ထိုးထားသော စပ်ထိုးကျောက်စာတစ်ချပ် ဖြစ်သည်။ မူရင်းကျောက်စာနှင့် ဆက်စပ်မှု မရှိပေ။

## ၄။ ဝေါဟာရလေ့လာချက်

ကျောက်စာသည် မျက်နှာဘက်နှင့် ကျောဘက်ဟု နှစ်မျက်နှာ ပါသည်။ မျက်နှာဘက်တွင် ၂၈ ကြောင်း၊ ကျောဘက်တွင် ၃၂ ကြောင်း ရေးထိုးထားသည်။ မျက်နှာဖက် ၂၈ ကြောင်းနှင့် ကျောဘက် ကြောင်းရေ ၁၇ ထိသည် သက္ကရာဇ် ၄၉၁ တွင် ပြုသော အလှူကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ မျက်နှာဘက် ကြောင်းရေ ၁ မှ ၂၈ ထိနှင့် ကျောဘက် ကြောင်းရေ ၁ မှ ကြောင်းရေ ၁၄ ထိကို မွန်ဘာသာဖြင့်လည်းကောင်း၊ ကြောင်းရေ ၁၅ မှ ၁၇ ထိကို ပါဠိဘာသာဖြင့်လည်းကောင်း ရေးထိုးထားခြင်း ဖြစ်သည်။ ကျန်ကြောင်းရေ ၁၈ မှ ၃၂ ထိသည် သက္ကရာဇ် ၅၈၆ တွင် အလှူပြုသော ကန်ကျက်ကလိည်သူကြီး၏ အလှူကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ မြန်မာဘာသာဖြင့် ရေးထိုးထားခြင်း ဖြစ်သည်။ ဤစာတမ်းတွင် မျက်နှာဘက် ကြောင်းရေ ၂၈ ကြောင်း မှ စကားလုံးများကို အဓိက လေ့လာထားခြင်း ဖြစ်ပါသည်။ ထို့နောက်မှ မျက်နှာဘက် ကြောင်းရေ ၂၈ ကြောင်းကို အက္ခရာလှယ်ပြီး ဘာသာပြန်ထားပါသည်။

### ၄၊၁။ တိလအ်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| တိလိအ် | တိလိအ် | အရှင် | ၁–၂၊ ကျော– ၁၊ ၂၊ ၃ |



**တိလိအ် (ကရ ၁–၂)**



**တိဵလအ် (ကရ ကျော ၁)**

တိလအ် = lord, owner[၁]

"ဍေယ် ကာလ် သွသ် **တိလအ်**ပေါယ် ဩီတြိဘဝနာဒိတျ ပဝရဓမ္မရာဇ်" (ကရ။ ၁–၂)

"ဍေယ် ကာလ် သွသ် **တိလ္လအ်**ပေါယ် ဩီတြိဘဝနာဒိတျ ပဝရဓမ္မရာဇ်" (စာတမ်းရှင်ယူဆချက်)

"ငါတို့အရှင် ဩီတြိဘဝနာဒိတျပဝရဓမ္မရာဇ်မင်း ချမ်းသာချိန်" (အဓိပ္ပာယ်)

"**တိလိအ် ဨ**ယ် သိင် ဩီတြိဘဝနာဒိတျဓမ္မရာဇ် ကု တိလိအ် ဨယ် ပဝရဓမရာဇာ"(ကရ။ ကျော၂–၄)

"**တိလ္လအ် ဨ**ယ် သ္မိင် ဩီတြိဘဝနာဒိတျဓမ္မရာဇ် ကု တိလ္လအ် ဨယ် ပဝရဓမရာဇာ" (စာတမ်းရှင်ယူဆချက်)

"ငါတို့အရှင် ဩီတြိဘဝနာဒိတျဓမရာဇမင်းနှင့် ငါတို့အရှင် ပဝရဓမ္မရာဇ်မင်း" (အဓိပ္ပာယ်)

တိလအ် ဟူသော စကားလုံးကို ဤကျောက်စာ၏မျက်နှာဘက် ကြောင်းရေ ၁၊ ကျောဘက်ကြောင်းရေ ၁၊ ၂၊ ၃ တို့တွင် တွေ့ရသည်။ နှောင်းတွေ့ကျောက်စာများ စာအုပ်တွင် မျက်နှာဘက်ကြောင်းရေ ၁ နှင့် ကျောဘက် ကြောင်းရေ ၂ တို့တွင် အပေါ်မှ **ရ** မပါသော်လည်း ကျောဘက် ကြောင်းရေ ၁ နှင့် ၃ တို့တွင် တိလိအ် ဟု တွေ့ရသည်။

## ၄၂။ ရာ

[၁] Shorto, 1971, 154.

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ရာ | ၅ | ၅ | ၃ |



**၅ စိဝေက် ကိန္တု ဗိသ်(ကရ–၃)**

စိဝေက် = Day of moon's waning period[၁]

ကိန္တု = moon, month[၂]

"ကတ္တိက သံဝစ္ဆေ၏ **ရာ** စိဝေက် ကိန္တု ဗိသ် တေ့ငယ်" (ကရ။ ၃–၄)

"ကတ္တိကသံဝစ္ဆေ၏ **၅** စိဝေက် ကိန္တု ဗိသ် တေ့ငယ်" (စာတမ်းရှင်ယူဆချက်)

"ကြတ္တိကသံဝစ္ဆေရ်နှစ် နယုန်လဆုတ် ၅ ရက်" (အဓိပ္ပာယ်)

ကျိုက်ဖျင်ကူဘုရား ခေါင်းလောင်းစာတွင် "မွဲ စဝေက်" "လဆုတ်တစ်ရက်" ဟု တွေ့ရသည်။ ကျိုက်ဖျင်ကူခေါင်းလောင်းစာတွင် "စဝေက်" ရှေ့တွင် မွဲ = တစ် ဟူသော ကိန်းဂဏန်းကို တွေ့ရသည်။ ထိုအက္ခရာပုံသည် ဦးသာမြတ်၏ မြန်မာ အက္ခရာစာအုပ်မှ ၅ နှင့်လည်း တူသည်ကို တွေ့ရသည်။ ထို့ကြောင့် နှောင်းတွေ့ ကျောက်စာများမှ "ရာ"ကို အက္ခရာပုံအရသော် လည်းကောင်း၊ မွန်ဘာသာရေးသားပုံ အရလည်းကောင်း "၅" ဟု ယူဆပါသည်။ ထိုအက္ခရာပုံကို မျက်နှာဘက် ကြောင်းရေ ၁၆ တွင်လည်း တွေ့ရသည်။



**၅၀ ဗ္ဒင်(ကရ– ၁၆)**

[၁] Shorto, 1971, 102.

[၂] Shorto, 1971, 38.

ထိုအက္ခရာကို နှောင်းတွေ့ကျောက်စာများစာအုပ်တွင် “ဂ” ဟု အက္ခရာလှယ်ထားသည်ကို တွေ့ရသည်။ စာတမ်းရှင်အနေဖြင့် ဤအက္ခရာကို “ဂ” ဟု ယူဆပါသည်။ ကြောင်းရေ ၃ ရှိ အက္ခရာပုံနှင့် ကြောင်းရေ ၁၆ ရှိ အက္ခရာပုံတို့ တူသည်ကို တွေ့ရသည်။

## ၄၊၃။ ဥတ္တရသာဓ်နက္ချတ်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဥတ္တရသာ**ဓ်နက္ချတ်** | ဥတ္တရသာ**ဓိနက္ခတ်** | ဥတ္တရသာဓိနက္ခတ် | ၃–၄ |



**နက္ခတ်(ကရ ၄)**



**နက္ခတ်(ကရ ၁၉(စောလူး))**

နက္ခတ် = lunar mansion, one of 28 into which the part of the heavens traversed[၁]

“ဥတ္တရာသါ**ဓ်** **နက္ချတ်**” (ကရ။ ၃–၄)

“ဥတ္တရာသါ**ဓိ** **နက္ခတ်**” (စာတမ်းရှင်ယူဆချက်)

“ဥတ္တရာသာဓိ နက္ခတ်” (အဓိပ္ပာယ်)

## ၄၊၄။ ဂိလေင်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဂိလေင်<br>ဂိရ်လိရ် | ဂိလေိင်<br>ဂိရ်လိင် | အရေအတွက်၊ စာရင်း | ၅<br>၁၉ |

[၁] Shorto, 1971, 210.



**ဂိလေင်(ကရ ၅)**

ဂိလေင် = Quantity, number, amount[၁]

**“ဂိလေင်ဒိုကီ** မ ဗယ် ကိလ် ဟန် ဂေါဟ် ဗယ်” (ကရ။ ၅)

**“ဂိလေင်ဒိုက်** မ ဗယ် ကိလ် ဟန် ဂေါဟ် ဗယ်” (စာတမ်းရှင်ယူဆချက်)

“ငါ့ဂူတွင် ငါပေးသော ကျွန်စာရင်း” ( အဓိပ္ပာယ်)

ထိုစကားလုံးကို ကြောင်းရေ ၁၉ တွင်လည်း တွေ့ရသည်။ ကြောင်းရေ ၁၉ တွင် **ဂိရ်လင်** ဟု တွေ့ရသည်။ –ရ် ကို ခွဲရေးထားခြင်း ဖြစ်သည်။ နှောင်းတွေ့ ကျောက်စာများစာအုပ်တွင် ဂိရ်လိရ် ဟု အက္ခရာလှယ်ထားသည်။



**ဂိရ်လေင်(ကရ ၁၉)**

“တေအ် **ဂိရ်လရ်** ဒိုက် မ ဗယ် ဗုလ=” (ကရ။ ၁၉)

“တေအ် **ဂိရ်လင်** ဒိုက် မ ဗယ် ဗုလး” (စာတမ်းရှင်ယူဆချက်)

“ဤ ငါလွှတ်(လှူ)သောကျွန်စာရင်း” (အဓိပ္ပာယ်)

ဤဝါကျမှ ဒိုကီသည် ဒိုက်(ကျွန်) ဖြစ်သည်။ ကျောက်စာရေးထိုးချိန်ကသော်လည်းကောင်း နောက်ပိုင်းတွင်သော်လည်းကောင်း ကျောက်သားပဲ့သွားခြင်းဖြစ်မည်ဟု ထင်ပါသည်။ ကျောက်စာဖတ်ရာတွင် အမြင်အတိုင်း ဖတ်ရသောကြောင့် ဆရာကြီးက အမြင်အတိုင်း အက္ခရာလှယ်ထားခြင်း ဖြစ်မည်။ စာတမ်းရှင်ကမူ မွန်ဘာသာစကား

---

[၁] Haliday, 1955, 102.

နှင့်ချိန်ထိုး၍ အဓိပ္ပာယ်ကောက်ယူထားခြင်း ဖြစ်ပါသည်။ ဗုလ=မှ “=” မှာ “း” သင်္ကေတ ဖြစ်သည်။ နှောင်းတွေ့ကျောက်စာများစာအုပ်တွင် ထို “း” သင်္ကေတကို “=” နှင့်သာ ဖလှယ်ထားသည်ကို တွေ့ရသည်။

## ၄၊၅။ ဍိုက်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဍိုကီ | ဍိုက် | ကျွန် | ၅ |



**ဍိုက်(ကရ ၅)**



**ဍိုက်(ကရ ၉)**

ဍိုက် = slave[၁]

“ဂိလေင် **ဍိုကီ** မ ယေ် ကိလ် ဟန် ဂေါဟ် ယေ်” (ကရ။ ၅)

“ဂိဏေင် **ဍိုက်** မ ယေ် ကိလ် ဟန် ဂေါဟ် ယေ်” (စာတမ်းရှင်ယူဆချက်)

“ငါ့ ဂူတွင် ငါပေး(လှူ)သော ကျွန်စာရင်း” (အဓိပ္ပာယ်)

ဍိုက်(ကျွန်) ဟူသောစကားလုံးကို များစွာတွေ့ရသည်။ ဤစာကြောင်းတွင်သာ ဍိုကီ ဖြစ်၍ ကျန်စာကြောင်းများတွင် ဍိုက် ဟုသာ တွေ့ရသည်။ ကျောက်စာ ရေးထွင်းချိန်က ကျောက်သားပဲ့သွားခြင်း ဖြစ်နိုင်ပါသည်။ ဆရာကြီးက အမြင်အတိုင်း လှယ်ထားခြင်း ဖြစ်မည်။

## ၄၊၆။ ကိန္ဒန်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|

[၁] Haliday, 1955, 176.

| | | | |
|---|---|---|---|
| ကိန္ဒန် | ကိန္ဒရ် | ဇနီး၊ မယား | ၆ |



**ကိန္ဒန် ဒေုး (ကရ ၆)**



**ကိန္ဒန် ဒေုး (ကရ ၇)**

ကိန္ဒရ် = wife[၁]

ဒေုး = he, she, it. they[၂]

"**ကိန္ဒန်** ဒေု=" (ကရ။ ၆)

"**ကိန္ဒရ်** ဒေုး" (စာတမ်းရှင်ယူဆချက်)

"သင်းဇနီး၊ သင်းမယား" (အဓိပ္ပာယ်)

ကြောင်းရေ ၇ တွင် ကိန္ဒရ် ဟု လှယ်ထားသည်ကို တွေ့ရသည်။ "ဒေု=" မှ "=" သည် "း" ဖြစ်သည်။ ဤ " း " သင်္ကေတကို နှောင်းတွေ့ကျောက်စာများ စာအုပ်တွင် "=" ဟုသာ ဖော်ပြထားသည်ကို တွေ့ရသည်။

**၄၊၇။ ဒေု=**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဒေု= | ဒေုး | သူ၊ သင်း | ၆၊ ၇၊ ၈၊ ၁၈၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ |





[၁] Shorto, 1971, 39.

[၂] Shorto, 1971, 137.

**ကိန္ဒန် ဒေႜး(ကရ ၆)** **ကောန် ဒေႜး(ကရ ၇)**

ဒေႜး= he, she, it, they[၁]

"ကိန္ဒန် **ဒေႜ=**" (ကရ။၆)

"ကိန္ဒရ် **ဒေႜး**" (စာတမ်းရှင်ယူဆချက်)

"သင်းဇနီး၊ သင်းမယား" (အဓိပ္ပာယ်)

ကောန် ဒေႜ= (ကရ– ၆၊ ၇၊ ၈၊ ၂၀၊ ၂၁၊ ၂၂၊ )၊ စောဝ်ဒေႜ=(ကရ– ၁၈) တို့တွင် ဒေႜ= ဟု တွေ့ရသည်။ ကောန် ဒေႜး= သင်းသား၊ စောဝ် ဒေႜး= သင်းမြေး ဟု ဒေႜး ဖြစ်သည်။ "း" ဖြစ်သည် "=" မဟုတ်ပါ။

## ၄၊၈။ ပြောဝ်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ပြောဝ် | ပြောဝ် | မိန်းမ၊ အမျိုးသမီး | ၆ |



**ကောန် ဒေႜး ပြောဝ် စနုမာရ်ပိဏ်**

ပြောဝ် = woman, female[၂]

"ကောန်ဒေႜ= ပြောဝ် စနုမာရ်ပိဏ်" (ကရ။၆)

"ကောန်ဒေႜး ပြောဝ် စနုမာရ်ပိဏ်" (စာတမ်းရှင်ယူဆချက်)

"သင်း၏သမီး စနုမာရ်ပိဏ်" (အဓိပ္ပာယ်)

---

၁ Shorto, 1971, 137.

၂ Shorto, 1971, 277.

ကြောင်းရေ ၇ တွင်လည်း “ကောန်ဍေး ဗြောဝ်ဥမာ်” ဟု တွေ့ရသည်။



**ကောန် ဍေး ဗြောဝ်ဥမာရ်**

## ၄၉။ **ဓိက်**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဓိက<br>–က် | ဓိက် | ထွန်ယက်သည်၊<br>စိုက်ပျိုးသည် | ၉<br>၁၁ |



**ဓိက်(ကရ၉)**

ဓိက် = to horrow, break up(land), for planting, to caltivate to scratch with a rake or harrow plough, cultivate[၁]

ဟန် = on[၂]

တာဝ် = To remain, be statinoary, stand, stay, dwell[၃]

“ဦက် မ **ဓိက** ဟန် မ္ဒစ်သာ မ တာဝ် ဟန် တေိစ်” (ကရ။၉)

“ဦက် မ **ဓိက်** ဟန် မ္ဒစ်သာ မ တာဝ် ဟန် တေိစ်” (စာတမ်းရှင်ယူဆချက်)

---

[၁] Haliday, 1955, 161.
[၂] Haliday, 1955, 479.
[၃] Shorto, 1971, 147.

"တေိစ်တွင်နေသော မြစ်သားတွင် ထွန်ယက်စိုက်ပျိုးသောကျွန်"
(အခိပ္ပာယ်)

ထိုဝေါဟာရကို ကြောင်းရေ ၁၁ တွင်လည်း တွေ့ရသည်။



**ဩရ်ဳ ဇိက်(ကရ ၁၁)**

"ဩရ်ဳ **–က်** သံဘူစ် ကျောက် ကုဗ် စိန် ဟန် ဂိမ်ဉာ်ရ် အိတ်ကုအ်ကာလ်" (ကရ– ၁၁)

"ဩရ်ဳ **ဇိက်** သံဘူစ် ကျောက် ကုဗ် စိန် ဟန် ဂိမ်ဉာ်ရ် အိတ်ကုအ်ကာလ်" (စာတမ်းရှင်ယူဆချက်)

"အခါခပ်သိမ်း ရဟန်းတော်များနှင့် ဘုရားဆွမ်းအတွက် ချက်ပြုတ်ရန် ထွန်ယက်စိုက်ပျိုးစေ"(အခိပ္ပာယ်)

**၄၊၁၀။ ဗွင်**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အခိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဗွင် | ဗွှင် | ပယ် | ၁၆ |



**၅၀ ဗွှင်**

ဗွင် = unit of paddy land[၁]

ဗွှင် = a superficial measure[၂]

ဒိရ်မောင် = dwelling place, place, station[၃]

"ဒိရ်မောင် တိအ် ၅၀ ဗွင်" (ကရ။၁၆)

"ဒိရ်မောင် တိအ် ၅၀ ဗွှင်" (စာတမ်းရှင်ယူဆချက်)

"မြေ ၅၀ ပယ်" (အဓိပ္ပာယ်)

**၄၊၁၁။ ဂေါန်**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဂေါန် | ကောန် | သား | ၂၃ |



**ကောန် ဍေး**

ကောန် = child, young[၄]

"ဂေါန်ဍေ= ရယသ်ုက် ၁" (ကရ။၂၃)

"ကောန်ဍေး ရယသ်ုက် ၁" (စာတမ်းရှင်ယူဆချက်)

"သင်းသားရယသ်ုက် ၁" (အဓိပ္ပာယ်)

ဤဝေါဟာရသည် မွန်ဘာသာစကားရှိ သားကို ညွှန်းသော ဝေါဟာရ ဖြစ်သည်။ မွန်တွင် သားဟူသော အဓိပ္ပာယ်အတွက် "ကောန်" ကို သုံးသည်။ ပုဂံခေတ် မြန်မာကျောက်စာများတွင် အချို့သံညင်းစကားသံများကို သံပြင်းဖြင့် ရေးထိုးမှတ်တမ်းတင်လေ့ ရှိသည်ကို တွေ့ရသည်။ မွန်ဘာသာစကားတွင်မူ ထိုသို့

[၁] Shorto, 1971, 272.

[၂] Haliday, 1955, 338.

[၃] Shorto, 1971, 194.

[၄] Haliday, 1955, 53.

သုံးပုံမျိုးကို မတွေ့ရပါ။ "က" အက္ခရာ ရေးထိုးချိန်က ချွတ်ယွင်းမှုကြောင့်ဖြစ်မည်ဟု ယူဆရပါသည်။

## ၄၊၁၂။ ကိန္ဒ်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ကိန္ဒ် | ကိန္ဒံ | ပြုသည်၊ လုပ်သည် | ၂၆ |



**ထရ်ကိန္ဒံကျောက်**

ကိန္ဒံ = to build, construct, make, to rebuild[၁]

ကျောက် = Buddha, pagoda[၂]

ထရ် = gold[၃]

"ထရ် မ ကိန္ဒ် ကျောက် ၁၄၄" (ကရ။၂၆)

"ထရ် မ ကိန္ဒံ ကျောက် ၁၄၄" (စာတမ်းရှင်ယူဆချက်)

"ဘုရား ပြု(ကပ်)သော ရွှေ ၁၄၄" (အဓိပ္ပာယ်)

## ၄၊၁၃။ ဥကျ်သိည်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဥကျ်သိည် | ဍျက်ပိည် | ပြည့်သည် | ၂၈ |



[၁] Shorto, 1971, 39.
[၂] Shorto, 1971, 60.
[3] Shorto, 1971, 181.

**ချုက်ပိည်**

ချုက် = to have completed[၁]

ပိည် = to be full, to have completed[၂]

“စိဝရ် အုတ် ကုအ် ပရိက္ခာ ဥုက်သိည်” (ကရ။၂၈)

“စိဝရ် အုတ် ကုအ် ပရိက္ခာ ချုက်ပိည်” (စာတမ်းရှင်ယူဆချက်)

“စိဝရိတ်နှင့် ပရိက္ခရာ အပြည့်အစုံ” (အဓိပ္ပာယ်)

**၄၊၁၄။ ပရ်**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ပရ် | ဩရ် | စေ | ကျော– ၄ |



**ဩရ် ကေအ် ဒသ်**

ဩရ် = to cause, command[၃]

“တိလအ် ဇယ် ပဝရဓမ္မရာဇ ပရ် ဂေါအ် ဒသ် ကျောက်” (ကရ။ ကျော–၄)

---

[၁] Shorto, 1971, 134.

[၂] Shorto, 1971, 231.

[၃] Shorto, 1971, 24.

"တိလအ် ဗယ် ပဝရဓမ္မရာဇ ညြ်ရ် ဂေါအ် ဒသ် ကျောက်" (စာတမ်းရှင်ယူဆချက်)

"ငါရှင့် ပဝရဓမ္မရာဇ ဘုရားဖြစ်ရစေ" (အဓိပ္ပာယ်)

ဤဝါကျတွင် ညြ်ရ် ကို ဆန္ဒညွှန်ဝိဘတ်အဖြစ် သုံးထားခြင်း ဖြစ်သည်။

**၄၊၁၅။ စုကိအ်**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| စုကိအ် | စုတိအ် | သေသည် | ကျော– ၄ |



**ဗယ် စုတိအ် နှောဝ်ရ်**

စုတိအ် = die, pass from one existence[၁]

"ဗယ် စုကိအ် နှောဝ်ရ် ဒိဝ်ရသ် တောအ်" (ကရ။ကျော ၄)

"ဗယ် စုတိအ် နှောဝ်ရ် ဒိဝ်ဒသ် တောအ်" (စာတမ်းရှင်ယူဆချက်)

"ဤ အဖြစ်/ ဘဝမှ ငါ သေ(ပြီးသော်)" (အဓိပ္ပာယ်)

**၄၊၁၆။ ဒိဝ်ရသ်**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဒိဝ်ရသ် | ဒိဝ်ဒသ် | ဖြစ်ခြင်း၊ အဖြစ် | ကျော ၅ |

[၁] Shorto, 1971, 104.



**ဒိသ်ဒရ်တေအ်**

ဒိရ်ဒသ် = existence[၁]

"ဗယ် စုကိအ် နောရ် **ဒိရ်ရသ်** တေအ်" (ကရ။ ကျော ၅)

"ဗယ် စုတိအ် နောရ် **ဒိရ်ဒသ်** တေအ်" (စာတမ်းရှင်ယူဆချက်)

"ဤ အဖြစ်/ ဘဝမှ ငါ သေ(ပြီးသော်)" (အဓိပ္ပာယ်)

**၄၊၁၇။ လောမ်**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| လောမ် | လွှောမ် | ပိုင်ဆိုင်ခြင်း | ကျော –၅ |



**မလွှောမ်**

လွှောမ် = possessing[၂]

"တြသ် မလောမ် ကအ် ဩရ် ဂေါအ် ရသ်" (ကရ။ ကျော ၅)

" . . မလွှောမ် . အ် ဩရ် ဂေါအ် ဒသ်" (စာတမ်းရှင်ယူဆချက်)

" . . . ပိုင်ဆိုင်သော . . . ဖြစ်ရစေ" (အဓိပ္ပာယ်)

**၄၊၁၈။ ရသ်**

---

[၁] Shorto, 1971, 193.

[၂] Shorto, 1971, 324.

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ရည် | ဒသ် | ဖြစ်သည် | ကျော ၆ |



**ဒသ်**

ဒသ် = to exist[၁]

"ဩရ် ဂေါအ် ရည်"(ကရ။ကျော– ၆)

"ဩရ် ဂေါအ် ဒသ်"(စာတမ်းရှင်ယူဆချက်)

"ဖြစ်ရစေ" (အဓိပ္ပာယ်)

ဤပုဒ်စုကို ကျောက်စာ ကျောဖက်မျက်နှာတွင် များစွာ တွေ့ရသည်။ အလှူရှင်၏ ဆုတောင်းကို ရေးထိုးရာတွင် သုံးထားခြင်းဖြစ်သည်။

### ၄.၁၉။ ဂိတ်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဂိတ် | အိုတ် | အားလုံး | ကျော–၆ |



**ပြက်..ကၠ အိုတ် သတ်**

အိုတ် = all[၂]

"ပြေက် ရက္ခ ဂိတ်သတ် သိမ် = ဩရ် ဒသ်" (ကရ။ ကျော ၆)

---

[၁] Shorto, 1971, 189.

[၂] Shorto, 1971, 19.

“... ကၡ အိုတ် သတ် သိမ်င် ဩရ် ဒသ်” (စာတမ်းရှင်ယူဆချက်)

“ .... သတ္တဝါ အားလုံး ... ဖြစ်စေ” (အဓိပ္ပာယ်)

## ၄၊၂၀။ အေ္မာအ်/အေ္ဗာအ်/အေ္ဂာက်

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| အေ္ဗာအ် | | | ၁၀ |
| အေ္ဂာက် | အေ္ဗာအ် | အမိ | ၁၇ |
| အေ္မာအ် | | | ကျော ၇ |





**အေ္မာအ် (ကရ– ၁၀)** **အေ္မာအ် (ကရ– ၁၇)** **အေ္မာအ် (ကရ–ကျော၇)**

အေ္ဗာအ် = အမိ[၁]

“ကောန် ကု အေ္ဗာအ်” (ကရ။ ၁၀)

“ကောန် ကု အေ္ဗာအ်” (စာတမ်းရှင်ယူဆချက်)

“သားနှင့် အမိ” (အဓိပ္ပာယ်)

“တမ် ဂုန် အေ္မာအ် အွအ် ပုမြေယ် ဩရ် ဖေယ် ဂေါအ်” (ကရ။ ကျော ၇)

“.... အောအ် အွဗ်အ် ... ဩရ် ဖယ် ဂေါအ်” (စာတမ်းရှင်ယူဆချက်)

“... အမိအဖ ... ငါ ရ စေ” (အဓိပ္ပာယ်)

## ၄၊၂၁။ အွအ်

---

[၁] နိုင်ထွန်းရွှေ၊ ၄။

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| အွအ် | အွအ် | အဖ | ကျော–၇ |



**အွအ်**

အွအ် = အဖ[၁]

"တမ် ဂုန် အွောအ် အွအ် ပုမြေယ် ညြရ် ဖယ် ဂေါအ်" (ကရ။ ကျော ၇)

"…. အောအ် အွအ် … ညြရ် ဖယ် ဂေါအ်" (စာတမ်းရှင်ယူဆချက်)

" … အမိအဖ … ငါ ရ စေ" (အဓိပ္ပာယ်)

၄၊၂၂။ လး

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| လ= | လး | လည်းကောင်း | ကျော–၉၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄ |

   

**လး(ကရ ကျော ၉) လး(ကရ ကျော ၁၁) လး(ကရ ကျော ၁၂) လး(ကရ ကျော) ၁၃**

[၁] နိုင်ထွန်းရွှေ၊ ၄။

လး = လည်းကောင်း[၁]

“ပဏ္ဍိတ်လ=” (ကရ။ ကျော ၉)

“ပဏ္ဍိတ် လး” (စာတမ်းရှင်ယူဆချက်)

“ပညာရှိလည်းကောင်း” (အဓိပ္ပာယ်)

“အိတ် သတ် စ္ဆင် ဒ စိလ=”(ကရ။ ကျော ၉–၁၀)

“အိတ် သတ် စ္ဆင် ဒ စိ လး” (စာတမ်းရှင်ယူဆချက်)

“အခြားသတ္တဝါအားလုံးလည်းကောင်း” (အဓိပ္ပာယ်)

“သွသ် နိပ္ပါန် စိ လ=” (ကရ။ ကျော ၇)

“သွသ် နိဗ္ဗာန် စိ လး” (စာတမ်းရှင်ယူဆချက်)

“နိဗ္ဗာန်ချမ်းသာလည်းကောင်း” (အဓိပ္ပာယ်)

ဤဝေါဟာရကို အလှူရှင်၏အမှုဝေရာတွင် တွေ့ရသည်။

## ၄၊၂၃။ **သသ်နိပ္ပါန်**

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| သသ် နိပ္ပါန် | သွသ် နိဗ္ဗာန် | နိဗ္ဗာန်ချမ်းသာ | ကျော ၁၂ |



**သွသ် နိဗ္ဗာန်**

သွသ် = richness[၂]

“သသ် နိပ္ပါန်” (ကရ။ ကျော ၁၂ )

[၁] နိုင်ထွန်းသွေး၊ ၃၇။

[၂] Halliday, 1955, 477.

“သွသ် နိဗ္ဗာန်” (စာတမ်းရှင်ယူဆချက်)

“နိဗ္ဗာန် ချမ်းသာ” (အဓိပ္ပာယ်)

## ၄၊၂၄။ ဂုမိလိ

| နှောင်းတွေ့ | စာတမ်းရှင်ယူဆချက် | အဓိပ္ပာယ် | ကြောင်းရေ |
|---|---|---|---|
| ဂုမိလိ | ဂုမ်လိုင် | များသော | ကျော–၁၃ |



**ဂုမ်လိုင် လး**

ဂုမ်လိုင် = plural marker[၁]

“ဗောဓိသတ် ဂုမိလိ လေ=” (ကရ။ ကျော ၁၃ )

“ဗောဓိသတ် ဂုမ်လိုင် လး” (စာတမ်းရှင်ယူဆချက်)

“ဘုရားလောင်းများလည်းကောင်း” (အဓိပ္ပာယ်)

ဤကျောက်စာမှ စာလုံးပေါင်းပုံအချို့သည် ပဏ္ဍိတ်၊ တြပ်၊ သထုံကလျာဏီ၊ ကော့ကွန်းဂူ ကျောက်စာများမှ စာလုံးပေါင်းပုံနှင့်တူသည်ကို တွေ့ရသည်။ ပဏ္ဍိတ်၊ တြပ်ကျောက်စာများတွင် မအ်၊ ပအ်၊ ကုအ်၊ တိအ်ဟု အသံတိုသောသရများ နောက်တွင် အ် ထည့်ရေးလေ့ ရှိသည်။ ထိုအချက်ကို ဤကျောက်စာတွင်လည်း တွေ့ရသည်။ စောလူးမင်းကျောက်စာတွင် တွေ့ရသော မြစ်သား ဟူသည့် မြန်မာဝေါဟာရအသုံးကိုလည်း တွေ့ရသည်။ ပုဂံခေတ် ကျန်စစ်သားမင်း၏ မြကန်ကျောက်စာတွင်လည်း မဟာနိဗ္ဗာန်လက်ဆွဲချီရေဟု မွန်ဘာသာစကားတွင် မြန်မာဝေါဟာရ ရောသုံးသည်ကို တွေ့ရသည်။ စောလူးမင်းကျောက်စာတွင်လည်း မြန်မာဝေါဟာရ ရောရေးသည်ကို တွေ့ရသည်။ ယခု ဤကျောက်စာတွင်လည်း မြန်မာဝေါဟာရ ရောရေးသည်ကို တွေ့ရသည်။ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ပေါင်း၊ အပေါင်းဟူသော မြန်မာဝေါဟာရကို သူ့နေရာနှင့်သူ ခွဲခြား၍ သုံးထားသည်ကိုလည်း

---

[၁] Shorto, 1971, 79.

တွေ့ရသည်။ ပေါင် ဒိုက် (ကရ– ၁၂၊ ၁၆)၊ အပေါင် ( ကရ– ၁၉)၊ အပေါင် ( ၂၅) တို့တွင် တွေ့ရသည်။

## ၅။ စုမင်ဒူဂါဒေဝီမွန်ကျောက်စာ အက္ခရာပြန် (မျက်နှာဘက်)

၁။ ။ ဂြိ။ ကာလ် သက္ကရာစ် ၄၉၁ ဒေ့ယ် ကာလ် သွသ် တိ

၂။ လအိဳ်ပေါယ် ဩိတြိဘဝနာဒိတျဒိတျပဝရဓမရာဇ ကတ္တိကသံ

၃။ ဝဍ္ဍေရ် ၅ စိဝေက် ကိန္တု ဇိသ် တေ့ယ် ဗိဟာရဒျတိ ဥတ္တရာသာ

၄။ ဓိနက္ခတ် စုမင်ဒူဂါဒေဝီ မသူလ် လာရ်လိက် တောအ်

၅။ တေအ် ဓောက် ဂိလောင် ဒိုကိ(က်) မဇယ် ကိလ် ဟန် ဂေါဟ် ဇယ်

၆။ သုမစအ် ကိန္ဒရ် ဒေး၊ ယင် ရိမ် ၁၊ ကောန်ဒေး ဗြောဝ် စနုမာရ်ပိဏ်

၇။ ကိန္ဒရ် ဒေး တွောသ် စိရ်မတ်။ ကောန်ဒေး ဗြောဝ် ဥမာ် ၁ ဝါတောစ်

၈။ စင်န္ဒာ၁ အာသိ၁ ကောန်ဒေး ဂုပ္ဍုက် ယဗြက်၁ ကေး ၁ စမ် ၁ ရမဘာ၁။

၉။ စင်သတင် ၁။ ဒိုက် မဇိက် ဟန် မ္ဗစ်သာ မ တာဝ် ဟန် ထိစ် ၅

၁၀။ သုကံ ကောန် ကု အွေ့ာအ် ၁ သိရ်ငိအ် ၁ ။ အာငေက် ကု ပ္လောဟ် ၁ သိရ်င်

၁၁။ အ် အိတ် ဒိုက် ၂ သိရ်ငိအ် ကေး ဩရ် ဇိက် သံဘူစ် ကျောက် ကုဗံ

၁၂။ စိန် ဟန် ဂိမ်ဉ္ဇမ် အိတ် ကုအ် ကာလ်။ ပေါင် ဒိုက် ၂၉ မ ဇ

၁၃။ ယ် ကိလ် ဟန် စေတီယ် ကုအ် ဗိဟာရ် ဇယ် ဟန် ဂိရ် ဥယ

၁၄။ ကေး။ ယတ္တာပ် ။ သုဝရ် ၁ ကောန်ဒေး ၃ မ ဒ္ဒက် မြိအ်

၁၅။ ကောန် ဒေး ၁ ခံခိတ် ၁ ညး စိန်ဟန် ၁ သိရငိအ်။ ပေါင် ညး၁

၁၆။ ဖံ ဒိရ်မောင် တိအ် ၅၀ ဗ္ဂင် ပေါင် ဒိုက် ကျောက် ၃ ဟာန် ကေး

၁၇။ ၄၆။ ဟန် ကျောက် ဇယ် ကိရ်ပင် အွေ့ာအ် ဂိရ်က ။ ကောန် ဧ

၁၈။ ဒေး ၁ စောဝ် ဒေး ၂ ဝါတည် ၁ သမန္တာ ၁ သင် ၁ ယဟောတ် ၁ စိသခာ

၁၉။ ၁ ဖိုက် ၁ ခောအ် မဟော ၁။ အပေါင် ၁၂။ တေအ် ဂိရ်လင် ဒိုက် မ

၂၀။ ဇယ် ဗုလး နာသိနာမည် ၁ ကောန် ဒေး တြည်သ် ဉ္ဇတ် ၁ ဝါသပ် ၁

၂၁။ ဗြောဟ။ ကိကော ကောန် ဒေး ၂။ ယသုက် ၁ ကောန် ဒေး ၁။

၂၂။ မယုတ်မာ ၁ ကောန် ဒေး ၁။ မ္ဗိန်မနိုင် ၁ ကောန် ဒေး၂ ယဒိတ် ၁

၂၃။ ကောန် ဒေး ၇ ယသုက် ၁ ကိရ် ဍမ်၁ သုမိသွအ် ဝါလောတ်၁ ကဲဒိ

၂၄။ ဗြိ(င်) ၁ ဋ္ဌေယ် ညြိယ် ၁ ရပနာ ၁ သိဓိရ် ၁ ကုလာပေါင် ၂၉ ဍုက်
၂၅။ မ ဇယ် ကိရ် ကုအ် သမာကျက်သမာသွလ် ၁၂။ အပေါင် ဍိုက်
၂၆။ ကျေက် ကုအ် သမာနာသိနာ ၈၇။ ထရ် မ ကိန္ဒကျေက် ၁၄၄။
၂၇။ သေည် ၄၃၀ ဒိင်္ကေလ်။ သိက်လ် ၊၀၊ စိဝရ် အုတ်ကုအ် ပရိက္ခာ
၂၈။ (ရ) ဍုက် ပိည်။

## ၆။ စုမင်ဒုဂ်ါဒေဝီမွန်ကျောက်စာဘာသာပြန်(မျက်နှာဘက်)

၁– ၅ ။ ။ ဂြိ။ သက္ကရာဇ် ၄၉၁ ငါတို့အရှင် ညီတြိဘဝနာဒိတျပဝရဓမ္မရာဇ် ဘုန်းကြီးချိန် ကြတ္တိကသံဝစ္ဆရ်(နှစ်) နယုန်လဆုတ် ၅ ရက် ဥတ္တရသာဓိနက္ခတ် (တွင်) စုမင်ဒုဂ်ါဒေဝီ (သည်) ငါ့ဂူတွင် ငါလှူသော ကျွန်စာရင်းကို ဤရတနာ ကျောက်စာတွင် မှတ်တမ်းတင်ထားသည်။

၆–၉။ ။ တေိစ်တွင်နေ၍ မြစ်သားတွင် ထွန်ယက်စိုက်ပျိုးသောကျွန် သုမစအ် သူ့ကတော် ယင်ရိမ် ၁၊ သူ့သမီး စနုမာပိဏ် ၁၊ သူ့ကတော် တွောသ်စိရ်မတ် ၁၊ သူ့သမီး ဥမာ် ၁၊ ငါတောစ် ၁၊ စင်န္ဒာ ၁၊ အာသိ ၁၊ သူ့သား ဂုပျုဏ်ယဗြက် ၁၊ ဂေါး ၁၊ စမ် ၁၊ ရမ္မနာ ၁၊ စင်သတင် ၁။

၁၀–၁၂။ ။ အခါခပ်သိမ်း ရဟန်းအတွက် ချက်ပြုတ်ရန်နှင့် ဘုရားသံဘူစ် အတွက် စိုက်ပျိုးစေရန် သားအမိ မိသားစု ၁ စု အငငက် နှင့် ပ္လေါဟ် မိသားစု ၁ စု ထိုကျွန်မိသားစု အားလုံး၂စု။

၁၂– ၁၃။ ။ ငါ့ကျောင်းနှင့် စေတီတွင် ငါပေးသော ကျွန်ပေါင်း ၂၇။

၁၃– ။ ။ ထိုဂိရ်ဥယတွင် ယတ္တပ် ၁ သုဝရ် ၁ သူ့သား ၂ မဒ္ဒက်မြိအ် ၁ သူ့သား ၂ ခံမိအ် ၁ ချက်ပြုတ်ရန်အတွက် မိသားစု ၁ စု မြေ ၅၀ ပယ် ဘုရားကျွန်ပေါင်း ....

၁၇–၁၉။ ။ ငါ့ဘုရားတွင် ကိရ်ပင်အမေ ဂိရ်ကာ သူ့သား ၁ သူ့မြေး ၂ ငါတည် ၁ သမန္တာ ၁ သင် ၁ ယဟေတ် ၁ မိသခါ ၁ ဖိုက် ၁ ခေါအ် ၁ မဟေ ၁ အပေါင်း ၁၂

၁၉။ ။ ဤ ငါလွှတ်သော ကျွန်စာရင်း နာသိနာမည် ၁ သူ့သားတွြသ်ဤတ် ၁ ငါသပ် ၁ ဗြောဟ ၁ ကိဂေ ၁ သူ့သား ၂ ယသုက် ၁ သူ့သား ၁ မယုတ်မာ ၁ သူ့သား ၁ မွိန်မနိုင် ၁ သူ့သား ၂ ယဒိတ် ၁ သူ့သား ရယသ့်က် ၁ ကိရ်ဥမ် ၁

သုမိသွအ် ငါလောအ် ၁ ကဲဒိဗြိင် ၁ ဌေယ် ၁ ညြိယ် ၁ ရံပ္ပနာ ၁ သိမိရ် ၁ ကုလာ၁ ပေါင် ၂

၂၅။ ။ သမာကျာက်သမာသွုလ်အား ငါပေးသော ကျွန်ပေါင်း ၁၂ သမာနာ သိနာနှင့် ဘုရားကျွန် စုစုပေါင်း ၈၇။

၂၆–၂၈။ ။ ဘုရားပြုသောရွှေ ၁၄၄။ ငွေ ၄၃ဝကျပ်။ သိက်လ် ၁ဝ။ စိဝရ်နှင့် ပရိက္ခရာ အားလုံးအပြည့်အစုံ

## ခြုံငုံသုံးသပ်ချက်

ကျောက်စာမှာ မျက်နှာဖက်နှင့် ကျောဖက်ဟု နှစ်ဖက် ပါရှိသည်။ ကျောက်စာကို ဘာသာစကား သုံးမျိုးဖြင့် ရေးထိုးထားသည်ကို တွေ့ရသည်။ အကြောင်းအရာမှာ အလှူပြုချိန်မတူသော အလှူရှင်နှစ်ဦး၏အလှူကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ အကြောင်းအရာတစ်ခုမှာ သက္ကရာဇ် ၄၉၁ တွင် အလှူပြုသော အလှူရှင်သည် သူလှူသော ကျွန်စာရင်းကို ဖော်ပြပြီး ဆုတောင်းအမျှဝေတို့ကို မွန်ဘာသာဖြင့် ရေးထိုးထားခြင်း ဖြစ်သည်။ အဆုံးတွင် ပါဠိဘာသာဖြင့် ဆုတောင်းစာ ရေးထိုးထားသည်။

ဒုတိယအကြောင်းအရာမှာ မူလထိုးကျောက်စာတွင် စပ်ထိုးထားသော စပ်ထိုး ကျောက်စာတစ်ချပ် ဖြစ်သည်။ သက္ကရာဇ် ၅၈၆ ခုတွင် အလှူပြုခဲ့သော ကန်ကျက်ကလိည်သူကြီးက ကျောက်ချပ်ကျောဘက် လွတ်နေသောနေရာတွင် သူ၏အလှူကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ အလှူရှင်အမည်ကို ကန်ကျက်ကလိည်သူကြီးဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ဆရာကြီး ဒေါက်တာသန်းထွန်းက ထိုအမည်ကို အစွဲပြု၍ ကန်ကျက်ကလိည်သူကြီးကျောက်စာဟု အမည်ပေးခဲ့ခြင်း ဖြစ်မည်။ ကန်ကျက်ကလိည်သူကြီးကျောက်စာသည် စပ်ထိုးကျောက်စာ တစ်ချပ်ဖြစ်သည်။ မူလကျောက်စာမှာ မွန်ဘာသာဖြင့် ရေးထိုးထားခြင်းဖြစ်ပြီး ပုဂံမိဖုရားတစ်ပါး၏ အလှူမှတ်တမ်းတင် ကျောက်စာတစ်ချပ် ဖြစ်သည်။

ဦးကုလားရာဇဝင်တွင် အလောင်းစည်သူမင်းကြီး၏ဘွဲ့တော်ကို သီရိဘဝနာဒိတျ ပဝရပဏ္ဍိတသုဓမ္မရာဇာမဟာဓိပတိစည်သူ ဟု ဖော်ပြထားသည်။ ဤကျောက်စာတွင် အလောင်းစည်သူမင်းကြီး၏ဘွဲ့တော်ကို “ဩီတြိဘဝနာဒိတျ ပဝရဓမ္မရာဇ်” ဟု တွေ့ရ သည်။ ဤကျောက်စာသည် သက္ကရာဇ် ၄၉၁ အလောင်းစည်သူမင်းလက်ထက် ရေးထိုးခဲ့သော အလှူမှတ်တမ်းတင်ကျောက်စာ တစ်ချပ် ဖြစ်သည်။ ဤကျောက်စာ ကြောင်းရေ ၁–၂တွင် အလှူပြုချိန်ကို “သက္ကရာဇ် ၄၉၁ ငါတို့အရှင် ဩီတြိဘဝ

နာဒိတျပဝရဓမ္မရာဇ် ဘုန်းကြီးချိန်" ဟု တွေ့ရသည်။ ခေတ်ပြိုင်ကျောက်စာ တစ်ချပ်ဖြစ်၍ အလောင်းစည်သူ၏ဘွဲ့မည်ကို အတည်ပြုနိုင်မည်ဟု ယူဆရပါသည်။

ပုဂံခေတ်တွင် မွန်ဘာသာဖြင့် ရေးထိုးထားသော ကျောက်စာများအနက် အလှူမှတ်တမ်းကျောက်စာကို မတွေ့ရပေ။ ပုဂံပေင်သာကျောက်စာနှင့် စောလူးမင်းကျောက်စာသာ တွေ့ရသည်။ ပုဂံပေင်သာကျောက်စာမှာ အလှူမှတ်တမ်းတင်ကျောက်စာ တစ်ချပ် ဖြစ်သော်လည်း ဘုရားလှူသော ကျွန်စာရင်းကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ ထိုကျောက်စာကို ပုဂံမြို့၊ မဟာဗောဓိဘုရားတွင် ဦးစွာတွေ့ရပြီး ယခု ပုဂံပြတိုက် ကျောက်တိုင်အမှတ် ၆၈ ဖြစ်သည်။ တိုင်းရင်းမြန်မာကျောက်စာပုံအမှတ် ၃၀၀နှင့် ၃၀၁ ဖြစ်သည်။ ကျန်စစ်သားမင်းကြီးလက်ထက် ရေးထိုးခဲ့သော ရွှေစည်းခုံမွန်ကျောက်စာ၊ နန်းတည်ကျောက်စာ၊ မြကန်မွန်ကျောက်စာများသည် မွန်ဘာသာဖြင့် ရေးထိုးထားခြင်းဖြစ်သော်လည်း အလှူမှတ်တမ်းကျောက်စာများ မဟုတ်ပေ။ ဤကျောက်စာမှာမူ ပုဂံခေတ်က မြန်မာဘာသာဖြင့် ရေးထိုးသော အလှူမှတ်တမ်းတင် မြန်မာကျောက်စာများနှင့် ရေးထိုးပုံတူသည်ကို တွေ့ရသည်။ ပုဂံခေတ် အလှူမှတ်တမ်းတင် ကျောက်စာများ၏သဘောအတိုင်း ကျောက်စာတွင် အလှူပြုချိန်၊ အလှူရှင်၊ အလှူပစ္စည်း၊ ဆုတောင်းများ ပါဝင်သည်ကို တွေ့ရသည်။ ကျိန်စာမပါပေ။

## နိဂုံး

ဤစာတမ်းသည် ဆရာကြီး ဒေါက်တာသန်းထွန်း စုဆောင်းတည်းဖြတ်ထားသော နှောင်းတွေ့ကျောက်စာများစာအုပ်မှ ကန်ကျက်ကလိည်သူကြီးကျောက်စာကို လေ့လာထားခြင်းဖြစ်သည်။ နှောင်းတွေ့ကျောက်စာများစာအုပ်တွင် ကျောက်စာမင်ကူးနှင့် ကွဲလွဲနေသောစကားလုံး အချို့ကို မင်ကူးဓာတ်ပုံနှင့် တိုက်၍ စစ်ဆေးပြီး စာတမ်းရှင်အယူအဆကို တင်ပြထားခြင်း ဖြစ်သည်။ မွန်ဘာသာစကား လေ့လာသူများနှင့် ကျောက်စာမင်ကူးဖတ်သူများအတွက် ဤစာတမ်းသည် အထောက်အကူဖြစ်မည်ဟု ယူဆပါသည်။ ဤစာတမ်းကို အခြေခံ၍ ပုဂံခေတ် မွန်စာပေကိုလည်း လေ့လာနိုင်မည်ဟု ယူဆပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ကျော်ငြိမ်း၊ ဦး။ ၁၉၉၂။ ***ပုဂံမြို့ဟောင်းမြင်းကပါ ဂူပြောက်ကြီးဘုရား***၊ ပြည်ဦးဖေပုံနှိပ်တိုက်၊ ရန်ကုန်။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၆။ ***မြန်မာစာပေနှစ်တစ်ထောင်ခရီး (စာပေရေးရာစာစု)***၊ ကံကော်ဝတ်ရည်စာပေ၊ ရန်ကုန်။

နိုင်ထွန်းရွှေ။ ၁၉၆၈။ ***ခေတ်သုံးခေတ်မွန်ကျောက်စာအဘိဓာန်***၊ ဇမ္ဗူ့ရတနာပုံနှိပ်တိုက်၊ ရန်ကုန်။

နိုင်ဘီထောမွန်ဖြာ။ ***စုမင်ဒူဂါဒေဝီမွန်ကျောက်စာမြန်မာပြန်***။ www. monlibrary.

ဘဒ္ဒန္တတေမတီ။ ၁၉၆၅။ ***လေးဘာသာ အင်္ဂလိပ်၊ မွန်၊ မြန်မာ၊ ပါဠိ***။ သုဝဏ္ဏဝံသစာပုံနှိပ်တိုက်၊ မော်လမြိုင်။

မြ၊ ဦး။ ၁၉၆၁။ ***ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ***၊

လှသမိန်။ ၁၉၉၉။ ***ပုဂံခေတ်မြင်ကွင်းကျယ်***။ ပတ္တမြားငမောက်စာပေ၊ ရန်ကုန်။

သာမြတ်(သီရိပျံချီ)။ ဦး။ ***မွန်မြန်မာအက္ခရာသမိုင်း***၊

သန်းထွန်း(တည်းဖြတ်)။ ၂၀၀၅။ ***နှောင်းတွေ့ကျောက်စာများ***။ တက္ကသိုလ်များ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

သန်းထွန်း။ ၂၀၀၅။ ***ပုဂံခေတ်နိုင်ငံရေးသမိုင်း***။ ဖိုးဝအော့ဖ်ဆက်၊ ရန်ကုန်မြို့။

သန်းထွန်း၊ ဒေါက်တာ။ ၁၉၆၉။ ***ခေတ်ဟောင်းမြန်မာရာဇဝင်***၊ ကာယသုခ စာပုံနှိပ်တိုက်၊ ရန်ကုန်။

သန်းထွန်း၊ ဒေါက်တာ။ ၂၀၀၇။ ***အစောဆုံးအက္ခရာတင် တိုင်းရင်းမြန်မာမှတ်တမ်းများ***၊ လင်းလက်အိမ်ပုံနှိပ်တိုက်၊ ရန်ကုန်။

လှသမိန်(တည်းဖြတ်)။ ၁၉၆၀။ ***ဓာတာတော်ပုံရာဇဝင်***။

***မွန်နန်းရာဇဝင်***။ ၂၀၀၈။ မုံရွေးပုံနှိပ်တိုက်။

ဝါယမ၊ အရှင်။ ၁၉၅၇။ ***မွန်ဘာသာသင်ကြားနည်း***။ ရွှေသိန်းပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

## အင်္ဂလိပ်ဘာသာ

Ba Shin. (1962). ***The Lokahteikpan,*** Early Burmese Culture in Pagan Temples Burma Historical Commission Ministry of Union Culture.

Duroiselle, C. (1960). ***Epigraphia Birmanica, Vol I, Part II***. Rangoon : Suprintended Government Printing Union of Burma.

Duroiselle, C. (1962). ***Epigraphia Birmanica***, The Talaing Plaques on the Anada Plates. Rangoon : Government Printing, Union of Burma.

Halliday, R. (1995). ***A Mon-English Dictionary***. Rangoon : Mon Cultural Section Ministray of Union Cultural.

Jenny, mathias.(2005). ***The Verb System of Mon***.University of Zurich.ehmann, P.Winfred.

Shorto, Hl. (1971). ***A Dictionary of Modern spoken Mon***. London : Oxford University Press.

Shorto, Hl. (1971). ***A Dictionary of thd Mon Inscription from the six to sixteen centuries.*** London : Oxford University Press.



ကန်ကျက်ကလီည်သူကြီးကျောက်စာ(မျက်နှာဘက်)



ကန်ကျက်ကလီည်သူကြီးကျောက်စာ(ကျော့ဘက်)

# အိုင်ချင်းကဗျာများတွင် ထင်ဟပ်နေသောညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းဆိုင်ရာဝေါဟာရများ

ဖြူဖြူငြိမ်းသွယ်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ညောင်ရမ်းခေတ် အိုင်ချင်းကဗျာတို့တွင် ထင်ဟပ်ပါရှိသော ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရများကို အတ္ထဗေဒ အမြင်ဖြင့် လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤတွင် ညောင်ရမ်းခေတ် ဝတ်ဆင်မှုဆိုင်ရာ၊ အဆောက်အအုံဆိုင်ရာ၊ စာပေဆိုင်ရာနှင့် စစ်အသုံး အဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရတို့ကို စိစစ်ကောက်ယူ၍ ဘာသာဗေဒ၏ ဘာသာရပ်ခွဲတစ်ခု ဖြစ်သော အတ္ထဗေဒအမြင်ဖြင့် သုံးသပ်တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***ညောင်ရမ်းခေတ်အိုင်ချင်း၊ အသုံးအဆောင်ပစည်း၊ ဝေါဟာရ၊ ဝတ်ဆင်မှု၊ အဆောက်အအုံ၊ စာပေ၊ စစ်အသုံးအဆောင်၊ ဘာသာဗေဒ ပညာရပ်၊ အတဗေဒ။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ (၁၇) ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲတွင် တင်သွင်းသည့် "အိုင်ချင်းကဗျာများတွင် ထင်ဟပ်နေသော ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရများ"ကို အတ္ထဗေဒ ရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ညောင်ရမ်းခေတ် ကျေးလက်နေ ပြည်သူတို့ ကိုယ်စားပြု အိုင်ချင်းကဗျာများတွင် ပုံရိပ်ထင်နေသော ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရများကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာထားခြင်း ဖြစ်ပါသည်။ မြန်မာစာပေနှင့် မြန်မာဘာသာစကားတို့ ဆက်နွယ်မှု ရှိနေခြင်းကို အခြေခံ၍ အိုင်ချင်းကဗျာများကို ဘာသာစကားရှုထောင့်မှ တင်ပြလိုခြင်း ဖြစ်ပါသည်။ ထီးသံ နန်းသံ ကြငှန်းသံ မဆန်သော စကားအသုံးအနှုန်းများ၊ ထီးရိပ် နန်းရိပ်အောက်မှ လွတ်သော အဖွဲ့အနွဲ့တို့ဖြင့် တန်ဆာဆင်၍ အခြေခံလူတန်းစားများ တည်ရှိရာ ကျေးလက်နေ ပြည်သူလူထုကိုယ်စားပြု အိုင်ချင်းများမှ ထင်ဟပ်ပါရှိ နေသော ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရများကို သိမြင်နိုင် ပါသည်။ ဤသို့ လေ့လာရာတွင် တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းကဗျာများကို အလေ့လာခံအဖြစ် သတ်မှတ်၍ လေ့လာတင်ပြထားပါသည်။ ဤသို့ လေ့လာရခြင်း

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ကြောင့် ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရများကို မြန်မာစာပေ တစ်ရပ်အဖြစ် သိရှိခွင့်ရခြင်း၊ ထိုဝေါဟာရများသည် ညောင်ရမ်းခေတ် ကျေးလက်နေ ပြည်သူလူထု ကိုယ်စားပြု ဝေါဟာရများဖြင့် ဖွဲ့နွဲ့တင်ပြထားသော ပြည်သူ့အကျိုးပြု စာပေဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

## ၁။ ညောင်ရမ်းခေတ်အိုင်ချင်းကဗျာ

အိုင်ချင်းကဗျာများသည် အင်းဝခေတ်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး ညောင်ရမ်းခေတ်တွင် ထင်ရှားလာသည်။ အိုင်ချင်းဟူသော ဝေါဟာရသည် မြန်မာအဘိဓာန်တွင် "ကောက်စိုက်သမ သီချင်းတစ်မျိုး" [၁] ဟူ၍ ဖွင့်ဆိုထားပါသည်။ အိုင်ချင်းအဖွဲ့ခံ အကြောင်းအရာများသည် ကျေးလက်နေ ပြည်သူတို့၏ ဘဝနှင့် ကျေးလက်သဘာဝ ပတ်ဝန်းကျင်ကို သရုပ်ဖော် ရေးဖွဲ့ထားကြောင်း တွေ့ရသည်။

အိုင်ချင်းရေးသောခေတ်ကို အကြမ်းအားဖြင့် ၃စု ခွဲကြသည်။ ပထမခေတ်သည် ခရစ်နှစ် ၇၀၀ ကျော် မှစ၍ သုံးထောင့်အိုင်ကို ရေးသားကြသောခေတ် ဖြစ်သည်။ ဒုတိယခေတ်သည် ခရစ်နှစ် ၉၀၀ ကျော် မှ ၁၁၀၀ ကျော် အထိ ရာပြည့်အိုင် ရေးကြသောခေတ် ဖြစ်သည်။ တတိယခေတ်သည် ခရစ်နှစ် ၁၂၀၀ ကျော် တစ်ဆယ့်နှစ်ရာသီဘွဲ့ အိုင်ချင်းများ ရေးသောခေတ် ဖြစ်သည်။[၂]

မြန်မာ့လူမှုနယ်ပယ်တွင် စားဝတ်နေရေးဆိုင်ရာ လုပ်ငန်းကိစ္စအဝဝတို့အတွက် အသုံးအဆောင်ပစ္စည်းဟူသည် နေ့စဉ် အသုံးပြုရသည်။ လူတို့၏အသုံးအဆောင်ပစ္စည်းဟူသည် ခေတ်ကာလအလျောက် ပေါ်ပေါက်စမြဲဖြစ်ရာ ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းများကို အိုင်ချင်းကဗျာများ မှတစ်ဆင့် လေ့လာတွေ့ရှိရကြောင်း တင်ပြထားသည်။

## ၂။ အိုင်ချင်းကဗျာများတွင် ထင်ဟပ်နေသော ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရများ

ဤစာတမ်းသည် ညောင်ရမ်းခေတ် အိုင်ချင်းကဗျာများတွင် ထင်ဟပ်နေသော အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရများကို ဘာသာစကားရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ လေ့လာတွေ့ရှိရသမျှ ညောင်ရမ်းခေတ် အိုင်ချင်းများမှ ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းများကို လေ့လာကြည့်သောအခါ ဝတ်ဆင်မှု၊

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄၄၀။
[၂] ဇော်ဂျီ၊ ၂၀၀၄၊ ၄၄။

အဆောက်အအုံ၊ စာရေးကိရိယာနှင့် စစ်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်း စသည်တို့၌ ခေါ်ဝေါ်သုံးစွဲခဲ့ကြသော ဝေါဟာရများကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဤစာတမ်းတွင် တောင်တွင်းရှင်ငြိမ်းမယ်၏ ညောင်ရမ်းခေတ် အိုင်ချင်းများမှ အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရများကို အတ္ထဗေဒရှုထောင့်မှ လေ့လာသုံးသပ်ထားပါသည်။

## ၂.၁။ ဝတ်ဆင်မှုဆိုင်ရာဝေါဟာရများ

ညောင်ရမ်းခေတ်သည် ၉၅၉ ခုနှစ် မှ ၁၁၁၃ ခုနှစ် အထိ ဖြစ်ပေရာ ညောင်ရမ်းခေတ်တွင် ပေါ်ထွန်းခဲ့သော ပို့ကဗျာ စာပေများတွင် ထီးသံ နန်းသံ ကြွင်းသံ မလွှမ်းသော ကျေးလက်နေပြည်သူတို့ကို ကိုယ်စားပြုသော အိုင်ချင်းများ ပေါ်ပေါက်ခဲ့သည်။ စာဆို တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းများမှ လေ့လာတွေ့ရှိရသမျှ ညောင်ရမ်းခေတ် ဝတ်ဆင်မှုဆိုင်ရာ အသုံးအဆောင် အခေါ်အဝေါ်များကို ဘာသာဗေဒ၏ ပညာရပ်ခွဲတစ်ခုဖြစ်သော အတ္ထဗေဒရှုထောင့်မှ အောက်ပါအတိုင်း ဖော်ထုတ်ရှင်းလင်းထားပါသည်။

### ယွန်းပုဆိုး

"ယွန်းပုဆိုး"သည် ညောင်ရမ်းခေတ်သုံး ဝတ်ဆင်မှုဆိုင်ရာ ဝေါဟာရ ဖြစ်ပါသည်။ ညောင်ရမ်းခေတ် သက္ကရာဇ် ၉၀၀ မှ ၁၀၀၀ အတွင်း ပေါ်ပေါက်ခဲ့သော စာဆိုတောင်တွင်းရှင်ငြိမ်းမယ်၏ ရာပြည့်အိုင်ချင်းတစ်ပုဒ်ဖြစ်သော "စစ်မှာတစ်မူ" အိုင်ချင်းကဗျာအရ တွေ့ရပါသည်။ ဤအိုင်ချင်းကဗျာပါ အကြောင်းအရာအရ စစ်ထွက်ရသူစစ်သည်မောင်၏ ချစ်သူမယ်လေးက သူ၏သူငယ်ချင်းများကို ပြောပြနေသော စကားအဖွဲ့အနွဲ့များတွင်

> "––– မြင်းမှာအုန်းခွံ၊ ကျွန်မှာကုလား၊ ဓားမှာမိုးကြိုး၊
> ယွန်းပုဆိုးနှင့်"[၁]

ဟူ၍ ပါရှိပါသည်။ ထို့ကြောင့် "ယွန်းပုဆိုး"သည် ညောင်ရမ်းခေတ် ဝတ်ဆင်မှုဆိုင်ရာ အဝတ်အထည်ပစ္စည်း ဖြစ်ကြောင်း ခန့်မှန်းတွက်ဆနိုင်ပါသည်။ တစ်ဖန် "ယွန်းပုဆိုး"ဟူသည့် ဝေါဟာရတွင် "ယွန်း"၏ အနက်ကို

---

[၁] မိုးကြည်၊ မေမြို့၊ ၁၉၆၆၊ ၄၂။

> "ယွန်း၊ န– ရှမ်းလူမျိုး တစ်မျိုး။ (ကျိုင်းတုံ၊ တာချီလိတ်ဒေသ တစ်ဝိုက်တွင် နေထိုင်သည်။) (ပါ၊ ယောနက)"[၁]

ဟူ၍ အနက်အဓိပ္ပာယ် ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ဤတွင် ယွန်းပုဆိုးသည် ရှမ်းလူမျိုး တစ်မျိုးတို့ နေထိုင်ရာ ကျိုင်းတုံ တာချီလိတ် ဒေသတစ်ဝိုက်တွင် အဝတ်အထည်ဆိုင်ရာ ယောက်ျားခါးဝတ်အထည်တစ်မျိုးကို ခေါ်ဝေါ်သော ဝေါဟာရ ဖြစ်မည်ဟု ခန့်မှန်းရပါသည်။ သို့ပါ၍ အိုင်ချင်းပါ အဖွဲ့အနွဲ့အရ ယွန်းပုဆိုးသည် ညောင်ရမ်းခေတ်က အမျိုးသားဝတ် အကောင်းဆုံး ပုဆိုးအထည် ဖြစ်ကြောင်း တွက်ဆရပါသည်။ အတ္ထဗေဒအမြင်အရ

> "ပညတ်နှင့် ဆက်သွယ်နက်သည် အပြန်အလှန် အမှီပြုနေသည့် အတွက် တစ်ခု၏သဘောကို အခြေပြု၍ တစ်ခု၏သဘောကို နားလည်ရသည်။"[၂]

ဟူ၍ ဖော်ပြထားပါသည်။ "ယွန်းပုဆိုး" ဟူသော ဝေါဟာရ ပညတ်ပုံနှင့် ညောင်ရမ်းခေတ်က ယွန်းပုဆိုးသည် အကောင်းဆုံးနှင့် ခေတ်အစားဆုံးအဖြစ် တွင်ကျယ်ခဲ့သော ဝတ်ဆင်မှုဆိုင်ရာ ပစ္စည်းဖြစ်ကြောင်း ဆက်သွယ်နက်နှင့် စကားလုံး၏ အနက်တို့ကို အပြန်အလှန်တွက်ဆ၍ ရနိုင်ပါသည်။

တစ်ဖန် "ယွန်းပုဆိုး" ဟူသော ဝေါဟာရသည် ယွန်းနယ်ဟု ဆိုသော ရှမ်းလူမျိုးတို့ နေထိုင်ရာ ကျိုင်းတုံ တာချီလိတ်ဒေသဟူသော လူမှုအခြေအနေပြ အနက်နှင့် ညောင်ရမ်းခေတ်၏ အကောင်းဆုံး၊ ခေတ်အစားဆုံး၊ အတွင်ကျယ်ဆုံး ဖြစ်သည်ဟူသော သဘောလည်း ထင်ဟပ်နေပါသည်။ ထို့ပြင် ဝတ်ဆင်သူများ၏ အကောင်းဆုံး အဝတ်ဖြစ်သည်ဟူသော ခံစားမှု ပါရှိနေ၍ ခံစားမှုပြအနက် ရှိကြောင်း လည်း တွေ့ရပါသည်။

## ဝတ်ဖြူ

ဝတ်ဖြူဟူသော ဝေါဟာရသည် ညောင်ရမ်းခေတ် လူပုဂ္ဂိုလ်များ၏ ဝတ်ဆင်မှု ဆိုင်ရာ မဟုတ်ဘဲ ဗေဒင်လက္ခဏာ တွက်ချက်ဟောပြောသော ပုဏ္ဏားတို့၏ အဝတ် အဆင် အမည်နာမ ဖြစ်ပါသည်။ ဝတ်ဖြူဟူသော ဝေါဟာရကို "သမက်လောင်း" ရာပြည့်အိုင်ချင်းတွင်

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၀၂။

[၂] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၅၊ ၇၀။

"ထွေရာတစ်၊ တောင်တပြင်မှာ၊ အင်ခွင်ရှိသည့်၊ --- ဝတ်ဖြူ
ထွားနှင့် ပုဏ္ဏားမြင်၊ ဗေဒင်အမယ်မေးလှတယ်"[၁]

ဟူ၍ တွေ့ရပါသည်။ "ဝတ်ဖြူ" ဟူသော ဝေါဟာရသည် အဖြူရောင်အဝတ်ဟူသော အနက်ရိုး ရှိသည့်အပြင် "ဝတ်ဖြူထွားနှင့်ပုဏ္ဏားမြင်" ဟူသော စကားအဆက်အစပ် အရ အဖြူရောင်အဝတ်ကို ဝတ်ဆင်ထားသော ဗြာဟ္မဏနွယ်ဝင် ပုဏ္ဏားတစ်မျိုး ရှိသည်ဟူသော လူမှုအခြေအနေပြအနက် ထင်ဟပ်ကြောင်း သိရပါသည်။

## ၂.၂။ အဆောက်အအုံဆိုင်ရာဝေါဟာရများ

ညောင်ရမ်းခေတ် အိုင်ချင်းစာဆို တောင်တွင်းရှင်ငြိမ်းမယ်၏ "နှမထွေး မယ့်ကိုလိုလျှင်"၊ "မှာပ့ါမယ်မောင်"၊ "သမက်လောင်း"၊ "ညှင်းကိုဘယ်ကပွားပါလိမ့်" နှင့် "အမယ်ကြီးနှင့်ဘကြီးဖျက်လို့" ဟူသော အိုင်ချင်းများတွင် ညောင်ရမ်းခေတ် အဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းတို့၏ ဝေါဟာရအသုံးအနှုန်းအချို့ကို လေ့လာတွေ့ရှိရပါသည်။ ဤအိုင်ချင်းကဗျာတို့မှ လေ့လာတွေ့ရှိရသမျှ အဆောက် အအုံဆိုင်ရာ ပစ္စည်းတို့၏ အခေါ်အဝေါ် ဝေါဟာရတို့တွင် လူနေအိမ်ခြေ အဆောက် အအုံများ၊ သီးနှံထွက်ပစ္စည်းများ သိုလှောင်ရာ အဆောက်အအုံနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ ဟူ၍ ခွဲခြားတွေ့ရပါသည်။

### လူနေအိမ်ခြေ အဆောက်အအုံပစ္စည်းများဆိုင်ရာ ဝေါဟာရများ

ညောင်ရမ်းခေတ် အိုင်ချင်းကဗျာများမှတစ်ဆင့် လူနေအိမ်ခြေ အဆောက်အအုံ ဆိုင်ရာ ဝေါဟာရတို့ကို လေ့လာတွေ့ရှိရပါသည်။ ဤသို့ လေ့လာတွေ့ရှိရသော လူနေအိမ်ခြေ အဆောက်အအုံပစ္စည်းဆိုင်ရာသုံး ဝေါဟာရတို့မှာ တောင်တွင်း ရှင်ငြိမ်းမယ်၏ "ကြံုရမယ့်ဗျာပါ" အိုင်ချင်းမှ "ထရံ၊ ထုပ်၊ ထုပ်တိုင်၊ လျောက်၊ လှေကားခုံ၊ လှေကားခြေ၊ လှေကားဦး၊ အိမ်ကြမ်း၊ အိမ်တိုင်၊ အိမ်မိုးခေါင်" စသည်တို့ကို တွေ့ရပါသည်။ ထို့ပြင် "မှာပ့ါမယ်မောင်" အိုင်ချင်းတွင် "အိမ်ဖီ၊ အိမ်မ" ဟူသော ဝေါဟာရများနှင့် "ညှင်းကိုဘယ်ကပွားပါလိမ့်" အိုင်ချင်းတွင် "အိမ်ခြေဝင်း" စသည့် ဝေါဟာရတို့ကိုလည်း လေ့လာတွေ့ရှိရသဖြင့် ယင်းဝေါဟာရ တို့ကို အတ္ထဗေဒရှုထောင့်မှ ဘာသာစကားအမြင်ဖြင့် အောက်ပါအတိုင်း သုံးသပ် တင်ပြထားပါသည်။

---

[၁] ရွှေသိမ်းမင်း၊ ကို၊ ၂၀၁၂၊ ၇၈။

**ထရံ**

"---ထရံကြားမှာ ခားသွားမောင့်ကြောင့် ထားတော့တယ်"[၁]

အထက်ဖော်ပြပါ "ထရံ"ဟူသော ဝေါဟာရသည် ညောင်ရမ်းခေတ် လူနေအိမ်ခြေ အဆောက်အဦပစ္စည်းဆိုင်ရာ ဝေါဟာရစကားလုံး ဖြစ်ပါသည်။ "ထရံ" ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင်

"ထရံ၊ န- ဝါး၊ ကျူစသည်တို့ကို ခွဲဖြာ၍ ရက်လုပ်ထားသော အကာအရံ"[၂]

ဟု အနက်ဖွင့်ပါသည်။ အထက်ပါ အဖွဲ့အနွဲ့အရ "ထရံ" ဟူသည် ဝါးကိုခွဲဖြာ၍ ရက်လုပ်ထားသော အကာအရံဟူသည့် အနက်ရိုးအပြင် အိုင်ချင်းပါကဗျာအဖွဲ့အနွဲ့ အရ ဂယက်အနက် ထင်ဟပ်နေကြောင်း တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းထရံကြားတွင် အသွားထက်သော ခားကိုထားကြောင်း သိရသဖြင့် နှမလေး မိသားစုက သဘောမတူသော ချစ်သူလာလျှင် ကြောက်လန့်စေရန် ခြောက်လှန့် ထားသည့် ဂယက်အနက်သဘော ထင်ဟပ်နေပါသည်။ ထရံကြားတွင် အသွားထက် လှသော ခားရှိနေ၍ ချစ်သူက နှမလေးထံသို့ ရောက်နိုင်မည်ဝေးစွ။ ထရံနားသို့ပင် ကပ်နိုင်ရန် ခက်ခဲမည်ဖြစ်ကြောင်း ခံစားနားလည်နိုင်သည့် ခံစားမှုပြအနက် ထင်ဟပ် စေပါသည်။ အဘယ်ကြောင့်ဆိုသော် အန္တရာယ်ပြုနိုင်သော "ခား" ရှိနေသည့် "ထရံ" ဟူသော ကဗျာအဆက်အစပ်အရ ထရံသည် သာမန်အနက်ရိုးထက်ပင် ပို၍ခံစား နားလည်နိုင်စေနိုင်သော ဂယက်အနက်ဖြင့် ပြောသူနှင့်နာသူကို ဆက်သွယ်ပေး ကြောင်း တွေ့ရှိရပါသည်။

**လှေကား**

"ကြုံရမယ့်ဗျာပါ" အိုင်ချင်းတွင်

"လှေကားခုံမှာ ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်
လှေကားဦးမှာ ဘီလူးမောင့်ကြောင့် စောင့်တော့တယ်
လှေကားခြေမှာ ဆူးလေမောင့်ကြောင့် ကြဲတော့တယ်
အိမ်တိုင်တိုင်းမှာ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်

---

[၁] ဇမောင်၊ ဦး(ပါမောက္ခ)၊ ၁၉၆၁၊ ၆၀။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၆၆။

အိမ်ကြမ်းကြားမှာ အပ်သွားမောင့်ကြောင့် စီတော့တယ်
အိမ်မိုးခေါင်မှာ လုံထောင်မောင့်ကြောင့် စိုက်တော့တယ်"[၁]

ဟူသော အဖွဲ့များအရ လှေကားခုံ၊ လှေကားဦး၊ လှေကားခြေ၊ အိမ်တိုင်၊ အိမ်ကြမ်း၊ အိမ်မိုးခေါင်ဟူသော အဆောက်အအုံဆိုင်ရာ ဝေါဟာရစကားလုံးတို့ကို လေ့လာတွေ့ရှိရပါသည်။ ဤဝေါဟာရတို့တွင်

"လှေကား/လှေဂါး/ န– တက်ရန်၊ ဆင်းရန် အထစ်အဆင့်ဆင့် ပြုလုပ်ထားသော အရာ။ "[၂]

"လှေကားခုံ/လှေဂခုန်/န– လှေကား၏ အောက်ခြေတည်ရာ အဆင့်။"[၃]

ဟူ၍ "လှေကား" နှင့် "လှေကားခုံ" တို့၏ အနက်အဓိပ္ပာယ်ကို သိရှိရပါသည်။ "လှေကားဦး" ဟူသည် လှေကား၏ ထိပ်ပိုင်းနေရာဖြစ်ပြီး "လှေကားခြေ" ဟူသည် လှေကား၏ အောက်ဆုံးနေရာ ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ "လှေကားခုံ"၊ "လှေကားဦး"၊ "လှေကားခြေ" ဟူသော ဝေါဟာရတို့၏ အနက်ရိုးအပြင် ကဗျာအဆက်အစပ်အရ ဂယက်အနက်များ ထင်ဟပ်နေကြောင်း တွေ့ရပါသည်။ သာဓကပြ အိုင်ချင်းအဖွဲ့အနွဲ့များအရ လှေကားခုံသည် ဂဠုန်အင်းကွက်စီ ĺ ထားခြင်း၊ လှေကားဦးသည် ဘီလူးရုပ်ရေးပြီး ဆေးဝါးမန္တာန်ဖြင့် စီရင်ထားခြင်း၊ လှေကားခြေသည် ဆူးလေဆူးများ ကြဲထားခြင်းရှိသဖြင့် နှမလေး၏ချစ်သူ မလာဝံ့စေခြင်း၊ အရဲစွန့်ပြီးလာပါက လှေကားခုံ၊ လှေကားဦး၊ လှေကားခြေ စသည့် တစ်နေရာရာတွင် ပြုလုပ်ထားသော ဘေးအန္တရာယ်တို့ဖြင့် ရင်ဆိုင်ကြုံတွေ့နိုင်စေခြင်း စသည့် ကြောက်ရွံ့ ထိတ်လန့်ဖွယ် ခံစားချက်များ ပါရှိနေသောကြောင့် ခံစားမှုပြအနက် ထင်ဟပ်နေပါသည်။ လှေကား၏အဓိပ္ပာယ်အမျိုးအစား တစ်ခုချင်းစီတို့၏ အန္တရာယ် ဖြစ်စေနိုင်သော အရည်အသွေးကို ဖော်ပြသည့် ဂုဏ်ရည်ပြအနက်တို့ ထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် ဂဠုန်စောင့်သော လှေကားခုံ၊ ဘီလူးစောင့်သော လှေကားဦး၊ ဆူးလေကြဲသော လှေကားခြေ စသည့်အဆောက်အအုံဆိုင်ရာ ဝေါဟာရ တို့တွင် အန္တရာယ် ကြုံတွေ့စေနိုင်မှုကို အလေးပေးဖော်ပြနေသကဲ့သို့ တွေ့ရ၍ အလေးပေး အနက်ပါ ထင်ဟပ်နေသည်နေကြောင်း တွေ့ရပါသည်။

---

[၁] ဇမောင်၊ ဦး(ပါမောက္ခ)၊ ၁၉၆၁၊ ၆၀။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၄၉။
[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၄၉။

## ထုပ်၊ ထုပ်သား၊ ထုပ်တိုင်၊ လျောက်

ညောင်ရမ်းခေတ် အိုင်ချင်းစာဆို တောင်တွင်းရှင်ငြိမ်းမယ်၏ "ကြုံရမယ့်ဗျာပါ" အိုင်ချင်းတွင် အဆောက်အအုံဆိုင်ရာ ဝေါဟာရတို့အဖြစ် "ထုပ်၊ ထုပ်သား၊ ထုပ်တိုင်၊ လျောက်" စသည်တို့ကို တွေ့ရပါသည်။ ဤတွင် "ထုပ်" ဟူသည်

> "ထုပ်၊ န – လျောက် နှစ်ခုကို ဆက်သွယ်ထုံးဖွဲ့ထားသော တန်း။"[၁]

ဟူ၍ ဖော်ပြပါရှိရာ "ထုပ်သား" ဟူသည် လျောက်နှစ်ခု ဆက်သွယ်ထုံးဖွဲ့ထားသော အတန်း၏ အထည်ကိုယ်ဒြပ်ဖြစ်ပြီး "တိုင်" ဟူသည်

> "တိုင်၊ န – အဆောက်အအုံ တည်ဆောက်ရာတွင် ရက်မနှင့် ထုပ်တန်းများကို ထမ်းဆောင်ရန် စိုက်ထူရသော သစ်၊ ဝါး၊ အုတ် စသည်တို့ဖြင့် လုပ်ဆောင်သည့် အချောင်းအတံ။ သီးခြား စိုက်ထူသော အချောင်းအတံ။"[၂]

ဟု ဖော်ပြပါရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ထုပ်တိုင်သည် လျောက် နှစ်ခုကို ဆက်သွယ်စိုက်ထူထားသော တိုင် ဟု အနက်ရနိုင်ပါသည်။ ထို့နောက် "လျောက်" ဟူသည်

> "လျောက်/ယောက်/ န– အိမ်တွင် ဒိုင်းများတင်ရန် ခေါင်တိုင် အချင်းချင်း၊ လက်ခံတိုင် အချင်းချင်း အလျားလိုက် ဆက်သွယ် ထားသော တန်း။"[၃]

ဟူ၍ အနက်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ထုပ်သား၊ ထုပ်တိုင်၊ လျောက် ဟူသော ဝေါဟာရတို့သည် အဆောက်အအုံဆိုင်ရာ အနက်ရိုး ရှိသော ဝေါဟာရများအဖြစ် တွေ့ရပါသည်။

တောင်တွင်းရှင်ငြိမ်းမယ်၏ "ကြုံရမယ့်ဗျာပါ" အိုင်ချင်းတွင်

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၇၃။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၅၅။
[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၄၇။

"ကြွက်ကဲ့အယောင်၊ ကြောင်ရဲ့အလား၊ ထုပ်နှင့်လျှောက်ကို၊
ထိုးဖောက်သွားက၊ ထုပ်သားငယ်မှမခိုင်၊ ထုပ်တိုင်ငယ်မှပိုးထိုး၊
အလယ်ကောင်မှာ ဖောင်ဖောင် ကျိုးလို့"[၁]

ဟု ဖွဲ့နွဲ့ထားရာ "ထုပ်၊ ထုပ်သား၊ ထုပ်တိုင်၊ လျှောက်" ဟူသော ဝေါဟာရတို့သည် အထက်ဖော်ပြပါ အနက်ရိုးတို့သာမက ထုပ်သားမခိုင်သော ထုပ်၊ ပိုးထိုးနေသော ထုပ်တိုင်ဟူသော အရည်အသွေးများ ပါရှိထင်ဟပ်နေသည့်အတွက် ဂုဏ်ရည်ပြအနက် ရှိကြောင်းလည်း တွေ့ရပါသည်။ နမလေး၏ချစ်သူက မိမိကိုယ်ကို ကြွက်ကဲ့သို့ သေးငယ်ပြီး လျင်မြန်စွာ ပြေးလွှားသွားနိုင်သော ခန္ဓာကိုယ်၊ ကြောင်ကဲ့သို့ ပေါ့ပါး သွက်လက်လျင်မြန်သော ခြေလှမ်းတို့ ဖန်ဆင်း၍ နမလေးရှိရာ အိမ်ထဲသို့ ဝင်ရောက် နိုင်ရန် ထုပ်နှင့်လျှောက်ပေါ် တက်မိပါက ထုပ်၊ ထုပ်သား၊ ထုပ်တိုင်၊ လျှောက် တို့သည် ကျယ်လောင်စွာ ဖောင်ဖောင်မြည်လျက် ကျိုးကျပြီး နမလေးထံ မရောက်မီ လမ်းခုလတ်မှာပင် ဒုက္ခရောက်မည်ဖြစ်ကြောင်း သတိပေးလိုက်သကဲ့သို့ ခံစားသိရှိ နားလည်စေနိုင်သဖြင့် ခံစားမှုပြအနက် ထင်ဟပ်နေကြောင်း တွေ့ရပါသည်။ ဤသို့ဖြင့် ထုပ်၊ ထုပ်သား၊ ထုပ်တိုင်၊ လျှောက် ဟူသော အဆောက်အအုံဆိုင်ရာ ဝေါဟာရ တို့တွင် ထင်ဟပ်ပါရှိနေသော ခံစားမှုပြအနက်၊ ဂုဏ်ရည်ပြအနက်တို့ ဖြစ်ပေါ်ခြင်း မှာလည်း အိုင်ချင်းပါ ကဗျာအဖွဲ့အနွဲ့တို့၏ စကားအဆက်အစပ်အရ အနက် အဓိပ္ပာယ် ကောက်ယူတွက်ဆခြင်းဖြစ်ကြောင်း လေ့လာတင်ပြထားပါသည်။

## အိမ်ခြေဝင်း၊ အိမ်ဖီ၊ အိမ်မ၊ အိမ်တိုင်၊ အိမကြမ်း၊ အိမ်မိုးခေါင်

အထက်ဖော်ပြပါ ဝေါဟာရတို့သည် ညောင်ရမ်းခေတ် အိုင်ချင်းများမှတစ်ဆင့် လေ့လာတွေ့ရှိရသော အဆောက်အအုံဆိုင်ရာ အခေါ်အဝေါ်များဖြစ်ကြောင်း သိရပါ သည်။ ရှေးဦးစွာ

"အမယ်မင်းနှင့်၊ ဖမင်းငယ်နေသည်၊ အိမ်ခြေဝင်းနှင့်"[၂]

ဟူ၍ အိမ်ခြေဝင်းဟူသော ဝေါဟာရကို တွေ့ရပါသည်။ ယင်းဝေါဟာရ၏ အနက် အဓိပ္ပာယ်ကို လေ့လာကြည့်သောအခါ "အိမ်" ဟူသော ဝေါဟာရသည်

"အိမ်၊ န – ၁၊ နေရန်ဆောက်လုပ်ထားသော အဆောက်အအုံ"

[၁] ဇမောင်၊ ဦး(ပါမောက္ခ)၊ ၁၉၆၁၊ ၆၀။
[၂] ရွှေသိမ်းမင်း၊ ကို၊ ၂၀၁၂၊ ၇၂။

"အိမ်ခြေ/အိန်ဂျေ/န – ၁၊ အခြေတကျဖြစ်သော။ ၂၊ အိမ်အရေအတွက်"[၁]

"ဝင်း၊ န – ၁၊ ဝိုင်းပတ်ထားသော အကာအရံ။ ၂၊ ဝိုင်းပတ်ကာရံထားသော နေရာ။"[၂]

ဟူ၍ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အိမ်ခြေဝင်း ဟူသည် ဝိုင်းပတ်ကာရံထားသော အကာအရံဖြင့် အခြေတကျဖြစ်နေသော အိမ် ဟု အနက်အဓိပ္ပာယ်ရှိကြောင်း တွေ့ရပါသည်။ ထို့ကြောင့် "ညှင်းကိုဘယ်ကပွားပါလိမ့်" ရာပြည့်အိုင်ချင်း၏ ကဗျာပါအဖွဲ့အနွဲ့အရ "အိမ်ခြေဝင်း" ဟူသော အဆောက်အအုံဆိုင်ရာဝေါဟာရကို လေ့လာကြည့်သောအခါ ဝိုင်းပတ်ကာရံထားသော အကာအရံဖြင့် အခြေတကျဖြစ်စွာ ခမ်းနားထည်ဝါလှသည့် အိမ်တွင် အပျိုဖြူမယ်လေးသည် မိဘတို့နှင့်အတူ နေထိုင်ကြောင်း ဖော်ပြသော ဝေါဟာရဖြစ်ပါသည်။ ထို့ကြောင့် အိုင်ချင်းကဗျာပါ အကြောင်းအရာအရ အပျိုဖြူလေးသည် ခမ်းနားတင့်တယ်သော အိမ်ခြေဝင်းနှင့် ထည်ဝါစွာနေနိုင်သော၊ ဂုဏ်ဒြပ်ရှိသော မိဘတို့၏ အုပ်ထိန်းမှုရှိသော ဂုဏ်အရည်အသွေးတို့ ပါရှိနေသဖြင့် ဂုဏ်ရည်ပြအနက် ရှိကြောင်း တွေ့ရပါသည်။ ညောင်ရမ်းခေတ် အပျိုဖြူလေး၏ ဤသို့သော နေထိုင်မှုကို သိစေလိုကြောင်း အလေးပေးခြင်းလည်း အနက်ထင်သဖြင့် အလေးပေးအနက် ထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။

တစ်ဖန် "အိမ်ဖီ၊ အိမ်မ" ဟူသော ဝေါဟာရတို့ကိုလည်း

"နောက်ကိုကြည့်လည်း၊ နောက်က အိမ်ဖီ၊
ရှေ့ကိုကြည့်လည်း၊ ရှေ့က အိမ်မ"[၃]

ဟူ၍ တွေ့ရပါသည်။ အထက်ဖော်ပြပါ အိုင်ချင်းအရ အိမ်ဖီ(အိမ်အဖီ)ဟူသည်

"အိမ်အဖီ၊ န–၁၊ နေရန် ဆောက်လုပ်ထားသော အဆောက်အအုံ၏ နောက်ဘက်၊ ဘေးဘက်တွင် မှီဆွယ်၍ ဆောက်သော အဆောင်ငယ်"[၄]

ဟု လည်းကောင်း၊ "အိမ်မ" ဟူသည်

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄၄၄။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၆၁။
[၃] ရွှေသိမ်းမင်း၊ ကို၊ ၂၀၁၂၊ ၆၄။
[၄] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄၁၃။

"အိမ်မ၊ န– အိမ်တွင် အဓိကပင်မဖြစ်သော အဆောင်"[၁]

ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တွေ့ရပါသည်။ ဤ"မှာပါ့မယ်မောင်" အိုင်ချင်းကဗျာမှ အိမ်ဖီ၊ အိမ်မ ဟူသော အဆောက်အအုံဆိုင်ရာ ဝေါဟာရတို့သည် ဖော်ပြပါ အနက်ရိုးအပြင် ညောင်ရမ်းခေတ်သူ နမလေးက မိမိချစ်သူနှင့် တူနှစ်ကိုယ် တွေ့ဆုံကြရန် ချိန်းဆိုသောနေရာကို လမ်းညွှန်ရာတွင် မိမိအိမ်၏ တည်ရှိနေပုံကို ညွှန်းဆိုသော အညွှန်းစကားအဖြစ် တွေ့ရပါသည်။ နမလေးက မိမိ၏အိမ်နောက်တွင် အိမ်ဖီရှိပြီး အိမ်ရှေ့ကိုကြည့်လျှင် အိမ်မကို တွေ့ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။ "အိမ်ဖီ၊ အိမ်မ" ဝေါဟာရကို အနက်ရိုးရှိသည့်အတိုင်း မပြောဘဲ နောက်နှင့်ရှေ့ ဟူသော အညွှန်းစကားတို့ဖြင့် အိမ်ကြီးတစ်အိမ်၏ ခမ်းနားစွာတည်ရှိနေပုံ ဂုဏ် အရည်အသွေးကို အလေးပေးဖော်ပြနေသဖြင့် ဂုဏ်ရည်ပြအနက်နှင့် အလေးပေး အနက်တို့ရှိကြောင်း တွေ့ရပါသည်။

ထို့ပြင် အိမ်တိုင်၊ အိမ်ကြမ်း၊ အိမ်မိုးခေါင် ဟူသော ဝေါဟာရတို့ကိုလည်း

"အိမ်တိုင်တိုင်းမှာ၊ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်။
အိမ်ကြမ်းကြားမှာ၊ ဓားသွားမောင့်ကြောင့် ထားတော့တယ်။
အိမ်မိုးခေါင်မှာ၊ လုံထောင်မောင့်ကြောင့် စိုက်တော့တယ်။"[၂]

ဟူ၍ တွေ့ရပါသည်။ အထက်ပါ အိုင်ချင်းအရ အိမ်တိုင်ဟူသည်

"အဆောက်အအုံ တည်ဆောက်ရာတွင် ရက်မနှင့် ထုပ်တန်း များကို ထမ်းဆောင်ရန် စိုက်ထူရသော သစ်၊ ဝါး၊ အုတ် စသည် တို့ဖြင့် လုပ်ဆောင်သည့် အချောင်းအတုံး"[၃]

ဟူ၍ လည်းကောင်း၊ အိမ်ကြမ်း ဟူသည်

"အိမ်ဆောက်ရာတွင် အဆောက်အအုံ၏ အခင်းအပြင်"[၄]

ဟူ၍ လည်းကောင်း၊ အိမ်မိုးခေါင် ဟူသည် အိမ်၊ အဆောက်အအုံ အိမ်ခေါင်မိုး၏ အမြင့်ဆုံးနေရာဟု နားလည်ယူဆရပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄၄၅။
[၂] ဇမောင်၊ ဦး(ပါမောက္ခ)၊ ၁၉၆၁၊ ၆၀။
[၃] ဇမောင်၊ ဦး(ပါမောက္ခ)၊ ၁၅၅။
[၄] ဇမောင်၊ ဦး(ပါမောက္ခ)၊ ၄၀။

ထို့ကြောင့် အထက်ဖော်ပြပါ အိုင်ချင်း အဖွဲ့အနွဲ့အရ ညောင်ရမ်းခေတ် အဆောက်အဦဆိုင်ရာ ဝေါဟာရများသည် သာမန် အနက်ရိုးမျှသာမက အတ္ထဗေဒ ဆိုင်ရာ အနက်အမျိုးမျိုး ထင်ဟပ်နေသည်ကိုလည်း တွေ့ရပါသည်။ အိမ်တိုင်သည် အနက်ရိုးသာမက နွားရိုင်းချည်ထားသော အိမ်တိုင်ဖြစ်ခြင်း၊ အိမ်ကြမ်းသည်လည်း ချွန်ထက်လှသော အပ်သွားများ စီထားသော အိမ်အခင်းအပြင် ဖြစ်နေခြင်း၊ အိမ်မိုးခေါင်မှာလည်း ချွန်မြသောလှံတို့ကို ထောင်ထားသော လှံထောင် ရှိနေခြင်းတို့ ဖော်ပြထားခြင်းတွေ့ရပါသည်။ ထို့ကြောင့် နှမလေး၏ ချစ်သူမောင်သည် မည်သို့ သောနည်းနှင့်မျှ အိမ်ထဲသို့ ဝင်ရောက်နိုင်ခြင်းငှာ စွမ်းဆောင်နိုင်မည် မဟုတ်ပေ။ နှမလေးအိမ်၏ အထက်အောက် တစ်နံတစ်လျားတွင် အန္တရာယ်များရှိနေခြင်း ဟူသော အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းပြန်ပါသည်။ ဤသို့ဖြင့် အိုင်ချင်းပါကဗျာအရ အိမ်တိုင်၊ အိမ်ကြမ်း၊ အိမ်မိုးခေါင်ဟူသော အဆောက်အအုံဆိုင်ရာ ဝေါဟာရတို့၏ အသုံးနှင့် အနက်အဓိပ္ပာယ်ကို စကားအဆက်အစပ်ဖြင့် ကောက်ယူတွက်ဆ သိရှိနိုင်ပါသည်။

ထို့ကြောင့် ညောင်ရမ်းခေတ် အိုင်းချင်းကဗျာ အဖွဲ့အနွဲ့တို့တွင် တွေ့ရသော အဆောက်အဦဆိုင်ရာ ဝေါဟာရတို့ကို အနက်အဓိပ္ပာယ်ဆက်သွယ်မှု၏ စကားလုံး ကွန်ရက်အရ အတ္ထဗေဒအမြင်ဖြင့် လေ့လာတွေ့ရှိရခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော်

> "အတ္ထဗေဒသည် ဘာသာစကားအတွင်းရှိ စကားတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းရုံသာမက စကားလုံးအဓိပ္ပာယ် များ၏ ဆက်သွယ်မှုကိုလည်း ဖော်ထုတ်ပြသည်"[၁]

ဟု ဆိုထားခြင်းကြောင့် ကောက်ယူတွက်ဆခြင်း ဖြစ်ပါသည်။

## နတ်ခရင်၊ အုတ်ပလ္လင်

ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရတို့တွင် လူနေ အိမ်ခြေ အဆောက်အအုံဆိုင်ရာ ဝေါဟာရတို့ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ဘာသာရေးနှင့် ယုံကြည်ကိုးကွယ်မှုကို အကြောင်းပြု၍ ခေါ်ဝေါ်သုံးနှုန်းကြသော ဝေါဟာရများကို တွေ့ရပါသည်။ ညောင်ရမ်းခေတ် စာဆို တောင်တွင်းရှင်ငြိမ်းမယ်၏ "နှမထွေးမယ့်ကိုလိုလျှင်" အိုင်ချင်းမှ

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၄၊ ၁၁၅။

"နှမထွေး မယ်တို့အိမ်ကို၊ သိလိုလျှင်မူ၊ နတ်ခရိုင်နှင့် ဈေးဆိုင်နှင့်"[၁]

ဟူသော အဖွဲ့အနွဲ့ကို တွေ့ရပါသည်။ ဤအဖွဲ့အနွဲ့မှ "နတ်ခရိုင်" ဟူသော နတ်ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံကို တွေ့ရပါသည်။

"နတ်ခရိုင်၊ န – နတ်စင်"[၂]

ဟူ၍ လည်းကောင်း၊

"နတ်စင်၊ – နတ်နေရန် ဆောက်လုပ်ထားသော အဆောက်အအုံငယ်"[၃]

ဟူ၍ လည်းကောင်း ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် အိုင်ချင်းကဗျာပါ အကြောင်းအရာအရ နှမထွေးမယ်တို့အိမ်သည် နတ်စင်နှင့်ဈေးဆိုင်ရှိသော နေရာဖြစ်ကြောင်း နှမထွေးက ညွှန်းဆိုထားပါသည်။ အတ္တဗေဒရှုထောင့်မှ လေ့လာကြည့်လျှင် နတ်ခရိုင် (နတ်စင်)ဟု ပြောဆိုလိုက်သည်နှင့် ကြားနာသူသည် နတ်ကိုးကွယ်သူတို့၏ ပူဇော်ပသရာ အထွတ်အမြတ် အဆောက်အအုံဟု ခံစားသိရှိနားလည်နိုင်သဖြင့် ခံစားမှုပြအနက်ရှိသည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် နှမထွေးမယ်လေးက ချစ်သူမောင်ကို ချိန်းဆိုရာတွင် မိမိ၏ အိမ်တည်ရှိရာနေရာကို လမ်းညွှန်ပြောဆိုနေခြင်း ဖြစ်သဖြင့် "နတ်ခရိုင်" ဟူသော အဆောက်အဦဆိုင်ရာ ဝေါဟာရသည် တည်နေရာပြ အညွှန်းစကားလည်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

တစ်ဖန် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုနှင့် ပတ်သက်၍ အဆောက်အဦဆိုင်ရာ ဝေါဟာရကိုလည်း ထပ်မံတွေ့ရှိရပါသည်။

ညောင်ရမ်းခေတ် တောင်တွင်းရှင်ငြိမ်းမယ်၏ "မှာပါ့မယ်မောင်" အိုင်ချင်းတွင်

"နှမထွေး မယ်တို့အိမ်ကို သိလိုကမူ၊ မှာပါ့မယ်မောင်။
အုန်းပင်တန်းနှင်၊ နန်းတော်တောင်မှာ၊ လမ်းမြောင်ကွေ့တွင်၊
အုတ်ပလ္လင်နှင့် ညောင်ပင်နှင့်ရှင့်"[၄]

ဟူ၍ တွေ့ရပါသည်။

---

[၁] ရွှေသိမ်းမင်း၊ ကို၊ ၂၀၁၂၊ ၆၃။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၉၉။
[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၉၉။
[၄] ရွှေသိမ်းမင်း၊ ကို၊ ၂၀၁၂၊ ၆၄။

အထက်ဖော်ပြပါ အဖွဲ့အနွဲ့များတွင် "အုတ်ပလ္လင်" ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင်

> "အုတ်၊ န – တိုက်စသည် ဆောက်လုပ်ရာတွင် အသုံးပြုရန် ရွှံ့မြေကို နှဲ၍ ပုံသွန်းကာ မီးဖုတ်ထားသော မြေကျက်ခဲ။ (ပါ၊ ဣဋ္ဌက)"[၁]

ဟူ၍ လည်းကောင်း၊

> "ပလ္လင်/ပလင်/န – မြင့်မြတ်သော ပုဂ္ဂိုလ်တို့ ထိုင်ရန် ပြုလုပ်ထားသော ခုံမြင့်။ (ပါ–ပလ္လင်္က)"[၂]

ဟူ၍လည်းကောင်း ဖွင့်ဆိုထားရာ "အုတ်ပလ္လင်"ဟူသည် အုတ်ဖြင့် ဆောက်လုပ်ထားသော မြင့်မြတ်သော ပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသော ခုံမြင့်ဟု အနက်ကောက်ယူရမည် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြသော မြန်မာလူမျိုးတို့သည် ဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မူရာ ဗောဓိညောင်ပင်ကို အထွတ်အမြတ်ထား ရည်စူး၍ ညောင်ပင်ကြီးများ၏ အရိပ်ဖြစ်သော အရွက် အခက်အလက်များဖြင့် ကာလရှည်စွာ ရှင်သန်ကြီးထွား ပေါက်ရောက်နိုင်ရန်နှင့် ညောင်ရေသွန်းရာတွင်လည်း စနစ်တကျ အလေးထားပြုလုပ်နိုင်ရန် ရည်ရွယ်၍ အုတ်ဖြင့် ဆောက်လုပ်ထားသော အဆောက်အဦ ဖြစ်ပါသည်။ ထို့ပြင် "အုတ်ပလ္လင်" ဟူသော ဝေါဟာရကို လေ့လာကြည့်ပါက ဂေါတမမြတ်စွာဘုရားကို ရည်မှန်း၍ ကဆုန်လတွင် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းခြင်းဖြင့် ကုသိုလ်ယူရာဟူသော အနက်သဘောများ ထင်ဟပ်ပါရှိနေကြောင်း သိရှိခံစားနားလည်စေ၍ အလေးပေးအနက်၊ ဂုဏ်ရည်ပြအနက်၊ ခံစားမှုပြအနက်တို့ ထင်ဟပ်ပါရှိနေသည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် ကဗျာပါအကြောင်းအရာအရ နှမလေးမယ်က ချစ်သူမောင်ကို မိမိအိမ်ကို သိလိုပါက မှာပါမယ်ဟု ပြောစကားတွင် အုတ်ပလ္လင်နှင့် ညောင်ပင်အနီးတွင် ရှိကြောင်း ညွှန်ပြပြောဆိုနေ၍ အုတ်ပလ္လင်ဟူသော ဝေါဟာရကို အဆောက်အအုံဆိုင်ရာ အညွှန်းစကားဟုလည်း ဆိုနိုင်ပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄၄၁။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၂၉။

## သီးနှံပစ္စည်းသိုလှောင်ရာ အဆောက်အအုံဆိုင်ရာ ဝေါဟာရ

ညောင်ရမ်းခေတ် အဆောက်အအုံဆိုင်ရာ ဝေါဟာရတို့တွင် ကိုင်း၊ ကျွန်း လယ်ယာထွက် သီးနှံပစ္စည်းများ သိုလှောင်ရာ အဆောက်အအုံကို ခေါ်ဝေါ်သော ဝေါဟာရတို့ကိုလည်း တွေ့နိုင်ပါသည်။ ယင်းတို့မှာ စပါးကျီနှင့်ဆားကျီ ဖြစ်ပါသည်။

### စပါးကျီ၊ ဆားကျီ

ညောင်ရမ်းခေတ်တွင် လယ်ယာကိုင်းကျွန်းထွက် သီးနှံပစ္စည်းနှင့် စားသောက်ကုန်ပစ္စည်းတို့ကို သိုလှောင်သိမ်းဆည်းထားရာ စပါးကျီ၊ ဆားကျီဟူသော အဆောက်အအုံဆိုင်ရာ ဝေါဟာရတို့ကို တွေ့ရပါသည်။ တောင်တွင်းရှင်ငြိမ်းမယ်၏ "မှာပါ့မယ်မောင်" အိုင်ချင်းတွင်

> "နောက်ကိုကြည့်လည်း နောက်ကအိမ်ဖီ၊ စပါးကျီနှင့် ဆားကျီနှင့် ရှင့်"[၁]

ဟူ၍ တွေ့ရပါသည်။ စပါးကျီဟူသည်

> "စပါး /ဇဗား/ န ၁၊ ဆန်အလို့ငှာ စိုက်ပျိုးရသော ကောက်ပင်။ ယင်းအပင်၏ အသီး၊ အစေ့။ ၂၊ မုယော၊ ဂျုံ၊ ပြောင်း၊ ပဲ စသည်တို့ကို ခြုံခေါ်သော အမည်"[၂]

> "ကျီ၊ န – စပါး၊ ပဲ စသည်သိုလှောင်ရာ အဆောက်အအုံ။"[၃]

ဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။ "စပါးကျီ" သည် ဆန်စပါး၊ မုယောစပါး၊ ဂျုံစပါး၊ ပြောင်း၊ ပဲ စသည်တို့ကို သိုလှောင်ရာ အဆောက်အအုံဟူသော အနက်ရိုးရှိပါသည်။ ထို့အတူ ဆားကျီ ဟူသော ဝေါဟာရတွင်လည်း

> "ဆား၊ န – ၁၊ ရေ၌ပျော်လွယ်သော၊ ငန်သောအရသာရှိသည့် ဒြပ်ပေါင်း။"[၄]

ဟု ဖွင့်ဆိုထားရာ ဆားကျီသည် ဆားသိုလှောင်ရာ အဆောက်အအုံဟု အနက်ရိုးထွက်ရှိပါသည်။ "စပါးကျီ၊ ဆားကျီ" ဟူသော အဆောက်အအုံဆိုင်ရာ ဝေါဟာရများ

---

[၁] ရွှေသိမ်းမင်း၊ ကို၊ ၂၀၁၂၊ ၆၄။

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၉၃။

[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၄။

[၄] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၁၇။

အရ လူတို့အစာအဟာရအဖြစ် မှီဝဲသုံးဆောင်ရာတွင် အခြေခံစားသောက်ကုန်ပစ္စည်း ဖြစ်သော "စပါး၊ ဆား" တို့သည် အရေးပါ အရာရောက်သည်။ ထို့ကြောင့် ယင်း "စပါး၊ ဆား" တို့ကို သိုလှောင်ထား သိမ်းဆည်းထားရာ "ကျီ" ဟူသော အဆောက် အအုံနှင့် တွဲဖက်၍ စပါးသိုလှောင်ပါက "စပါးကျီ"၊ ဆားသိုလှောင်ပါက "ဆားကျီ" ဟု သဘောလက္ခဏာပြ အနက်အနေဖြင့် သိနိုင်ပါသည်။

ယင်း စပါးကျီ၊ ဆားကျီဟူသော အဆောက်အအုံဆိုင်ရာ ဝေါဟာရ တို့ကိုလည်း အတ္ထဗေဒအမြင်ဖြင့် လေ့လာကြည့်လျှင် စားသောက်ကုန်ပစ္စည်းများ ထားရာအဖြစ် လည်းကောင်း၊ စားသောက်မှုတွင် ပိုလျှံပါက ရောင်းကုန်ပစ္စည်းအဖြစ် စီးပွားရေးလုပ်ငန်း အထောက်အကူပြု အဆောက်အအုံများဖြစ်သည်ဟူသော ဂုဏ်ဒြပ် နှင့် အလေးပေးဖော်ပြနေသကဲ့သို့ တွေ့ရှိပေရာ ဂုဏ်ရည်ပြအနက်နှင့် အလေးပေး အနက်တို့ ထင်ဟပ်နေကြောင်း သိရှိနိုင်ပါသည်။ ထို့ပြင် နှမလေးမယ်က ချစ်သူမောင် အား မိမိအိမ်ရှိရာကို လမ်းညွှန်မှာကြားပြောဆိုတွင် အိမ်နောက်တွင် အိမ်ဖီကို တွေ့ရမည် ဖြစ်ပြီး၊ စပါးကျီနှင့်ဆားကျီတို့ပါ ရှိကြောင်း "စပါးကျီနှင့် ဆားကျီနှင့်ရှင့်" ဟူ၍ နှမလေးအိမ်နေရာကို ညွှန်ပြသော အညွှန်းစကားဖြစ်ကြောင်း လေ့လာသိရှိရ ပါသည်။ ထို့ပြင် နှမလေးမယ်တို့အိမ် အနေအထားအရ အိမ်နောက်တွင် အိမ်ဖီ ရှိရုံ မျှမက စပါးကျီနှင့်ဆားကျီကို တွေ့ရခြင်းကြောင့် စီးပွားရေးအခြေအနေ တောင့်တင်း ကောင်းမွန်မှုရှိသည်ဟုလည်း ခံစားသိရှိနားနိုင်ပါသည်။ ပြောသူနှမလေး၏ အပြော စကားအရ စပါးကျီနှင့်စားကျီတို့သည် ကြားနာရသူအတွက် ကြွယ်ဝချမ်းသာမှု ရှိခြင်းကို ခံစားသိရှိနားလည်နိုင်၍ ခံစားမှုပြအနက်ပါ ထင်ဟပ်ပါရှိနေသည်ဟု ယူဆရပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ အကြောင်းအရာ အချက်အလက်များအရ ညောင်ရမ်းခေတ် အိုင်ချင်းများတွင် ထင်ဟပ်ပါရှိနေသော အဆောက်အအုံဆိုင်ရာ ဝေါဟာရတို့တွင် လူနေအိမ်ခြေ အဆောက်အအုံဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် သီးနှံပစ္စည်း သိုလှောင်ရာ အဆောက်အအုံဆိုင်ရာ ဝေါဟာရတို့ကို လေ့လာတွေ့ရှိ ရပါသည်။ ယင်းဝေါဟာရများသည် ညောင်ရမ်းခေတ်ကျေးလက်နေ ပြည်သူတို့၏ စားဝတ်နေမှု အစုစုနှင့် ယုံကြည်ကိုးကွယ်မှုတို့ကို ခေတ်ကြေးမုံအဖြစ် ဖော်ပြနိုင်သည့် အပြင် ခံစားမှုပြအနက်၊ အလေးပေးအနက်နှင့် ဂုဏ်ရည်ပြအနက်တို့ ထင်ဟပ်ပါရှိနေ ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၂၊၃။ စာပေဆိုင်ရာဝေါဟာရများ

ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းများတွင် စာပေဆိုင်ရာသုံးပစ္စည်းများ၏ အခေါ်အဝေါ် ဝေါဟာရအချို့တို့ကို လေ့လာတွေ့ရှိရပါသည်။ စာဆိုတောင်တွင်းရှင်ငြိမ်းမယ်၏ "မပန်သာသည်" ဟူသော သုံးထောင့် အိုင်ချင်းတွင် "ကမ္မဝါနှင့်ရွှေစာ၊ ကျမ်း" ဟူသော စာပေဆိုင်ရာသုံး ဝေါဟာရများကို တွေ့ရပါသည်။ ကမ္မဝါ ဟူသည်

> "ကမဝါ/ကမဝါ/န – ၁၊ ဝိနည်း ကံပြုရာ၌ ရဟန်းတော်တို့ ရွတ်ဖတ်ရသော ဆိုင်ရာဆိုင်ရာ ပါဠိတော်။ (ကမ္မဝါစာ ဟုလည်းခေါ်သည်။)
>
> ၂၊ ယင်းပါဠိတော် ရေးသားထားသော စာထုပ်။ (ပါ၊ ကမ္မ+ဝါစာ)"[၁]

ဟူ၍ အနက်ဖွင့်ထားသည်ကို တွေ့ရပါသည်။ "မပန်သာသည်" အိုင်ချင်းတွင် မိန်းမပျိုလေး၏ ချစ်နေရသူသည် သာသနာ့ဝန်ထမ်း ရဟန်းပုဂ္ဂိုလ် ဖြစ်နေသဖြင့် ချစ်မှုရေးရာတွင် မဖြစ်နိုင်သော အခြေအနေကြောင့် အားမတန် မာန်လျှော့ရသောဖြစ်အင်ကို တင်ပြထားသည့် အဖွဲ့အနွဲ့ဖြစ်သည်။ ဤတွင် ချစ်ခွင့်မပိုင်သော၊ ချစ်ခွင့်မရသော အချစ်ပန်း မပန်ဆင်သာသည့် အခြေအနေမှန်ကို အမျိုးမျိုး သုံးသပ်ဆင်ခြင်မိသည့်အကြောင်း တင်ပြထားသည်။ ချစ်သူမောင်သည် သာမန် ရဟန်းမျှသာမဟုတ်ဘဲ ပါဠိတော်နှင့် ယင်းပါဠိတော် ရေးသားထားသည့် စာထုပ်ဖြစ်သည့် ကမ္မဝါစာနှင့် စာပေကျမ်းဂန်တို့ကို ကြိုးစားသင်ယူဆည်းပူးပြီး သာသနာ့တာဝန်ထမ်းရွက်နေရသူဖြစ်ကြောင်းကို

> "––– မောင့်မှာရဟန်း၊ ကမ္မဝါနှင့်ရွှေစာထမ်း၊ ကျမ်းနှင့်ဖြစ်ပြန်ချေတော့တယ်"[၂]

ဟူသော အဖွဲ့အနွဲ့ဖြင့် တွေ့ရပါသည်။ ကမ္မဝါနှင့်ရွှေစာ၊ ကျမ်းတို့သည် ညောင်ရမ်းခေတ် သာသနာရေးဆိုင်ရာ စာပေသုံးပစ္စည်းများဖြစ်ကြောင်း တွေ့ရပါသည်။ "ကမ္မဝါနှင့်ရွှေစာ၊ ကျမ်း" ဟူသော စာပေဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ကြားသိရသည်နှင့် သာသနာရေးဆိုင်ရာ စာပေများဖြစ်ကြောင်း ခံစားသိရှိ နားလည်နိုင်သည့် ဂုဏ်အရည်အသွေးများ ထင်ဟပ်နေသဖြင့် အတ္ထဗေဒရှုထောင့်အရ ခံစားမှုပြအနက်နှင့်

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၁။

[၂] ရွှေသိမ်းမင်း၊ ကို၊ ၂၀၁၂၊ ၇၄။

ဂုဏ်ရည်ပြအနက်တို့ ထင်ဟပ်နေကြောင်း သိရှိနိုင်ပါသည်။ မယ်လေး၏ချစ်ရသူ သည် ကမ္ဗဝါနှင့်ရွှေစာ၊ ကျမ်းဟူသော စာပေတို့ဖြင့် သာသနာ့တာဝန် ထမ်းဆောင်နေရသူ အဖြစ်ကို အလေးပေး ဖော်ပြနေသဖြင့် အလေးပေးအနက် ထင်ဟပ်နေကြောင်း ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## ၂၄။ စစ်အသုံးအဆောင်ပစ္စည်းဆိုင်ရာဝေါဟာရများ

မြန်မာသက္ကရာဇ် ၉၅၉ ခုနှစ် မှ ၁၁၁၃ ခုနှစ် အထိ ညောင်ရမ်းမင်းဆက်တို့ အုပ်စိုးခဲ့သော ဒုတိယအင်းဝခေတ် သို့မဟုတ် ညောင်ရမ်းခေတ်တွင် ပေါ်ပေါက်ခဲ့သော ကျေးလက်နေပြည်သူတို့ ကိုယ်စားပြု အိုင်ချင်းကဗျာ အမျိုးအစားနှင့် အိုင်ချင်း စာဆိုရှင် တောင်တွင်းရှင်ငြိမ်းမယ် ဟူ၍ ပေါ်ထွက်လာခဲ့ပါသည်။ တောင်တွင်း ရှင်ငြိမ်းမယ် ဖွဲ့နွဲ့ခဲ့သော အိုင်ချင်းကဗျာတို့တွင် "စစ်မှာတစ်မူ" ရာပြည့်အိုင်ချင်း နှင့်ပတ်သက်၍

> "စစ်မှာတစ်မူ အိုင်ချင်းသည် ညောင်ရမ်းခေတ်၏ မတရားသော ကျူးကျော်စစ် သရုပ်ဖော်ကဗျာပင် ဖြစ်သည်။ ညောင်ရမ်းခေတ် ပြည်သူသည် ကျူးကျော်သော မတရားစစ်မျိုးကို မတိုက်ခိုက်ချင်။ ဘုရင်က စစ်မိန့်ဖြင့်ခေါ်၍ ဓားကိုဆွဲရခြင်း၊ နယ်ခြားသို့ ချီတက် ရခြင်းဖြစ်သည်"[၁]

ဟူသည့် တင်ပြချက်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ညောင်ရမ်းခေတ်သည် စစ်နှင့် မကင်းသောခေတ် ဖြစ်သဖြင့် ညောင်ရမ်းခေတ်ပေါ် အိုင်ချင်းကဗျာတို့တွင် စစ်မက်ရေးရာတို့နှင့် ပတ်သက်သော အကြောင်းအရာတို့ ဖော်ပြပါရှိသည်ကို တွေ့ရ ပါသည်။ စစ်ရေးစစ်ရာနှင့်ပတ်သက်၍ "စစ်မှာတစ်မူ" အိုင်ချင်းတွင်

> "နှမလေး ပျိုတို့မောင်မှာ၊ စစ်သံကြားလျှင် ရွှေဓားပိုက်ကာ အိုးစားဖက်ကို လိုက်လို့ရှာသည်၊ ရိက္ခာကနည်း၊ မိုးကသည်း သနှင့်၊---"[၂]

ဟူ၍ ရွှေဓား၊ ရိက္ခာ ဟူသသည့် စစ်အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရကို တွေ့ရပါသည်။ ဤတွင် ဓား ဟူသည်

---

[၁] မိုးကြည်၊ မေမြို့၊ ၁၉၆၆ ၅၄။
[၂] မိုးကြည်၊ မေမြို့၊ ၁၉၆၆ ၄၂။

"သံဖြင့် ပြုလုပ်သော အသွားပါသော လက်ကိုင်အရိုးတပ် လက်နက်"[၁]

ဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်ကိုတွေ့ရပါသည်။ ရွှေဓားဟူသည် သံဖြင့် ပြုလုပ်သော အသွားပါသော လက်ကိုင်အရိုးတပ်လက်နက် ဟူသော အနက်ရိုးအပြင် ရွှေ ဟူသည် မြတ်နိုးတန်ဖိုးထားရသောအရာ ဖြစ်သည်။ ထို့ကြောင့် မိန်မပျိုလေး၏ ချစ်သူသည် ဘုရင်မင်းမြတ်က အားထားယုံကြည်ရသော စစ်သည်တစ်ဦးဖြစ်ကြောင်း ချစ်သူ၏ ဂုဏ်ရည်ကို ပေါ်လွင်စေသည့်အတွက် ဂုဏ်ရည်ပြအနက် ထင်ဟပ်ကြောင်း လေ့လာသိရှိရပါသည်။

တစ်ဖန် ရိက္ခာ ဟူသော ဝေါဟာရကို မြန်မာအဘိဓာန်တွင်

"အမှုထမ်းအား အချိုးကျ ဝေငှပေးသော စားသောက်ဖွယ်ရာ ပစ္စည်း"[၂]

ဟူ၍ ဖွင့်ဆိုထားသည်ကိုတွေ့ရပါသည်။ ရိက္ခာဟူသော ဝေါဟာရသည် စစ်ချီတက်ရာတွင် စစ်သည်တော်တို့အတွက် စားသောက်စရာဟူသော အနက်ရိုးအပြင် ရိက္ခာကနည်း ဟူသော စကားအဆက်အစပ်ဖြင့် အနက်ကောက်ယူကြည့်လျှင် နည်းပါးသော ရိက္ခာနှင့် မိုးကသည်းနေမည်လား ဟူသည့် စိုးရိမ်ပူပန်စိတ် ခံစားရသည့်အတွက် ခံစားမှုပြအနက်လည်း ထင်ဟပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းများတွင် ညောင်ရမ်းခေတ် အသုံးအဆောင်ပစ္စည်းများအဖြစ် ဝတ်ဆင်မှု၊ အဆောက်အအုံ၊ စာပေ၊ စစ်အသုံးအဆောင် ပစ္စည်းဆိုင်ရာ ဝေါဟာရများကို လေ့လာတင်ပြထားပါသည်။

ဝတ်ဆင်မှုဆိုင်ရာ ဝေါဟာရများတွင် ယွန်းပုဆိုးဟူသော ဝေါဟာရသည် လူမှုအခြေအနေပြအနက်အပြင် ညောင်ရမ်းခေတ်တွင် အကောင်းဆုံး၊ ခေတ်အစားဆုံး၊ အတွင်ကျယ်ဆုံးဖြစ်သည်ဟူသော ဂုဏ်ရည်ပြအနက်ရှိကြောင်း သိရပါသည်။ ဝတ်ဖြူသည် အနက်ရိုးအပြင် ပုဏ္ဏားဝတ်ရုံ ဝတ်ဆင်ထားသော ဗြဟ္မဏမျိုးနွယ်ဝင် ပုဏ္ဏားလူတန်းစားတစ်ရပ် ရှိသည်ဟူသော လူမှုအခြေပြအနက်ရှိကြောင်းလည်း သုံးသပ်မိပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၈၅။

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၁၂။

ညောင်ရမ်းခေတ် အဆောက်အအုံဆိုင်ရာ ဝေါဟာရများတွင် လူနေအိမ်ခြေ အဆောက်အအုံဆိုင်ရာ၊ ဘာသာရေးဆိုင်ရာနှင့် သီးနှံသိုလှောင်ရာ အဆောက်အအုံ ဆိုင်ရာများကို တွေ့ရပါသည်။ ယင်းဝေါဟာရများသည် ညောင်ရမ်းခေတ်ပြည်သူ တို့၏ လူနေမှုပုံစံများနှင့် ယုံကြည်ကိုးကွယ်မှုတို့ကို ခေတ်ကြေးမုံအဖြစ် ထင်ဟပ်ပါရှိ နေသည့်အပြင် ဂုဏ်ရည်ပြအနက်၊ ခံစားမှုပြအနက်၊ အလေးပေးအနက်တို့ ထင်ဟပ် နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ရမ်းခေတ် တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းများအရ စာပေဆိုင်ရာ ဝေါဟာရများတွင် သာသနာရေးနှင့် ပတ်သက်သော စာပေအသုံးအဆောင်ပစ္စည်း များကို တွေ့ရပါသည်။ ယင်းဝေါဟာရများသည် ညောင်ရမ်းခေတ် ရဟန်းသံဃာတော် များသည် စာပေ ကျမ်းဂန်များကို လေ့လာသည့်အပြင် ဂုဏ်ရည်ပြအနက်နှင့် အလေးပေးအနက်တို့ ထင်ဟပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

ညောင်ရမ်းခေတ်သည် စစ်နှင့်မကင်းသော ခေတ်ဖြစ်သောကြောင့် တောင်တွင်း ရှင်ငြိမ်းမယ်၏ အိုင်ချင်းများတွင် စစ်မှုရေးရာနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်းများကို တွေ့ရပါသည်။ ယင်းဝေါဟာရများသည် အနက်ရိုး၊ ခံစားမှုပြ အနက်များ ထင်ဟပ်နေကြောင်း လေ့လာသိရှိရပါသည်။

တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းများမှတစ်ဆင့် အသုံးအဆောင်ပစ္စည်း ဆိုင်ရာ ဝေါဟာရများကို လေ့လာရသောကြောင့် ညောင်ရမ်းခေတ် ကျေးလက်ပြည်သူ များ၏ အသုံးအဆောင်ပစ္စည်းများ၊ ညောင်ရမ်းခေတ် လူနေမှုပုံစံများကို သိရှိနိုင် ပါသည်။

ထို့ကြောင့် အလေ့လာခံ အိုင်ချင်းကဗျာ အဖွဲ့အနွဲ့များအရ ညောင်ရမ်းခေတ် အိုင်ချင်းကဗျာများတွင် ထင်ဟပ်နေသော အသုံးအဆောင်ပစ္စည်းဆိုင်ရာ ဝေါဟာရ များသည် အနက်ရိုး (သဘောလက္ခဏာပြ)အပြင်၊ ဂုဏ်ရည်ပြအနက်၊ အလေးပေး အနက်၊ ခံစားမှုပြအနက်၊ လူမှုအခြေအနေပြအနက်များ ထင်ဟပ်ပါရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

မြန်မာစာပေလေ့လာရာတွင် ဘာသာစကားနှင့်စာပေကို သီးခြားစီ ခွဲထုတ်၍ မရစကောင်းပေ။ ဤစာတမ်းတွင် မြန်မာစာပေတစ်ရပ်ဖြစ်သော အိုင်ချင်းကဗျာတို့ ပေါ်ထွန်းရာ ညောင်ရမ်းခေတ် ကြေးမုံကို ထင်ဟပ်စေသော အသုံးအဆောင်ပစ္စည်း များကို အတ္ထဗေဒအမြင်ဖြင့် လေ့လာတင်ပြထားပါသည်။ ဝတ်ဆင်မှု၊ အဆောက်အအုံ၊ စာပေ၊ စစ်ရေးဆိုင်ရာဝေါဟာရတို့သည် သဘောလက္ခဏာပြ အနက်ရိုးသာမက အနက်အမျိုးမျိုးလည်း ထင်ဟပ်ပါရှိနေကြောင်း သိရှိရပါသည်။ အိုင်ချင်းကဗျာပါ အကြောင်းအရာများသည် ထိမိလေးနက်သည့်အပြင် အဖွဲ့အနွဲ့များတွင်လည်း အပြော စကားများ ပါဝင်နေပါသည်။ ထို့ကြောင့် ပြောသူနှင့်နာသူ ဆက်သွယ်ပေးသော ဆက်သွယ်မှုပြ အကျိုးသက်ရောက်သော အညွှန်းစကားများကို တွေ့ရ၍ ကဗျာ၏ အကြောင်းအရာကို ပိုမိုလေးနက်ပြီး ပုံပေါ်ပီပြင်စေပါသည်။ အိုင်ချင်းကဗျာများကို ဘာသာစကားရှုထောင့်မှ လေ့လာတင်ပြထားသောကြောင့် ဘာသာစာပေ သုတေသီ များအတွက် အထောက်အကူ ဖြစ်စေနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်အေး၊ **ဒေါက်တာ**။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

မိုးကြည်၊ **မေမြို့**။ (၁၉၆၆)။ ***စာပေခေတ် ၉ ခေတ်မှ မြန်မာကဗျာများအဖွင့်***။ ရန်ကုန်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရွှေသိမ်းမင်း၊ **ကို**။ (၂၀၁၂)။ ***ပန်းရွှေပြည် ရှေးကဗျာစု***။ ရန်ကုန်၊ ပန်းရွှေပြည် စာအုပ်တိုက်။

ဧမောင်၊ **ဦး** (ပါမောက္ခ–)(ရွေးချယ်စီစဉ်သူ)။ (၁၉၆၁)။ ***အနုစာပေကောက်နုတ်ချက် (ပ တွဲ)*** (ဒု–ကြိမ်)။ ရန်ကုန်၊ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း။

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# နေဝင်းမြင့်၏ ဝတ္ထုတိုများမှ စကားအသုံးအနှုန်းဟန်

ရွှေရည်မြတ်မွန်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နေဝင်းမြင့် ဝတ္ထုတိုများမှ လေ့လာတွေ့ရှိသော စကားအသုံးအနှုန်းဟန်ကို ပြုစုထားသော စာတမ်းဖြစ်ပါသည်။ ဤသို့တင်ပြရာတွင် ဘာသာဗေဒ၏ ပညာရပ်ခွဲဖြစ်သော ရေးဟန်ပညာနှင့် ဘာသာစကားဟန်တို့ကို အခြေခံ၍ ဘာသာဗေဒ အဆင့်တစ်ဆင့်ဖြစ်သော စကားလုံးအဆင့်ကို လေ့လာတင်ပြထားပါသည်။ စကားလုံးအဆင့်တွင် စကားအသုံးအနှုန်းတို့ကို မည်သို့ အသုံးပြုရေးဖွဲ့ထားကြောင်း ခွဲခြားသရုပ်ဖော်၍ သာဓကပြ ဝတ္ထု စာသားများဖြင့် ဖော်ထုတ် တင်ပြထားပါသည်။ ထို့နောက် စာရေးသူ၏ ဝတ္ထုတိုများကို သရုပ်ဖော် ပီပြင်စေသော ဘာသာစကားဟန်၏ ထူးခြားမှုနှင့် တန်ဖိုးတို့ကို အကဲဖြတ်နိုင်စေရန် စိစစ်တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ – *ရေးဟန်ပညာ၊ ဘာသာစကားဟန်၊ စကားအသုံးအနှုန်းဟန်။***

## နိဒါန်း

ဤစာတမ်းသည် “နေဝင်းမြင့်၏ ဝတ္ထုတိုများမှ စကားအသုံးအနှုန်းဟန်” လေ့လာချက် ဖြစ်ပါသည်။ ဤစာတမ်းကို ပြုစုနိုင်ရန်အတွက် စာရေးဆရာ နေဝင်းမြင့်၏ ဆယ်နှစ်ကြိုးဝတ္ထုတိုများ (၂၀၀၉)၊ အိမ်ကလေး ၁၆ လုံး (၂၀၀၇)၊ ရေသွန်မြစ် ဝတ္ထုတိုများ (၂၀၁၀)၊ ပုစဉ်းရင်ကွဲဝတ္ထုတိုစုစည်းမှု (၂၀၁၁)၊ ဇာျိုင်းမည်းနှင့် အခြား ဝတ္ထုတိုများ (၂၀၁၃) ဟူသော ဝတ္ထုတိုစာအုပ်များကို အလေ့လာခံအဖြစ် ထား၍ တင်ပြပြုစုပါသည်။ စကားအသုံးအနှုန်းဟန်ကို မူတည်၍ မည်သို့သော စကားလုံးများကို အသုံးပြုလျက် ဝတ္ထုတိုအဖြစ် ပုံဖော်ဖန်တီးထားခြင်း ဖြစ်ကြောင်း သာဓကများဖြင့် ထုတ်နုတ်တင်ပြမည် ဖြစ်ပါသည်။

“နေဝင်းမြင့်၏ ဝတ္ထုတိုများမှ စကားအသုံးအနှုန်းဟန်” ဟူသော စာတမ်းကို တင်သွင်းရသော ရည်ရွယ်ချက်မှာ ဝတ္ထုတို စာပေအဖွဲ့ပုံစံတို့တွင် ဝတ္ထုစာရေးဆရာတို့၏ ပင်ကိုဟန်အရ မိမိတို့၏ဝတ္ထုကို သရုပ်ဖော်ပီပြင်အောင် မည်သို့သော စကားအသုံးအနှုန်းဟန်တို့ဖြင့် ရေးဖွဲ့ထားကြောင်း စိတ်ဝင်စားသဖြင့် တင်ပြပြုစုရခြင်း ဖြစ်ပါသည်။

---

* ဒေါ်၊ နည်းပြ၊ မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

## ၁။ စာရေးဆရာနေဝင်းမြင့်၏ အတ္ထုပ္ပတ္တိအကျဉ်း

စာရေးဆရာနေဝင်းမြင့်၏ အမည်ရင်းမှာ ဦးဝင်းမြင့် ဖြစ်ပါသည်။ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်နေ့တွင် အဖ ဦးဘရွှေနှင့် အမိ ဒေါ်သိန်းတို့မှ ဖွားမြင်သည်။ မွေးဖွားရာဇာတိမှာ မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာ ဖြစ်သည်။

ကုန်းဇောင်းကျေးရွာ အလယ်တန်းကျောင်းတွင် ပဥ္စမတန်းအထိ ပညာသင်ကြားခဲ့ပြီး ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်သို့ ပြောင်းရွှေ့လာခဲ့သည်။ အင်းစိန် အစိုးရအထက်တန်းကျောင်း၊ အမှတ်(၄)တွင် ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၈၅ ခုနှစ်တွင် "ဗျိုင်းမည်းနှင့် အခြားဝတ္ထုတိုများ" စာမူဖြင့် စာပေဗိမာန် စာမူဆု ရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်ဆု) ကို "ဆယ့်နှစ်ကြိုး ဝတ္ထုတိုများ" စာအုပ်ဖြင့် ဆုရရှိခဲ့သည်။ တစ်ဖန် ၂၀၀၇ ခုနှစ်တွင် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်ဆု)ကို "အိမ်ကလေး ၁၆ လုံး" စာအုပ်ဖြင့် ဆုရရှိခဲ့သည်။ ထို့ပြင် "ပုစဉ်းရင်ကွဲ၊ ရေသွန်မြစ်၊ မြို့ပြပိုးမွှား၊ တောအလှူ" စသော ဝတ္ထုတိုများစွာတို့ကို ရေးသားခဲ့ပါသည်။

ဝတ္ထုအချို့ကို ဂျာမန်၊ ဂျပန်၊ အင်္ဂလိပ်ဘာသာများသို့ ဘာသာပြန်ဆိုခြင်း ခံရသည်။ ဝတ္ထုတိုများ၊ အက်ဆေးများ၊ ခရီးသွားဆောင်းပါးများ၊ စာပေဆောင်းပါး များ၊ ဘာသာပြန်ဝတ္ထုရှည်များ စသည့် စာအုပ်ပေါင်းများစွာ ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုအခါ ဇနီးဖြစ်သူ စာရေးဆရာမ ခင်ခင်ထူး၊ သမီးဖြစ်သူ ဖွေးဖွေးနေဝင်းမြင့် တို့နှင့်အတူ မန္တလေးမြို့တွင် နေထိုင်လျက်ရှိပြီး စာရေးခြင်း အတတ်ပညာဖြင့် ဘဝ ရပ်တည်လျက် ရှိပါသည်။

## ၂။ ရေးဟန်ပညာ၏အဓိပ္ပာယ်

"ရေးဟန်" ဆိုသည်မှာ စာတစ်ပုဒ်ကို ရေးသားရာ၌ "ဘယ်လိုဘယ်ပုံ ရေးသည်" ဟူသော ရေးသားပုံကို ခေါ်ပါသည်။ စကားပြောရာမှာလည်း ရေးဟန် ရှိသည်။ စာရေးရာမှာလည်း ဟန်ရှိသည်။ ပြောဟန်နှင့်ရေးဟန်ဟု ခွဲခြားခေါ်နိုင် သည်။ [၁] ဘာသာစကားပြောဆိုသူ၏ လေယူလေသိမ်း၊ အဖြတ်အရပ် စသော အချက် များကြောင့် ပြောဟန် ကွဲပြားသွားသကဲ့သို့ စကားအသုံးအနှုန်း၊ ဝါကျအချိတ်အဆက်

[၁] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၁၁၊ ၁။

နှင့် လေသံတို့ကြောင့်လည်း ရေးဟန် ကွဲပြားသွားသည်။ ထို့ကြောင့် အပြောစကားကို လေ့လာခြင်းသည် ပြောဟန်ဖြစ်၍ အရေးအသားကို လေ့လာခြင်းသည် ရေးဟန် ဖြစ်ပါသည်။

လူတစ်ဦးနှင့်တစ်ဦးသည် လူသားဟူသော သတ်မှတ်ချက် တူညီသော်လည်း မျက်နှာသွင်ပြင်၊ ပုံသဏ္ဌာန်၊ လှုပ်ရှားမှု အမူအရာတို့သည် မတူညီကြပေ။ ထို့ကြောင့် ဘာသာစကား တစ်ခုတည်းကိုပင် ပြောဆိုအသုံးပြုနေကြသော်လည်း တစ်ဦးနှင့် တစ်ဦး ကွာခြားမှု ရှိခြင်းမှာ မလွဲမသွေ လက်ခံရမည့်အချက် ဖြစ်သည်။ ထို့ကြောင့် လူတို့၏ ဘာသာစကားဟန်နှင့် အရေးအသားဟန်တို့၏ မတူညီသော အချက်များကို လေ့လာသော ပညာရပ်သည် "ရေးဟန်ပညာ" ဟု သတ်မှတ်ကြပါသည်။

စာရေးဆရာတို့၏ ဝတ္ထုကိုဖြစ်စေ၊ ကဗျာကိုဖြစ်စေ လေ့လာကြည့်လျှင် ထိုစာပေတို့၌ စာရေးဆရာတို့၏ ပင်ကိုဟန်များ ထင်ဟပ်နေပါသည်။ စာရေးဆရာ၏ ပင်ကိုစာအရေးအသားတို့ကို စိစစ်လေ့လာသည့် ပညာရပ်ကို ရေးဟန်ပညာဟု ခေါ်သည်။ စာတစ်ပုဒ်ကို လေ့လာသည့်အခါတွင် "ဘာကို ဘယ်လိုရေးသနည်း" ဟူသော စကားသံ၊ စကားအသုံးအနှုန်း၊ ပုဒ်များ၊ ဝါကျများဖြင့် ချိတ်ဆက်ဖွဲ့စည်းထားမှု အဆင့်ဆင့်ကို ရေးဟန်က လေ့လာပါသည်။ တစ်နည်းဆိုရသော် စာပေ အရေးအဖွဲ့များရှိ ဘာသာစကား ရွေးချယ်အသုံးပြုပုံများကို လေ့လာခြင်းပင် ဖြစ်သည်။

ရေးဟန်နှင့်ပတ်သက်၍ ဆရာဇေယျက –

> "ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ရေးသားထားသော စာဖြစ်စေ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ထားခြင်း မဟုတ်ဘဲ၊ ဘာသာပြန်မှု လောက်ပင်ဖြစ်စေ လူပြုသောကြောင့် လူ၏ ဩဇာအရသာသည် စာပေါ်၌ ထင်လျက် ရှိလေသည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင် ထားသော စာ၌မူကား စာရေးသူ၏စိတ်ကူး၊ စာရေးသူ၏အကြံ၊ စာရေးသူ၏အမြင်များသည် စာလုံးတိုင်း၊ စာလုံးတိုင်း၌ ဝင်နေ သောကြောင့် စာရေးဆရာသည် စာဖြစ်၍ နေလေသည်။"[၁]

ဟူ၍ ရှင်းပြထားသည်။

ဆရာ မောင်ခင်မင် (ဓနုဖြူ)ကလည်း –

> "စာရေးသူကိုယ်တိုင် ပင်ကိုဟန်ရှိစေကာမူ စာရေးသူတစ်ဦး၏ အရေးအသားသည်ပင် သူ့ရည်ရွယ်ချက်၊ သူရေးသည့် အကြောင်း

---

[၁] ဇေယျ၊ ၁၉၆၂၊ ၁၁၀။

> အရာ၊ သူ့စာဖတ်ပရိသတ် စသည့် အခြေအနေ အရပ်ရပ်ကို ထောက်ချင့် ဖြစ်ပေါ်လာသည့် သူ့စေတနာအပေါ် မူတည်၍ ဟန်အမျိုးမျိုး ကွဲပြားနိုင်ပါသည်။”[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် ရေးဟန်ပညာသည် စာရေးသူ၏ ပတ်ဝန်းကျင်အပေါ် သိသော မြင်သောစိတ်ကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှုတို့ပေါင်းစပ်ကာ စာရေးသူ၏ အဈ္ဈတ္တ သွင်ပြင်တစ်ရပ်ကို ပုံဖော်ပြမှုပင် ဖြစ်သည်။ စာရေးသူ၏ ပုံဖော်ပြမှုကို အခြေခံ၍ ဘာသာစကား အသုံးပြုပုံများကို လေ့လာနိုင်ပါသည်။

> “တစ်ယောက်၏ ပြောဟန်သည် ကျန်တစ်ယောက်နှင့် မတူသကဲ့သို့၊ တစ်ဦး၏ ရေးဟန်သည်လည်း အခြားတစ်ဦး၏ ရေးဟန်နှင့် ကွာခြားလေ့ ရှိသည်။ ထိုခြားနားမှုသည်ပင် “ဟန်” ဖြစ်ပြီး၊ ထိုခြားနားမှုကို လေ့လာသည့် ပညာရပ်ကို “ရေးဟန်ပညာ” ဟု သတ်မှတ်သည်။”[၂]

ထို့ပြင် ဒေးဗစ်ခရစ်စတယ်၏ ဘာသာဗေဒအဘိဓာန်တွင်–

> “ပြောဟန် ရေးဟန်ပညာသည် ဘာသာဗေဒခေတ်၏ ပညာရပ်ခွဲ ဖြစ်ပြီး ဘာသာစကား၏ ကြန်အင်လက္ခဏာနှင့် ထူးခြားမှုများကို လေ့လာပါသည်။ အထူးသဖြင့် လူတစ်ဦးချင်း လူ့တစ်ဖွဲ့ချင်း တို့၏ ရွေးချယ်သုံးနှုန်းခြင်းဟူသည့် ဘာသာစကားအသုံးပြုမှုကို ရေတွက်လေ့လာရပါသည်။”[၃]

ဟု ရေးသားထားပါသည်။

ရေးဟန်ပညာ၏ လေ့လာမှုနယ်ပယ်နှင့် စပ်လျဉ်း၍ “ဂျက်ဖရီဖင့်”က–

> “ရေးဟန်ပညာသည် ဘာသာဗေဒနည်းစနစ်များကို အသုံးပြု၍ ဘာသာစကား အသုံးပြုဟန်ကို လေ့လာသည့် ပညာရပ် ဖြစ်သည်။ ဘာသာစကားဖြင့် ပြောဆို ဆက်သွယ်ရာ၌ ရည်ရွယ်ချက် အမျိုးမျိုးကို လိုက်၍ စကားအသုံးအနှုန်းနှင့်

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၄၊ ၂၉၁။

[၂] နွယ်နီတင်၊ မ၊ ၂၀၀၉၊ ၁။

[၃] Crystal, 2000, ….

ဝါကျဖွဲ့ပုံတို့တွင် ရွေးချယ်သုံးနှုန်းမှုရှိရာ ထိုရွေးချယ်သုံးနှုန်းမှုသည် "ဟန်" ဖြစ်ပြီး၊ ဘာသာစကား၌ မရှိမဖြစ်ပါဝင်နေလေ့ရှိသည်။ အစဉ်အလာအားဖြင့် "ဟန်လေ့လာမှု"ကို စာပေဝေဖန်ရေး၌ တွေ့ရလေ့ရှိသော်လည်း ဘာသာဗေဒ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စာပေလေ့လာမှုကို စနစ်တကျ ပြုလုပ်လာနိုင်သည်။ စာပေသုံး ဘာသာစကားအတွက်သာမက စာပေလက်ရာမဟုတ်သည့် "ငွေရှင်းပြေစာ၊ မော်တော်ကား၊ လက်စွဲစာအုပ်၊ တရားစာ စသည်တို့၏ "ဟန်" ကိုပါ လေ့လာကြသည်။"[၁]

ဟု ဖွင့်ဆိုပါသည်။

ပြင်သစ်စာရေးဆရာကြီး "ဘူဖွန်" ကမူ–

"ရေးဟန်ဟူသည် ရေးသူကိုယ်တိုင်ပင် ဖြစ်တော့သည်။"[၂]

ဟု အနက်ဖွင့်ဆိုပါသည်။

ရေးဟန်ကို လေ့လာရာတွင် ရှုထောင့်(၃)ခုမှ လေ့လာကြသည်။ ၎င်းတို့မှာ–

(၁) စာရေးသူ၏ရှုထောင့်

(၂) စာဖတ်သူ၏ရှုထောင့်

(၃) စာသားရှုထောင့်

ဟူ၍ ဖြစ်ပါသည်။

ဤတွင် စာသားရှုထောင့်မှနေ၍ ဘာသာစကားဟန်ကို လေ့လာခြင်းဖြစ်သဖြင့် ဝတ္ထုတိုစာသားများ၏ စကားသံ၊ စကားလုံး၊ ပုဒ်၊ ဝါကျတို့ကို အထူးပြု ချဉ်းကပ်လေ့လာပါမည်။ ဤသည်မှာ ဘာသာစကားလေ့လာမှု၏ အခြေခံအကျဆုံး နည်းနာဟု ဆိုနိုင်သည်။

ထို့ကြောင့် ရေးဟန်ပညာသည် စာရေးသူတစ်ဦး၏ ပင်ကိုဟန်ဖြစ်သော ဘာသာစကား ရေးသားဖော်ပြချက်တို့မှတစ်ဆင့် ဘာသာစကား အသုံးပြုမှုတို့ကို သိပွံနည်းကျ စိစစ်လေ့လာမှုမျိုး ဖြစ်ပါသည်။ ဤတွင် ဘာသာစကားတစ်ခု၌ တွေ့ရှိရသည့် စကားသံ၊ စကားလုံး၊ ပုဒ်၊ ဝါကျတို့ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထားမှုနှင့် ဖွဲ့စည်းတည်ဆောက်ထားမှုများ ပါဝင်ပါသည်။ ထိုသို့ ဘာသာစကား အသုံးပြုမှု

---

[၁] Finch, 2000, 189.

[၂] Buffon.

နည်းစနစ်တို့ကို အသေးစိတ် ခွဲခြမ်းစိစစ်လိုက်ခြင်းဖြင့် စာတစ်ပုဒ်၏ ရေးဟန်၊ စာရေးဆရာ၏ ပင်ကိုဟန်နှင့် စာရေးသားမှု အတတ်ပညာတို့ကိုပါ သိရှိနားလည်စေနိုင်သည့် ပညာရပ်နည်းနာ ဖြစ်သည်။

## ၃။ နေဝင်းမြင့်၏ ဝတ္ထုတိုများမှ စကားအသုံးအနှုန်းဟန်

စာပေအဖွဲ့ဟူသည် စာရေးသူ၏ စိတ်ခံစားမှုတို့ကို ပုံဖော်ဖန်တီးထားသော အရေးအသားများ ဖြစ်သည်။ ထိုအရေးအသား သို့မဟုတ် ဟန်ကို စိစစ်လေ့လာခြင်းသည် စာရေးသူ၏ဟန်ကို လေ့လာခြင်း ဖြစ်သည်။ စာပေများကို ဘာသာစကားဖြင့် ရေးသားထားခြင်းဖြစ်ပြီး ထိုစာပေထဲမှ ဘာသာစကားကို လေ့လာခြင်းသည် စာရေးသူ အသုံးပြုသော ဘာသာစကား၏တန်ဖိုးကို လေ့လာခြင်း ဖြစ်သည်။

ဟန်ဗေဒသဘောအရ ဘာသာစကားဟန်ကို စိစစ်လေ့လာရာတွင် ဘာသာဗေဒ အဆင့်အတိုင်း အဆင့်ဆင့် လေ့လာနိုင်ပါသည်။ ဘာသာစကား လေ့လာမှုတွင် စကားလုံးအဆင့်[၁] သည် အခြေခံကျသော အဆင့်တစ်ဆင့် ဖြစ်သည်။ ဘာသာစကားသည် စကားလုံးများက စုစည်းထားခြင်းဖြစ်ရာ ထိုမှ ပုဒ်၊ ဝါကျ စသည်ဖြင့် အဆင့်ဆင့် ရောက်ရှိမည်ဖြစ်သောကြောင့် စကားလုံးအဆင့်ကို ဦးစွာ စိစစ်လေ့လာပါသည်။ စကားလုံးအဆင့်တွင်မူ စကားလုံးဖွဲ့စည်းပုံ စကားလုံးတွဲစပ်ပုံ၊ စကားလုံးအမျိုးအစားနှင့် စကားလုံးရုပ်သွင်တို့ကို စိစစ်လေ့လာရပါသည်။

စကားလုံးဖွဲ့ပုံကို လေ့လာသည့်အခါ နာမ်၊ ကြိယာ အထူးပြုစကားလုံးများဟူ၍ ခွဲခြား စိစစ်လေ့လာသွားမည့်အပြင် စကားလုံးများ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုများ၊ တွဲစပ်အသုံးပြုပုံနည်းများနှင့် စကားအသုံးအနှုန်းများကြောင့် မည်မျှ အကျိုးသက်ရောက်မှု ဖြစ်သွားစေကြောင်းတို့ကို လေ့လာပါသည်။

စကားအသုံးအနှုန်းဟန်သည် အနက်အဓိပ္ပာယ်ကို သိသာထင်ရှားစေသည်ကို တွေ့ရသည်။ စာရေးသူအသုံးပြုသော စကားလုံးအမျိုးအစားများသည် ဝတ္ထုအတွင်းရှိ စာရေးသူ၏ ဆိုလိုရင်း အနက်အဓိပ္ပာယ်ကို မည်သို့ အထောက်အပံ့ဖြစ်စေကြောင်းကိုလည်း စိစစ်တင်ပြပါသည်။

စကားလုံး အသုံးအနှုန်းကောင်းလျှင် စာပေတန်ဖိုး မြင့်တက်လာသည်။ ထို့ကြောင့် စကားလုံးများကို စိစစ်ခွဲခြားသရုပ်ဖော်ပြီး ထိုစကားလုံးများကို သုံးနှုန်းလိုက်သည့်အတွက် မည်သို့ကောင်းမွန်သော စကားအသုံးအနှုန်းများ ဖြစ်လာသည်ကို

---

[၁] morphological level

သိနိုင်သည်။ ဘာသာစကား အသုံးပြုမှုသည် စာတစ်ပုဒ်အပေါ် မည်သို့မည်မျှ အထောက်အပံ့ ဖြစ်စေကြောင်း၊ အကျိုးသက်ရောက်မှု အားကောင်းလာစေကြောင်း၊ အနက်အဓိပ္ပာယ် တာသွားစေကြောင်းတို့ကို လေ့လာခြင်းကိုပင် ဘာသာစကားဟန်ဟု ဆိုနိုင်ပါသည်။ ဘာသာစကားထဲမှ ဟန်ကို ဖော်ထုတ်၍ စာပေအာနိသင်၊ စာပေ အရည်အသွေး မည်သို့ ပေါ်လွင်ထင်ရှားလာသည်ကို စိစစ်လေ့လာနိုင်မည် ဖြစ်ပါ သည်။ သို့ပါ၍ စာရေးဆရာ နေဝင်းမြင့်၏ ဝတ္ထုများတွင် တွေ့ရသော စကားလုံး များကို ထုတ်နုတ်စိစစ်၍ စာရေးသူ၏ စကားအသုံးအနှုန်းဟန်များ၊ စကား သုံးနှုန်းဟန် လိုက်ဖက်ဆီလျော်မှု ရှိခြင်းတို့ကြောင့် ရေးဟန်အရည်အသွေး ထက်မြက်မှု ရှိကြောင်းတို့ကို လေ့လာတင်ပြထားပါသည်။

## ၃.၁။ အမျိုးအစားအရ စကားအသုံးအနှုန်းဟန်

စကားအသုံးအနှုန်းဟန်သည် ဝေါဟာရအစုအဝေးတို့ကို စိစစ်၍ မည်သို့သော စကားလုံးများ ရွေးချယ်သုံးနှုန်းသည်ကို လေ့လာခြင်း ဖြစ်သည်။ ဤတွင် စကားလုံး အမျိုးအစားများစွာ ရှိပါသည်။ ထိုစကားလုံး အမျိုးအစားများအနက်မှ စာရေးသူ အများဆုံး အသုံးပြုသော စကားလုံးတို့ကို စိစစ်၍ ခွဲခြားခြင်းမည် ဖြစ်ပါသည်။

နေဝင်းမြင့်၏ ဝတ္ထုတိုများကို လေ့လာကြည့်သည့်အခါ အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်သော စကားလုံးများကို စနစ်တကျ ရွေးချယ်အသုံးပြုကြောင်း တွေ့ရပါသည်။ ဤတွင် အနက်ပြစကားလုံးနှင့် အသုံးပြစကားလုံး၊ အကောင် အထည်ပြစကားလုံးနှင့် သဘောပြစကားလုံး၊ လှုပ်ရှားမှုပြစကားလုံးနှင့် ဖြစ်ရပ်အခြေ အနေပြစကားလုံးတို့ကို စိစစ်လေ့လာထားကြောင်း တင်ပြအပ်ပါသည်။

### ၃.၁.၁။ အနက်ပြစကားလုံးနှင့် အသုံးပြစကားလုံး

မြန်မာဘာသာစကားတွင် အနက်ပြစကားလုံးနှင့် အသုံးပြစကားလုံး ဟူ၍ စကားလုံး အမျိုးအစားနှစ်မျိုး ရှိသည်။ ယင်းတို့ကို စကားလုံး၏ အနက်အဓိပ္ပာယ်ကို ထင်ထင်ရှားရှား တွေ့ရ၍ "အနက်ပြစကားလုံး"၊ အနက်အဓိပ္ပာယ် ထင်ထင်ရှားရှား မရှိသော်လည်း ဝါကျအတွင်းရှိစကားလုံး တစ်ခုနှင့်တစ်ခု ချိတ်ဆက်မှု သဒ္ဒါတာဝန်ကို ထမ်းဆောင်သည့် "အသုံးပြစကားလုံး" ဟု ခွဲခြားသတ်မှတ်သည်။ တနည်းအားဖြင့် အနက်ပြစကားလုံးကို "စကားလုံးပြည့်" ဟုလည်းကောင်း၊ အသုံးပြစကားလုံးကို "ဗလာစကားလုံး" ဟုလည်းကောင်း ခေါ်ပါသည်။ အနက်ပြစကားလုံး/စကားလုံးပြည့် များသည် အစဉ်အမြဲ တိုးပွားနေတတ်သော သဘောရှိ၍ "အပွင့်အမျိုးအစား

စကားလုံး” ဖြစ်သည်။ အသုံးပြစကားလုံး/ဗလာစကားလုံးများသည် အသစ်တိုးပွားရန် မလွယ်သောကြောင့် “အပိတ်အမျိုးအစား စကားလုံး” ဖြစ်သည်။

အနက်ပြစကားလုံးများသည် လူမှုကိစ္စအမျိုးမျိုးကို ရည်ညွှန်းခေါ်ဝေါ်သော စကားလုံးများ ဖြစ်သည်။ လူမှုကိစ္စဟူသည် သက်ရှိသက်မဲ့များ၊ စိတ်ခံစားမှုကို ရည်ညွှန်းသော စကားလုံးများ၊ အရာဝတ္ထုတို့၏ ပုံပန်းသွင်ပြင်နှင့် အာရုံခံစားမှုကို ဖော်ပြသော စကားလုံးများစသည်တို့ ပါဝင်ပါသည်။

အသုံးပြစကားလုံးများသည် အနက်အဓိပ္ပာယ်မရှိဘဲ ဝါကျထဲရှိ စကားလုံး သို့မဟုတ် အနက်ပြစကားလုံးတို့ တစ်ခုနှင့်တစ်ခု မည်သို့ ချိတ်ဆက်မှုရှိကြောင်းကို ဖော်ပြသည့် သဒ္ဒါတာဝန်ကို ထမ်းဆောင်သော စကားလုံးဖြစ်သည်။ အပြော စကားတွင် အသုံးပြုသော “ရဲ့၊ နဲ့၊ လို့၊ မှာ၊ တဲ့၊ တယ်” စသည့် စကားလုံးမျိုး၊ အရေးအသားတွင် အသုံးပြုသော “၏၊ နှင့်၊ ၍၊ ၌၊ သော၊ သည်” စသည့် စကားလုံးမျိုး ဖြစ်ကြပါသည်။ အသုံးပြစကားလုံးများသည် အသစ်တိုးပွားရန် ခက်ခဲ သည့်အပြင် အရေအတွက်လည်း အလွန်နည်းပါးပါသည်။

ဘာသာဗေဒသဘောအရ အနက်ပြစကားလုံးများကို နာမ်၊ ကြိယာစသည်ဖြင့် ခွဲခြားလေ့လာမှုပြုသော်လည်း ဟန်ဗေဒမှာမူ ထိုသို့မဟုတ်ပေ။ စကားလုံးများ၏ နာမ်အသုံး၊ ကြိယာအသုံးတို့ကို ခွဲခြားပြီး ဘာသာစကား အသုံးပြုသူ (သို့မဟုတ်) စာရေးသူ၏ ရွေးချယ်မှု၊ အသုံးကွဲပြားမှု စသည့်ဟန်တို့ကို လေ့လာပါသည်။ ဤတွင် အနက်ပြစကားလုံးနှင့် အသုံးပြစကားလုံးတို့ကို လေ့လာခြင်းဖြင့်လည်း စာရေးသူ၏ အာဘော်၊ ရည်ရွယ်ချက်တို့ကို အကဲခတ်သိရှိနိုင်ပေသည်။

စာရေးဆရာနေဝင်းမြင့်သည် ဝတ္ထုတိုအကြောင်းအရာ၊ ကာလဒေသ နောက်ခံ အခြေအနေနှင့် ဇာတ်ဆောင်တို့၏ သွင်ပြင်အမူအရာတို့ကို သဘာဝကျကျ သရုပ်ဖော် ပြသမှု ကောင်းမွန်သည်။ ဤသည်ကို–

“မျက်နှာတစ်ခုလုံးမှာ ချွေးစက်တွေ တလက်လက် ထလို့။
နှုတ်ခမ်းတွေက စကားမပြောခင်ကတောင် တလှုပ်လှုပ်နဲ့။”[၁]

(ရိုက်ချက်)

---

[၁] နေဝင်းမြင့်၊ ၂၀၁၁၊ ၉၆။

"ဒါကိုပဲ သူများအလှူမှာ ကုသိုလ်ယူတဲ့သဘောနဲ့ ဝိုင်းဝန်းကူညီကြတဲ့သဘောပဲ။"[၁]

(ကျောက်အိုးကွဲ)

"နှစ်ပေါင်းလေးဆယ် အတွင်းမှာ သူအမှတ်တရ အရှိဆုံးမှာ သူဆယ်တန်းကျောင်းသားဘဝက ပထမဆုံး ရေးခဲ့သော စာမူကလေး ပုံနှိပ်ဖော်ပြခံရခြင်း ဖြစ်သည်။"[၂]

(အရောင်မွဲမွဲ ခိုငှက်တစ်ကောင်)

"ကုန်းဇောင်းမှာတော့ ထူးဆန်းတဲ့ ဓလေ့လို့ပဲ ခေါ်မလား"[၃]

(ကျောက်အိုးကွဲ)

"သည်လမ်းမှာ အလုပဆုံးက ထနောင်းပင်ကြီးတွေပါ။"[၄]

(ကြော်ငြာလှည်း)

"တစ်နေ့လုံးမှ ခွက် ၃၀ မပြည့်ဘူးဆိုတဲ့ ဆိုင်ကလေး"[၅]

(နက်စ်ကော်ဖီ)

"ဘောဂချောင်မှာတော့ သူလည်း တေးသံရှင် ဘောဂချောင် သာဒွန်း ပေါ့လေ။"[၆]

(သာဒွန်း)

"သည်လိုပဲ သဘောထားရတော့တာပေါ့လေ"[၇]

(သာဒွန်း)

---

[၁] နေဝင်းမြင့်၊ ၂၀၁၁၊ ၅၇။
[၂] နေဝင်းမြင့်၊ ၂၀၁၁၊ ၁၄။
[၃] နေဝင်းမြင့်၊ ၂၀၁၁၊ ၅၇။
[၄] နေဝင်းမြင့်၊ ၂၀၀၉၊ ၁၅၆။
[၅] နေဝင်းမြင့်၊ ၂၀၁၁၊ ၂၆။
[၆] နေဝင်းမြင့်၊ ၂၀၁၁၊ ၉၆။
[၇] နေဝင်းမြင့်၊ ၂၀၁၁၊ ၈၃။

"စကားပြောရင်တော့လည်း ပညာတတ် တစ်ယောက်လို့ ပြောတတ်တော့ မသိတဲ့လူတွေက ပညာတော်တော်တတ်တယ်လို့ ထင်ရတယ်။"[၁]

(သင်းခွေချပ်)

"ချွေးသီးချွေးပေါက်များ သီးထနေသော သန်းညွှန့်မျက်နှာကိုသာ ငေးကြည့်နေမိသည်။"[၂]

(ငှက်ဆိုး)

"တစ်ခါတစ်လေ တစ်ခါက ကော်ဖီမှုန့် ဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ ဂုဏ်သိက္ခာ အနည်းအကျဉ်းက လွဲရင် ကော်ဖီမှုန့်ပါလို့ ပြောဖို့ တောင် ခက်သလောက် အခြေအနေမျိုး" [၃]

(နက်စ်ကော်ဖီ)

"စောင်းလျှာပင်တောကို ဖြတ်သန်းတိုက်ခိုက်လာသော လေတိုးသံ တရှဲရှဲက ညကို ပိုမိုချောက်ချားစေသည်"[၄]

(ပွဲသွားကြည့်မယ်)

"မှောင်ကြီးမည်းမည်းတွင် သိမ်အိုကြီးသည် ခပ်စောင်းစောင်း ရပ်လျက်။ ကြယ်ရောင် ဖျော့ဖျော့တွင် ချောက်ချားဖွယ်ပင် ကောင်းသည်။"[၅]

(ပွဲသွားကြည့်မယ်)

အထက်ပါ ဝါကျများ၏ နာမ်စကားလုံးများကို လေ့လာပါက "မျက်နှာ၊ ချွေးစက်၊ နှုတ်ခမ်း၊ စကား၊ အလှူ၊ ကုသိုလ်၊ အမှတ်တရ၊ ကျောင်းသား၊ ဘဝ၊ စာမူ၊ ကုန်းဇောင်း၊ လမ်း၊ ထနောင်းပင်၊ ခွက်၊ ဆိုင်၊ ဘောဂချောင်၊ တေးသံရှင်၊ သာဒ္ဒန်း၊ သဘောထား၊ ပညာ၊ ကော်ဖီမှုန့်၊ ဂုဏ်သိက္ခာ၊ အခြေအနေ၊ သန်းညွှန့်" စသည် တို့သည် အနက်ပြစကားလုံးများ ဖြစ်သည်။ တစ်ဦးဆိုင်နာမ်အနေဖြင့် "ကုန်းဇောင်း၊

[၁] နေဝင်းမြင့်၊ ၂၀၁၁၊ ၁၄၆။
[၂] နေဝင်းမြင့်၊ ၂၀၁၁၊ ၂၇။
[၃] နေဝင်းမြင့်၊ ၂၀၁၁၊ ၂၇။
[၄] နေဝင်းမြင့်၊ ၂၀၁၁၊ ၁၂၉။
[၅] နေဝင်းမြင့်၊ ၂၀၁၁၊ ၁၂၆။

သာဒွန်း၊ သန်းညွန့်" တို့ကိုလည်းကောင်း၊ အများဆိုင်နာမ်အနေဖြင့် "မျက်နှာ၊ ချွေးစက်၊ နှုတ်ခမ်း၊ အလှူ၊ စာမူ၊ လမ်း၊ ထနောင်းပင်၊ ခွက်၊ ဆိုင်၊ ဘောဂချောင်၊ တေးသံရှင်၊ ကော်ဖီမှုန့်" တို့ကိုလည်းကောင်း၊ စိတ္တဇနာမ်အနေဖြင့် "စကား၊ ကုသိုလ်၊ အမှတ်တရ၊ ဘဝ၊ သဘောထား၊ ပညာ၊ ဂုဏ်သိက္ခာ၊ အခြေအနေ" တို့ကို လည်းကောင်း တွေ့ရသည်။ ကြိယာစကားလုံးများကို လေ့လာသည့်အခါ "ထ၊ ပြော၊ ယူ၊ ဝိုင်းဝန်း၊ ကူညီ၊ ပုံနှိပ်၊ ဖော်ပြ၊ ထူးဆန်း၊ ခေါ်၊ လုပ၊ ပြည့်၊ ခက်၊ ဖြတ်သန်း၊ တိုက်ခိုက်၊ ချောက်ချား၊ စောင်း၊ ရပ်" စသည့် အနက်ပြစကားလုံးများကို တွေ့ရ သည်။ ထိုကြိယာစကားလုံးများတွင် "ထ၊ ပြော၊ ယူ၊ ခေါ်၊ စောင်း၊ ရပ်" တို့သည် လုံးချင်းကြိယာအသုံးများ ဖြစ်၍ "ဝိုင်းဝန်း၊ ကူညီ၊ ပုံနှိပ်၊ ဖော်ပြ၊ ထူးဆန်း၊ လုပ၊ ဖြတ်သန်း၊ တိုက်ခိုက်၊ ချောက်ချား" တို့သည် လုံးတွဲကြိယာများ ဖြစ်ကြသည်။ ယင်းတို့ အနက် "ထ၊ ပြော၊ ယူ၊ ခေါ်၊ စောင်း၊ ရပ်၊ ဝိုင်းဝန်း၊ ကူညီ၊ ပုံနှိပ်၊ ဖော်ပြ၊ ဖြတ်သန်း၊ တိုက်ခိုက်" တို့သည် ပြုခြင်းပြကြိယာ ဖြစ်၍ "ထူးဆန်း၊ ပြည့်၊ လုပ၊ ခက်၊ ချောက်ချား" တို့သည် ဖြစ်ခြင်းပြကြိယာများ ဖြစ်ကြပါသည်။ စာရေးဆရာ နေဝင်းမြင့်သည် အပြောစကားဟန်ဖြင့် စာရေးသားသည်ဟု ဆိုနိုင်သည်။ ဤအသုံးပြု စကားလုံးများဖြစ်သော "မှာ၊ လို့၊ က၊ တဲ့၊ တော့၊ တောင်၊ မှ၊ ပေါ့လေ၊ ပဲ၊ ရင်၊ မျိုး" ဟူသော အသုံးများအရ သိနိုင်သည်။ "လို့၊ တဲ့၊ တော့၊ တောင်၊ ပေါ့လေ၊ ပဲ၊ ရင်၊ မျိုး" စသည်တို့သည် အပြောသုံးစကားများ ဖြစ်သည်။ "မှာ၊ က၊ မှ" တို့သည် အရေးသုံးစကားများ ဖြစ်သည်။ ထို့ကြောင့် အသုံးပြုစကားလုံးများကို စိစစ်ကြည့်ခြင်း အားဖြင့် နေဝင်းမြင့်၏ ဘာသာစကားသုံးဟန်သည် အပြောသုံးဟန်ဖြစ်ကြောင်း သိနိုင်ပါသည်။

နေဝင်းမြင့်သည် အနက်ပြစကားလုံးနှင့် အသုံးပြုစကားလုံးများကို ဆီလျော်စွာ တွဲစပ် သုံးနှုန်းတတ်သူဖြစ်ကြောင်း တွေ့ရသည်။ အနက်ပြစကားလုံးများကို ပေါ်လွင် စေသော အသုံးပြုစကားလုံးများကို အပြောဟန်ဖြင့် သုံး၍ ရေးသားလေ့ ရှိပါသည်။

## ၃၊၁၊၂။ အကောင်အထည်ပြစကားလုံးနှင့်သဘောပြစကားလုံး

"အကောင်အထည်ပြစကားလုံး" ဟူသည် အကောင်အထည် ပုံပန်းသဏ္ဌာန် အရောင်အသွေး အရွယ်ပမာဏ စသည်တို့ကို ပုံဖော်သော စကားလုံးများကို ခေါ်ပါ သည်။ "သဘောပြစကားလုံး" ဟူသည် ဒြပ်မဲ့သဘောများ၊ အခြေအနေများ၊ ခံစားချက်များ စသည်ဖြင့် အကောင်အထည် မရှိသော သဘောများကို ရည်ညွှန်း ဖော်ပြသော စကားလုံးများကို ခေါ်ပါသည်။ ထိုသို့ အကောင်အထည်ပြစကားလုံး

များနှင့် သဘောပြစကားလုံးများဖြင့် ဖန်တီးရေးသားသည့်အခါ အကြောင်းအရာ၊ အဖြစ်အပျက် မြင်ကွင်းတို့သည် ပုံရိပ်ထင်၍ မြင်သာလာကြောင်း သိရှိရသည်။[၁]

စာရေးသူတို့သည် မိမိတို့ ဖော်ပြရေးသားလိုသော အကြောင်းအရာကို စကားလုံးများဖြင့် စာဖွဲ့ကြရာတွင် ခံစားမှုကို အသက်ဝင်အောင် ရေးဖွဲ့ရာ၌လည်းကောင်း၊ အတွေးပုံရိပ်ကို မြင်သာအောင် ပုံဖော်ရာ၌လည်းကောင်း အကောင်အထည်ပြစကားလုံးများနှင့် သဘောပြစကားလုံးများကို လိုက်ဖက်ရာ ယှဉ်တွဲသရုပ်ဖော် ရေးသားလေ့ ရှိကြပါသည်။ ဤတွင် နေဝင်းမြင့်၏ စကားလုံးသုံးနှုန်းဟန်များကို စိစစ်၍ အကောင်အထည်ပြစကားလုံးများနှင့် သဘောပြစကားလုံးများကို လေ့လာတင်ပြမည် ဖြစ်ပါသည်။

> "မိဘက သားသမီးကို ခြံဝန်းထဲက မထွက်စေဘဲ အဖီကလေး
> ချနေစေခြင်းသည်ပင် မေတ္တာအိမ် ဆောက်ပေးခြင်း ဖြစ်သည်"[၂]
>
> (အိမ်ကလေး ၁)

အထက်ဖော်ပြပါဝါကျသည် မိဘတို့၏ မေတ္တာတရားနှင့် မြန်မာ့ဓလေ့တစ်ခုကို ဖော်ပြထားခြင်း ဖြစ်သည်။ "မိဘ၊ သားသမီး၊ ခြံဝန်း၊ အဖီ၊ အိမ်" တို့သည် အကောင်အထည်ပြစကားလုံးများ ဖြစ်ကြ၍ "မေတ္တာ"သည် သဘောပြစကားလုံးများ ဖြစ်ကြပါသည်။ စာရေးသူသည် "မေတ္တာအိမ်" ဟူ၍ နာမ်နှစ်ခု ပေါင်းထားသည့် ပေါင်းစပ်နာမ်ကို အသုံးပြုထားပါသည်။ "မေတ္တာ" ဟူသည့် သဘောပြစကားလုံးတို့၏ အနက်အဓိပ္ပာယ်ကို မြင်သာလာစေရန် "အိမ်" ဟူသော တိုင်းဆနှိုင်းပြရန် ပမာဏထုထည်ခန့်မှန်းနိုင်သော အကောင်အထည်ပြစကားလုံးနှင့် ယှဉ်တွဲသုံးနှုန်းထားပါသည်။ မိဘတို့၏ မေတ္တာတရား ကြီးမားခိုင်ခံ့မှု၊ အေးမြသော ခိုလှုံရာ အရိပ်အာဝါသဖြစ်မှုတို့ကို ပိုမိုထင်ရှားလာစေပါသည်။ ထို့ကြောင့် အကောင်အထည်ပြစကားလုံးသီးသန့် သုံးခြင်းထက် သဘောပြစကားလုံးများနှင့် ယှဉ်တွဲသုံးနှုန်းခြင်းက စာဟန်ကို ပို၍ လေးနက်ပီပြင်လာစေပါသည်။

> "မြစ်လေတသွေးသွေးထဲမှာ ရေငွေ့တွေ ပါသည်။ စစ်ကိုင်းမင်းဝံ
> တောင်တန်းကိုဖြတ်၊ ဧရာဝတီမြစ်ပြင်ကို ကျော်လာသည့်လေက

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၆၇။

[၂] နေဝင်းမြင့်၊ ၂၀၀၉၊ ၈။

ကျွန်တော်တို့ အခန်းထဲမှာ စွန့်ကြဲခြင်း၊ ဖြောင့်မတ်ခြင်း၊ မညှင်းဆဲခြင်း အားဖြင့် ဝန်းဝန်း စေ့စေ့ ရှိနေတတ်သည်။"[၁]

(အိမ်ကလေး ၁၀)

အထက်ပါဝါကျတွင် အကောင်အထည်ပြစကားလုံးနှင့် သဘောပြစကားလုံးတို့ကို တွဲဖက် သုံးနှုန်းထားဟန်ရှိကြောင်း တွေ့ရသည်။ ဧရာဝတီမြစ်ပြင်၏ မြင်ကွင်းသရုပ်ကို "မြစ်လေ၊ ရေငွေ့၊ စစ်ကိုင်း မင်းဝံတောင်တန်း၊ ဧရာဝတီမြစ်ပြင်၊ အခန်း" ဟူသော အကောင်အထည်ပြ နာမ်စကားလုံးများဖြင့် ဖော်ပြထားသည်။ ထိုနာမ်စကားလုံးကို ပေါ်လွင်စေရန် "ဖြတ်၊ ကျော်"ဟု လှုပ်ရှားမှုပါသည့် အကောင်အထည်ပြကြိယာ စကားလုံးများဖြင့် သုံးနှုန်းကာ မြစ်လေ၏ တိုက်ခတ်လာသည့် ပုံစံကို မြင်ယောင်လာစေသည်။ ထို့ပြင်မှမက "စွန့်ကြဲခြင်း၊ ဖြောင့်မတ်ခြင်း၊ မညှင်းဆဲခြင်း" ဟူသော သဘောပြစကားလုံးများကို "ဝန်းဝန်းစေ့စေ့ ရှိနေတတ်သည်"ဟူသော အကောင်အထည်ပြ စကားလုံးများဖြင့် အဆုံးသတ် ဖော်ပြထားခြင်းကြောင့် မြစ်လေ၏ အေးမြငြိမ်းချမ်းစွာ တိုက်ခတ်နေသော ခံစားမှုကို ပိုမိုထင်ရှားလာစေပါသည်။

"ရွှံ့နွံ့တို့ဖြင့် လိမ်းကျံသော ကမ်းရိုးတန်းသည် မှုန်မှေးသော ဆည်းဆာ၏အောက်ဝယ် လွမ်းမောဖွယ်ရာ လဲလျောင်းလျက်ရှိသည်။ ဧရာဝတီမြစ်ရေသည် ညိုညစ်ညစ် အရောင်ကို ဆိုးလျက်။ ပျောင်းနွဲ့သော အပျိုမသို့ ရှိသည်။ လတ်ဆတ်သော မြစ်ဝကျွန်းပေါ်လေကား ညင်းနွဲ့နွဲ့"[၂]

(ရွှေချိုင့်စံပိုကျွန်းက နေယွန်းလျှင် ပြန်ခဲ့ပါ)

ဧရာဝတီမြစ်ပြင်နှင့် ကမ်းရိုးတန်းအလှတို့ကို တင်ပြရေးသားထားခြင်းဖြစ်သည်။ မြစ်ရေပြင်နှင့် ကမ်းရိုးတန်း၏ သဏ္ဍာန်နှင့်အလှတို့ကို "လိမ်းကျံ၊ လဲလျောင်း၊ မှုန်မှေး၊ ပျောင်းနွဲ့၊ ညင်းနွဲ့နွဲ့" စသည်ဖြင့် အကောင်အထည်ကို ရည်ညွှန်းဖော်ပြသော စကားလုံးများဖြင့် ဖော်ပြထားသည်။ ထိုစကားလုံးများကြောင့် "ကမ်းရိုးတန်း၊ ဆည်းဆာ၊ မြစ်ရေနှင့်လေ" တို့၏ တည်ရှိနေမှုအသွင်၊ မြင်ကွင်းနှင့် အာရုံခံစားမှုသဘောတို့ကို သက်ဝင်သွားစေသည်။ စာရေးသူ၏ အကောင်အထည်ပြ စကားလုံးများ ပိုင်နိုင်ကျွမ်းကျင်စွာ သုံးနှုန်းနိုင်စွမ်း ကောင်းမွန်မှုကြောင့် မြင်ကွင်း သရုပ်ကို နှစ်သက်ဖွယ် တွေ့ရပါသည်။

[၁] နေဝင်းမြင့်၊ ၂၀၀၉၊ ၁၁၀။

[၂] နေဝင်းမြင့်၊ ၂၀၁၃၊ ၁၅၈။

စာရေးဆရာ နေဝင်းမြင့်၏ဟန်ကို လေ့လာရာတွင် အကောင်အထည်ပြ စကားလုံးနှင့် သဘောပြစကားလုံးတို့ကို တစ်လုံးချင်းစီ သီးသန့် သုံးနှုန်းခြင်းထက် ယှဉ်တွဲသုံးနှုန်းတတ်ခြင်း၊ တင်စားခြင်းတို့ဖြင့် ဖော်ကျူးတင်ပြထားသည်ကို တွေ့ရသည်။ စာဟန်သည် အပြောသုံးစကား ဖြစ်စေကာမူ ခန့်ညားလေးနက်ပြီး ရှင်းလင်းပြေပြစ်စွာ သုံးနှုန်းတတ်သည့် စကားအသုံးအနှုန်းဟန်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## **၃၊၁၊၃။ လှုပ်ရှားမှုပြစကားလုံးနှင့် ဖြစ်ရပ်အခြေအနေပြစကားလုံး**

စကားလုံးများဖြင့် ရည်ညွှန်းဖော်ပြသော အကောင်အထည်များမှာ အချို့က လှုပ်ရှားနေသည်။ အချို့က မလှုပ်ရှားသော အခြေအနေတစ်ခုခုအဖြစ် တည်ရှိနေသည်။ လှုပ်ရှားသော အကောင်အထည်များတွင် အချို့က သွက်သွက်မြန်မြန် လှုပ်ရှားသည်။ အချို့က ဖြေးဖြေးနှေးနှေး လှုပ်ရှားသည်။ ထိုသဘောကို အခြေပြု၍ ရည်ညွှန်းသော စကားလုံးများကိုလည်း လှုပ်ရှားမှုပြစကားလုံးနှင့် ဖြစ်ရပ်အခြေအနေပြစကားလုံးဟူ၍ ခွဲခြားနိုင်သည်။[၁]

ထို့ကြောင့် ဇာတ်ဆောင်တို့၏ လှုပ်ရှားမှု ဖြစ်ရပ်အခြေအနေကို တင်ပြရာ၌လည်းကောင်း၊ ကာလဒေသဝန်းကျင်ကို သရုပ်ဖော်ရာ၌လည်းကောင်း၊ လှုပ်ရှားမှုပြစကားလုံးများနှင့် ဖြစ်ရပ်အခြေအနေပြစကားလုံးများအဖြစ် အသက်သွင်းပုံဖော်ကြပါသည်။

အိမ်ကလေး ၁ ဝတ္ထုတွင် ဇာတ်ဆောင် မလုံးတို့ နေထိုင်ရာ တဲစုကလေးများ မြင်ကွင်းကို–

> "ကျွန်တော်တို့ တိုက်ခန်းပေါ်က သူတို့ရဲ့ တဲကလေးတွေကို ရသလောက် လှမ်းမျှော်ကြည့်တတ်သည်။ အခန်းထဲ လူဝင်နေသလား။ တဲအချင်းချင်း အကူးအသန်း လုပ်နေကြသလား။ သူ့ယောကျ်ားလေး ဒါမှမဟုတ် အိမ်ကဟာကကော ဘာလုပ်နေသလဲ။ နွားတွေ နေပူနေသလား။ ဘယ်သူတွေ ဘူးညွှန့်ဆိတ်နေသလဲ။"[၂]
>
> (အိမ်ကလေး ၁)

---

[၁] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၁၁၊ ၇၂။

[၂] နေဝင်းမြင့်၊ ၂၀၀၉၊ ၅။

ဟူ၍ အသေးစိတ် သရုပ်ဖော်ရေးသားထားသည်။ မလုံး၏အကြည့်ကို သရုပ်ဖော်ရာ၌ “ကြည့်”ဟု တစ်လုံးတည်းသုံးလျှင် ရိုးရှင်းလွန်းသည့် အာရုံထင်ဟပ်မှုကို ဖော်ပြသော ကြိယာဖြစ်သဖြင့် “လှမ်းမျှော်” ဟူသော လှုပ်ရှားမှု အမူအရာဖြင့် တွဲဖက်ကာ “လှမ်းမျှော်ကြည့်”ဟု ကြိယာ သုံးလုံးကို ယှဉ်တွဲသုံးနှုန်းထားသောကြောင့် ကြည့်ရှုသည့်အသွင်ကို ပို၍အားကောင်းသွားစေပါသည်။ ထို့နောက် “ဝင်၊ အကူးအသန်းလုပ်” ဟူသော လှုပ်ရှားမှုပြစကားလုံးများ သုံးနှုန်းကာ တဲကလေးမှ လူတစ်စုနှင့် လှုပ်ရှားမှုဖြစ်ရပ်ကို ပုံဖော်ပြထားသည်။ ထိုမျှမက “နေပူနေသလား” ဟူသော အထိအတွေ့အာရုံပြစကားလုံးများဖြင့်လည်းကောင်း၊ “ဘူးညွှန့်ဆိတ်နေသလဲ”ဟူသော အပြုအမူပြစကားလုံးဖြင့်လည်းကောင်း ဖြစ်ရပ်အခြေအနေ အသီးသီးကို ပြသထားသည်။

လှုပ်ရှားမှုပြစကားလုံးနှင့် ဖြစ်ရပ်အခြေအနေပြစကားလုံးတို့ကို သူ့နေရာနှင့်သူ ဆီလျော်ရာရာ သုံးနှုန်းပြထားသဖြင့် မြင်ကွင်းကို ပိုမိုထင်ရှားလာစေကြောင်း လေ့လာတွေ့ရှိရပါသည်။

> “အိမ်ကလေး ၇ ဝတ္ထုတွင် ဇာတ်ဆောင်များ၏ ဟင်းချက်ပြုတ်ပုံအဆင့်ဆင့်ကို– “ပါလာသည့်ဆန်ထုပ်ကို အောင်သိန်း ဒယ်အိုးထဲထည့်၊ မမျိုး ကျောက်စည်ပိုင်းက ရေနှင့်ခပ်ဆေး၊ ထမင်းအိုးတည်။ ကျက်တော့ မထွေး ဆန်ကော ဆန်ခါထဲ ခဏထည့်ပြီးတော့ အောင်ငြိမ်း ဒယ်အိုး ခဏအားပြီဆိုတော့ လစ်ပိုပုလင်းထဲက ဆီကိုဖောက်သွန်၊ ဆီကလေးပွက်တော့ ဆီကလေးသတ်၊ မစိုး၏ ယောက်မနှင့် မွှေ။ သည်အချိန်မှာ မိသားစုက မစိုး၏ လင်ပန်းထဲ ခွဲစရာရှိခွဲ၊ သင်စရာ ဖျင်စရာရှိတာ သင်နှင့် ဖျင်နှင့်”[၁]
>
> (အိမ်ကလေး ၉)

ဟူ၍ ရေးသားထားသည်။ ဤတွင် “ဒယ်အိုးထဲထည့်၊ ရေနှင့် ခပ်ဆေး၊ ဆန်ခါထဲ ခဏထည့်၊ ဆီကိုဖောက်သွန်၊ ယောက်မနှင့်မွှေ၊ ခွဲစရာရှိတာခွဲ၊ သင်နှင့် ဖျင်နှင့်” စသည့် လှုပ်ရှားမှုပြစကားလုံးများကို တစ်ဆက်တည်းသုံးနှုန်းထားသည်။ ရိုးရှင်းသော အကြောင်းအရာ ဖြစ်သော်လည်း လှုပ်ရှားမှုပြစကားလုံး အားကောင်းစွာ သုံးနှုန်းထားခြင်းကြောင့် စာဟန်မှာ သွက်လက်လာပြီး ချက်ပြုတ်ပုံအဆင့်ဆင့်ကို အသက်ဝင်ထင်ရှားလာစေပါသည်။

---

[၁] နေဝင်းမြင့်၊ ၂၀၀၉၊ ၇၂။

သဘာဝဝန်းကျင်ကို ပုံဖော်ရာ၌–

"ပြာစင်သော မိုးကောင်းကင်ထက်သို့ ဖြောင့်တန်းစွာ ထိုးထွက်နေသော လက်ပံပင်အို မြင်နေရသည်။ ကိုင်းများက အရပ်ရှစ်မျက်နှာသို့ ချောက်ချားဖွယ် ဆင့်တန်းလျက်။ ကြီးမားသော ပါးပျဉ်းမြစ်ဆုံများက ကြက်သီးထဖွယ် ထင်ရသည်"[၁]

(ပွဲသွားကြည့်မယ်)

ဟု ရေးသားထားသည်။ လက်ပံပင်အို၏ အပင်နှင့်အကိုင်း၏ ပုံသဏ္ဍာန်ကို "ဖြောင့်တန်း" ၊ "ဆန့်တန်း" ဟု ပုံသဏ္ဍာန်ကို ဖော်ပြသော ကြိယာစကားလုံးများဖြင့် ပုံဖော်ထားသည်။ "ဖြောင့်"၊ "ဆန့်" ဟု တစ်လုံးတည်း သုံးခြင်းထက် ထိုကြိယာစကားလုံးများနှင့် အဓိပ္ပာယ်တူဖြစ်သော "တန်း" ဟူသော စကားလုံးဖြင့် ယှဉ်တွဲသုံးနှုန်းလိုက်သည့်အခါ မြင်ကွင်းသရုပ်ကို ပို၍ အားကောင်းသွားစေသည်။ ထို့ပြင် "ကြက်သီးထဖွယ်" ဟု ခံစားမှုပါသော စကားလုံးကြောင့် ဖြစ်ရပ်အခြေအနေကို ပိုမိုအသက်ဝင်စေသည်။ လက်ပံပင်အို၏ ကြောက်မက်ဖွယ်ကောင်းသော သဏ္ဍာန်သရုပ်ကို ပီပြင်စေသော စကားအသုံးအနှုန်းဟန်ဟု ဆိုနိုင်ပါသည်။

"အတောင်ကျွတ်ငှက်" ဝတ္ထုတိုတွင်လည်း မေစီ၏ ဝေဒနာခံစားရမှုကို–

"တစ်ကိုယ်လုံး လောင်မြိုက်ကျွမ်းချစ်နေသည်။ အပူရှိန်ကြောင့် ရေငတ်နေသည်။ လည်ချောင်းရိုးတို့ တစ်စစီ ကျိုးပွဲ့ငေါ်ထွက်နေပြီဟု ထင်ရသည်။ လည်မျိုပြွန်ဝအတွင်းသို့ တံထွေးပင် ဝင်၍ မရချင်တော့။ လည်မျိုတစ်ခုလုံး ထက်မြသော ဓားပါးပါးကလေးဖြင့် မွန်းထားသလို အက်ကြောင်းရာ မွမွထနေပြီး တံထွေး တဖြည်းဖြည်းချင်း မျိုကြည့်သည်။ ထိထိခိုက်ခိုက် နာကျင်သွားသည်။ ရင်ထဲမှာ မောဟိုက်နေသည်မှာလည်း ပြောစရာပင် မရှိတော့။"

(အတောင်ကျွတ်ငှက်)

"လောင်မြိုက်ကျွမ်းချစ်၊ ကျိုးပွဲ့ငေါ်ထွက်၊ ထိထိခိုက်ခိုက် နာကျင်မောဟိုက်" စသည့် လုံးတွဲကြိယာအသုံးများကို ယှဉ်တွဲသုံးနှုန်းသည့်ဟန်ကို တွေ့ရသည်။ ခံစားမှုဝေဒနာကို ကြိယာစကားလုံးများ တွဲ၍ သုံးခြင်းဖြင့် ဝေဒနာခံစားနေရမှု ဖြစ်ရပ်အခြေအနေကို အားကောင်းသွားစေသည်။

---

[၁] နေဝင်းမြင့်၊ ၂၀၁၃၊ ၁၃၇။

နေဝင်းမြင့်၏ လှုပ်ရှားမှုပြစကားလုံးနှင့် ဖြစ်ရပ်အခြေအနေပြစကားလုံးတို့ကို လေ့လာကြည့်သည့်အခါ ကြိယာစကားလုံးများကို တစ်လုံးတည်း သုံးနှုန်းခြင်းထက် လုံးတွဲကြိယာများ၊ ကြိယာအထူးပြုများ၊ ကြိယာထောက်များဖြင့် သုံးနှုန်းထားကြောင်း တွေ့ရသည်။

"ကျောက်စားပွဲပေါ်မှာ ဆန့်ဆန့်လျားလျား ငြိမ်သက်နေသော သူမခန္ဓာကိုယ်ကိုတော့ သူမတွေ့နေရသည် အမှန်။"[၁]

(အတောင်ကျွတ်ငှက်)

"မိုးသက်လေတော့ စိမ့်စိမ့်ကလေး တိုက်နေသည်"[၂]

(ဗျိုင်းမည်း)

"ကွင်းပြင် ကျယ်ကျယ်ကြီးထဲက ကုပ်ချိချိ လေးတိုင်စင် တဲကလေးတစ်လုံးကို မြင်နေရသည်။"[၃]

(အတောင်ကျွတ်ငှက်)

"မည်းနက်ပြောင်ချောနေသော ကျောပြင်မှ ချွေးစီးကြောင်း များသည် မြစ်များ၊ ချောင်းများသဖွယ် စီးဆင်းနေဆဲ"[၄]

(ငှက်ဆိုး)

"ညသည် မှောင်မည်း ပိန်းပိတ်နေသည်။"[၅]

(ပွဲသွားကြည့်မယ်)

"ကြမ်းခြောက်ခြောက် နီကြင်ကြင် ဆံစတွေကို လေတဖျပ်ဖျပ် ထိုးနေသည်။"[၆]

(နေရာ)

အထက်ပါဝါကျများတွင် "တွေ့နေရသည်၊ တိုက်နေသည်၊ မြင်နေရသည်၊ စီးဆင်းနေဆဲ၊ ပိန်းပိတ်နေသည်" ဟူသော ကြိယာထောက်အသုံးများ၊ "ဆန့်ဆန့်

---

[၁] နေဝင်းမြင့်၊ ၂၀၀၉၊ ၃၉။
[၂] နေဝင်းမြင့်၊ ၂၀၁၃၊ ၁၅။
[၃] နေဝင်းမြင့်၊ ၂၀၀၉၊ ၃၆။
[၄] နေဝင်းမြင့်၊ ၂၀၁၃၊ ၁၂၆။
[၅] နေဝင်းမြင့်၊ ၂၀၁၃၊ ၁၅။
[၆] နေဝင်းမြင့်၊ ၂၀၁၀၊ ၁၈၆။

လျားလျားငြိမ်သက်၊ စိမ့်စိမ့်ကလေး၊ ကုပ်ချိချိ၊ ကြမ်းခြောက်ခြောက်” ဟူသော လှုပ်ရှားမှု၊ ခံစားမှု၊ အမူအရာတို့ကို သုံးနှုန်းသည့်အခါ ကြိယာစကားလုံးများကို နှစ်ကြိမ်ထပ်သုံးစွဲခြင်း ရွေးချယ်သုံးနှုန်းလေ့ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နေဝင်းမြင့်သည် ကြိယာစကားလုံးများကို သုံးနှုန်းရာ၌ လှုပ်ရှားမှုနှင့် ဖြစ်ရပ် အခြေအနေတို့ကို မြင်ယောင်လာစေအောင် လုံးတွဲကြိယာများ၊ ကြိယာ အထူးပြုများဖြင့် သုံးနှုန်း ရေးသားတတ်သူဖြစ်ကြောင်းလည်း တွေ့ရသည်။

“ရင်တွေတုန်ကာ လှိုက်မောလာသည်”[၁]

(နေရာ)

“မျက်နှာကို အေးမြစေသော လေတွေ တိုးထိနေသည်။”[၂]

(နေရာ)

“သူ့စိတ်အစဉ်သည် တံတိုင်းဖြူဖြူ၏ ဟိုမှာဘက်တွင် ပြေးလွှား နေသည်။”[၃]

(ပွဲသွားကြည့်မယ်)

“အမေ၏ ပိန်သွယ်သော လက်ချောင်းများက အာရုံကြောများ ပြတ်တောက်နေဟန်”[၄]

(တန်းလျား)

“အဝေးမှာ ဖဲကြိုးစတစ်ချောင်းလို တွန့်လိမ်ခွေခေါက်နေသော ရေစီးကြောင်း ....”[၅]

(နေရာ)

“အတက်တုန်းက တွန်းထိုးလုယက်ရောင်းသော သူကလေးတွေ ပြန်ဆင်းလာတော့ ....”[၆]

(နေရာ)

---

[၁] နေဝင်းမြင့်၊ ၂၀၁၀၊ ၂၈၁။
[၂] နေဝင်းမြင့်၊ ၂၀၁၀၊ ၂၈၁။
[၃] နေဝင်းမြင့်၊ ၂၀၁၃၊ ၁၂၆။
[၄] နေဝင်းမြင့်၊ ၂၀၁၃၊ ၈၇။
[၅] နေဝင်းမြင့်၊ ၂၀၁၀၊ ၂၈၇။
[၆] နေဝင်းမြင့်၊ ၂၀၁၀၊ ၂၈၇။

"လမ်းသည် အကောက်အကွေ့မဲ့ ဖြောင့်တန်းရှင်းလင်းနေသည်။"[၁]

(နေရာ)

"မြင်ကွင်း၏ အနားသတ်မျဉ်းကြောင်းသည် မြူထဲမှာ တိုးနစ်မြုပ်ကွယ်နေသည်"[၂]

(နေရာ)

"လည်ချောင်းရိုးတို့ တစ်စစီ ကျိုးပဲ့ငေါထွက်နေပြီဟု ထင်ရသည်။"[၃]

(အတောင်ကျွတ်ငှက်)

အထက်ပါဖော်ပြပါ စာသားများကို လေ့လာကြည့်သောအခါ "လိုက်မော၊ တိုးထိ၊ ပြေးလွှား၊ ပြတ်တောက်" စသည့် ကြိယာ နှစ်လုံးတွဲ စကားလုံးများ၊ "တွန့်လိမ်ခွေခေါက်၊ တွန်းထိုးလုယက်၊ ဖြောင့်တန်းရှင်းလင်း၊ တိုးနစ်မြုပ်ကွယ်၊ ကျိုးပဲ့ငေါထွက်" ဟူသော ကြိယာ လေးလုံးတွဲ စကားလုံးများကို တွေ့ရသည်။ နေဝင်းမြင့်သည် လှုပ်ရှားမှုပြ စကားလုံးနှင့် ဖြစ်ရပ်အခြေအနေပြ စကားလုံးတို့ကို လုံးချင်းကြိယာအသုံးများထက် လုံးတွဲကြိယာများဖြင့် ပုံပေါ်အောင် ရွေးချယ်သုံးနှုန်းဟန်ရှိကြောင်း တွေ့ရသည်။ လုံးတွဲကြိယာသုံးနှုန်းရာ၌ ကြိယာနှစ်လုံးတွဲ သုံးနှုန်းတတ်ရုံသာမက ကြိယာများကို လေးလုံးအထိ ယှဉ်တွဲသုံးနှုန်းတတ်သူ ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် "နေဝင်းမြင့် ဝတ္ထုတိုများမှ စကားအသုံးအနှုန်းဟန်"ကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤတွင် စာရေးဆရာနေဝင်းမြင့်၏ ဝတ္ထုတိုများဖြစ်သော "အိမ်ကလေး ၁၆ လုံး"၊ "ဆယ့်နှစ်ကြိုးဝတ္ထုတိုများ"၊ "ရေသွန်မြစ်ဝတ္ထုတိုများ"၊ "ပုစဉ်းရင်ကွဲဝတ္ထုတို စုစည်းမှု" နှင့် "ဗျိုင်းမည်းနှင့် အခြားဝတ္ထုတိုများ" စသည့် ဝတ္ထုတို (၅)အုပ်မှ ဝတ္ထုတိုများကို အလေ့လာခံအဖြစ် သတ်မှတ်၍ ပြုစုတင်ပြထားပါသည်။

ဘာသာစကားဟန်ဖြစ်သော အမျိုးအစားအရ စကားအသုံးအနှုန်းဟန်များကို သုတေသနပြုရာတွင် အလေ့လာခံဝတ္ထုတိုများမှ ထုတ်နုတ်စိစစ်၍ ခွဲခြားပြုစုထားပါသည်။ ဤသို့ပြုစုရာတွင် အနက်ပြစကားလုံးနှင့် အသုံးပြစကားလုံးများ၊ အကောင်

[၁] နေဝင်းမြင့်၊ ၂၀၁၀၊ ၂၈၉။
[၂] နေဝင်းမြင့်၊ ၂၀၁၀၊ ၂၈၀။
[၃] နေဝင်းမြင့်၊ ၂၀၀၉၊ ၃၂။

အထည်ပြနှင့် သဘောပြစကားလုံးများ၊ လှုပ်ရှားမှုပြစကားလုံးနှင့် ဖြစ်ရပ်အခြေအနေပြ စကားလုံးများတို့ကိုလည်း ဝတ္ထုပါစာသား အကိုးအကားများဖြင့် ထုတ်နုတ်ရှင်းလင်း တင်ပြထားပါသည်။

အလေ့လာခံဝတ္ထုတိုများမှတစ်ဆင့် လေ့လာသိရှိခွင့်ရသော စကားအသုံးအနှုန်း များကို စိစစ်ကြည့်သောအခါ စာရေးဆရာနေဝင်းမြင့်၏ ဘာသာစကား အသုံးအနှုန်းဟန် ပီပြင်ကောင်းမွန်ကြောင်း တွေ့ရပါသည်။ စာရေးဆရာနေဝင်းမြင့်သည် မိမိရေးဖွဲ့သော ဝတ္ထုတိုများ၏ ဇာတ်လမ်းကို သရုပ်ဖော်ရာတွင်လည်းကောင်း၊ ဇာတ်ဆောင်တို့၏ စရိုက်သဘာဝကို သရုပ်ဖော်ရာတွင်လည်းကောင်း၊ အံဝင်ခွင်ကျရှိမည့် စကား အသုံး အနှုန်းဟန်များကို ဆီလျော်လိုက်ဖက်အောင် ရွေးချယ်တင်ပြတတ်သူဖြစ်ကြောင်း တွေ့ရပါသည်။ ဤတွင် အနက်ပြစကားလုံးနှင့် အသုံးပြစကားလုံးတို့ကို မှန်ကန် လိုက်ဖက်အောင် သုံးနှုန်းတင်ပြတတ်မှုကြောင့် စာရေးဆရာ၏ ရည်ရွယ်ချက်ကို ပုံပေါ်အောင် အသက်သွင်း ရေးဖွဲ့နိုင်စွမ်းရှိသည်ကို တွေ့ရပါသည်။ တစ်ဖန် စာရေးဆရာ တင်ပြလိုသော သဘောထား ကောက်နုတ်ချက်တို့ကို စာဖတ်သူ လက်ခံ သဘောတူလာအောင် အကောင်အထည်ပြစကားလုံးနှင့် သဘောပြစကားတို့ဖြင့် ရေးသားထားသော ဟန်တို့ကို တွေ့ရပါသည်။ ထို့ပြင် လှုပ်ရှားမှုပြစကားလုံးနှင့် ဖြစ်ရပ်အခြေအနေပြ စကားလုံးတို့ကို ရွေးချယ်သုံးနှုန်းတင်ပြခြင်းကြောင့် စာဟန် သွက်လက်ပြီး ဇာတ်လမ်းနှင့် ဇာတ်ဆောင်တို့ကို စိတ်ဝင်စားမှုဖြစ်စေကြောင်း တွေ့ရသည်။

ဤစာတမ်းတွင် တွေ့ရှိရသော စကားအသုံးအနှုန်းကောင်းများကို ထုတ်နုတ်၍ စာရေးဆရာနေဝင်းမြင့်၏ ဘာသာစကားဟန်ကို စိစစ်တင်ပြထားပါသည်။ ထိုစကား အသုံးအနှုန်းဟန်များကပင် စာရေးဆရာနေဝင်းမြင့်သည် ဘာသာစကား အသုံးပြုဟန်၊ ရွေးချယ်သုံးနှုန်းဟန် ပိုင်နိုင်ကောင်းမွန်သူဖြစ်ကြောင်း ဖော်ပြနေပါသည်။

## နိဂုံး

ဤစာတမ်းသည် စာရေးဆရာနေဝင်းမြင့်၏ ဝတ္ထုတိုများမှ စကားအသုံးအနှုန်း ဟန်ကို လေ့လာပြုစုထားသော စာတမ်းဖြစ်ပါသည်။ အလေ့လာခံအဖြစ် နေဝင်းမြင့်၏ ဝတ္ထုတိုစာအုပ် (၅)အုပ်ကို မူတည်ကာ ဘာသာစကားဟန်သဘောအရ လေ့လာတင်ပြ ထားပါသည်။ ဤသို့တင်ပြရာတွင် ဘာသာစကားဟန်၏ အမျိုးအစား ခွဲခြားပုံအရ စိစစ်ပြုစု တင်ပြထားပါသည်။ ဤတွင် စာရေးဆရာနေဝင်းမြင့်သည် ဝတ္ထုတို ဇာတ်လမ်းနှင့် ဆီလျော်လိုက်ဖက်မှုရှိသည့် စကားအသုံးအနှုန်းများ၊ ဘာသာစကားကို

နူးညံ့သိမ်မွေ့စွာ ဖန်တီးသုံးနှုန်းနိုင်စွမ်းရှိသည့် စကားအသုံးအနှုန်းများဖြင့် စာဟန်ကို ပီပြင်ကောင်းမွန်စွာ ရေးသားနိုင်သူဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ကိုလေး၊ **ဦး**။ ဇော်ဇော်အောင် ***"အကယ်၍ တစ်ခု၏အကြောင်း"*** ဝတ္ထုတိုကို ရေးဟန် ပြောဟန်ပညာဖြင့် လေ့လာစိစစ်ချက်။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

ကြီးမောင်၊ **ဦး**။ (၁၉၇၉)။ ***ဝတ္ထုတိုစာတန်းများ***၊ (ပထမတွဲ)၊ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်။

ခင်မင်၊ **မောင် (ဓနုဖြူ)**။ (၂၀၀၉)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ*** (ပဉ္စမအကြိမ်)။ ရန်ကုန်၊ ပန်းရွှေပြည်စာပေ။

ခင်မင်၊ **မောင် (ဓနုဖြူ)**။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

နေဝင်းမြင့်။ (၂၀၀၉)။ ***အိမ်ကလေး ၁၆ လုံး*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ ရူဝံ စာအုပ်တိုက်။

နေဝင်းမြင့်။ (၂၀၀၉)။ ***ဆယ့်နှစ်ကြိုးဝတ္ထုတိုများ*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ ရူဝံ စာအုပ်တိုက်။

နေဝင်းမြင့်။ (၂၀၁၀)။ ***ရေသွန်မြစ်ဝတ္ထုတိုများ*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ ရူဝံ စာအုပ်တိုက်။

နေဝင်းမြင့်။ (၂၀၁၁)။ ***ပုစဉ်းရင်ကွဲဝတ္ထုတိုစုစည်းမှု*** (တတိယအကြိမ်)။ ရန်ကုန်၊ ရူဝံစာအုပ်တိုက်။

နေဝင်းမြင့်။ (၂၀၁၃)။ ***ဖျိုင်းမည်းနှင့် အခြားဝတ္ထုတိုများ*** (တတိယအကြိမ်)။ ရန်ကုန်၊ ရူဝံစာအုပ်တိုက်။

နွယ်နီတင်၊ **မ**။ (၂၀၀၉)။ ***သိပ္ပံမောင်ဝ၏ ရေးဟန်ကို ဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***ခရီးဆောင်မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်*** (ဒုတိယအကြိမ်)။ ။ ရန်ကုန်၊ မြန်မာစာအဖွဲ့ ဦးစီးဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၅)။ ***ဘာသာစကားသုတ***။ ရန်ကုန်၊ ရူဝံစာအုပ်တိုက်။

အောင်သင်း။ (၂၀၁၂)။ ***အကြိုက်ဆုံးဝတ္ထုတိုများနှင့်သုံးသပ်ချက်***။ ရန်ကုန်၊ ဇွန်ပွင့်စာအုပ်တိုက်။

### အင်္ဂလိပ်ဘာသာ

Crystal, David . 2004. ***A Dictionary of Linguistics***. Oxford : Blackwell.

Finch, Geoffrey. 2000. ***Linguistic terms and concepts***. New York : Palgrave Publisher Ltd.

Leeh G. N, Short, M, H. 1981. ***Style in Fiction***. Longman.

*J. Myanmar. Acad. Arts Sci. 2018* **Vol. XVI. No. 6B**

# ဓမ္မစကားပြေလာ ပုံစံတူအပြိုင်အဖွဲ့များ

ခင်မြတ်သွယ်[*]

## စာတမ်းအကျဉ်း

လူမျိုးတစ်မျိုးစီ၏ ကိုးကွယ်ယုံကြည်မှုနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများကို အခြေခံ၍ ဓမ္မစကားပြေ စာပေတို့သည် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ဓမ္မစာပေသည် လူတို့၏ထွက်ပေါက်လည်း ဖြစ်သကဲ့သို့ စိတ်၏ပြုပြင်းပေါက်လည်း ဖြစ်သည်။ ဤစာတမ်းတွင် ဓမ္မစကားပြေစာပေ အတွင်းရှိ အပြိုင်အဖွဲ့ ပုံစံများကို ရေးဟန်ရှုထောင့်မှ လေ့လာတင်ပြထားပါသည်။ ဤသို့ တင်ပြရာ၌ ဓမ္မစကားပြေစာပေအတွင်းရှိ အရေးအသားများကို ရေးဟန် ပညာလာ အပြိုင်အဖွဲ့ ပုံစံ (၈)မျိုးဖြင့် ချိန်ထိုးလေ့လာ တင်ပြပါမည်။ ဤလေ့လာမှုသည် စာပေနှင့် ဘာသာစကား ဆက်စပ်လေ့လာမှုနယ်ပယ်အတွက် အထောက်အကူ ပြုနိုင်မည် ဖြစ်သည်။

**သော့ချက်ဝေါဟာရများ** – ***အပြိုင်အဖွဲ့ပုံစံ၊ ရေးဟန်၊ ရေးဟန်ပညာ၊ ပုံစံတူစကားစုများ***

## နိဒါန်း

ရေးဟန်ပညာသည် ဘာသာစကား လေ့လာမှုနယ်ပယ်နှင့် စာပေလေ့လာမှုနယ်ပယ်တို့၏ ဆုံမှတ်ဖြစ်သည်။ ထိုဆုံမှတ်တစ်ခု၏ ပညာရပ်ကျယ်ပြန့်နက်ရှိုင်းမှုကို စကားပြေအမျိုးအစား တစ်ခုဖြစ်သည့် ဓမ္မစကားပြေအတွင်းမှ ဖွဲ့စည်းတည်ဆောက်ပုံအရ အပြိုင်အဖွဲ့ပုံစံများ ပါရှိမှုကို ရေးဟန်ပညာနယ်ပယ်ရှိ ခွဲခြမ်းစိစစ်သောနည်းဖြင့် ဖော်ထုတ်တင်ပြထားသော စာတမ်းဖြစ်ပါသည်။

## ၁။ ပုံစံတူအပြိုင်အဖွဲ့[၁]

ပုံစံတူ အပြိုင်အဖွဲ့ဟူသည် စာရေးသူ၏ ဖန်တီးမှု အတတ်ပညာ တစ်ခုဖြစ်ပြီး ပုံစံတူ စကားလုံးများ၊ ပုဒ်များ၊ ဝါကျခွဲများ၊ ဝါကျများကို အကြောင်းအရာအရ နှိုင်းယှဉ်ဖော်ပြရာတွင် ဖွဲ့စည်းပုံအားဖြင့် တစ်ဖက်တစ်ချက်စီ၌ နေရာချထား၍

---

[၁] Parallelism

[*] ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

တူညီသည့် ပုံသဏ္ဍာန်များ ဖြစ်ပေါ်စေခြင်းကို ဆိုလိုကြောင်း **မော်နာ**နှင့် **ရှိုက်ချ်**တို့က ယူဆပြခဲ့ပါသည်။[၁]

ဆရာ ဦးခင်အေးက– "ပုံစံတူ အပြိုင်အဖွဲ့များသည် စကားကို ပို၍ ပြေပြေ ပြစ်ပြစ်ဖြစ်အောင် ဖွဲ့ခြင်းဖြစ်ပြီး ဖတ်လိုက်လျှင် အထစ်အငေါ့ မရှိဘဲ စာရေးသူ၏ ဆိုလိုချက်များ၊ စာဖတ်သူ၏ စိတ်အာရုံထဲသို့ ချောချောမွေ့မွေ့ ဝင်သွားသော အရေးအသားမျိုးကို ဆိုလိုပါသည်။ ထိုအရေးအသားမျိုးသည် မပင်မပန်း သာသာ ကလေး ဖတ်ရုံနှင့် အဓိပ္ပာယ်ကို အလွယ်တကူ နားလည်စေနိုင်သည့် အစွမ်းသတ္တိ ရှိပါသည်" ဟု ဆိုပါသည်။[၂]

ဂျက်ဖရီလိချ်က "ထင်သာမြင်သာသော ဟန်ချက်ညီညီ ဖွဲ့စည်းမှု" ဟု ဆိုခဲ့သည်။ အထူးသဖြင့် လိချ်က "ပုံစံတူ အပြိုင်အဖွဲ့များသည် ဗျည်းသံတူခြင်း အခြားသော အသံပုံစံတူများကြောင့် ဖြစ်သည်ဟု ဆိုပါသည်။"[၃]

ထို့ကြောင့် ပုံစံတူ အပြိုင်အဖွဲ့များတွင် စကားလုံး (နှစ်လုံး)၊ စကားစု (နှစ်ခု)၊ စကားပုဒ် နှစ်ခု) (သို့မဟုတ်) နှစ်ခုထက်ပိုသော ဆင်တူယိုးမှားဖြစ်သော စကားလုံး၊ စကားစု၊ စကားပုဒ်တို့၏အကြား ညီမျှမှုကို ခေါ်သည်။ (တနည်း) အပြိုင်ဖြစ်နေသော ဖွဲ့စည်းပုံ (သို့မဟုတ်) တည်ဆောက်မှုပင် ဖြစ်သည်။ တည်ဆောက်မှုသည် ဘာသာ စကား၏ အနက်အဓိပ္ပာယ် ရှုပ်ထွေးမှုကို ကာကွယ်ပေးသည်။ ရှင်းလင်းပြတ်သားမှုကို မြှင့်တင်ပေးသည်။ ထို့ပြင် ဖတ်ရှုနိုင်စွမ်းကိုလည်း တိုးတက်အောင် လုပ်ပေးသည်။

သာဓကအားဖြင့်–

မိဘကျေးဇူးနှင့် ပတ်သက်၍ ဆိုဆုံးမမှု တစ်ခုတွင်

"ဆပ်လေ မြတ်လေ
မြတ်လေ ဆပ်လေ
ဆပ်သူတွေ မြတ်ကြ၍
မြတ်သူတွေ ဆပ်ကြသည်"

စသဖြင့် စကားလုံး အစနှင့်အလယ်ကို အပြိုင်ရေးဖွဲ့ဟန်မျိုး ဖြစ်သည်။

---

[၁] Morner & Rausch, 1998, 161.

[၂] ခင်မင်၊ မောင်၊ ၂၀၀၃၊ ၇၀။

[၃] Leech, 1989, 62.

## ၂။ ဓမ္မစကားပြေ

ဓမ္မစာပေ စကားပြေဟူသည် ဗုဒ္ဓဘာသာနှင့်ဆိုင်သော စာပေစကားပြေများကို ရည်ညွှန်းပါသည်။ မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားသောကြောင့် ဘာသာရေးဝါဒ အမျိုးမျိုးနှင့်ဆိုင်သည့် မြန်မာစကားပြေများ ထွန်းကားလျက်ရှိပါသည်။ အရေအတွက် အများဆုံး ဘာသာရေးစကားပြေမှာ ဗုဒ္ဓဘာသာ စကားပြေများဖြစ်ပါသည်။ မြန်မာစကားပြေစာတမ်းတွင် –

> "ဘာသာရေးစကားပြေသည် ဒဿနစကားပြေ တစ်မျိုးပင်ဖြစ်ပါသည်။ ဒဿနစကားပြေ၌ ဘာသာရေး ပါချင်မှပါမည်ဖြစ်သော်လည်း ဘာသာရေး စကားပြေ၌မူ ဘာသာရေးနှင့်ပတ်သက်သည့် ဒဿနအမြင်များ ပါဝင်ပါသည်။"[၁]

ဟု ဆိုထားပါသည်။

ဓမ္မစကားပြေစာပေနှင့် ပတ်သက်၍ စစ်ပြီးခေတ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဆဋ္ဌသင်္ဂါယနာ တင်ပြီးသောအခါ ဆဋ္ဌသင်္ဂါယနာတင် အရှင်တို့သည် ပါဠိ ပိဋကတ်တော်တို့ကို မြန်မာဘာသာ စကားပြေ ပြန်ဆိုတော်မူကြပါသည်။ ထိုမြန်မာပြန် ပိဋကတ်တော်တို့ အရှိန်အဝါကြောင့်ပင် မြန်မာစကားပြေဖြင့် အများနားလည်လွယ်အောင် ရေးသားထားသော ဗုဒ္ဓဓမ္မဆိုင်ရာ စာအုပ်များ ထွက်ပေါ်လာသည်ကို တွေ့ရပါသည်။ ဗုဒ္ဓစာပေရေးသားသူ ဖတ်ရှုသူများလည်း တိုးပွားလာပါသည်။ ထိုသို့ အများ ဖတ်နိုင်အောင်နှင့် နားလည်သဘောပေါက်နိုင်အောင် စကားပြေဖြင့် ရေးသားကြရာ၌ ယေဘုယျအားဖြင့် မိရိုးဖလာ၊ ပရိတ်၊ မေတ္တာနှင့် ဘာဝနာ အကြောင်းအရာများ ဖြစ်ကြပါသည်။

ဗုဒ္ဓစာပေကို လူတိုင်း လွယ်လင့်တကူ နားလည်ဖတ်ရှုနိုင်သည့် စကားပြေအရေးအသားဖြင့် အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသက "ရတနာ့ဂုဏ်ရည်"၊ "ကိုယ်ကျင့်အဘိဓမ္မာ"၊ "အနာဂတ်သာသနာရေး" စသည့် စာအုပ်များ၊ မဟာဓမ္မသင်္ကြိုက **သာသနာလင်္ကာရစာတမ်း**၊ ယောအတွင်းဝန်နှင့် လယ်တီဆရာတော်တို့က **ဝိမုတ္တိရသကျမ်း၊ ကာယာနုပဿနာကျမ်းများ** တို့ကို ရေးခဲ့ပါသည်။

ကုန်းဘောင်ခေတ်နှောင်းတွင် ပေါ်ထွန်းသော လယ်တီဆရာတော်၏ ဒီပနီများကား ခက်ခဲနက်နဲသော ဘာသာရေး သဘောတရားများကို အများနားလည်အောင် မြန်မာစကားပြေဖြင့် ရှင်းရှင်းလင်းလင်း ရေးသားထားသော ကျမ်းများပင် ဖြစ်သည်။

---

[၁] စီစီဝင်း၊ ၂၆၅။

လယ်တီဆရာတော်၏ **ဥတ္တမပုရိသဒီပနီလာများ**ပင် ဖြစ်သည်။ ဥတ္တမပုရိသဒီပနီလာ အဆိုအမိန့် တစ်ခုတွင်– ဓမ္မစကားပြေ အရေးအသားနှင့် ပတ်သက်၍–

> "ပါဠိကျမ်းသံနှင့် ပြောနေလျှင် စကားကြီးခန့်၏။ ပြောနေကျ မြန်မာစကားမျိုး မဟုတ်၍ အသိဉာဏ် တန်းခနဲ စိုက်မသွား၊ ယောင်ဝါးကြီး ဖြစ်နေကြ၏။ ထို့ကြောင့် ဤစာအုပ်မှာ သဘော ပြောခန်းတွင် မြန်မာပြောချည်း လာလတ္တံ့"[၁]

ဟူ၍ ဆရာတော်၏ စကားပြေဝါဒကို တွေ့ရသည်။ ပါဠိသံ ကျမ်းသံ မလွှမ်း စကားကြီး စကားခန့် မသုံးဘဲ စာဖတ်သူ အသိဉာဏ် တန်းခနဲ၊ စိုက်ခနဲ နားလည် နိုင်မည့် မြန်မာစကားပြေရေးဟန်မျိုးကို ဆရာတော် လက်ခံကျင့်သုံးသည့် သာဓကပင် ဖြစ်သည်။ ထိုစကားပြေရေးရာတွင် စာရေးသူတို့သည် အကြောင်းအခွင့် ရှိလာခဲ့လျှင် ပုံစံတူ အပြိုင်အဖွဲ့များကို သုံးသည်။ ထိုသို့ သုံးစွဲရာတွင် စာရေးသူတို့သည် ပုံစံတူ အပြိုင်အဖွဲ့များကို ကြိုတင်ရည်ရွယ်ပြီး ရေးဖွဲ့ခြင်းမဟုတ်ပါ။ ထိုအချက်နှင့် ပတ်သက်၍ ဆရာမောင်ခင်မင်က–

> "စာရေးသူတွင် သဘောချင်းတူသော အချက်များကို ဖော်ပြ လိုသော စိတ်ကူးပေါ်လာသောအခါ အရေးအသား ကျွမ်းကျင် ပြီးဖြစ်သော "လက်"က ဤသို့သော ပုံစံတူ အပြိုင်အဖွဲ့ ကလေးများကို စိတ်ကူးနှင့် လိုက်ဖက်စွာ ဟန်ချက်ညီညီ ဖွဲ့မိ တတ်ခြင်းသာ ဖြစ်ပါသည်။"[၂]

ဟုဆိုခဲ့သည်။ ဝိသုဒ္ဓိမဂ် မြန်မာပြန်စကားပြေတွင်

ဝိသုဒ္ဓိမြန်မာပြန်မှ အဝိဇ္ဇာ စသည်တို့၏ အနက်ဖော်ရာ၌ –

> "အာရုံကို ထိတွေ့တတ်သောကြောင် ဖဿမည်၏။
> ခံစားတတ်သောကြောင့် ဝေဒနာမည်၏။
> ဆာလောင်တတ်သောကြောင့် တဏှာမည်၏။
> စွဲလမ်းတတ်သောကြောင့် ဥပါဒါန်မည်၏။
> ဖြစ်တတ်၊ ဖြစ်စေတတ်သောကြောင့် ဘဝမည်၏"[၃]

---

[၁] လယ်တီဆရာတော်၊ ၁၉၅၁၊ ၉။
[၂] ခင်မင်၊ မောင်၊ ၂၀၀၃၊ ၇၁။
[၃] မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့၊ ၁၉၇၁၊ ၃၁။

ဟူ၍ အလွန်သိလွယ်စေသော စကားလုံးများဖြင့် ဝါကျကို အတိုနိုင်ဆုံး ဟန်ချက်ညီညီ ဖွဲ့ထားပုံကို တွေ့မြင်ရသည်။ ဤသို့ အမှတ်မထင်ဖြစ်တည်နေသော စကားပြေမဟုတ်ကြောင်းကို စွန်းလွန်းဆရာတော် ဦးကဝိက–

> "စကားပြေ ပြန်ဆိုရေးသားပုံမှာ မြန်မာပြန် ဖြစ်သောကြောင့် မြန်မာစကား ချောမောပြေပြစ်ခြင်းနှင့် ပါဠိ မတတ်သော စာဖတ်ပရိသတ်တို့အား ရှင်းရှင်းလင်းလင်း သဘောပေါက် သိနားလည်စေခြင်းကို အထူးအလေးပြု၍ ပြန်ဆိုရေးသားထားကြောင်း သိကြစေလို၍"

ဟူ၍ မိန့်ခဲ့သည်။ ထို့ပြင် ဗုဒ္ဓ ဒဿနများကို အလျဉ်းသင့်စွာ ညှပ်၍ ပဋိပတ္တိအလုပ်ပေးတရားကို လှုံ့ဆော်စွမ်းသည့် စကားပြေများ ဖြစ်တည်ရုံမျှမက လူ့လောက၏ အကျင့်ကောင်း၊ အကျင့်ဆိုးများကို လက်ခံလာအောင် ညွှန်ပြထားခြင်းဖြစ်သည်ဟု ဆိုမိန့်ခဲ့ပါသည်။ ထို့ကြောင့် ဓမ္မစကားပြေစာပေတို့၏ နယ်ပယ်အတွင်းရှိ ပုံစံတူ အပြိုင်အဖွဲ့များကို ဖော်ထုတ်ရန် အလေ့လာခံအဖြစ် ရွေးချယ်ရခြင်း ဖြစ်ပါသည်။

## ၃။ ဓမ္မစကားပြေရှိ ပုံစံတူအပြိုင်အဖွဲ့များ

ဘာသာတရားဆိုင်ရာ ဓမ္မစာပေတို့သည် ခက်ခဲနက်နဲလှသည်။ ခက်ခဲသော တရားအသိများကို စာဖတ်ပရိသတ်၏ မျက်စိထဲ၊ နားထဲသို့ ချောချောရှုရှု ဝင်သွားအောင် **ပုံစံတူအပြိုင်အဖွဲ့** များကို ထည့်သွင်းရေးဖွဲ့လာကြခြင်းပင် ဖြစ်သည်။ ဓမ္မစာပေသည် အများအားဖြင့် လူအများ ချက်ချင်း နားမလည်နိုင်သော ပါဠိအသုံးများ ပါဝင်သည်။ ထို့ကြောင့် လူတိုင်းနားလည်ရန် မလွယ်ကူပေ။ သို့သော် ထိုစာပေထဲတွင် ထိရောက်လေးနက်စေလိုသော သဘောဖြင့် ပုံစံတူ အပြိုင်အဖွဲ့လေးများကို ဖန်တီးရေးခြင်းသည် အလွန်စိတ်ဝင်စားစရာကောင်းသည့်အပြင် ရွတ်ဆိုမှတ်သားရသည်မှာလည်း လွယ်ကူပြီး အနက်အဓိပ္ပာယ်ကိုလည်း ထင်ရှားနားလည်လာရပါသည်။

ဤစာတမ်းသည် ဓမ္မစာပေစကားပြေ စာပေအတွင်းရှိ ပုံစံတူ အပြိုင်အဖွဲ့များကို ရေးဟန်ပညာရှုထောင့်မှ ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ "ရေးဟန်ပညာအတွင်းရှိ အပြိုင်အဖွဲ့ပုံစံ သဘောအရ ပုံစံတူအဖွဲ့ (၈)မျိုး ရှိပါသည်။"[၁]

[၁] Naw Ju Paw, 2014.

ပုံစံတူ အပြိုင်အဖွဲ့ (၈)မျိုးမှာ–

(၁) အစနှင့်အဆုံးပြောင်းပြန်ထပ်ခြင်း

(၂) အကြောင်းအရာတူယှဉ်တွဲဖွဲ့စည်းခြင်း

(၃) ဆန့်ကျင်ဘက်အနက်ယှဉ်ခြင်း

(၄) အကြောင်းအရာဖြည့်စွက်ခြင်း

(၅) အဓိပ္ပာယ်ရှင်းရှင်းဖွဲ့ခြင်း

(၆) တစ်ဆင့်ပြီးတစ်ဆင့်ပြောခြင်း

(၇) အဓိပ္ပာယ်မြှင့်၍ဖွဲ့ခြင်း

(၈) ပုံစံတူထပ်၍ပြောခြင်း

တို့ဖြစ်သည်။

ထိုပုံစံတူအဖွဲ့ (၈)မျိုးဖြင့် ဓမ္မစကားပြေစာပေအတွင်းရှိ ပုံစံတူ အပြိုင်အဖွဲ့များကို ချိန်ထိုးလေ့လာတင်ပြသွားပါမည်။

## ၃၊၁။ အစနှင့်အဆုံးပြောင်းပြန်ထပ်ခြင်း[၁]

အစနှင့်အဆုံး ပြောင်းပြန်ထပ်ခြင်းသည် ရှေ့စကားလုံးနှင့် နောက်စကားလုံးများကို အပြန်အလှန် ရေးဖွဲ့ခြင်းမျိုး ဖြစ်သည်။ ထိုအဖွဲ့မျိုးသည် သဒ္ဒါ အစိတ်အပိုင်းများ၏ ပြောင်းပြန်အစဉ်ဖြစ်ခြင်း သဘောမျိုးဖြစ်ပြီး ပုံတူပွား၍မြင်ရသော အခြေအနေမျိုးပင်ဖြစ်သည်။

သာဓကအားဖြင့် (“က ခ ဂ ဃ”)ကို (“ဃ ဂ ခ က”)ဟု အပြန်အလှန် အပြိုင်ဖွဲ့ခြင်းမျိုး ဖြစ်သည်။

“အလိုက်မှားရင် အမှားလိုက်တတ်တယ်”[၂]

လောကမှာ အမှားနှင့်အမှန်ကို ဆုံးဖြတ်ပေးရမည့် ပုဂ္ဂိုလ်က သိလျက်နှင့် အမှန်ဘက်မှာ မရပ်တည်ဘဲ၊ မျက်ကွယ်ပြုပြီး အမှားဘက်လိုက်သည် ဟူသော တရားသဘောကို ထိုအပြိုင်အဖွဲ့မှ အလွယ်တကူ ထင်ရှားစေခဲ့သည်။

“မရှိလို့ မလှူ၊ မလှူ လို့ မရှိ

---

[၁] Chiastic Parallelism/ Antistrophe

[၂] အာစာရ၊ (အရှင်)၊ ၂၀၁၁၀၊ ၁၇။

ရှိလို့ လှူ၊ လှူ လို့ ရှိ”[၁]

ဟူသော အပြိုင်အသုံးသည့် ဒါနအရာနှင့် ပတ်သက်၍ အကျိုးတရား ရရှိမှုကို လွယ်လွယ်နှင့် သိမြင်စေခဲ့သည်။

“ငါ မရှိ သူ မဖြစ်
သူ မရှိ ငါ မဖြစ်
သူ မရှိလည်း ငါ ဖြစ်တယ်
ငါ မရှိလည်း သူ ဖြစ်တယ်”[၂]

စသည့် အပြိုင်အဖွဲ့အသုံးသည် လောကလူသားတို့၏ အစွဲတစ်ခုကို ပြတ်သားစေနိုင်သည့် အသုံးမျိုးပင် ဖြစ်သည်။ ပုံစံတူအသုံးကို နှစ်ကြိမ်ထပ်ခြင်းကြောင့် စာဖတ်သူ၏ အသိစိတ်ကို ပိုမိုလင်းပြနိုင်ခဲ့သည်။

“တော်တဲ့နေရာမှာ၊ ရောက်နေဖို့ထက်
ရောက်တဲ့နေရာမှာ၊ တော်ဖို့လိုတယ်
ကောင်းတဲ့နေရာမှာ၊ ရောက်နေဖို့ထက်
ရောက်တဲ့နေရာမှာ၊ ကောင်းဖို့လိုတယ်”

စသည့် အပြိုင်အဖွဲ့သည် အလေးအနက်ပြုလိုသောအခါ အဓိကစကားလုံးများကို ထပ်ကာကျော့ကာဖြင့် သုံးထားခြင်းပင် ဖြစ်သည်။ စာရေးသူ၏ လမ်းညွှန်ဆုံးမမှု ထင်ရှားလာပြီး စာဖတ်သူ၏စိတ်ကို ပြုပြင်နာခံလွယ်စေသော အဖွဲ့ပင် ဖြစ်သည်။

“ညောင်ပင်ကြီးလောက်လှူ၊ ညောင်စေ့လောက်ရ
ညောင်စေ့လောက်လှူ၊ ညောင်ပင်ကြီးလောက်ရ”

ယင်းအပြိုင်အဖွဲ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဒါနနှင့် ပတ်သက်၍ အဓိကကျသော “စေတနာ” အတိုင်းအဆကို နှိုင်းပြခြင်းပင် ဖြစ်သည်။ ထိုသို့ ဆင့်ကာထပ်ကာ အပြန်အလှန်သုံးမှုကြောင့် အလှူဒါနတွင် စိတ်စေတနာသည် အရေးကြီးကြောင်း ပို၍ထင်သာမြင်သာ ဖြစ်လာရပြီး စာဖတ်သူအနေနှင့် စွဲမြဲမှတ်မိနိုင်သည်။

## ၃၊၂။ အကြောင်းအရာတူ ယှဉ်တွဲဖွဲ့စည်းခြင်း[၁]

[၁] အာစာရ၊ (အရှင်)၊ ၂၀၁၀၊ ၃၅။
[၂] အာစာရ၊ (အရှင်)၊ ၂၀၁၂၊ ၁၉၁။

အကြောင်းအရာတူ ယှဉ်တွဲဖွဲ့စည်းသော အပြိုင်အဖွဲ့သည် အဓိပ္ပာယ်ကို ပြိုင်ဖွဲ့ခြင်းမျိုး ဖြစ်သည်။ အဖွဲ့နှစ်ခုသည် အကြောင်းအရာ နှစ်ခု ဖြစ်သော်လည်း အခြေခံအဓိပ္ပာယ်မှာ တူညီသည်။

"ရေဖူးနဲ့ထီးမပါ နွေအခါမှသိ
ဒါနနဲ့သီလမပါ သေခါမှသိ"

"ဘုရားဖက်တော့ အသက်ရှည်
တရားဖက်တော့ အမျက်ပြေ
သံဃာ ဖက်တော့ အခက်ဝေ"

ဟူ၍ သဘော သဘာဝချင်းတူသည့် အချက်အလက်များသည် အကြောင်းအရာ ရွေးချယ်မှုနှင့် လိုက်ဖက်ညီသော အဖွဲ့များပင် ဖြစ်သည်။ ထို့ပြင် အရှင်အာစာရ၏ "ဘာအရေးကြီးဆုံးလဲ"တွင်

"မေတ္တာနဲ့ ပေးဝေ
ကြသာနဲ့ ညစ်ပေ
သစ္စာနဲ့ ထုစစ်
မစ္ဆရိယနဲ့ ဖုထစ်
ဓမ္မနဲ့ တည်ဆောက်
အတ္တနဲ့ မွှေနှောက်"[၂]

စသဖြင့် အရေးပါသော၊ ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းအရာချင်းတူသော အချက်များကို ပါဠိစကားလုံးနှင့် မြန်မာစကားလုံး ယှဉ်တွဲ၍ ပုံစံတူပုဒ်များဖြင့် အပြိုင်ဖွဲ့ထားခြင်းပင် ဖြစ်သည်။

ထိုသို့ အပြိုင်ဖွဲ့ထားသည့်အတွက် ခံ့ညားမှုလည်း မပျက်ဘဲ အဓိပ္ပာယ်လည်း ပေါ်လွင်လာပြီး ဘာသာတရား၏ ဆုံးမမှုအားနှင့် လိုက်နာမှုအားကို လေးနက်ထင်ရှားလာရသည်။

---

[၁] Synonymic (Synonymous ) Paralleism
[၂] အာစာရ (အရှင်)၊ ၂၀၁၂၊ ၄၁။

## ၃.၃။ ဆန့်ကျင်ဘက်အနက်ယှဉ်ခြင်း[၁]

ဆန့်ကျင်ဘက် အနက်နှစ်ခုကို ယှဉ်၍ဖွဲ့သော အပြိုင်အဖွဲ့ပုံစံတွင် စကားစု တစ်ခုသည် အခြားစကားစုတစ်ခု၏ အနက်ကို ဆန့်ကျင်၍ဖွဲ့သော အဖွဲ့မျိုးပင် ဖြစ်သည်။

သတ္တဝါတို့သည် မွေးဖွားပြီးနောက် ရင်ဆိုင်ရမည့် ပျက်စီးခြင်းတရား သဘောကို ပြဆိုရာ၌ သာမဏေကျော်၏ "သောကမီး အတွက် ရေ" တွင်

"မာမှုမှန်သမျှ၊ နာမှုမှာဆုံးပါတယ်
ပျိုမှုမှန်သမျှ၊ အိုမှုမှာဆုံးပါတယ်
ရှင်မှုမှန်သမျှ၊ သေမှုမှာဆုံးပါတယ်"[၂]

ဟူ၍ ပုံစံတူ ဖွဲ့ထားသည်။ မာနှင့်နာ၊ ပျိုနှင့်အို၊ ရှင်နှင့်သေ စသည်ဖြင့် ဆန့်ကျင်ဘက် အနက်သဘောရှိသည့် အသုံးများကြောင့် အဓိပ္ပာယ်ကို ကွင်းကွင်း ကွက်ကွက် နားလည်စေနိုင်သည့် အစွမ်းသတ္တိကို ဖော်ပြနေပါသည်။

ထို့ပြင် လောကမှလူသားတို့၏ ကျရာတာဝန်မယူတတ်မှု၊ ယူတတ်မှုသည် မိမိစေတသိတ်ကြောင့်ပင် ဖြစ်ကြောင်း၊ ထိုစေတသိတ်ကြောင့် အသက်ဆုံးပါးခါနီး ခံစားရမည်ဖြစ်သည်ကို ရည်ညွှန်းသော အဓိပ္ပာယ်ဖြင့် –

"အနေကျပ်ရင်၊ အသေချောင်မယ်
အနေချောင်ရင်၊ အသေကျပ်မယ်"[၃]

ဟူ၍ ကျပ်–ချောင်၊ ချောင်–ကျပ် စသော ပထမစကားစုနှင့် ဒုတိယစကားစု၌ ဆန့်ကျင်ဘက် အနက်သဘော ပါဝင်နေသည်ကို တွေ့ရသည်။ ဆန့်ကျင်ဖက် သဘောတရား နှစ်ခုကို နေရာကျအောင် သုံးထားသည့်အတွက် ဆိုလိုသည့် အကြောင်းမှာ ပို၍ ပေါ်လွင်စေပါသည်။

ဝိပဿနာ အလုပ်တရားနှင့် ပတ်သက်ပြီး ဆုံးမခဲ့သော အရှင်အာစာရ၏ "ဘာအရေးကြီးဆုံးလဲ" တွင်

---

[၁] Antithetical Parallelism

[၂] သာမဏေကျော်၊ ၂၀၀၃၊ ၃၀။

[၃] အာစာရ၊ (အရှင်)၂၀၁၂၊ ၁၇၆။

"မမြင်ချင်နဲ့၊ မြင်အောင်တော့ကြိုးစား
မဖြစ်ချင်နဲ့၊ ဖြစ်အောင်တော့ကြိုးစား
မရချင်နဲ့၊ ရအောင်တော့ကြိုးစား"[၁]

ဟူ၍ အငြင်းပြစကား "မ" ဖြင့် ဆန့်ကျင်ဘက် အနက်ယှဉ်ကာ သုံးထားသည့်အတွက် လိုက်နာသူအဖို့ လွယ်ကူစွာ သိမြင်နိုင်သောအစွမ်းကို ဖန်တီးနိုင်သော အဖွဲ့ပင် ဖြစ်သည်။ ထို့ပြင်

"အရှုပ်ထဲမှာ၊ ရှင်းအောင်နေ
မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး
မြတ်နိုးတော့၊ သဒ္ဒါ"

စသည့် ဆန့်ကျင်ဘက် အနက်ယှဉ်ခြင်း အပြိုင်အဖွဲ့ အသုံးများသည် လောကီ လူ့ဘောင်အတွင်း လူမှုဝတ္တရား နေထိုင်မှုကို ပို၍ထိရောက်စေသော အသုံးများ ဖြစ်သည်။

## ၃၊၄။ အကြောင်းအရာဖြည့်စွက်ခြင်း[၂]

အကြောင်းအရာ ဖြည့်စွက်၍ဖွဲ့သော ပုံစံတူ အပြိုင်အဖွဲ့သည် စာဖတ်သူ၏ စိတ်အတွေးကို တိုးပွားစေသော အဖွဲ့ပုံစံပင် ဖြစ်သည်။ ဆိုလိုသည်မှာ - ဒုတိယ စကားစုသည် ပထမစကားစုကို ဖြည့်စွက်ထောက်ပံ့၍ အဓိပ္ပာယ်ကို ပိုမိုလေးနက် စေခြင်းပင်ဖြစ်သည်။

သာဓကအားဖြင့် - အရှင်အာစာရ၏ "စိတ်အာဟာရ"တွင်

"ကာယသုခရှောင်နိုင်မှ၊ ဓမ္မသုခဆောင်နိုင်မည်
ကာမသုခရှောင်နိုင်မှ၊ ဘဝသုခအောင်နိုင်မည်"[၃]

"အမုန်းတွေနဲ့ မခွဲမခွါကြဘဲ၊ အပြုံးတွေနဲ့သာ ခွဲခွါချင်တယ်"

"ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ"[၄]

---

[၁] အာစာရ၊ (အရှင်)၊ ၂၀၁၂၊ ၁၈၀။

[၂] Synthetic Parallelism

[၃] အာစာရ၊ (အရှင်)၊ ၂၀၁၀၊ ၁၅၉။

[၄] အာစာရ၊ (အရှင်)၊ ၂၀၁၁၊ ၆၀။

စသည့် အပြိုင်အဖွဲ့များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ထိုအဖွဲ့များသည် ပထမစကားစုသည် စာဖတ်သူကို ပြီးပြည့်စုံသော အတွေးအသိကို မပေးနိုင်ပါ။ ဒုတိယစကားစုဖြင့် ဖြည့်စွက်၍ အတွေးနှင့်အသိကို ပြည့်စုံစေခဲ့ပါသည်။ ရေးသည့်အကြောင်းအရာကို နာခံလွယ်အောင် ခက်ခဲသော စကားလုံးများကိုရှောင်ပြီး လွယ်ကူလှသော စကားလုံးများကို သုံးထားခြင်းပင် ဖြစ်သည်။

## ၃၊၅။ အဓိပ္ပာယ်ရှင်းရှင်းဖွဲ့ခြင်း[၁]

စကားဖြစ်ရပ်နှစ်ခုကို ယှဉ်တွဲဖွဲ့ခြင်းဖြင့် ပိုမိုရှင်းလင်းပြေပြစ်သော အဓိပ္ပာယ်အဖြစ် ရောက်ရှိစေသည့် အဖွဲ့မျိုး ဖြစ်သည်။ အကြောင်းအကျိုးဖြစ်ရပုံကို စကားစုနှစ်စုဖြင့်ဖော်ပြ၍ ရှင်းလင်းစေသော အဖွဲ့မျိုး ဖြစ်သည်။

"ပုံတော်ကို ကိုးကွယ်သည်မဟုတ်
ဂုဏ်တော်ကို ကိုးကွယ်ခြင်းဖြစ်သည်။"

"အလိုလောဘ၊ ကြီးလွန်းက၊ ခေါ်ရပြိတ္တာလူ
အမျက်ဒေါသ၊ ကြီးလွန်းက၊ ခေါ်ရ ငရဲလူ
အမိုက်မောဟ၊ ကြီးလွန်းက၊ ခေါ်ရ တိရစ္ဆာန်လူ
ဤ(၃)ယောက်၊ လွတ်မြောက်မှ၊ ခေါ်ရ အစစ် လူ"[၂]

စသည့် ပုံစံတူအပြိုင်အဖွဲ့တို့မှာ စာဖတ်သူကို နားလည်ရလွယ်ကူစေပြီး အဓိပ္ပာယ်ရှင်းလင်းစေသည်။ အဖွဲ့များ ဖြစ်သည်။ အကြောင်းနှင့် အကျိုး၊ အကျိုးနှင့်အကြောင်းကို ယှဉ်တွဲပြထားသဖြင့် နာခံလိုက်နာရန် လွယ်ကူလှသည့် ပုံစံတူအဖွဲ့များ ဖြစ်သည်။

## ၃၊၆။ တစ်ဆင့်ပြီးတစ်ဆင့်ပြောခြင်း[၃]

အကြောင်းအရာ တစ်ခုအပေါ်တွင် နောက်ထပ် အကြောင်းအရာတစ်ခုက ဆင့်ကဲ၍ ဖွဲ့သည့် ပုံစံဖြစ်သည်။ ထိုပုံစံတွင် စကားစုနှစ်ခုမှ အကြောင်းအရာမှာ ဆက်စပ်မှုရှိပြီး ဒုတိယစကားစုတွင် ပါဝင်သော အသိပေးမှုသည် အမြင့်ဆုံး အနက်

[၁] Clarification Parallelism

[၂] အာစာရ၊ (အရှင်)၊ ၂၀၁၀၊ ၁၅၄။

[၃] Progression Parallelism

အဓိပ္ပာယ်ကို ပေးနိုင်သည်။ တစ်ဆင့်ပြီးတစ်ဆင့် ပြောခြင်းဖြင့် စာရေးသူ၏ ဆိုလိုချက်ကို အသိပေးခြင်းမျိုး ဖြစ်သည်။

အရှင်တိလောက၏ "ရှာဖွေခြင်းနှင့် ရရှိခြင်း" တရားတွင်

"ဇာတိက နေ ဇရာ
ဇရာ ကနေ မရဏာ"[၁]

"အလုပ်ကောင်းရင်၊ ကံကောင်းမယ်
ကံကောင်းရင်၊ အကျိုးပေးကောင်းမယ်"[၂]

အရှင်အာစာရ၏ "အားမာန်မင်းသား"တွင်

"ပျင်းရင် ဖျင်းမယ်
ဖျင်းရင် ဆင်းမယ်"[၃]

တိပိဋကယောဆရာတော်၏ "သတိမေတ္တာကောင်းစွာဖြည့်သွင်းတံတားခင်း"တွင်

"မသိလို့ငြိတယ်
ငြိလို့ပိတယ်
မသိကြီးလေ အငြိကြီးလေ
အငြိကြီးလေ အပိကြီးလေ"[၄]

"ကံချင်းတူလျှင် ဉာဏ်ရှိသူက သာတယ်
ဉာဏ်ချင်းတူလျှင် ဝီရိယရှိသူက သာတယ်
ဝိရိယချင်းတူလျှင် စည်းကမ်းရှိသူက သာတယ်
စည်းကမ်းချင်းတူလျှင်၊ စေတနာရှိသူက သာတယ်
စေတနာချင်းတူလျှင်၊ နူတ်ချိုသူက သာတယ်"[၅]

"အတွေးတွေကို၊ သတိထား
စကားလုံးတွေ၊ ဖြစ်လာလိမ့်မယ်

---

[၁] တိလောက၊ အရှင်၊ ၂၁။
[၂] တိလောက၊ အရှင်၊ ၄၂။
[၃] အာစာရ၊ (အရှင်)၊ ၂၀၁၁၊ ၈၂။
[၄] ယောဆရာတော်၊ ၇။
[၅] အာစာရ၊ (အရှင်)၊ ၂၀၁၀၊ ၇၅။

စကားလုံးတွေကို၊ သတိထား
အပြုအမူတွေ၊ ဖြစ်လာလိမ့်မယ်
အပြုအမူတွေ၊ သတိထား
အလေ့အကျင့်တွေ၊ ဖြစ်လာလိမ့်မယ်
အလေ့အကျင့်တွေကို၊ သတိထား
အကျင့်စရိုက်တွေ၊ ဖြစ်လာလိမ့်မယ်
အကျင့်စရိုက်တွေကို၊ သတိထား
ကံကြမ္မာတွေ ဖြစ်လာလိမ့်မယ်"[၁]

စသည့် ပုံစံတူ အပြိုင်အဖွဲ့များသည် တစ်ဆင့်ပြီးတစ်ဆင့် အပြိုင်သုံးခြင်းဖြင့် စာရေးသူ၏ ဆိုလိုရင်းသည် လေးနက်ထင်ရှားလာသည့်အပြင် စာဖတ်သူ၏ စိတ်အာရုံကို ဆွဲဆောင်နိုင်သော အဖွဲ့မျိုးပင် ဖြစ်သည်။ အဓိပ္ပာယ်ကို အရေးကြီးသော အချက်သို့ ရောက်အောင် လှေကားထစ်တက်သည့်ပမာ တစ်ဆင့်ပြီးတစ်ဆင့် တက်၍ ဖွဲ့သော အပြိုင်အဖွဲ့လည်း ဖြစ်သည်။

## ၃၊၇။ အဓိပ္ပာယ်မြှင့်၍ဖွဲ့ခြင်း[၂]

အဓိပ္ပာယ်မြှင့်၍ဖွဲ့သော ပုံစံတူ အပြိုင်အဖွဲ့မှာ ပထမစကားစုတွင် ပေးထားသော အကြောင်းအရာက ဒုတိယစကားစုတွင်ပါသော အကြောင်းအရာကို အဓိပ္ပာယ် မြှင့်တင်ပေးသော အဖွဲ့ပုံစံမျိုး ဖြစ်သည်။

အရှင်တိလောက၏ "ရှာဖွေခြင်းနှင့်ရရှိခြင်း"တွင်

"လောဘကို သင်မသတ်လျှင် သင့်ကို လောဘကသတ်လိမ့်မည်
ဒေါသကို သင်မသတ်လျှင် သင့်ကို ဒေါသက သတ်လိမ့်မည်
မောဟကို သင်မသတ်လျှင် သင့်ကို မောဟက သတ်လိမ့်မည်"[၃]

"ဒါနမပါ ဖြစ်လေရာ၊ ဥစ္စာမွဲတတ်သည်
ဥစ္စာမွဲက လူ့ဘဝ အောက်ကျလွန်းလှသည်။
သီလမပါ ဖြစ်လေရာ၊ ရောဂါထူတတ်သည်

[၁] အာစာရ၊ (အရှင်)၊ ၂၀၁၀၊ ၇၅။
[၂] Intensification Parallelism
[၃] တိလောက၊ အရှင်၊ ၂။

ရောဂါထူက၊ မရွှင်ပြ၊ ဒုက္ခကြီးလှသည်။
ဘာဝနာမပါ ဖြစ်လေရာ ပညာချို့တဲ့မည်
ပညာချို့က လူ့ဗာလ အသုံးမကျပြီ။”[၁]

ထိုအပြိုင်အဖွဲ့များတွင် ရှေ့စကားစု၏ အသိပေးမှုကို နောက်စကားစုတွင် ပါဝင်သော အသိပေးမှုက အနက်အဓိပ္ပာယ် လေးနက်လာအောင် တွန်းအားပေးသော အဖွဲ့မျိုးပင် ဖြစ်သည်။ စာဖတ်သူ၏ စိတ်အသိကို တွေဝေမနေစေဘဲ အဆုံးသတ် ရလာဒ်ကို သတိပေးလိုက်ခြင်းပင်သည် စာရေးသူ ဆိုလိုချင်သည့် အဓိပ္ပာယ်ကို တိုက်ရိုက် ပို့ဆောင်နိုင်စေသည်။

## ၃၊၈။ ပုံစံတူထပ်၍ပြောခြင်း[၂]

သဘောချင်း၊ အရေးပါမှု အတိုင်းအဆချင်း တူညီသော စကားလုံး ဝေါဟာရများကို ထပ်ကျော့၍ ရေးခြင်းမျိုး ဖြစ်သည်။ ထိုကဲ့သို့ အပြိုင်အဖွဲ့များကို ထပ်ကျော့၍ ရေးသားခြင်းသည် ဘာသာစကား၏ သွင်ပြင်လက္ခဏာ တစ်ခုဖြစ်သည်။ ထိုသို့ ဖွဲ့ဆိုခြင်းသည် နှစ်သက်ဖွယ်ဖြစ်ပြီး ထင်ရှားလိုသော၊ စာရေးသူ ဆိုလို ချင်သော အကြောင်းအရာ အချက်အလက်ကို ဦးစားပေးဖွဲ့သော ပုံစံဟု ဆိုနိုင်သည်။

### (က) အစ စကားလုံးထပ်ခြင်း[၃] (က.......) (က..........)

ထိုပုံစံတွင် စကားလုံး (သို့မဟုတ်) စကားစုများသည် အစနေရာ၌ လာတူ နေခြင်းဖြစ်သည်။

(၁) “စကား၊ စကားပြောပါများ
စကားထဲက၊ ဇာတိပြ
တရား၊ တရားဟောပါများ
တရားထဲက ပါဠိရ”

(၂) “သူတော်ကောင်းတို့သည်
သူတော်ကောင်းတရားကို
သူတောင်ကောင်းတို့နှင့် နှီးနှောဟောပြောရာ၏”

[၁] တိလောက၊ အရှင်၊ ၃၉။
[၂] Repetition Parallelism
[၃] Anaphora

**(ခ) အစနှင့်အလယ်စကားလုံးထပ်ခြင်း (က ... ခ ... ) (က ... ခ ... )**

ဤပုံစံတွင် စကားလုံးများသည် စာကြောင်း၏ အစနှင့် အလယ်တွင် တူညီအောင် ရေးဖွဲ့ထားသည့် ပုံစံဖြစ်သည်။

(၁) "ရုပ်လှဖို့ထက် စိတ်လှဖို့ အရေးကြီးတယ်
ရုပ်ချောဖို့ထက် စိတ်ချောဖို့က အရေးကြီးတယ်
ရုပ်သန့်ဖို့ထက် စိတ်သန့်ဖို့က အရေးကြီးတယ်
ရုပ်ပြင်ဖို့ထက် စိတ်ပြင်ဖို့က အရေးကြီးတယ်"[၁]

(၂) "အနေတတ်မှ၊ အသေမြတ်မည်။
အနေအေးမှ၊ အသေအေးမည်။
အနေကောင်းမှ၊ အသေကောင်းမည်။
အနေရှင်းမှ၊ အသေရှင်းမည်။"[၂]

**(ဂ) အဆုံးစကားလုံးထပ်ခြင်း[၃] ( .... က) ( .... က)**

ထိုပုံစံတူအဖွဲ့တွင် စကားလုံးများသည် စကားစု၏ နှစ်ဘက်စလုံးရှိ အဆုံးနေရာ၌ လာ၍ တူနေကြခြင်း ဖြစ်သည်။

"မတော်လျှူ
မျှော်လျှူ
ချော်လျှူ
အပျော်လျှူ"[၄]

"ရိုးရာဒါန
ရောရာဒါန
သဘောပါဒါန
သံဃာဒါန"[၅]

---

[၁] တိလောက၊ အရှင်၊ ၈၄။
[၂] အာစာရ၊ (အရှင်)၊ ၂၀၁၂၊ ၁၀၉။
[၃] Epistrophe
[၄] အာစာရ၊ အရှင်၊ ၂၀၁၂၊ ၄၉။
[၅] အာစာရ၊ အရှင်၊ ၂၀၁၂၊ ၅၀။

စကားစု၏ အဆုံးတွင် အဓိက ဆိုလိုချင်သည့် စကားလုံးကို နောက်ဆုံးမှာ ထပ်ကျော့သုံးခြင်းကြောင့် အဓိပ္ပာယ်မှာ ပိုမိုထင်ရှားလာသည်ကို တွေ့ရသည်။

ထို့ကြောင့် ပုံစံတူ အပြိုင်အဖွဲ့များသည် စာပေ၏ ကြန်အင်လက္ခဏာ တစ်ခု ပင်ဖြစ်သည်။ မြန်မာဘာသာစကားနှင့် စာပေတွင် လုပသော ပုံစံတူ အပြိုင်အဖွဲ့ များစွာကို ဖန်တီးသုံးလာခြင်းကြောင့် ရေးဟန်နယ်ပယ်တစ်ခုအဖြစ် သတိပြုမိနိုင် ပါသည်။ သို့သော် ပုံစံတူစကားစုများဖြင့် ဖွဲ့ထားသော အဖွဲ့များကို နေရာတိုင်းတွင် ပို၍ရေးသားမည်ဆိုလျှင်လည်း သဘာဝကျမည်မဟုတ်ပါ။ ထွင်ရေးသည်ဟု ထင်လာ နိုင်သည်။ စာဖတ်သူအတွက် ငြီးငွေ့သွားနိုင်သည်။ သို့သော် စာဖတ်ပရိသတ် နားလည်ရန် ခက်ခဲနိုင်သည့်အခါမျိုးနှင့် မိမိဆိုလိုချက်ကို အလွယ်တကူ ဖော်ပြရန် လိုအပ်သော အခါမျိုးကျမှ သုံးခြင်းသည်သာလျှင် ထိရောက်သော ရေးဟန်တစ်ခုဟု ဆိုရမည် ဖြစ်သည်။ သို့မှသာ စာဖတ်သူ အနေနှင့်လည်း ပို၍ အာရုံစိုက်မိနိုင်ဖွယ် ရှိပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ဓမ္မစကားပြေစာပေကို ရေးဟန်ပညာရှုထောင့်မှ လေ့လာ၍ အပြိုင်အဖွဲ့ ပုံစံများကို ဖော်ထုတ်တင်ပြခဲ့ပါသည်။ ဓမ္မစာပေများ ရေးသားရာတွင် ပါဠိအသုံးများကို ထည့်လျှင် ဂုဏ်ရှိသည်ဟု တချို့က ယူဆသည်။ သို့သော် ဗုဒ္ဓ ဘာသာဝင်လူတို့သည် ဘာသာတရားကို အကြားအသိဖြင့် သိထားပြီဖြစ်သော်လည်း စာပေ၏အမြင်အသိမှာ အများအားဖြင့် အားနည်းတတ်ပါသည်။ စာရေးသူတို့သည် ဘာသာတရား၏ သိမ်မွေ့နက်နဲမှု၊ ဆုံးမမှု၏ ထိရောက်မှုကို ပို၍ပို့ဆောင်ပေး ချင်သည်။ သိစေချင်သည်။ ထို့ကြောင့် ပါဠိအသုံးများထက် မြန်မာစကားပြေ သက်သက်ဖြင့် ရေးလာကြခြင်း ဖြစ်သည်။ မြတ်စွာဘုရား၏ ဆုံးမမှုကို လွယ်ကူ မြင်သာအောင် စာရေးသူ ရည်ညွှန်းချင်သည့် အချက်လေးများနှင့် ပုံစံတူ အပြိုင်အဖွဲ့ လေးများကို အသုံးချသောကြောင့် စာဖတ်ပရိသတ်၏ စိတ်အာဟာရကို သဒ္ဒါအရရော၊ အဓိပ္ပာယ်အရပါ မှတ်သားရလွယ်သော အဖွဲ့များအဖြစ် ပေးစွမ်းနိုင်ခဲ့ပါသည်။ ထို့ပြင် ခက်ခဲသော လောကုတ္တရာတရားများကို လောကီဟူသော ရေးဟန်အတတ်ပညာဖြင့် ဖန်တီးနိုင်ခြင်းသည်ပင် ဘာသာစကားဆက်သွယ်မှု လွယ်ကူစေရုံမျှမက အသိပညာ တိုးပွားနိုင်မှုကိုပါ ပေးစွမ်းနိုင်သည်ဟု ယုံကြည်မိပါသည်။

## နိဂုံး

ဤသုတေသန လေ့လာမှုသည် မြန်မာစာပေ သင်ကြားမှုအတွက်သော်လည်းကောင်း၊ မြန်မာစာပေ လေ့လာမှုအတွက်သော်လည်းကောင်း လိုအပ်သောနယ်ပယ်တစ်ခုအဖြစ် ဖော်ထုတ်ပေးရာရောက်သည်ဟု ယူဆပါသည်။ ထို့ပြင် စာရေးသူ၏ ဖန်တီးနိုင်မှုနှင့်အတူ စာဖတ်သူတို့အား လိုက်နာနိုင်မှုအား ထိန်းသိမ်းရန်နှင့် ညီမျှသော အတွေးအခေါ်များ ဖန်တီးပေးရာ၊ ဖော်ထုတ်ပေးရာ ရောက်သည်ဟု ယူဆမိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ မောင်၊ ဓနုဖြူ။ (၁၉၉၇)။ ***စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း***။ ရန်ကုန်၊ အားမာန်သစ်စာပေ။

ခင်မင်၊ မောင်၊ ဓနုဖြူ။ (၂၀၀၃)။ ***ငယ်ပေါင်းကြီးဖော် မြန်မာစာနှင့် အရေးအသား ပြဿနာများ*။** ရန်ကုန်၊ ကောင်းသန့်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်၊ ဓနုဖြူ။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချို။

စီစီဝင်း (ဒေါ်)။ ***မြန်မာစကားပြေစာတမ်းများ၊*** ဒုတိယတွဲ။ ရန်ကုန်၊ စာပေဗိမာန်။

တိလောက (အရှင်)။ ***ရှာဖွေခြင်းနှင့် ရရှိခြင်း*။**

မြန်မာနိုင်ငံဗုဒ္ဓသာသနာအဖွဲ့။ (၁၉၇၁)။ ***ဝိသုဒ္ဓိမဂ် မြန်မာပြန်၊*** စတုတ္ထတွဲ။ ရန်ကုန်။

ယောဆရာတော် (တိပိဋက)။ (၂၀၁၇)။ ***သတိမေတ္တာကောင်းစွာဖြည့်သွင်းတံတားခင်း***။ ရန်ကုန်၊ မြစ်သာပုံနှိပ်တိုက်။

လယ်တီဆရာတော်။ (၁၉၅၁)။ ***ဥတ္တမပုရိသဒီပနီ*။** ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သာမဏေကျော်။ (၂၀၀၃)။ ***သောကမီးအတွက်ရေ***။ ရန်ကုန်၊ သံလွင်ဦးပုံနှိပ်တိုက်။

အာစာရ (အရှင်)၊ ကံယုံ။ (၂၀၁၀)။ ***စိတ်အာဟာရ*။** ရန်ကုန်၊ ရာပြည့်စာပေ။

အာစာရ (အရှင်)၊ ကံယုံ။ (၂၀၁၁)။ ***အားမာန်မင်းသား***။ ရန်ကုန်၊ ရာပြည့်စာပေ။

အာစာရ (အရှင်)၊ ကံယုံ။ (၂၀၁၂)။ ***ဘာအရေးကြီးဆုံးလဲ***။ ရန်ကုန်၊ ရာပြည့်စာပေ။

အာစာရ (အရှင်)၊ ကံယုံ။ (၂၀၁၂)။ ***အမျိုးမှန်အဖိုးတန်***။ ရန်ကုန်မြို့၊ ရာပြည့်စာပေ။

## အင်္ဂလိပ်ဘာသာ

Leech, Geoffrey N, (1989), ***A Linguistic Guide to English Poetry***, London and New York, Longman.

Morner, Kathleen and Ralph Rausch, (1975), ***NTC's Dictionary of Literary Terms***, Lincolnwood (chicago), NTC Publishing Group.

Naw Ju Paw, (2004), ***Parallelism: a literary style of Bible***, Research Paper, English Department, Yangon University.

Soe Naing, Dr, (2009), ***A Style of Myanmar Proverbs and Sayings***, Department of West Yangon University.

Wales, Katies, (2001), ***A Dictionary of Stylistics***, 2nd Edition, Harlow, Pearson Education Limited.

# ခေတ်ပေါ်သီချင်းများ၏ အနက်ချဲ့ထွင်မှု

သန်းသန်းအေး*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် မြန်မာခေတ်ပေါ်သီချင်းများကို ရေးဖွဲ့ရာ၌ တင်စားကာ အနက်ချဲ့ထွင် ရေးဖွဲ့ပုံကို အတ္ထဗေဒရှုထောင့်မှ လေ့လာတင်ပြထားသည်။ ဘာသာစကားတစ်မျိုးဖြစ်သော ဂီတကိုရေးဖွဲ့ရာတွင် တေးရေးဆရာတို့သည် ဘာသာဗေဒယူနစ်များဖြစ်သော စကားလုံး၊ ပုဒ် စသည်တို့ကို အသုံးပြု၍ ရေးဖွဲ့ကြသည်။ ထိုယူနစ်တို့ကို အသုံးပြုရာတွင် စကား အဆက်အစပ်အရ တင်စားကာ အနက်ချဲ့ထွင်ရေးဖွဲ့လေ့ရှိသည်ကို တွေ့ရသည်။ တေးရေးဆရာတို့သည် တေးသီချင်းများကို ရေးဖွဲ့ရာတွင် အာရုံငါးပါး ခံစားမှုတို့ဖြင့် လည်းကောင်း၊ အရာဝတ္ထုတို့ဖြင့် လည်းကောင်း၊ အဖြစ်အပျက် အပြုအမူတို့ဖြင့် လည်းကောင်း တင်စားကာ အနက်ချဲ့ထွင် ရေးဖွဲ့ထားပုံတို့ကို တွေ့ရသည်။

**သော့ချက်စကားလုံးများ** – ***ခေတ်ပေါ်သီချင်း၊ တင်စား၊ အနက်ချဲ့ထွင်၊ အတ္ထဗေဒ၊ ဘာသာဗေဒ၊ စကားလုံး၊ ပုဒ်***

## နိဒါန်း

လူတို့၏ ဆက်သွယ်မှုကြားခံ[၁] သည် ဘာသာစကား[၂] ဖြစ်သည်။ ဘာသာစကားတွင် အနက်အဓိပ္ပာယ်[၃] ရှိသည်။ အဓိပ္ပာယ်ရှိ၍ တစ်ဦးပြောသည်ကို တစ်ဦးက နားလည်သဘောပေါက်ပြီး အပြန်အလှန် ဆက်သွယ်၍ရခြင်း ဖြစ်သည်။ ဘာသာစကားကို ဆက်သွယ်ရေးကြားခံအဖြစ် အသုံးပြုရာတွင် အပြောဘာသာစကား[၄] ကို လည်းကောင်း၊ အရေးဘာသာစကား[၅]ကို လည်းကောင်း အသုံးပြုကြသည်။ လူတို့သည် မိမိတို့၏ ရင်တွင်းခံစားချက်များကို နှုတ်မှဖွင့်ပြော၍ မရသည့်အခါ အရေးဘာသာစကားဖြင့် တေးသီချင်းများ ဖွဲ့သီ၍လည်း ပြောတတ်ကြသည်။ ထိုသို့ ဖွဲ့သီကြ

[၁] medium of communication

[၂] language

[၃] meaning

[၄] spoken language

[၅] written language

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်

ရာတွင် တေးရေးဆရာတို့သည် စကားလုံး [၁]၊ ပုဒ် [၂]၊ ဝါကျ [၃] တို့ကို အနက်ရိုး [၄] နှင့်မဟုတ်ဘဲ ခံစားချက်ပေါ်လွင်ထိမိစေရန် တင်စား [၅] ကာ အနက်ချဲ့ထွင် ရေးဖွဲ့လေ့ရှိကြသည်။ ထိုသို့ ရေးဖွဲ့လေ့ရှိပုံကို "ခေတ်ပေါ်သီချင်းများ၏ အနက်ချဲ့ထွင်မှု" ခေါင်းစဉ်ဖြင့် လက်လှမ်းမီရာ မြန်မာတေးသီချင်းများကို စုစည်းပြီး အနက်အဓိပ္ပာယ် လေ့လာမှုပညာ အတ္ထဗေဒ [၆] ရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

## ၁။ လေ့လာမှုနယ်ပယ်

လူအချင်းချင်း ပေါင်းသင်းဆက်ဆံကြရာတွင် အများသဘောတူ သတ်မှတ်ထားသည့် ဘာသာစကား သင်္ကေတ [၇] များကို အသုံးပြုကြသည်။

> "ဘာသာစကားဆိုသည်မှာ စကားသံများ (သို့) အရေးအသားပုံသဏ္ဌာန်များကို စကားလုံး၊ ဝါကျစသည်ဖြင့် အဆင့်ဆင့်အစီအစဉ်တကျ ဖွဲ့စည်းထားသော လူတို့၏ ဆက်သွယ်ရေးစနစ် ဖြစ်သည်။" [၈]

ဟု ဖွင့်ဆိုထားသည်။ ဘာသာစကားကို သိပ္ပံနည်းကျကျ လေ့လာသော ပညာရပ်သည် ဘာသာဗေဒ [၉] ပညာ ဖြစ်သည်။ ဘာသာဗေဒပညာရပ်ထဲတွင် ပညာရပ်ခွဲ များစွာ များစွာ ရှိသည်။ အတ္ထဗေဒသည် ဘာသာဗေဒ၏ ပညာရပ်ခွဲတစ်ခု ဖြစ်သည်။

### ၁.၁။ အတ္ထဗေဒလေ့လာမှု

အတ္ထဗေဒ၏ဟူသည် ဘာသာစကားအတွင်းရှိ အနက်အဓိပ္ပာယ်ကို လေ့လာသော ပညာရပ် ဖြစ်သည်။ အတ္ထဗေဒလေ့လာမှုနှင့် ပတ်သက်၍

---

[၁] word
[၂] phrase
[၃] sentence
[၄] connotative
[၅] metaphor
[၆] semantic
[၇] symbol
[၈] Richard, 1987, 196
[၉] linguistic

> "အတ္ထဗေဒသည် ဘာသာစကား၏ အစိတ်အပိုင်းများဖြစ်သော ရုပ်ရင်း၊ စကားလုံး၊ ပုဒ်၊ ဝါကျခွဲ၊ ဝါကျတို့၏ အနက် အဓိပ္ပာယ်ကို လေ့လာသော ပညာရပ်ဖြစ်သည်။"[၁]

ဟူ၍ လည်းကောင်း၊

> "အတ္ထဗေဒသည် စကားလုံးများ၊ ဝါကျများ၏ ဘာသာဗေဒ ဆိုင်ရာ အဓိပ္ပာယ်ကို လေ့လာသော ပညာရပ်ဖြစ်သည်။"[၂]

ဟူ၍ လည်းကောင်း ပညာရှင်များ ဖွင့်ဆိုကြသည်။

လူတစ်ဦးနှင့် တစ်ဦး ပြောဆိုဆက်ဆံကြရာတွင် တစ်ဦး ဆိုလိုသည့် အဓိပ္ပာယ်ကို တစ်ဦးက နားလည်မှသာ လူမှုဆက်ဆံရေး အဆင်ပြေနိုင်ပါသည်။ ထို့ကြောင့် လူမှုဆက်ဆံရေးတွင် အဓိပ္ပာယ်၏ အခန်းကဏ္ဍသည် ပါဝင်လာသည်။ အဓိပ္ပာယ်၏ အရေးပါပုံကို–

> "ဘာသာစကားတစ်ခုသည် အောင်မြင်သော ဆက်သွယ်ရေး ကိရိယာအဖြစ် အသက်ဝင် လှုပ်ရှားနေနိုင်ခြင်းမှာ အနက် အဓိပ္ပာယ် ရှိသောကြောင့် ဖြစ်သည်။"[၃]

ဟူ၍ လည်းကောင်း၊

> "ကမ္ဘာပေါ်၌ အဓိပ္ပာယ်မရှိသော ဘာသာစကား ဟူ၍ မရှိ စကောင်း၊ ဘာသာစကားမရှိသော အဓိပ္ပာယ် ဟူ၍လည်း မရှိ စကောင်း၊ ဘာသာစကားရှိသည်နှင့် အဓိပ္ပာယ်သည် ရှိရမည်သာ ဖြစ်ပါသည်။"[၄]

ဟူ၍ လည်းကောင်း မိန့်ဆိုကြပါသည်။

အနက်အဓိပ္ပာယ်ကို လေ့လာသည့်အခါ အဆက်အစပ်[၅] ၏ အခန်းကဏ္ဍ သည်လည်း အရေးပါသည်။ အဘယ့်ကြောင့်ဆိုသော် စကားလုံးတစ်လုံးကို ဝါကျ ထဲတွင် အသုံးပြုသည့်အခါ ထိုစကားလုံး၏ ရှေ့နောက်ဝဲယာရှိ စကားလုံးများနှင့် ဆက်စပ်၍ အသုံးပြုရသောကြောင့် ဖြစ်သည်။

---

[၁] ခင်အေး၊ ၂၀၀၄၊ ၁

[၂] Wales, 2001, 176

[၃] ခင်မင်၊ ၂၀၀၀၊ ၃။

[၄] ထွန်းမြင့်၊ ၁၉၉၅၊ ၁၁၁။

[၅] context

စကားအဆက်အစပ်နှင့်ပတ်သက်၍

> "စကားအဆက်အစပ်သည် စကားတစ်လုံး၏ ရှေ့နောက်ဝဲယာရှိ ဆက်စပ် အသုံးပြုထားသော စကားလုံး၊ ပုဒ် စသည်တို့ဖြစ်သည်။"[၁]

ဟူ၍ လည်းကောင်း၊

> "စကားစု (သို့) ဝါကျတစ်ခု၏ အဓိပ္ပာယ်သည် စကားလုံးများနှင့် စကားလုံးများ ပေါင်းစပ် တည်ဆောက်မှုတို့၏ အဓိပ္ပာယ်ပေါ်တွင် တည်သည်။"[၂]

ဟူ၍ လည်းကောင်း ဖွင့်ဆိုသတ်မှတ်ကြပါသည်။ ဤစာတမ်းတွင် အသုံးပြုထားသည့် တေးသီချင်းများပါ စကားလုံးတို့၏ အဓိပ္ပာယ်ကို ဖော်ဆောင်ရာတွင်လည်း စကားအဆက်အစပ်သည် အရေးပါသောကဏ္ဍတစ်ခု ဖြစ်သည်။

စကားလုံးများကို ရှိရင်းစွဲအဓိပ္ပာယ်အတိုင်း မဟုတ်ဘဲ အဓိပ္ပာယ်ပွားများဖြင့် သုံးသည်ကို ဘာသာစကား ပညာရှင်များက ဓလေ့သုံး[၃] စကားဟူ၍လည်းကောင်း၊ ဥပစာစကား ဟူ၍လည်းကောင်း ခေါ်ဝေါ်သမုတ်ကြပါသည်။

ဓလေ့သုံးစကားဟူသည် –

> "စကားလုံးတစ်လုံး၏ အဓိပ္ပာယ်သည် သုံးနေကျ အဓိပ္ပာယ်မျိုးအတိုင်း မဟုတ်ဘဲ ထူးခြားသော အဓိပ္ပာယ် ဖြစ်နေလျှင် သို့မဟုတ် တွဲသုံးနေကျဖြစ်သော စကားလုံးစု တစ်စု၏ အဓိပ္ပာယ်သည် ထိုစကားလုံးစုတွင် ပါဝင်သော စကားလုံးများကို တစ်လုံးစီ သီးခြားသုံးသည့်အခါ ရရှိသည့် အဓိပ္ပာယ်များအတိုင်း အလိုက်သင့်ကောက်ယူ၍ မရသော ထူးခြားသော အဓိပ္ပာယ် ဖြစ်နေလျှင် ထိုစကားလုံး သို့မဟုတ် စကားလုံးစုသည် ဓလေ့သုံးစကားပင် ဖြစ်သည်။"[၄]

ဟူ၍ လည်းကောင်း၊

---

[၁] ခင်အေး၊ ၂၀၀၄၊ ၉၉။

[၂] From Kin & Rodman, 1974, 11.

[၃] idiom

[၄] ခင်မင်၊ ၂၀၁၆၊ ၁၅။

"စကားစုတစ်ခု၏အဓိပ္ပာယ်ကို စကားလုံးများ မပေါင်းစပ်ဘဲ နှင့် အဓိပ္ပာယ်မဖော်နိုင်။ ပေါင်းစပ်ပြီးမှ အဓိပ္ပာယ် ဖော်နိုင်သည့် ကာလဒေသအလိုက် မူပိုင်ဖြစ်သော စကားဖြစ်သည်။"[၁]

ဟူ၍ လည်းကောင်း၊

ဥပစာစကားဟူသည်

"ရှိရင်းစွဲ အဓိပ္ပာယ်နှင့်မသုံးဘဲ ထူးခြားသော အဓိပ္ပာယ်နှင့် သုံးစွဲခြင်းသည် ဝေလေ့သုံးစကား၏ သဘောဖြစ်သည့်အလျောက် တင်စားသုံးနှုန်းသည့် သဘောမျိုးလည်း ပါဝင်မည် ဖြစ်သည်။ မြောက်မြားစွာသော ဝေလေ့သုံးစကားတို့သည် ပုံဖော်တင်စားမှု များမှ ဖြစ်ပေါ်လာကြသည်။ တင်စားသော စကားကို ဥပစာ ဟုခေါ်ကြသည်။"[၂]

ဟူ၍ လည်းကောင်း၊

"တစ်စုံတစ်ရာကို ရည်ညွှန်းသည့် သင်္ကေတကို အခြားတစ်စုံ တစ်ရာ အတွက် ရွှေ့ပြောင်းအသုံးပြုခြင်းပင် ဖြစ်သည်။"[၃]

ဟူ၍ လည်းကောင်း၊

"ဝါကျ၏ မူရင်းအဓိပ္ပာယ်အတိုင်း ကောက်ယူ၍ မရသည်ကို ဥပစာ ဟု ခေါ်သည်။"[၄]

ဟူ၍ လည်းကောင်း၊

ဥပစာ / အုပစာ / န – တင်စားသောစကား[၅]

ဟူ၍ လည်းကောင်း ဖွင့်ဆိုကြပါသည်။ တချို့သော တင်စားမှုများတွင် အနက် ကောက်ယူမှု မတူနိုင်သောကြောင့် အယူအဆ ကွဲပြားမှုများ ရှိနိုင်ပါသည်။

အထက်ပါ ဖွင့်ဆိုချက်များအရ ဘာသာစကားတွင်းရှိ စကားလုံး၊ ပုဒ်၊ ဝါကျ တို့၏ အဓိပ္ပာယ်ကို အဆက်အစပ်အရ သိနိုင်သည်။

---

[၁] Crystal, 2000, 189

[၂] ခင်မင်၊ ၂၀၁၆၊ ၁၈။

[၃] ခင်မင်၊ ၂၀၁၆၊ ၁၈။

[၄] Formkin & Rodman, 1974, 171

[၅] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၄၃၁။

## ၁၊၂။ တေးသီချင်းများ၏အခန်းကဏ္ဍ

ဂီတသည် ဘာသာစကား တစ်မျိုးပင် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ဘာသာစကားအားလုံးကို နားမလည်နိုင်ကြသော်လည်း ပြောဆိုသံကို နားထောင်ရုံဖြင့် ပြောနေသူ၏ စိတ်လှုပ်ရှားမှု၊ မောပန်းမှု၊ လွမ်းမောမှု၊ အပျော်၊ ဒေါသတို့ကို ခန့်မှန်းကြည့်နိုင်သည်။ ဂီတသည် လူအချင်းချင်း မည်သို့မည်ပုံ ဆက်သွယ်ပေးသည်ကို အတိအကျ ရှင်းပြရန် ခက်ခဲသော်လည်း လူသားတို့အကြား ဆက်သွယ်ပေးနိုင်သည်ကို လူတိုင်းသိကြသည်။

ဂီတနှင့်ပတ်သက်၍

> "ရှေးဂရိတွေက ဂီတကို နားဆင်ခြင်းဖြင့် ကလေးသူငယ်နှင့် လူငယ်လူရွယ်တို့၏ ကိုယ်ရည်ကိုယ်သွေးကို ဖွံ့ဖြိုးစေနိုင်သည်။ တစ်ချိန်တည်းမှာ ဆန့်ကျင်ဘက် ဂီတမျိုးဖြင့် ဆိုးသွမ်း ပျက်စီးစေနိုင်သည်ဟု ယုံကြည်ကြလေသည်။"[၁]

ဟူ၍ လည်းကောင်း၊

> "တရုတ်အတွေးအခေါ်ပညာရှင် ကွန်ဖြူးရှပ်ကတော့ ဂီတဆိုတာ ဖျော်ဖြေဖို့မဟုတ်။ လူတစ်ယောက်၏ စိတ်နှလုံးနှင့် အတွေးများကို သန့်စင်စေဖို့သာ ဖြစ်ရမည်ဟု ဆိုလေသည်။"[၂]

ဟူ၍ လည်းကောင်း၊

> "ဂီတသည် လူသားတို့က အားထုတ်ဖန်တီးခဲ့ကြသမျှတို့တွင် အရှုပ်အထွေးဆုံး၊ အသိမ်မွေ့ဆုံး၊ ဖမ်းစားနိုင်စွမ်း အရှိဆုံး ပညာရပ် ဖြစ်သည်။"[၃]

ဟူ၍ လည်းကောင်း၊

> "ဂီတဆိုတာ လူသားတို့ရဲ့ စိတ်လှုပ်ရှားမှုတွေကို ဖွင့်ဖော်ပြရာကနေ အခြေခံပြီး စတင်လာခဲ့တာပါပဲ။ လူသားတို့ရဲ့

---

[၁] နိုင်ဇော်၊ ၂၀၀၉၊ နိဒါန်း ၁။
[၂] နိုင်ဇော်၊ ၂၀၀၉၊ နိဒါန်း ၁။
[၃] နိုင်ဇော်၊ ၂၀၀၉၊ နိဒါန်း ၁။

> စိတ်လှုပ်ရှားမှုတွေကို အော်ဟစ်မြည်တမ်းလိုက်ရာက ဂီတမွေးဖွားလာခဲ့ရတယ်ဆိုတာ ဘာမှ သံသယဖြစ်နေစရာ မရှိပါဘူး။"[၁]

ဟူ၍ လည်းကောင်း၊ ဂီတနှင့်ပတ်သက်သော အယူအဆများကို တွေ့ရသည်။ ဂီတအနုပညာနှင့်ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)က

> "သီချင်းနားထောင်သူများ၏ စိတ်ထဲတွင် အေးငြိမ်းကြည်နူးသည့် အရသာ ပေါ်လာစေနိုင်သော သီချင်းများသည်လည်း နှစ်သက်စရာ ကောင်းလှပါသည်။"[၂]

ဟူ၍ လည်းကောင်း၊

> "အေးချမ်းကြည်နူးသော ခံစားမှုနှင့်အတူ လွမ်းဆွတ်ဖွယ် ခံစားမှု၊ တက်ကြွဖွယ် ခံစားမှုများ ပေးစွမ်းနိုင်သည့် သီချင်းများလည်း အများအပြား ရှိပါသေးသည်။"[၃]

ဟူ၍ လည်းကောင်း၊

> "ဒိဋ္ဌလောကမှာ ဆွေးမြည့်ကြေကွဲစွာ ခံစားရလျှင် အရသာ မပေါ်သော်လည်း သီချင်းနားထောင်ရာမှာတော့ ဆွေးမြည့် ကြေကွဲရင်း အရသာ ခံစားရသည်။"[၄]

ဟူ၍ လည်းကောင်း၊

> "အနုပညာလောကတွင် အနုပညာရှင်၏ ပြောင်မြောက်သော ဖန်တီးမှုကြောင့် ထိုအရသာများကို ပရိသတ်က နှစ်နှစ်သက်သက် ခံစားရမြဲ ဖြစ်ပါသည်။"[၅]

ဟူ၍ လည်းကောင်း၊ ဂီတ၏ အာနိသင်များကို ဖော်ပြထားပါသည်။ တေးသီချင်းရေးဖွဲ့သူနှင့် သီဆိုသူတို့၏ညီညွတ်မှုကြောင့် ကမ္ဘာပေါ်တွင် အောင်မြင်ကျော်ကြားလူကြိုက်များသော သီချင်းများစွာ ရှိပါသည်။ ထိုသို့အောင်မြင်ရခြင်းမှာ သီချင်းရေးဖွဲ့သူ၏ ဘာသာစကား ကျွမ်းကျင်နိုင်နင်းမှု၊ သီဆိုသူ၏ အသံကာရန် ပီပြင်မှု

---

[၁] နိုင်ဇော်၊ ၂၀၀၉၊ နိဒါန်း ၁။
[၂] ခင်မင်၊ ၂၀၁၆၊ ၈၁။
[၃] ခင်မင်၊ ၂၀၁၆၊ ၈၅။
[၄] ခင်မင်၊ ၂၀၁၆၊ ၈၈။
[၅] ခင်မင်၊ ၂၀၁၆၊ ၉၁။

တို့ကြောင့် ဖြစ်ပါသည်။ ဤစာတမ်းတွင် ဘာသာစကားကျွမ်းကျင်မှုကို လေ့လာတင်ပြထားပါသည်။

## ၂။ တေးသီချင်းရေးဖွဲ့မှုနှင့် အဓိပ္ပာယ်လေ့လာမှု

တေးရေးဆရာတို့သည် လူတို့၏ အာရုံခံစားမှုဆိုင်ရာ စကားလုံးတို့ကို အကြောင်းအရာ အဖြစ်အပျက်တို့ပေါ်တွင် မူတည်၍ တင်စားကာ အနက်ချဲ့ထွင်ရေးဖွဲ့လေ့ရှိကြသည်။ ထိုသီချင်းများစွာထဲမှ အချို့ကို ရွေးထုတ်ကာ ဤစာတမ်းတွင် လေ့လာတင်ပြထားသည်။

### ၂၊၁။ အာရုံငါးပါးနှင့် တင်စားရေးဖွဲ့မှု

တေးရေးဆရာတို့သည် အဆင်း၊ အနံ့၊ အရသာ၊ အကြား၊ အတွေ့အထိ ဟူသော အာရုံငါးပါး ခံစားမှုတို့နှင့် တေးသီချင်းတို့ကို အနက်အဓိပ္ပာယ် ချဲ့ထွင်ကာ ရေးဖွဲ့လေ့ ရှိကြပါသည်။

တေးရေး အင်ႇ တေးဆို မျိုးကြီးတို့၏ "အစိမ်းရောင်လမ်း" သီချင်းတွင်

"တို့အချစ် မနက်ခင်းကား အစိမ်းလိုက် ကျကွဲ"

ဟု ရေးဖွဲ့ထားသည်။ ထိုသီချင်းတွင် ချစ်သူနှစ်ဦး ချစ်စခင်စအချိန်တွင် ချစ်သူမိန်းကလေးက ခွဲခွာသွားသည့်အကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ချစ်သူနှစ်ဦး ချစ်ခင်နေသည့်အချိန်ကို လူသားတို့ အားအင်ပြည့်ဝလန်းဆန်းတက်ကြွချိန် ဖြစ်သည့် "မနက်ခင်း" နှင့် တင်စားရေးဖွဲ့ထားသည်။ ထိုချစ်ခင်မှုများ ရုတ်တရက် ပျက်ပြယ်သွားသည့်သဘောကို "အစိမ်းလိုက်ကျကွဲ" ဟူ၍ ရေးဖွဲ့ထားသည်။ အချိန်မတန်သေးခင် ကွဲကွာခဲ့ရသည့် အနက်သဘောကို ပေါ်လွင်စေသည့် တင်စားမှုမျိုး ဖြစ်ပါသည်။ ထိုသီချင်းထဲတွင်ပင်

"နင်ခြယ်တဲ့ အစိမ်းရောင်လမ်း"

ဟု ရေးဖွဲ့ထားသည်ကိုလည်း တွေ့ရသည်။ "အစိမ်းရောင်"ကို ရက်စက်ခြင်း၊ စိမ်းကားခြင်း၊ ခွဲခွာခြင်း အနက်သဘောဖြင့် လည်းကောင်း၊ "လမ်း"ကို ရွေးချယ်မှုအဖြစ် လည်းကောင်း တင်စားရေးဖွဲ့ထားသည်ကို တွေ့ရသည်။

တေးရေး ဇဝါ၊ တေးဆို မျိုးကြီးတို့၏ "အလွမ်းနာ" သီချင်းသည် ချစ်သူနှင့် ခွဲခွာပြီးနောက် ခံစားရသည့် ခံစားမှုကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းထဲတွင်

"အသည်းအပျက်ကြီးနဲ့ ငါဘယ်လို အသက်ဆက်မလဲ"

ဟု ရေးဖွဲ့ထားသည်။ ခံစားမှု နှင့်ပတ်သက်၍ ရေးဖွဲ့သည့်အခါ အသည်းကွဲသည်၊ အသည်းနာသည် စသည်ဖြင့် ရေးဖွဲ့လေ့ ရှိခဲ့ကြသော်လည်း ထိုသီချင်းထဲတွင် "အသည်းအပျက်ကြီးနဲ့"ဟု ရေးဖွဲ့ထားသည်။ အရာဝတ္ထုများတွင်သုံးသည့် ပျက်စီးခြင်း အနက်သဘောကို မနှစ်သက်ခြင်း ခံစားမှုတွင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

တေးရေး၊ တေးဆို ဝန၏ "ပစ်မှတ်" သီချင်းသည် ချစ်သူ မိန်းကလေး မျက်နှာများသည့်အကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းတွင်

"မနေ့က တွေ့တော့ အလန်းဇယားနဲ့ ဒီနေ့ တွေ့တော့ ဘဲအပုပ်ကြီးနဲ့ဟ"

ဟု ရေးဖွဲ့ထားသည်။ မနေ့က မိန်းကလေးနှင့်တွဲ၍ တွေ့ရသူသည် ခေတ်မီ စမတ်ကျ လိုက်ဖက်ညီသူဖြစ်ကြောင်းကို "အလန်းဇယား" နှင့်ဟူသော ဗန်းစကားနှင့် ရေးဖွဲ့ထားပြီး ယနေ့တွေ့ရသူသည် ယုတ်ညံ့သော လက္ခဏာရှိပြီး လိုက်ဖက်ညီသူ မဟုတ်ကြောင်းကို "ဘဲအပုပ်ကြီး" ဟု ဗန်းစကားကို မကောင်းသော အနံ့ အရသာနှင့်တွဲကာ မနှစ်သက်ခြင်း ခံစားမှုသဘောကို ပေါ်လွင်အောင် တင်စား ရေးဖွဲ့ထားပါသည်။

တေးရေး မြင့်မိုးအောင်၊ တေးဆို မျိုးကြီးတို့၏ "အပြာရောင်ည" သီချင်းသည် ချစ်သူနှင့် ပြန်လည်ဆုံစည်းခွင့်ရ၍ ပျော်ရွှင်စရာ ဖြစ်ခဲ့ရသည့် ညလေးတစ်ည အကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

"အပြာရောင်အချစ်ည၊ မင်းလှမ်းကြည့်စမ်း၊ မိုးကောင်းကင်ထက် များတဲ့ တို့အချစ်များ၊ ကြယ်စင် အားလုံးထက် လင်းတဲ့ တို့အချစ်များ အပြာရောင် အချစ်ညကမ္ဘာမှာ"

ဟု ရေးဖွဲ့ထားသည်။ "အပြာရောင်"ကို ငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်း၊ ပျော်ရွှင်စွာ ဆုံစည်းခြင်း ဟူသည့် အနက်သဘောများဖြင့် တင်စားရေးဖွဲ့ထားသည်ကို တွေ့ရသည်။

တေးရေး လင်းလင်း၊ တေးဆို အငဲတို့၏ "ငရဲတစ်ပိုင်း" သီချင်းသည် ဘဝ၏ မွန်းကြပ်မှုများကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

"ကျန်ရစ်ခဲ့တဲ့ စိတ်ကူးများဟာ မွဲခြောက်ခြောက်ပါ"

"ကြုံတွေ့ရတဲ့ နေ့များတိုင်းဟာ ကျွမ်းလို့ လှိုက်လောင်နေဆဲ မွန်းကြပ်လို့နေခဲ့ မွဲခြောက်ခြောက် ငါ့ဘဝ"

ဟု ရေးဖွဲ့ထားပါသည်။ ဘဝတွင် ပြည့်စုံမှု မရှိခြင်း၊ စိုပြည်သာယာမှု မရှိခြင်း အနက်သဘောကို အရောင်အဆင်း မေးမှိန်ခြောက်ကပ်ခြင်းနှင့် တင်စားရေးဖွဲ့ထားသည်။

တေးရေး တေးဆို ဝန၏ "နင်မရှိတော့ရင်" သီချင်းသည် ချစ်သူ ချန်ထားခဲ့၍ ပြန်လည် ချစ်ခွင့်ပန်ထားခြင်း ဖြစ်သည်။ ထိုသီချင်းတွင်

"အစိမ်းရင့်ရောင် မင်းမျက်ဝန်းက ငါ့ကို အခါးလွန်စေတယ်"

ဟု ရေးဖွဲ့ထားသည်။ စိမ်းကားခြင်းနှင့်အတူ ဒွန်တွဲပါလာတတ်သော စိတ်အစဉ်ကို ရက်စက်ခြင်း၊ စွန့်ခွာခြင်း အနက်သဘောကို "အစိမ်းရင့်ရောင်" နှင့် တင်စားရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းတွင်ပင်

"အစိမ်းရောင်ရင့်နေတဲ့ မင်းမျက်ဝန်းက ငါ့ကို အခါးလွန်
စေတယ် အရာရာအားလုံး အရသာမဲ့၊ အချိန်တွေတောင်
ခါးသက်သွားပြီကွယ်"

ဟု ရေးဖွဲ့ထားသည်။ ထိုအဖွဲ့ကြောင့် နာကျင်မှု ဖြစ်စေသည်။ အချိန်များသည်ပင် လျှင် အမူအကျင့် ကူးစက်သွားသည်ကို ပြနေသည်။ ချစ်သူ၏ မကြင်နာသော မျက်ဝန်းတစ်စုံကို မြင်ရခြင်းသည် အလွန်နာကျင်ခံစားရကြောင်းကို "အခါး" အရသာနှင့် တင်စားရေးဖွဲ့ထားသည်။ ထို့အတူ တွေ့ဆုံကြုံတွေ့ခဲ့ကြသော အချိန်များပင် နှစ်သက်ခြင်းသဘော ပျောက်ဆုံးသွားကြောင်းကို "ခါးသက်ခြင်း" ဟူသည့် အရသာနှင့် တင်စားရေးဖွဲ့ထားသည်ကို တွေ့ရသည်။

တေးရေး ကေအေတီ၊ တေးဆို ဝိုင်ဝိုင်း၏ "ဖြေသိမ့်လိုက်" သီချင်းသည် ဘဝ၏ အနိမ့်အမြင့် အတက်အကျ အချိုးအကွေ့များအကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းတွင်

"ကံကြမ္မာဆိုတာက ချိုတစ်လှည့် ခါးတစ်လှည့်"

ဟု ရေးဖွဲ့ထားသည်။ ဘဝတွင် ကြုံတွေ့ရသည့် ကောင်းသော အတွေ့အကြုံ ခံစားမှုများကို "ချိုသော" အရသာနှင့် တင်စားရေးဖွဲ့ပြီး အဆင်မပြေမှု၊ ခက်ခဲမှု စသည့် မကောင်းသော အတွေ့အကြုံ ခံစားမှုများကိုမူ "ခါးသော" အရသာနှင့် တင်စားရေးဖွဲ့ထားသည်။

တေးရေး ကေအေတီ၊ တေးဆို ဟန်ထွန်းတို့၏ "ရင်ခုန်ဘက်သို့ တမ်းချင်း" သီချင်းတွင်

"ငါနဲ့မင်းက ဘဝတူ ရင်ခုန်ဘက်လူ"

ဟု ရေးဖွဲ့ထားပါသည်။ ဘဝတွင် အေးအတူ ပူအမျှ အကောင်းအဆိုး ဟူသမျှ တို့ကို မျှဝေခံစားတတ်သူ၊ ခံစားချက်ချင်းတူသူ ဟူသည့် အနက်သဘောကို တေးရေး ဆရာက ကျစ်လျစ်သေသပ်သည့် စကားလုံးဖြင့် လှလှပပ ရေးဖွဲ့ထားသည်။ ဆိုးတူ ကောင်းဖက်၊ အဖော်အဖက်သဘောကို "ရင်ခုန်ဘက်" ဟု ကျစ်ကျစ်လျစ်လျစ် ရေးဖွဲ့ ထားသည်။

တေးရေး လင်းလင်း တေးဆို ဂျီလတ်တို့၏ "တစ်ကိုယ်စာ အတွေး" သီချင်းသည် ဘဝတွင် တွေ့ကြုံရသည့် အခက်အခဲများ အကြောင်းကို မစဉ်းစားဘဲ အိပ်စက်ရန် တိုက်တွန်းရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းထဲတွင်

> "အရှုံးပေးတဲ့ အိပ်စက်ခြင်းမှာ အိပ်စက်တယ် နူးညံ့တဲ့ ဒုက္ခအသိ
> တွေနဲ့ ဖြစ်သမျှ အရာရာ"

ဟု ရေးဖွဲ့ထားသည်။ အဓိပ္ပာယ် ဆန့်ကျင်ဘက်ဖြစ်သော စကားလုံးနှစ်ခုကို ပေါင်းစပ်၍ ဆင်းရဲပင်ပန်းမှုကို နှစ်သက်စွာ ခံယူသည့် အနက်သဘောဖြင့် တင်စားရေးဖွဲ့ထားသည်။ ထို့အပြင် ဝါကျနှစ်ကြောင်း အစစကားလုံးများကို နေရာ ပြောင်းကြည့်ခြင်းဖြင့် အနက်ချဲ့ထွင်မှုကို ထင်ရှားလာစေပါသည်။

အာရုံငါးပါး ခံစားမှုကို တင်စားရေးဖွဲ့ရာတွင် အဆင်း၊ အနံ့၊ အရသာ စသည့် အာရုံခံစားမှုဆိုင်ရာ စကားတို့ကို ထိထိမိမိနှင့် တင်စားကာ အနက်ချဲ့ထွင် သုံးနှုန်းထားသည်ကို တွေ့ရသည်။

## ၂.၂။ အရာဝတ္ထုများနှင့်တင်စားရေးဖွဲ့မှု

တေးရေးဆရာတို့သည် မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုတို့နှင့် တင်စား၍ လည်း ရသခံစားမှု ပေါ်လွင်အောင် သီကုံးရေးဖွဲ့လေ့ ရှိကြသည်။

တေးရေး မြင့်မိုးအောင်၊ တေးဆို အငဲတို့၏ "စိတ္တဇကား" သီချင်းသည် ဘဝဖြတ်သန်းပုံကို ကားနှင့် တင်စားရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းထဲတွင်

> "မတားနဲ့ ငါ့ရဲ့ စိတ္တဇကား မိုင်ကုန်အောင် ငါမောင်းခဲ့ လောက
> အချိန်မှန်အချက်တွေ ပြနေခဲ့ အသက်မဲ့မနေချင်ဘူး၊
> မလိုချင်ဘူး သံပတ်ကုန်တဲ့ဘဝများ
> ချန်ရစ်ထားခဲ့လိုက်ချင်တယ်"

ဟူ၍ ရေးဖွဲ့ထားသည်။ အတွေးသစ် အမြင်သစ်များဖြင့် ဘဝကို တိုးတက်အောင် လုပ်ချင်သည့် စိတ်ဓာတ်ကို "ကား"နှင့် တင်စားကာ ရေးဖွဲ့သည်။ အတွေးဟောင်း

အမြင်ဟောင်းများဖြင့် တိုးတက်မှု မရှိသည့်ဘဝများကို "သံပတ်ကုန်တဲ့ဘဝ" ဟု ရုပ်တုံ့နေသည့်သဘောနှင့် တင်စားရေးဖွဲ့ထားပါသည်။

တေးရေး မြင့်မိုးအောင်၊ တေးဆို ဟန်ထွန်းနှင့် တင်ဇာမော်တို့၏ "အိမ်" သီချင်းသည် ချစ်သူနှစ်ဦး မည်သည့်အခက်အခဲ အမျိုးမျိုးပင် ကြုံတွေ့ပါစေ အတူတူ ဖြေရှင်းပြီး အချစ်ပြယ်ခြင်း မရှိရန် ဆုတောင်းထားသော သီချင်းလေး ဖြစ်သည်။ ထိုသီချင်းတွင်

"မပြိုပါနဲ့ အချစ်အိမ်လေး
အတူတူသာ တို့ဆုတောင်းနေ
မပြိုပါနဲ့ အချစ်အိမ် အချစ်အိမ်လေး"

ဟု ရေးဖွဲ့ထားသည်။ ချစ်သူနှစ်ဦး တည်ဆောက်မည့် ချစ်ခြင်းဟူသော အဆောက် အအုံသည် မပျက်စီးပါစေနှင့်ဟု ဆုတောင်းပုံကို နေစရာ "အိမ်" နှင့် တင်စားကာ ရေးဖွဲ့ထားသည်။

တေးရေး တေးဆို နော်နော်၏ "ဘွဲ့" သီချင်းသည် ချစ်သူနှစ်ဦး၏ ဖြူစင်သော ချစ်ခြင်းများအကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ထိုသီချင်းထဲတွင်

"ကြင်နာခြင်းနဲ့ တည်ဆောက်တဲ့
တို့နှစ်ယောက်ရဲ့အသိုက်ဟာ ခိုင်မြဲ
ဟန်ဆောင်ခြင်းတွေ မရှိဘူးပေါ့"

ဟု ရေးဖွဲ့ထားသည်။ ထို့ကြောင့် တစ်ဦးတည်း မဟုတ်တော့သည့် ချစ်သူနှစ်ဦး၏ အစုအဝေး၊ အစုအဖွဲ့ ဖြစ်သည့် ချစ်ခြင်းအစုအဝေးကို အသိုက်နှင့် တင်စားကာ ရေးဖွဲ့ထားသည်ကို သိနိုင်ပါသည်။

ချစ်ခြင်းမေတ္တာတရားများ စုစည်းတည်မှီရာကို တေးရေး မြင့်မိုးအောင်က "အချစ်အိမ်လေး" ဟု သိမ်မွေ့စွာ နှစ်သက်ဖွယ် ရေးဖွဲ့သည်။ တေးရေး တေးဆို နော်နော်က "တို့နှစ်ယောက်ရဲ့အသိုက်" ဟု ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

တေးရေး တေးဆို နော်နော်၏ "ဆက်သွယ်မှုဧရိယာပြင်ပ" သီချင်းသည် စိတ်သဘောထား မတိုက်ဆိုင်၍ ဝေးဝေးနေချင်သည့် အကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းသည်

"ဝေးလေကောင်းလေ အဝေးကို ငါထွက်ပြေးမလို့

ဆက်သွယ်မှု ဧရိယာပြင်ပသို့"

ဟု ရေးဖွဲ့ထားသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖုန်းဆက်သွယ်ရေးလိုင်းများ မကောင်းသည့်အခါ ပြန်လည်ဖြေကြားသည့်စကားကို ချစ်သူနှင့် အဆက်အသွယ် မရလိုသည့် ခံစားမှုတွင် တင်စားကာ ရေးဖွဲ့ထားသည်။

တေးရေး ဇဝါ၊ တေးဆို ဝိုင်းစုခိုင်သိန်း၏ "အပြစ်မမြင်" သီချင်းသည် ချစ်သူ၏အပြစ်များကို သိရသော်လည်း အပြစ်မမြင်ဘဲ ခွင့်လွှတ်ကာ ချစ်နေမိသည့် အကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုသီချင်းတွင်

"ချစ်သူ ဘေးနားမှာ နေတဲ့ခဏ
နူးညံ့နွေးထွေးသလို အကြည့်လေးများထဲ
တင်းတားမယ် တို့စိတ်ကူးတွေ အခိုးအငွေ့ ဖြစ်ကာရယ်
နှလုံးသားဟာ ပန်းလိုကြွေကျတယ်"

ဟု ရေးဖွဲ့ထားသည်။ ချစ်သူ၏ အပြစ်များကို သိရ၍ စိတ်ဆိုးကာ ခပ်တင်းတင်း နေမည်ဟု စိတ်တင်းထားသော်လည်း ချစ်သူ၏နွေးထွေးသည့် အကြည့်များကြောင့် တင်းထားသည့်စိတ်များ ပျော့ပျောင်းသွားရပုံနှင့် နူးညံ့စွာပန်းကလေးများ ကြွေကျပုံကို တင်စားကာ ရေးဖွဲ့ထားပါသည်။

တေးရေး ကေအေတီ၊ တေးဆို လေးဖြူတို့၏ "မံမီများ" သီချင်းသည် ချစ်ခြင်းမေတ္တာ၏ ခိုင်မြဲခြင်းသဘောကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုသီချင်းတွင်

"ရာစုများပြောင်းလဲသွား မံမီများတည်ရှိနေဆဲ
မြင်တွေ့နေကြ အမြဲတမ်းရှိတယ် မလွှင့်စင်ဘူး
ဒီချစ်ခြင်းများ မင်းလေးအတွက်ပေါ့"

ဟု ရေးဖွဲ့ထားသည်။ ချစ်သူအပေါ်ထားသည့် ချစ်ခြင်းမေတ္တာများ မပြောင်းလဲ ကြာရှည်ခိုင်မြဲသည့်သဘောကို နှစ်ပေါင်းများစွာ မပျက်မစီး တည်ရှိနေသည့် မံမီ ရုပ်အလောင်းများနှင့် တင်စားကာ ရေးဖွဲ့ထားခြင်း ဖြစ်သည်။

တေးရေး မောင်မောင်ဇော်လတ်၊ တေးဆို မျိုးကြီးတို့၏ "ကတ္တီပါလမ်းခွဲ" သီချင်းသည် စိတ်သဘောမတိုက်ဆိုင်၍ အေးချမ်းစွာ လမ်းခွဲခဲ့ကြသည့် ချစ်သူ နှစ်ဦးအကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ထိုသီချင်းတွင်

> "ဒီဘဝတော့ ဒီမျှနဲ့ ဓာတ်သိမ်းတစ်ခန်းရပ်ပြီး ရုပ်ကြွင်းတစ်ခု၊
> အိပ်မက်တစ်ခုလိုနော် ... ကတ္တီပါလမ်းခွဲ ငါနဲ့မင်းနဲ့ အပြီးသတ်
> နှုတ်ဆက်ချိန် ကတ္တီပါလမ်းခွဲ ဒါနောက်ဆုံးပဲ"

ဟု ရေးဖွဲ့ထားသည်။ ခိုက်ရန်ဒေါသများဖြစ်ပြီး ရန်လိုမုန်းထားခြင်းများ မပါဘဲ ညင်သာစွာဖြင့် နှစ်ဦးသဘောတူ ခွဲခွာခဲ့ကြသည်ကို နူးညံ့သည့် "ကတ္တီပါ" ထည်နှင့် တင်စားကာ ရေးဖွဲ့ခဲ့ပါသည်။

တေးရေး ငယ်ဆူးသစ် တေးဆို ဇော်ပိုင်တို့၏ "ပန်းကလေးရဲ့ချစ်သူ" သီချင်းသည် ချစ်သူနှင့် ခွဲခွာပြီးနောက် ဖြစ်ပေါ်လာသည့် ခံစားမှုကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

> "ဘယ်လိုလဲပြော ရင်ထဲကို ဝင်လာပြီး နှလုံးသားကို
> ချည်နှောင်ပြီး ချိုသာခွန်းဆိုသော အိုပန်းပွင့်လေးရေ"

ဟု ရေးဖွဲ့ထားခြင်းဖြစ်သည်။ ချစ်သူမိန်းကလေးက မိမိအား သူ့အပေါ် စွဲလမ်း နှစ်သက်အောင် စွဲဆောင်စည်းရုံး၍ မိန်းကလေးအပေါ် သံယောဇဉ်ခိုင်မြဲလာပုံကို "ချည်နှောင်" ဟူသော ကြိယာစကားလုံးနှင့် တင်စားရေးဖွဲ့ထားသည်။

တေးရေး လင်းလင်း၊ တေးဆို မျိုးကြီးတို့၏ "နေခဲ့တော့" သီချင်းသည် စိတ်သဘောထားချင်း၊ မတိုက်ဆိုင်၍ လမ်းခွဲခဲ့ကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းထဲတွင်

> "အတွေးဟောင်းများတော့ သန့်စင်အောင် ဂျီးချွတ်လိုက်"

ဟု ရေးဖွဲ့ထားသည်။ ပြောင်းလဲခြင်း အနက်သဘောကို "ဂျီးချွတ်လိုက်" ဟု ရေးဖွဲ့ ထားသည်။ အတွေးအခေါ်များ ပြောင်းလဲသင့်ကြောင်းကို မမြင်ရသည့်အရာကို မြင်ရသည့် အပြုအမူ လုပ်ဆောင်ချက်နှင့် တင်စားကာ ရေးဖွဲ့ထားသည်။

တေးရေး တေးဆို ဝေလ၏ "ကားစုတ်ကြီး" သီချင်းတစ်ပုဒ်လုံးသည် ခံစားမှုကို "ကား"၏ အခြင်းအရာများနှင့် တင်စားကာ အနက်ချဲ့ထွင် ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ချစ်သူမိန်းကလေး၏ မျက်နှာများသည့် အပြုအမူများကို ခရီးသည်တင် ဘတ်စ်ကားနှင့် တင်စားကာ ရေးဖွဲ့ထားသည်။

လိုင်းကားများတွင် စပယ်ယာများက ခရီးသည်များလိုက်အောင် နေရာရှိတယ်၊ ထိုင်စီးရမယ်၊ ချောင်တယ် စသည်ဖြင့် အော်ခေါ်ကာ လူများကို အပြည့်အကြပ်

တင်ဆောင်ပုံနှင့် ချစ်သူ မိန်းကလေး၏ပြုမူပုံသည် ထိုသဘောအတိုင်းပင် ဖြစ်ပုံကို တင်စားကာ

"စပယ်ယာတွေလို အော်ခေါ်ပြီး အကြင်အနာတွေကို
တပြုံတမကြီး ရင်ခွင်အလယ်မှာ ချောင်တယ်ဆိုပြီး
အတင်းသွတ်သွင်းသေးသည်"

ဟူ၍ လည်းကောင်း၊

ချစ်သူမိန်းကလေးသည် ယောကျ်ားလေးများကို အထာပေး မြူဆွယ်နေပုံကို ဘတ်စ်ကားများသည် လူမရသည့်အခါ မှတ်တိုင်တွင် ဆက်မမောင်းဘဲ လူရအောင် စောင့်တင်ပုံနှင့် တင်စားကာ

"နေရာတိုင်း လိုက်ထောက်တဲ့ ဘတ်စ်ကားလို
မင်းနှလုံးသားသည်"

ဟူ၍ လည်းကောင်း၊

မိန်းကလေး၏ ချစ်သူပေါ်များရှုပ်ပွေမှုကို လိုင်းကားများတွင် လူများ ပြည့်ကြပ်ပြီး အထဲတွင် နေစရာမရှိသောကြောင့် ဘေးမှ တွယ်ကပ်စီးရပုံနှင့် တင်စားကာ

"အတွယ်တွေနဲ့ အာရုံနှောက်တယ်"

ဟူ၍ လည်းကောင်း၊

ချစ်သူမိန်းကလေးသည် ယောကျ်ားကလေး တစ်ယောက်ပြီးတစ်ယောက်နှင့် တွဲသွားတွဲလာနေပုံကို ဘတ်စ်ကားပေါ်မှလူများ ဆင်းလိုက်တက်လိုက် လုပ်ပုံနှင့် တင်စားကာ

"မင်းဘဝက ကားစုတ်ပြီး အတက်အဆင်းလည်း များနေပြီ"

ဟူ၍ လည်းကောင်း၊

ချစ်သူမိန်းကလေး တွဲသွားတွဲလာလုပ်နေသူများထဲတွင် ဆိုးသွမ်းသည့် သူများလည်း ပါဝင်နေကြောင်းကို ဘတ်စ်ကားများပေါ်၌ အလစ်သုတ် အချောင်သမား ခါးပိုက်နှိုက်များ ပါတတ်ပုံနှင့်တင်စားကာ

"ဆိုးသွမ်းပြီး အလစ်သုတ်တတ်တဲ့ ပိုးကောင်တွေလည်း
ရှိနိုင်သည်။"

ဟူ၍ လည်းကောင်း၊

ချစ်သူမိန်းကလေးသည် စဉ်းစားဆင်ခြင်ဉာဏ်မရှိ စည်းမရှိ ကမ်းမရှိ နေထိုင်ပုံကို စက်ပစ္စည်းများ ပျက်ယွင်းနေသည့် ဘတ်စ်ကားနှင့် တင်စားကာ

"ဘရိတ်မမိတဲ့ ကားစုတ်ကြီး ဗိုင်းရပ်တို့ ကိုက်နေပြီ"

ဟူ၍ လည်းကောင်း အနက်ချဲ့ထွင် ရေးဖွဲ့ထားပါသည်။

တေးရေး တေးဆို ပိုပို၏ "အရင်လိုပါပဲ" သီချင်းတွင် ချစ်သူနှင့် ပတ်သက်ခဲ့ဖူးသမျှသည် အချိန်တိုင်း ရင်ခုန်ခံစားနေရဆဲ ဖြစ်သည်ကို သစ်ခြင်း ဟောင်းခြင်း ဟူသည့် အရာဝတ္ထုများ၏ သဘောတရားနှင့် တင်စားကာ

"နာကျင်စရာများလည်း မဟောင်းနိုင်သေးဘူး
အချိန်နာရီတိုင်း ဟောင်းမသွားတဲ့ သတိရခြင်းများရယ်"

ဟူ၍ ရေးဖွဲ့ထားသည်။

တေးရေး ဆောင်းဦးလှိုင်၊ တေးဆို နီနီခင်ဇော်၏ "မျှော်လင့်ချက် တစ်စုံ တစ်ရာ" သီချင်းသည် ဘာမျှော်လင့်ချက်မျှမထားဘဲ ဘဝအခက်အခဲများကို အတူ လက်တွဲ ဖြေရှင်းရင်း ပေးဆပ်သွားသည့်အကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်း၌ ဘဝတွင်ကြုံတွေ့ရသော အခက်အခဲများကို ဆူးနှင့်တင်စားကာ

"အန္တရာယ်လည်း များပါစေ
ဆူးခင်းလမ်းတွေ ဖြစ်ပါစေ"

ဟူ၍ လည်းကောင်း၊

ဘဝတွင် အမြဲတမ်း ထိခိုက်နာကျင်မှုများနှင့် ကြုံတွေ့ရပြီး မချိမဆံ့ ခံစား ရပုံကို အရာဝတ္ထုပစ္စည်းများ ပွဲကြွေပုံနှင့် တင်စားကာ

"အချိန်တိုင်း ထိရှနာကျင်စေ
ရင်ဟာ ပွဲကြွေဝေဝါးလည်း"

ဟူ၍ လည်းကောင်း၊

ရှေ့ဆက်ရမည့် အနာဂတ်ဘဝခရီးများ မရေရာ၊ မသေချာဘဲ ဖြစ်နေသည်ကို အမှောင်နှင့် တင်စားကာ

"အနာဂတ်များ မှောင်မိုက်နေလည်း
ဒီဘဝထဲ လက်တွဲမဖြုတ်ဘဲနဲ့"

ဟု လည်းကောင်း ရေးဖွဲ့ထားပါသည်။

တေးရေး တေးဆို လွှမ်းပိုင်၏ "ကာဗွန်ဒိုင်အောက်ဆိုဒ်" သီချင်းသည် ချစ်သူမိန်းကလေးက ချစ်ခင်ဂရုစိုက်နေချိန်တွင် သူမ၏မေတ္တာ အတိမ်အနက်ကို မခံစားမိဘဲ မိမိအား စိတ်ကုန်၍ထားခဲ့ပြီး မိသားစုတစ်ခု တည်ဆောက်ပြီးချိန် ရောက်နေမှ သူမ၏မေတ္တာကို ပြန်လိုချင်မိသည့်အကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ သူ့အတွက် အချစ်က ဘာမျှအကျိုးမရှိကြောင်းကို ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်သည် လူသားတို့အတွက် အကျိုးမပြုကြောင်းနှင့် တင်စားကာ

"အချစ်က ငါ့အတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်"

ဟု ရေးဖွဲ့ထားသည်။

ခံစားမှုတို့ကို အရာဝတ္ထုတို့နှင့် တင်စားရေးဖွဲ့ရာတွင် မြင်သာထင်သာသည့် အရာဝတ္ထုတို့နှင့် တင်စားကာ အနက်ချဲ့ထွင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

## ၂၊၃။ အပြုအမူ အဖြစ်အပျက်များနှင့် တင်စားရေးဖွဲ့မှု

အပြုအမူ အဖြစ်အပျက်တို့နှင့် တင်စား၍လည်း တေးရေးဆရာတို့သည် တေးသီချင်းများ ဖွဲ့သီကြသည်။

တေးရေး အောင်ကိုမြင့်၊ တေးဆို ဂျီလတ်တို့၏ "ဘာတွေကို တောင်းဆိုလဲ" သီချင်းသည် ချစ်သူဆီမှ အချစ်တစ်ခုတည်းကိုသာ တောင်းဆိုခဲ့ကြောင်း ရေးဖွဲ့ထားသည့် သီချင်းဖြစ်သည်။ ထိုသီချင်းထဲတွင်

"တစ်နေ့ပြီးတစ်နေ့ တစ်ရွေ့ပြီးတစ်ရွေ့ ဘဝလမ်းထဲ
ရင်ခုန်သံကို ဦးညွှတ်ခဲ့ပါတယ်
တစ်ရက်ပြီးတစ်ရက် တစ်ရွက်ပြီးတစ်ရွက် ငါ့သမိုင်းထဲ"

ဟူ၍ ရေးဖွဲ့ထားသည်။ "ဘာတွေကိုတောင်းဆိုလဲ" သီချင်းပါ "ဦးညွှတ်" သည် ချစ်သူအပေါ်ထားသည့် သူ၏ ခံစားချက်များ၊ ချစ်ခြင်းများကိုသာ အလေးအနက် ထားကြောင်း တင်စားရေးဖွဲ့ထားခြင်း ဖြစ်သည်။

တေးရေး လင်းလင်း၊ တေးဆို မျိုးကြီးတို့၏ "ပြန်လာချိန်လေး" သီချင်းသည် မျက်နှာများခဲ့မိသူ၏ နောက်ဆုံးမျှော်လင့်ချက်ကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းထဲတွင်

"ရင်ထဲလမ်းရှင်းထားတယ်
တစ်သက်လုံး အေးချမ်းသွားမယ်
အကုန်လုံး ကျော်ခိုင်းထားတယ်
မင်းလေးတစ်ယောက်က လွဲရင်"

ဟူ၍ ရေးဖွဲ့ထားသည်။ ထိုအဖွဲ့များထဲမှ "ရင်ထဲ လမ်းရှင်းထားတယ်" ဟူသော အဖွဲ့သည် ဆိုလိုချက်ကို ကွက်ကွက်ကွင်းကွင်း သိမြင်နိုင်သည့် အဖွဲ့ကောင်းတစ်ခု ဖြစ်ပါသည်။ ရင်ထဲတွင် အခြားသောသူများနှင့် ပတ်သက်သည့် ခံစားမှုများ မရှိတော့ ကြောင်းကို "လမ်းရှင်းထားတယ်" ဟု ခရီးလမ်းကြောင်းကို ရှင်းလင်းထားသည် ဟူသော မြင်လွယ်သည့် ပတ်ဝန်းကျင်မြင်ကွင်းနှင့် တင်စားရေးဖွဲ့ထားပါသည်။

တေးရေး မင်းကိုနိုင်၊ တေးဆို မွန်းအောင် တို့၏ "သွေးမုန်တိုင်း" သီချင်း သည် စနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းရာတွင် အသက်များ စတေးရပုံကို ရေးဖွဲ့ ထားခြင်း ဖြစ်သည်။ ထိုသီချင်းတွင်

"ဟောင်းနွမ်းတဲ့အဆောက်အအုံတွေ ပြိုဖျက်ပစ်ဖို့
ဖောက်ပြန်တဲ့ လူတန်းစားတွေ တိုက်စားပစ်ဖို့
သွေးမုန်တိုင်း တိုက်ခတ်လေပြီ"

ဟု ရေးဖွဲ့ထားသည်။ ခေတ်ပြောင်းစနစ်ပြောင်းရန် ပြင်းပြင်းထန်ထန် တိုက်ပွဲဝင် ခဲ့ရပုံကို "မုန်တိုင်း" နှင့် တင်စားသကဲ့သို့ အသက်ပေါင်းများစွာ စတေးရပုံကို "သွေး"နှင့် တင်စားကာ "သွေးမုန်တိုင်း"ဟူသော စကားပေါင်းဖြင့် ပေါ်လွင်အောင် ရေးဖွဲ့ထားပါသည်။

တေးရေး ကျော်ကျော်ငြိမ်းချမ်း၊ တေးဆို မွန်းအောင် တို့၏ "ဒေါင်းတမန်" သီချင်းသည် ခေတ်သစ်စနစ်သစ်ထူထောင်ရန် အားပေးတိုက်တွန်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ထိုသီချင်းတွင်

"ပျံသာပျံပါ ခွပ်ဒေါင်းနီ မုန်တိုင်းမိုးထက်ဆီ
အရိုင်းအညစ်လေကြမ်း တိုးဖြတ်သန်းမည်
တော်လှန်ပန်းနီနီ အစဉ်သယ်ချီ"

ဟု ရေးဖွဲ့ထားသည်။ ခေတ်သစ်စနစ်သစ် တည်ထောင်သည့်အခါ အဖျက်အမှောက် သမားများ ရှိတတ်မြဲ ဖြစ်သည်။ ထိုအဖျက်သမားများကို "အရိုင်းအညစ်လေကြမ်း" နှင့်တင်စားရေးဖွဲ့ထားသည်။ ပန်းနီနီသည် အနက်ရိုးနှင့်ဆိုလျှင် အနီရောင်ပန်းသာ ဖြစ်သည်။ တော်လှန်နှင့် ပေါင်းစပ်၍ စကားပေါင်းအဖြစ် ဖွဲ့စည်းလိုက်သည့်အခါ

ဦးတည်ချက်၊ ရည်ရွယ်ချက်တစ်ခုကို ရဲရဲဝံ့ဝံ့ ဖြတ်ကျော်မည်ဟူသော အနက်သဘော သက်ရောက်သွားပါသည်။ ထိုအနက်သဘောကို "နီနီ" ဟူသော နာမ် အထူးပြု စကားလုံးဖြင့် တင်စားရေးဖွဲ့ထားခြင်း ဖြစ်သည်။

တေးရေး လင်းလင်း၊ တေးဆို မျိုးကြီးတို့၏ "နေခဲ့တော့" သီချင်းသည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ လမ်းခွဲခဲ့ကြောင်း ရေးဖွဲ့ထားသည်။ ထိုသီချင်း ထဲတွင်

"မီးမထွန်းတဲ့ မင်းအကြည့်တို့ဆေးကြောဦး"

"အနောက်ဘက်လမ်းထဲ မင်းတစ်ယောက်တည်းပဲနေခဲ့တော့"

ဟု ရေးဖွဲ့ထားသည်။ အမြင်မကြည်လင်ခြင်း အနက်သဘောကို မီးရောင်မရှိ၍ မှောင်နေခြင်း အနက်သဘောနှင့် တင်စားကာ ရေးဖွဲ့ထားသည်။ ထို့ပြင် အတွေးများ ခေတ်နောက်ကျသည့် အနက်သဘောကို "အနောက်ဘက်လမ်း"ဟု ဆင့်ပွား အဓိပ္ပာယ်ဖြင့် ချဲ့ထွင်ရေးဖွဲ့ထားသည်ကိုလည်း တွေ့ရပါသည်။

တေးရေး၊ တေးဆို စိုင်းစိုင်းခမ်းလှိုင်၏ "ရက်စက်မှုကြေကွဲ" သီချင်းသည် ချစ်သူမိန်းကလေးက အပြစ်ရှာလမ်းခွဲခဲ့ပုံကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ချစ်သူ မိန်းကလေးသည် ချစ်ခွင့်ပန်သူ နောက်တစ်ယောက် ရှိလာသည့်အခါ မိမိအား အသုံးမကျသူ၊ အရည်အချင်းမရှိသူဟု အပြစ်ရှာပြောကာ သူ့အနားကထွက်သွားအောင် လုပ်ခဲ့သည်ကို တစ်ခုခုအား အဝေးသို့ရောက်အောင် ပြုမူပုံနှင့် တင်စားကာ

"ဘာမဟုတ် ညာမဟုတ်ကောင်လို့ ပြောပြီး ခါထုတ်ခဲ့"

ဟူ၍ လည်းကောင်း

တွေ့လိုက်သည့်အခါတိုင်းတွင်လည်း စကားမပြောချင်မဆိုချင် ဖြစ်နေပုံကို

"တွေ့လိုက်တိုင်း ချောင်းဆိုးရင်ကျပ်တယ်"

ဟူ၍ လည်းကောင်း တင်စားကာ ရေးဖွဲ့ထားသည်။

တေးရေး ဆောင်းဦးလှိုင်၊ တေးဆို ဝိုင်းစုခိုင်သိန်း၏ "အလွမ်းတေးပန်းချီ" သီချင်းသည် ဝေးကွာနေသည့် ချစ်သူအား တမ်းတနေမိသည့်အကြောင်း ရေးဖွဲ့ ထားခြင်း ဖြစ်သည်။ ချစ်သူနှင့် ဝေးနေရ၍ အလွမ်းအဆွေး ခံစားနေရသည်ကို လောကကြီးကပါ ဝိုင်းဝန်းကရုဏာသက်ကာ ငိုကြွေးနေသည်ဟု တင်စားကာ

"အပြင်မှာ လောကကြီးတောင် ငိုနေပြီ
ချစ်သူအဝေးမှာ ဖြေစရာမရှိ"

ဟူ၍ ရေးဖွဲ့ထားပါသည်။

တေးရေး တေးဆို ရဲရင့်အောင်နှင့် သားသားတို့၏ "better than me" သီချင်းသည် ချစ်သူမိန်းကလေးက ထားခဲ့သည့် အကြောင်းကို ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ချစ်သူမိန်းကလေးက သူ့ဘဝ တိုးတက်ကောင်းမွန်ရန်အတွက် မိမိအား မည်သည့်အကြောင်းပြချက်မျှ မပြောဘဲ၊ ချန်ထားခဲ့သည်ကို အမှောင်နှင့်တင်စားကာ

"ကောက်ကျစ်လွန်းတဲ့ ကစားကွက်များနဲ့
အရှုံးလုပ်ခဲ့တယ်ပေါ့
နင်တောက်ပဖို့အတွက် မီးပိတ်ပြီးတော့
ထားရစ်ခဲ့ပြီပေါ့"

ဟု ရေးဖွဲ့ထားပါသည်။

တေးရေး တေးဆို ရွှေထူး၏ "တံခါးဖွင့်ထားတယ်" သီချင်းသည် မိမိအား ချန်ထားခဲ့သည့် ချစ်သူကို ပြန်လာရန် မျှော်လင့်စောင့်စားနေသည့် အကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ခွဲခွာသွားသော ချစ်သူမိန်းကလေးကြောင့် နာကျင်ခံစား ရသည့် ခံစားမှုများကို ပြေပျောက်စေရန်အတွက် ပြုမူသည်ကို အရာဝတ္ထုများ စုတ်ပြဲသည့်အခါ ဖာထေးပြုပြင်ပုံနှင့် တင်စားကာ

"ငါ့ဦးနှောက်ကတိများ လွမ်းနေတယ်
နှလုံးသားလေး ဖာဖို့အပ်တွေဝယ်"

ဟု ရေးဖွဲ့ထားသည်။

ခံစားမှုတို့ကို အပြုအမူ၊ အဖြစ်အပျက်တို့တွင် တင်စားရေးဖွဲ့ရာတွင်လည်း လူသားတို့ နေ့စဉ် ပြုမူကြုံတွေ့နေကြသည့် အပြုအမူ အဖြစ်အပျက် လောကခံတရား များနှင့် တင်စားရေးဖွဲ့ထားသည်ကို တွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

ခေတ်ပေါ်သီချင်းများတွင် အာရုံငါးပါးခံစားမှုများနှင့် တင်စားရေးဖွဲ့ထား ရာတွင် စိမ်းကားခြင်း ရက်စက်ခြင်းသဘောကို အစိမ်းရောင်ဖြင့် လည်းကောင်း၊

ငြိမ်းချမ်းခြင်း၊ ချစ်ခင်နှစ်သက်ခြင်းသဘောကို အပြာရောင်ဖြင့် လည်းကောင်း၊ ဘဝ၌ မပြည့်စုံခြင်းသဘောကို မွဲခြောက်ခြောက်အရောင်ဖြင့် လည်းကောင်း တင်စားကာ ရေးဖွဲ့ထားသည်။

ဘဝ၌ နာကျင်ခံစားရမှု၊ နိမ့်ကျမှုသဘောကို အခါးအရသာဖြင့် လည်းကောင်း၊ မြင့်တက်မှုသဘောကို အချိုအရသာဖြင့် လည်းကောင်း တင်စားကာ ရေးဖွဲ့ထားသည်။ အေးအတူ ပူအမျှ မျှဝေခံစားသည့်သူ့ကို "ရင်ခုန်ဘက်လူ" ဟူ၍ လည်းကောင်း၊ ချစ်ခြင်းကြောင့် ခံစားရသည့် ပင်ပန်းဆင်းရဲမှုကို "နူးညံ့တဲ့ ဒုက္ခအသိ" ဟူ၍ လည်းကောင်း ကျစ်လျစ်ထိမိစွာ တင်စားကာ အနက်ချဲ့ထွင် ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

သဘောတရားဆင်တူရာ အရာဝတ္ထုပစ္စည်းများနှင့် တင်စားကာ ရေးဖွဲ့ထား သည်ကိုလည်း ခေတ်ပေါ်သီချင်းများတွင် တွေ့ရသည်။ ဘဝတွင် တိုးတက်အောင် လုပ်ချင်သည့်စိတ်ကို ကားနှင့်လည်းကောင်း၊ တိုးတက်မှုမရှိသည့် ဘဝကို သံပတ်နှင့် လည်းကောင်း တင်စားရေးဖွဲ့သည်။ ချစ်သူနှစ်ဦး၏ ခိုင်မြဲသည့် ချစ်ခြင်းမေတ္တာ သဘောကို "အိမ်"၊ "အသိုက်"တို့နှင့်လည်းကောင်း တင်စားရေးဖွဲ့ကြသည်။ ချစ်သူ နှင့် ဆက်သွယ်မှုမရလိုသည့်သဘောကို "ဖုန်း"၏ အခြင်းအရာနှင့် လည်းကောင်း၊ ချစ်သူ၏ မာယာစက်ကွင်းတွင် အမြဲတမ်း နူးညံ့ပျော့ပျောင်းသွားရမြဲ ဖြစ်ကြောင်း ကို "ပန်း" ၏အခြင်းအရာနှင့် လည်းကောင်း၊ နားလည်မှုများနှင့် လမ်းခွဲခဲ့သည်ကို "ကတ္တီပါ" နှင့်လည်းကောင်း တင်စားကာ အနက်ချဲ့ထွင် ရေးဖွဲ့ထားပါသည်။

ခေတ်ပေါ်သီချင်းများတွင် အပြုအမူ အဖြစ်အပျက်များနှင့် တင်စားရေးဖွဲ့ ထားသည်ကိုလည်း တွေ့ရသည်။ ချစ်ခြင်းအပေါ် လေးနက်သည့် ခံစားမှုများ ရှိသည်ကို "ဦးညွှတ်" ဟူ၍ လည်းကောင်း၊ ရင်ထဲ၌ ချစ်သူတစ်ဦးတည်းသာ ရှိသည်ကို "လမ်းရှင်းထားတယ်" ဟူ၍ လည်းကောင်း၊ အမြင်မကြည်လင်သည်ကို "မီးမထွန်းတဲ့ မင်းအကြည့်" ဟူ၍ လည်းကောင်း၊ အတွေးများ ခေတ်နောက်ကျနေ သည်ကို "အနောက်ဘက်လမ်း" ဟူ၍ လည်းကောင်း၊ အနားကထွက်သွားအောင် လုပ်သည်ကို "ခါထုတ်" ဟူ၍ လည်းကောင်း၊ စကားမပြောမဆိုချင်ပုံကို "ချောင်းဆိုး ရင်ကျပ်" ဟူ၍လည်းကောင်း၊ ချစ်သူနှင့် ဝေးနေရသောကြောင့် ဝိုင်းဝန်းကရုဏာသက် ကြပုံကို "လောကကြီးတောင်ငိုနေပြီ" ဟူ၍ လည်းကောင်း၊ ဘာမျှမသိရဘဲ ချန်ထားခံ ရသည်ကို "မီးပိတ်ပြီးတော့" ဟူ၍ လည်းကောင်း၊ ခံစားမှုများ လျော့အောင် ပြုလုပ်သည်ကို "နှလုံးသားလေးဖာဖို့ အပ်တွေဝယ်" ဟူ၍ လည်းကောင်း ထင်လွယ် မြင်လွယ်သည့် နေ့စဉ်သုံးစကားများနှင့် တင်စားကာ အနက်ချဲ့ထွင် ရေးဖွဲ့ကြ ပါသည်။

အချစ်က မိမိအတွက် ဘာမျှအကျိုးမရှိကြောင်းကို "ကာဗွန်ဒိုင်အောက်ဆိုဒ်" နှင့်တင်စား၍ လည်းကောင်း၊ မိန်းကလေး၏ ချစ်သူရည်စားများပြီး ရှုပ်ပွေပုံကို "ဘတ်စ်ကား" ၏ အခြင်းအရာနှင့်လည်းကောင်း၊ ဘဝ၏ အခက်အခဲများကို "ဆူးခင်းလမ်း" ဟူ၍ လည်းကောင်း၊ နာကျင်ခံစားရပုံကို "ပဲ့ကြွေ" ဟူ၍ လည်းကောင်း၊ မရေရာ မသေချာခြင်းကို "အမှောင်" နှင့်လည်းကောင်း တင်စားကာ ရေးဖွဲ့ထားပါသည်။

မြန်မာဘာသာစကားသည် နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသကဲ့သို့ မြန်မာဘာသာစကားရှိ အနက်အဓိပ္ပာယ်တို့သည်လည်း သိမ်မွေ့စွာ တိုးတက်ပြောင်းလဲလျက် ရှိပါသည်။ မြန်မာဘာသာစကားရှိ ဘာသာဗေဒယူနစ်များ၏ အနက်အဓိပ္ပာယ်များသည်လည်း ကျယ်ပြန့်လာသည်ကို ဤစာတမ်းက သက်သေပြခဲ့ပြီး ဖြစ်ပါသည်။

အတ္ထဗေဒသည် စကားလုံး တစ်လုံးချင်းစီ၏ အနက်အဓိပ္ပာယ်ကို သာမက ထိုစကားလုံး အသုံးပြုရာ ပုဒ်အတွင်း၊ ဝါကျတွင်း ရှိသည့် စကားအဆက်အစပ်အရလည်း အနက်အဓိပ္ပာယ်ကို ဖော်ထုတ်ပေးနိုင်ကြောင်း တွေ့ရပါသည်။

တေးဂီတဖန်တီးသူတို့သည် မြန်မာဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ခံစားချက်များကို ပေါ်လွင်အောင်၊ သိစေလိုသော အကြောင်းခြင်းရာတို့ကို သိအောင် ဘာသာဗေဒယူနစ်တို့ဖြင့် ပီပြင်စွာ ဖော်ထုတ်နိုင်ကြသည်ကို လေ့လာတွေ့ရှိရသည်။

## နိဂုံး

အနက်အဓိပ္ပာယ် လေ့လာမှုသည် စာသင်ခန်းတွင်သာ လေ့လာသည့် ပညာရပ်မျိုး မဟုတ်ပါ။ မိမိပတ်ဝန်းကျင်ရှိ အခြေအနေ၊ အဖြစ်အပျက်၊ ခံစားချက်အမျိုးမျိုးတို့ကို တိုက်ဆိုင်စစ်ဆေး လေ့လာနိုင်သော ပညာရပ် ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစာတမ်းတွင် သိမ်မွေ့နက်နဲလှသည့် မြန်မာဘာသာစကားဖြင့် ခံစားမှုတို့၌ အနက်ချဲ့ ရေးဖွဲ့ကြပုံကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာစာ

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၀၀။ ***မြန်မာစကား၊ မြန်မာစာရုပ်ပုံလွှာ***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၆။ ဇန်နဝါရီလ။ ***ရေဒီယိုနားကတစ်ဖဝါးမခွာသူ တစ်ယောက်၏ ရင်ထဲကသီချင်းများအကြောင်း***။ ရန်ကုန်၊ မုံရွေးပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၆။ ***မြန်မာလေ့သုံးစကားများ***။ ရန်ကုန်၊ ရာပြည့် ပုံနှိပ်တိုက်။

ခင်အေး၊ ဒေါက်တာ။ ၂၀၀၄။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး။ ၁၉၉၅။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ဂျီအီးစီ။

နိုင်ဇော်။ ၂၀၀၉။ ***တေးဂီတ၏တန်ခိုးစွမ်းပကား***။ ရန်ကုန်၊ ဒူးဒေးစာအုပ်တိုက်။

## အင်္ဂလိပ်စာ

Crystal, David, 2000. ***A Dictionary of Linguistics and Phonetics***, Fourth Edn. Oxford: Blackwell.

Richards M.N. Long. 1987. ***Breakthough***, London, Oxford University Press.

Victoria Fromkin and Robert Rodman, 1974. ***An Introduction to Language*** , Sixth edn. Havcourt Brase Collge Publishers.

Wales, Katie, 2001. ***A Dictionary of Stylistics***. London.